


# လူ့ဘဝ
# လူ့လောကအမြင်

ဦးအေးမောင်
(ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒကျမ်းပြု)

ဒုတိယအကြိမ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၄၀၀၀၄၉၀၁၀၈

မျက်နှာဖုံးခွင့်ပြုချက် - ၄၀၀၃၅၉၀၄၀၈

အဖုံးဒီဇိုင်း - အံ့ဘွယ်ဇင်

ထုတ်ဝေသူ - ဦးလှတိုး (ရန်အောင်စာပေ)
(မြ-၀၃၇၇၂)
၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့

ပုံနှိပ်သူ - ဦးဝင်းအောင်
(မြ-၁၅၁၃၁)
သန်းထိုက်ရတနာ၊ အမှတ် ၈၄/၈၆၊
လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

အတွင်းဖလင် - မျိုးဝင်းကျော်

ပုံနှိပ်ခြင်း - ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ
ဒုတိယအကြိမ်

အုပ်ရေ - ၅၀၀

တန်ဖိုး - ၂၂၀၀ ကျပ်

# လူ့ဘဝ လူ့လောကအမြင်

ဦးအေးမောင်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မာတိကာ


| | | |
|---|---|---|
| * | ထုတ်ဝေသူ၏ စကားဦး | ၇ |
| ၁။ | သိပ္ပံနယ်လွန်လောကအမြင် | ၁၂ |
| ၂။ | ဒဿနိကဗေဒလေ့လာခြင်း၏အကျိုး | ၁၈ |
| ၃။ | အမှားအမှန်ဆုံးဖြတ်မှု | ၂၆ |
| ၄။ | သိမှုပြင်ပလောကနှင့် အမှန်တရား | ၃၅ |
| ၅။ | သိမှု၏သဘာဝ | ၄၅ |
| ၆။ | သတ္တလောကနှင့် ဦးတည်ချက် | ၅၃ |
| ၇။ | ဦးတည်ချက်နှင့် အကြောင်းခံ | ၅၉ |
| ၈။ | ဦးတည်ချက်နှင့် အပြုအမူ | ၆၄ |
| ၉။ | သဘာဝဓမ္မ၏ဦးတည်ချက် | ၆၉ |
| ၁၀။ | လူ၏သဘာဝဓမ္မ | ၇၅ |
| ၁၁။ | စိတ် | ၈၄ |
| ၁၂။ | စိတ်နှင့်ကိုယ် | ၉၉ |
| ၁၃။ | လူ၏လွတ်လပ်မှု | ၁၀၈ |
| ၁၄။ | ပကတိအရှိတရား | ၁၂၉ |
| ၁၅။ | ရုပ်ဝါဒ | ၁၄၄ |
| ၁၆။ | စိတ်ဝါဒ | ၁၅၉ |
| ၁၇။ | လူ့သမိုင်းနှင့် လူတို့၏တိုးတက်မှု | ၁၇၃ |
| ၁၈။ | သုခဘုံလော၊ ဒုက္ခဘုံလော | ၁၈၈ |
| ၁၉။ | အရှေ့တိုင်းနှင့် အနောက်တိုင်းလောကအမြင် | ၂၀၄ |

# ထုတ်ဝေသူ၏ စကားဦး

လူဟာ ဘဝကို ဘယ်လိုနားလည်သလဲ။
လူရဲ့ဘဝပန်းတိုင်နဲ့ ဘဝရည်ရွယ်ချက်ဟာ ဘာလဲ။
လူဟာ ဘဝထဲကနေ ဘာကို လိုချင်တာလဲ။
လူဟာ ဘဝမှာ ဘာကို ရှာနေတာလဲ။
အချုပ်စကားဆိုရရင် လူဆိုတာ ဘာလဲ။

အထက်ပါ မေးခွန်းတွေဟာ လူတွေ– အထူးသဖြင့် ဘဝကို လေးလေးနက်နက်ခံယူဆောက်တည်ပြီး အဓိပ္ပာယ်ပြည့်ဝခိုင်လုံတဲ့ လမ်းကြောင်းအတိုင်း ဖြတ်သန်းလျှောက်လှမ်းသွားလိုသူတွေ– ကို အထူးတလည် နှောင့်ယှက်တတ်တဲ့ မေးခွန်းတွေ ဖြစ်ကြပါတယ်။ ဒါကြောင့်လည်း *Homo sapiens* လို့ ခေါ်ဝေါ်တဲ့ သတ္တဝါအနွယ်၊ တစ်နည်းအားဖြင့် အသိဉာဏ်ကို ချင့်ချိန်စေစားနိုင်စွမ်းကြတဲ့ သမိုင်းဦးလူသတ္တဝါတွေကနေ ဒီကနေ့ သတင်းနည်းပညာအင်တာနက်ခေတ် လူသားတွေအထိ လူဖြစ်တည်မှု (ဝါ) လူ့သဘာဝလူ့လောကကို လေ့လာစူးစမ်းနေကြရဆဲပါပဲ။ လူ့သမိုင်းစဉ်တစ်လျှောက်မှာ လူ့ဘဝလူ့လောကအပေါ် အကွဲကွဲအပြားပြားရှုမြင်ကြတဲ့ ဒဿနအဆောက်အဦပေါင်း အရာအထောင်လည်း ဖြစ်ထွန်းပေါ်ပေါက်ခဲ့ဖူးပါပြီ။ အခုခါမှာလည်း ဖြစ်ထွန်းပေါ်ပေါက်နေဆဲပါပဲ။

ဒါပေမယ့် လူသားမျိုးနွယ်ဟာ တစ်လုံးတစ်ဝတည်း ညီညာဖြဖြ လက်ခံနိုင်ယူစကောင်းတဲ့ လူ့ဘဝလူ့လောကရုပ်ပုံလွှာတစ်ရပ်ကို ခုချိန်ခါထိ အပြီးသတ်ပုံဖော်နိုင်စွမ်းမရှိသေးပါ။ တကယ်တမ်းကျတော့ အထက်ပါမေးခွန်းတွေဟာ ဒဿနသမားတွေတချို့က ‘bad questions’ လို့ ကင်ပွန်းတပ်ရတဲ့ထိတိုင်အောင် လူသားမျိုးနွယ်ကို တွေဝေစေခဲ့ပါတယ်။

သာဓကေအားဖြင့် အရှိတရား(ontological reality)နဲ့ပတ်သက်ပြီး နားလည်ခံယူကြပုံကို ဆင်ခြင်ကြည့်ပါ။ လူ့သမိုင်းစဉ်တစ်လျှောက်လုံးမှာ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ဖူးသမျှ ဒဿနအဆောက်အဦတွေကို အရှိတရားဆိုင်ရာ ခံယူချက်နဲ့ပတ်သက်ရင် ယေဘုယျအားဖြင့် နှစ်မျိုးနှစ်စားပဲ တွေ့ရပါတယ်။ တစ်မျိုးက အရှိတရား (ဝါ) လူ့ဘဝလူ့လောက/အတ္တကို အစဉ်မြဲတဲ့တရားလို့ ယူတဲ့ အစဉ်မြဲဝါဒ(eternalism)အောက်မှာ ခိုလှုံပြီး အခြားတစ်မျိုးက အရှိတရား (ဝါ) လူ့ဘဝလူ့လောက/အတ္တဟာ အကန့်အသတ်အားဖြင့်သာ တည်တယ်လို့ ယူတဲ့ ဘဝပြတ်ဝါဒ(nihilism)ကို ဖက်တွယ်ပါတယ်။ အဲဒီ ဝါဒတွေကနေ တစ်ဆင့် မတူခြားနားတဲ့ စာရိတ္တဗေဒတွေကိုလည်း ထွက်ပေါ်လာစေခဲ့ပါတယ်။ ကျွန်ုပ်တို့ မျက်မြင်ဒိဋ္ဌ သတိပြုမိနိုင်စရာရှိတာက မျက်မှောက်ကမ္ဘာဟာ အစဉ်အမြဲဝါဒကြီးစိုးမင်းမူတဲ့ခေတ်ကာလကို ဖြတ်သန်းနေတာမို့ အတ္တမာနတံခွန်ထူတဲ့ လောကစည်းစိမ်ခံစားရေးဝါဒီ(conceited hedonist)တွေ ခြေချင်းလိမ်ရာ အရပ်ဒေသတစ်ခု ဖြစ်နေတယ်ဆိုတဲ့အချက်ပါပဲ။ ဒါပေမဲ့ ကျွန်ုပ်တို့အဖို့ အကြောင်းတရား(cause)နဲ့ လက္ခဏာ(symptom)ကို ခွဲခြားသတ်မှတ်ရမှာ ကတော့ အရေးကြီးပါလိမ့်မယ်။ တစ်နည်းပြောရရင် လူ့ဘဝလူ့လောကရဲ့ ပကတိသဘာဝမှန်ကို လေ့လာစူးစမ်းတာဟာ လူသားဆန်တဲ့လူတွေ တိုးပွား များပြားလာမှုသို့ ရှေးရှုစေပါလိမ့်မယ်။

ဒါကြောင့် လူဟာ မတူခြားနားတဲ့ ဒဿနအဆောက်အဦတွေကြားမှာ ယောင်လည်လည်ဖြစ်ရစေဦးတော့ တွေးခေါ်ဆင်ခြင်တတ်တဲ့ မွေးရာပါ အထုံဗီဇနဲ့ ဉာဏ်ရည်ဉာဏ်သွေးရှိတဲ့ သတ္တဝါဖြစ်တာမို့ လူ့ဘဝလူ့လောကကို တွေးခေါ် ဆင်ခြင်တဲ့အလုပ်ဟာ သူ့ရဲ့ဘဝပေးအလုပ်ဖြစ်ချိမ့်ပါမယ်။ အဲဒီ တွေးခေါ် ဆင်ခြင်မှုကိုယ်၌က လူကို အဟိတ်တိရစ္ဆာန်နဲ့ အဆင့်အတန်းချင်း ကွာခြား သွားစေတဲ့အချက် မဟုတ်ပါလား။

ကျွန်ုပ်တို့ ရန်အောင်စာပေက ဒုတိယအကြိမ် ထုတ်ဝေတဲ့ "လူ့ဘဝ လူ့လောကအမြင်" ကျမ်းစာဟာ ဘဝကို အလေးအနက်ထားပြီး၊ လူမည်ကာမတ္တ အဖြစ်ကနေ ရုန်းထွက်လိုတဲ့ ဆန္ဒဒွိပါဒ်ကို တင်ဆောင်ထားသူတွေအတွက် ဆရာကြီးဦးအေးမောင်ရဲ့ ကြီးမားလှတဲ့ ကျေးဇူးပြုမှုတစ်ရပ်လို့ ဆိုရဖွယ်ရှိပါ တယ်။ ဒီကျမ်းမှာ ဆရာကြီးက ဒဿနပညာရပ်ရဲ့ အကိုင်းအခက်ငါးခုထဲက အထူးသဖြင့် ယုတ္တိဗေဒ၊ တက္ကိကဗေဒ၊ ရှိမှုဗေဒနဲ့ သိမှုဗေဒရှုထောင့်တွေက နေပြီး လူ့ဘဝလူ့လောကကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာစူးစမ်းပြထားပါတယ်။

လူ့သမိုင်းမှာ ထွန်းကားဖူးတဲ့ ပညာရှင်တွေရဲ့အမြင်တွေကိုပါ တစ်သင်းတစ်ပင်းတည်း စုရုံးထည့်သွင်းပြီး ချင့်ချိန်နှိုင်းဆပြပါသေးတယ်။ ဆရာကြီးဟာ လူ့ဘဝ လူ့လောကနဲ့ ပတ်သက်သမျှ ဆင်ခြင်တွေးခေါ်စရာ အခြေခံသဘောတရားတွေကို ဒီကျမ်းငယ်ထဲမှာ စုံစုံလင်လင် ပါဝင်အောင် ဂရုစမ့်ပြုထားတာကို ကျွန်ုပ်တို့ တွေ့ရှိရပါတယ်။ သာဓကအားဖြင့် ဒီကျမ်းငယ်ကို ရေးသားစဉ်အခါက 'development=ဖွံ့ဖြိုးတိုးတက်မှု' ဆိုင်ရာနဲ့ပတ်သက်ပြီး အာပေါင်အာရင်းသန်သန် ပြောဆိုဆော်ဩမှုတွေဟာ ခုချိန်ခါလို သောသောမည်နိုင်သေးပေမဲ့ ဆရာကြီးက 'လူ့သမိုင်းနှင့် လူတို့၏တိုးတက်မှု'ဆိုပြီး အတွေးဖြန့်ဖြစ်အောင် ဖြန့်ပြခဲ့ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်ကို ကိုင်တွယ်ဆောင်ရွက်နေကြသူတွေ အလေးတယူ ဖတ်ရှုဆင်ခြင်ကြည့်သင့်တဲ့ ရေးသားချက်တစ်ရပ် ဖြစ်ပါတယ်။

ရန်အောင်စာပေအနေနဲ့ ဆရာကြီးဦးအေးမောင်ရဲ့ စာဖတ်ပရိသတ်ကို အမှတ်တရ ပြောစရာရှိပါတယ်။ ဆရာကြီးဟာ ဒီ "လူ့ဘဝလူ့လောကအမြင်" စာအုပ်ရဲ့ လက်ရေးစာမူကြမ်းကို လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်ခန့်က ရေးသားပြီးထားခဲ့ပေမယ့် ၂၀၀၀-၂၀၀၁ ခုနှစ်တွေကျမှ ကျွန်ုပ်တို့ရဲ့စာပေက နှစ်တွဲခွဲပြီး ပထမအကြိမ် ထုတ်ဝေဖြစ်ခဲ့တာပါ။ အဲဒီ ၂၀၀၀-၂၀၀၁ ခုနှစ်တွေဟာ ဆရာကြီးဦးအေးမောင် လူ့ဘဝလူ့လောကမှာ နေထိုင်ကျင်လည်ခဲ့တဲ့ နောက်ဆုံးခုနှစ်တွေဆိုရင်လည်း ဟုတ်ပါတယ်။ ဆရာကြီး သက်ရှိထင်ရှားရှိတုန်း တန်ဖိုးကြီးလှတဲ့ ဒီကျမ်းငယ်ကို ထုတ်ဝေနိုင်ခဲ့ပေမယ့် စာရေးသူဆရာကြီးခမျာမှာတော့ မိမိရေးသားတဲ့ စာတစ်အုပ်ရယ်လို့တောင် မှတ်သိမှုမရှိနိုင်လောက်အောင် အဲဒီတုန်းက ကျန်းမာရေး အလွန်ဆိုးရွားနေခဲ့ပါပြီ။

**ရန်အောင်စာပေ**

# ဦးအေးမောင်

၁၉၁၄ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြင်ဦးလွင်မြို့၌ အဘဦးသိန်းကျော်နှင့် အမိဒေါ်သင်းတို့မှ ဖွားမြင်သည်။

မန္တလေးမြို့၊ ဝယ်စလီကျောင်း၌ ပညာသင်ကြားခဲ့ကာ ၁၉၃၂ ခုနှစ်တွင် ဆယ်တန်းအောင်မြင်သည်။ ရန်ကုန်ဆရာဖြစ်သင်ကောလိပ်သို့တက်ရောက်၍ ၁၉၃၇ ခုနှစ်၌ ဆရာဖြစ်စာမေးပွဲ အောင်မြင်သည်။ မုံရွာမြို့၊ ဝယ်စလီကျောင်း၌ ၁၉၃၈ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်ထိ သုံးနှစ်ကြာ ဆရာလုပ်ခဲ့သည်။ ထို့နောက် ရန်ကုန်ဆရာဖြစ်သင်ကောလိပ် လေ့ကျင့်ရေးကျောင်း၌ ဆရာအဖြစ် နှစ်နှစ်ကြာ လုပ်ကိုင်ခဲ့သည်။

၁၉၄၉ခုနှစ်မှ ၁၉၇၅ခုနှစ်အထိ စာပေဗိမာန်၌ လက်ထောက်အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ဦးအေးမောင်(စာပေဗိမာန်)ကလောင်အမည်ဖြင့် မြဝတီမဂ္ဂဇင်း၊ ဂါးဒီးယန်းမဂ္ဂဇင်း၊ လုပ်သားပြည်သူ့နေ့စဉ်(မြန်မာ–အင်္ဂလိပ်) သတင်းစာနှင့် အခြားမဂ္ဂဇင်း၊ သတင်းစာများတွင် ဘာသာရေး၊ စိတ်ပညာ၊ သိပ္ပံပညာနှင့် အခြားပညာရေးဆောင်းပါးများကို နှစ်ပေါင်း ၂၀ ကျော်မျှ ရေးသားခဲ့သည်။

ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ(သုံးတွဲ)၊ ဗိဇနှင့်ပတ်ဝန်းကျင်၊ လူ့စိတ်သဘာဝ၊ သိပ္ပံနည်းရှာစမ်းမှုနှင့် သိပ္ပံပညာသဘော၊ စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ၊ ဘဝဆည်းဆာ၊ စိတ်ပညာနှင့် ကိုယ်ကျင့်တရား၊ စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု၊ သေသည်၏အခြားမဲ့၌၊ ပိဋကတ်မှ ဗုဒ္ဓနှင့်ဓမ္မစာအုပ်များ ပြုစုရေးသားခဲ့သည်။ ထို့ပြင် မဟာစည်ဆရာတော်၏ တရားစာအုပ် ငါးအုပ်၊ ပိဋကတ် ဘာသာပြန်စာပေဖြန့်ချိရေးအဖွဲ့အတွက် မဇ္ဈိမနိကာယ်(မူလပဏ္ဏာသ)၊ ထေရအပဒါန် (ပထမပိုင်း)နှင့် မဟာဗုဒ္ဓဝင်(စတုတ္ထတွဲ)များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။

၂၀၀၂ ခုနှစ် မေလ ၁၁ ရက်တွင် အမှတ် ၂၅၊ သံတံတားလမ်း၊ စမ်းချောင်းရပ်နေအိမ်၌ ကွယ်လွန်သည်။

၁

သိပ္ပံပညာ၏ ကျေးဇူးကြောင့် ယခုခေတ်လူတို့သည် ရှေးကထက် ပို၍ အသက်ရှည်လာကြ၏။ သို့ရာတွင် အသက်ရှည်မှုသည် ကျွန်ုပ်တို့အဖို့ ကောင်းပါသလော၊ ကောင်းလျှင် အဘယ်ကြောင့် ကောင်းပါသနည်းဟု မေးပါက သိပ္ပံဆရာသည် ခပ်မဆိတ် နေပေလိမ့်မည်။

# သိပ္ပံနယ်လွန်လောကအမြင်

လူသည် မိမိ မသိနားမလည်သော အကြောင်းအရာကို စူးစမ်းဆင်ခြင်လိုသော သတ္တဝါဖြစ်သည်။ ဤသဘာဝစိတ်သည် လူတို့၌ တစ်ဦးနှင့်တစ်ဦး မတူညီကြချေ။ များစွာသောလူတို့၏ စဉ်းစားတွေးခေါ်မှုသည် မိမိတို့ ကိုယ်ရေးကိုယ်တာကိစ္စ၊ အတွေ့အကြုံနှင့် ပတ်ဝန်းကျင် အဖြစ်အပျက်များ၌ ပြီးဆုံး၏။ အချို့လူတို့သည် ပြင်ပလောကကြီး၏ အကြောင်းအရာများ၌ စိတ်ဝင်စား၍ ယင်းတို့ကို နှိုက်ချွတ်လေ့လာရာမှ သိပ္ပံပညာ ဖြစ်ပေါ်ထွန်းကားလာရသည်။ အချို့လူများမှာကား သိပ္ပံပညာနယ်နိမိတ်ကိုလွန်၍ စကြဝဠာထဲရှိ လူသား၏ မူလဘူတ၊ နေရာကဏ္ဍ၊ ဦးတည်ချက် စသည်တို့ကို နက်နက်နဲနဲ ဆင်ခြင်သုံးသပ်ရာမှ ဖီလိုဆိုဖီ (ဝါ) ဒဿနိကပညာ ပေါ်ပေါက်လာလေသည်။

ထိုသို့ ဒဿနိကဗေဒသည် မူလကနဦးက စူးစမ်းဆင်ခြင်လိုသော လူ့သဘာဝစိတ်မှ ပေါက်ဖွားလာ၍ ယခုနှစ်ဆယ်ရာစုခေတ်၌မူ လူတို့အား ၎င်းဆွဲဆောင်နေခြင်းမှာ လူ့လောကကို သံသယစိတ် လွှမ်းမိုးနေသောကြောင့် ဖြစ်၏။ ယနေ့ ကမ္ဘာ့လူသားတို့၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစနစ်၊ ကိုယ်ကျင့်တရား၊ ဘာသာအယူဝါဒစသော များစွာသော အကြောင်းကိစ္စတို့၌ စိတ်မတင်မကျ ဇဝေဇဝါ ဖြစ်နေကြ၏။ ထိုသို့သော သံသယစိတ်အားကြီးမှုသည် တိုင်းပြည်တိုင်းလိုလို၌ လူအများ စိတ်ဝမ်းကွဲကြ၍ ကမ္ဘာကြီး မငြိမ်မသက်ဖြစ်နေခြင်း၏ အဓိက အကြောင်းတစ်ခု ဖြစ်၏။ ဆရာသမား၊ လူကြီးမိဘ၊

ရဟန်းဘုန်းတော်ကြီးတို့ကို ဦးထိပ်ထားသော ရှေးအခါက အစဉ်အလာ ယုံကြည်ချက်များသည် လူတို့ကိုစိုးမိုး၍ လူတို့၏ ခံယူချက်များသည် ခိုင်မာပြတ်သား၏။ ယခုအခါမူ ထိုသမားရိုးကျ ရှေ့ဆောင်ပုဂ္ဂိုလ်တို့မှာ ဩဇာတိက္ကမ ကျဆင်း၍ လူတို့သည် သူတို့၏စကားကို လက်မခံဘဲ စောကြောဝေဖန်နေကြလေပြီ။

အချို့က ယခုခေတ်တွင် အလွန်တိုးတက်နေသော သိပ္ပံပညာကို အားကိုးကြ၏။ မှန်၏။ သိပ္ပံပညာ၏ ခံယူချက်များမှာ အခြားအသိပညာနယ်မှ အစဉ်အလာခံယူချက်များနှင့်စာသော် ယေဘုယျအားဖြင့် အတန် တိကျခိုင်မာ၍ သံသယဝင်ရန် အကြောင်းမရှိချေ။ သို့ရာတွင် သိပ္ပံနည်းစူးစမ်းလေ့လာမှုသည် ဟာကွက် ချွတ်ယွင်းချက် အားနည်းချက်များနှင့် ရောပြွမ်းနေရကား ကျွန်ုပ်တို့၏ ပြဿနာအားလုံးကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟု မမျှော်လင့်အပ်ချေ။ စင်စစ် သိပ္ပံနယ်၌ မတိကျ မပြတ်သားဘဲ သိပ္ပံဆရာတို့ ဝိုးတဝါးဖြစ်နေသော အကြောင်းအချက်များ ရှိ၏။ ယခုအခါ သိပ္ပံပညာ၏ မူလဘူတခံယူချက်များသည် ရှေးကကဲ့သို့ အခြေမခိုင်တော့ဘဲ ယိမ်းယိုင်လှုပ်ရှားစပြုလျက် ရှိပေသည်။ ထိုခံယူချက်များကို ဆန်းစစ်ရာ၌ သိပ္ပံဆရာသည် သိပ္ပံနယ်ကိုလွန်၍ ဒဿနိကနယ်ထဲသို့ ရောက်သွား၏။ သို့ဖြစ်၍ အက်ဒိန်တန်၊ အိုင်စတိန်း စသော သိပ္ပံဆရာတို့၏ စာအုပ်များသည် ဒဿနိက အတွေးအခေါ်စာအုပ်များ ဖြစ်လေသည်။

သိပ္ပံပညာသည် နယ်နိမိတ် ကန့်သတ်ချက်ရှိ၏။ လူ့ဘဝ လူ့လောက အကြောင်းအရာများသည် သိပ္ပံနည်းဖြင့် စူးစမ်း၍ မရအပ်သောကြောင့် သိပ္ပံပညာက ပယ်ထား၏။ ၎င်းတို့သည် သိပ္ပံနယ်၌ အကျုံးမဝင်ဘဲ ဒဿနိကဆရာ၏ ဉာဏ်ကျက်စားစရာ ဖြစ်၏။ သိပ္ပံပညာသည် ထိုပြဿနာများကို ဖြေရှင်းနိုင်စွမ်း မရှိသည့်အပြင် လူတို့၏ ဦးနှောက်ခြောက်စေမည့် ပြဿနာအသစ်များကို ဖန်တီးပေးလျက်ရှိ၏။ လူ့ဘဝ လူ့လောကကို လူတို့သိရှိနားလည်မှုနှင့် သိပ္ပံပညာက ရုပ်လောကကို အောင်မြင်မှုမှာ အတိုင်းမသိ ကွာဟနေသောကြောင့် သိပ္ပံပညာ၏ တိုးတက်မှုအကျိုးအပြစ်ကို ဆင်ခြင်သုံးသပ်ရန် ပြဿနာပေါ်လျက်ရှိပေပြီ။

သိပ္ပံဆရာ၏လုပ်ငန်းမှာ ရုပ်လောကကို စူးစမ်းလေ့လာရန်ဖြစ်၍ စင်စစ် သိပ္ပံပညာသည် လူသား၏ ရုပ်ဘဝဖွံ့ဖြိုးမှုအတွက် လက်နက်မျှသာဖြစ်၏။ သို့ရာတွင် ရုပ်ဘဝတိုးတက်မှုသည် လူတို့၏ အဓိကပန်းတိုင် မဟုတ်ချေ။ လူ့ဘဝ၏ ဦးတည်ချက်ကား အဘယ်နည်း။ အမှန်တရားကို မည်သို့ သိမြင်နိုင်ပါသနည်း။ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ အကောင်းအဆိုးကို မည်သို့

ခွဲခြားရပါမည်နည်း။ ဤကဲ့သို့သော လူ့ဘဝပြဿနာများအတွက် သိပ္ပံပညာသည် မည်သို့မျှ အဖြေမပေးနိုင်ချေ။ သိပ္ပံဆရာတို့အား သူတို့တီထွင်ထားသော အဏုမြူဗုံးကို စစ်တိုက်ရာ၌ သုံးရန် သင့်မသင့်မေးပါက မည်သည့်အဖြေကိုမျှ ရရှိမည်မဟုတ်ချေ။ သိပ္ပံပညာ၏ ကျေးဇူးကြောင့် ယခုခေတ်လူတို့သည် ရှေးကထက် ပို၍ အသက်ရှည်လာကြ၏။ သို့ရာတွင် အသက်ရှည်မှုသည် ကျွန်ုပ်တို့အဖို့ ကောင်းပါသလော၊ ကောင်းလျှင် အဘယ်ကြောင့် ကောင်းပါသနည်းဟု မေးပါက သိပ္ပံဆရာသည် ခပ်မဆိတ်နေပေလိမ့်မည်။

လူသည် အသက်ရှင်နေရုံနှင့် မပြီးဘဲ ခံစားချက်၊ မျှော်မှန်းချက်၊ တောင့်တချက်စသော စိတ်ပိုင်းလက္ခဏာအင်္ဂါများလည်း ရှိပေရာ ထို စိတ်စေတသိက်များအပေါ်၌ အခြေပြုသော အတွေးအခေါ်များနှင့် မကင်းနိုင်ချေ။ ထို့ကြောင့် တစ်ခါတစ်ရံ အတွေးအခေါ် နယ်ပယ်ထဲသို့ရောက်၍ သိပ္ပံပညာက မျက်ကွယ်ပြုထားသော လူ့ဘဝပြဿနာများကို ဆင်ခြင်သုံးသပ်ကြ၏။ စင်စစ် လူတိုင်းလိုပင် လူ့ဘဝ၊ လူ့လောကအပေါ်၌ အမြင်တစ်မျိုးမျိုး ရှိစမြဲဖြစ်၏။ အချို့တို့က မိမိတို့၌ ယုံကြည်ချက် ဘာတစ်ခုမှမရှိဟုဆိုကာ ဒဿနိကဗေဒနှင့် တွေးခေါ်ရှင်များကို ကဲ့ရဲ့ရှုတ်ချကြ၏။ သို့ရာတွင် သူတို့၏ အမြင်သည် လောကကြီးမှာ အစီအစဉ်၊ အကြောင်းအကျိုးမရှိဘဲ ဖြစ်ချင်ရာဖြစ်နေသည် ဟူသော ခံယူချက်မှ ပေါက်ဖွားလာရကား သူတို့သည်လည်း အတွေးအခေါ် နယ်မှ မလွတ်ထွက်နိုင်ချေ။

သာမန်လူတို့၏ လောကအမြင်သည် အသိဉာဏ်ကင်း၍ ဒဿနိက ဆရာ၏ လောကအမြင်သည် အသိပညာနှင့်ယှဉ်သော အမြင်ဖြစ်၏။ ဒဿနိက ဗေဒဟု ကျွန်ုပ်တို့ခေါ်ဆိုသော ဖိလိုဆိုဖီသည် ရှေးဂရိစကားမှ ဆင်းသက်လာ၍ ပညာကိုမြတ်နိုးမှုဟူသော အနက်ကို ဟော၏။ ဂရိတွေးခေါ်ပညာရှင်ကြီး ဆော့ကရေးတီးက မိမိမှာ ပညာမရှိပါ။ သို့ရာတွင် မိမိသည် ပညာကို ချစ်မြတ်နိုးသောသူ ဖြစ်ပါသည်ဟု ဆိုဖူး၏။ ဤနေရာ၌ သူ ဆိုလိုသောပညာမှာ လူအများနားလည်သော ပညာမဟုတ်ဘဲ အဓိပ္ပာယ် နက်နဲကျယ်ဝန်းသော ပညာဖြစ်ကြောင်း သတိပြုရာ၏။

အချို့က ဖိလိုဆိုဖီသည် အသိပညာအားလုံးကို စုစည်းထားသော ပညာပေါင်းချုပ်ဖြစ်သည်ဟု ဖွင့်ဆိုကြ၏။ သိပ္ပံပညာရပ်များသည် လောကဓာတ်ကို ပိုင်းခြား၍ တစ်ကဏ္ဍစီ လေ့လာသော ပညာများဖြစ်ပေရာ ယင်းတို့ကိုစုပေါင်း၍ သဏ္ဌာန်ချကြည့်ပါက မှန်ကန်သော လောကအမြင်ကို ရရှိလိမ့်မည်ဟု ယုံကြ၏။

ဤသည်မှာ သိပ္ပံပညာကို အလွန်အထင်ကြီးသော ၁၉ ရာစုခေတ်က လူတို့ လက်ခံခဲ့သော အယူဖြစ်၍ ယနေ့ပညာရှင်တို့ကမူ ထိုသို့ မယူဆတော့ချေ။ သိပ္ပံပညာများကို အကုန်အစင် လေ့လာသော်လည်း ၎င်းတို့သည် ပြီးပြည့်စုံသော လောကအမြင်ကို ဖန်တီးပေးနိုင်မည်မဟုတ်။ သို့ဖြစ်၍ အသိအမြင် ရင့်ကျက်ရန် အတွက် သိပ္ပံနယ်ကိုလွန်၍ ဖီလိုဆိုဖီနယ်ထဲသို့ ကျွန်ုပ်တို့ ဝင်ရပေလိမ့်မည်။

ရှေးအခါက ဒဿနိဗေဒ(ဖီလိုဆိုဖီ)၏ နယ်ပယ်သည် အလွန်ကျယ်ပြန့်၍ ရူပဗေဒ၊ ဓာတုဗေဒစသော ပညာရပ်များသည် ဒဿနိကနယ်ထဲ၌ ပါဝင်၏။ ပညာတစ်ရပ်သည် တိုးတက်၍ ၎င်းတွေ့ရှိရချက်များ အတန်တဲ့ကျနိုင်မားပြီးလျှင် လေ့လာရာ၌ လက်တွေ့စမ်းသပ်မှု ပြုလုပ်လာနိုင်သောအခါ ၎င်းသည် ဒဿနိက ဗေဒမှ ခွဲထွက်၍ သီးခြားပညာတစ်ရပ် ဖြစ်လာ၏။ သို့ဖြင့် စိတ္တဗေဒသည် ဒဿနိကဗေဒနှင့် လမ်းခွဲ၍ သိပ္ပံနယ်ထဲသို့ ရောက်သွားသည်မှာ အချိန်ကာလ မကြာသေးချေ။ ထို့ကြောင့် ဒဿနိကဗေဒ၏ နယ်ပယ်သည် တစ်စတစ်စ ကျုံ့၍ ရှေးကထက် ကျဉ်းလာ၏။ နောက်ဆုံးတစ်နေ့၌ ၎င်း၏နေရာကာလ လုံးဝ ကွယ်ပျောက်သွားလိမ့်မည်ဟူ၍ကား မဆိုသာချေ။ သိပ္ပံပညာသည် မည်မျှ တိုးတက်စေကာမူ သိပ္ပံနည်းစူးစမ်းမှုနှင့် ဘောင်မဝင်သော ၎င်း၏မူလခံယူချက် များ၊ သိပ္ပံနယ်မှ သဘောတရားများ၊ လူသား၏အတွေ့အကြုံနှင့် ခံစားချက်များ ရှိပေရာ ယင်းတို့နှင့် နီးနွယ်နေသော ဒဿနိကပြဿနာများ ရှိမြဲရှိနေဦးမည် ဖြစ်၏။

ဒဿနိကဗေဒ၏ ရည်ရွယ်ချက်မှာ လောကတစ်ခုလုံးကို ခြုံ၍သိမြင် နားလည်ရန် ဖြစ်သည်။ ဤကြီးမားမြင့်မားသော ရည်ရွယ်ချက်နှင့်အညီ ကျွန်ုပ် တို့၏ အတွေးအခေါ်သည် ခိုင်လုံသော ယုတ္တိအထောက်အထားများ ရှိရပေလိမ့် မည်။ သို့ဖြစ်၍ ဒဿနိကဗေဒဆရာသည် သိပ္ပံပညာရပ်များကို မှီငြမ်းပြုရ၏။ သူ၏အလုပ်သည် သိပ္ပံဆရာတို့၏ အဆိုအမိန့်များကို ဝေဖန်ဆန်းစစ်ရန်မဟုတ်။ ၎င်းတို့ကို လူ့သမိုင်း၊ လူ့ဘဝ၊ လူ့အတွေ့အကြုံ၊ လူ့ခံစားချက်များနှင့် နှိုင်းယှဉ် ချိန်ထိုး၍ လေ့လာသုံးသပ်ပြီးလျှင် လောကအမြင်ရရှိအောင် အားထုတ်ရန် ဖြစ်၏။

တစ်နည်းဆိုသော် ဒဿနိကဗေဒ၏ လုပ်ငန်းကိစ္စမှာ တစ်ကွဲတစ်ပြား ဖြစ်နေသော အသိပညာများကို စုစည်းပေါင်းစပ်၍ ၎င်းတို့ကို အခြေပြုပြီးလျှင် လောကအကြောင်းကို အရင်းအမြစ်ကျကျ ကြံစည်သုံးသပ်ရန်ဖြစ်၏။ ဥပမာ သော်ကား နိုင်ငံတစ်ခု၏ ဗဟိုအစိုးရသည် ပြည်သူလူထု၏ ကျန်းမာရေး။

စီးပွားရေး၊ ပညာရေး စသည်တို့ကို အကြောင်းဆိုင်ရာ ဌာနတာဝန်ခံအသီးသီး၏ အစီရင်ခံစာအထွေထွေကို လေ့လာပြီးလျှင် နိုင်ငံ၏အခြေအနေ တစ်ခုလုံးကို ခြုံ၍ သိမြင်နားလည်ရ၏။ ထို့အတူ ဒဿနိကဆရာသည် လောကဓာတ်ကို တစ်ပိုင်းတစ်ကန့်စီခွဲခြား၍ ရှုထောင့်အထွေထွေမှ လေ့လာထားသော အသိပညာများကို အမှီပြုပြီးလျှင် လူ့ဘဝ လူ့လောက၏ ဦးတည်ချက် အဓိပ္ပာယ်တ္ထ၊ အနှစ်သာရနှင့် ပရမတ္ထသဘာဝကို ရှုးစမ်းရှာဖွေရပေလိမ့်မည်။

## ၂

လူ့သတ္တဝါမှန်သမျှကို ကြင်နာလေးစားရမည်။ မည်သူမဆို မိမိကိုယ်ကို ဝေဖန်ဆန်းစစ် လေ့လာသင့်သည် စသော ကျွန်ုပ်တို့၏ ခံယူချက်များသည် ဒဿနိကဆရာတို့ ရှေးဦးစွာ ဟောပြောရေးသားခဲ့သော အချက်များဖြစ်သည်။

# ဒဿနိကဗေဒလေ့လာခြင်း၏အကျိုး

လူသတ္တဝါမှန်သမျှကို ကြင်နာလေးစားရမည်။ မည်သူမဆို မိမိကိုယ်ကို ဝေဖန်ဆန်းစစ် လေ့လာသင့်သည်စသော ကျွန်ုပ်တို့၏ ခံယူချက်များသည် ဒဿနိကဆရာတို့ ရှေးဦးစွာ ဟောပြောရေးသားခဲ့သော အချက်များဖြစ်သည်။

ရှေးအခါက ဒဿနိကဆရာသည် ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်ဖြစ်၏။ လူတို့သည် ဒဿနိကဆရာကို ရိုသေလေးစားကြ၏။ ဂရိတွေးခေါ်ရှင်ကြီး အရစ္စတိုတယ်သည် အလက်ဇန္ဒားဘုရင်၏ ဆရာဖြစ်၍ ပြင်သစ်တွေးခေါ်ပညာရှင် ဗော်လ်တဲယားသည် ဥရောပဘုရင်များ၏ ချီးမြှောက်ခြင်းကို ခံရ၏။ ဖရီးဒရစ်ဘုရင်ကြီးသည် ဒဿနိကပညာရှင်များကို မိမိနန်းတော်သို့ ဖိတ်ခေါ်၍ လောကအမြင် ပြဿနာများကို ဆွေးနွေးလေ့ရှိ၏။ ယခုခေတ်၌မူ ဒဿနိကပညာသည် ရှေးကကဲ့သို့ အရှိန်အဝါမရှိတော့ချေ။ လူတို့သည် ဘဝပြဿနာ၊ လောကပြဿနာများအတွက် သိပ္ပံပညာရှင်၊ နိုင်ငံရေးခေါင်းဆောင်စသော ပုဂ္ဂိုလ်များကို အားကိုး၍ ဒဿနိကဆရာကို ကျော်ခိုင်းထားကြ၏။ ဒဿနိကဆရာက မိမိတို့ မနှစ်မြို့သော အယူဝါဒများကို ဟောပြောသောအခါ၌လည်း မည်သို့မျှ မကန့်ကွက်ဘဲ လျစ်လျူပြုနေကြလေသည်။

သို့ဖြစ်၍ ဒဿနိကဗေဒခေတ်သည် ကုန်လွန်ခဲ့ပြီဟု ဆိုကြ၏။ ဒဿနိကဗေဒအား ယခုကာလ လူတို့ ယုံကြည်ကိုးစားမှု နည်းပါးလာခြင်း၏ အကြောင်းအမျိုးမျိုးကို စဉ်းစားရန်ရှိ၏။

ဒဿနိကဗေဒသည် အလွန် ခက်ခဲသောပညာဖြစ်၍ အသိဉာဏ် အတန်ရင့်ကျက်သော သူများသည်ပင် ကျေကျေညက်ညက် နားလည်ရန် ခဲယဉ်း၏။ ဒဿနိကဆရာ လေ့လာသောအကြောင်းရပ်မှာ စကြဝဠာလောကနှင့် လူ့ဘဝဖြစ်ပေရာ စင်စစ် ထိုမျှ ကျယ်ပြန့်နက်ရှိုင်းသော အကြောင်းခြင်းရာကို လူတို့အလွယ်တကူ သိရှိနားလည်လိမ့်မည်ဟု မမျှော်လင့်အပ်ချေ။ အမှန်ဆိုသော် သတ္တလောကနှင့် လူ့သမိုင်းကို နောက်ခံထား၍ ဆင်ခြင်သုံးသပ်ပါက လူသားသည် မကြာသေးမီကမှ စဉ်းစားတွေးခေါ်သော သတ္တဝါဖြစ်လာသည်ဟု ဆိုရမည်ဖြစ်၏။

ရှင်းဦးအံ့။ သိပ္ပံဆရာတို့၏ အလိုအားဖြင့် ဤကမ္ဘာကြီး သက်ဝင်လှုပ်ရှားလာသည်မှာ နှစ်ပေါင်း သန်း ၁၂၀၀ခန့် ရှိပြီဖြစ်၏။ လူသတ္တဝါဖြစ်ပေါ်လာသည်မှာ နှစ်ပေါင်းတစ်သန်းခန့် ကြာမြင့်ပြီဖြစ်၍ လူတို့၏ ယဉ်ကျေးမှုသက်တမ်းမှာ နှစ်ပေါင်း ၂၅၀၀ ခန့်ရှိပေပြီ။ နေထံမှ အပူဓာတ်လုံလောက်စွာရရှိ၍ သတ္တဝါများ ဆက်လက် အသက်ရှင်နေနိုင်သော အနာဂတ်ကာလမှာ နှစ်ပေါင်း သန်း ၁၂၀၀၀၀၀ တစ်နည်းဆိုသော် အတိတ်ကာလ၏ အဆပေါင်း တစ်ထောင်ဖြစ်သည်ဟု ခန့်မှန်းရ၏။

ဤကိန်းဂဏန်းများကို သဘောပေါက်ရန် အကျဉ်းချုံ့၍ ဤသို့ မှတ်သားအပ်၏။ သတ္တလောက၏ အတိတ်ကာလသည် နှစ်တစ်ရာ ဖြစ်သည်ဆိုကြပါအံ့။ လူသား၏ အတိတ်သမိုင်းသည် တစ်လမျှသာကြာ၍ လူတို့၏ ယဉ်ကျေးမှုသက်တမ်းသည် တစ်နာရီ ၄၅ မိနစ်မျှသာ ရှိသေး၏။ လူသား၏အနာဂတ်မှာ နှစ်ပေါင်းတစ်သိန်းခန့် ကြာဦးမည်ဖြစ်၏။ ဤသို့ဖြင့် အတိတ်ကာလနှင့် ရှေ့အလားအလာကို ထည့်သွင်းစဉ်းစားပါက အသိဉာဏ် အလွန်နုနယ်သေးသည်ဟုဆိုရမည်ဖြစ်သော လူသားသည် စကြဝဠာနှင့် မိမိအကြောင်းခြင်းရာကို အဘယ်မှာ တိတိပိုင်ပိုင် နားလည်နိုင်ပါဦးမည်နည်း။ စင်စစ် လူတို့သည်လည်း အားလုံးနက်နက်နဲနဲ စဉ်းစားတွေးခေါ်တတ်သော သတ္တဝါများ ဖြစ်သည်မဟုတ်။ မြင့်မားသော လူ့အတွေးအခေါ်များသည် ဘီစီခြောက်ရာစုနှင့် လေးရာစုအကြား၌ ဗုဒ္ဓ၊ ကွန်ဖြူးရှပ်၊ ဆော့ကရေးတီးစသော ဉာဏ်ကြီးရှင်တစ်စုကို အကြောင်းပြု၍ စတင်ပေါက်ဖွားခဲ့ပေရာ ထိုပုဂ္ဂိုလ်တို့၏ အဆိုအမိန့်ကို နှောင်းလူတို့အားလုံး နားမလည်သေးကြောင်း သတိပြုသင့်ပေ၏။

ဤသို့ ဒဿနိကဗေဒသည် ခက်ခဲနက်နဲသော ပညာဖြစ်သည့်အပြင် ယင်းအကြောင်း ဒဿနိကဆရာတို့ ရေးသားထားသော စာအုပ်များမှာလည်း

ရှင်းရှင်းလင်းလင်း မရှိလှချေ။ ခက်ခဲသောအကြောင်းရပ်ကို လူအများ နားလည်အောင် ရေးသားရန်မှာ လွယ်ကူသောကိစ္စ မဟုတ်သည်ကား မှန်၏။ သို့ရာတွင် များသောအားဖြင့် ဒဿနိကဆရာတို့သည် မိမိတို့သိသမျှကို ရိုးရိုးရှင်းရှင်း မရေးသားတတ်ကြချေ။ သူတို့၏ ရေးသားချက်များမှာ လူသိနည်းသော စကားလုံးများဖြင့် ကွေ့ကောက်ရှုပ်ထွေး၍ ဒဿနိကဗေဒ စာသင်သားများအဖို့ပင် နားလည်ရန် မလွယ်ကူချေ။ နာမည်ကျော် ဂျာမန်တွေးခေါ်ကြီး "ကန့်"၏ စာအုပ်မှာ အသိခက်လှသောကြောင့် ဒဿနိကဆရာတို့သည် မည်သို့မျှ ဝေဖန်ဆန်းစစ်ခြင်း မပြုနိုင်ဘဲ သူ၏ခံယူချက်ကို ရှင်းပြရန်ပင် စာအုပ်အတော်များများ ရေးသားခဲ့ကြရလေသည်။

ဒဿနိကဆရာတို့ တွေးခေါ်သော အကြောင်းအရာများမှာလည်း အချို့သော လူ့ဘဝပြဿနာများမှလွဲလျှင် ရိုးရိုးလူများ စိတ်မဝင်စားဘဲ ပျင်းရိငြီးငွေ့ဖွယ်ရာဖြစ်၏။ ဒဿနိကဗေဒသည် ရှင်းနေသောအရာကို ရှုပ်အောင်ဖန်တီးသော ပညာ၊ ကေန်မုချ ဒိဋ္ဌဓမ္မကို သံသယဝင်၍ ကြံကြံဖန်ဖန်၊ ပေါက်ပေါက်ရှာရှာ တွေးခေါ်သောပညာ ဖြစ်သည်ဟု စွပ်စွဲခံရ၏။ အပေါ်ယံအမြင်အားဖြင့် ဤစွပ်စွဲချက်မှာ မှန်သလိုလို ထင်ရ၏။

ပုံစံပြရသော် ဒဿနိကဆရာတို့က နက်ဖြန်ထွက်လိမ့်မည်ဖြစ်ကြောင်း ယုတ္တိအထောက်အထားပြ၍ မရအပ်ဟု ဆိုပေလိမ့်မည်။ လူသည် မိမိကိုယ်မှ တစ်ပါးတခြား ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၌ စိတ်ရှိသည်ဟု အဘယ်ကြောင့် တပ်အပ်ဆိုနိုင်ပါသနည်း။ ကျွန်ုပ်တို့သည် ၃ နှင့် ၂ ပေါင်းလျှင် ၅ ဖြစ်ကြောင်း အဘယ်ကြောင့် သိပါသနည်း။ ရှေ့၌ ကျွန်ုပ်မြင်နေရသော စားပွဲသည် တကယ်ရှိသော အရာဝတ္ထု ဖြစ်ပါသလော။ သို့မဟုတ် အရိပ်အသွင်၊ အထင်မျှသာ ဖြစ်လေသလော။ လူတို့ အပြုအမူအားလုံးသည် အလိုအလျောက်ပြုမူခြင်း ဖြစ်ပါသလော။ သို့မဟုတ် မိမိတို့ အစိုးမရသော အကြောင်းတရားများကြောင့် ပြုမူခြင်း ဖြစ်ပါသလော။ ဤသို့ဖြင့် ဒဿနိကဆရာတို့၏ အချို့သော အမေးပြဿနာများသည် လူအများအဖို့ အနှစ်အဓိပ္ပာယ်ကင်းသော ရိုးရိုးရှင်းရှင်း ပြဿနာများဖြစ်၏။

ထို့ကြောင့် ဒဿနိကဆရာသည် မှောင်မည်း၍ ဘာမျှမမြင်ရသော အခန်းထဲ၌ လုံးဝမရှိသော စားပွဲအောက်တွင် လုံးဝမရှိသော ကြောင်ကို စမ်းတဝါးဝါး ရှာဖွေနေသော ပုဂ္ဂိုလ်ဖြစ်သည်ဟု ပြက်ရယ်ဆိုကြ၏။ ဒဿနိကဗေဒသည် လူ့ဘဝနှင့်ကင်းကွာ၍ ဘာမျှ အသုံးချ၍မရအပ်သောပညာဖြစ်သည်ဟုလည်း ဝေဖန်ကြ၏။

အမှတ် .... .... ....

သို့ရာတွင် အသိပညာနယ်၌ လူသားအတွက် အသုံးဝင်သောအရာနှင့် အသုံးမဝင်သောအရာကို မည်သို့ အတိအကျ ခွဲခြားနိုင်ပါမည်နည်း။ သိပ္ပံနယ်၌ တစ်ခါက အသုံးမဝင်ဟုထင်ခဲ့ရသော တွေ့ရှိချက်သည် ယခုအခါ အရေးပါသော အသိအမြင်ဖြစ်နေတတ်၏။ အချို့သော ဒဿနိကပြဿနာများသည် လူ့ဘဝနှင့် နီးစပ်ခြင်း မရှိသည်မှန်သော်လည်း ယေဘုယျခြုံ၍ ကြည့်ပါက ဒဿနိကဗေဒ သည် လူ့လောကအား အကျိုးပြုခဲ့ကြောင်း ယုံမှားစရာမရှိချေ။ ၁၇ရာစုခေတ်၌ ဥရောပတိုက်တွင် သိပ္ပံအမြင် စတင်ထွန်းကားလာခြင်းမှာ ဒဿနိကဆရာတို့၏ ဦးဆောင်မှုကြောင့် ဖြစ်၏။ ပြင်သစ်တော်လှန်ရေးသည် ရှုဆိုး၊ ဗော်လ်တဲယား စသော ပညာရှင်တို့၏ အတွေးအခေါ်များမှ ပေါက်ဖွားလာသော တော်လှန်ရေး ဖြစ်၏။ လူသတ္တဝါမှန်သမျှကို ကြင်နာလေးစားရမည်၊ မည်သူမဆို မိမိကိုယ်ကို ဝေဖန်ဆန်းစစ် လေ့လာသင့်သည်စသော ကျွန်ုပ်တို့၏ ခံယူချက်များသည် ဒဿနိကဆရာတို့ ရှေးဦးစွာ ဟောပြောရေးသားခဲ့သော အချက်များ ဖြစ်၏။ အမေရိကန်ပြည်ထောင်စုနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အင်္ဂလိပ်ဒဿနိက ဆရာလွှန်လော့၏ အတွေးအခေါ်များကို မှီငြမ်းပြု ရေးဆွဲထားသော ဥပဒေ ဖြစ်လေသည်။

ဤသို့ ဒဿနိကဗေဒသည် ရှေးအခါက လူ့လောကအား အကျိုးပြု ခဲ့သည် မှန်သော်လည်း တိုးတက်မှု အလွန်နှေးကွေးသည်ဟု ဆိုရပေမည်။ အထူးသဖြင့် နှစ်ပေါင်းလေးငါးရာအတွင်း တစ်ဟုန်ထိုး ချီတက်ခဲ့သော၊ သိပ္ပံပညာနှင့် နှိုင်းယှဉ်ပါက လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ က စတင်ပေါ်ထွန်း ခဲ့သော ဒဿနိကဗေဒ၏ တိုးတက်မှုမှာ အားရကျေနပ်ဖွယ်ရာ မရှိချေ။ သိပ္ပံ ပညာရပ်အသီးသီး၏ အောင်မြင်မှုများကို တသီတတန်းကြီး ထောက်ပြနိုင်သော် လည်း ဒဿနိကဗေဒမှာ ထိုသို့ ထောက်ပြစရာ မရှိချေ။ လူ့လောကပြဿနာ များနှင့်စပ်၍ ဒဿနိကဆရာများ တညီတညွတ်တည်း လက်ခံသော် အယူဟူ၍ မရှိ။ ဒဿနိကကျမ်းလာ အဆိုအမိန့်များသည် ဒဿနိကဆရာတို့ သူတစ်မျိုး ငါတစ်ဖုံ တင်ပြသော ဝိဝါဒများဖြစ်၏။ စင်စစ် ဒဿနိကဗေဒသည် လူ့ဘဝ ပြဿနာများကို အသေအချာ တိကျပြတ်သားစွာ ဖြေရှင်းနိုင်ခြင်းမရှိကြောင်း ဒဿနိကဆရာတို့ကိုယ်တိုင် ရိုးသားစွာ ဝန်ခံကြလေသည်။

ဤသည်မှာ ဒဿနိကဗေဒ၏ ချွတ်ယွင်းချက်မဟုတ်။ ပြဿနာတစ်ရပ် သည် အဖြေထွက်ပေါ်လာပါက၊ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ ပညာရှင်များ သဘောတူလက်ခံသော အကြောင်းအချက်များရှိပါက ထိုပြဿနာသည် သိပ္ပံ

၂၇၇၁၉

ပညာနယ်ထဲသို့ ရောက်ရှိသွားစမြဲဖြစ်၏။ သို့စင်လျက် သိပ္ပံနယ်၌ပင် ပညာရှင်များ သဘောအယူ ကွဲလွဲသောအချက် အနည်းအများရှိပေသေးရာ သိပ္ပံနည်းဖြင့် နှိုတ်ချွတ်လေ့လာ၍ မရအပ်သော အကြောင်းခြင်းရာများကိုမှ လေ့လာသုံးသပ်ရသော ဒဿနိကဗေဒသည် အဘယ်မှာ သိပ္ပံပညာနှင့် ယှဉ်ပြိုင်၍ တိုးတက်နိုင်ပါမည်နည်း။ အမှန်ဆိုသော် စကြဝဠာနှင့် လူ့ဘဝအကြောင်းခြင်းရာသည် အလွန် ကျယ်ဝန်းနက်ရှိုင်း၍ လူသားသည်လည်း အနန္တဉာဏ်ကြီးရှင် မဟုတ်ရကား ဘာထရန်ရပ်ဆယ်လ် စသော ဒဿနိကပညာရှင်တို့ကပင် ကျွန်ုပ်တို့မည်မျှ ကြံစည်တွေးခေါ်သော်လည်း ပြဿနာများ၏အဖြေကို ရရှိနိုင်မည်မဟုတ်ဟု ဆိုကြလေသည်။

မည်သို့ဆိုစေ များစွာသော လူတို့သည် အဖြေရှာ၍ မရအပ်သော ထိုပြဿနာများကို စဉ်းစားတွေးခေါ်ရခြင်း၌ပင် ပျော်မွေ့ကြ၏။ တွေးခေါ်မှုပညာသည် ဒဿနိကဗေဒ ဆရာများနှင့်သာ သက်ဆိုင်သည်မဟုတ်။ တရားမျှတမှု၊ လွတ်လပ်မှု၊ ကိုယ်ကျင့်တရား၊ လူ့အခွင့်အရေး စသည်ဖြင့် နေ့စဉ်ပြောဆိုရေးသားနေသော သူတို့သည်လည်း အတွေးအခေါ်သမားများ ဖြစ်ကြ၏။ ၎င်းတို့အကြောင်း လူအများ သိရှိနားလည်ပြီးဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆသော်လည်း ၎င်းတို့နှင့် ဆိုင်ရာပြဿနာများကို အပြီးအပြတ်ဖြေရှင်းရန် မဆိုထားဘိ၊ ၎င်းဝေါဟာရစကားများကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာ၌ပင် လူတစ်ဦးနှင့်တစ်ဦး ခံယူချက်ချင်း မတူကြချေ။

သို့ဖြစ်ရကား အလွယ်တကူ အဖြေရှာ၍ မရအပ်သော ပြဿနာများကို လူတို့ ကြံစည်တွေးခေါ်ခြင်းသည် ဒဿနိကဗေဒနယ်၌သာမဟုတ်၊ ရိုးရိုးလူတို့၏ အသိနယ်ပယ်၌တွေ့ရသော လက္ခဏာခြင်းရာဖြစ်၏။ ခြားနားချက်မှာ ဒဿနိကပြဿနာများသည် ကျယ်ပြန့်နက်ရှိုင်း၍ ၎င်းတို့ကို ချဉ်းကပ်ရာ၌ ဒဿနိကဆရာသည် အသိအလိမ္မာ ဉာဏ်ပညာကို လက်ကိုင်ထား၏။ ဂျာမန်တွေးခေါ်ရှင်ကြီးတစ်ဦးက "သင်သည် ကျွန်ုပ်ထံမှ ဖီလိုဆိုဖီကို ကြားနာမှတ်သားရမည်မဟုတ်။ မည်သို့မည်ပုံ ဖီလိုဆိုဖီနည်းကျကျ ပညာရှာရမည်ကိုကား သင်သိရပါလိမ့်မည်။ ကျက်မှတ်ရန်စကားကို ကြားနာရမည်မဟုတ်။ မည်သို့မည်ပုံ တွေးခေါ်ရမည်ကိုသာ ကြားနာရပေလိမ့်မည်။ သင့်ကိုယ်ပိုင် ဉာဏ်ဖြင့် စဉ်းစားပါ။ သင့်ဘာသာသင် ဝေဖန်ဆန်းစစ်ပါ။ မိမိအစွမ်းအစဖြင့် ရပ်တည်ပါ"ဟု မိန့်ဆိုဖူး၏။

မှန်လှ၏။ ဒဿနိကဗေဒ လေ့လာမှု၏ ထင်ရှားသော အကျိုးတရား တစ်ခုမှာ စဉ်းစားတွေးခေါ်သောဉာဏ် ထက်မြက်ရင့်သန်လာခြင်း ဖြစ်၏။ ဒဿနိကဗေဒသည် တွေးခေါ်ရာ၌ ဓမ္မဓိဋ္ဌာန်ကျမှု၊ ဆန္ဒစွဲ ဝါဒစွဲကင်းမှု၊ ပြဿနာတစ်ခုကို အပေါ်ယံမဟုတ်ဘဲ စေ့စေ့ငုငုသေချာစွာ လေ့လာမှု၊ ဝေါဟာရစကား၏ အနက်အဓိပ္ပာယ်ကို အရှင်းအမြစ်ကျကျစိစစ်မှု၊ ခိုင်လုံသော အကြောင်းအချက်များမှ ကောက်ချက်ဆွဲမှုစသော စဉ်းစားဉာဏ် ထက်မြက်ရန်အတွက် လိုအပ်သော အကျင့်ကောင်းများကို အားပေး၏။ ထိုအကျင့်ကောင်းများနှင့်အတူ ကျွန်ုပ်တို့သည် မိမိအယူကို အစွဲအမြဲ ဆုပ်ကိုင်မထားဘဲ အခြားအယူအားလုံးကို လက်ခံစဉ်းစားမှု၊ မိမိ၏ ခံယူချက်ကို မကြာခဏ ဝေဖန်စောကြောမှု၊ အကြားအမြင်ဗဟုသုတ ကျယ်ဝန်းအောင် အားထုတ်မှုစသော ပညာရှာမှီးရာ၌ အလွန်လိုအပ်သော အရည်အချင်းများ ရရှိလာနိုင်လေသည်။

ဒဿနိကဗေဒကို မလိုသောသူတို့သည် ဤအကျိုးတရားများကို သတိမပြုဘဲ ကျဉ်းမြောင်းသော ရုပ်ဝါဒအမြင်ဖြင့် ဝေဖန်ပြစ်တင်လိုသောသူများ ဖြစ်၏။ မှန်၏။ ဒဿနိကဗေဒသည် သိပ္ပံပညာကဲ့သို့ ဝေဝေဆာဆာ သီးပွင့်ခြင်း မရှိသေးချေ။ လူတို့၏ ရုပ်ပိုင်းကြီးပွားတိုးတက်မှုကို အကျိုးပြုရာ၌လည်း ဒဿနိကဗေဒ၏ စွမ်းဆောင်မှုကို ပိုမိုတွက်ဆပါက မှားပေလိမ့်မည်။ ဒဿနိကဗေဒကို လေ့လာခြင်းဖြင့် ကျွန်ုပ်တို့သည် စိတ်ချမ်းသာလာလိမ့်မည်။ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်း၍ ဆင်းရဲဒုက္ခကို ကြံ့ကြံ့ခံနိုင်ရည် ရှိလာလိမ့်မည်။ ကိုယ်ကျင့်တရား ကောင်းလာလိမ့်မည်။ မည်သည့် အကြောင်းကိစ္စ၌မဆို မှန်ကန်စွာ စဉ်းစားဆုံးဖြတ်နိုင်လိမ့်မည် စသည်ဖြင့် မမျှော်လင့်အပ်ချေ။

သို့ဖြစ်စေကာမူ ဒဿနိကဗေဒကို လေ့လာခြင်းသည် လူအများ စိတ်မကူးသော (ဝါ) အရောက်အပေါက်နည်းသော အတွေးအခေါ်နယ်ထဲသို့ စွန့်စားသွားရောက်ခြင်း ဖြစ်၏။ ခိုင်မာကျယ်ပြန့်သော အသိပညာကို လက်ကိုင်ထား၍ သွားရောက်ခြင်းဖြစ်သောကြောင့် မိုက်ရူးရဲ အောက်ခြေလွတ် စွန့်စားခြင်းမဟုတ်။ တစ်နည်းဆိုသော် ဒဿနိကဗေဒနယ်၌ စွန့်စားတွေးခေါ်မှုသည် စိတ်ကူးယဉ် အိပ်မက်,မက်မှုမျိုးမဟုတ်။ စွန့်စားမှုဆိုရခြင်းမှာ ထိုအသိနယ်သည် လူအရောက်ပေါက်နည်းသည့်အပြင် ကျွန်ုပ်တို့သိလိုသော ပြဿနာအဖြေကို ရှာဖွေတွေ့ရှိမည်ဟု မုချမပြောဆိုနိုင်သောကြောင့် ဖြစ်၏။ သို့ရာတွင် ရှေးအခါက လူမရောက်ပေါက်သေးသော နေရာသို့ စွန့်စားသွားရောက်သော သူတို့သည် ထိုနေရာသို့ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ စွန့်စားသွားရခြင်းကိုပင်

နှစ်သိမ့်ကျေနပ်ဘိသကဲ့သို့ များစွာသော လူတို့အဖို့ ဒဿနိကဗေဒ၌ ပြဿနာ အဖြေတွေ့ရှိမှု၊ မတွေ့ရှိမှုသည် ပဓာနမဟုတ်။ ပြဿနာများကို စဉ်းစား တွေးခေါ်ရခြင်းသည်ပင် ကျေနပ်နှစ်သိမ့် မွေ့လျော်ဖွယ်ဖြစ်၏။

အမှန်ဆိုသော် အထက်က ဖော်ပြခဲ့သည့်အတိုင်း ဒဿနိကဗေဒသည် ပြဿနာများကို ယတိပြတ် ဖြေရှင်းနိုင်စွမ်းမရှိချေ။ ဒဿနိကဗေဒကျမ်းများသည် မရေရာ မသေချာမှု၊ မပြတ်သားမှု၊ ပညာရှင်တစ်ဦးနှင့်တစ်ဦး ဝိဝါဒကွဲပြားမှုများဖြင့် ထင်ရှား၏။ ဤသည်မှာ ဒဿနိကဗေဒ လေ့လာသူအဖို့ စိတ်ပျက်ဖွယ်ရာ မဟုတ်ချေ။ ဆော့ကရေးတီးက မိမိသည် အသိပညာရှင် မဟုတ်ပါ။ လောက၌ မိမိဉာဏ်မမီသော အကြောင်းအရာ များစွာရှိခြင်းကို သိမြင်သော သူမျှသာ ဖြစ်ပါသည်ဟု ဆိုဖူး၏။ သို့ရာတွင် ရှေးဂရိနိုင်ငံသားတို့သည် ဆော့ကရေးတီး၏ ပညာဂုဏ်ကို လေးစားကြ၍ ယနေ့ခေတ် လူတို့သည်လည်း သူ့ကို ကမ္ဘာ့သမိုင်း၌ ထူးချွန်သော ပညာရှင်ကြီးတစ်ဦးအဖြစ်ဖြင့် အသိအမှတ် ပြုကြ၏။ မှန်လှ၏။ ပညာမာန မရှိခြင်းသည် ပညာရှိ၏ ဝိသေသလက္ခဏာ တစ်ရပ်ဖြစ်ပေရာ ဒဿနိကဗေဒသည် လူတို့၏ ပညာမာနကို ချိုးနှိမ်၍ စိတ်ဓာတ် တည်ငြိမ်ရင့်ကျက်အောင် အကျိုးပြုနိုင်သော ပညာ ဖြစ်လေသည်။

၂

သိပ္ပံနည်းသာလျှင် မှန်ကန်သော တစ်ခုတည်းသောနည်းဖြစ်သည်ဆို၍ ဘာသာတရားနှင့် ဒဿနိကဗေဒကို ပယ်ပြီးလျှင် သိပ္ပံပညာအား ဦးထိပ်ထားလိုခြင်းမှာ အသိအမြင်၊ အတွေ့အကြုံ ကျဉ်းမြောင်းခြင်း၏ လက္ခဏာဖြစ်၏။ စင်စစ် သိပ္ပံနည်းသည် ဟာကွက်၊ ချွတ်ယွင်းချက်များရှိ၍ လောကပြဿနာအားလုံးကို တိကျခိုင်မာစွာ ဖြေရှင်းနိုင်သော နည်းမဟုတ်ကြောင်း သိပ္ပံဆရာတို့ကိုယ်တိုင် ဝန်ခံလျက်ရှိပေပြီ။

# အမှားအမှန် ဆုံးဖြတ်မှု

ကျွန်ုပ်တို့သည် သင်္ခါရလောက၏ နောက်ကွယ်ရှိ ပရမတ္ထတရားကို မချဆတ်ဆတ်သိရှိရန် မဖြစ်နိုင်သည်ကား မှန်၏။ သို့ဖြစ်လျှင် သင်္ခါရလောက အကြောင်း ယထာဘူတကျကျ မည်မျှသိနိုင်ပါသနည်း။ တစ်နည်းဆိုရသော် သမုတိပညတ်နယ်၌ အမှန်တရားကို မည်မျှသိနိုင်ပါသနည်း။ သိနိုင်လျှင် အမှန်တရားကို မည်သို့ မှတ်ကျောက်တင် ကြည့်ရပါမည်နည်းဟု စဉ်းစားရန် ရှိ၏။

အမှန်တရားသိမှုနှင့်စပ်၍ တွေးခေါ်ရှင်များတွင် ဝါဒနှစ်မျိုးကွဲပြားလျက် ရှိ၏။ ပထမဝါဒမှာ လောက၌ ဘာကိုမျှ အမှန်အတိုင်း မသိနိုင်ဆိုသော သံသယဝါဒ[၁] ဖြစ်၏။ ဤဝါဒမှာ ရှေးက ဆိုဖစ်[၂]ဆိုသော ဂရိတွေးခေါ်ရှင်များ လက်ထက်ကစ၍ ပေါ်ထွန်းခဲ့၏။ သံသယဝါဒ၏ အလိုအားဖြင့် အမှန်တရားကို ရှာဖွေခြင်းသည် အချည်းအနှီးဖြစ်၏။ လောက၌ ဘာမျှမရှိ။ ရှိခဲ့သော် ကျွန်ုပ်တို့ ဘာမျှ သိနိုင်မည်မဟုတ်။ သိခဲ့လျှင်လည်း သူတစ်ပါးအား မိမိအသိကို ပြောပြ၍မရအပ်။ ဥရောပ တွေးခေါ်ရှင်တစ်ဦး[၃]ကမူ ကျွန်ုပ်တို့ ဘာမျှမသိနိုင်။ ရှိရှိသမျှအရာတို့သည် ကျွန်ုပ်တို့အား လှည့်စားရန်သာဖြစ်၏။ သဘာဝတရား သည် လူဝို့၏ မသိမှုနှင့် အားကိုးရာမဲ့မှုတို့ကို ရက်စက်စွာ ပြောင်လှောင်

---

၁။ Skepticism ၂။ Sophist ၃။ Anatole France

ပြက်ရယ်ပြုလျက်ရှိသည်ဟု ဆို၏။ သံသယဝါဒီတို့သည် လူတို့ အသိပညာ ရှာဖွေသော နည်းအမျိုးမျိုး၏ ချွတ်ယွင်းချက်၊ အားနည်းချက်များကို ထောက်ပြကြ၏။ လူ၏အသိဉာဏ်၊ စဉ်းစားဉာဏ်နှင့် နား၊ မျက်စိ စသည်တို့မှာ စိတ်မချရသော အရာများဖြစ်သည်။ သို့ဖြစ်၍ ယင်းတို့ကိုသာ အားကိုးရသော လူသားသည် အမှန်တရားကို သိရှိရန် မမျှော်လင့်နိုင်ဟု ဆိုလေသည်။

သံသယဝါဒီတို့၏ အကြောင်းပြချက်မှာ အားလုံးမှားသည်ဟု မဆိုသာချေ။ ကျွန်ုပ်တို့ အာရုံခံအင်္ဂါများ၏ မရေရာ မသေချာပုံ၊ သိပ္ပံနည်း၌ ချွတ်ယွင်းချက်၊ ဟာကွက်များရှိပုံ၊ စဉ်းစားဉာဏ်သည် လူတို့အလိုဆန္ဒ၏ ခုတုံးဖြစ်နေတတ်ပုံ (ဝါ) လူသည် ဆန္ဒစွဲနှင့် စဉ်းစားတွေးခေါ်တတ်ပုံများကို ကျွန်ုပ်တို့ သိရပေပြီ။ စင်စစ် သိပ္ပံပညာစူးစမ်းလေ့လာနှင့် ဒဿနိကပြဿနာများကို ဆင်ခြင်သုံးသပ်မှု၌သာမဟုတ်။ မည်သည့် ကိစ္စကြီးငယ်၌မဆို ရှေးဦးပထမ၌ သံသယရှိရန် လိုအပ်၏။ သံသယရှိမှသာလျှင် အယူသီးခြင်း၊ ပုဂ္ဂိုလ်စွဲဝါဒရှိခြင်းများ ပပျောက်၍ အယူဝါဒရေးရာနှင့် ပတ်သက်၍ သဘောထားကြီးမှု၊ ဓမ္မဓိဋ္ဌာန်ကျကျ တွေးခေါ်မှုများ ရှိလိမ့်မည်။ သို့ရာတွင် အလွန်အကျွံ သံသယရှိခြင်းဖြင့် ကျွန်ုပ်တို့သည် ဘာမျှ ထိထိရောက်ရောက် ပြုလုပ်နိုင်မည် မဟုတ်ချေ။ စင်စစ် အလွန်အကျွံ သံသယဝါဒသည် လူ့လောကအတွက် အချည်းအနှီးဖြစ်၏။ ၎င်းကို အကြွင်းမဲ့ခံယူသော ပညာရှင်ဟူ၍ ယခုခေတ်၌ မရှိချေ။ ၎င်းသည် သဘာဝယုတ္တိ လုံးဝကင်းမဲ့သော ဝါဒလည်း ဖြစ်၏။ လောက၌ အမှန်တရားကို မည်သို့မျှ မသိနိုင်ဟုဆိုပါက သံသယဝါဒီသည် မိမိ၏ခံယူချက် မှန်ကန်ကြောင်း မည်သို့ သိနိုင်ပါမည်နည်း။

အချို့ကမူ အစစအရာရာ သံသယရှိမှုကိုပယ်၍ အချို့သော အကြောင်းအရာများကိုသာလျှင် လူ့အသိဉာဏ်ဖြင့် အမှန်အတိုင်း မသိနိုင်ဟု ဆိုကြ၏။ ပုံစံအားဖြင့် ထာဝရဘုရား ရှိ မရှိ၊ လူသေပြီးသည်၏ အခြားမဲ့၌ ဘဝတစ်ဖန်ဖြစ်မှု ရှိမရှိ၊ အသက်ဇီဝ၏ အစမူလစသော ပြဿနာများကို လူသားဉာဏ်ဖြင့် ဆုံးဖြတ်၍ မအပ်ဟု ယုံကြည်ကြ၏။ ဤဝါဒမှာ သိပ္ပံဆရာအတော်များများ ခံယူထားသောဝါဒ[၁] ဖြစ်၏။

အမှန်တရားသိမှုနှင့်စပ်၍ ထင်ရှားသော အခြားဝါဒမှာ ဒိဋ္ဌဓမ္မဝါဒ[၂] ဖြစ်၏။ ဤဝါဒအလိုအားဖြင့်ကား အသိပညာဟူသည် နား၊ မျက်စိ စသည်တို့

၁။ agnosticism ၂။ Positivism

နှင့်ထိတွေ့သော အကြောင်းခြင်းရာ များသာလျှင် ဖြစ်၏။ သို့ဖြင့် ဤဝါဒမှာ သိပ္ပံရှုးစမ်းနည်းဖြင့် သိအပ်သော အချက်ကိုသာလျှင် အမှန်တရားအနေဖြင့် အသိအမှတ်ပြု၏။

ဒိဋ္ဌဓမ္မဝါဒအကြောင်း စတင်ရေးသားခဲ့သော ပုဂ္ဂိုလ်မှာ ၁၉ ရာစုခေတ် ပြင်သစ်ဒဿနိကပညာရှင်တစ်ဦး[၁] ဖြစ်၏။ သူ၏အလိုအားဖြင့် လူ့သမိုင်းကို ခေတ်သုံးခေတ် ပိုင်းခြားအပ်၏။ ပထမခေတ်၌ လူတို့သည် အတိုင်းအတာ အကန့်အသတ်မရှိ လွတ်လပ်စွာ စိတ်ကူးတွေးခေါ်၍ ကမ္ဘာကြီးကို နတ်ဘုရားများ စိုးမိုးသည်ဟု ယုံကြည်ကြ၏။ ဒုတိယခေတ်မှာ အတွေးအခေါ်ခေတ် ဖြစ်၏။ ထိုခေတ်၌ နတ်ဘုရားများအား ယုံကြည်မှုနည်းပါးလာ၍ အကြောင်းအကျိုး မူလဘူတနိယာမ တရားများဖြင့် သင်္ခါရလောကအကြောင်းကို ကြံစည်ကြ၏။ နောက်ဆုံး တတိယခေတ်မှာကား လူ့အသိဉာဏ် အမြင့်မားဆုံးခေတ်ဖြစ်၍ ဒိဋ္ဌဓမ္မလုပ်နည်းလုပ်ဟန်များဖြင့် ထင်ရှား၏။ လူသည် လောက၏ မူလဘူတ နောက်ဆုံးဦးတည်ချက်နှင့် ပရမတ္ထ သဘာဝအကြောင်း တွေးခေါ်ခြင်းမပြုတော့ဘဲ သိပ္ပံပညာ ရှုးစမ်းလေ့လာမှုကို အာရုံပြုလာ၏။ သိပ္ပံပညာသည် လူ့အသိဉာဏ် တိုးတက်မှု၏ နောက်ဆုံးအဆင့်ဖြစ်၍ ၎င်း၏လုပ်ငန်းမှာ လူ့လောက ကြီးပွား ချမ်းသာမှုကို ဆောင်ရွက်ရန်ဖြစ်၏။

သိပ္ပံပညာ၏ တိုးတက်အောင်မြင်မှုနှင့် လက်တွေ့စူးစမ်းလေ့လာသော သိပ္ပံနည်း၏အရေးပါမှုကို ငြင်းဆိုရန်မလိုချေ။ သို့ရာတွင် သိပ္ပံနည်းသာလျှင် မှန်ကန်သော တစ်ခုတည်းသောနည်း ဖြစ်သည်ဆို၍ ဘာသာတရားနှင့် ဒဿနိက ဗေဒကို ပယ်ပြီးလျှင် သိပ္ပံပညာအား ဦးထိပ်ထားလိုခြင်းမှာ အသိအမြင်၊ အတွေ့ အကြုံကျဉ်းမြောင်းခြင်း၏ လက္ခဏာဖြစ်၏။ စင်စစ် သိပ္ပံနည်းသည် ဟာကွက် ချွတ်ယွင်းချက်များရှိ၍ လောကပြဿနာအားလုံးကို တိကျခိုင်မာစွာ ဖြေရှင်း နိုင်သော နည်းမဟုတ်ကြောင်း သိပ္ပံဆရာတို့ကိုယ်တိုင်ပင် ဝန်ခံလျက်ရှိပေပြီ။

ယုံကြည်ချက်တစ်ခုသည် မှန်၊မမှန်စမ်းသပ်ရန် ဒဿနိကဆရာတို့ ခံယူ သောနည်း သုံးခုရှိ၏။ ပထမနည်းမှာ ကိုက်ညီမှုနည်း[၂] ဖြစ်၏။ ဤနည်းအရ ယုံကြည်ချက်သည် ဒိဋ္ဌဓမ္မနှင့် ကိုက်ညီပါက မှန်ကန်သည်ဟု ခံယူရမည်ဖြစ်၏။ ပုံစံအားဖြင့် မြန်မာနိုင်ငံ၏ အနောက်ဘက်၌ ပင်လယ်ရှိသည်ဆိုရာ၌ ဟုတ် မှန်သော ပထဝီအခြေအနေနှင့် ကိုက်ညီသောကြောင့် ဤအဆိုသည် မှန်ကန်

---

၁။ Alexander Comte ၂။ Correspondence Theory

သည်ဟု မှတ်ယူရပေမည်။ ဤနည်းမှာ ရိုးရိုးလူသားနှင့် ဒိဋ္ဌဝမ္မဝါဒီတို့ ခံယူထားသောနည်းဖြစ်၏။ သိပ္ပံဆရာတို့၏ ရှုးစမ်းလေ့လာမှု၌လည်း ဤနည်းသည် ထင်ရှား၏။

လူ၏ အသိပညာဟူသမျှသည် စိတ်ကိုစွဲမှီ၍ဖြစ်သည်ဆိုသော စိတ္တဝါဒီ[၁] တို့ကမူ ဤအဆိုကို မနှစ်သက်ကြချေ။ ဤအဆိုအရ လူတို့ ကြားသမျှမြင်သမျှသည် တိကျမှန်ကန်ရမည် ဖြစ်သည်။ သို့ရာတွင် စင်စစ်အားဖြင့် နား၊ မျက်စိစသော အာရုံခံအင်္ဂါများသည် စိတ်ချရသော အရာများမဟုတ်။ ယင်းတို့နှင့်ကင်း၍လည်း ဘာမျှမသိနိုင်သောကြောင့် ဒိဋ္ဌဝမ္မနှင့်ကိုက်ညီမှ မှန်ကန်သည်ဆိုခြင်းမှာ အချည်းနှီးဖြစ်သည်ဟု ဝေဖန်ကြ၏။

စင်စစ် ဤအဆိုနှင့်အညီ ယုံကြည်ချက်အားလုံးကို ဆန်းစစ်၍မရအပ်ချေ။ ဤအဆိုအရ ဒိဋ္ဌဝမ္မမရှိသော ယုံကြည်ချက်များ (ပုံစံအားဖြင့် တမလွန်ဘဝရှိမရှိ)ကို ပယ်ထားရမလို ဖြစ်၏။ အနာဂတ်နှင့်ဆိုင်သော ယုံကြည်ချက် (ပုံစံ–အကယ်၍ တတိယကမ္ဘာစစ်ဖြစ်လျှင် လူ့လောကကြီး ပျက်စီးလိမ့်မည်။) များမှာလည်း ဤအဆိုနှင့် ဆန်းစစ်ကြည့်ရန် မဖြစ်နိုင်ချေ။ သင်္ချာတက္ကဗေဒနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကြောင်းခြင်းရာများမှာလည်း အမှားအမှန်ဆုံးဖြတ်၍ မရအပ်ချေ။

အမှားအမှန် ဆုံးဖြတ်ရန်အတွက် အချို့ဒဿနိကဆရာတို့ ခံယူသောအဆိုမှာ ညီညွတ်မှုအဆိုဖြစ်၏။ ဤအဆိုအရ ယုံကြည်ချက်တစ်ခုသည် အမှန်တရားအနေဖြင့် ခံယူပြီးဖြစ်သော အခြားယုံကြည်ချက်များနှင့် ညီညွတ်ပါက ၎င်းကိုလည်း မှန်ကန်သည်ဟု မှတ်ယူအပ်၏။ သို့ဖြင့် မှန်သည်များသည် ဆုံးဖြတ်ရာ၌ ကနဦးက သိရှိပြီးဖြစ်သော အမှန်တရားများနှင့် ရှေ့နောက်ညီမညီ ကြည့်ရှုရပေလိမ့်မည်။ သို့ရာတွင် မူလခံယူချက်နှင့် ဆန့်ကျင်ကာမျှဖြင့် ယုံကြည်ချက်အသစ်ကို ပယ်ရမည်ကား မဟုတ်ချေ။ တစ်ခါတစ်ရံ မူလခံယူချက်ကို ပြန်လည်ဆန်းစစ်ရန်၊ သို့မဟုတ် ယုံကြည်ချက်အသစ်နှင့် အခြားအခြားသော ရှေးဦးခံယူချက်များ၏ တစ်ပြေးညီညာဖြစ်မှု အတိုင်းအတာကို စဉ်းစားရပေလိမ့်မည်။ ပုံစံအားဖြင့် စကြဝဠာထဲ၌ ကမ္ဘာမြေကြီး၏ တည်နေပုံနှင့်စပ်၍ ကိုပါးနီးကပ်[၂]၏အယူနှင့် လူသတ္တဝါအဆင့်ဆင့် ပြောင်းလဲလာပုံကိုပြသော ဒါဝင်၏ အီဗော်လူးရှင်းအယူသည် လူတို့၏ မူလခံယူချက်များနှင့် မဝင်ဆံ့ချေ။

၁။ Idealist ၂။ Copernicus

သို့ရာတွင် ယင်းတို့သည် ရှေးယခင်က မရှင်းမလင်းဖြစ်နေသော အကြောင်းအချက်များကို ကျေကျေလည်လည် ရှင်းပြနိုင်၍ သိပ္ပံအတွေးအခေါ်များ ညီညွတ်မှုကို များစွာအကျိုးပြုသောကြောင့် သိပ္ပံဆရာတို့က လက်ခံခဲ့ကြလေသည်။

ညီညွတ်မှုကိုကြည့်၍ အမှားအမှန် ဆုံးဖြတ်လိုသော အချို့ဒဿနိကဆရာတို့သည် အကြောင်းအရာ၊ သို့မဟုတ် ပညာနယ်တစ်ခုအတွင်း အကြောင်းအချက်များ ရှေ့နောက်ညီညွတ်မှုကို အဓိကထားကြ၏။ ပုံစံအားဖြင့် ဂျီဩမေတြီပညာ၌ ရှေးဦးပထမတွင် အနည်းငယ်သော အချက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ခံယူပြီးလျှင် ယင်းတို့နှင့် အကြောင်းအကျိုးဆက်နွယ်မှုရှိသော အခြားအချက်များကို ဖော်ထုတ်ရ၏။ အခြားသိပ္ပံပညာရပ်များလည်း ထိုသို့အတွင်းပိုင်း ရှေ့နောက်ညီညွတ်မှုရှိရန် အရေးကြီး၏။

အခြားအချို့သော ဒဿနိကဆရာတို့ကမူ ဤအဆိုအတွက် စကြဝဠာလောကဓာတ်တစ်ခုလုံးကို ထည့်သွင်းစဉ်းစားလိုကြ၏။ ယုံကြည်ချက်တစ်ခုသည် အမှန်တရားဖြစ်ရန် ဆိုင်ရာအစွန်တွင် ညီညွတ်မှုရှိရုံနှင့်မပြီး စကြဝဠာတစ်ခုလုံး၏ မူလပရမတ္ထတရားနှင့် ရှေ့နောက်ညီရန်လိုသည်ဟု ယူဆကြ၏။ သူတို့၏အလိုအားဖြင့် မှန်သောအဆိုတစ်ခု၊ သို့မဟုတ် မှန်သောအကြောင်းအရာတစ်ခု (ပုံစံအားဖြင့် သိပ္ပံပညာတစ်ရပ်၌ မှန်ကန်သည်ဟု အသိအမှတ်ပြုထားသောအချက်များ)သည် စကြဝဠာတစ်ခုလုံးဆိုင်ရာ အမှန်တရားနှင့် တစ်ပေါင်းတည်း၊ တစ်စပ်တည်းဖြစ်၍ စကြဝဠာအမှန်တရားကို နောက်ခံထား၍ စဉ်းစားမှသာလျှင် ယင်းတို့၏ အဓိပ္ပာယ် အနှစ်သာရ ပေါ်လာပေလိမ့်မည်။

သမုတိသစ္စာမှန်သမျှသည် ကာလဒေသနှင့် ပုဂ္ဂိုလ်ကိုမှီသော ပစ္စယသဘော[၁]ရှိပေရာ အမှန်တရားနှင့် ပတ်သက်သော အဆိုများအနက် ညီညွတ်မှုအဆိုသည်သာလျှင် ထိုပစ္စယသဘောကို ရှင်းပြနိုင်သည် ဆို၏။ တစ်ခေတ်၊ သို့မဟုတ် တစ်နေရာ၌ မှန်ကန်သော ယုံကြည်ချက်သည် အခြားတစ်ခေတ်၊ အခြားတစ်နေရာ၌ လွဲမှားခြင်းမှာ ၎င်းသည် စကြဝဠာအမှန်တရား၏ တစ်စိတ်တစ်ဒေသ အဓိပ္ပာယ်ကို ဆောင်သောကြောင့် ဖြစ်၏။ သို့ဖြစ်ရကား၊ အမှန်တရားမည်သည် တစ်စတစ်စ ကြီးထွားရင့်ကျက်သော သဘောရှိ၍ ပရမတ္ထတရားတစ်ခုလုံးကို ကျွန်ုပ်တို့ ခြုံငုံ၍ မသိမြင်သမျှ ၎င်းသည် ပြီးပြည့်စုံလိမ့်မည်မဟုတ်ချေ။

---

[၁] Relativity

သင်္ခါရဓမ္မတို့၏ တစ်လုံးတစည်းတည်းဖြစ်မှုသည် သိပ္ပံပညာ၏ခံယူချက်ဖြစ်၍ အမှန်တရားရှာဖွေရာ၌ ၎င်းကို သတိပြုသင့်သည် မှန်၏။ သို့ရာတွင် ရှေ့နောက်ညီညွတ်မှုသည် အမှန်တရားနယ်ပယ်၌သာ တွေ့နိုင်သော အရာ မဟုတ်။ အဝိဇ္ဇာနယ်ပယ်၌လည်း ၎င်းကို တွေ့နိုင်ကြောင်း သတိပြုရာ၏။ အတိတ်ကာလက လူတို့၏ အချို့သော ခံယူချက်များသည် အချင်းချင်း ညီညွတ်သော သဘောလက္ခဏာဆောင်စေကာမူ မှားယွင်းသော ခံယူချက်များ ဖြစ်၏။ ဤအဆိုနှင့်အညီ ဆုံးဖြတ်နိုင်ရန်အတွက် ခံယူချက်တစ်ခုသည် မှန်ကန်၍ ထိုခံယူချက်နှင့် ရှေ့နောက် ညီမညီကြည့်၍ အခြားခံယူချက်များကို ဆန်းစစ်ရပေလိမ့်မည်။ ထိုမူလခံယူချက် မှန်ကန်သည်ဆိုရာ၌ ညီညွတ်မှုအဆိုနှင့် ဝင်ဆံ့သောကြောင့်မဟုတ်ဘဲ အခြားနည်းဖြင့် မှန်ကန်ကြောင်း ပြရပေလိမ့်မည်။ အထက်ကပြဆိုခဲ့သော ဒိဋ္ဌဓမ္မအဆိုဖြင့် စိစစ်ရပေမည်။ သို့တည်းမဟုတ် အမှန်တရား စိစစ်မှုအတွက် တတိယအဆိုဖြစ်သော အသုံးဝင်မှု[၁] အဆိုဖြင့် မှတ်ကျောက်တင် ကြည့်ရပေလိမ့်မည်။

ဤအဆိုသည်ကား ယုံကြည်မှု၏ အကျိုးတရားကို ကြည့်၍ ယုံကြည်ချက်ကို အမှားအမှန်ဆုံးဖြတ်သော အဆိုဖြစ်၏။ ၎င်း၏အလိုအားဖြင့် အမှန်တရား၏ မှတ်ကျောက်မှာ အသုံးဝင်မှု၊ အလုပ်လုပ်၍ ဖြစ်မှုနှင့် ကျေနပ်ဖွယ်ရာ အကျိုးတရားရှိမှုဖြစ်၏။ လောက၌ ထာဝရ အချုပ်ပဓာန အမှန်တရားဟူ၍မရှိ။ အမှန်တရားဟူသမျှသည် လူ့အတွေ့အကြုံမှ ပေါက်ဖွားလာသော တရားဖြစ်၏။ သိပ္ပံပညာနယ်မှ အမှန်တရားသည်ပင် ဤသဘောကို လွန်ဆန်၍ မရအပ်။ စင်စစ် ၎င်းသည် ယနေ့အထိ လက်တွေ့ အသုံးဝင်သောကြောင့်သာလျှင် မှန်ကန်သည်ဟုဆိုရ၏။ အသုံးမဝင်သော နောင်တစ်နေ့၌ ၎င်းကို စွန့်လွှတ်ရပေလိမ့်မည်။

အကျိုးတရားကိုကြည့်၍ မှန်မမှန် ဆုံးဖြတ်ရာ၌ ယုံကြည်ချက်သည် လူသား၏အလိုဆန္ဒ၊ သို့မဟုတ် ရည်ရွယ်ချက်ကို ဖြည့်စွမ်းနိုင်ရမည်။ အခိုက်အတန့်ဖြစ်ပေါ်သော ဆန္ဒကိုသာမဟုတ်၊ လူ၏ သဘာဝလိုအပ်ချက်ကို ကြာရှည်လေးမြင့် ဖြည့်စွမ်းရမည်။ လက်တွေ့စမ်းသပ်၍ မှန်ကန်ကြောင်း ပြနိုင်ရမည်။ အသက်ရှင်ရန်အတွက် သတ္တဝါမျိုးစုဘဝ ရန်းကန်ရာ၌ ထောက်ကူရမည်ဖြစ်၏။

---

[၁]။ Pragmatism

ဤအဆိုသည် ယခုခေတ်၌ အတန်ထင်ရှား၍ အထူးသဖြင့် အမေရိကန်နိုင်ငံ၌ လူကြိုက်များသော အဆိုဖြစ်၏။ အမှန်တရား ဟုတ်မဟုတ် ဆန်းစစ်ရန် အဆိုသုံးခုရှိသည့်အနက် ဤအဆိုမှာ လူ့စိတ်သဘာဝနှင့် အကိုက်ညီဆုံးဖြစ်၏။ လူတို့သည် အမှားအမှန်ဆုံးဖြတ်ရာ၌ ဓမ္မဒိဋ္ဌ၊ ယထာဘူတကျမကျ၊ ရှေ့နောက်ညီညွတ်ခြင်း ရှိမရှိ၊ မစူးစမ်း မဆင်ခြင်ဘဲ ဆန္ဒစွဲနှင့် အလျင်စလိုဆုံးဖြတ်လေ့ရှိကြ၏။ လူတို့၏ ကိုယ့်ကျင့်တရားဆိုင်ရာ ယုံကြည်ချက်များသည် အများအားဖြင့် ဤအဆိုနှင့်အညီ အကျိုးတရား ဖြစ်ထွန်းမှုကို စွဲမှီ၍ပေါ်ပေါက်ခဲ့သော ယုံကြည်ချက်များဖြစ်၏။ တစ်ခေတ်နှင့်တစ်ခေတ်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အချို့သော ထိုယုံကြည်ချက်များမတူခြင်းမှာ ၎င်းတို့၏ အကျိုးတရားသက်ရောက်မှုသည် ကာလ၊ ဌာနကိုလိုက်၍ အနည်းအများ ကွဲပြားခြားနားသောကြောင့် ဖြစ်၏။

သို့ရာတွင် ဤအဆိုနှင့်စပ်၍ စောကြောဝေဖန်ရန် အချက်များရှိ၏။ ယုံကြည်ချက်တစ်ခုသည် မမှန်ကန်သော်လည်း ကောင်းကျိုးပေးသော ယုံကြည်ချက် ဖြစ်ပေရာ၏။ မှန်ကန်ပါလျက် အကျိုးမဖြစ်ထွန်းဘဲ ရှိပေရာ၏။ အရက်သမားသည် နောက်တစ်ကြိမ် အရက်သောက်လျှင် သေလိမ့်မည်ဟု ယုံကြည်ပါက ထိုယုံကြည်ချက် မမှန်သော်လည်း အကျိုးရှိပေလိမ့်မည်။ တစ်ခါတစ်ရံ အရက်သောက်ခြင်းဖြင့် ကျန်းမာရေးအား ထိခိုက်ခြင်းမရှိဟူသော ယုံကြည်ချက်သည် မှန်ကန်သော်လည်း ထိုယုံကြည်ချက်အတိုင်း ပြုမူခြင်းဖြင့် ကောင်းကျိုးမပေးဘဲ တစ်စတစ်စ အရက်သမား ဖြစ်မှန်းမသိ ဖြစ်သွားသည့် အန္တရာယ်ရှိ၏။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အဖို့ တစ်ချိန်က အကျိုးရှိခဲ့သော ယုံကြည်ချက်သည် နောက်တစ်ချိန်၌ အချည်းအနှီး ဖြစ်ပေရာ၏။ ပုဂ္ဂိုလ်တစ်ဦးအဖို့ အကျိုးရှိခဲ့သော ယုံကြည်ချက်သည် အခြားပုဂ္ဂိုလ်အား လုံးဝအကျိုးမပြုဘဲ ရှိပေရာ၏။ သို့ဖြစ်၍ ဤအဆိုအားဖြင့် ယုံကြည်ချက်တစ်ခုသည် ကောင်းကျိုးမပေးသောအခါ၌ အမှန်မှအမှားသို့ ပြောင်းလဲသွားရမည်လော။ သို့တည်းမဟုတ် လူတစ်ဦးအဖို့ မှန်၍ တစ်ဦးအဖို့ မှားရမည်လောဟု မေးဖွယ်ရာရှိ၏။ တမလွန်ဘဝကို ယုံကြည်ခြင်းသည် အချို့လူများအဖို့ မကောင်း၊ အချို့လူများအဖို့ ကောင်း၏။ သို့ရာတွင် တမလွန်ဘဝရှိသည်၊ သို့မဟုတ် မရှိဟူသော အဆိုနှစ်ခုစလုံးသည် မမှန်နိုင်။ တစ်ခုသာလျှင် မှန်ရပေမည်။ တစ်နည်းဆိုသော် အဆိုတစ်ခုသည် မှန်ကန်ပါက အားလုံးအဖို့ မှန်ကန်ရမည် ဖြစ်၏။

အကျိုးတရားကိုကြည့်၍ အမှားအမှန် ဆုံးဖြတ်သောအဆို၏ အဓိက ချွတ်ယွင်းချက်မှာ အကျိုးတရားသက်ရောက်မှု၏ အတိုင်းအတာ၊ အလေးအပေါ့ ကို ထည့်မတွက်ဘဲ မျက်ကွယ်ပြုထားခြင်း ဖြစ်၏။ အမှားအမှန် ဆုံးဖြတ်ရာ၌ အကျိုးတရားသည် ပဓာနဖြစ်ရမည်ဆိုပါက ၎င်းသည် တဒင်္ဂမဟုတ်ဘဲ ထာဝရ အကျိုးတရားလည်း ဖြစ်ရပေမည်။ အပေါ်ယံမဟုတ်ဘဲ လေးနက်သောအကျိုး တရားဖြစ်၏။ ထို့ကြောင့် လူတို့သည် လက်တွေ့အားဖြင့် အမှန်တရားရှာကြံရာ၌ ဤအဆိုကို မခံယူဘဲ အခြားအဆိုနှစ်ခုကို လက်ကိုင်ထားကြစမြဲ ဖြစ်၏။ ထိပေါက်မည်ဟု ယုံကြည်သောသူသည် စိတ်ပျော်ရွှင်သည် မှန်၏။ သို့ရာတွင် စိတ်ပျော်ရွှင်ခြင်းကြောင့် မိမိ၏ယုံကြည်ချက် မှန်ကန်လိမ့်မည်ဟု စွဲမှတ်ထားမည် မဟုတ်။ ထိဖွင့်သောနေ့ကျမှသာလျှင် မိမိထင်မြင်ချက်ကို အမှားအမှန် ဆုံးဖြတ် နိုင်လိမ့်မည်ဟု နားလည်၏။ သိပ္ပံဆရာ၏ တွေ့ရှိရချက်သည် လက်တွေ့ အသုံးဝင်သောကြောင့်သာလျှင် မှန်ကန်သည်မဟုတ်၊ ဆိုင်ရာသိပ္ပံနယ်မှ မူလ ခံယူချက်များနှင့် ရှေ့နောက်ညီသည့်အပြင် ဒိဋ္ဌဓမ္မများနှင့် ကိုက်ညီသောကြောင့် လည်း မှန်ကန်ကြောင်း သတိပြုရာ၏။

အမှန်တရား ရှာဖွေသော နည်းလမ်းလေးခုကဲ့သို့ပင် အမှန်တရား စမ်းသပ်မှု အဆိုသုံးခုသည်လည်း ပတ်ဝန်းကျင်အခြေအနေကိုလိုက်၍ သူ့နေရာ နှင့်သူ အသီးသီး အရေးပါအရာရောက်သော အဆိုများ ဖြစ်၏။ ကျွန်ုပ်တို့၏ နေ့စဉ် ဘဝအတွေ့အကြုံများ၌လည်းကောင်း၊ သိပ္ပံပညာ စူးစမ်းလေ့လာရာ၌ လည်းကောင်း ယုံကြည်ချက်သည် ဒိဋ္ဌဓမ္မနှင့် ဝင်ဆံ့၍ ရှေ့နောက်ညီရန် လိုအပ်ခြင်းကို ယုံမှားစရာမရှိချေ။ ဘာသာတရားကဲ့သို့ ဒိဋ္ဌဓမ္မကို ရှေ့တန်းတင် ရန် မဖြစ်နိုင်သော အတွေးအခေါ်နယ်ပယ်၌ကား ရှေ့နောက်ညီညွတ်မှုနှင့် လက်တွေ့အကျိုးဖြစ်ထွန်းမှုတို့ကို အဓိကထား၍ အမှားအမှန် ဆုံးဖြတ်ရပေ လိမ့်မည်။

စင်စစ် အဆိုသုံးခုသည် တစ်ခုတည်းအနေဖြင့် များစွာအရေးမပါဘဲ တစ်ခုကိုတစ်ခု ထောက်ကူဖြည့်စွက်သော အဆိုများဖြစ်၏။ အတွေးအခေါ် နယ်ပယ်တစ်ခုသည် အကြောင်းယုတ္တိ ပြည့်စုံနိုင်မှာရန်အတွက် အဆိုသုံးခုစလုံးကို သူ့နေရာနှင့်သူ အသုံးပြုရပေမည်။

၄

ရှေးဒဿနိကဆရာတို့သည် လူ၏ကိုယ်ကျင့်တရား အကြောင်းကို စဉ်းစားတွေးခေါ်၍ ကိုယ်ကျင့်တရား ကောင်းမွန်ရန်အတွက် အသိပညာသည် အရေးအကြီးဆုံး ဖြစ်သည်ဟု ဆိုကြ၏။ မျက်မြင်အားဖြင့်ကား လောက၌ အသိပညာရှိ၍ မိုက်မဲသော လူများရှိသကဲ့သို့ အသိ ပညာမဲ့ လူကောင်းများလည်း ရှိ၏။

# သိမှုပြင်ပလောကနှင့် အမှန်တရား

ကျွန်ုပ်တို့သည် စကြဝဠာနှင့် လူ့ဘဝ၊ လူ့လောကပြဿနာများကို လေ့လာသုံးသပ်ခြင်းမပြုမီ အသိတရား၏ အကြောင်းခြင်းရာကို နိုက်ချွတ်လေ့လာရန် လိုအပ်၏။ လူ၏အသိဉာဏ်သည် ဒဿနိကပြဿနာများကို လေ့လာရန် အစွမ်းသတ္တိရှိပါ၏လော။ လူ၏ အသိတရားသည် မည်သည့် အကြောင်းအချက်များအပေါ်၌ အခြေတည်ပါသနည်း။ သိမှုသည် ပြင်ပလောကကို ယထာဘူတသိမှု ဖြစ်ပါ၏လော။ သို့တည်းမဟုတ် စိတ်၌ ထင်ဟပ်လာသော ပြင်ပလောက၏ သဏ္ဌာန်အရိပ် နိမိတ်မျှသာ ဖြစ်လေသလော။ အသိတရားကို အမှားအမှန် မည်သို့ ခွဲခြားဆုံးဖြတ်ရပါမည်နည်း။

ဤသို့သော မေးခွန်းများသည် တစ်ခါက ဒဿနိကဗေဒသမိုင်းတွင် အလွန်အရေးပါ၍ ပညာရှင်တို့က အလေးအနက် ဆင်ခြင်သုံးသပ်သော မေးခွန်းများဖြစ်၏။ အချို့ ဒဿနိကဆရာတို့သည် ၎င်းတို့၏အဖြေကို ရှာကြံရင်း အချိန်ကုန်လွန်ခဲ့ကြ၏။ မှန်လှ၏။ ဒဿနိကဗေဒသည် အသိဉာဏ်ကို အစွမ်းကုန်အသုံးပြု၍ နက်နဲသော ပြဿနာများကို လေ့လာသုံးသပ်ရသော ပညာဖြစ်ပေရာ သိမှု၏ သဘောတရားကို နားမလည်ဘဲ ဒဿနိကဗေဒလေ့လာလိုသော ပုဂ္ဂိုလ်သည် လူ့ကိုယ်ခန္ဓာအကြောင်း ဘာမျှမသိဘဲ ဆေးပညာလေ့လာလိုသောသူနှင့် တူပေလိမ့်မည်။

သိမှုအကြောင်းကို ဒဿနိကဗေဒရှုထောင့်မှ လေ့လာရာ၌ (၁) ၎င်းကို ထောက်ပံ့သော အကြောင်းတရားများ၊ (၂) ၎င်း၏သဘောလက္ခဏာနှင့် (၃) ၎င်းကို အမှားအမှန်ဆုံးဖြတ်ခြင်းဟူ၍ ကဏ္ဍသုံးခုခွဲ၍ လေ့လာရာ၏။

## (၁) သိမှု၏ အထောက်အပံ့တရားများ

လူ၏ အသိတရားသည် (၁) မိမိယုံကြည်လေးစားသော ပုဂ္ဂိုလ်တစ်ဦးထံမှ ကြားနာမှု၊ (၂) အလိုလို ရုတ်ခြည်းသိမြင်မှု၊ (၃) စဉ်းစားဆင်ခြင်မှုနှင့် (၄) နား၊ မျက်စိစသော ပဉ္စဒွါရနှင့် အာရုံငါးပါးထိတွေ့မှုဟူသော အကြောင်းတရားလေးခုကို အမှီပြု၍ ဖြစ်ပေါ်လာ၏။ ၎င်းတို့ကို အကျဉ်းအားဖြင့် သုတမယဉာဏ်၊ ဝိပဿနာဉာဏ်၊ စဉ်းစားဉာဏ်နှင့် ဒိဋ္ဌမမ္မဉာဏ်ဟူ၍ ခေါ်ဆိုရာ၏။

(၁) သုတမယနည်း[၁]သည် ကမ္ဘာသူကမ္ဘာသား လူအများ လက်ကိုင်ထားသောနည်းဖြစ်၏။ လူတို့သည် အများအားဖြင့် လွတ်လပ်စွာ တွေးခေါ်လိုသော ဆန္ဒမရှိဘဲ မိုးခါးရေသောက် လိုက်လုပ်တတ်ခြင်း၊ ယုံကြည်လွယ်ခြင်း၊ အစဉ်အလာကို တွယ်တာခြင်းစသော လက္ခဏာများဖြင့် ထင်ရှားရကား သုတမယဉာဏ်သည် လူတို့ အသိတရား၏ရေသောက်မြစ်မကြီး ဖြစ်နေခြင်းမှာ အံ့သြစရာ မရှိချေ။ ဘာသာတရား အစဉ်အလာ၊ ယုံကြည်ချက်နှင့် ရှေးလေ့ထုံးတမ်းများ ရှင်သန်တည်မြဲနေခြင်းမှာ သုတမယဉာဏ်ကို လူတို့အသုံးပြုသောကြောင့် ဖြစ်၏။ သို့ရာတွင် ကိုယ်ပိုင်ဉာဏ်ဖြင့် လွတ်လပ်စွာ တွေးခေါ်မှုကို မြတ်နိုးသောသူသည်လည်း သုတမယဉာဏ်နှင့် လုံ့ဝဓကင်းနိုင်မချေ။ မည်သူမဆို မိမိဉာဏ်မမီသော ကိစ္စ၊ မိမိကိုယ်တိုင် လေ့လာရန် အခွင့်အလမ်းမရှိသော ကိစ္စများနှင့် ကျွမ်းကျင်နားလည်သော အသိပညာရှင်၊ အတတ်ပညာရှင်တို့ကို ယုံကြည်ကိုးစားရပေလိမ့်မည်။

ဤနည်းမှာ သူတစ်ပါးကို အားကိုးသောနည်းဖြစ်၍ အစွဲအမြဲလက်ခံကျင့်သုံးပါက ဉာဏ်အစွမ်းအစတုံးမှုနှင့် ပုဂ္ဂိုလ်စွဲအားကြီးမှု အန္တရာယ်များပေါ်လာမည်မှာ သေချာ၏။ ဥရောပအလယ်ခေတ်က လူတို့သည် ဘာသာတရားနှင့် ဂရိပညာရှင်ကြီး အရစ္စတိုတယ်၏ အဆိုအမိန့်များကို ဦးထိပ်ထားခဲ့ကြသောကြောင့် နှစ်ပေါင်းများစွာ အသိပညာ မတိုးတက်ဘဲ ရှိခဲ့ကြရ၏။ ယနေ့ အချို့နိုင်ငံများ၌ ထွန်းကားနေသော ပုဂ္ဂိုလ်ကိုးကွယ်မှုနှင့် အာဏာရှင်စနစ်သည် သုတမယနည်းနှင့် နီးနွယ်နေကြောင်း သတိပြုရာ၏။

(၂) အလိုလို ရုတ်ခြည်းသိမြင်မှု[၂]မှာ ဘာသာရေးနယ်ပယ်၌ အထူးထင်ရှားသော်လည်း အခြားကိစ္စများ၌လည်း လူတို့အသုံးပြုသောနည်းဖြစ်၏။ ခြားနားချက်မှာ ထိုအသိဉာဏ်သည် ဘာသာရေးနယ်၌ အဆုံးစွန်သော ပရမတ္ထတရား

---

၁။ authority ၂။ intuition

ကို ထိုးထွင်းသိမြင်မှုသို့ ဦးတည်၍ ဘာသာရေးနယ်မှ အပဥ္စကား လူလောက လူ့ဘဝ၏ ပြဿနာများကို ရုတ်ခြည်းဖြေရှင်းနိုင်မှုသို့ ဦးတည်ချက်ရှိ၏။ လူ့သဘောကို နှိုက်ခြင်း၊ အခြေအနေတစ်ခုကို အကဲခတ်ခြင်း၊ အကင်းပါးခြင်း စသည်တို့၌ အလိုလို သိမြင်သောဉာဏ်သည် အရေးပါသော အသိဉာဏ်ဖြစ်၏။

ပြင်သစ် ဒဿနိကဆရာ ဟင်နရီဗတ်ဂဆင်[၂]၏ အလိုအားဖြင့်ကား ထိုအသိအမြင်သည် စဉ်းစားဉာဏ်ထက် များစွာ အဆင့်အတန်းမြင့်မား၏။ စဉ်းစားဉာဏ်သည် အရာဝတ္ထုတို့၏ ဗဟိဒ္ဓ အရိပ်နိမိတ်များကိုသာ သိနိုင်စွမ်းရှိ၍ ထိုရုတ်ခြည်းဉာဏ်မှာမူ အတွင်းအနှစ်သာရကို မြင်၏။ စဉ်းစားဉာဏ်သည် ၎င်း၏အတွေ့အကြုံနှင့် စွမ်းအင်သတ္တိဘောင်အတွင်း၌သာ ကျင်လည်ကျက်စား၍ ရုတ်ခြည်းဉာဏ်မှာမူ ထိုသို့ဘောင်ခတ်ထားခြင်း မရှိချေ။ စဉ်းစားဉာဏ်သည် ပရမတ္ထတရား၏ တစ်စွန်းတစ်စကိုသာမြင်၍ ရုတ်ခြည်းဉာဏ်မူကား တစ်ခုလုံးကို မြင်နိုင်စွမ်းရှိ၏။ စဉ်းစားဆင်ခြင်ရာ၌ ကျွန်ုပ်တို့သည် သင်္ချာဓမ္မကို ခွဲခြမ်းစိတ်ဖြာ၍ သုံးသပ်လေ့ရှိပေရာ ပရမတ္ထတရားသည် ထိုသို့ခွဲခြမ်း၍ မရအပ်ဘဲ တစ်ခုတည်းအနေဖြင့်သာရှိရကား ၎င်းကို ရုတ်ခြည်းဉာဏ်ဖြင့်သာ ၎င်မိနိုင်မည် ဖြစ်၏။

ဘတ်ဂဆင်၏ အလိုအားဖြင့် လူ့သမိုင်း၌ ရုတ်ခြည်းဉာဏ်သည် လူတို့၌ မူလကနဦးက ရှိနှင့်ပြီးဖြစ်၍ စဉ်းစားဉာဏ်သည် နောက်မှပေါ်လာသော ဉာဏ်ဖြစ်၏။ တိရစ္ဆာန်များသည် အသက်ရှင်နေမှုနှင့် မျိုးဆက်တည်မြဲမှုအတွက် အလိုလိုသိမြင်သော သတ္တိတစ်မျိုးကို အသုံးပြုကြ၏။ လူတို့၌ စဉ်းစားဉာဏ်သည် အားနည်းမှေးမှိန်သွား၏။ ယခုအခါ လူတို့ ဘဝရပ်တည်မှုအတွက် စဉ်းစားဉာဏ်မှာ အရေးပါ၍ ရုတ်ခြည်းဉာဏ်မှာ အရေးမပါတော့ချေ။ သို့ရာတွင် ပရမတ္ထနယ်၌ကား ရုတ်ခြည်းဉာဏ်ကို ယုံကြည်ကိုးစားရမည် ဖြစ်၏။

ရုတ်ခြည်းဉာဏ်ကို အယုံအကြည်မရှိသော သူတို့က ထိုဉာဏ်အမြင်ရှိသည်ဆိုသော ပုဂ္ဂိုလ်တို့ တစ်ဦးနှင့်တစ်ဦး အမြင်မတူပုံကို ထောက်ပြလေ့ရှိကြ၏။ တစ်ခါတစ်ရံ ရိုးရိုးအသိဉာဏ်အမြင်သည် ရုတ်ခြည်းဉာဏ်အမြင်နှင့် ဆင်တူယိုးမှား ဖြစ်နေတတ်၏။ ဆရာဝန်က လူနာကိုမြင်ကာမျှနှင့် ရောဂါအမျိုးအမည်နှင့် အခြေအနေကို အတပ်ပြောနိုင်ခြင်း၊ ကျောင်းဆရာက ကလေးသူငယ်၏အမူအရာကို အကဲခတ်၍ ဉာဏ်ရည်ကို မှန်ကန်စွာ ခန့်မှန်းနိုင်ခြင်းသည်

---

[၂]။ Henry Bergson

ရတ်ခြည်းဉာဏ်ကြောင့် မဟုတ်ဘဲ အတွေ့အကြုံရင့်ကျက်မှုဆိုင်ရာ အတတ်ပညာ၌ ကျွမ်းကျင်လိမ္မာမှုကြောင့် ဖြစ်ပေရာ၏။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် အလိုဆန္ဒရှေ့ဆောင်၍ ဖြစ်ပေါ်လာသော ထင်မြင်ချက်ကို ရတ်ခြည်းသိမြင်မှု အနေဖြင့် ထင်မှားတတ်၏။ သို့ရာတွင် ထိုအမြင်ကို ရိုးရိုးအသိအမြင်နှင့် သော်လည်းကောင်း၊ ဆန္ဒစွဲ ထင်မြင်ချက်နှင့်သော်လည်းကောင်း ခွဲခြားရန် မခဲယဉ်းချေ။ အချင်းချင်း ဆန့်ကျင်နေသော ရတ်ခြည်းအမြင်များကို အမှားအမှန် ခွဲခြားဆုံးဖြတ်ရန်မှာလည်း ခက်ခဲသောကိစ္စ မဟုတ်ချေ။ ရိုးရိုး ထင်မြင်ယုံကြည်ချက်များကို စမ်းသပ်သောနည်းများဖြင့်ပင် ၎င်းတို့ မည်မျှ အကြောင်းယုတ္တိရှိသည်ကို ဆန်းစစ်ရပေလိမ့်မည်။

မည်သို့ဖြစ်စေ လောက၌ စဉ်းစားဆင်ခြင်မှုနှင့်ကင်း၍ နား၊ မျက်စိစသော ပဉ္စဒွါရနှင့် အာရုံငါးပါး ထိတွေ့ခြင်းလည်းမရှိဘဲ၊ အမှန်ကို ရတ်ခြည်းထိုးထွင်းသိမြင်သော စိတ်အစွမ်းသတ္တိဟူသည် မုချရှိ၏။ ဘာသာရေးကျမ်းများ၌ တန်ခိုးအဘိညာဉ်ဟုခေါ်သော လူတို့၏ ဆန်းကြယ်သော စိတ်အစွမ်းသတ္တိများကို လေ့လာသော ယခုကာလ စိတ်ဝိညာဉ်ပညာရှင်တို့၏ သုတေသနပြုချက်အရ ထို စိတ်အစွမ်းသတ္တိကို ယုံမှားစရာ မရှိတော့ချေ။

(၃) စဉ်းစားဆင်ခြင်မှုသည်လည်း လူတို့၏ အသိတရားတိုးပွားမှုအတွက် အရေးပါသော အထောက်အကူဖြစ်၏။ စဉ်းစားဉာဏ်သည် လူနှင့် တိရစ္ဆာန်ကို ခြားနားစေသော လူ၏ ဝိသေသဂုဏ်အင်္ဂါ ဖြစ်၏။ စင်စစ် လူသည် စဉ်းစားဉာဏ်သတ္တိကြောင့် သတ္တလောက၏ အထွတ်အထိပ်သို့ ရောက်ရှိ၍ ထိုအစွမ်းသတ္တိသည် လူ့လောကတိုးတက်မှု၏ ပဓာန အကြောင်းတရား ဖြစ်၏။

စဉ်းစားဉာဏ်၏ အရေးပါမှုသည် အထူးသဖြင့် သင်္ချာပညာနှင့်တက္ကဗေဒပညာ၌ ထင်ရှား၏။ သင်္ချာပညာ၌ ကျွန်ုပ်တို့သည် လက်တွေ့စမ်းသပ်မှု (ဝါ) ဒိဋ္ဌမမှုနည်းကို လုံးဝမသုံးဘဲ ကြံစည်သုံးသပ်ခြင်းဖြင့် အသိတရားတိုးပွား၍ ထို သိရှိရသောအချက်များသည် သေချာမှန်ကန်သော အချက်များဖြစ်၏။ သင်္ချာဆရာသည် အသိအလိမ္မာနှင့် မှန်ကန်စွာ စဉ်းစားဆင်ခြင်တတ်သော အရည်အချင်းရှိပါက အနည်းငယ်သော အချက်များကို အမှီပြု၍ သင်္ချာပညာတစ်ရပ်လုံးကို အစအဆုံး ဖော်ထုတ်နိုင်ပေရာ၏။ ထိုနည်းအတူ တက္ကဗေဒသည်လည်း အနည်းငယ်သော ပဓာန သဘောတရားအပေါ်၌ တည်ဆောက်ထားသော ပညာဖြစ်၏။ တက္ကဗေဒသည် စဉ်းစားကြံစည်နည်းကို လေ့လာသော ပညာဖြစ်ရာ ထိုသို့လေ့လာရာ၌ ဒိဋ္ဌမမှုနည်းကို မသုံးသော်လည်း တက္ကဗေဒဆရာတို့ လေ့လာသိရှိရချက်များသည် မှားသည်ဟု မည်သူမျှ မဆိုနိုင်ချေ။

စဉ်းစားဉာဏ်သည် ရှေးအခါက ပညာရှင်တို့ အထူးယုံကြည်ကိုးစား၍ ဦးထိပ်ထားခဲ့သော အရာဖြစ်၏။ နောက်ကာလ၌ လူ့သမိုင်းတစ်လျှောက်တွင် လူတို့၏ အသိဉာဏ်ကင်းမဲ့သော အပြုအမူများကို ထပ်တလဲလဲ တွေ့မြင်လာသောအခါ လူသည် ဆင်ခြင်တုံတရားရှိသော သတ္တဝါဖြစ်ပါ၏လောဟု သံသယရှိလာကြ၏။ ယခုအခါ အနောက်နိုင်ငံများ၌ ရေပန်းစားနေသော စိတ်ခွဲပညာ[၁]၏ အလိုအားဖြင့် လူတို့သည် အများအားဖြင့် တဏှာ၊ မာန၊ လောဘ စသော ကိလေသာ တရားများ၏ စိုးမိုးခြင်းကိုခံနေရ၍ စဉ်းစားဉာဏ်သည် ထိုကိလေသာတရားများ၏ နောက်မြီးဆွဲမျှသာဖြစ်၏။ တစ်နည်းသော်ကား လူသည် မိမိကိုယ်မိမိ လှည့်စား၍ စဉ်းစားဉာဏ်ကို မိမိအလိုဆန္ဒများအတွက် ခုတုံးအနေဖြင့် အသုံးပြုသည်ဆို၏။ သို့ဖြင့် စဉ်းစားဉာဏ်၏အာနိသင် စွမ်းအင်ကို အယုံအကြည် နည်းပါးလာ၍ ယခု ၂၀ ရာစုခေတ်၌ ၎င်းကို ပညာရှင်တို့ ရှေးကလောက် အမွှမ်းမတင်ကြတော့ချေ။ သို့တစေလည်း လူ့လောက တိုးတက်မှုအတွက် စဉ်းစားဉာဏ်၏ အရေးပါမှုမှာ မငြင်းသာသော အချက်ဖြစ်၏။ လူထုသည် စဉ်းစားဉာဏ်ခေါင်းပါးသည် မှန်သော်လည်း ဆင်ခြင်တုံ တရားကင်းသော အပြုအမူများကိုကား မည်သူမျှ ချီးမွမ်းမည် မဟုတ်ချေ။

(၄) ဒိဋ္ဌဓမ္မနည်းမှာ လူတိုင်း နေ့စဉ်အနည်းအများ အသုံးပြုသောနည်း ဖြစ်၍ အကျယ်တဝင့် ရေးသားရန်မလိုချေ။ အလွန် တိကျမှန်ကန်သောနည်း ဖြစ်၍ သိပ္ပံပညာနယ်၌ အထူးထင်ရှား၏။ လူတို့သိမှုအား ထောက်ပံ့သော ဤအကြောင်းတရားများကို အတိအကျ နယ်နိမိတ်သတ်မှတ်ရန် မဖြစ်နိုင်ချေ။ ၎င်းတို့သည် တစ်ခုနှင့်တစ်ခု ရောထွေးနေသော အကြောင်းတရားများ ဖြစ်၏။ စဉ်းစားဆင်ခြင်ရာ၌ ကျွန်ုပ်တို့သည် အကြောင်းအချက်များကို အမှီပြုရမည် ဖြစ်ပေရာ ယင်းတို့သည် သုတမယနည်း၊ ဒိဋ္ဌဓမ္မနည်းဖြင့် သိရှိအပ်သောအချက် များဖြစ်၏။ သုတမယနည်းအရ ကျွန်ုပ်တို့ မှီငြမ်းပြုရသော ပုဂ္ဂိုလ်တစ်ဦး၏ စကားသည် ဒိဋ္ဌဓမ္မနည်းဖြင့်သော်လည်းကောင်း၊ စဉ်းစားဉာဏ်ဖြင့်သော်လည်း ကောင်း အခြေတည်လာသော စကား ဖြစ်ပေရာ၏။

စင်စစ် ဤအကြောင်းတရားများသည် အချင်းချင်း ထောက်ကူဖြည့်စွက် သော တရားများဖြစ်၍ တစ်ခုချင်းအနေဖြင့် အသိတရားတိုးပွားမှုကို ထိထိ ရောက်ရောက် အကျိုးမပြုနိုင်ချေ။ ၎င်းတို့ အသီးသီး အထူး အရေးပါအရာရောက်

---

၁။ Psychoanalysis

သော ပညာနယ်ပယ်များ ရှိသည်ကားမှန်၏။ ပုံစံအားဖြင့် သိပ္ပံပညာနယ်၌ ဒိဋ္ဌမမ္ဗနည်းသည် အထူးအရေးပါ၍ ဒဿနိကနယ်၌ စဉ်းစားကြံစည်မှုသည် အဓိကဖြစ်၏။ ဘာသာရေးနယ်၌ ရတ်ခြည်းဉာဏ် (ဝါ) ဝိပဿနာဉာဏ်ကို အထူးလိုအပ်၍ ကလေးသူငယ်များ၏ ပညာသင်ကြားမှု၌ သုတမယနည်းသည် အချုပ်ပဓာနဖြစ်၏။ သို့ရာတွင် နည်းလေးမျိုးစလုံးသည် အသီးသီး ဟာကွက် ချွတ်ယွင်းချက်များရှိ၍ နည်းတစ်ခုတည်းကို အသုံးပြုခြင်းဖြင့် ကိစ္စပြီးမည် မဟုတ်ချေ။ သိပ္ပံဆရာသည် စဉ်းစားဉာဏ်ကို ပယ်၍မရအပ်။ သိပ္ပံပညာ ရှာစမ်းမှု၏ နောက်ဆုံးအဆင့်၌ ဝိပဿနာလုပ်ငန်း၏ အကူအညီကို လိုအပ်သည်။ ဘာသာရေးနယ်၌ ဝိပဿနာဉာဏ်သည် နောက်ဆုံးစခန်းဖြစ်သော်လည်း ရှေးဦးပထမ၌ သုတမယဉာဏ်နှင့် စဉ်းစားဉာဏ်ကို အသုံးပြုရန် လိုပေလိမ့်မည်။ ကလေးသူငယ်များသည် သုတမယနည်းကို မှီငြမ်းပြုရစေကာမူ အသိဉာဏ် ရင့်ကျက်လာသည်နှင့်အမျှ အခြားနည်းများကို အသုံးပြုရန် လိုမည်အမှန်ဖြစ်၏။

သို့စဉ်လျက် အချို့ပညာရှင်တို့သည် နည်းလေးခုအနက် တစ်ခုကိုသာ လျှင် လက်ခံ၍ အခြားနည်းများကို ပယ်လိုကြ၏။ သုတမယနည်းမှာ အသိအမြင် သစ် ရှာဖွေရာ၌ များစွာ အရေးမပါသည့်အပြင် ၎င်း၏ ဟာကွက်၊ ချွတ်ယွင်း ချက်များ ထင်ရှားသောကြောင့်လည်းကောင်း၊ ဝိပဿနာနည်းမှာ အနည်းငယ် သော လူများသာလျှင် ရတ်ခြည်းသိမြင်သော ဉာဏ်ရှိ၍ ထိုဉာဏ်ကို အချိန် နေရာမရွေး အသုံးပြုနိုင်သည် မဟုတ်သောကြောင့်လည်းကောင်း ပထမနည်း နှစ်ခုကို ရေးကြီးခွင်ကျယ်လုပ်၍ မပြောကြချေ။ စဉ်းစားဉာဏ် (ဝါ) စိန္တာမယ နည်းနှင့် ဒိဋ္ဌမမ္ဗနည်းများမှာမူ လူ၏ အသိပညာသမိုင်းတစ်လျှောက်၌ အထူး ထင်ရှားခဲ့ရကား ယင်းတို့နှင့်စပ်၍ ပညာရှင်တို့ အငြင်းပွားခဲ့ကြ၏။ ဆင်ခြင်တုံ တရားကို ဦးထိပ်ထားလိုသော စိန္တာမယဝါဒီနှင့်၊ အာရုံငါးပါးနှင့် ထိတွေ့မှုကို ရှေ့တန်းတင်လိုသော ဒိဋ္ဌမမ္ဗဝါဒီဟူ၍ ပညာရှင်နှစ်မျိုး ပေါ်ပေါက်ခဲ့ကြ၏။

ဒိဋ္ဌမမ္ဗဆရာတို့၏ အလိုအားဖြင့်လည်း စဉ်းစားကြံစည်မှုသက်သက်ဖြင့် ရရှိအပ်သော အသိဟူ၍မရှိ။ အသိဟူသမျှသည် ဒိဋ္ဌမမ္ဗနည်းဖြင့် ဖြစ်ပေါ် လာစမြဲ ဖြစ်၏။ မှန်၏။ လောက၌ ကေန်ထင်ရှားရှိသော လူတို့၏ စိတ်ကူး စိတ်သန်းများသည်ပင် ဒိဋ္ဌမမ္ဗ၌ အရင်းမူလရှိ၏။ ပုံစံအားဖြင့် ဒဏ္ဍာရီပုံပြင် များ၌လာသော ဂဠုန်၊ နဂါး၊ မနုဿီဟ စသည်တို့သည် လူတို့၏ မျက်မြင် ကိုယ်တွေ့များကို ရောနှောပေါင်းစပ်ထားမှုများ ဖြစ်၏။ မီးသည် ပူ၏။ ရေထဲ၌ အောက်ဆီဂျင်တစ်ဆ၊ ဟိုက်ဒရိုဂျင်နှစ်ဆရှိ၏ စသောအချက်များသည် စဉ်းစား

ဉာဏ်ဖြင့် မည်သည့်နည်းနှင့်မျှ မသိအပ်ဘဲ ဒိဋ္ဌဓမ္မနည်းဖြင့်သာ သိအပ်၏။ သို့ရာတွင် အသိဟူသမျှသည် ဒိဋ္ဌဓမ္မအသိချည်းမဟုတ်ဘဲ ဒိဋ္ဌဓမ္မကင်းသော (ဝါ) စိန္တာမယအသိများလည်း ရှိသေးကြောင်း သတိပြုရာ၏။

ပုံစံအားဖြင့် ၃ နှင့်၂ ပေါင်းလျှင် ၅ ဖြစ်သည်။ တြိဂံတစ်ခု၏ ထောင့်သုံးခုပေါင်းသည် ထောင့်မှန်နှစ်ခု ဖြစ်၏။ A သည် B ထက်ကြီး၍ B သည် C ထက်ငယ်ပါက A သည် C ထက်ကြီး၏ စသည်တို့မှာ စိန္တာမယ အသိများဖြစ်၏။ စိန္တာမယအသိ (ဝါ) အဆို၏လက္ခဏာကား ၎င်းမှန်ကန်ကြောင်းပြရန်အတွက် သာဓကတစ်ခုထက် ပို၍ပြရန်မလိုချေ။ တြိဂံ၏ ထောင့်သုံးခုပေါင်းသည် ထောင့်မှန်နှစ်ခုဖြစ်ကြောင်း ပြရာ၌ တြိဂံတစ်ခုကိုယူ၍ စဉ်းစားကာမျှနှင့်ပြီး၏။ ထို့အပြင် စိန္တာမယအဆိုသည် ၎င်းနှင့်ဆိုင်ရာ ပုဒ်များမှ မလွဲမသွေဆင်းသက်လာသော မုချအဆို ဖြစ်၏။ တစ်နည်းဆိုသော် စိန္တာမယအဆိုနှင့်ဆန့်ကျင်သောအဆိုကို စိတ်ကူးကြံစည်၍ မရအပ်။ ကျွန်ုပ်တို့ကမ္ဘာနှင့် လုံးဝမတူသော ကမ္ဘာကို စိတ်ကူးကြည့်နိုင်သော်လည်း ထိုကမ္ဘာ၌ ၂ နှင့် ၃ ပေါင်းလျှင် ၉ ဖြစ်မည်။ တြိဂံတစ်ခု၏ ထောင့်များအားလုံးပေါင်းသည် ထောင့်မှန်နှစ်ခုထက် ပိုလိမ့်မည်။ Aသည် B လည်း ဖြစ်သည်။ B မဟုတ်သော အရာလည်းဖြစ်သည်ဟုကား ကြံ၍ မရအပ်ချေ။

ဒိဋ္ဌဓမ္မအဆိုမှာကား ထိုသို့မဟုတ်။ သေချာမှန်ကန်ရန်အတွက် သာဓကတစ်ခုနှင့် မပြီးဘဲ အကြိမ်များစွာ မျက်မြင်ကိုယ်တွေ့ ဖြစ်ရန်လို၏။ ဗျိုင်းသည်ဖြူသည်ဆိုရာ၌ ဗျိုင်းဖြူကို တစ်ကြိမ်မြင်ဖူးရုံနှင့် မပြီး။ အကြိမ်များစွာမြင်ဖူးရန်လို၏။ ၎င်းပြင် ဒိဋ္ဌဓမ္မအဆိုသည် စိန္တာမယအဆိုကဲ့သို့ မုချဧကန်သဘောမရှိ။ ဗျိုင်း၏ အရောင်ဖြူခြင်းသည် အကြောင်းမဲ့ဖြစ်၍ အခြားအရောင်ရှိသော ဗျိုင်းများကို စိတ်ကူးကြံစည်ပါက မဖြစ်နိုင်စရာအကြောင်း မရှိချေ။

ထို့ကြောင့် စဉ်းစားဆင်ခြင်မှုသက်သက်ဖြင့် ရရှိအပ်သော အသိသည်ဧကန်ထင်ရှားရှိ၏။ သတိပြုရန်မှာ စိန္တာမယအသိသည် ဒိဋ္ဌဓမ္မနည်းဖြင့်အကြောင်းပြ၍ မရအပ်သော်လည်း ရှေးဦးပထမ၌မူ အာရုံဖြင့်ထိတွေ့မှုရှိရန်လို၏။ ကလေးသူငယ်သည် ၂ နှင့် ၃ ပေါင်းလျှင် ၅ ဖြစ်ကြောင်းသိရန်လက်ချောင်းများဖြင့်၊ သို့မဟုတ် အရာဝတ္ထုများဖြင့် ရေတွက်ကြည့်ရ၏။ တြိဂံပုံများကို ဆွဲပြီးမှ ဆင်ခြင်သုံးသပ်ခြင်းဖြင့် တြိဂံများအကြောင်းကို သိရ၏။ တစ်နည်းဆိုရသော် စိန္တာမယအသိသည် ဒိဋ္ဌဓမ္မအသိနှင့် ကွဲပြားခြားနားစေကာမူလက်ဦးပထမ၌ ဒိဋ္ဌဓမ္မအကူအညီကို ယူရ၏။ အခြား သတိပြုရန်အချက်မှာ

စိန္တာမယအသိသည် လောကဘ္ဘ ဧကန်ထင်ရှားရှိသော အကြောင်းအရာကို အတပ်ပြနိုင်စွမ်း မရှိချေ။ A သည် B ဖြစ်၏။ B သည် C ဖြစ်၏ဟူသော အဆိုနှစ်ခုမှာ A သည် C ဖြစ်ကြောင်း စိန္တာမယဉာဏ်ဖြင့် ကောက်ချက်ချ နိုင်သော်လည်း ယင်းကောက်ချက် မှန်ကန်ကြောင်းကိုကား မျက်မြင်ဒိဋ္ဌဖြင့်သာ ဆုံးဖြတ်နိုင်မည်ဖြစ်၏။

သို့ဖြစ်၍ စိန္တာမယဉာဏ်၏ နယ်ပယ်သည် အပိုင်းအခြား အကန့် အသတ် ရှိ၏။ မြန်မာနိုင်ငံ ရာသီဥတုသည် ပူပြင်းစွတ်စိုသော ရာသီဥတု ဖြစ်ကြောင်း၊ လသည် လူတို့ကမ္ဘာမှ မိုင်ပေါင်း ၂၃၇၈၀၀ ကွာဝေးကြောင်း စသောအချက်များကို စိန္တာမယဉာဏ်ဖြင့် သိနိုင်သည်မဟုတ်။ သို့ဖြင့် သိပ္ပံပညာ သည် စိန္တာမယနည်းကို လက်ကိုင်ပြုခဲ့သော ရှေးဂရိတို့လက်ထက်က တန့်ရပ် နေ၍ ဒိဋ္ဌဓမ္မနည်း (ဝါ) လက်တွေ့စမ်းသပ်မှုကို ရှေ့တန်းတင်သော နောက် ကာလကျမှ တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်။

စိန္တာမယဝါဒီ ဒဿနိကဆရာတို့ကမူ သိပ္ပံဆရာတို့ ဉာဏ်ကျက်စားရာ နယ်သည် သမုတိသစ္စာနယ်ဖြစ်သည်။ သမုတိသစ္စာနယ်ကိုလွန်၍ ပရမတ္ထတရား ကို ရှူးစမ်းရာ၌ ဒိဋ္ဌဓမ္မနည်းသည် အရာမထင်၊ စိန္တာမယဉာဏ်ကိုသာ အားကိုး ရမည်ဟု ဆိုကြ၏။ မည်သို့ဆိုစေ မျက်မြင်အားဖြင့်ကား စိန္တာမယဉာဏ်၏ စွမ်းဆောင်မှုသည် သင်္ချာပညာနယ်၌သာလျှင် ထင်ရှားပေရာ မျက်မြင်လောက သည် သဘာဝခြင်းရာ လက္ခဏာအားဖြင့် သင်္ချာနယ်ပယ်နှင့် တခြားစီဖြစ် ကြောင်း သတိပြုရပေမည်။

အချို့ဆရာတို့ကမူ စကြဝဠာကြီးသည် သင်္ချာလောကနှင့် အခြေခံ အားဖြင့် တူညီသည်ဆို၍ အမှန်တရားကို သင်္ချာနည်းကဲ့သို့ အကြောင်းအကျိုး ဆင်ခြင်သုံးသပ်ခြင်းဖြင့် ရှာဖွေတွေ့ရှိနိုင်သည်ဟု ယုံကြည်ကြ၏။ ထာဝရဘုရား အကြောင်း၊ ပရမတ္ထတရားအကြောင်း စသည်တို့ကို စိန္တာမယဉာဏ်ဖြင့် ကြံကြ၏။ နာမည်ကျော် ဒဿနိကဆရာ[၁] တစ်ဦးကမူ လူ့စိတ် လူ့သဘာဝအကြောင်း မိမိ၏ အတွေးအခေါ်များကို ဂျီသြမေတြီ၌လာသော စိန္တိတကထာပြ ပုံစံနည်းဟန်အတိုင်း မူလခံယူချက်၊ ကောက်ချက် စသည်တို့ဖြင့် ဂဃနဏပြထား၏။ သို့ရာတွင် သူ၏ မူလခံယူချက်များသည် မချွတ်မှန်ကန်သည်ဟု မဆိုသာချေ။ ထိုခံယူချက်များ ၌ပင် သူ တင်ပြလိုသော အဆိုများ အကျုံးဝင်နေသည်။ တစ်နည်းဆိုသော် ခံယူချက်နှင့် အဆိုများ ရောထွေးနေသည်ကိုလည်း တွေ့ရ၏။

---

၁။ Spinoza

သို့ဖြစ်၍ စိန္တာမယဉာဏ်သည် ၎င်းတစ်ခုတည်းအနေဖြင့် သိပ္ပံပညာနယ်၌သာ အချည်းနှီးဖြစ်သည် မဟုတ်။ လူ့ဘဝ လူ့လောကအကြောင်း တွေးခေါ်ရာ၌လည်း အသုံးမဝင်ချေ။ ၎င်းကို လုံ့ဝမိုင်ငြမ်းပြု၍ ရရှိအပ်သော အတွေးအခေါ်များသည် ဒိဋ္ဌဓမ္မနှင့်ကင်း၍ လွဲချော်နေတတ်၏။ ပုံစံအားဖြင့် ရှေးဒဿနိကဆရာတို့သည် လူ၏ကိုယ်ကျင့်တရားအကြောင်းကို စဉ်းစားတွေးခေါ်၍ ကိုယ်ကျင့်တရား ကောင်းမွန်ရန်အတွက် အသိပညာသည် အရေးအကြီးဆုံးဖြစ်သည်ဟု ဆိုကြ၏။ မျက်မြင်အားဖြင့်ကား လောကဌ် အသိပညာရှိ၍ မိုက်မဲသော လူများရှိသကဲ့သို့ အသိပညာမဲ့ လူကောင်းများလည်း ရှိ၏။ စင်စစ် လူ့အပြုအမူများကို ဒိဋ္ဌဓမ္မ သိပ္ပံနည်းကျကျ လေ့လာသော စိတ်ပညာ၏ တွေ့ရှိချက်အရ ကိုယ့်ကျင့်တရားအတွက် အသိပညာမှတစ်ပါး တခြား အရေးပါသော အကြောင်းအချက်များရှိခြင်းကို ကျွန်ုပ်တို့ သိရပေပြီ။

## ၉

ပြားစေ့သည် စက်ဝိုင်းပုံရှိသည်ဟု ဆိုကြ၏။ အမြင်အားဖြင့်ကား ၎င်းသည် စက်ဝိုင်းပုံမဟုတ်ဘဲ ဘဲဥပုံဖြစ်၏။ အပေါ်တည့်တည့်မှ ကြည့်ပါက စက်ဝိုင်းပုံ မြင်သည်မှန်၏။ သို့ရာတွင် ထိုရှုထောင့်သည်သာလျှင် ပြားစေ့၏ ပုံသဏ္ဌာန်အစစ်အမှန်ကို မြင်ရသော ရှုထောင့်ဖြစ်သည်ဟု အဘယ်ကြောင့် မှတ်ယူရပါသနည်း။

# သိမှု၏သဘာဝ

ကျွန်ုပ်တို့ သိသောအရာများသည် ယေဘုယျအားဖြင့် စဉ်းစားဉာဏ်ဖြင့် မဟုတ်ဘဲ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်လက်အင်္ဂါများနှင့် ထိတွေ့၍ သိရသော အရာများဖြစ်၏။ ထိုသို့ သိရခြင်းသည် စိတ်နှင့်မဆိုင်ဘဲ အရာဝတ္ထု များ ကေန်မှချရှိသောကြောင့် ဖြစ်သည်။ နား၊ မျက်စိစသော အာရုံခံအင်္ဂါ များသည် စိတ်နှင့် ပြင်ပလောကကို ဆက်သွယ်ပေးသောအရာများဖြစ်၍ ပြင်ပ လောကသည် ယင်းတို့ ဖော်ပြသည့်အတိုင်း ကေန်စင်စစ်ဖြစ်ရမည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြ၏။

သို့ရာတွင် အချို့သော ဒဿနိကဆရာတို့ကမူ ပြင်ပလောကသည် လူ့စိတ်နှင့်ကင်း၍ ကေန် မှချရှိပါ၏လော။ ရှိသည်ဆိုစေ၊ ထိုလောကသည် လူတို့ထိတွေ့သောအာရုံ (ဝါ) အရာဝတ္ထုများနှင့် ထပ်တူဖြစ်ပါ၏လောဟု သံသယရှိကြ၏။ ထိုဆရာတို့၏ အကြောင်းပြချက်မှာ ဤသို့ဖြစ်၏။

ကျွန်ုပ်တို့သည် အရာဝတ္ထုတစ်ခုကို ထိတွေ့၍ သိသည်ဆိုရာ၌ စင်စစ် အရောင်အဆင်း၊ ပုံပန်းသဏ္ဌာန်၊ အနံ့အသက်စသော ဂုဏ်အင်္ဂါလက္ခဏာများ အားဖြင့် သိရခြင်းဖြစ်၏။ ထိုဂုဏ်လက္ခဏာများကို သေချာစွာဆန်းစစ်ကြည့်ပါက အရာဝတ္ထုတစ်ခု၏ ဂုဏ်လက္ခဏာတစ်ခုသည် လူတစ်ဦးနှင့်တစ်ဦးအဖို့ ပတ်ဝန်း ကျင်အခြေအနေကိုလိုက်၍သော်လည်းကောင်း ကွဲပြားခြားနားသည်ကို တွေ့ရ၏။

ပုံစံအားဖြင့် ဖြူသော အရာဝတ္ထုတစ်ခုကို မျက်မှန်အပြာတပ်၍ကြည့်သော် အပြာရောင် မြင်ရ၏။ မျက်မှန်အနီတပ်၍ကြည့်သော် အနီရောင် မြင်ရ၏။ အကယ်၍ လူတစ်ယောက်သည် မွေးကတည်းက မျက်မှန်အနီ၊ သို့မဟုတ် အပြာတပ်ထားပါက သူ့အဖို့ အပြာအနီမှတစ်ပါး အခြားအရောင် ရှိမည်မဟုတ်ချေ။ ကျွန်ုပ်၏ မျက်စိသည် မိုက်ခရိုစကုပ်၊ သို့မဟုတ် တယ်လီစကုပ်၏ ဂုဏ်သတ္တိရှိသော မျက်စိဖြစ်ပါက ကျွန်ုပ်တို့မြင်ရသော အရာဝတ္ထုများသည် အရွယ်အစား တစ်မျိုးတစ်ဖုံ ဖြစ်နေပေရာ၏။ အကြီး၊ အငယ်၊ အတို၊ အရှည် စသည်တို့သည် အရာဝတ္ထုများကို တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်၍ ခေါ်ဝေါ်သော ပညတ်မျှသာဖြစ်၏။ ခွေးသည် ဆင်နှင့်နှိုင်းလျှင် ငယ်သောသတ္တဝါ၊ ကြွက်နှင့်နှိုင်းလျှင် ကြီးသောသတ္တဝါဖြစ်၏။ သို့ဖြစ်၍ ခွေး၏အရွယ်ပမာဏ အစစ်အမှန်ကို ကျွန်ုပ်တို့ မည်သို့သိရပါမည်နည်း။

ကျွန်ုပ်တို့သည် လူ့လောက အစဉ်အလာ သိမှတ်ခံယူထားချက်ကိုပင် အစစ်အမှန်အနေဖြင့် ထင်မှားလေ့ရှိကြ၏။ ပြားစေ့သည် စက်ဝိုင်းပုံရှိသည်ဟု ဆိုကြ၏။ အမြင်အားဖြင့်ကား ၎င်းသည် စက်ဝိုင်းပုံမဟုတ်ဘဲ ဘဲဥပုံဖြစ်၏။ အပေါ်တည့်တည့်မှကြည့်ပါက စက်ဝိုင်းပုံမြင်ရသည် မှန်၏။ သို့ရာတွင် ထိုရှုထောင့်သည်သာလျှင် ပြားစေ့၏ ပုံသဏ္ဌာန်အစစ်အမှန်ကို မြင်ရသော ရှုထောင့်ဖြစ်သည်ဟု အဘယ့်ကြောင့် မှတ်ယူရပါသနည်း။ ပုံအစစ်အမှန်ကို သိရှိရန်အတွက် ရှုထောင့်မလို၊ ကွန်ပါတစ်စုံသာလိုသည်။ ကွန်ပါဖြင့် စမ်းသပ်တိုင်းတာကြည့်ပါက စက်ဝိုင်းပုံဖြစ်ကြောင်း သိနိုင်သည်ဟု တချို့က ဆိုကြပေလိမ့်မည်။ သို့ရာတွင် ကွန်ပါသည် လူတို့တီထွင်ထားသော အရာဖြစ်၍ ကွန်ပါက ဖော်ပြသောအချက်သည် ပညတ်မျှသာ ဖြစ်သည် မဟုတ်ပါလော။ ကွန်ပါဖြင့် ဆုံးဖြတ်၍ သိရသောပုံသည် ပြားစေ့၏ပုံ အစစ်အမှန်ဖြစ်သည်ဟု အဘယ်ကြောင့် ဆိုနိုင်ပါသနည်း။

အနံ့၊ အရသာ၊ အသံစသော အာရုံများသည်လည်း ထိုနည်းအတူ ပြင်ပလောက အစစ်အမှန်ကို ညွှန်ပြသောအရာများ မဟုတ်ချေ။ အစားအစာ တစ်ခုကို စားသောက်၍ ခံစားရသော အရသာသည် လူ တစ်ဦးနှင့်တစ်ဦးအဖို့ မတူ။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်တည်းအဖို့ပင် ကျန်းမာရေးအခြေအနေကို လိုက်၍ တစ်ချိန်နှင့် တစ်ကြိမ် ကွဲပြားခြားနား၏။ အနံ့သည်လည်း ထိုနည်း နှင်နှင်ဖြစ်၏။ မီးရထားဥသြသံသည် အဝေးမှကြားရသောအခါနှင့် အနီးမှ ကပ်၍ ကြားရသောအခါ အသံတစ်မျိုးစီ ဖြစ်၏။ မီးရထား မောင်းသမားများ

အဖို့မှ ဥဩသံသည် တစ်မျိုးတည်းသာ ဖြစ်ပေလိမ့်မည်။ အပြေးပြိုင်ပွဲ၌ အပြေးသမားများသည် အချက်ပေးပုဂ္ဂိုလ်က သေနတ်ပစ်ဖောက်သောအခါမှ စ၍ ပြေးကြရ၏။ သို့ရာတွင် အဝေးမှနေ၍ ကြည့်ပါက အပြေးသမားများ တာမှထွက်သည်ကို မြင်ပြီးမှ သေနတ်ဖောက်သံကို ကြားရသည်ဖြစ်၏။ ဤသာဓကနှစ်ခု၌ မည်သည့်အသံကို အစစ်အမှန်ဟု ခံယူရပါမည်နည်း။

စားပွဲကို လက်ဖြင့်ဖိထားသောအခါ ထိတွေ့သောအရာမှာ စားပွဲဖြစ်သည်ဟု ဆိုကြ၏။ သို့ရာတွင် အမှန်စင်စစ် ထိတွေ့မှုမှာ လက်ဖြစ်ပေါ်လာသောဝေဒနာမျှသာဖြစ်၏။ မီးပုံကြီးတစ်ခုအနီး၌ ရပ်နေလျှင် အပူငွေ့ကို ရပေလိမ့်မည်။ အနီးသို့တိုးသွားသောအခါ အပူဓာတ်သည် ကြီးမား၍ နောက်ဆုံး၌ မခံမရပ်နိုင်အောင် ပြင်းပြလာ၏။ မခံမရပ်နိုင်ဖြစ်ခြင်း (ဝါ) နာကျင်ခြင်းသည် ကိုယ်ခန္ဓာ၌ဖြစ်၍ မီး၏ ခံစားရချက်မဟုတ်။ ၎င်းသည် အပူဓာတ်ကြီးမားမှုကိုပြသောလက္ခဏာဖြစ်ရကား စင်စစ် အပူဓာတ်သည် မီး၏ ဂုဏ်သတ္တိမဟုတ်ဘဲ ကိုယ်ခန္ဓာ၏ ဝေဒနာတရားဖြစ်သည်ဟု ယူဆရန်ရှိသည်။ လူ့ခန္ဓာ၏အပူချိန်ကို ဒီဂရီ အနည်းငယ် မြှင့်တင်လိုက်ပါက ပြင်ပလောကနှင့် ထိတွေ့မှုသည် သိသိသာသာ ပြောင်းလဲသွားပေရာ၏။ သို့ဖြစ်လျှင် မည်သို့သော အထိအတွေ့ကို အစစ်အမှန်ဟု ကျွန်ုပ်တို့ ခံယူရပါမည်နည်း။ အပူချိန် ၉၈ ဒသမ ၄ ဒီဂရီရှိသောကိုယ်ခန္ဓာဖြင့် ထိတွေ့မှုသည်သာ စစ်မှန်သည်ဟု အဘယ်ကြောင့် ဆိုနိုင်ပါသနည်း။

ဤအချက်များကို အလေးအနက် စဉ်းစားဆင်ခြင်ပါက ပြင်ပလောကကို ကျွန်ုပ်တို့၏သိမှုသည် နဂိုရှိရင်းအတိုင်း ယထာဘူတကျကျ သိမှုမဟုတ်ဘဲ စိတ်၌ထင်ဟပ်ချက်မျှသာဖြစ်သည်ဟု ယူဆရန်ရှိ၏။ အသိတရားသည် ပြုသူပုဂ္ဂိုလ် (ကတ္တား)၏ သညက္ခန္ဓာကို စွဲမှီ၍ ဖြစ်ပေါ်သည်ဆိုသော ဤအယူကို ကတ္တားဝါဒီ[၁]ဟု ခေါ်ဆိုရာ၏။ ကတ္တားဝါဒကို ရှေးဦးပထမ အကျယ်တဝင့်ဖွင့်ဆိုရေးသားခဲ့သောပုဂ္ဂိုလ်မှာ ဒဿနိကပညာရှင် ခရစ်ယာန်ဘုန်းကြီးဗာကလေး[၂]ဖြစ်၏။ ဗာကလေးက ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိ သစ်ပင်တောတောင်၊ လူနေအိမ် အစရှိသော အရာဝတ္ထုတို့သည် ကျွန်ုပ်တို့မြင်သည့်အတိုင်း ရှိသည်မဟုတ်။ ယင်းတို့ရှိခြင်းမှာ ကျွန်ုပ်တို့ မြင်သောကြောင့် ဖြစ်သည်။ အသံ၊ အနံ့၊ အရသာစသော အခြားအာရုံများသည်လည်း ထိုနည်းအတူ မနောဝိညာဉ်ကို စွဲမှီ၍

---

၁။ Subjective idealism ၂။ Bishop Berkeley

ဖြစ်သည်။ တစ်နည်းဆိုရသော် အရာဝတ္ထုတစ်ခုရှိခြင်းသည် ၎င်းကိုတွေ့ထိခြင်းပင် ဖြစ်သည်ဟု ဆိုလေသည်။

ဗာကလေး၏အဆိုမှာ ရုတ်တရက်အမြင်အားဖြင့် မည်သည့်နည်းနှင့်မျှ ယုံနိုင်ဖွယ်ရာ မရှိချေ။ ထိုအခါ နာမည်ကျော် စာရေးဆရာကြီး ဒေါက်တာ ဂျွန်ဆင်[၁]သည် ဗာကလေး၏ အယူဝါဒအကြောင်း ကြားသိရသောအခါ အနီးရှိ ကျောက်တုံးတစ်တုံးကို ခြေထောက်နှင့် တစ်အားကန်ပြီးလျှင် ဒီအယူကို ငါက ဟောဒီလို ချေပသည်ဟု ဆို၏။ ဒေါက်တာဂျွန်ဆင်၏ ချေပချက်မှာ ကတ္တားဝါဒီအဖို့ အရာရောက်မည် မဟုတ်ချေ။ ကျောက်တုံးရှိကြောင်း သိသည်ဆိုခြင်းမှာ စက္ခုအကြည်ဓာတ်၊ ကာယအကြည်ဓာတ်၌ ရိုက်ခတ်မှုကို သိခြင်း၊ ခြေဖျား၌ နာကျင်မှု ခံစားရခြင်းမျှသာ ဖြစ်သည်ဟု ကတ္တားဝါဒီက ပြန်လည် စောဒနာပေရာ၏။

ကတ္တားဝါဒမှာ လူအများလက်ခံရန် ခဲယဉ်းစေကာမူ ချေပရန်လည်း ခဲယဉ်း၏။ ကျွန်ုပ်တို့သည် မည်သည့် လူသတ္တဝါမျှ မမြင်ဖူးသောအရာကို စိတ်ကူး၍မရအပ်။ စိတ်ကူး၍ရအပ်သော အရာဟူသမျှသည် ယုတ်စွအဆုံး စိတ်ကူးသောပုဂ္ဂိုလ် မြင်တွေ့ဖူးသောအရာ ဖြစ်ရပေမည်။ လူသတ္တဝါတစ်ဦး တစ်ယောက်မျှ မမြင်ဖူး၊ မတွေ့ဖူးသောအရာကို စိတ်ကူး၍ ရသည်ဆိုစေ၊ ထိုအရာကို စိတ်ကူးရာ၌ ယင်း၌ အဆင်း၊ အနံ့၊ အသံစသော ဂုဏ်အင်္ဂါများဖြင့်သာ စိတ်ကူးရပေလိမ့်မည်။ ထိုဂုဏ်အင်္ဂါများသည် ထီးတည်းဖြစ်ပေါ် မလာဘဲ မျက်စိ၊ နား၊ နှာ ခေါင်းစသော ပဥ္စဒွါရကိုမှီ၍ ဖြစ်ပေါ်လာကြောင်း ပြဆိုခဲ့ပေပြီ။

အရာဝတ္ထုတစ်ခု ပုံစံအားဖြင့် စာအုပ်တစ်အုပ်ကို မြင်ခြင်းသည် လူတစ်ဦး တစ်ယောက်တည်းက မြင်ခြင်းမဟုတ်ဘဲ လူအများက မြင်ခြင်းဖြစ်သောကြောင့် လူတစ်ဦး၏စိတ်၌ ထင်ဟပ်ချက်မဟုတ်ဘဲ စာအုပ်ဟူသောဝတ္ထု ကေန်မုချ ရှိသည်ဟု ဆိုရမည် မဟုတ်ပါလော ဟူငြားအံ့။ ဤသည်မှာ ကတ္တားဝါဒီတို့အဖို့ ထိရောက်သော စောဒနာချက် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် သူ၏အလို အားဖြင့် ကျွန်ုပ်တို့သည် အခြားလူများရှိကြောင်းကို စာအုပ်ရှိကြောင်း သိရ သည်ထက် ပို၍အခိုင်အမာ သိရသည် မဟုတ်။ အခြားလူများကိုလည်း စာအုပ် နည်းတူ နား၊ မျက်စိ၊ စသည်တို့ဖြင့် ထိတွေ့မှုဖြင့်သာ သိရကြောင်း သတိပြုသင့် ပေ၏။

---

၁။ Dr. Samuel Johnson

သို့ရာတွင် စင်စစ် သိပ္ပံပညာကို အားကိုး၍ ကဗ္ဗာဝါဒကို ချေပရန် ခဲယဉ်း၏။ သိပ္ပံဆရာတို့ စူးစမ်းလေ့လာသော ပြင်ပလောကသည် မှချရှိသည် မှန်၏။ သို့ရာတွင် သိပ္ပံဆရာ၏ ထိုပြင်ပလောကသည် ကဗ္ဗာဝါဒီတို့က ယထာဘူတကျကျသိရှိရန် မဖြစ်နိုင်ဟုဆိုသော လောကမဟုတ်ဘဲ ထိုလောက၏ အသွင်နိမိတ်သဏ္ဌာန်ဖြစ်သော သင်္ခါရဓမ္မများ[၁]သာ ဖြစ်၏။ သိပ္ပံပညာသည် သင်္ခါရလောကကို လေ့လာ၍ ၎င်း၏နောက်ကွယ်ရှိ ပရမတ္ထတရားကိုကား မလေ့လာချေ။ သိပ္ပံနည်းဖြင့် လေ့လာ၍လည်း မရအပ်ကြောင်း သိပ္ပံဆရာတို့က ဝန်ခံထား၏။ တစ်နည်းဆိုသော် အရာဝတ္ထုတစ်ခု၏ အကြောင်းခြင်းရာကို အာရုံခံအင်္ဂါများဖြင့် တွေ့ရသည့်အတိုင်း လေ့လာ၍ ၎င်း၏ယထာဘူတ သဘာဝကိုမူ လေ့လာခြင်းမပြုချေ။

ကဗ္ဗာဝါဒနှင့် ဆန့်ကျင်သော ဝါဒများကား ယထာဘူတဝါဒဖြစ်၏။ ယထာဘူတဝါဒီသည် ပြင်ပလောကမှာ စိတ်သညာမျှသာ ဖြစ်သည်ဆိုသော ဗာကလေ၏အယူကို လက်မခံချေ။ သူ၏အလိုအားဖြင့် စိတ်နှင့်မဆက်စပ်ဘဲ ထီးတည်းဖြစ်သော ပြင်ပလောကသည် မှချရှိ၏။ တစ်နည်းဆိုသော် ယထာဘူတဝါဒမှာ ရိုးရိုးလူတို့၏အမြင်နှင့် နီးစပ်၏။ ၁၈ ရာစုအတွင်းက ဥရောပဒဿနိကဆရာတို့သည် အင်္ဂလိပ်အတွေးအခေါ်ပညာရှင် ဂျွန်လော့၏အဆိုကို လက်ခံကြ၏။ ဂျွန်လော့၏အဆိုကား မဟာဘူတဓာတ်ကြီးလေးပါးသည် ပြင်ပလောက၌ရှိ၍ အဆင်း၊ အနံ့၊ ပုံသဏ္ဌာန်စသော ဂုဏ်အင်္ဂါများမှာမူ စိတ်ကိုစွဲမှီ၍ ဖြစ်လာကြ၏။ စိတ်သည် ပြင်ပရုပ်ဝတ္ထုတို့၏ မိတ္တူကော်ပီကို ခံယူသည်ဆို၏။ ၂၀ ရာစုခေတ် ယထာဘူတဝါဒီတို့ကမူ ကျွန်ုပ်တို့ ထိတွေ့သောအရာမှာ ပြင်ပရုပ်ဝတ္ထုမဟုတ်ဘဲ အာရုံ[၂]များသာလျှင် ဖြစ်သည်ဟု ယူဆကြ၏။

အာရုံများ၏ တည်ရာဌာနကို စဉ်းစားရန်ရှိ၏။ အချို့က ၎င်းတို့သည် စိတ်နှင့်ကင်း၍ ပြင်ပလောက၌ တသီးတခြား ရှိကြသည်ဆို၏။ ဤအဆိုမှာ အထက်က ကဗ္ဗာဝါဒီတို့ ထောက်ပြသော အချက်များအရ မဖြစ်နိုင်ချေ။ အချို့ကမူ ၎င်းတို့သည် ကိုယ်ခန္ဓာ၏ ဦးနှောက်နှင့် နာဗ့်ကြောအင်္ဂါစုအတွင်း လှုပ်ရှားမှုကြောင့်ဖြစ်သည်ဟု ယူဆ၏။ အချို့ကလည်း ၎င်းတို့မှာ စိတ်နှင့်ရုပ်၏ အချင်းချင်း အကျိုးပြုမှုကြောင့် ဖြစ်ပေါ်လာသည်ဟု အယူရှိ၏။

---

[၁] Phenomena [၂] Sense data

ပြင်ပလောကသည် စိတ်နှင့်ကင်း၍ ဧကန်မုချရှိသည်ဟု ခံယူထားသော ယထာဘူတဆရာတို့၏ အဆိုကား ဤသို့ဖြစ်၏။ ကျွန်ုပ်တို့သိသမျှသည် မျက်စိ၊ နား စသည်တို့ဖြင့် ခံယူထားချက်များဖြစ်သည် မှန်၏။ သို့ဖြစ်သော်လည်း အာရုံခံအင်္ဂါများဖြင့် ထိတွေ့၍ မရအပ်သောအရာများကို ကျွန်ုပ်တို့ သိကျွမ်းနိုင်ခြင်းမရှိဟု ယူဆရန်မဖြစ်ချေ။ ဒိဋ္ဌမမ္မနည်းဖြင့် မဟုတ်ဘဲ စဉ်းစားဉာဏ်သက်သက်ဖြင့် သိနိုင်သောအချက်များရှိကြောင်း၊ တစ်ခါတစ်ရံ စဉ်းစားဉာဏ်ပင်မလိုဘဲ ဝိပဿနာဉာဏ် (ဝါ) ရုတ်ခြည်းဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်ကြောင်း ပြဆိုခဲ့ပေပြီ။

တွေ့ထိသောအရာကိုမှ သိနိုင်သည်ဆိုသော အချက်မှန်သည်ထား ဘိဦး။ ထိုတွေ့ထိသော အရာသာလျှင် ရှိရမည်။ တွေ့ထိမှု (ဝါ) စိတ်နှင့်ကင်းသော အရာဟူသည် မရှိနိုင်ဟု ကောက်ချက်ချရန် မဖြစ်ချေ။ ရိုးရိုးလူတို့သည်လည်းကောင်း၊ သိပ္ပံပညာသည်လည်းကောင်း ထိုယထာဘူတလောက ဧကန်ရှိသည်ဟု ခံယူထားကြ၏။ ဤခံယူချက် မှန်ကန်ကြောင်း ထိထိပိုင်ပိုင် ပြရန်မဖြစ်နိုင်သော်လည်း လူတို့၏ ဘဝအသိအမြင်၊ ဘဝအတွေ့အကြုံနှင့် ဘောင်ဝင်ခြင်းကိုကား ယုံမှားစရာမရှိချေ။

ကျွန်ုပ်တို့၏ အာရုံခံအင်္ဂါများဖြင့် စူးစမ်းလေ့လာ၍ တည်ဆောက်အပ်သော ပြင်ပလောကသည် ရှေ့နောက်ညီညွတ်၍ တပေါင်းတစည်း တစ်ခုတည်းဖြစ်သော အသွင်လက္ခဏာကို ဆောင်၏။ ထိုလောကသည် ကျွန်ုပ်တို့စိတ်ကူးကြံစည် အိပ်မက်မက်ခြင်းဖြင့် ရရှိအပ်သော လောကနှင့် သိသိသာသာခြားနား၍ စင်စစ် ထိုလောက၏ ယထာဘူတသဘောကြောင့် ထိုသို့ခြားနားခြင်းဖြစ်တန်ရာ၏။ စိတ်ကူးယဉ်အိပ်မက်လောကသည် မတည်ငြိမ်၊ မပြတ်သား၊ ဝိုးတဝါးနှင့် ရှုပ်ထွေး၏။ ပြင်ပလောကသည် တည်ငြိမ်၊ ပြတ်သားထင်ရှား၍ ရှင်းလင်း၏။ ၎င်းသည် အဟုတ်အမှန်လောက မဟုတ်ပါက အိပ်မက်လောကနှင့် အဘယ်ကြောင့် ထိုသို့ ခြားနားပါသနည်း။

ထို့အပြင် ပြင်ပလောကသည် ရှေ့နောက် အကြောင်းအကျိုးဆက်စပ်မှုရှိ၏။ အခန်းထဲ၌ ဖယောင်းတိုင်တစ်တိုင်ကိုထွန်း၍ ကျွန်ုပ်တို့ ထွက်သွား၏။ အတန်ကြာမှ ပြန်လာသောအခါ ဖယောင်းတိုင်မှာ ကုန်ခါနီးဖြစ်၍ မိုတ်တုတ်မိုတ်တုတ် ဖြစ်နေသည်ကို တွေ့ရ၏။ ဤကဲ့သို့သော ဖြစ်ရပ်များကို ထောက်ချင့်၍ ကျွန်ုပ်တို့၏ စိတ်နှင့်ကင်းသော အကြောင်းအကျိုးဖြစ်ပျက်မှုသည် မုချရှိ

ကြောင်း ထင်ရှား၏။ စိတ်အစဉ်နှင့် မည်သို့မျှ ဆက်စပ်မှုမရှိဘဲ အာရုံမှာ ဝင်ရောက်လာခြင်းသည် ကတ္တားဝါဒီတို့အဖို့ ဖြေရှင်းရန် မလွယ်ကူချေ။

ဗာကလေးက ထာဝရဘုရားကြောင့် ထိုသို့ဖြစ်သည်ဆို၍ ဂျာမန် ဒဿနိကဆရာတစ်ဦးကမူ ကျွန်ုပ်တို့ မသိအပ်သော ယထာဘူတတရားများ ကြောင့် ဖြစ်သည်ဆို၏။ ယထာဘူတအလိုအားဖြင့်မူ ပြင်ပလောကကို တွေ့ထိ သည့်အတိုင်း အစစ်အမှန်အနေဖြင့် ခံယူခြင်းသည် အကောင်းဆုံးဖြစ်၏။ စင်စစ် သိပ္ပံပညာသည် ဤခံယူချက်နှင့်အညီ ပြင်ပလောကကို စူးစမ်းလေ့လာ၍ အံ့ဖွယ်လိလိ တိုးတက်နေခြင်းမှာ ကျွန်ုပ်တို့ မျက်မြင်အထင်အရှား ဖြစ်၏။

စင်စစ်အားဖြင့်ကား ကတ္တားဝါဒနှင့် ယထာဘူတဝါဒ နှစ်ခုစလုံးကို အကြွင်းမဲ့ပယ်၍ မရအပ်ချေ။ ဗာကလေး၏အဆိုမှာ ချေပရန် ခဲယဉ်း၏။ ကျွန်ုပ်တို့ သိသမျှသည် နား၊ မျက်စိစသော အင်္ဂါရပ်များအပေါ်၌ တစ်စိတ် တစ်ဒေသတည်ကြောင်း ငြင်း၍မရအပ်ချေ။ သို့ရာတွင် ပြင်ပ၌ ယထာဘူတ လောကသည် ဧကန်ရှိ၏။ ထိုလောကရှိမှသာ သိပ္ပံပညာ၏ အောင်မြင်တိုးတက် မှုနှင့် လူတို့၏ နေ့စဉ်တွေ့ကြုံမှုသည် အနက်အဓိပ္ပာယ် ရှိပေလိမ့်မည်။ ပြင်ပ လောကသည် ကျွန်ုပ်တို့သိသော လောကနှင့် တခြားစီဖြစ်သော် ဖြစ်ပေရာ၏။ သို့ရာတွင် ထိုသို့ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ အသိတရားသည် အားလုံး လွဲမှားသည်၊ သို့မဟုတ် လူတို့၏ အသိတရားမှတစ်ပါး အခြားဟုတ်မှန်သော လောကမရှိဟူ၍ကား အစွဲအမြဲယူဆရန် အကြောင်းမရှိချေ။

# ၆

လူတို့သည် အလုပ်လုပ်ရာ၌ ရည်ရွယ်ချက်၊ ရှေးရှုချက်၊ သို့မဟုတ် ဦးတည်ချက် တစ်စုံတစ်ခု ရှိစမြဲဖြစ်၏။ မိဘတို့သည် သားသမီးတို့အား ကြီးပွားချမ်းသာစေလိုသော ရည်ရွယ်ချက်ဖြင့် ပြုစုစောင့်ရှောက်ကြ၏။ ကျောင်းသားတို့သည် စာမေးပွဲအောင်ရန် ရှေးရှုလျက် စာကြိုးစားကြ၏။ လူငယ်လူရွယ်တို့သည် ဘဝရပ်တည်မှုနှင့် သားမယား လုပ်ကျွေးမှုအတွက် အလုပ် လုပ်ကိုင်ကြ၏။ လူတို့၏ အသုံးအဆောင်၊ ပစ္စည်းဥစ္စာနှင့် အဖွဲ့အစည်းစသည်တို့သည်လည်း တစ်စုံတစ်ခုသော လုပ်ငန်းကိစ္စ ပြီးမြောက်မှုသို့ ဦးတည်ချက်ရှိ၏။

# သတ္တလောကနှင့် ဦးတည်ချက်

လူတို့သည် အလုပ်လုပ်ရာ၌ ရည်ရွယ်ချက်၊ ရှေးရှုချက်၊ သို့မဟုတ် ဦးတည်ချက် တစ်စုံတစ်ခု ရှိစမြဲဖြစ်၏။ မိဘတို့သည် သားသမီးတို့အား ကြီးပွားချမ်းသာစေလိုသော ရည်ရွယ်ချက်ဖြင့် ပြုစုစောင့်ရှောက်ကြ၏။ ကျောင်းသားတို့သည် စာမေးပွဲအောင်ရန်ရှေးရှုလျက် စာကြိုးစားကြ၏။ လူငယ်လူရွယ်တို့သည် ဘဝရပ်တည်မှုနှင့် သားမယား လုပ်ကျွေးမှုအတွက် အလုပ်လုပ်ကိုင်ကြ၏။ လူတို့၏ အသုံးအဆောင် ပစ္စည်းဥစ္စာနှင့် အဖွဲ့အစည်း စသည်တို့သည်လည်း တစ်စုံတစ်ခုသော လုပ်ငန်းကိစ္စပြီးမြောက်မှုသို့ ဦးတည်ချက်ရှိ၏။ အိမ်သည် မှီတင်းနေထိုင်ရန်အတွက် ဖြစ်၏။ မီးရထား၊ သင်္ဘော၊ လေယာဉ် စသည်တို့မှာ တစ်နေရာမှတစ်နေရာသို့ သွားလာရန်အတွက် ဖြစ်၏။ မြန်မာ့လူမှုတော်လှန်ရေး၏ ဦးတည်ချက်မှာ သာယာဝပြောသော လူ့ဘောင်တည်ဆောက်ရန်ဖြစ်၍ ကမ္ဘာ့ကုလသမဂ္ဂ၏ ဦးတည်ချက်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်ထိန်းသိမ်းရန်ဖြစ်၏။

ဤသို့ လူတို့၏ အပြုအမူ၊ အသုံးအဆောင်၊ အဖွဲ့အစည်း ဟူသမျှသည် ဦးတည်ချက်ရှိသည့်နည်းတူ စကြဝဠာကြီးသည် ဦးတည်ချက် ရှိပါသလော။ သဘာဝဓမ္မသည်သော်လည်းကောင်း၊ သတ္တလောကသတ္တဝါတို့၏ ဘဝသည်လည်းကောင်း ရှေးရှုရာပန်းတိုင် ရှိပါသလော။ ဩကာသလောက၏ ဖြစ်မှု၊ ပျက်မှု၊ ပြောင်းလဲလှုပ်ရှားမှုများသည် တစ်စုံတစ်ခုသော ပဓာနစခန်းသို့ ရှေးရှုချက် ရှိပါသလော။

ဤသည်မှာ ဒဿနိကဗေဒပညာ၌ အတန်အရေးပါသော ပြဿနာဖြစ်၏။ များစွာသော ဒဿနိကအတွေးအခေါ်များသည် ဤပြဿနာအပေါ်၌ အမှီပြုလျက်ရှိ၏။ ကမ္ဘာလောကကြီးကို အစိုးရသော အနန္တတန်ခိုးရှင် ရှိ,မရှိ၊ လူ့ဘဝသည် အဓိပ္ပာယ်အနှစ်သာရ ရှိ,မရှိ။ ဤလူ့ဘုံသည် ဒုက္ခဟုတ်,မဟုတ်။ လောက၌ လူတို့ အပြုအမူအလိုဆန္ဒများကို အကောင်းအဆိုး ခွဲခြားသတ်မှတ်ခြင်းသည် အချည်းအနှီး ဖြစ်မဖြစ်စသော စဉ်းစားဖွယ်ရာများသည် စကြဝဠာ၌ ဦးတည်ချက်ရှိပါသလောဟူသော မေးခွန်းနှင့် ဆက်စပ်နီးနွယ်နေသော အကြောင်းခြင်းရာများ ဖြစ်လေသည်။

ထို့ကြောင့် ရှေးပဝေသဏီမှစ၍ ယနေ့အထိ ဒဿနိကဆရာတို့သည် ဤပြဿနာ၌ စိတ်ဝင်စား၍ ဆင်ခြင်စဉ်းစားခဲ့ကြ၏။ ဩကာသလောက၊ သတ္တလောကသည် ဦးတည်ချက်ရှိသည်ဟု အချို့ပုဂ္ဂိုလ်တို့ခံယူ၍ အချို့ကမူ ဝိဝါဒကွဲပြားကာ အငြင်းပွားခဲ့ကြ၏။

ရှေးအခါက စကြဝဠာ လောကဓာတ်အကြောင်းကို တွေးခေါ်ခဲ့သော အချို့ဂရိပညာရှင်တို့သည် လောကကြီးမှာ အဏုမြူများဖြင့် ဖွဲ့စည်းထား၍ အစီအစဉ်မရှိ၊ ဦးတည်ချက်မရှိဘဲ ဖြစ်ချင်ရာဖြစ်ပျက်နေသည်ဟု ယူဆကြ၏။ နာမည်ကျော် ဒဿနိကပညာရှင်များဖြစ်ကြသော ဆော့ကရေးတီး၊ ပလေတိုနှင့် အရစ္စတိုတယ်တို့ကမူ စကြဝဠာကြီး ဖြစ်ပျက်နေပုံသည် အစီအစဉ်ရှိသည့် ဦးတည်ချက်ရှိသည်ဟု ယုံကြည်ကြ၏။ သို့ဖြင့် သဘာဝဓမ္မ၏ ဦးတည်ချက်ကို ယုံကြည်မှုသည် ဂရိဒဿနိကဆရာတို့ လက်ထက်မှစ၍ နှစ်ပေါင်းတစ်ထောင်ခန့် ဥရောပတိုက်၌ ထွန်းကားခဲ့၏။ ထိုမှနောက် သိပ္ပံပညာ ပေါ်ထွန်းလာသော အခါ၌မူ ၎င်းအယူသည် တဖြည်းဖြည်း မှေးမှိန်လာ၍ ယခုခေတ်တွင် ပညာရှင်အတော်များများက လက်မခံကြတော့ချေ။

သိပ္ပံပညာ၏ ခံယူချက်ကို မဖော်ပြမီ ဂရိ ဒဿနိကပညာရှင်တို့၏ ယုံကြည်ချက်ကို မကျဉ်းမကျယ် ရှင်းပြပါအံ့။

ဆော့ကရေးတီး၏အဆိုမှာ ရှေးခရစ်ယာန်ဘာသာဝင်တို့၏ အဆိုနှင့် ဆင်ဆင်တူ၏။ လောကဓာတ်ကြီးကို စက်ယန္တရားအနေဖြင့်သုံးသပ်၍ စက်ယန္တရားကို တီထွင်ဖန်တီးသော ပြင်ပပုဂ္ဂိုလ် ရှိသကဲ့သို့ လောကဓာတ်ကို တီထွင်ဖန်တီးသော ပြင်ပပုဂ္ဂိုလ်ရှိရမည်။ ထိုအရှင်သခင်သည် ထိုသို့ဖန်တီးရာ၌ ရည်ရွယ်ချက်ရှိရမည်။ သို့ဖြစ်၍ လောက၌ ရှိရှိသမျှ၊ ဖြစ်ပျက်သမျှသည် ထိုရည်ရွယ်ချက်နှင့်အညီ ရှိနေခြင်း၊ ဖြစ်ပျက်နေခြင်း ဖြစ်သည်ဆိုသည်။

ဆော့ကရေးတီးသည် သဘာဝဓမ္မမှာ အကောင်းဘက်သို့ ဦးတည်ချက်ရှိသည်၏ဟု ယုံကြည်ရကား ဖြစ်သမျှအကြောင်း အကောင်းချည်းဟု ခံယူထားသော ပညာရှင် ဖြစ်၏။ သို့ဖြင့် နိုင်ငံအစိုးရက သူ့အားဖမ်းဆီး၍ သေဒဏ်ပေးသော အခါ မိတ်ဆွေများ၏ အကူအညီဖြင့် ထွက်ပြေးနိုင်သော်လည်း ထွက်မပြေးဘဲ ရဲဝံ့စွာ အသက်စွန့်လွှတ်လိုက်လေသည်။

ပလေတိုသည်ကား သဘာဝဓမ္မ၏ ဦးတည်ချက်ကို ယုံကြည်စေကာမူ မိမိ၏ ယုံကြည်မှုအတွက် ဆော့ကရေးတီးကဲ့သို့ လောကဓာတ်၏ အစိုးရ အရှင်သခင်အကြောင်းကို မစဉ်းစားဘဲ သဘာဝဓမ္မ၏ ကျိုးကြောင်းဆီလျော်မှု၊ အဆင်ပြေ၍ အံဝင်ခွင်ကျဖြစ်အောင် အံ့ချီးဖွယ်ရာ လုပ်ဆောင်မှုများကို အလေး အနက် ထောက်ပြ၏။ ပလေတို၏ အမြင်အားဖြင့် လောကဓာတ်သည် ကျွန်ုပ်တို့ တွေ့မြင်ရသည့်အတိုင်းဖြစ်၍ အခြား တစ်မျိုးတစ်ဖုံမဖြစ်ခြင်းသည် ဦးတည်ချက်၊ စီမံလျာထားချက်၊ သို့မဟုတ် အစီအစဉ်တစ်ခုခု ရှိသောကြောင့်သာလျှင် ဖြစ်ရ ပေမည်။

ပုံစံအားဖြင့် လူသတ္တဝါ၌ အဘယ်ကြောင့် ခြေနှစ်ချောင်းရှိပါသနည်း။ ဂျီသြမေတြီသင်္ချာအရ ထောင့်များမှာ အဘယ်ကြောင့် ထောင့်ကျဉ်း၊ ထောင့်ကျယ်၊ ထောင့်မှန်ဟူ၍ ထောင့်သုံးမျိုးရှိပါသနည်း။ နေသည် အဘယ်ကြောင့် အရှေ့မှ ထွက်သနည်း။ တိုင်းတာရာ၌ အဘယ်ကြောင့် အလျား၊ အနံ၊ အမြင့်ဟူ၍ သုံးမျိုးရှိပါသနည်း။ ရေသည် အဘယ်ကြောင့် တစ်စုံတစ်ခုသော အပူချိန်၌ ဆူပါသနည်း။ ဤသို့ရှိမှ၊ ဤသို့ဖြစ်မှ မှန်သည်ဟု ဖြေဆိုခြင်းဖြင့် ဤမေးခွန်းများ ပြေလည်မည်မဟုတ်ချေ။ အလျား၊ အနံ၊ အမြင့်၊ အတိုင်းအတာ သုံးမျိုးမျှသာ ရှိသည်မဟုတ်ဘဲ ငါးမျိုးရှိကြောင်း အခိုင်အမာသိရသည် ဆိုကြပါအံ့။ အဘယ် ကြောင့် ခုနစ်မျိုး၊ ဆယ်မျိုး စသည်မရှိဘဲ ငါးမျိုးရှိပါသနည်းဟု ပလေတိုက မေးပေလိမ့်မည်။ အချုပ်ဆိုသော် ကျွန်ုပ်တို့တွေ့ရသမျှ (ဝါ) လောကဓာတ်သည် အဘယ်ကြောင့် ဤသို့ဖြစ်၍ ထိုသို့မဖြစ်သနည်းဟု ပလေတိုက ကြံဆခြင်း ဖြစ်၏။

ဤပြဿနာအတွက် အကြောင်းအကျိုး ဆက်သွယ်၍ ရှင်းပြခြင်းကို ပလေတိုက လက်မခံချေ။ ထိုရှင်းပြမှုမျိုးသည် မှန်ကန်၍ စိတ်ဝင်စားဖွယ် ဖြစ်ပြီး လက်တွေ့ အသုံးဝင်မည်ဖြစ်သော်လည်း မည်သို့ဖြစ်သည်ကိုပြ၍ အဘယ် ကြောင့် ဖြစ်သည်ကိုကား မပြချေ။ ရေသည် တစ်စုံတစ်ခုသော အပူချိန်၌ ဆူခြင်းကို မော်လီကျူး၊ အဏုမြူ၊ အီလက်ထရွန်စသည်တို့ဖြင့် ရှင်းပြနိုင်ပေရာ

၏။ သို့ရာတွင် ဤသည်မှာ ဖြစ်ပျက်သမျှကို သိပ္ပံနည်းကျဖော်ပြခြင်း ဖြစ်၍ တစ်စုံတစ်ခုဖြစ်ပျက်ခြင်း၏ အကြောင်းရင်းကို လှစ်ပြခြင်း မဟုတ်ချေ။ စင်စစ် မော်လီကျူး၊ အီလက်ထရွန်တို့သည် အဘယ်ကြောင့် ထိုသို့မပြုမူဘဲ ဤသို့ ပြုမူကြပါသနည်းဟု ထပ်ဆင့်မေးပါက သိပ္ပံဆရာသည် ဖြေဆိုရန် အခက်ကြုံ ရပေလိမ့်မည်။ သို့ဖြစ်၍ ပလေတို၏ အလိုအားဖြင့် လောက၏ ဒြဗ္ဗဓမ္မများကို အရင်းအမြစ်ကျကျ သိရှိနားလည်လိုပါက သိပ္ပံနည်းကျ ရှင်းပြပုံမျိုးဖြင့် မပြီးဘဲ သဘာဝဓမ္မ (ဝါ) စကြဝဠာ၌ ဦးတည်ချက်ရှိကြောင်း လက်ခံယုံကြည်ကြရမည် ဖြစ်၏။

လောကဓာတ်၏ ရှေးရှုရာပန်းတိုင်သည်ကား အဓိဓမ္မ (Universal) ဖြစ်၏။ ဤနေရာ၌ ပလေတိုဆိုလိုသော ဓမ္မဟူသည် အကျင့်သီလကိုသာလျှင် ဆိုလိုသည်မဟုတ်ဘဲ လောက၌ ရှိရှိသမျှအရာဝတ္ထုနှင့် တရားဓမ္မများ၏ အမာခံ အနှစ်သာရ အသီးသီးကို ရည်ညွှန်း၏။ ယင်းတို့သည် နိစ္စရူပ ပရမတ္ထတရား များဖြစ်၏။ ယင်းတို့နှင့် လူတို့ အာရုံငါးပါးဖြင့် သိရှိနားလည်သော ဒြဗ္ဗဓမ္မတို့ သည် နီးစပ်သော်လည်း စင်စစ် တသီးတခြားစီ ဖြစ်၏။ ယင်းတို့သည် အကောင်းဆုံး၊ အစစ်မှန်ဆုံး၊ ပြီးပြည့်စုံဆုံးဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ယင်းတို့ကို လက်ဆုပ်လက်ကိုင် အထင်အရှားပြ၍ မရအပ်။ သို့ရာတွင် ထို အဓိဓမ္မတို့ကိုပင် 'စံ'ထား၍ မျက်မြင်လောကရှိ ဒြဗ္ဗဓမ္မတို့ကို ကျွန်ုပ်တို့ သိမြင်နားလည်အပ်၏။ တစ်နည်းဆိုသော် ဒြဗ္ဗဓမ္မဟူသမျှသည် ဆိုင်ရာအဓိဓမ္မသို့ ဦးတည်ချက်ရှိ၏။

ဥဒါဟရဏ်ကား ဂျီသြမေတြီသင်္ချာ၌ မျဉ်းဖြောင့်ဟူသည် အလျားသာ လျှင်ရှိ၍ အနံမရှိသော မျဉ်းဖြစ်သည်ဟု ဝိဂြိုဟ်ပြုထား၏။ သို့ရာတွင် ကျွန်ုပ်တို့ ဆွဲသောမျဉ်းဖြောင့်ဟူသမျှသည် (ယုတ်စွာအဆုံး မှန်ဘီလူးဖြင့်ကြည့်လျှင် ထင်ရှား လာမည်ဖြစ်သော) အနံရှိမည်ဖြစ်ပေရာ မျဉ်းဖြောင့်အစစ်အမှန်ဖြစ်သည်ဟု မဆို သာချေ။ သို့ဖြစ်လျှင် အထက်ပါ ဝိဂြိုဟ်ပြုချက်နှင့်မညီသော (ဝါ) အစစ်အမှန် မဟုတ်သော မျဉ်းဖြောင့်များနှင့်ဆွဲသော တြိဂံများသည်လည်း တြိဂံအစစ် မဟုတ်ဘဲ အတုများသာ ဖြစ်ပေရာ၏။ တြိဂံအကြောင်း ဂျီသြမေတြီဆရာတို့ တွေ့ရှိရချက်များသည်လည်း ကျွန်ုပ်တို့ မျက်မြင်တြိဂံများအတွက် အတိအကျ မမှန်ကန်ဘဲ အဓိဓမ္မတြိဂံအဖို့သာလျှင် ရာခိုင်နှုန်းပြည့် မှန်ကန်ပေလိမ့်မည်။

မျဉ်းဖြောင့်နှင့် တြိဂံကဲ့သို့ပင် အခြား ဒြဗ္ဗဓမ္မများသည်လည်း ဆိုင်ရာ အဓိဓမ္မများ ရှိစမြဲဖြစ်၏။ မည်မျှပုသောအရာပင်ဖြစ်စေ ၎င်းထက် ပို၍ပုသော

အရာကို စိတ်ကူးကြည့်နိုင်၏။ တိုမှု၊ ရှည်မှု၊ ဆင်းရဲမှု၊ ချမ်းသာမှု၊ ရုပ်ဆင်းလှပမှု၊ အရုပ်ဆိုးမှု စသည်တို့သည်လည်း ထိုနည်းအတူဖြစ်၏။ မည်မျှ လှပတင့်တယ်သော ရှုပါရုံဖြစ်စေကာမူ လောက၌ အလှအပ အတင့်တယ်ဆုံးဖြစ်သည်ဟုကား ကျွန်ုပ်တို့ အသိအမှတ်မပြုလိုကြချေ။ စေ့ငှသေချာစွာ စိစစ်လေ့လာပါက အပြစ်အနာအဆာ တွေ့ရမည်သာ ဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦး၏အမြင်၌ အလှပဆုံးဖြစ်နေလျှင် ပိုမိုလှပသောအရာကို အခြားပုဂ္ဂိုလ်တစ်ဦးက ထောက်ပြနိုင်ပေရာ၏။ ကမ္ဘာ့လူသားအားလုံးက အလှပဆုံး သိမှတ်ထားသော အရာဖြစ်နေလျှင်လည်း ပိုမိုလှပသောအရာကို တွေးကြည့်နိုင်ပေရာ၏။

အကောင်အထည်နှင့် ထင်ရှားသော အရာဝတ္ထုဟူသမျှသည် ထိုနည်းနှင်နှင်ဖြစ်၏။ ကမ္ဘာပေါ်ရှိ "ဘုရင်"အားလုံးသည်လည်း ပညတ်နယ်မှ ဘုရင်များဖြစ်၍ "ဘုရင်"၏ ဂုဏ်အင်္ဂါအပြည့်အစုံမှာကား ပလေတို၏ အဓိဓမ္မလောက (ဝါ) ပရမတ္ထနယ်၌သာလျှင် ရှိ၏။ ကျွန်ုပ်တို့မြင်ရသော သစ်ပင်ဟူသမျှသည် သမုတိသစ္စာနယ်မှ သစ်ပင်များဖြစ်၍ သစ်ပင်၏ ပရမတ် အနှစ်သာရ (ဝါ) လက္ခဏာအင်္ဂါ အပြည့်အစုံမှာကား အဓိဓမ္မနယ်၌သာ ရှိပေရာ၏။ အချို့တရားများသည် ဒိဋ္ဌဓမ္မမရှိဘဲ အဓိဓမ္မနယ်၌သာလျှင် ရှာ၍ရအပ်သော တရားများဖြစ်၏။ ပုံစံကား လောက၌ ရာခိုင်နှုန်းပြည့် ကျန်းမာသောပုဂ္ဂိုလ်ဟူ၍မရှိ။ သို့ရာတွင် ယင်းဂုဏ်အရည်အချင်းသည် အဓိဓမ္မအနေဖြင့် ကေန်ရှိသောကြောင့်သာလျှင် ယင်းချို့တဲ့မှုကို ကျွန်ုပ်တို့ သိမြင်ခြင်း ဖြစ်ရပေမည်။ မည်သည့်နိုင်ငံ၊ မည်သည့်ခေတ်၌မှ တရားမျှတမှုမရှိဟု ဆိုကြ၏။ သို့ဖြစ်လျှင် နှိုင်းယှဉ်ပြောဆိုရန် တရားမျှတမှု အဓိဓမ္မသည် မုချရှိရပေမည်။ စံခိုင်းရန် အဓိဓမ္မမရှိပါက တရားမျှတမှု ကင်းမဲ့နေခြင်းကို အဘယ်မှာ ကျွန်ုပ်တို့ သိမြင်ပါမည်နည်း။

၏။ သို့ရာတွင် ဤသည်မှာ ဖြစ်ပျက်သမျှကို သိပ္ပံနည်းကျဖော်ပြခြင်း ဖြစ်၍ တစ်စုံတစ်ခုဖြစ်ပျက်ခြင်း၏ အကြောင်းရင်းကို လှစ်ပြခြင်း မဟုတ်ချေ။ စင်စစ် မော်လီကျူး၊ အီလက်ထရွန်တို့သည် အဘယ်ကြောင့် ထိုသို့မပြုမူဘဲ ဤသို့ ပြုမူကြပါသနည်းဟု ထပ်ဆင့်မေးပါက သိပ္ပံဆရာသည် ဖြေဆိုရန် အခက်ကြုံ ရပေလိမ့်မည်။ သို့ဖြစ်၍ ပလေတို၏ အလိုအားဖြင့် လောက၏ ဒြဗ္ဗမ္မများကို အရင်းအမြစ်ကျကျ သိရှိနားလည်လိုပါက သိပ္ပံနည်းကျ ရှင်းပြပုံမျိုးဖြင့် မပြီးဘဲ သဘာဝဓမ္မ (ဝါ) စကြဝဠာ၌ ဦးတည်ချက်ရှိကြောင်း လက်ခံယုံကြည်ကြရမည် ဖြစ်၏။

လောကဓာတ်၏ ရှေးရှုရာပန်းတိုင်သည်ကား အဓိဓမ္မ (Universal) ဖြစ်၏။ ဤနေရာ၌ ပလေတိုဆိုလိုသော ဓမ္မဟူသည် အကျင့်သီလကိုသာလျှင် ဆိုလိုသည်မဟုတ်ဘဲ လောက၌ ရှိရှိသမျှအရာဝတ္ထုနှင့် တရားဓမ္မများ၏ အမာခံ အနှစ်သာရ အသီးသီးကို ရည်ညွှန်း၏။ ယင်းတို့သည် နိစ္စရုပ ပရမတ္ထတရား များဖြစ်၏။ ယင်းတို့နှင့် လူတို့ အာရုံငါးပါးဖြင့် သိရှိနားလည်သော ဒြဗ္ဗဓမ္မတို့ သည် နီးစပ်သော်လည်း စင်စစ် တသီးတခြားစီ ဖြစ်၏။ ယင်းတို့သည် အကောင်းဆုံး၊ အစစ်မှန်ဆုံး၊ ပြီးပြည့်စုံဆုံးဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ယင်းတို့ကို လက်ဆုပ်လက်ကိုင် အထင်အရှားပြ၍ မရအပ်။ သို့ရာတွင် ထို အဓိဓမ္မတို့ကိုပင် 'စံ'ထား၍ မျက်မြင်လောကရှိ ဒြဗ္ဗဓမ္မတို့ကို ကျွန်ုပ်တို့ သိမြင်နားလည်အပ်၏။ တစ်နည်းဆိုသော် ဒြဗ္ဗဓမ္မဟူသမျှသည် ဆိုင်ရာအဓိဓမ္မသို့ ဦးတည်ချက်ရှိ၏။

ဥဒါဟရဏ်ကား ဂျီသြမေတြီသချာ၌ မျဉ်းဖြောင့်ဟူသည် အလျားသာ လျှင်ရှိ၍ အနံမရှိသော မျဉ်းဖြစ်သည်ဟု ဝိဂြိုဟ်ပြုထား၏။ သို့ရာတွင် ကျွန်ုပ်တို့ ဆွဲသောမျဉ်းဖြောင့်ဟူသမျှသည် (ယုတ်စွာအဆုံး မှန်ဘီလူးဖြင့်ကြည့်လျှင် ထင်ရှား လာမည်ဖြစ်သော) အနံရှိမည်ဖြစ်ပေရာ မျဉ်းဖြောင့်အစစ်အမှန်ဖြစ်သည်ဟု မဆို သာချေ။ သို့ဖြစ်လျှင် အထက်ပါ ဝိဂြိုဟ်ပြုချက်နှင့်မညီသော (ဝါ) အစစ်အမှန် မဟုတ်သော မျဉ်းဖြောင့်များနှင့်ဆွဲသော တြိဂံများသည်လည်း တြိဂံအစစ် မဟုတ်ဘဲ အတုများသာ ဖြစ်ပေရာ၏။ တြိဂံအကြောင်း ဂျီသြမေတြီဆရာတို့ တွေ့ရှိရချက်များသည်လည်း ကျွန်ုပ်တို့ မျက်မြင်တြိဂံများအတွက် အတိအကျ မမှန်ကန်ဘဲ အဓိဓမ္မတြိဂံအဖို့သာလျှင် ရာခိုင်နှုန်းပြည့် မှန်ကန်ပေလိမ့်မည်။

မျဉ်းဖြောင့်နှင့် တြိဂံကဲ့သို့ပင် အခြား ဒြဗ္ဗဓမ္မများသည်လည်း ဆိုင်ရာ အဓိဓမ္မများ ရှိစမြဲဖြစ်၏။ မည်မျှပုသောအရာပင်ဖြစ်စေ ၎င်းထက် ပို၍ပုသော

အရာကို စိတ်ကူးကြည့်နိုင်၏။ တိုမှု၊ ရှည်မှု၊ ဆင်းရဲမှု၊ ချမ်းသာမှု၊ ရုပ်ဆင်းလှပမှု၊ အရုပ်ဆိုးမှု စသည်တို့သည်လည်း ထိုနည်းအတူဖြစ်၏။ မည်မျှ လှပတင့်တယ်သော ရုပါရုံဖြစ်စေကာမူ လောက၌ အလှအပ အတင့်တယ်ဆုံးဖြစ်သည်ဟုကား ကျွန်ုပ်တို့ အသိအမှတ်မပြုလိုကြချေ။ စေ့ငုသေချာစွာ စိစစ်လေ့လာပါက အပြစ်အနာအဆာ တွေ့ရမည်သာ ဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦး၏အမြင်၌ အလှပဆုံးဖြစ်နေလျှင် ပိုမိုလှပသောအရာကို အခြားပုဂ္ဂိုလ်တစ်ဦးက ထောက်ပြနိုင်ပေရာ၏။ ကမ္ဘာ့လူသားအားလုံးက အလှပဆုံး သိမှတ်ထားသော အရာဖြစ်နေလျှင်လည်း ပိုမိုလှပသောအရာကို တွေးကြည့်နိုင်ပေရာ၏။

အကောင်အထည်နှင့် ထင်ရှားသော အရာဝတ္ထုဟူသမျှသည် ထိုနည်းနှင်နှင်ဖြစ်၏။ ကမ္ဘာပေါ်ရှိ "ဘုရင်"အားလုံးသည်လည်း ပညတ်နယ်မှ ဘုရင်များဖြစ်၍ "ဘုရင်"၏ ဂုဏ်အင်္ဂါအပြည့်အစုံမှာကား ပလေတို၏ အဓိဓမ္မလောက (ဝါ) ပရမတ္ထနယ်၌သာလျှင် ရှိ၏။ ကျွန်ုပ်တို့မြင်ရသော သစ်ပင်ဟူသမျှသည် သမုတိသစ္စာနယ်မှ သစ်ပင်များဖြစ်၍ သစ်ပင်၏ ပရမတ် အနှစ်သာရ (ဝါ) လက္ခဏာအင်္ဂါ အပြည့်အစုံမှာကား အဓိဓမ္မနယ်၌သာ ရှိပေရာ၏။ အချို့တရားများသည် ဒိဋ္ဌဓမ္မမရှိဘဲ အဓိဓမ္မနယ်၌သာလျှင် ရှာ၍ရအပ်သော တရားများဖြစ်၏။ ပုံစံကား လောက၌ ရာခိုင်နှုန်းပြည့် ကျန်းမာသောပုဂ္ဂိုလ်ဟူ၍မရှိ။ သို့ရာတွင် ယင်းဂုဏ်အရည်အချင်းသည် အဓိဓမ္မအနေဖြင့် ကေန်ရှိသောကြောင့်သာလျှင် ယင်းချို့တဲ့မှုကို ကျွန်ုပ်တို့ သိမြင်ခြင်း ဖြစ်ရပေမည်။ မည်သည့်နိုင်ငံ၊ မည်သည့်ခေတ်၌မှ တရားမျှတမှုမရှိဟု ဆိုကြ၏။ သို့ဖြစ်လျှင် နှိုင်းယှဉ်ပြောဆိုရန် တရားမျှတမှု အဓိဓမ္မသည် မုချရှိရပေမည်။ စံခိုင်းရန် အဓိဓမ္မမရှိပါက တရားမျှတမှု ကင်းမဲ့နေခြင်းကို အဘယ်မှာ ကျွန်ုပ်တို့သိမြင်ပါမည်နည်း။

၇

သန္တာသားသည် နို့စို့ကလေးအတွက် ဗိဇဖြစ်၍ နို့စို့ကလေးသည် သန္တာသား၌ အခြေခံသော ကေန္ဒ ဖြစ်၏။ ထို့ရာတွင် နို့စို့ကလေးသည်ပင် ကျောင်းသားသူငယ်အတွက် ဗိဇဖြစ်၍ ကျောင်းသားသူငယ်သည် လူပျိုလူရွယ်အနေဖြင့် ကေန္ဒဖြစ်ပြီးလျှင် လူပျိုလူရွယ်သည်ပင် လူကြီးအတွက် ဗိဇဖြစ်၏။

# ဦးတည်ချက်နှင့် အကြောင်းခံ

ပလေတို၏အလိုအားဖြင့် အဓိဓမ္မ ပရမတ်တရားများကို စိန္တာမယဉာဏ်ဖြင့် ကျွန်ုပ်တို့သိရှိရ၍ သမုတိသစ္စာနယ်၌ ရုပ်လုံးဖော်၍ မရအပ်ချေ။ ကျွန်ုပ်တို့ တွေ့မြင်ရသော ဒိဋ္ဌဓမ္မတို့သည် ဆိုင်ရာပရမတ်နှင့် အနှစ်သာရများကို မငုံမိသော်လည်း ယင်းတို့နှင့်နီးစပ်ရန် ရှေးရှုသော သဘောရှိ၏။ ဂျီသြမေတြီဆရာတို့၏ မျဉ်းဖြောင့်နှင့်တြိဂံတို့သည် ယူကလစ်ဝိဂြိုဟ်ပြုသော အဓိဓမ္မများနှင့် ထပ်တူမဖြစ်စေကာမူ ယင်းတို့နှင့် အနီးစပ်ဆုံးဆွဲထားသော အရာများဖြစ်၏။ ယနေ့ ကမ္ဘာလူသားတို့ ရုပ်လုံးဖော်နေသော တရားမျှတမှုသည် အဓိဓမ္မတရားမျှတမှု အစစ်မဟုတ်။ သို့ရာတွင် ထိုတရားမျှတမှု အစစ်အမှန်သည် လူတို့ ကြိုးပမ်းမှု၏ ဦးတည်ချက်ဖြစ်၏။

သို့ဖြစ်၍ အဓိဓမ္မအသီးသီးသည် ဆိုင်ရာဒိဋ္ဌဓမ္မ၏ စံပြုရာ၊ ဦးတည်ရာ နောက်ဆုံးပန်းတိုင်ဖြစ်၏။ ပလေတိုသည် ထိုအဓိဓမ္မတို့ကို အယုတ်အလတ် အမြတ် ခွဲခြားပြထား၏။ ယင်းတို့တွင် အမြတ်ဆုံး၊ အကောင်းဆုံးတရားသည် အချုပ်ပဓာနဖြစ်၍ ထိုအဓိပတိတရားသည် လောကနှင့် လောကရှိ ဒိဋ္ဌဓမ္မ၊ သင်္ခါရဓမ္မတို့၏ ဦးတည်ချက် ဖြစ်လေသည်။

ဤသည်မှာ ပလေတို၏ ခံယူချက်ဖြစ်၏။ အရစ္စတိုတယ်ကမူ ပလေတို၏ အဆိုအားလုံးကို မခံယူဘဲ သဘာဝဓမ္မသည် ဦးတည်ချက်ရှိကြောင်း တရားနှစ်ပါးကို ကိုးကား၍ တင်ပြ၏။ အရစ္စတိုတယ် ထောက်ပြသော တရားနှစ်ပါး

ကား လောက၌ ထင်ရှားသော ဗီဇတရားနှင့် ဧကန်တရားဖြစ်၏။ ဗီဇတရားဟူသည် တစ်စုံတစ်ခု၊ သို့မဟုတ် သတ္တဝါ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြစ်ရန် အလားအလာရှိသော မျိုးစေ့သတ္တိဖြစ်၍ ဗုဒ္ဓဘာသာကျမ်းဂန်များ အလိုအားဖြင့် ပါရမီ၊ သို့မဟုတ် အနုသယဓာတ်ဟူ၍ ခေါ်ဆိုရာ၏။ ဧကန်တရားမှာကား မျိုးစေ့သတ္တိကြောင့် အကောင်အထည်ပေါ်လာသော သက်ရှိသက်မဲ့ ရုပ်ဝတ္ထုဖြစ်ပေရာ တစ်နည်းဆိုသော ဗီဇဓာတ်ဖူးပွင့်မှု (ဝါ) အကျိုးပေးမှုလက္ခဏာကို ဆောင်သော ဒိဋ္ဌဓမ္မဖြစ်လေသည်။

ပုံစံကား ဓားသည် ဗီဇရုပ်ဝတ္ထုဖြစ်၍ ဖျာ၊ ခြင်းတောင်း၊ ကြိမ်လုံး စသည်တို့မှာ ဝါးအဖြစ်မှ အသွင်သဏ္ဌာန် ပြောင်းလဲလာသော ဧကန္တရုပ်ဝတ္ထုများဖြစ်၏။ ကလေးသူငယ်သည် လူကြီးဖြစ်ရန် အလားအလာရှိသော ဗီဇရုပ်ဝတ္ထုဖြစ်၍ လူကြီးသည် ကလေးသူငယ် ဗီဇ၌အခြေခံသော ဧကန္တပုဂ္ဂိုလ်ဖြစ်၏။ ဗီဇတစ်ခုအတွက် ဧကန္တအမျိုးမျိုး ဖြစ်နိုင်၏။ ဝါးတည်းဟူသောဗီဇမှ ဝတ္ထုပစ္စည်းအမျိုးမျိုး ထွက်ပေါ်လာပေရာ၏။ ကလေးသူငယ်သည် ပညာရှိသူတော်ကောင်း ဖြစ်ရန်သော်လည်းကောင်း၊ လူဆိုးလူမိုက် ဖြစ်ရန်သော်လည်းကောင်း အလားအလာရှိ၏။ ဗီဇနှင့်ဧကန္တသည် တရားသေမဟုတ်ဘဲ နေရာဌာနကို လိုက်၍ ခေါ်ဝေါ်သုံးစွဲရသော စကားများဖြစ်ခြင်းကိုလည်း သတိပြုရာ၏။ သန္ဓေသားသည် နို့စို့ကလေးအတွက် ဗီဇဖြစ်၍ နို့စို့ကလေးသည် သန္ဓေသား၌ အခြေခံသော ဧကန္တဖြစ်၏။ သို့ရာတွင် နို့စို့ကလေးသည်ပင် ကျောင်းသားသူငယ်အတွက် ဗီဇဖြစ်၍ ကျောင်းသားသူငယ်သည် လူပျိုလူရွယ်အနေဖြင့် ဧကန္တဖြစ်ပြီးလျှင် လူပျိုလူရွယ်သည်ပင် လူကြီးအတွက် ဗီဇဖြစ်၏။

အရစ္စတိုတယ်သည် သင်္ခါရဓမ္မတို့၏ ဖြစ်ပျက်မှုကိုရှင်းပြရန် အိမ်ဆောက်လုပ်ခြင်းဥပမာဖြင့် အကြောင်းတရားများကို ခွဲခြားပြ၏။ အိမ်ဆောက်ရာ၌ လိုအပ်သော အုတ်၊ သဲ၊ သွပ်၊ ဘိလပ်မြေ စသည်တို့သည် ရုပ်ဝတ္ထုအကြောင်းတရားဖြစ်၏။ အိမ်ပုံစံသည် ဒုတိယအကြောင်းတရား ဖြစ်၏။ ကန်ထရိုက်တာနှင့် လက်သမားတည်းဟူသော အကြောင်းတရားနှင့်ကင်း၍ အိမ်ဆောက်လုပ်နိုင်မည် မဟုတ်။ သို့ရာတွင် အိမ်ဆောက်ရာ၌ ရည်ရွယ်ချက် တစ်ခုခုရှိရပေမည်။ အိမ်ဆောက်ခြင်းမှာ နေထိုင်ရန်အတွက် ဖြစ်သလော။ ရောင်းစားရန်အတွက် ဖြစ်သလော။ ငှားစားရန်အတွက် ဖြစ်သလော။ အရစ္စတိုတယ်၏အလိုအားဖြင့် အကြောင်းတရားလေးပါးတွင် ဤမျှော်မှန်းချက်၊ ရေးရှုချက်၊ သို့မဟုတ် ဦးတည်ချက်သည် အချုပ်အခြာ ပဓာနအကြောင်းတရား (ဝါ) အန္တိမအကြောင်းတရား

ဖြစ်၏။ လောက၌ ရှိရှိသမျှသော သက်ရှိသက်မဲ့ အရာဝတ္ထုတို့သည် မိမိတို့အောက်ရှိ အရာဝတ္ထုတို့၏ ဦးတည်ချက်ဖြစ်၍ မိမိတို့အထက်ရှိ ရုပ်ဝတ္ထုများဆီသို့ ဦးတည်လျက်ရှိ၏။ ဤဦးတည်ချက်သည်ပင် ဩကာသလောကနှင့်တကွ သင်္ခါရဓမ္မများ ဖြစ်ပျက်ပြောင်းလဲ လှုပ်ရှားနေမှု၏ ပဓာနအကြောင်းတရားများ ဖြစ်လေသည်။

ဆော့ကရေးတီး၊ ပလေတိုနှင့်အရစ္စတိုတယ်တို့သည် သုံးဦးစလုံး သဘာဝဓမ္မ၏ ဦးတည်ချက်ကို လက်ခံယုံကြည်သော ပညာရှင်များဖြစ်၏။ ထိုပုဂ္ဂိုလ်သုံးဦးအနက် အရစ္စတိုတယ်၏အဆိုမှာ ဦးတည်ချက်ကို လက်ခံသော ယခုခေတ်ပညာရှင်တို့၏ ခံယူချက်နှင့် အနီးစပ်ဆုံးဖြစ်၏။ ဆော့ကရေးတီး၏ အဆိုမှာ ထာဝရဘုရားယုံကြည်မှုနှင့် နီးနွယ်နေသောကြောင့် ထာဝရဘုရားကို ပယ်သောသူတို့က လက်ခံလိုမည် မဟုတ်ချေ။ ပလေတို၏အဆိုမှာ အဘိဓမ္မာပရမတ်သဘောကို အလေးတင်းထားသောကြောင့် လူအများနားလည်ရန် ခဲယဉ်း၏။ အရစ္စတိုတယ်၏အဆိုမှာကား ရှင်း၍ နားလည်ရန်လွယ်၏။ စင်စစ် သူ၏အဆိုမှာ လူတို့ နေ့စဉ်ကြုံတွေ့နေရသော ဒိဋ္ဌဓမ္မများနှင့်အညီ ဖြစ်၏။

သို့ဖြစ်စေကာမူ ယခုခေတ် သိပ္ပံပညာသည် အရစ္စတိုတယ်၏ အယူကို လက်ခံမည်မဟုတ်ချေ။ ယေဘုယျအားဖြင့် သိပ္ပံဆရာတို့သည် ဦးတည်ချက်ကို လုံးဝပယ်၍ အကြောင်းခံအကျိုးဆက် ဖြစ်ပျက်မှုများကိုသာလျှင် လေ့လာသုံးသပ်လေ့ရှိကြ၏။ ဤသည်မှာ သိပ္ပံနည်းစူးစမ်းမှုနှင့် ရိုးရိုးလူတို့၏ တွေးခေါ်ပုံခြားနားချက်တစ်ရပ် ဖြစ်၏။ ပုံစံကား ကျောင်းသားမောင်နီသည် စာကြိုးစား၏။ မောင်နီ၏ စာကြိုးစားမှုကို ဆန်းစစ်ရာ၌ ကျွန်ုပ်တို့သည် သူ၏ လုံ့လဝီရိယရှိမှု၊ ပညာလိုချင်မှု၊ ဆရာမိဘများ၏ စေ့ဆော်မှု စသည်တို့နှင့်တကွ စာမေးပွဲအောင်ရန် မျှော်မှန်းမှုကို ထည့်သွင်းစဉ်းစား၏။ သိပ္ပံနည်းကျ လေ့လာရာ၌ကား ဝီရိယရှိမှု၊ ပညာလိုချင်မှု စသည်တို့ကိုသာလျှင် စဉ်းစား၍ မျှော်မှန်းချက်ကို ထည့်သွင်းစဉ်းစားရန် မလိုချေ။

တစ်နည်းဆိုသော် သိပ္ပံပညာသည် သင်္ခါရဓမ္မတစ်ခုကို လေ့လာရာ၌ အတိတ်ကိုသာလျှင် စဉ်းစား၍ အနာဂတ်ကို ပယ်ထား၏။ သင်္ခါရဓမ္မအား စေ့ဆော်ဖန်တီးသော အချက်များကိုသာလျှင် လေ့လာ၍ ၎င်း၏ ဦးတည်ချက် (ဝါ) လူတို့၏ ရည်မှန်းချက်ကို ဂရုမပြုချေ။ ဦးတည်ချက်မည်သည် လူ့ဆန္ဒ၊ လူ့စိတ်သဘာဝနှင့် ဆက်စပ်နေ၍ ထို လူ့စိတ်စရိုက်ဆန္ဒများသည် သိပ္ပံနယ်၌ အကျုံးမဝင်။ ယင်းတို့မှာ ပေါက်ဖွားလာသော ဦးတည်ချက် ယုံကြည်မှုသည်

**စင်စစ် လူ့သား၏ရှုထောင့်မှ** ကြံစည်ရရှိအပ်သော အတွေးအခေါ်ဖြစ်၍ သိပ္ပံနည်း **အရ အချည်းအနှီး** ဖြစ်သည်ဆို၏။

**လူ့သား၏ရှုထောင့်** အတွေးအခေါ်ဟူသည် လူတို့အသိအမြင်၊ အလေ့ **အကျင့်၊ အလိုဆန္ဒ** စသည်တို့အပေါ်၌ အခြေပြု၍ စိတ်ကူးရရှိအပ်သော အတွေး **အခေါ်ဖြစ်၏။** နေက ကမ္ဘာကို လှည့်ပတ်သွားလာသည်ကိုဆိုသော အယူသည် လူက မိမိနေထိုင်ရာ ကမ္ဘာကို စကြဝဠာ၏ ဗဟိုချက်အနေဖြင့် မှတ်ယူရာမှ **ပေါ်လာသော** အတွေးအခေါ်ဖြစ်၏။ နတ်သား၊ နတ်သမီးပုံပြင်၊ တိရစ္ဆာန် ပုံပြင်များသည် လူ့စရိုက်၊ ဆန္ဒ စိတ်သဘာဝကို အခြေပြုသော စိတ်ကူးဖန်တီး ချက်များဖြစ်၍ ခွေးသည် မိမိသခင်အပေါ်၌ သစ္စာရှိသည်၊ အချို့ငှက်မများ သည် မိမိတို့ သားသမီးများကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်ကြသည် စသော အဆိုများမှာ လူ့ရှုထောင့် အတွေးအမြင်များ ဖြစ်၏။ သဘာဝမှု၌ ဦးတည်ချက်ရှိသည် ဆိုခြင်းမှာလည်း လူတို့ပြုသော အမှုဟူသမျှ၌ ရည်ရွယ် ချက်ရှိသကဲ့သို့ သဘာဝမှု၏ လုပ်ရပ်များမှာလည်း ရည်မှန်းချက် ရှိရမည် ဟူသော လူ့ရှုထောင့်မှ တွေးခေါ်မှုဖြစ်၏။

တိရစ္ဆာန်သတ္တဝါတို့၏ အပြုအမူများသည် အပေါ်ယံ အမြင်အားဖြင့် ဦးတည်ချက်ရှိသည်ဟု ထင်ရသည်။ သို့ရာတွင် စေ့စေ့စပ်စပ်၊ နက်နက်ရှိုင်းရှိုင်း လေ့လာပါက ထိုသို့ယူဆရန် ခိုင်မာသော အထောက်အထား မတွေ့ရချေ။ ငှက်နှင့်ပိုးမွှားများ၏ အသိုက်ပြုလုပ်ခြင်း၊ မိတ်လိုက်ခြင်း၊ ဥအုခြင်း၊ သားငယ်များအား အစာကျွေးခြင်း စသည်တို့သည် သတ္တဝါမျိုးစု တည်မြဲမှုသို့ ရှေးရှုဟန်ရှိသော်လည်း ပတ်ဝန်းကျင်ပြောင်းလဲလိုက်ပါက ယင်းတို့သည် အဓိပ္ပာယ်၊ ဦးတည်ချက်မရှိသော အပြုအမူများ ဖြစ်လာသည်ကို တွေ့ရ၏။

# ဦးတည်ချက်နှင့် အပြုအမူ

သဘာဝမေမွှသည် ဦးတည်ချက် ရှိ,မရှိ စဉ်းစားရန် အထူးလိုသော သိပ္ပံပညာမှာ ဇီဝဗေဒဖြစ်၏။ ဇီဝဗေဒဆရာသည် သတ္တဝါများကို လေ့လာရာ၌ မျိုးဥမှသန္ဓေသား၊ ထိုမှတစ်ဖန် လူသတ္တဝါအဖြစ်သို့ ကြီးထွားပြောင်းလဲလာပုံ၊ သတ္တဝါအသက်ရှင်၍ ကြီးပွားမှုအတွက် ကိုယ်အင်္ဂါများ စုပေါင်းဆောင်ရွက်ပုံ၊ ပတ်ဝန်းကျင်နှင့် ဝင်ဆံ့အောင် သတ္တဝါများ သွားလာနေထိုင်ပုံ၊ သတ္တဝါ၏ အပြုအမူများ ဆန်းကြယ်ထွေပြားပုံ စသည်များကို တွေ့မြင်ရသောအခါ ဦးတည်ချက်ပြသောနာကို ရှောင်လွှဲ၍ မရတော့ချေ။ ထိုလက္ခဏာခြင်းရာများကို ထောက်ပြ၍ အချို့ဆရာတို့က သဘာဝမေမွှမှာ ဦးတည်ချက်ရှိသည်ဟု ဆိုကြ၏။ ဤနေရာ၌ ဇီဝဗေဒဆရာတို့ ထောက်ပြသော အကြောင်းခြင်းရာ များစွာရှိသည့် အနက် ကျောက်ကပ်၏လုပ်ငန်းကို ပြယုဂ်အနေဖြင့် စဉ်းစားရာ၏။

ကျောက်ကပ်သည် အံ့သြဖွယ်ရာကောင်းသော ကိုယ်အင်္ဂါ ဖြစ်၏။ ၎င်းသည် နှလုံးသွေးထဲမှ အညစ်အကြေးများကို စွန့်ပစ်ထုတ်သည်သာမက သွေး၏ထုထည်နှင့် ဓာတ်ပစ္စည်းများကို သမအောင် ပြုပြင်ပေး၏။ လူ့ကိုယ်မှ သွေးအားလုံးကို ၄၅ မိနစ်လျှင်တစ်ကြိမ် ကျောက်ကပ်များက စစ်ပေး၏။ ကျောက်ကပ်တစ်လုံး အနာရောဂါဖြစ်၍ ဖြတ်ပစ်လိုက်ပါက အခြားကျောက်ကပ်သည် ကြီးလာပြီးလျှင် ရှေးက ကျောက်ကပ်နှစ်လုံးလုပ်သော အလုပ်ကိုလုပ်၏။ ကျောက်ကပ်တစ်လုံးတည်းက အလုပ်ပိုလုပ်ခြင်းဖြင့် နှလုံးသွေးသည် အခြေအနေ ကောင်း၍ ကိုယ်ခန္ဓာသည် အညစ်အကြေးနှင့် အဆိပ်အတောက်များမှ ကင်း၏။

သို့ဖြစ်၍ ကျောက်ကပ်၏ ဦးတည်ချက်မှာ ကိုယ်ခန္ဓာမှ အညစ်အကြေး စွန့်ထုတ်ရန်ဖြစ်သည်ဟု ယူဆဖွယ်ရာ ရှိ၏။ သိပ္ပံပညာကမူ ဦးတည်ချက်ဟု မဆိုဘဲ ကျောက်ကပ်၏ လုပ်ငန်းကိစ္စမှာ အညစ်အကြေးစွန့်ထုတ်ရန် ဖြစ်သည် ဟု ဆိုပေလိမ့်မည်။ သိပ္ပံဆရာတို့အလိုအားဖြင့် ကျောက်ကပ်သည် လူ၏အခြား ကိုယ်အင်္ဂါများကဲ့သို့ပင် သဘာဝရွေးချယ်မှုဖြင့် ဖြစ်ပေါ်လာရ၏။ ကမ္ဘာဦး သတ္တဝါများတွင် အညစ်အကြေးစွန့်ထုတ်ရန် အင်္ဂါအနည်းငယ်ရှိသော သတ္တဝါ များသာ ကြာရှည်အသက်ရှင်၍ ထိုအင်္ဂါကင်းမဲ့သော သတ္တဝါများမှာ သက်ဆိုး ရှည်ခဲ့မည် မဟုတ်ချေ။ ကျောက်ကပ်ကြောင့် ကြာရှည်အသက်ရှင်သောသတ္တဝါ များသည် သားသမီးအရများ၍ ထိုသားသမီးများသည် ကျောက်ကပ်ကို ဗီဇ အနေဖြင့် ရရှိခဲ့ပေရာ၏။ ၎င်းတို့သည် မျိုးပွား၍ ကျောက်ကပ်မဲ့သတ္တဝါများမှာ တစ်စတစ်စ မျိုးသုဉ်းခဲ့ပေရာ၏။ မူလအစက အချို့သောသတ္တဝါ၌ ကျောက်ကပ် ရှိခြင်း၊ အချို့၌မရှိခြင်းမှာ အကြောင်းမဲ့ဖြစ်၍ ယနေ့သတ္တဝါတိုင်း၌ အသုံးဝင် သော ကျောက်ကပ်ရှိနေခြင်းမှာ သဘာဝတရား၏ ရွေးချယ်မှုကြောင့်ပင် ဖြစ် ၏။ သို့ဖြစ်၍ ကျောက်ကပ်၏ အသုံးဝင်မှုကိုကြည့်ပြီး ၎င်း၏ဦးတည်ချက်ကို စဉ်းစားနေရန် မလိုချေ။

တိရစ္ဆာန်သတ္တဝါတို့၏ အပြုအမူများသည် အပေါ်ယံအမြင်အားဖြင့် ဦးတည်ချက်ရှိသည်ဟု ထင်ရ၏။ သို့ရာတွင် စေ့စေ့စပ်စပ်၊ နှိက်နှိက်ချွတ်ချွတ် လေ့လာပါက ထိုသို့ယူဆရန် ခိုင်မာသော အထောက်အထား မတွေ့ရချေ။ ငှက်နှင့်ပိုးမွှားများ၏ အသိုက်ပြုလုပ်ခြင်း၊ မိတ်လိုက်ခြင်း၊ ဥအုခြင်း၊ သားငယ် များအား အစာကျွေးခြင်း စသည်တို့သည် သတ္တဝါမျိုးစု တည်မြဲမှုသို့ ရှေးရှုဟန် ရှိသော်လည်း ပတ်ဝန်းကျင်ပြောင်းလဲလိုက်ပါက ယင်းတို့သည် အဓိပ္ပာယ်၊ ဦးတည်ချက်မရှိသော အပြုအမူများ ဖြစ်လာသည်ကို တွေ့ရ၏။

ပုံစံကား ပျားအုံတစ်အုံကို ပျားများမရှိစဉ် အနည်းငယ်ဝေးသောနေရာသို့ ရွှေ့ပြောင်းထားပါက ပျားများသည် ပျားအုံကိုရှာမနေဘဲ နေရာဟောင်းသို့ လာ၍ သေကြပေလိမ့်မည်။ ကျီးသိုက်ထဲသို့ ဥဩပေါက်စကလေးများ ရောက်ရှိ နေပါက ကျီးမသည် အသိုက်အပြင်၌ တစာစာအော်နေသော သားငယ်များကို မြင်နေကြားနေပါလျက် ဥဩငယ်များကိုသာ အစာခွံ့ပေလိမ့်မည်။ ခွေးမကြီးက ကြောင်ကလေးများအား နို့တိုက်နေပုံကို တစ်ခါတစ်ရံ သတင်းစာများ၌ ဖော်ပြကြပေရာ ဤအပြုအမူမှာ ဦးတည်ချက်ရှိသည်ဟု မဆိုနိုင်ချေ။ သိပ္ပံပညာ သည် ထိုအပြုအမူမျိုးကို ကိုယ်တွင်း စေ့ဆော်မှုများအဖြစ်ဖြင့် ရှင်းပြ၏။

ပုံစံအားဖြင့် မိခင်ကြွက်မသည် အသိုက်အပြင်သို့ ရောက်ရှိနေသော ကြွက်ငယ်များကို အသိုက်သို့ ကိုက်ချီယူလေ့ရှိပေရာ ဤသို့ပြုလုပ်ခြင်းမှာ ဦးနှောက်အောက်ပိုင်းရှိ ပီကျူထရီဂလင်းမှ စိမ့်ကျသော ဟော်မုန်းကြောင့် ဖြစ်သည်ဆို၏။ သားပေါက်ပြီးစ ဤဟော်မုန်းဓာတ်အား ကောင်းနေသောကာလ၌ ကြွက်မသည် ကြွက်ငယ်များကိုသာမဟုတ်၊ အနီးအနားရှိ ယုန်ပေါက်စ၊ ကြက်ပေါက်စကလေးများကိုလည်း အသိုက်သို့ ချီယူလေ့ရှိကြောင်း ပညာရှင်တို့ သုတေသနပြု၍ သိရှိရ၏။

ဤသို့ဖြင့် သိပ္ပံပညာသည် တိရစ္ဆာန်တို့၏အပြုအမူများကို ရုပ်သဘောတရားများဖြင့် ရှင်းပြလေ့ရှိ၏။ လူ့အပြုအမူများကို သိပ္ပံနည်းကျလေ့လာသော ယခုခေတ် စိတ်ပညာ၏ ခံယူချက်မှာလည်း ထိုနည်းအတူ ရုပ်ဝါဒခံယူချက်ဖြစ်၏။ စိတ်ပညာနယ်၌ ဦးတည်ချက်ကို လက်ခံယုံကြည်သော ပညာရှင်များ ရှိကြပါ၏။ သို့ရာတွင် ၎င်းတို့မှာ လူနည်းစုဖြစ်၍ အများအားဖြင့်ကား စိတ်ပညာရှင်တို့သည် လူ့အပြုအမူကို ရုပ်ဝတ္ထုတစ်ခု၏ လုပ်နည်းလုပ်ဟန်အနေမျိုး မြင်ကြ၏။ လူ၏အပြုအမူများကို လေ့လာရာ၌ ဦးတည်ရည်မှန်းချက်ကို လုံးဝပယ်၍ ယင်းတို့အား စေ့ဆော်သော ကိုယ်တွင်းလှုပ်ရှား ပြောင်းလဲမှုများကိုသာ စဉ်းစားကြ၏။

သိပ္ပံပညာထွန်းကားသော ယခုခေတ်၌ ဦးတည်ချက်ကို အယုံအကြည်မရှိသောသူ ပေါများလာခြင်းမှာ မဆန်းလှချေ။ ဦးတည်ချက်ကို ယုံကြည်မှုသည် ဘာသာတရားများနှင့် ဆက်စပ်လျက်ရှိပေရာ ဘာသာတရားများ မှေးမှိန်နေသော သိပ္ပံပညာခေတ်၌ ၎င်းသည်လည်း တဖြည်းဖြည်း အားနည်းလာခဲ့၏။ သိပ္ပံပညာကို အလွန်အထင်ကြီးသော သူတို့သည် သိပ္ပံဆရာတို့က လက်မခံသောအယူကို ယထာဘူတကျကျ ဆင်ခြင်သုံးသပ်လိုသောဆန္ဒ မရှိကြချေ။ စင်စစ် ဦးတည်ချက်အယူသည် ခေတ်နောက်ပြန်ဆွဲသော အယူဖြစ်သည်။ ယင်းအယူ ထွန်းကားသော ရှေးခေတ်က သိပ္ပံပညာသည် လုံးဝမတိုးတက်ဘဲ ၎င်းကိုပယ်၍ သဘာဝမှုများကို အကြောင်းအကျိုးတရား သဘာဝနိယာမတရားများဖြင့် ရှင်းပြရန် လူတို့ ကြံစည်အားထုတ်သောအချိန်မှစ၍ သိပ္ပံပညာမှာ တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်ဟု ဆိုကြ၏။ သိပ္ပံပညာရှင်တို့၏ ရှင်းပြချက်မှာ ဦးတည်ချက် ယုံကြည်သူတို့၏ ရှင်းပြချက်ကဲ့သို့ အတွေးအခေါ် သက်သက်မဟုတ်ဘဲ လက်တွေ့ဒိဋ္ဌမှုဖြစ်သည်။ ရှေ့ဖြစ်ကို ကြိုတင်ဟောပြောနိုင်သော နည်းဖြစ်သည်။ ဦးတည်ချက်ကို ထည့်သွင်းစဉ်းစားရန်မလိုသော (ဝါ) ပြီးပြည့်စုံသော နည်းဖြစ်သည်။ ပုံစံအားဖြင့် နေကြတ်

ခြင်းကို ရှင်းပြသော သိပ္ပံနည်းဖြင့် နေကြတ်မည့် နေ့ရက်၊ နာရီကို အတိအကျ သိနိုင်သည်။ ရှင်းပြချက်မှာ နေကြတ်ခြင်း၏ ဦးတည်ချက် (အကောင်းအဆိုး၊ အတိတ်နိမိတ် စသည်)များကို မစဉ်းစားဘဲ နားလည်နိုင်သော ရှင်းပြချက်လည်း ဖြစ်သည် စသည်ဖြင့် သိပ္ပံရှင်းပြနည်း၏ သာလွန်ကောင်းမွန်သော ဂုဏ်လက္ခဏာ များကို ထောက်ပြကြ၏။

သို့ရာတွင် ဦးတည်ချက်ကို ပယ်သောသူတို့မှာ သိပ္ပံပညာလေ့လာဖူး သော လူနည်းစုမျှသာဖြစ်၍ ကမ္ဘာပေါ်ရှိ လူများစုမှာကား ဦးတည်ချက်ကို တစ်နည်းမဟုတ်တစ်နည်း လက်ခံယုံကြည်နေကြဆဲ ဖြစ်၏။ သဘာဝတရားများ သည် ဦးတည်ချက်အပေါ်၌ အခြေပြုကြသည်မှန်၏။ သို့သော် ဦးတည်ချက်ကို ယုံကြည်သောသူတို့မှာ ဘာသာရေးသမားများသာလျှင် ဖြစ်သည်မဟုတ်ချေ။ ဂရိပညာရှင် အရစ္စတိုတယ်သည် ဦးတည်ချက်ကို ယုံကြည်သောသူဖြစ်၏။ သို့ရာတွင် အထက်က ဖော်ပြခဲ့သည့်အတိုင်း သူ၏ အကြောင်းပြချက်မှာ ဘာသာရေး အတွေးအခေါ်များနှင့် ဆက်စပ်နှီးနွှယ်ခြင်း မရှိချေ။

၉

လူသားတို့၏ အပြုအမူကို လေ့လာရာ၌ ကျွန်ုပ်တို့သည် သမားရိုးကျ သိပ္ပံအမြင်ကိုစွန့်၍ ဦးတည်ချက်ကို ထောက်ပြရမည်ဖြစ်၏။ သိပ္ပံပညာသည် လူတို့၏ မိဘမေတ္တာ၊ မျိုးချစ်စိတ် စသည်တို့ကို ဂလင်း၊ ဟော်မုန်း၊ နာဗ့်ကြောစု စသည်တို့ဖြင့် ရှင်းပြနိုင်ပေရာ၏။ ဂေါတမဗုဒ္ဓ၊ မဟတ္တမဂန္ဒီ၊ အိုင်စတိုင်းစသော ပုဂ္ဂိုလ်ကျော်တို့၏ စိတ်ဓာတ်ကိုမူ သိပ္ပံနည်းဖြင့် ရှင်းပြ၍မရအပ်ဘဲ ဦးတည်ချက်ကို ထည့်သွင်းစဉ်းစားပါမှ ကျွန်ုပ်တို့ နားလည်နိုင်မည် ဖြစ်၏။

# သဘာဝဓမ္မ၏ ဦးတည်ချက်

ဗုဒ္ဓဘာသာသည် ထာဝရဘုရား၊ အတ္တဝိညာဉ် စသည်တို့ကိုပယ်သော ကြောင့် ဦးတည်ချက်မရှိသော ဘာသာတရားဖြစ်သည်ဟု ထင်ရန်ရှိ၏။ သို့ရာတွင် ဗုဒ္ဓဘာသာ၏ ကမ္မဝါဒသည် ဦးတည်ချက်ကို ရှေ့တန်းသို့တင်သော ဝါဒဖြစ်၏။ လူသတ္တဝါမှန်သမျှသည် မိမိ ပြုလုပ်သောအမှု၏ ကောင်းကျိုးဆိုးပြစ်ကို မလွဲမသွေ မုချခံစားရမည်ဟူသော ယုံကြည်ချက်အရ လူ့လောကသည် တရားမျှတမှုပန်းတိုင်သို့ ဦးတည်ချက်ရှိသည်ဟုလည်း ခံယူရမည်ဖြစ်၏။ လူတစ်ဦး၏ ချမ်းသာမှု၊ ဆင်းရဲမှုကို မျက်မြင်ဒိဋ္ဌ အကြောင်းတရားများနှင့် မကျေနပ်ဘဲ အတိတ်ဘဝက ကောင်းမှု၊ မကောင်းမှုများဖြင့် အကြောင်းပြခြင်းမှာလည်း အထက်ပါဦးတည်ချက်နှင့်အညီ လူ့လောက ဖြစ်ပျက်လျက်ရှိသည်ဟူသော ခံယူမှုပင် ဖြစ်လေသည်။

အချို့သော လူတို့သည် ဘာသာတရားအားလုံးကို အကြွင်းမဲ့ပယ်၍ ထာဝရဘုရား၊ တမလွန်ဘဝ စသည်တို့ကို လုံးဝ မယုံကြည်သော်လည်း ဦးတည်ချက်ကို ယုံကြည်ကြ၏။ သူတို့ခံယူသော ဦးတည်ချက်မှာ စကြဝဠာဦးတည်ချက် မဟုတ်ဘဲ စကြဝဠာ၏ အစိတ်အပိုင်းဖြစ်သော လူ့လောက ဦးတည်ချက်ဖြစ်သည်။ နောက်ဆုံးတစ်နေ့၌ ကမ္ဘာကြီးကို ပစ္စည်းမဲ့လူတန်းစားက အုပ်စိုးရမည်ဟူသော ယုံကြည်ချက်သည် ကွန်မြူနစ်တို့၏ ဦးတည်ချက်ဖြစ်၏။ များစွာသော လူတို့သည် ဘာသာတရားကို ကဲ့ရဲ့ရှုတ်ချသော်လည်း လောက၌ အမှန်တရား

ရှိသည်၊ အမှန်တရားက နောက်ဆုံး၌ အောင်မြင်ရမည်ဟု ယုံကြည်ကြ၏။ တရားရှိသောသူကို တရားကပြန်၍ စောင့်ရှောက်သည်ဟု ဆိုကြ၏။ ဤသည်မှာလည်း လောကကြီးသည် အမှန်တရား၊ အကောင်းတရားဘက်သို့ ဦးတည်နေသည်ဟူသော ခံယူချက် ဖြစ်လေသည်။

ဤအမှန်တရား ဦးတည်ချက်နှင့် ဗုဒ္ဓဘာသာဝင်တို့၏ ကမ္မဝါဒဦးတည်ချက်မှာ စေ့ငုသေချာစွာ စူးစမ်းလေ့လာ၍ ရအပ်သော တရားများမဟုတ်ချေ။ စင်စစ် ၎င်းတို့ကိုခံယူရာ၌ ယုံကြည်မှုသည်သာ ပဓာနဖြစ်၏။ အရစ္စတိုတယ်၏ ဗီဇက ဒိဋ္ဌမမှုသို့ ဦးတည်ချက်မှာမူ ကျွန်ုပ်တို့ မျက်မြင်ထင်ရှားဖြစ်၍ သံသယဝင်ဖွယ်မရှိ။ သို့ရာတွင် ၎င်းမှာ လူအများခံယူသော စကြဝဠာ၏ဦးတည်ချက်မဟုတ်။ အရစ္စတိုတယ်၏အဆိုသည် စကြဝဠာဦးတည်ချက်ကို ယုံကြည်သောသူတို့က ထောက်ပြသည့် အကြောင်းခြင်းရာကို တိတိပပ ရှင်းပြနိုင်မည်လည်း မဟုတ်ချေ။

သူတို့ထောက်ပြသော အခြင်းအရာမှာ စကြဝဠာ၏ စနစ်တကျဖြစ်ပျက်လှုပ်ရှားနေမှုဖြစ်၏။ လောက၌ ကျွန်ုပ်တို့ မြင်တွေ့ရသမျှသော သဘာဝဓမ္မတို့သည် အကွပ်မဲ့ကြမ်းပမာ ပရမ်းပတာမဟုတ်ဘဲ စည်းကမ်းတကျ ဖြစ်ပျက်လျက်ရှိကြ၏။ ကောင်းကင်၌ နေလနက္ခတ်တို့သည် စည်းကမ်းတကျ လှည့်လည်သွားလာနေကြ၏။ ရာသီဥတုတို့သည် အချိန်မှန် ပြောင်းလဲကြ၏။ တိရစ္ဆာန်တို့၏ကိုယ်ခန္ဓာ ဖွဲ့စည်းတည်ဆောက်ပုံ၊ ကိုယ်အင်္ဂါများ၏ အသုံးဝင်ပုံ၊ ၎င်းတို့၏ အရောင်အဆင်း၊ အလုံးအရပ်သဏ္ဌာန်၊ ပတ်ဝန်းကျင်ဒေသနှင့် အလေ့အထများသည် အားလုံးသူ့နေရာနှင့်သူ အဓိပ္ပာယ်ရှိကြ၏။ လူ့ခန္ဓာကိုယ်ကို ကြည့်ပါဦး။ လူ့ခန္ဓာကိုယ်၌ အသုံးမဝင်ဘဲ အချည်းနှီးဖြစ်သော အင်္ဂါအစိတ်အပိုင်းဟူ၍ မရှိ။ ကိုယ်အင်္ဂါအားလုံးသည် လူသတ္တဝါ အသက်ရှင်မှုအတွက် စနစ်တကျ ညီညာဖြဖြ အလုပ်လုပ်ကြ၏။ ကျွန်ုပ်တို့၏ ဦးနှောက်ထဲ၌ ကုဋေကုဋာမကသော ဆဲလ်တို့သည် ကျွန်ုပ်တို့အား စုပေါင်း၍ အကျိုးပြုကြ၏။ နာချေခြင်းကဲ့သို့သော အသေးအဖွဲလှုပ်ရှားမှု၌ ကြွက်သားပေါင်း နှစ်ဆယ်၊ သုံးဆယ် ပါဝင်လုပ်ဆောင်ကြ၏။ ကိုယ်ခန္ဓာ ဒဏ်တစ်ခုခုဖြစ်မည်၊ ရောဂါပိုးများအထဲသို့ ဝင်ရောက်လာမည်ဆိုပါက သတ္တဝါသည် နည်းအမျိုးမျိုးဖြင့် ခုခံကာကွယ်လေ့ရှိ၏။ တိရစ္ဆာန်များ၏ အမြီးကို ဖြတ်ပစ်လိုက်ပါက အမြီးသစ်တစ်ချောင်း ပေါက်လာ၏။ တစ်မျိုးတည်းသော ဆဲလ်တို့သည် အခြေအနေအရ လိုအပ်သော အမြီးကိုသော်လည်းကောင်း၊ ခြေထောက်ကိုသော်လည်းကောင်း ဖန်တီးပေးနိုင်စွမ်းရှိ၏။

ဤသို့ သက်ရှိခန္ဓာကိုယ်၏ ထူးခြားဆန်းကြယ်စွာ တည်ဆောက်ထားပုံ၊ ကိုယ်အင်္ဂါအသီးသီး အံ့ဖွယ်လိလိ စနစ်တကျ အလုပ်လုပ်ပုံ၊ သူ့နေရာနှင့်သူ အသုံးဝင်ပုံများကို ထောက်ပြ၍ လောကကိုအုပ်စိုးသော အနန္တတန်ခိုးရှင်သည် မုချရှိရမည်ဟု အချို့လူတို့ ယုံကြည်ကြ၏။ နာရီ၊ သို့မဟုတ် မော်တော်ကားဌ် ပါဝင်သော ပစ္စည်းကိရိယာ အသီးသီးသည် သူ့နေရာနှင့်သူ အရေးပါ၍ ၎င်းတို့၏ လှုပ်ရှားမှုများသည် အစီအစဉ် နည်းစနစ်ရှိခြင်းဖြင့် ထင်ရှား၏။ ဤသို့ အစီအစဉ်၊ နည်းစနစ်ရှိခြင်းသည် နဂိုမူလက နာရီနှင့် မော်တော်ကားကို ဖန်တီးသောသူ၌ ဦးတည်ချက် ရှိသောကြောင့်သာလျှင် ဖြစ်ရပေမည်။ ထိုနည်းအတူ သက်ရှိကိုယ်ခန္ဓာနှင့် အခြား သင်္ခါရဓမ္မတို့၏ ပြောင်းလဲလှုပ်ရှားမှု၌ အစီအစဉ် နည်းစနစ်ရှိခြင်းသည် နောက်ပိုင်းက စီမံသော အနန္တတန်ခိုးရှင်၏ ဦးတည်ချက်နှင့်အညီ ဖြစ်ရမည်ဟု ဆိုကြ၏။

သို့ရာတွင် ဤသည်မှာ လူ့ရှုထောင့်မှနေ၍ ကြံဆခြင်း၊ ဥပမာဖြင့် တွေးခေါ်ခြင်းဖြစ်၍ အကြောင်းယုတ္တိ ပြည့်စုံခိုင်လုံသည်ဟု မဆိုသာချေ။ လူ့ရှုထောင့်အမြင်၏ မှားယွင်းတတ်ပုံကို အထက်က ပြဆိုခဲ့ပေပြီ။ ဥပမာဖြင့် တွေးခေါ်ခြင်းသည်လည်း ယထာဘူတကျကျ စဉ်းစားဆင်ခြင်ရာ၌ အရေးမပါလှချေ။ ဥပမာဖြင့် ကြံဆခြင်းသည် ချွတ်ယွင်းချက်များရှိ၍ အများအားဖြင့် လွဲမှားတတ်၏။[၁] အထောက်အထားခိုင်မာရန်အတွက် နှိုင်းယှဉ်သော အရာနှစ်ခုသည် အရေးကြီးသော နေရာများ၌ တူညီရန်လို၏။ သတ္တဝါ၏ ကိုယ်ခန္ဓာနှင့် နာရီ၊ မော်တော်ကားစသော စက်ပစ္စည်းများမှာ အရေးပါသော တူညီချက်များ မရှိဘဲ အသက်ရှိခြင်း၊ အသက်မဲ့ခြင်းတည်းဟူသော ခြားနားချက်က အလွန်အရေးပါလှသောကြောင့် ၎င်းတို့ကို နှိုင်းယှဉ်၍ ဆွဲယူရရှိအပ်သော ကောက်ချက်သည် မသေချာ မရေရာချေ။

စကြဝဠာ၏ ဦးတည်ချက်ရှိသည်ဆိုသော အယူ၏ အခြားမြောက်ကွက်တစ်ခုမှာ အကောင်းဘက်ကိုရှု၍ အဆိုးဘက်ကို မျက်ကွယ်ပြုထားမှု ဖြစ်၏။ စင်စစ် လောက၌ အစီအစဉ် နည်းစနစ်ရှိသော လက္ခဏာများသည် ထင်ရှားသည်နှင့်အမျှ အခြားတစ်ဖက်၌ စနစ်မရှိဘဲ ပရမ်းပတာ ဖြစ်ချင်တိုင်းဖြစ်နေသော အခြင်းအရာများသည်လည်း ထင်ရှား၏။ မီး၊ ရေ၊ လေ စသော သဘာဝဓမ္မများသည် တစ်ခါတစ်ရံ အပြင်းအထန် ဖောက်ပြန်တတ်၏။ လျှင်လှုပ်ခြင်း၊

---

၁။ သိပ္ပံနည်းစူစမ်းမှုနှင့် သိပ္ပံပညာသဘော (ဦးအေးမောင်)

မိးတောင်ပေါက်ကွဲခြင်း၊ လေမုန်တိုင်းကျခြင်း၊ ရေကြီးခြင်း စသည်တို့သည် တစ်စုံတစ်ခုသော ဦးတည်ချက်ရှိပါသည်ဟု မည်သူကမျှ ခံယူမည်မဟုတ်ချေ။ လူ့လောက၌လည်း ဆင်းရဲငတ်မွတ်ခြင်း၊ စစ်ဖြစ်ခြင်း၊ ရောဂါကူးရကပ်ဆိုက် ရောက်ခြင်း၊ လူမိုက်များကောင်းစား၍ လူလိမ္မာများ ဒုက္ခခံစားနေကြရခြင်း စသော အနိဋ္ဌာရုံများသည် ရှိ၏။ ဤအနိဋ္ဌာရုံများကို အနန္တတန်ခိုးရှင်၏ ဦးတည်ချက်နှင့် ကျွန်ုပ်တို့ မည်သို့ ဆက်စပ်အကဲဖြတ်၍ ရနိုင်ပါမည်နည်း။

စကြဝဠာ၊ သို့မဟုတ် လူ့လောကတစ်ခုလုံးအနေဖြင့် မဟုတ်ဘဲ လူအုပ်စု တစ်စု သို့မဟုတ် လူတစ်ဦးတစ်ယောက်အနေဖြင့် ဦးတည်ချက်ရှိခြင်းမှာကား ကျွန်ုပ်တို့ သံသယဝင်ရန် မလိုချေ။ ကမ္ဘာကုလသမဂ္ဂသည် ကမ္ဘာငြိမ်းချမ်းရေးသို့ ဦးတည်ချက်ရှိ၏။ လူမျိုးအသီးသီးသည် မိမိတို့နိုင်ငံနှင့် အမျိုးသားများ ကြီးပွား ချမ်းသာမှုသို့ ရှေးရှုချက်ရှိ၏။ လူတိုင်းလူတိုင်းသည် မိမိဘဝရပ်တည်မှု၊ မိမိ၏ မိသားစုကောင်းစားမှုကို မျှော်မှန်း၍ အလုပ်လုပ်ကြစမြဲ ဖြစ်၏။ စင်စစ် လူတို့၏ လုပ်ငန်းကိစ္စမှန်သမျှသည် ဦးတည်ချက်နှင့် မကင်းနိုင်ချေ။ ဦးတည်ချက်ရှိရုံ မျှဖြင့်ပင် မပြီး။ ဦးတည်ချက်သည် သဘာဝယုတ္တိရှိ၍ တိကျပြတ်သားပါမှ၊ စွဲစွဲမြဲမြဲလည်း ဆုပ်ကိုင်ထားပါမှ ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများ အောင်မြင်ရန် လမ်းရှိ၏။

သိပ္ပံဆရာတို့သည် ဦးတည်ချက်ကို ထိုသို့ လူတို့အပြုအမူ၏ အရေးပါ သော အကြောင်းတရား တစ်ခုအနေဖြင့်ပင် မစဉ်းစားလိုကြချေ။ ဦးတည်ချက် သည် အမှုတစ်ခု ဖြစ်ပွားပြီးသည်၏ နောက်ကာလမှ ထင်ရှားလာသော တရား ဖြစ်သည်။ အကြောင်းတရားဟူသည် အမှုမဖြစ်ပွားမီ ရှေးကရှိနှင့်ပြီးဖြစ်သော တရားဖြစ်သည်။ ထို့ကြောင့် ဦးတည်ချက်သည် အကြောင်းတရား အစစ်မဟုတ်။ အကြောင်းတရားအနေဖြင့် မှတ်ယူလျှင်လည်း ၎င်းသည် သိပ္ပံပညာအမြင်နှင့် ဆန့်ကျင်သောတရား ဖြစ်သည်ဟု ဆိုကြ၏။ သို့ရာတွင် ဦးတည်ချက်က လူ့သတ္တဝါအား ဆွဲဆောင်သည်၊ သို့မဟုတ် လူတို့သည် ဦးတည်ချက်ဖြင့် အလုပ်လုပ်ကြသည်ဆိုရာ၌ ကျွန်ုပ်တို့သည် ယခု လုံးဝမရှိသေးသော အနာဂတ် တရားကို ဆိုလိုခြင်းမဟုတ်၊ အနာဂတ်တရားကို အစွဲပြု၍ ဖြစ်ပေါ်လာသော မျှော်မှန်းမှု၊ လိုချင်မှု အစရှိသည့် စေတသိက်တရားများကို ဆိုလိုခြင်းဖြစ်၏။ ၎င်းတို့သည် အမှုမဖြစ်ပွားမီက ထင်ရှားနေသော တရားများဖြစ်ပေရာ သိပ္ပံပညာ နားလည်သော အကြောင်းတရား၏ လက္ခဏာအင်္ဂါနှင့် ဆန့်ကျင်သည်ဟု မဆိုသာချေ။

လူ၏မျှော်မှန်းချက်၊ အလိုဆန္ဒစသော စေတသိက်တရားများမှာ လက်တွေ့စမ်းသပ်ခြင်း၊ အတိအကျ တိုင်းတာခြင်းပြု၍ ရအပ်သောအရာများ မဟုတ်သောကြောင့် သိပ္ပံပညာက ပယ်ထားသည်ဆိုပါမူကား ကျွန်ုပ်တို့ ချေပရန်ခဲယဉ်း၏။ အလိုဆန္ဒနှင့် မျှော်မှန်းချက်စသော စိတ်စေတသိက်တရားများကအခြေခံ သဘောမတူသော ရုပ်ဝတ္ထု ရုပ်လောကအပေါ် မည်သို့ အကျိုးသက်ရောက်ပါသနည်း (ဝါ) လူ၏ လုပ်ငန်းကိစ္စများ၌ ပါဝင်ပြုပြင်နိုင်ပါမည်နည်းဆိုသောအချက်မှာလည်း သိပ္ပံပညာအဖို့ ဖြေရှင်း၍မရအပ်သော ပြဿနာဖြစ်၏။ သို့ရာတွင် လူ့စိတ်ကို သိပ္ပံနည်းကျကျ လေ့လာရန်၊ သိရှိနားလည်ရန် ခက်ခဲခြင်းသည် လူတို့ဦးတည်ချက်ကို ပစ်ပယ်ရန် အကြောင်းမဟုတ်ချေ။ လောက၌ သိပ္ပံပညာဖြင့် ရှင်းပြ၍မရသော်လည်း ငြင်းကွယ်၍မရအပ်သော သာဓကရေမ္ဘများ သည်ရှိ၏။ လူတို့၏ဦးတည်ချက်သည် ကျွန်ုပ်တို့ မျက်ကွယ်ပြု၍ မရအပ်သော ဒိဋ္ဌဓမ္မဖြစ်ပေရာ ၎င်းကို သိပ္ပံသုတေသီတို့ နားလည်သော ရူပဗေဒ၊ ဓာတုဗေဒ သဘောတရားများကဲ့သို့ အကြောင်းပရားဖြစ်ခုအနေဖြင့် ခံယူရပေလိမ့်မည်။

စင်စစ် အချို့သော လူသားတို့၏ အပြုအမူကို လေ့လာရာ၌ ကျွန်ုပ်တို့သည် သမားရိုးကျသိပ္ပံအမြင်ကို စွန့်၍ ဦးတည်ချက်ကို ထောက်ပြရမည်ဖြစ်၏။ သိပ္ပံပညာသည် လူတို့၏မိဘမေတ္တာ မျိုးချစ်စိတ် စသည်တို့ကို ဂလင်း၊ ဟော်မုန်း၊ နာဗ်ကြောစ စသည်တို့ဖြင့် ရှင်းပြနိုင်ပေရာ၏။ ဂေါတမဗုဒ္ဓ၊ မဟတ္တမဂန္ဒီ၊ အိုင်စတိုင်းစသော ပုဂ္ဂိုလ်ကျော်တို့၏ စိတ်ဓာတ်ကိုမူ သိပ္ပံနည်းဖြင့် ရှင်းပြ၍ မရဘဲ ဦးတည်ချက်ကို ထည့်သွင်းစဉ်းစားပါမှ ကျွန်ုပ်တို့ နားလည်နိုင်မည်ဖြစ်၏။

သို့ရာတွင် လူတို့၏ လုပ်ငန်းကိစ္စများ၌ ဦးတည်ချက် ထင်ရှားခြင်းနှင့် သဘာဝဓမ္မ၌ ဦးတည်ချက်ရှိသည်ဆိုခြင်းမှာ တခြားစီဖြစ်၏။ လူ၏ဦးတည်ချက်သည် ထင်ရှားသော်လည်း သဘာဝဓမ္မ၏ ဦးတည်ချက်မှာ ရှိချင်မှရှိပေလိမ့်မည်။ သဘာဝဓမ္မ၏ လက္ခဏာခြင်းရာများကို ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာသုံးသပ်ပါက ဦးတည်ချက်ကင်းမဲ့သည်ဟု ယူဆရန်ရှိ၏။ သို့ရာတွင် ဤယူဆချက်မှာ အကြောင်းယုတ္တိ ပြည့်စုံခိုင်လုံသည်ဟု မဆိုသာချေ။ သဘာဝဓမ္မ၏ ဦးတည်ချက် ရှိ,မရှိ ပြဿနာမှာ သိပ္ပံနည်းဖြင့် ဖြေရှင်း၍မရအပ်။ လူ့အသိဉာဏ်ဖြင့်လည်း ဆုံးဖြတ်၍ မရအပ်ချေ။

## ၁၀

လူသည် တိရစ္ဆာန်ကဲ့သို့ ပတ်ဝန်းကျင် ပြုပြင်ဖန်တီးသမျှကို ငုံ့ခံနေသော သတ္တဝါမဟုတ်၊ ပတ်ဝန်းကျင်ကို တစ်စိတ်တစ်ဒေသကျော်လွန်၍၊ သို့တည်းမဟုတ် ပြုပြင်၍ မိမိကြီးပွားရေးကို ရှေးရှုလုပ်ကိုင်သော ပုဂ္ဂိုလ်ဖြစ်၏။ လူသည် အကောင်း၊ အဆိုးကို ခွဲခြားသိမြင်၍ အကောင်းကိုနှစ်သက်လိုလားသော စိတ်ရှိ၏။ အကောင်းကိုရှာဖွေရာ၌ လူသည် သဘာဝမွေနယ်မှ အပြီးအပိုင် မလွတ်ထွက်နိုင်သော်လည်း သဘာဝမွေသည် လူကို အမြဲထာဝရ ပိတ်ပင်ဟန့်တားထားနိုင်သည် မဟုတ်၊ အကြောင်းမူ လူ၌ အဟန့်အတား၊ အခက်အခဲများကို အတန် ကျော်လွှားနိုင်သော ဂုဏ်သတ္တိရှိ၏။ ထိုဂုဏ်သတ္တိကား လူ၏ယုံကြည် မျှော်မှန်းချက်၊ အမြတ်တရားကို တောင့်တချက် စသော စေတသိက်များနှင့် ယှဉ်နေသည့် အားမာန်ဖြစ်၏။

# လူ၏သဘာဝမှ

ဒဿနိကဗေဒ၏ အရေးအကြီးဆုံး ပြဿနာတစ်ရပ်မှာ လူ၏သဘာဝမှကို စူးစမ်းလေ့လာရန်ဖြစ်၏။ ဤပြဿနာကို မျက်ကွယ်ပြုသော ဒဿနိကဗေဒသည် လူ့ဘဝနှင့်ကင်းကွာ၍ လူ့လောက၌ ကြာရှည်လေးမြင့် တည်တံ့မည်မဟုတ်ချေ။ ထို့ကြောင့် ဗုဒ္ဓသည် ပြည့်တန်ဆာ သူခိုးမတစ်ယောက်ကို လိုက်လံရှာဖွေနေသော လိစ္ဆဝီမင်းသားတို့အား "ထိုမိန်းမကို ရှာဖွေခြင်းထက် မိမိကိုယ်မိမိ ရှာဖွေခြင်းက ပို၍မကောင်းပါသလော"ဟု မိန့်ဆိုဖူး၏။ ဂရိပညာရှင်ကြီး ဆော့ကရေးတီး၏ ထင်ရှားသော ဩဝါဒတစ်ခုမှာ "မိမိကိုယ်အကြောင်း မိမိသိရှိအောင် လုပ်ပါ"ဟူသော အဆိုဖြစ်၏။ မည်သည့်နေရာ၌မဆို လူသည်သာလျှင် ပဓာနဖြစ်သည်ဟူ၍လည်း ယနေ့ လူတို့ ပြောလေ့ရှိကြ၏။

လူ၏အကြောင်းကို ခြေခြေမြစ်မြစ် သိရှိနားလည်ရန် လိုအပ်သည်ကားမှန်၏။ သို့ရာတွင် ကျွန်ုပ်တို့သိရှိရန် လိုအပ်နေသောအချက်သည် ဒဿနိကဗေဒအားဖြင့် အနက်အဓိပ္ပာယ်ရှိသော အချက်ဖြစ်ရပေမည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့လေ့လာရမည့်အချက်သည် လူသား၏ မျက်မှောက်ဘဝဖြစ်၍ မမွေးမီက၊ သို့မဟုတ် သေပြီးသည့်နောက် အဖြစ်အပျက်များနှင့် မသက်ဆိုင်ချေ။ လူသတ္တဝါသည် အမိ၏ဝမ်းတွင်းသို့ မည်သည့်အရပ်မှ ရောက်ရှိလာသနည်း၊ သေသည်၏အခြားမဲ့၌ မည်သို့ဖြစ်ပျက်လေသနည်း စသော မေးခွန်းများသည် ဒဿနိကဗေဒ၌ အကျုံးမဝင်ဘဲ ဘာသာတရားများနှင့်ဆိုင်သော မေးခွန်းများဖြစ်၏။ ဒဿနိက

ဆရာသည် ယင်းတို့ကို စိတ်ဝင်စားသော်လည်း အချိန်ကုန်ခံ၍ လေးလေးနက်နက် စဉ်းစားနေမည်မဟုတ်ချေ။ ယင်းတို့နှင့်ဆိုင်ရာ ခံယူချက်များသည် မှားသည်၊ မှန်သည် မည်သို့မျှ ဆုံးဖြတ်၍မရအပ်သော ယုံကြည်မှုသက်သက်မျှသာဖြစ်၍ စင်စစ် ဒိဋ္ဌမမ္မကို ရှေ့တန်းသို့တင်သော ဗုဒ္ဓဝါဒသည်ပင် လူသတ္တဝါ၏ အတိတ်နှင့် အနာဂတ်ဘဝများအကြောင်း တွေးခေါ်ခြင်းကို ပြစ်တင်ရှုတ်ချခဲ့လေသည်။

လူ၏ သဘာဝဓမ္မနှင့် ပတ်သက်၍ ရှေးပဝေသဏီမှစ၍ ယနေ့အထိ ပေါ်ထွန်းခဲ့သော အယူဝါဒသုံးမျိုးရှိ၏။ ထိုဝါဒသုံးမျိုးမှာ ရှေးဂရိတို့၏ အယူ၊ ဗုဒ္ဓဘာသာအယူနှင့် ယခုခေတ် သိပ္ပံပညာ၏အယူဖြစ်၏။

ပထမအယူမှာ ရှေးဂရိနှင့် ရောမနိုင်ငံများ၌ စတင်ပေါ်ထွန်း၍ ဥရောပတိုက်၌ သိပ္ပံပညာခေတ်အထိ ထင်ရှားခဲ့သော အယူဖြစ်၏။ ရှေးဂရိပညာရှင်တို့သည် လူ၏ဆင်ခြင်တုံတရားကို အဦးပြု၍ ပြောဆိုရေးသားကြ၏။ တွေးခေါ်ပညာရှင် ပလေတို၏ အလိုအားဖြင့် လူသည် စဉ်းစားဆင်ခြင်တတ်သော အသိဉာဏ်အမြတ်တရားသို့ ရှေးရှုသောစိတ်ဆန္ဒနှင့် ကာမဂုဏ်ကို တပ်မက်သော တဏှာရာဂတည်းဟူသော လက္ခဏာအင်္ဂါသုံးပါးဖြင့် ထင်ရှား၏။ ထိုလက္ခဏာများသည် လူတစ်ဦးနှင့် တစ်ဦး၌ အတိုင်းအတာမတူ။ အချို့ပုဂ္ဂိုလ်တို့၌ တစ်ခုသော ဂုဏ်သတ္တိသည်ကဲ၍ အခြားဂုဏ်သတ္တိများ အားနည်း၏။ တွေးခေါ်ရှင်များ၌ အကြောင်းအကျိုး ဆင်ခြင်သုံးသပ်မှုသည် အားကောင်း၍ စစ်သားများ၌ ရဲရင့်ခြင်း၊ ဆင်းရဲခံနိုင်ခြင်း၊ သစ္စာရှိခြင်း၊ နိုင်ငံကို ချစ်မြတ်နိုးခြင်းစသော အမြတ်တရားများသည် အဓိကဖြစ်၏။ ကာမတဏှာသည်ကား များစွာသော ပုထုဇဉ်သတ္တဝါတို့၏ အပြုအမူ၊ အလေ့အကျင့်၊ စရိုက်ဝါသနာ စသည်တို့၌ ထင်ရှား၏။

ပလေတိုနှင့် အရစ္စတိုတယ်တို့၏ အမြင်အားဖြင့် အသိဉာဏ်သည် ဝိညာဉ်၏ အမြင့်မြတ်ဆုံး အပိုင်းဖြစ်၍ လူကိုလေ့လာရာ၌ ဤအချက်ကို အခြေပြု၍ လေ့လာအပ်၏။ ၎င်းသည် လူကို သဘာဝဓမ္မနှင့် ကတ္တားခြားသော ဝိသေသလက္ခဏာဖြစ်၍ လူသည် မိမိ အပြုအမူ၊ အကျင့်အကြံနှင့် အလိုဆန္ဒများကို ဆင်ခြင်တုံတရားဖြင့် ထိန်းချုပ်နိုင်သော သတ္တဝါဖြစ်၏။ လူ၏ကြီးပမ်းမှုနှင့် တိုးတက်မှု၏ ဦးတည်ချက်မှာ လူ့ဘဝနှင့် လူ့ဘောင်၌ ဆင်ခြင်တုံတရားကို ဦးထိပ်ထားရန် ဖြစ်၏။

ယခုခေတ် သိပ္ပံပညာအလိုအားဖြင့်မူ လူသည် သဘာဝရုပ်လောက၌

အရင်းမူလရှိ၍ အခြား ရုပ်ဝတ္ထုများနည်းတူ ရူပ၊ ဓာတု နိယာမတရားများ၏ စိုးမိုးခြင်းကို ခံရ၏။ အခြား အရာများကဲ့သို့ပင် လူ၌လည်း အရွယ်ပမာဏ၊ အလေးချိန်၊ ပုံသဏ္ဍာန်နှင့် အရောင်အဆင်းရှိ၏။ လူ၏ကိုယ်ခန္ဓာနှင့် ပတ်ဝန်းကျင် လောကသည် အမြဲမပြတ် အညမည အကျိုးပြု၏။ အသက်ရှင်နေရန်အတွက် လူ၏ကိုယ်သည် ပြင်ပမှ အချို့ပစ္စည်းများကိုခံယူ၍ အခြားဝတ္ထုသို့ ပြောင်းလဲပေး၏။ ဓာတ်ပြောင်းလဲမှုသည် အသက်ရှူစဉ်၊ အစာချေစဉ်နှင့် ဂလင်းများ အလုပ်လုပ်စဉ် ဖြစ်ပွား၏။ လူကို ဓာတ်ခွဲကြည့်ပါက လေ၊ ရေ၊ မြေကြီးနှင့် ကြယ်များ၌ တွေ့ရသော ဓာတ်မျိုးကိုပင် တွေ့ရမည်ဖြစ်၏။ သို့ဖြင့် လူသည် ရုပ်ခန္ဓာ၊ ဓာတ်ခန္ဓာဖြင့်ပြီးသော သတ္တဝါဖြစ်၏။

သိပ္ပံပညာသည် လူကို တိရစ္ဆာန်သတ္တဝါ တစ်မျိုးအနေဖြင့် မြင်၏။ လူသည် ကမ္ဘာပေါ်၌ တိရစ္ဆာန်အမျိုးပေါင်း တစ်ကုဋေနီးပါး ရှိသည့်အနက် တစ်မျိုးသော သတ္တဝါဖြစ်၏။ အပင်နှင့် အခြားတိရစ္ဆာန်များမှာကဲ့သို့ပင် လူ့ကိုယ်ခန္ဓာ၏ မူလဘူတမှာ ဆဲလ်ဖြစ်၏။ အခြား သတ္တဝါမျိုးစုတို့ကဲ့သို့ပင် လူသည် စားခြင်း၊ ကြီးပြင်းခြင်း၊ မျိုးဆက်ခြင်း၊ လှုပ်ရှားခြင်း၊ ပတ်ဝန်းကျင်နှင့် သင့်မြတ်အောင် သွားလာနေထိုင်ခြင်း စသည်တို့ဖြင့် ထင်ရှား၏။ အမူအရာ စရိုက်လက္ခဏာအားဖြင့်လည်းကောင်း၊ အရိုးအသား ကိုယ်အင်္ဂါ စသည်အားဖြင့်လည်းကောင်း အခြား ကုန်းမြင့်သတ္တဝါများနှင့် အတန်တူ၍ လူသည် တရွေ့ရွေ့ အဆင့်ဆင့် ပြောင်းလဲမှု နိယာမတရား၏ အသီးအပွင့် ဖြစ်လေသည်။

ယခုအခါ ကမ္ဘာပေါ်၌ လူဦးရေ ကုဋေ ၄၄၀ ခန့်ရှိရာ အသားအရောင်ကို လိုက်၍ လူမျိုးအုပ်စုကြီးငါးစု ခွဲထား၏။ ၎င်းတို့မှာ လူဖြူ သို့မဟုတ် ကော်ကေးရှပ်၊ လူဝါ၊ သို့မဟုတ် မွန်ဂို၊ လူမည်း (ဝါ) နီးဂရိုက်၊ လူညို (ဝါ) မလေးရှန်းနှင့် လူနီ (ဝါ) အမေရိကန် အင်ဒီးယန်းလူမျိုးများဖြစ်၏။ ပညာရှင်တို့အလိုအားဖြင့် ကမ္ဘာ့လူမျိုးအားလုံးသည် လူ့သမိုင်းအစ တစ်ရံရောအခါက တစ်ခုတည်းသော မူလပင်မရှိ၍ ဗီဇဆဲလ် ပြောင်းလဲခြင်းကြောင့်သော်လည်းကောင်း၊ ပထဝီအခြေအနေအရသော်လည်းကောင်း ကွဲပြားခြားနားလာကြ၏။ ယနေ့ ထင်ရှားရှိသော လူမျိုးများသည် တစ်မျိုးနှင့်တစ်မျိုး အလွန်တူ၍ မျိုးကွဲများ အိမ်ထောင်ပြုခြင်း၊ သားသမီးမွေးဖွားခြင်းဖြင့် ဘေးအန္တရာယ် မရှိနိုင်ချေ။ လူမျိုးတစ်မျိုးက အခြား လူမျိုးတစ်မျိုးထက် မြင့်မြတ်သည်၊ သို့မဟုတ် ယုတ်ညံ့သည်ဆိုသော စကားမှာ သဘာဝယုတ္တိမရှိချေ။ လူမျိုးအားလုံး၌ လူတော်လူကောင်းများနှင့် လူရော်လူညံ့များရှိကြ၏။

လူသည် သတ္တလောက၏ အထွတ်အထိပ်သို့ ရောက်ရှိနေခြင်းမှာ အချို့သော ဝိသေသရုပ်လက္ခဏာများနှင့် စွမ်းအင်သတ္တိများကြောင့် ဖြစ်၏။ ပုံစံအားဖြင့် လူ၏တည့်မတ်သော ကိုယ်အနေအထားသည် ကြီးပွားတိုးတက်မှုကို အကျိုးပြု၏။ ကိုယ်ခန္ဓာက မတ်မတ်မရှိသဖြင့် လူသည် မိမိလက်နှင့် လက်မောင်းများကို ကိုင်တွယ်ရန်နှင့် စူးစမ်းရှာဖွေရန်အတွက် လွတ်လပ်စွာ အသုံးပြုနိုင်၏။ အခြားတိရစ္ဆာန်များသည် ကုတ်ခြစ်ခြင်း၊ အနံ့ခံခြင်း၊ စားကြည့်ခြင်း၊ ကိုက်ဖဲ့ခြင်းများပြု၍ ပတ်ဝန်းကျင်အာရုံများကို ထိတွေ့ကြပေရာ လူသည် ကိုင်တွယ်၍ကြည့်နိုင်၏။ လူအဖို့ မြင်မှု၊ကြားမှုသည် အနံ့ခံမှုထက် ပိုမိုအရေးပါလာ၏။ လက်ချောင်းနှင့်လက်မများ လွတ်လပ်သောကြောင့်လည်း လူသည် ပစ္စည်းတစ်ခုကို မြဲမြံစွာ ဆုပ်ကိုင်စွမ်းရှိ၏။ လက်ဖျံရိုး ကောင်းစွာသန်မာ၍ လက်မောင်းကို လှုပ်ယမ်းနိုင်ခြင်းကြောင့် လက်မှာ တိရစ္ဆာန်တို့၏ ရှေ့ခြေထက် ပို၍လွတ်လပ်ပြီး အရေးပါ၏။ ခွေး၏ရှေ့ခြေမှာ လူ၏လက်နှင့်စာသော် မာတောင့်ပြီး လွတ်လပ်စွာ မလှုပ်ရှားနိုင်ချေ။ လူမှာမူ လက်ကို လွတ်လပ်စွာ အသုံးပြုနိုင်သောကြောင့် ပစ္စည်းများကို ပယ်ပယ်နယ်နယ် ကိုင်တွယ်ခြင်း၊ လက်နက်ကိရိယာများ ထုတ်လုပ်ခြင်း၊ တီထွင်ခြင်းများ ပြုနိုင်၏။ လူ၏ ကြီးသောဦးနှောက်၊ ဦးခေါင်းနှင့် အတန်ရှုပ်ထွေးပြီး အဆင့်မြင့်မြင့် ဖွဲ့စည်းထားသော နာဗ်အာရုံကြောစုသည် လူ၏တိုးတက်မှုအတွက် အထူးအရေးပါသော ကိုယ်အင်္ဂါများဖြစ်၏။ လူ၏ ဦးခေါင်းခွံသည် အကြီးဆုံးမျောက်ဝံ၏ ဦးခေါင်းခွံထက် သုံးဆမျှပမာဏရှိ၍ အတိုးတက်ဆုံးမှာ ဆီရီဗရမ်[^1]ခေါ် နက်နဲသော စိတ်အစဉ်တို့တည်ရာ ဦးနှောက်အတွင်းပိုင်းဖြစ်၏။ ထို့ကြောင့် လူသည် အခြားတိရစ္ဆာန်များထက် ပိုမိုဆန်းကြယ်သိမ်မွေ့သောအမှုများကို ပြုလုပ်နိုင်ခြင်း ဖြစ်၏။

ရုပ်ပိုင်း ဝိသေသလက္ခဏာများအပြင် လူအား တိရစ္ဆာန်များနှင့် တိကျပြတ်သားစွာ ကတ္တားခြားထားသော လူလူချင်းဆက်ဆံမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ဝိသေသလက္ခဏာများ ရှိသေး၏။ လူ၌ ဘာသာစကားများ ရှိ၏။ ဘာသာစကားကြောင့် လူသည် စဉ်းစားတွေးခေါ်ရာ၌ တိုးတက်၍ အတိတ်ကာလက အတွေ့အကြုံများသည် အချည်းနှီးမဖြစ်ဘဲ ပစ္စုပ္ပန်နှင့်အနာဂတ်အတွက် အထောက်အကူဖြစ်၏။ စာရေးမှုအတတ်သည် လူ၏ယဉ်ကျေးမှုကို အထူးအကျိုးပြု၏။ စာရေးသောအတတ်ကြောင့် ခေတ်တစ်ခေတ်၏ ဗဟုသုတ သင်ခန်းစာများသည် မပျောက်ပျက်ဘဲ နောင်းလူတို့က အမွေဆက်ခံရရှိ၏။

---

[^1]: cerebrum

လူ၏အရေးပါသော အခြားဂုဏ်သတ္တိတစ်ခုမှာ အချင်းချင်း စုပေါင်းဆောင်ရွက်သော အလေ့အထဖြစ်၏။ လူသည် ကမ္ဘာပေါ်၌ အပေါင်းအသင်းနှင့်နေတတ်သော တစ်ဦးတည်းသော သတ္တဝါမဟုတ်။ ဆင်၊ မျောက်၊ ပုရွက်ဆိတ်၊ ပျား စသည်ဖြင့် အုပ်ဖွဲ့၍ သွားလာနေထိုင်သော အခြားသတ္တဝါများ ရှိ၏။ သို့ရာတွင် ဇာတ်တူသားချင်း ပေါင်းသင်းဆက်ဆံမှုသည် လူတို့၌ အခြားသတ္တဝါမျိုးများမှာထက် များစွာ ကျယ်ပြန့်နက်ရှိုင်း၏။ လူတို့သည် တိုင်း၊ နိုင်ငံ၊ လူမျိုး၊ ဘာသာစကား၊ ဓလေ့ထုံးစံ စသည်တို့ကို ပမာမထားဘဲ အချင်းချင်း ပူးပေါင်းလုပ်ကိုင်နိုင်သော အစွမ်းရှိ၏။ ပူးပေါင်းလုပ်ကိုင်ရာ၌လည်း လုပ်ငန်းကိစ္စကို ခွဲဝေလုပ်ကိုင်၍ မိမိတို့ ကျွမ်းကျင်ရာကို သီးခြား လုပ်ကိုင်ကြသောကြောင့် အောင်မြင်တိုးတက်၏။

ဤ လူနှင့်ပတ်သက်သော သိပ္ပံပညာ၏အမြင်သည် လူကို သိပ္ပံပညာအသီးသီးက ရှုထောင့်အမျိုးမျိုးမှ လေ့လာ၍ ရရှိအပ်သော အမြင်ဖြစ်၏။ ဇီဝကမ္မဗေဒသည် လူ့ကိုယ်အင်္ဂါများ အလုပ်လုပ်ပုံကို လေ့လာ၏။ သတ္တဗေဒသည် အသက်ဇီဝကို လေ့လာ၏။ စိတ်ပညာသည် လူ၏ စိတ်ပိုင်းဘဝကို ရှုစမ်း၏။ ဇီဝကမ္မဗေဒသည် လူလူချင်းဆက်ဆံမှုကို အာရုံပြု၏။ ဤသို့ဖြင့် သိပ္ပံပညာသည် လူ့ဘဝကိုခွဲစိတ်၍ တစ်ပိုင်းစီ၊ တစ်ကန့်စီ လေ့လာ၏။ လေ့လာရာတွင် ရှေးအစဉ်အလာ၊ ယုံကြည်ချက်များကို မပြုပြင်ဘဲ ဒိဋ္ဌဓမ္မ လက်တွေ့ရှုစမ်းလေ့လာရကား လူ့သဘာဝလူ့အကြောင်းနှင့်စပ်သော သိပ္ပံဆရာတို့၏ အဆိုအမိန့်များသည် လူတို့၏ အတွေးအခေါ် ထင်မြင်ချက်များထက် တိကျခိုင်မာကြောင်း ယုံမှားစရာမရှိချေ။

သို့ရာတွင် သိပ္ပံပညာသည် လူ၏ ပရမတ္ထသဘာဝကို မည်မျှယထာဘူတကျကျ ဖော်ပြနိုင်ပါမည်နည်းဟု စဉ်းစားရန်ရှိ၏။ သိပ္ပံပညာအသီးသီး၏ ခံယူချက်များသည် လူ့ဘဝကို တစ်ပိုင်းစီတစ်ကန့်စီ လေ့လာ၍ တွေ့ရှိရသော အချက်များ ဖြစ်သောကြောင့် မည်မျှ လေးနက်မှန်ကန်သည်ဆိုစေ ပြီးပြည့်စုံခြင်း မရှိနိုင်ချေ။ ထို လေ့လာသိရှိရချက်များကို စုပေါင်း၍ ရရှိသော သိပ္ပံပညာအမြင်မှာ ဟာကွက်၊ ချွတ်ယွင်းချက်များ ရှိနေပေရာ၏။ အဘယ်ကြောင့်ဆိုသော် သိပ္ပံနည်း ရှုစမ်းလေ့လာမှုသည် လက်တွေ့စမ်းသပ်ခြင်း၊ တိုင်းထွာခြင်းကို အဓိကထားပေရာ လူ၏ အချို့သော လက္ခဏာခြင်းရာများ(ပုံစံအားဖြင့် ခံစားချက်၊ မျှော်လင့်ချက်၊ အကောင်းအဆိုးခွဲခြားမှု)မှာ စမ်းသပ်တိုင်းထွာရန် မဖြစ်နိုင်ရကား သိပ္ပံပညာသည် ယင်းတို့ကို လျစ်လျူပြုထားရပေလိမ့်မည်။ သို့ရာတွင် ထိုသို့

သိပ္ပံနည်းဖြင့် လေ့လာ၍ မရအပ်သော ဂုဏ်အင်္ဂါများသည်ပင် လူ့ဘဝ၏ အဆီအနှစ်များ ဖြစ်နေပေရာ၏။

ထို့ကြောင့် ကျွန်ုပ်တို့သည် တိကျသေချာမှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုအတွက် သိပ္ပံပညာကို လေးစားသော်လည်း လူ၏ပရမတ္ထသဘာဝကို စူးစမ်းရာ၌ သိပ္ပံအမြင်ကို ပြီးပြည့်စုံသော အမြင်အနေဖြင့် ထောက်ပြရန် မဖြစ်နိုင်ချေ။ သိပ္ပံပညာခံယူချက်ကို အထက်ကပြဆိုခဲ့သော ရှေးဂရိတို့၏ခံယူချက်၊ ခရစ်ယာန်၊ ဟိန္ဒူစသော ဘာသာဝါဒကြီးများ၏ ခံယူချက်များဖြင့် ဖြည့်စွက်ရပေလိမ့်မည်။ ၎င်းတို့မှာ ပလေတို၊ ဆော့ကရေးတီး၊ ဂေါတမဗုဒ္ဓ၊ သခင်ယေရှုစသော ဉာဏ်အမြင်စူးရှသော ရှေးပညာရှင်ကြီးများ၏ စကားများဖြစ်၍ အထင်အမြင်မသေးသင့်ချေ။ ထိုပညာရှင်တို့သည် လူ၌ စဉ်းစားဆင်ခြင်တတ်သော အသိဉာဏ်ရှိမှု၊ တဏှာလောဘကြီးစိုးမှု၊ အမြတ်တရားကို ရှာဖွေလိုသော ဆန္ဒရှိမှု စသည်တို့ကို ထောက်ပြခဲ့ကြပေရာ ဤအချက်များသည် ယေဘုယျအားဖြင့် မှန်ကန်ကြောင်း ကျွန်ုပ်တို့ ဝန်ခံရမည်ဖြစ်၏။

ရှေးပညာရှင်တို့၏ အဆိုအမိန့်များကဲ့သို့ပင် လူ့သမိုင်းနှင့် အနုပညာစာပေသည်လည်း လူ့အကြောင်းကို လေ့လာရာ၌ အရေးပါသော အထောက်အကူများဖြစ်၏။ လူ့သမိုင်းနှင့် သမိုင်းဝင်ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများသည် လူ၏စိတ်နေစရိုက်၊ အာသီသဆန္ဒနှင့် ခံစားချက်များကို ထင်ထင်လင်းလင်း ဖော်ပြ၏။ ဝတ္ထုနှင့် ပြဇာတ်များသည် လူ့စိတ်သဘာဝကို တစေ့တစောင်း လှစ်ပြသောစာပန်းချီကားချပ်များ ဖြစ်၏။ လူအများနှင့် လက်ပွန်းတတီး ပေါင်းသင်းဆက်ဆံ၍ ရရှိအပ်သော အသိပညာကိုလည်း အထင်မသေးသင့်ချေ။ တစ်ခါတစ်ရံထို ကိုယ်တွေ့ဗဟုသုတသည် သိပ္ပံနည်းဖြင့် လေ့လာရာမှ ရရှိအပ်သော အသိပညာထက် လေးနက်မှန်ကန်နေတတ်၏။

လူအကြောင်းကို လေ့လာရာ၌ သိပ္ပံပညာနှင့် ကိစ္စမပြီးဘဲ လူ့သမိုင်းနှင့်စာပေကို လေ့လာ၍ ဘဝအတွေ့အကြုံရရှိရန် လိုအပ်ခြင်းမှာ သိပ္ပံပညာသည် လူ၏ရုပ်ပိုင်းကို အလေးကဲ၍ ခံစားချက်၊ ယုံကြည်ချက်၊ မျှော်မှန်းချက် စသည်တို့ကို ပယ်ထားသောကြောင့် ဖြစ်၏။ ယင်းတို့သည် သိပ္ပံနည်းစူးစမ်းမှုနှင့် ဘောင်မဝင်သောကြောင့် သိပ္ပံဆရာက ပယ်ထားခြင်းဖြစ်စေကာမူ လူသားအားလုံးအဖို့ ဒိဋ္ဌဓမ္မတရားများဖြစ်၍ လူ့ဘဝ၌ ၎င်းတို့၏နေရာကဏ္ဍကို လျှော့တွက်၍ မရစကောင်းချေ။ စင်စစ် ယင်းတို့သည် လူသားနှင့် တိရစ္ဆာန်သတ္တဝါအား ကွဲပြားခြားထားသော လူ၏ ဝိသေသဂုဏ်လက္ခဏာများ ဖြစ်လေသည်။

လူကို သတ္တဝါအနေဖြင့် မဟုတ်ဘဲ ပုဂ္ဂိုလ်အနေဖြင့် လေ့လာရာ၌ စဉ်းစားရန်လိုအပ်သော လူ့ဝိသေသဂုဏ်လက္ခဏာများ ရှိ၏။

တိရစ္ဆာန်များ၌ သိစိတ်ရှိသော်လည်း လူ၌သာလျှင် မိမိကိုယ်မိမိသိသော စိတ် (ဝါ) အတ္တစိတ် (ဝါ) ငါစိတ်ရှိ၏။ ဤစိတ်သည် မိမိကိုယ်အတွက်သော်လည်းကောင်း၊ သူတစ်ပါးအတွက်သော်လည်းကောင်း တာဝန်ယူသော လူ့ဓလေ့၏ အခြေခံမူလ ဖြစ်၏။ ငါစိတ်ကြောင့် လူသည် မှတ်ဉာဏ်ရှိ၍ စိတ်ကူးကြံစည်နိုင်သော သတ္တဝါဖြစ်၏။ မှတ်ဉာဏ်နှင့် စိတ်ကူးဉာဏ်ရှိသောကြောင့် အမြော်အမြင်နှင့် တီထွင်ဖန်တီးနိုင်စွမ်းလည်း ရှိလာ၏။ ဒဿနိကဗေဒဆရာကြီးတစ်ဦးသည် မိမိ၏ သားငယ်က "ငါ"ဟူသော နာမ်စားပုဒ်ကို ပထမအကြိမ် သုံးစွဲပြောဆိုသောအခါ မိတ်ဆွေများအား ဖိတ်၍ ကျွေးမွေးဧည့်ခံပွဲ ပြုလုပ်သည် ဆို၏။ သူ၏အမြင်အားဖြင့် "ငါ"စိတ်သည် မိမိ ကြီးပွားတိုးတက်မှုအတွက် မုချလိုအပ်သော အသိစိတ်ဖြစ်၏။

တိရစ္ဆာန်များသည် အာရုံကို တစ်ခုစီ အကွဲကွဲအပြားပြားသိ၍ လူသည်သာလျှင် မျိုးတူအာရုံများကို တစ်စုတစ်ပေါင်းတည်း အဖြစ်ဖြင့် သိ၏။ လူနှင့်နီးစပ်၍ အသိဉာဏ် အတန်မြင့်မားသော မျောက်ဝံသည်ပင် မိမိတွေ့မြင်သော ဆင်၊ မြင်း၊ ကျား စသည်တို့ကို တစ်ကောင်စီအနေဖြင့်သိ၍ ၎င်းတို့အားလုံးကို စုပေါင်းပြီး တိရစ္ဆာန်မျိုးစုအနေဖြင့် မသိချေ။ မနုဿဗေဒဆရာတို့၏ အလိုအားဖြင့် ကမ္ဘာပေါ်ရှိ အသိအလိမ္မာ မရှိသေးသော သမိုင်းဦး လူမျိုးစုအချို့သည်လည်း သစ်ပင်၊ တိရစ္ဆာန်၊ အစားအစာ၊ အိမ် စသည်ဖြင့် စုပေါင်းသတ်မှတ်ရန် ဝေါဟာရများမရှိဟု သိရ၏။ ဤဝေါဟာရများ ရှိခြင်းသည် လူ၏အသိဉာဏ်မြင့်မားမှုကိုပြသော လက္ခဏာဖြစ်၏။ လူသည် ၎င်းတို့ကို မှိုင်မ်းပြ၍ စွမ်းစွမ်းတမံ တွေးခေါ်ကြံစည်နိုင်သော အစွမ်းသတ္တိရှိလာ၏။ ဤဝေါဟာရများ ကြွယ်ဝလာသည်နှင့်အမျှ လူ့ဘဝသည် တိရစ္ဆာန်များဘဝကဲ့သို့ မျက်မှောက်အာရုံများနှင့် မပြီးဘဲ အတိတ်၊ အနာဂတ်ကာလများနှင့် ဆက်စပ်၍ အဓိပ္ပာယ်လေးနက်သော ဘဝ ဖြစ်လာ၏။

လူသည် တိရစ္ဆာန်ကဲ့သို့ ပတ်ဝန်းကျင် ပြုပြင်ဖန်တီးသမျှကို ငုံ့ခံနေသော သတ္တဝါမဟုတ်၊ ပတ်ဝန်းကျင်ကို တစ်စိတ်တစ်ဒေသ ကျော်လွှန်၍၊ သို့တည်းမဟုတ် ပြုပြင်၍ မိမိကြီးပွားရေးကို ရှေးရှုလုပ်ကိုင်နိုင်သော ပုဂ္ဂိုလ်ဖြစ်၏။ လူသည် အကောင်းအဆိုးကို ခွဲခြားသိမြင်၍ အကောင်းကို နှစ်သက်လိုလားသော စိတ်ရှိ၏။ အကောင်းကို ရှာဖွေရာ၌ လူသည် သဘာဝဓမ္မနယ်မှ အပြီးအပိုင်

မလွတ်ထွက်နိုင်သော်လည်း သဘာဝမွေသည် လူကို အမြဲထာဝရ ပိတ်ပင် ဟန့်တားထားနိုင်သည် မဟုတ်။ အကြောင်းမူ လူ၌ အဟန့်အတား၊ အခက်အခဲ များကို အတန်ကျော်လွှားနိုင်သော ဂုဏ်သတ္တိရှိ၏။ ထိုဂုဏ်သတ္တိကား လူ၏ ယုံကြည်ချက်၊ မျှော်မှန်းချက်၊ အမြဲတတ်တရားကို တောင့်တချက်စသော စေတသိက် များနှင့် ယှဉ်နေသော အားမာန်ဖြစ်၏။

သို့ဖြစ်၍ လူသည် တိရစ္ဆာန်တစ်ပိုင်း၊ ကောင်းကင်ဘုံသားတစ်ပိုင်း ဖြစ်သည်ဟု ဒဿနိကဆရာများက ခံယူကြ၏။ ဤသည်မှာ ရှေးပဝေသဏီက စ၍ ပေါ်ထွန်းခဲ့သော အယူဖြစ်၏။ ရှေးဂရိဒဏ္ဍာရီပုံပြင်များ၌ လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်း သတ္တဝါများအကြောင်း ဖော်ပြထား၏။ ပလေတိုက လူတို့၏ လောကနှစ်ပါး ရှိ၏။ တစ်ပါးမှာ မျက်မှောက် သင်္ခါရလောကဖြစ်၍ အခြား တစ်ပါးမှာ ပရမတ္ထတရားများတည်ရာ အသင်္ခတလောက ဖြစ်သည်ဆို၏။ ရှေးဇိုရတ်စတာ ရဟူဒီနှင့် ခရစ်ယာန်ကျမ်းစာများ အလိုအားဖြင့် လူသည် အကောင်းနှင့်အဆိုး ရောပြွမ်းနေသောကြောင့် လူ့ဘဝသည် အမြဲတတ်တရားနှင့် အယုတ်တရား (ဝါ) သူတော်ကောင်းတရားနှင့် ကိလေသာတရားများ အားချင်း ယှဉ်ပြိုင်ဆင်နွှဲနေသော တိုက်ပွဲဖြစ်၏။ ယခုကာလ အနောက်နိုင်ငံ၌ ရေပန်းစား နေသော စိတ်ခွဲပညာကလည်း ထိုသို့ ခံယူထားရှိပေသည်။

---

၁။ Zoaraster

အေဗရာဟမ်လင်ကွန်း၊ မဟာတ္တမဂန္ဒီ၊ ဗိုလ်ချုပ်အောင်ဆန်း စသော လူသမိုင်း မော်ကွန်းဝင်ပုဂ္ဂိုလ်တို့၏ ဦးတည်ချက်သည် အလွန် ကြီးကျယ်မြင့်မားသော ဦးတည်ချက်ဖြစ်ကြောင်း ယုံမှားစရာမရှိချေ။ ထိုပုဂ္ဂိုလ်တို့၏ အောင်မြင်မှုကို ရုပ်ဝါဒအမြင်ဖြင့် ဝေဖန်သုံးသပ်လိုသော စိတ္တဗေဒဆရာသည် ၎င်းတို့၏ ဦးတည်ချက်ကို မျက်ကွယ်ပြု၍ ရုပ်တရားစေ့ဆော်မှုကိုအကြောင်းပြပေလိမ့်မည်။ သို့တည်းမဟုတ် ၎င်းတို့၏ မျိုးစေ့ဗီဇ အားကောင်းမှုကို အရင်းမူလအဖြစ်ဖြင့် ထောက်ပြပေလိမ့်မည်။ ဂလင်း၊ ဦးနှောက်၊ အာရုံကြော၊ ခရိုမိုဆုမ်းခေါ်သော ဗီဇမျိုးစေ့ စသည်တို့၏ လုပ်ဆောင်ချက်သည် အာဇာနည်ပုဂ္ဂိုလ်ကြီးတို့၏ အောင်မြင်မှုအတွက် အရေးပါခြင်းကို ကျွန်ုပ်တို့ ငြင်းဆိုရန်မလိုချေ။ သို့ရာတွင် ယင်းမှာ အထောက်အကူမျှသာဖြစ်၍ ထူးချွန်သော ပုဂ္ဂိုလ်တို့၏ စိတ်ဓာတ်ကြံ့ခိုင်မှု၊ အဆင်းရဲခံနိုင်မှု၊ ကိုယ်ကျိုးစွန့်လွှတ်မှု၊ ယုံကြည်ချက်ပြင်းပြမှု၊ ရှုပ်ရှုပ်ချုံချုံ လုပ်ကိုင်မှုစသော ဝိသေသလက္ခဏာခြင်းရာများမှာ ဦးတည်ချက်နှင့်ကင်း၍ ဖြစ်ပေါ်လာနိုင်မည်မဟုတ်ချေ။

# စိတ်

လူ၏ ပရမတ္ထသဘာဝကို သိမြင်နားလည်ရန် ဒဿနိကဆရာသည် လူနှင့်တိရစ္ဆာန်အား ကွဲပြားခြားထားသော လူ၏ ဝိသေသလက္ခဏာများကို စူးစမ်းလေ့လာရပေလိမ့်မည်။ ထိုဝိသေသလက္ခဏာများမှာ ကြံစည်မှု၊ အားထုတ်မှု၊ မျှော်လင့်မှု၊ ယုံကြည်မှု၊ အကောင်းအဆိုးခွဲခြားမှု စသည်တို့ဖြစ်ကြောင်း ပြဆိုခဲ့ပေပြီ။ ယင်းတို့အားလုံးသည် သူ၏ စိတ်ပိုင်းဘာဝကို ဖော်ဆောင်သော လက္ခဏာများဖြစ်၏။ သို့ဖြစ်၍ ဒဿနိကဗေဒ၌ လူ့စိတ်အကြောင်းကို လေ့လာသုံးသပ်ရန် အရေးကြီး၏။

စိတ်သဘာဝကို နှိုက်ချွတ်လေ့လာသော စိတ္တဗေဒသိပ္ပံပညာ ရှိပြီးဖြစ်သောကြောင့် ဒဿနိကဆရာက လေ့လာရန် လိုပါဦးမည်လောဟု မေးရန်ရှိ၏။ စိတ္တဗေဒသည် သိပ္ပံပညာတစ်ရပ် ဖြစ်သည်နှင့်အညီ စမ်းသပ်တိုင်းတာ၍ ရအပ်သော စိတ် အကြောင်းခြင်းရာများကိုသာလျှင် လေ့လာသောကြောင့် အချို့သော စိတ်ပိုင်းဆိုင်ရာ ပြဿနာများသည် ၎င်း၏နယ်၌ အကျုံးမဝင်ချေ။ ပုံစံအားဖြင့် စိတ်၏ မူလတရားကား အဘယ်နည်း၊ စိတ်နှင့်ရုပ်တို့၏ ဆက်သွယ်မှုသည် မည်သို့သော သဘောလက္ခဏာရှိလေသနည်း စသည်ဖြင့် မေးမြန်းပါက စိတ္တဗေဒဆရာသည် မည်သို့မျှ ဖြေဆိုနိုင်မည် မဟုတ်ချေ။ စင်စစ် သိပ္ပံနည်းကျ စိတ်ပညာသည် လူ၏ ရုပ်ပိုင်းဘာဝကို ရုပ်ဝါဒရှုထောင့်မှ လေ့လာရကား ယေဘုယျအားဖြင့် ရုပ်သဘောတရားများကို အခြေပြု၍ ရှင်းပြလေ့ရှိ၏။

သိပ္ပံပညာအမြင်အားဖြင့်မူ စိတ်သည် ကိုင်တွယ်စမ်းသပ် တိုင်းထွာ၍ မရအပ်သော အရာဖြစ်၍ သိပ္ပံဆရာသည် ရှိးရှိုးလူတို့ ခံယူထားသကဲ့သို့ စိတ်ကို ဒြဗ္ဗဓမ္မတရား အနေဖြင့်ပင် အသိအမှတ်မပြုလိုချေ။ အချို့ဆရာတို့သည် သူတို့၏ပညာကို စိတ်ပညာဟုပင်မခေါ်ဘဲ လူ၏အပြုအမူကို လေ့လာသောပညာဟု ခေါ်ဆိုကြ၏။

သို့ဖြစ်၍ စိတ်ပညာရှင်တို့ ဆုံးဖြတ်၍မရအပ်ဘဲ ဒဿနိကဆရာတို့ ဉာဏ်ကျက်စားရာဖြစ်သော ပြဿနာများရှိ၏။ စင်စစ် စိတ်ပညာသည် ၁၉ ရာစုခေတ် အကုန်လောက်မှ သိပ္ပံနယ်ထဲသို့ဝင်လာ၍ အသက်အနုနယ်ဆုံး သိပ္ပံပညာဖြစ်ကြောင်း သတိပြုရာ၏။ သို့ဖြစ်သည်နှင့်အညီ စိတ်ပညာနယ်၌ သဘောအယူအဆ ကွဲလွဲမှုသည် အခြား သိပ္ပံပညာနယ်မှာထက် ပိုမိုများပြား၏။ ပုံစံအားဖြင့် စိတ်ကိုလေ့လာရာ၌ မိမိစိတ်ကိုရှုခြင်း၊ လူတို့၏ ပြင်ပအပြုအမူကို လေ့လာခြင်း၊ ကလေးသူငယ် ကြီးပြင်းလာပုံကို စူးစမ်းခြင်း၊ တိရစ္ဆာန်တို့၏ အပြုအမူကို လေ့လာခြင်း၊ ခန္ဓာကိုယ်တွင်းရှိ ရုပ်တရားများဖြစ်စဉ်ကို သုတေသန ပြုခြင်း စသည်ဖြင့် စူးစမ်းလေ့လာမှု နည်းအမျိုးမျိုးရှိပေရာ အချို့ဆရာတို့သည် အချို့သောနည်းများကို အသုံးပြု၍ အချို့ကို ပယ်ပေလိမ့်မည်။ လေ့လာရာ၌ လည်း အခက်အခဲအမျိုးမျိုးရှိ၏။ စိတ်ကို လေ့လာသောအရာမှာ စိတ်ပညာရှင်၏ စိတ်ပင်ဖြစ်ပေရာ စိတ်သည် တစ်ချိန်တည်း၌ ပြုသောသူ (ကတ္တား)နှင့် အပြုခံ (ကံ)ဖြစ်နိုင်ပါမည်လော၊ တစ်နည်းဆိုသော် လူသည် စိတ်ကို ယထာဘူတ ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာနိုင်ပါမည်လောဟု သံသယဝင်ဖွယ်ရှိ၏။ လူ သို့မဟုတ် စိတ်ကို စမ်းသပ်လေ့လာရန်မှာလည်း လွယ်ကူသောအလုပ် မဟုတ်ချေ။ အချို့ စမ်းသပ်မှုများမှာ ဘေးအန္တရာယ်ရှိ၍ တိရစ္ဆာန်များကို အသုံးပြုရ၏။ တိရစ္ဆာန် များနှင့် စမ်းသပ်လေ့လာရာမှ အရေးပါသောအချက်များကို သိရှိရသည်မှန်၏။ သို့ရာတွင် လူနှင့်တိရစ္ဆာန်၌ ကွဲပြားခြားနားချက်များ ရှိခြင်းကို သတိပြုရပေ လိမ့်မည်။ လူများကို စမ်းသပ်လေ့လာရာမှ သိရသောအချက်များလည်း ရှိပါ၏။ သို့ရာတွင် လူသည် သိသိမှတ်မှတ် စမ်းသပ်လေ့လာခြင်း ခံရသောအခါ နဂိုပကတိသဘော ငုပ်ကွယ်၍ သွားတတ်၏။ ထိုလေ့လာမှုများသည် စိတ်ပညာ အား အထိုက်အလျောက် အကျိုးပြုသည် မှန်သော်လည်း ဒဿနိကပြဿနာ များ၏အဖြေကို ရှာဖွေရာ၌ကား အရေးမပါလှချေ။

စိတ်၏ ပရမတ္ထသဘာဝနှင့် ပတ်သက်၍ ရှေးအခါမှစ၍ ယနေ့အထိ ပညာရှင်တို့သည် အမျိုးမျိုး တွေးခေါ်ခဲ့ကြပေရာ ထိုအတွေးအခေါ်များကို ဤ စာအုပ်၌ အသေးစိတ်ဖော်ပြရန် မဖြစ်နိုင်ချေ။ အချုပ်အားဖြင့်ကား ဒဿနိကဗေဒ

သမိုင်း၌ စိတ်အကြောင်း အယူဝါဒကွဲ လေးမျိုးရှိ၏။ ယင်းတို့မှာ (၁) စိတ်သည် နိစ္စဓူဝ အမာခံဓာတ်ဖြစ်သည်ဟူသော ဝါဒ၊ (၂) စိတ်သည် ပုဂ္ဂိုလ်သတ္တဝါ၏ ရုပ်နာမ်ခန္ဓာအစဉ်ကို ထိန်းကွပ်စုစည်းပေးသော တရားဖြစ်သည်ဆိုသော ဝါဒ၊ (၃) စိတ်သည် တွေ့ကြုံခံစားရချက် (ဝါ) ဖဿတရား အစုအပေါင်းဖြစ်သည် ဆိုသော ဝါဒနှင့် (၄) စိတ်သည် လူသတ္တဝါ၏ အပြုအမူတစ်မျိုးပင်ဖြစ်သည် ဟူသော ဝါဒများဖြစ်၏။

စိတ်ကို နိစ္စဓူဝ အမာခံဓာတ်အနေဖြင့် ရှုမြင်သောဝါဒသည် ရှေးပဝေသဏီက စတင်ပေါ်ထွန်း၍ ၎င်းကို အကျယ်ဖွင့်ဆိုခဲ့သော ပုဂ္ဂိုလ်မှာ ပရိပညာရှင် ပလေတိုဖြစ်၏။ ပလေတို၏ အလိုအားဖြင့် လူ၏ဝိညာဉ်သည် ဆင်ခြင်တုံတရား၊ ဝေဒနာတရားနှင့် တဏှာရမ္မက်တည်းဟူသော တရားသုံးပါးဖြင့် ပြီး၏။ ဆင်ခြင်တုံတရားသည် ဦးနှောက်ထဲ၌တည်၍ ခံစားတတ်သော ဝေဒနာတရားသည် ရင်သားထဲ၌ ကိန်းဝပ်နေပြီး တဏှာရမ္မက်မှာမူ ဝမ်းခေါင်းထဲ၌ ရှိ၏။ ရုပ်ခန္ဓာနှင့် စိတ်ဝိညာဉ်သည် ရင်းနှီးစွာ ဆက်သွယ်မှုရှိသော်လည်း သီသီသာသာ ကွဲပြား၏။ ဆင်ခြင်တုံတရားသည် စိတ်ဝိညာဉ်၏ အနှစ်သာရ အမြတ်တရားဖြစ်၏။ ဝိညာဉ်သည် ရုပ်တရားနှင့် ဒွန်တွဲနေရသောကြောင့် များစွာ လွတ်လပ်ခွင့်မရချေ။ သို့ရာတွင် နောက်ဆုံး၌ ၎င်းသည် ဤကာမဘဝ သံသရာလောကကိုစွန့်၍ မူလဌာနဖြစ်သော နိစ္စဓူဝထာဝရနယ်ထဲသို့ ပြန်သွားပေလိမ့်မည်။

ဤအယူသည် ဥရောပအလယ်ခေတ်က ပညာရှင် အတော်များများ လက်ခံခဲ့သောအယူဖြစ်၏။ ၁၇ ရာစုအတွင်းက ပြင်သစ်အတွေးအခေါ်ပညာရှင် ဒက်စကားတီး[၁]သည် စိတ်နှင့်ရုပ်ကို ကွဲပြားခြားနားသော တစ်သီးပုဂ္ဂလတရားများအဖြစ်ဖြင့် ခံယူ၏။ သူ၏အလိုအားဖြင့် ရုပ်တရားသည် အလိုဆန္ဒ ဦးတည်ချက်နှင့် အလိုအလျောက် ရွေ့လျားမှုကင်း၍ တည်ငြိမ်မှု၊ ဆန့်ကားမှုနှင့် သဘာဝနိယာမတရားနှင့်အညီ ဖြစ်ပျက်တတ်သော သဘောရှိ၏။ စိတ်မှာမူ ဆန့်ကားမှုနှင့် နေရာနယ်နိမိတ်မရှိ။ ၎င်းသည် လိုလားတောင့်တခြင်း၊ ခံစားခြင်း၊ ဆုံးဖြတ်ခြင်း၊ ကြံစည်ခြင်း စသည်တို့ဖြင့် ထင်ရှား၍ တက်ကြွလှုပ်ရှားမှုရှိသော၊ ဦးတည်ချက်ရှိသော၊ ခွဲခြမ်းစိတ်ဖြာ၍ မရအပ်သော ပရမတ္ထဓာတ်ဖြစ်သည် ဆို၏။

---

၁။ Descartes

ဒက်စကားတီးသည် နာမ်တရား၏ နိစ္စရုပ အမာခံသဘောကို အလေး အနက်ယုံကြည်၏။ စိတ်သည် ကြံစည်သော လုပ်ငန်းကိစ္စရှိသည်။ ထို့ကြောင့် ထိုကိစ္စကို ဆောင်ရွက်သော ကတ္တားရှိရမည်။ သွားမှု၊ လာမှု၊ စားမှု စသည် တို့သည် သွားသောသူ၊ လာသောသူ၊ စားသောသူများနှင့်ကင်း၍ မဖြစ်ပေါ်နိုင်။ ထိုအမှုများကို ပြုသူများရှိရမည် ဖြစ်သည်။ ထို့အတူ ကြံစည်မှုပြုသော စိတ်၏ ပိုင်ရှင်ရှိရမည်။ ထိုပိုင်ရှင်သည် ကိုယ်ခန္ဓာမဟုတ် ကိုယ်ခန္ဓာ၏ ဓာတုချက်မြှုပ်ရာ ရုပ်တရားနယ်နှင့် သီးခြားကင်းလွတ်သော ကတ္တားဖြစ်ရမည်ဟု ခံယူ၏။ စင်စစ် ဤအယူမှာ ရှေး အိန္ဒိယဘာသာရေးကျမ်းများ၌ အထင်အရှားလာသော အတ္တ အယူဖြစ်လေသည်။

စိတ်နှင့်ပတ်သက်သော ဒုတိယခံယူချက်မှာ အတ္တအယူကဲ့သို့ ရုပ်တရား နှင့်စိတ်ကို တိကျပြတ်သားစွာ ခွဲခြားခြင်းမပြုဘဲ ကိုယ်ခန္ဓာဖြစ်စဉ်၏ ဦးတည် ချက်အနေဖြင့် ရှုမြင်၏။ ဤအယူကို ရှေးဦးစွာ ဟောပြောခဲ့သော ပုဂ္ဂိုလ်ကား ဂရိပညာရှင် အရစ္စတိုတယ် ဖြစ်၏။ အရစ္စတိုတယ်သည် ပလေတိုကဲ့သို့ပင် စိတ်၏ကေန်မှုချ အရှိသဘော၊ နိစ္စရုပသဘောကို လက်ခံသော်လည်း ကိုယ်ခန္ဓာ နှင့် လုံး၀ တသီးတခြားဖြစ်သည်ဟု မယူဆချေ။ စိတ်သည် ကိုယ်လှုပ်ရှားမှု၊ ကြီးပြင်းမှု၏ မူလတရားဖြစ်သည်။ ကိုယ်၏လုပ်ငန်းကိစ္စ ဦးတည်ချက်ဖြစ်သည် ဆို၏။ ဥပမာအားဖြင့် မြင်မှုသည် မျက်စိနှင့် ဆက်သွယ်နေသကဲ့သို့ စိတ်သည် ကိုယ်နှင့် ဆက်သွယ်လျက်ရှိ၏။ စိတ်သည် ရုပ်တရား၏ ဦးတည်ချက်ဖြစ်၍ ရုပ်တရားလုပ်ငန်းကိစ္စ ပြီးမြောက်မှု၏ မူလအခြေခံတရား ဖြစ်၏။

၁၈ ရာစုနှစ်အတွင်း၌ ထင်ရှားခဲ့သော ဂျာမန်ဒဿနိကဆရာ **အိမညူ** ရယ်ကန့် သည်ကား စိတ်ကို အမာခံဓာတ်အနေဖြင့် ရှုမြင်သောအယူကို ဝေဖန် ဆန်းစစ်၍ စိတ်ကို ကျွန်ုပ်တို့ ဘာမျှမသိနိုင်ဟု ဆို၏။ သူ၏အလိုအားဖြင့် စိတ်သည် အမြဲထာဝရ ကတ္တားဖြစ်၍ ၎င်းကို သိအပ်သောတရား (ဝါ) ကံအနေ ဖြင့် မကြံစည်အပ်ချေ။ ကျွန်ုပ်တို့သိသောအရာမှာ အတွေ့အကြုံသာလျှင် ဖြစ်၏။ စိတ်သည် အတွေ့အကြုံများကို ပေါင်းစပ်စုစည်း၍ အာရုံငါးပါးမှရရှိသော ဒိဋ္ဌဓမ္မများကို အသိပညာနယ်ထဲသို့ ပို့ဆောင်ပေး၏။ အချိန်ကာလ၊ အာကာသ အကြောင်းအကျိုးနိယာမ စသည်တို့သည် စိတ်ကဖန်တီးသော တရားများဖြစ်၏။ ထိုသို့ ပဉ္စာရုံနှင့် နားမျက်စိစသည်တို့ ပေါင်းဆုံရာမှ ရရှိသော ဝိညာဏဓာတ်

---

၁။ Emanuel Kant

(ဝါ)သိမှုများကို စုစည်းပေးသော အရာသည်ပင် စိတ် သို့မဟုတ် အတ္တ ဖြစ်လေသည်။

၁၈ ရာစုခေတ်ကပင် နာမည်ကျော် ဗြိတိသျှဒဿနိကဆရာ ဟျူးမ်[၁] သည်လည်း စိတ်နှင့်ပတ်သက်သော ရှေးအစဉ်အလာအယူကို ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင်ခဲ့၏။ သူသည် ပလေတိုနှင့် ဒက်စကားတီးတို့၏ ကိုယ်နှင့်စိတ် ခွဲခြားမှုအယူကိုသာလျှင် ပယ်သည်မဟုတ်။ ကန့်၏ အတ္တဝါဒကိုလည်း ပယ်၏။ သူ၏အလိုအားဖြင့် စိတ်ဟူသည် သညာဝေဒနာများဖြင့်သာပြီးသော တရားဖြစ်၏။ ကျွန်ုပ်တို့သည် မိမိတို့၏စိတ်ကို ရှုမှတ်ပါက ခဏမစဲ အမြဲပြောင်းလဲနေသော သညာ၊ ဝေဒနာ၊ စေတသိက်များကိုသာ တွေ့ရ၏။ ထာဝရ အမာခံဓာတ် (ဝါ) မြဲသောအတ္တကို ရှာ၍မရအပ်ချေ။

ဟျူးမ်၏ ရေးသားချက်မှ ကောက်နုတ်ဖော်ပြပါအံ့။

"အချို့ဒဿနိကဆရာတို့က ကျွန်ုပ်တို့သည် အတ္တဟုခေါ်သော မိမိကိုယ်ကို မိမိ ဘယ်အခါမဆို သိနိုင်သည်ဟု ဆိုကြ၏။ အတ္တရှိခြင်းကိုသော်လည်းကောင်း၊ မြဲခြင်းကိုသော်လည်းကောင်း ယုတ္တိအထောက်အထား ပြရန်မလိုဘဲ ကျွန်ုပ်တို့ လက်ခံနိုင်သည် ဆို၏။ ...ကျွန်ုပ်တို့အဖို့ကား ကျွန်ုပ်အတ္တကို ခြေခြေမြစ်မြစ် စူးစမ်းရှာဖွေသောအခါ ပူမှု၊ သို့မဟုတ် အေးမှု၊ ချစ်ခြင်း၊ သို့မဟုတ် မုန်းခြင်း၊ ဆင်းရဲဒုက္ခ၊ သို့မဟုတ် ချမ်းသာသုခစသော သညာဝေဒနာများကိုသာ အမြဲတွေ့ရ၏။ သညာကင်းသော ကျွန်ုပ်ကိုယ်ကို ဘယ်အခါမျှ ရှာ၍မရ။ သညာနှင့်ကင်း၍ ဘာကိုမျှ ရှုမှတ်၍မရ။ နှစ်ခြိုက်စွာအိပ်ပျော်၍ သညာကင်းနေဟန်ရှိသောအခါ ကျွန်ုပ်ကိုယ်ကို ရှိမှန်းမသိ၊ ထိုအခါ၌ အတ္တဆိတ်သုဉ်းနေသည်ဟု ဆိုရပေမည်။ ကျွန်ုပ်သေ၍ သညာအားလုံး ချုပ်ငြိမ်းပြီး ကိုယ်ခန္ဓာပျက်စီးသွားသည်၏ အခြားမဲ့၌ ကျွန်ုပ်တွင် ကြံစည်ခြင်း၊ ခံစားခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း စသည်တို့ လုံးဝဆိတ်သုဉ်းသောအခါ ကျွန်ုပ်သည်လည်း ဘဝချုပ်ငြိမ်းပြတ်တောက်သွားသည်ဟု ဆိုရပေမည်။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားဆင်ခြင်၍ မိမိ၏ အတ္တဘာဝကို ယုံကြည်ပါက ကျွန်ုပ်သည် သူ၏အယူကို ချေပနိုင်မည်မဟုတ်ကြောင်း ဝန်ခံပါ၏။ သူသည်လည်း မှန်ပေလိမ့်မည်။ ကျွန်ုပ်သည်လည်း မှန်ပေလိမ့်မည်။ ကျွန်ုပ်တို့နှစ်ဦးသဘောကွဲလွဲခြင်းသာ ဖြစ်သည်ဟု ဆိုရန်ရှိ၏။ သူသည် မြဲသောအမာခံဓာတ်

---

၁။ Hume

ကို သိမြင်ခြင်း ဖြစ်ပေရာ၏။ ကျွန်ုပ်မှာကား ထိုကဲ့သို့သော နိစ္စရူပဓာတ်မျိုး ကျွန်ုပ်၌မရှိဟု မုချသိပါသည်"

ဤသည်မှာ အနတ္တတရားအကြောင်း သိရှိထားသော ဗုဒ္ဓဘာသာဝင်များအဖို့ မဆန်းသော်လည်း အနောက်တိုင်းသားတို့၏ ဒဿနိကဗေဒသမိုင်း၌ လူအများ၏ အစဉ်အလာခံယူချက်နှင့် ဆန့်ကျင်၍ ထူးခြားဆန်းသစ်သော အတွေးအခေါ်ဖြစ်ရကား ပညာရှင်လောက၌ ဂယက်ရိုက်၍ ယနေ့တိုင် စဉ်းစား သုံးသပ်ကြဆဲ၊ ဝေဖန်ဆန်းစစ်ကြဆဲ ဖြစ်၏။ အချို့က ဟျူးမ်သည် အတ္တကို မယုံကြည်ဘူးဆိုလျက် သူ၏စာထဲ၌ ကျွန်ုပ်၊ ကျွန်ုပ်တို့၊ ကျွန်ုပ်၏စသော စကားများကို သုံးစွဲခဲ့သည်။ ထိုစကားများအရ စိတ်သည် အမြဲ လှုပ်ရှားပြောင်းလဲ နေသော သညာ ဝေဒနာတရားများဖြင့်သာ မပြီးဘဲ ယင်းတရားများကို စုစည်း ထားသော တရားရှိရမည်ဟု ဆိုကြ၏။ ဟျူးမ်ကမူ ထိုစကားများကို သမုတိ သစ္စာအဖြစ်ဖြင့်သာ မိမိ သုံးစွဲရခြင်းဖြစ်၍ အမာခံအတ္တအဖြစ်ဖြင့် သုံးစွဲခြင်း မဟုတ်။ သညာဝေဒနာစသော စေတသိက်တို့သည်လည်း အဆက်အစပ် အစီအစဉ်မရှိဘဲ ပရမ်းပတာ ဖြစ်ပျက်နေကြသည် မဟုတ်။ ၎င်းတို့သည် တူညီမှု၊ နီးစပ်မှုနှင့် အကြောင်းအကျိုး ဆက်စပ်မှုတည်းဟူသော ပစ္စယတရား (ဝါ) စိတ်ဖြစ်စဉ် သဘာဝတရားများဖြင့် ဆက်သွယ်လျက် တစ်စုတစ်စည်း၊ တစ်လုံး တစ်ခဲတည်း သဘောလက္ခဏာဆောင်လျက် ရှိပါသည်ဟု ဆိုလေသည်။

စင်စစ် ဤအယူသည် ယခုကာလ စိတ်ပညာ၏ခံယူချက်နှင့် အတန် နီးစပ်သော အယူဖြစ်၏။ ယခုခေတ် စိတ်ပညာသည် စိတ်ကို တသီးတခြား မရှုမြင်ဘဲ ရုပ်ခန္ဓာ၏ ယှဉ်ဖော်ယှဉ်ဖက် (ဝါ) သမ္ပယုတ်တရားအနေဖြင့် ရှုမြင်ကြ၏။ ရုပ်နာမ်တရား၏ အစိုးရ အရှင်သခင် ပုဂ္ဂိုလ်သတ္တဝါ(ဝါ) အတ္တ ရှိသည်ဆိုသော အယူကိုလည်း လက်မခံချေ။ ရုပ်နာမ်ခန္ဓာ၌ အရှိတရား (ဝါ) အမာခံဒြပ်ကိုရှာ၍ မရအပ်။ စိတ်ပညာကျမ်းများ၌ လာသော မှတ်ဉာဏ်၊ ကြောက်စိတ်၊ စဉ်းစားဆင်ခြင်မှုစသော စကားများသည်ပင် နာမ်ပုဒ်များ ဖြစ်သော် လည်း အရှိတရားကို မညွှန်းဘဲ အဖြစ်တရားကိုသာ ညွှန်းသည်။ မှတ်မိသည်၊ ကြောက်သည်၊ စဉ်းစားသည်စသော ဖြစ်ပျက်မှုများကို ညွှန်းသည်။ ယင်းတို့မှာ စိတ်ပညာအကြောင်း ရေးသားရာ၌ ကျစ်လျစ်သိပ်သည်းစေရန် ကြိယာများ၏ နေရာတွင် သုံးစွဲထားသော နာမ်ပုဒ်များဖြစ်သည်။ စင်စစ်သော်ကား စိတ်ဟူသည် အမာခံ အရှိဒြပ်မဟုတ်ဘဲ ဖြစ်ပျက်မှုအစဉ်သာလျှင်ဖြစ်သည်ဟု ခံယူထားပေ သည်။

အချို့ဆရာတို့ကမူ စိတ်ဟူသော စကားကိုပင် လုံးဝလက်မခံဘဲ စိတ်ပညာဟူသည် လူသတ္တဝါ၏ အပြုအမူ သို့မဟုတ် ပြုလုပ်မှုများကို လေ့လာသော ပညာဖြစ်သည်ဟု ဆိုကြ၏။ စိတ်မည်သည် လုံးလုံးခဲခဲ ထောက်ပြ၍ရအပ်သော အရာမဟုတ်။ သို့ဖြစ်၍ စိတ်ကို ရုပ်ခန္ဓာတွင်းရှိ အဖြစ်တရားအနေဖြင့် မှတ်ယူခြင်းသည်ပင် သိပ္ပံနည်းနှင့် ဆန့်ကျင်သည်။ လူ၏ အပြုအမူသာလျှင် ဒိဋ္ဌဓမ္မ တရားဖြစ်သည်။ အပြုအမူ၏ နောက်ကွယ်၌ စိတ်တရားရှိသည်ဟု ခံယူထားရန် မလို။ အတွင်းသန္တာန်ကိုရှု၍ လေ့လာသောနည်းကိုပယ်၍ အပြုအမူကို လေ့လာရမည်ဟု ဆိုကြ၏။ ဤသည်မှာ အပြုအမူဝါဒ[၁]ခေါ်သော စိတ်ပညာဝါဒဖြစ်၏။ အပြုအမူဝါဒသည် စိတ်ပညာလေ့လာရာ၌ တတ်နိုင်သမျှ သိပ္ပံနည်းကျစေရန် စိတ်ဝေဒနာသညာသိမှု၊ ခံစားချက်စသော စကားများကိုပယ်၏။ လူ၏ အပြုအမူများကို ပြင်ပပတ်ဝန်းကျင်မှ လှုံ့ဆော်ချက်များ သို့မဟုတ် ကိုယ်တွင်းရှိ ရုပ်တရားပြောင်းလဲမှုများ၊ ကြွက်သား နှာဗ်ကြောစု၊ အာရုံဒွါရ စသည်တို့၏ လုပ်ဆောင်မှုများဖြင့် ရှင်းပြလေသည်။

အပြုအမူဝါဒသည် စိတ်ကို လုံးဝ ထည့်သွင်းမစဉ်းစားဘဲ လူသတ္တဝါကို ရုပ်ပိုင်းသိပ္ပံပညာရှုထောင့် တစ်ခုတည်းမှ လေ့လာသော ဝါဒဖြစ်၏။ သို့ရာတွင် ဤသို့ လူကို ရုပ်ဝါဒ အမြင်သက်သက်ဖြင့် လေ့လာခြင်းသည် လူ့အပြုအမူအားလုံးကို ထောင့်စေ့၍ အရင်းအမြစ်ကျအောင် ရှင်းပြနိုင်သည် မဟုတ်ချေ။ ကြောက်မှု၊ မေထုန်မှီဝဲလိုမှု၊ သားသမီးကို ချစ်ခင်မှုစသော လူသား၏ ခံစားချက်၊ တောင့်တချက် စသည်တို့သည် ရုပ်တရား၏ ပြုပြင်ဖန်တီးမှုနှင့် ဆက်သွယ်လျက်ရှိသည်ကား မှန်၏။ သို့ရာတွင် ယင်းတို့ကို ရှင်းပြရာ၌ ရုပ်ဝါဒဖြင့် မပြီး။ စိတ်ကို ထည့်သွင်းစဉ်းစားပါမှ ယထာဘူတကျ ပေလိမ့်မည်။

အချို့ဆရာတို့ကမူ စိတ်ကို မြဲသောအတ္တအဖြစ်ဖြင့် မကြံစည်အပ်၊ ရုပ်တရားဖြင့် ရှင်းပြ၍လည်း မရအပ်၊ စိတ်သည် မည်သည့်နည်းနှင့်မျှ ခွဲခြမ်းစိတ်ဖြာ၍ မရအပ်ဘဲ တစ်လုံးတစ်ခဲတည်းအနေဖြင့် လေ့လာရမည့် တရားဖြစ်သည်ဆို၏။ သူတို့အလိုအားဖြင့် တစ်ခုလုံးသည် ၎င်း၏ အင်္ဂါအစိတ်အပိုင်းများ စုပေါင်းထားမှုမျှသာ ဖြစ်သည်မဟုတ်။ အင်္ဂါအစိတ်အပိုင်းများ ဖွဲ့ယှက်တည်နေမှုသည်သာလျှင် တစ်ခုလုံး၏ အနှစ်သာရဖြစ်၏။ ပုံစံအားဖြင့် ကျောင်းသားသည် သချာပုစ္ဆာတစ်ခုကို တွက်ချက်ရာ၌ ပုစ္ဆာတစ်ခုလုံးကိုခြုံ၍ လေ့လာပြီးလျှင်

---

၁။ Behaviourism

ပေးထားချက်များ မည်သို့မည်ပုံ ဆက်စပ်နေသည်ကို သိမြင်ပါမှ အဖြေရှာနိုင်မည်ဖြစ်၏။ ပန်းချီကားတစ်ခု၏ အနုပညာဂုဏ်မြောက်မှုသည်ကား တစ်ခုလုံးအပေါ်၌ တည်၏။ ၎င်းကို တစ်ပိုင်းစီ၊ တစ်ကန့်စီ လေ့လာခြင်းဖြင့် အနုပညာရသကို ရှာ၍မရအပ်ချေ။

တစ်ခုလုံးသည် အစိတ်အပိုင်းနှင့် မကင်းနိုင်သည့်နည်းတူ အစိတ်အပိုင်းများသည် တစ်ခုလုံးနှင့်ကင်းသော် အချည်းအနှီးဖြစ်၏။ အရာဝတ္ထုတစ်ခု၏ အနက်အဓိပ္ပာယ်နှင့် ဦးတည်ချက်ကို နားလည်ရန် ၎င်းကို တစ်ခုလုံးခြုံ၍ လေ့လာရပေမည်။ လူ၏စိတ်သည်လည်း ထိုနည်းအတူ ဖြစ်၏။ စိတ်ကို ဝေဒနာ၊ သညာ စသည်ဖြင့် ခွဲခြမ်းလေ့လာခြင်းသည် ကျွန်ုပ်တို့၏ အသိပညာကို တိုးပွားစေမည်မဟုတ်။ စိတ်အကြောင်းကို ဓမ္မဓိဋ္ဌာန်ကျကျ သိရှိနားလည်လိုပါက ၎င်းကိုမခွဲစိတ်ဘဲ တစ်ခုတည်း၊ တစ်လုံးတစ်ခဲတည်းအနေဖြင့် လေ့လာရန်လို၏။ လူသတ္တဝါ၏ အပြုအမူတစ်ခုသည် ပတ်ဝန်းကျင် အာရုံတစ်ခုခုကြောင့် စေတနာ၊ အလိုဆန္ဒ၊ အသိဉာဏ်စသော စေတသိက်တစ်ခုခု လှုပ်ရှားထကြွလာခြင်းဖြစ်သည်မဟုတ်။ ယင်းသည် ပတ်ဝန်းကျင် အခြေအနေတစ်ခုလုံးကို စွဲမှီ၍ ရုပ်၊ နာမ် ခန္ဓာတစ်ခုလုံး၏ တုံ့ပြန်မှုဖြစ်ကြောင်း သတိပြုရာ၏။

ဤစိတ်ပညာဝါဒသည် သိပ္ပံနှင့်၊ ဒဿနိကသိပ္ပံနှင့်၊ ဘာသာတရား သိပ္ပံပညာတစ်ခုနှင့် တစ်ခု၏ကွဲပြားမှု၊ ပဋိပက္ခဖြစ်မှု၊ နယ်နိမိတ် တိတိကျကျ ကန့်သတ်မှုနှင့် ထီးထီးရပ်တည်မှုကို ဆန့်ကျင်၍ ပေါင်းစည်းညီညွှတ်မှု၊ အညမည အကျိုးပြုမှုသို့ ရှေးရှုသောဝါဒ ဖြစ်လေသည်။

စိတ်ပညာနယ်၌ ဤဝါဒထက် ပို၍ထင်ရှားသောဝါဒမှာ ဆစ်ဂမန်ဖရိုက်[၁]၏ စိတ်ခွဲဝါဒ[၂] ဖြစ်၏။ ဖရိုက်၏အလိုအားဖြင့် စိတ်သည် သိစိတ်[၃]၊ မသိတသိစိတ်နှင့် မသိစိတ်[၄] ဟူ၍ အလွှာသုံးခုရှိ၏။ သိစိတ်မှာ လူ၏စိတ်ပိုင်းဘဝ၌ နေ့စဉ် ထင်ထင်ရှားရှား တွေ့ကြုံခံစား သိမှတ်နေသော အပေါ်ယံအလွှာဖြစ်၏။ မသိတသိစိတ်မှာ မနောဝိညာဉ်၏ ဒုတိယအလွှာ၌ရှိ၍ အများအားဖြင့် ငုပ်ကွယ်နေပြီးလျှင် တစ်ခါတစ်ရံမှ အထင်အရှား ပေါ်ထွက်လာသော စိတ်ဖြစ်၏။ ပုံစံကား ကျွန်ုပ်တို့ ကျက်မှတ်ထားသော ကဗျာ၊ လင်္ကာ၊ ဂဏန်းအလီ၊ အမည်နာမ စသည်တို့ ဖြစ်၏။ မသိစိတ်မှာကား ဝိညာဉ်၏ အောက်ဆုံးအလွှာ၌

---

၁။ Sigmund Freud
၂။ Psychoanalysis
၃။ conscious
၄။ sub-conscious and unconscious

ကိန်းဝပ်နေ၍ ၎င်း၏ နယ်ပယ်၌ လူသတ္တဝါ၏ ဇာတိစိတ် (ဝါ) ကိလေသာ တရားများ၊ ကလေးဘဝက ရရှိခဲ့သော မှတ်သားထားချက်များ၊ ကျွန်ုပ်တို့မသိလိုက်ဘဲ စိတ်ကိုများစွာ ထိခိုက်စေခဲ့သော ဘဝအတွေ့အကြုံမှအမှတ်အသားများပါဝင်သည် ဆို၏။

၎င်းတို့ကို မသိစိတ်ဟု ခေါ်ဝေါ်ခြင်းမှာ ၎င်းတို့ရှိကြောင်း ကျွန်ုပ်တို့ မသိရသောကြောင့် ဖြစ်၏။ ဖရိုက်၏အလိုအားဖြင့် မသိစိတ်သည် မနောဝိညာဉ်၏ ကြီးမားသော အစိတ်အပိုင်းဖြစ်၍ လူတို့၏ပြင်းပြသော အလိုရမ္မက်များ၊ အနုသယကိလေသာတရားများ၊ စိတ္တဇ ဒဏ်ရာဒဏ်ချက်များဖြင့် ပြီးရကား တန်ခိုးအင်အားကြီးမား၍ လူတို့ကို စိုးမိုးနေတတ်၏။ မနောဝိညာဉ်၏ အပေါ်ယံအလွှာထဲသို့ နည်းပရိယာယ်အမျိုးမျိုးဖြင့် ဝင်လာ၍ လူကို နှောင့်ယှက်တတ်၏။ မသိစိတ်တို့သည် လူ၏ သိစိတ်နှင့်သော်လည်းကောင်း၊ ပတ်ဝန်းကျင်လူ့လောက၏ အစဉ်အလာ ခံယူချက်နှင့်သော်လည်းကောင်း၊ အချင်းချင်းသော်လည်းကောင်း ပဋိပက္ခဖြစ်၍ ထိုပဋိပက္ခဖြစ်မှုသည် ကျွန်ုပ်တို့၏ စိတ်ပိုင်းဘဝကို ဂယက်ရိုက်ခတ်လေ့ရှိ၏။ သို့ဖြင့် ကျွန်ုပ်တို့၏ စိတ်ဆန္ဒ၊ စရိုက်ဝါသနာ၊ အလေ့အကျင့်၊ အစွဲအလမ်းနှင့် ခံစားရချက် စသည်တို့သည် အများအားဖြင့် မသိစိတ်ကို စွဲမှီ၍ ဖြစ်ပေါ်လာကြသည် ဆို၏။

ဤသည်တို့မှာ စိတ်ပညာနယ်၌ အထူးထင်ရှားသော အယူဝါဒများဖြစ်၏။ ယနေ့ စိတ်ပညာရှင်တို့သည် လူ့စိတ်သဘာဝနှင့် ပတ်သက်၍ သဘောအယူအဆ ကွဲလွဲကြစေကာမူ အားလုံး တစ်ညီတစ်ညွတ်တည်း ခံယူသောအချက်များရှိ၏။ ပထမအချက်မှာ စိတ်ပညာဆရာတို့သည် စိတ်ကို ကိုယ်နှင့်ခွဲခြား၍ တစ်သီးပုဂ္ဂလ တရားအနေဖြင့် လေ့လာမှုမပြုလိုကြချေ။ ဒုတိယအချက်မှာ စိတ်၏ အရှင်သခင်အနေဖြင့် နိစ္စရုပ အတ္တရှိသည်ဆိုသော လူတို့ အစဉ်အလာယုံကြည်ချက်ကို ပယ်ခြင်းဖြစ်၏။ ယခုခေတ် ဒဿနိကဆရာတို့သည်လည်း အများအားဖြင့် ဤစိတ္တဗေဒ အဆိုနှစ်ခုကို လက်ခံကြ၏။ သိပ္ပံနည်းကျကျ တွေးခေါ်လိုသော ပုဂ္ဂိုလ်အဖို့ လက်မခံဘဲနေ၍လည်း မဖြစ်ချေ။ သိပ္ပံပညာသည် စိတ်မှာကိုယ်ကို အမှီကင်းသော သီးခြားတရားမဟုတ်ကြောင်း၊ မြဲသောအတ္တဟူ၍ မရှိကြောင်း တိတိပိုင်ပိုင် မပြနိုင်သည်မှန်၏။ သို့ရာတွင် စိတ်၏ တစ်သီးပုဂ္ဂလအဖြစ်ကို ခံယူပါက ၎င်းကို ရုပ်ခန္ဓာနှင့်ကင်း၍ မည်သို့လေ့လာပါမည်နည်း။ အတ္တရှိသည်မှန်သော် ၎င်းကို မည်သို့ လက်တွေ့ရှာစမ်းနိုင်ပါမည်နည်း။ အတ္တကို လက်ခံခြင်းဖြင့် စိတ်အကြောင်း လက်တွေ့လေ့လာရာ၌

မည်သို့ အကျိုးရှိပါမည်နည်း။ ဒဿနိကဆရာသည်လည်း ဘာသာရေးယုံကြည်မှု မျိုးကိုပယ်၍ ဒိဋ္ဌဓမ္မကျကျ တွေးခေါ်လိုပါက အထက်ပါ စိတ်ပညာဆရာ၏ အဆိုများကို ခံယူရပေလိမ့်မည်။

သို့ရာတွင် ထိုအဆိုနှစ်ခုသည် ရုပ်ဝါဒနှင့် တခြားစီဖြစ်ကြောင်း သတိပြု ရာ၏။ စိတ်ပညာနယ်၌ ရုပ်ဝါဒသက်သက်ဖြစ်သော အထက်ကပြဆိုခဲ့သော အပြုအမူဝါဒကို နှစ်သက်လက်ခံသော ပညာရှင် များများစားစား မရှိချေ။ ယခုခေတ် စိတ်ပညာ၏အမြင်သည် ယေဘုယျအားဖြင့် ရုပ်ဝါဒနှင့် နီးစပ်သည် ကား မှန်၏။ ဤသည်မှာ သိပ္ပံပညာတစ်ရပ်အဖြစ်ဖြင့် လက်တွေ့သုတေသန ပြုရာ၌ ရုပ်ဝါဒကို လက်ကိုင်ထားရန် လိုအပ်သောကြောင့်ဖြစ်၏။ မည်သို့ဖြစ်စေ စိတ်သည် ကျွန်ုပ်တို့ မုချဆတ်ဆတ် ကြုံတွေ့ခံစားအပ်သော တရားဖြစ်၍ ဒဿနိကဗေဒနယ်၌ ဒိဋ္ဌဓမ္မအဖြစ်ဖြင့် ဆင်ခြင်သုံးသပ်ရပေလိမ့်မည်။

စိတ်ကို သိမှု၊ ဖြစ်ပျက်မှုနှင့် ရှေးရှုအားထုတ်မှုဟူ၍ လက္ခဏာအားဖြင့် သုံးမျိုးခွဲခြားရာ၏။ သိမှုသည် စိတ်၏ လက္ခဏာ တစ်ရပ်မျှသာဖြစ်၍ ၎င်းကို စိတ်နှင့် မရောထွေးသင့်။ စင်စစ် ၎င်းသည် သူတစ်ပါး၌ ရှာ၍ရအပ်သော ဒိဋ္ဌဓမ္မပင်မဟုတ်ဘဲ မိမိကိုယ်ကို ရှု၍သာလျှင် သိမြင်အပ်သောတရား ဖြစ်၏။ သိမှုသည် စိတ်ထင်ရှားသော လက္ခဏာတစ်ရပ်လည်း မဟုတ်ချေ။ ကျွန်ုပ်တို့ ဘာမျှမသိရဘဲ ကျွန်ုပ်တို့အား ပြုပြင်ဖန်တီးနေသော မသိစိတ်တို့သည်ရှိ၍ စိတ်ပိုင်းဘဝ၌ အရေးပါသော နေရာကဏ္ဍယူထားခြင်းကို အထက်က အမြွက်မျှ ပြဆိုခဲ့ပေပြီ။

သိမှုထက် အရေးပါထင်ရှားသောစိတ်၏ ဒုတိယလက္ခဏာမှာ စိတ် အစဉ်ဖြစ်၏။ စိတ်အစဉ်၌ ချစ်ခြင်း၊ မုန်းခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း စသော ခံစားမှုများနှင့် မှတ်မိခြင်း၊ သတိရခြင်း၊ စိတ်ကူးခြင်း၊ တင်ကြိုသိမြင် ခြင်း၊ စဉ်းစားဆင်ခြင်ခြင်းစသော စေတသိက်များ ပါဝင်၏။ ဤစိတ်စေတသိက် တရားများကို ဦးနှောက်၊ နာဗ့်ကြောဂလင်းစသော ကိုယ်အင်္ဂါလုပ်ငန်းများ၏ အကျိုးတရား အဖြစ်ဖြင့်သော်လည်းကောင်း၊ အဏုမြူမော်လီကျူး၊ သို့မဟုတ် ဆဲလ်တို့၏ လှုပ်ရှားမှု အဖြစ်ဖြင့်သော်လည်းကောင်း၊ သိပ္ပံဆရာတို့က ရှင်းပြ ကြသည်မှန်၏။ သို့ရာတွင် ထိုသို့ရှင်းပြခြင်းဖြင့် ယင်းတို့၏ အရေးပါမှုသည် စိုးစဉ်းမျှ ယုတ်လျော့သွားမည် မဟုတ်ချေ။ ဥပမာဆိုသော် အစာအာဟာရတစ်ခု သည် လူ၏ကျန်းမာရေးကို မုချအကျိုးပြုနိုင်ငြားအံ့။ ယင်းသည် ကာဗိုဟိုက် ဒရိတ်၊ ပရိုတင်း၊ ဟိုက်ဒရိုဂျင် စသော ဓာတ်အစုပေါင်းမျှသာ ဖြစ်ပါသည်

ဆိုလျက် ယင်း၏ အကျိုးအာနိသင်ကို မျက်ကွယ်ပြု၍ ရမည်မဟုတ်ချေ။ အစာ အာဟာရ၏ အနှစ်သာရသည် ထိုဓာတ်များ၌မတည်ဘဲ ယင်းတို့ဖွဲ့စည်းနေမှုနှင့် ထိုဖွဲ့စည်းမှုကိုမှီ၍ ဖြစ်ပေါ်လာသော ဂုဏ်သတ္တိ၌ တည်ရှိကြောင်း သတိပြုရာ၏။

စိတ်စေတသိက် တရားများသည်လည်း ထိုနည်းနှင်နှင်ဖြစ်၏။ ယင်းတို့၏အရင်းအမြစ်ကို ရုပ်တရားဖြင့် ရှင်းပြ၍ အရေးပါမှုကို ငြင်းဆိုပါက ယထာဘူတကျမည်မဟုတ်ချေ။ လူ့သမိုင်းတစ်လျှောက်၌လည်းကောင်း၊ လူတို့ နေ့စဉ်သွားလာ၊ လုပ်ကိုင်ရာ၌လည်းကောင်း ချစ်ခြင်း၊ မုန်းခြင်း၊ ကြံစည်ခြင်း အလိုရှိခြင်းစသော စေတသိက်တရားတို့၏ အကျိုးသက်ရောက်မှုသည် ထင်ရှားလှ၏။ စင်စစ် လူသား၏ နေ့စဉ်အတွေ့အကြုံ၌ အမှန်တကယ် စွမ်းအင်ရှိ၍ ဘဝကံကြမ္မာကို ပြုပြင်ဖန်တီးနေသော အရာများမှာ ပစ္စည်းဥစ္စာ၊ ရွှေ၊ ငွေ၊ အသပြာများမဟုတ်ဘဲ စိတ်စေတသိက်တရားများ ဖြစ်၏။ ပစ္စည်းတစ်ခု၏ ကောင်းမှုညံ့မှု၊ အဖိုးတန်မှု၊ မတန်မှုသည် စင်စစ် လူ့စိတ်ဆန္ဒကို အစွဲပြု၍ သတ်မှတ်ရသော ဝေါဟာရပညတ်များဖြစ်၏။ လူအများအဖို့ အလွန်ကောင်းသော ပစ္စည်းပင်ဖြစ်စေ ယင်းကို အလိုမရှိသောသူအဖို့ အချည်းအနှီး ဖြစ်ပေရာ၏။

စိတ်၏ တတိယ အဓိကလက္ခဏာမှာ ရွေးရှုမှုဖြစ်ပေရာ ဤသည်မှာ ဒဿနိကဗေဒအမြင်ဖြင့် အဓိပ္ပာယ်အလေးနက်ဆုံး လက္ခဏာဖြစ်၏။ သိပ္ပံဆရာသည် လူကိုလေ့လာရာ၌ ရုပ်လောကကို လေ့လာရာမှာကဲ့သို့ပင် ရွေးရှုချက် (ဝါ) ဦးတည်ချက်ကို ပယ်ထားလေ့ရှိ၏။ လူ့အပြုအမူကို ဆန်းစစ်ရာ၌ နောက်ပိုင်းက စေ့ဆော်သော ကိုယ်တွင်း အင်္ဂါအခြေအနေများ၊ ဖြစ်ပျက်လှုပ်ရှားမှုများကိုသာလျှင် စဉ်းစား၍ လူသတ္တဝါအား ရှေ့မှဆွဲဆောင်ချက် (ဝါ) ဦးတည်ချက်ကို လုံးဝမစဉ်းစားလိုကြချေ။ သို့ရာတွင် ကျွန်ုပ်တို့ လူသားများအဖို့ ဦးတည်ချက်သည် ငြင်းဆို၍မရအပ်သော ဒိဋ္ဌဓမ္မဖြစ်၏။

စင်စစ် ကျွန်ုပ်တို့သည် ရုပ်တရားသက်သက်ဖြင့် လူ့အပြုအမူအားလုံးကို ရှင်းပြရန်မဖြစ်နိုင်ချေ။ ဦးတည်ချက်ကို ထည့်သွင်းစဉ်းစားမှသာလျှင် လူ့အကြောင်းကို ခြေခြေမြစ်မြစ် နားလည်ပေလိမ့်မည်။ ကြောက်စိတ်၊ ကာမစိတ်၊ မိခင်စိတ်စသော လူ၏ မူလဇာတိစိတ်တို့သည် ကိုယ်တွင်းစေ့ဆော်မှုများနှင့် နီးနွယ်နေသည်ကား မှန်၏။ သို့ရာတွင် ယင်းတို့ကို လေ့လာရာ၌ ကြောက်စိတ်သည် ဘေးကင်းရာသို့ ရှောင်တိမ်းလိုမှုသို့လည်းကောင်း၊ ကာမစိတ်သည် မေထုန်သံဝါသပြုမှုသို့လည်းကောင်း၊ မိခင်စိတ်သည် သားသမီးကို ကာကွယ်

စောင့်ရှောက်မှုသို့လည်းကောင်း ဦးတည်ချက်ရှိကြောင်း ထည့်သွင်းစဉ်းစားပါမှ ယထာဘူတကျ၍ ဆိုင်ရာအပြုအမူများမှာ အနက်အဓိပ္ပာယ် ထင်ရှားလာပေလိမ့်မည်။ ဦးတည်ချက်ကို လက်ခံစဉ်းစားခြင်းသည် ရုပ်တရားဖြင့် ရှင်းပြချက်ကို ချေဖျက်ရန်မဟုတ်ဘဲ ထောက်ကူဖြည့်စွက်ရန် ဖြစ်၏။

လူ၏အပြုအမူသည် ဦးတည်ချက် ရှိသည်ဆိုသောကြောင့် အသိဉာဏ်နှင့်ယှဉ်သော အပြုအမူဖြစ်သည်။ သို့တည်းမဟုတ် ဦးတည်ချက်မည်သည် လူတို့ သိသိမှတ်မှတ်မှတ် နှလုံးသွင်းထားသော ရည်ရွယ်ချက်ဖြစ်သည်ဟု ပုံသေမယူဆသင့်ချေ။ တိရစ္ဆာန်နှင့် ကလေးသူငယ်တို့တွင် အသိဉာဏ်အမြော်အမြင်နှင့်ယှဉ်သော ဦးတည်ချက်ဟူ၍မရှိ။ သို့တစေလည်း ၎င်းတို့၏ အပြုအမူများသည် သဘာဝတရား၏ ဦးတည်ချက်နှင့် မကင်းချေ။ သက်ရှိလောက၌ အနိမ့်ကျဆုံးသတ္တဝါသည်ပင် အစာရှာခြင်း၊ မိတ်လိုက်ခြင်း၊ ရန်သူကို ရှောင်ရှားခြင်းစသောအမှုများကို ပြုလေ့ရှိပေရာ ၎င်းသည်မှာ အသက်ရှင်နေမှုနှင့် မျိုးဆက်တည်တံ့မှုတည်းဟူသော သဘာဝတောင်းဆိုချက်သို့ ဦးတည်နေသော အပြုအမူများဖြစ်ပေသည်။

ဦးတည်ချက်သည် သတ္တဝါ၏ အသိအလိမ္မာအဆင့်အတန်းကိုလိုက်၍ ကွဲပြားခြားနား၏။ လူသတ္တဝါအများ၏ ဦးတည်ချက်သည် အသက်ရှင်မှုနှင့် အမျိုးတည်မြဲမှု၌ ပြီးဆုံး၏။ အသိဉာဏ် အဆင့်အတန်းမြင့်သော သတ္တဝါတို့၌မူ သဘာဝဦးတည်ချက်နှင့်မပြီးဘဲ မိမိတို့ ချမှတ်ထားသော ရည်ရွယ်ချက်များရှိလာ၏။ အနည်းငယ်သော အာဇာနည်ပုဂ္ဂိုလ်တို့သည်ကား လူအများ စိတ်မကူးဝံ့သော ရည်မှန်းချက်များကို ဆုပ်ကိုင်ထား၍ ယင်းတို့ အောင်မြင်မှုအတွက် အကယ်၍လိုအပ်ပါက သဘာဝဦးတည်ချက်ကို ကျော်ခိုင်းရန် အသင့်ရှိသော သူများ ဖြစ်လေသည်။

အေဗရာဟမ်လင်ကွန်း၊ မဟာတ္တမဂန္ဒီ၊ ဗိုလ်ချုပ်အောင်ဆန်းစသော လူ့သမိုင်းမော်ကွန်းဝင် ပုဂ္ဂိုလ်တို့၏ ဦးတည်ချက်သည် အလွန်ကြီးကျယ် မြင့်မားသော ဦးတည်ချက်ဖြစ်ကြောင်း ယုံမှားစရာမရှိချေ။ ထိုပုဂ္ဂိုလ်တို့၏ အောင်မြင်မှုကို ရုပ်ဝါဒအမြင်ဖြင့် ဝေဖန်သုံးသပ်လိုသော စိတ္တဗေဒဆရာသည် ၎င်းတို့၏ ဦးတည်ချက်ကို မျက်ကွယ်ပြု၍ ရုပ်တရားစေ့ဆော်မှုကို အကြောင်းပြပေလိမ့်မည်။ သို့တည်းမဟုတ် ၎င်းတို့၏ မျိုးစေ့ဗီဇအားကောင်းမှုကို အရင်းမူလအဖြစ်ဖြင့် ထောက်ပြပေလိမ့်မည်။ ဂလင်း၊ ဦးနှောက်၊ အာရုံကြော၊ ခရိုမိုဆုမ်းခေါ်သော ဗီဇမျိုးစေ့ စသည်တို့၏ လုပ်ဆောင်ချက်သည် အာဇာနည်ပုဂ္ဂိုလ်ကြီး

တို့၏ အောင်မြင်မှုအတွက် အရေးပါခြင်းကို ကျွန်ုပ်တို့ ငြင်းဆိုရန်မလိုချေ။ သို့ရာတွင် ယင်းမှာ အထောက်အကူမျှသာဖြစ်၍ ထူးချွန်သော ပုဂ္ဂိုလ်တို့၏ စိတ်ဓာတ်ကြံ့ခိုင်မှု၊ အဆင်းရဲခံနိုင်မှု၊ ကိုယ်ကျိုးစွန့်လွှတ်မှု၊ ယုံကြည်ချက်ပြင်းပြမှု၊ ရှုပ်ရှပ်ချွံချွံလုပ်ကိုင်မှုစသော ဝိသေသလက္ခဏာခြင်းရာများမှာ ဦးတည်ချက်နှင့် ကင်း၍ ဖြစ်ပေါ်လာနိုင်မည် မဟုတ်ချေ။

ဦးတည်ချက်၏ မူလတရားမှာ အလိုဆန္ဒဖြစ်၏။ အလိုဆန္ဒကို အစွဲပြု၍ လူတို့၏ရည်မှန်းချက်၊ မျှော်လင့်ချက် စသည်တို့ ဖြစ်ပေါ်လာရ၏။ လောက၌ မည်သည့် အလိုဆန္ဒမျှမရှိသော ပုဂ္ဂိုလ်သတ္တဝါကို ရှာ၍မရအပ်ချေ။ ဘုရား ရဟန္တာ၊ ကမ္ဘာ့သမိုင်းဝင် အာဇာနည်ပုဂ္ဂိုလ်နှင့် သာမန်လူတို့သည် အလိုဆန္ဒ ရှိမှု၊ မရှိမှု၊ သို့မဟုတ် အားကြီးမှု၊ အားနည်းမှု၌ ကွဲပြားခြားနားသည် မဟုတ်ဘဲ အလိုဆန္ဒအယုတ် အလတ် အမြတ်အားဖြင့်သာလျှင် ခြားနားကြ၏။ သူတော်မြတ်နှင့် အာဇာနည်ပုဂ္ဂိုလ်တို့၏ အလိုဆန္ဒမှာ ဘဝသံသရာမှ လွတ်မြောက်လိုသောဆန္ဒ၊ သို့မဟုတ် လူ့လောက အကျိုးစီးပွားကို ဆောင်ရွက်လိုသော ဆန္ဒဖြစ်၍ သာမန်လူတို့၏ဆန္ဒမှာ အသက်ရှင်ပြီး ကြီးပွားချမ်းသာရန်ဖြစ်၏။

လူသား၏ အလိုဆန္ဒမှာ အမျိုးမျိုးအစားစားရှိ၍ အချို့ပညာရှင်တို့က တစ်ခုသောအလိုဆန္ဒကို အခြေခံမူလ ပဓာနတရားအနေဖြင့် ထောက်ပြလေ့ရှိကြ၏။ စိတ်ပညာရှင်ဖရိုက်က လူ့စိတ်ကို စိုးမိုးနေသော အချုပ်ပဓာနတရားမှာ ကာမတဏှာ ဖြစ်သည်ဆို၏။ ဂျာမန်ဒဿနိကဆရာရှိုပင်ဟွာ[၁]၏ အလိုအားဖြင့်ကား လူ၏ အင်အားအကြီးမားဆုံး စိတ်မှာ ဘဝတဏှာဖြစ်၏။ ဂျာမန်တွေးခေါ်ရှင်နီရှေး[၂]ကမူ လူတို့၏ အပြုအမူများသည် အဓိကအားဖြင့် သူတစ်ပါးကို လွှမ်းမိုးလိုသော အတ္တမာနစိတ်၌ အရင်းခံသည်ဟု ယူဆလေသည်။

ဤတဏှာမာန အမျိုးမျိုးသည် စားလိုမှု၊ အိပ်လိုမှုစသော သာမန်အလိုဆန္ဒများထက် များစွာ ပိုမိုအားကောင်း၍ လူ့ဘဝ လူ့လောကကို ပြုပြင်ဖန်တီးရာ၌ အထူးအရေးပါသော တရားများ ဖြစ်ပေရာ၏။ ယင်းတို့အထဲမှ တစ်ခုသောတရားကို မူလဘူတအနေဖြင့် ခံယူခြင်းမှာမူ သဘာဝယုတ္တိ မရှိလှချေ။ လူတို့၏အပြုအမူနှင့် ရည်မှန်းချက်များသည် ထွေပြား၍ ယင်းတို့ကို ဆင်ခြင်သုံးသပ်ရာ၌ တဏှာမာနတရား အမျိုးမျိုးကို ထည့်သွင်းစဉ်းစားရန် လိုပေလိမ့်မည်။

---

၁။ Schopenhaeur ၂။ Nietzche

မည်သို့ဆိုစေ တဏှာသည် လူ့ဘဝ၏ အသက်သွေးကြော ဖြစ်၏။ တဏှာကြောင့် လူ့လောကသည် သက်ဝင်လှုပ်ရှား၍ လူ့ဘဝသည် အနက် အဓိပ္ပာယ်နှင့် ဦးတည်ချက်ရှိလာ၏။ လူ့ဘဝ လူ့လောက၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုသည် တဏှာ၌ အရင်းမူလရှိ၏။ ယေဘုယျအားဖြင့်ကား တဏှာသည် ဝိသမလောဘအဖြစ်ဖြင့် လူတို့အား ဖျက်ဆီးတတ်သောတရား ဖြစ်နေသောကြောင့် ကမ္ဘာ့ဘာသာဝါဒကြီးများသည် တဏှာလောဘနှိပ်ကွပ်ရန် အရေးကြီးပုံကို အလေးအနက် ဟောကြားခဲ့ကြ၏။ သို့ရာတွင် ပုထုဇဉ်သတ္တဝါ မှန်သမျှသည် တဏှာနှင့်ကင်း၍ အသက်ရှင်နေနိုင်မည်ပင် မဟုတ်ချေ။ လူတို့ သည် တဏှာရာဂ အလွန်ခေါင်းပါးနေမည်။ သို့တည်းမဟုတ် တိရစ္ဆာန်တို့ကဲ့သို့ စားလိုမှု၊ အိပ်လိုမှု၊ မေထုန်မှီဝဲလိုမှုမှတစ်ပါး တခြား လိုချင်တောင့်တမှု စိုးစဉ်းမျှ မရှိသော သတ္တဝါများဖြစ်ပါက လူ့လောကသည် လုံးဝမတိုးတက်တော့ဘဲ ဆုတ်ယုတ်သွားမည် အမှန်ဖြစ်၏။ သို့ဖြစ်၍ ပုထုဇဉ်လူသားတို့အဖို့မှု အရေးကြီး သည်ကား တဏှာကို အကြွင်းမဲ့ ပယ်သတ်ရန်မဟုတ်။ တဏှာ၏ လွှမ်းမိုးမှုကို မခံဘဲ ၎င်းကို သတိပညာနှင့် ထိန်းကွပ်ပြီးလျှင် မိမိအားသော်လည်းကောင်း၊ သူတစ်ပါးအားသော်လည်းကောင်း အကျိုးယုတ်စေမည့် ဝိသမလောဘမဖြစ်စေဘဲ ကြီးပွားတိုးတက်မှုအတွက် ထိရောက်သော လက်နက်အနေဖြင့် အသုံးပြုတတ်ရန် ဖြစ်ပေသည်။

၁၂

စိတ်နှင့်ရုပ်ကို မည်သည်က မူလပဓာနဖြစ်သည်၊ မည်သည်က အရိပ်သဏ္ဍာန်မျှသာ ဖြစ်သည်ဟု မဆိုသင့်။ ၎င်းတို့သည် ပင်ကိုဂုဏ်သတ္တိဖြင့် သီးခြားထင်ရှားသော တရားများ ဖြစ်၏။

# စိတ်နှင့်ကိုယ်

စိတ်အကြောင်းနှင့် စပ်လျဉ်း၍ ရှေးပဝေသဏီကစ၍ ယနေ့အထိ ဒဿနိကပညာရှင်တို့ ဉာဏ်ကျက်စားရာ အငြင်းပွားရာ၊ ပြဿနာတစ်ရပ်မှာ ကိုယ်ခန္ဓာနှင့် စိတ် အချင်းချင်း ဆက်သွယ်နေပုံ အကြောင်းခြင်းရာ ဖြစ်၏။ လူတို့သည် စိတ်နှင့်ရုပ်မှာ အချင်းချင်း အမှီသဟဲပြု၍ အပြန်အလှန် အကျိုးပြုသော တရားများဖြစ်သည်ဟု ခံယူထားကြ၏။ ဒဿနိကဗေဒ အမြင်အားဖြင့်မူ ဤခံယူချက်မှာ စောကြောဝေဖန်ဖွယ်ရာများ ရှိ၏။

စိတ်နှင့်ရုပ် အညမညအကျိုးပြုမှုမှာ စင်စစ်ကျွန်ုပ်တို့အားလုံး နေ့စဉ်လိုလို တွေ့ကြုံနေရသော အခြင်းအရာဖြစ်၍ သံသယဝင်ရန် မလိုချေ။ ရုပ်တရားက စိတ်ကို ပြုပြင်ဖန်တီးမှုသည် အရက်၊ ဘိန်း၊ ကိုကင်း၊ မော်ဖီယား၊ အီသာ၊ နိုက်ထရစ်အက်စစ် စသည်တို့ကို မှီဝဲခြင်း၏ အကျိုးအာနိသင်၌ ထင်ရှား၏။ ယင်းတို့ကို သုံးစွဲခြင်းဖြင့် လူသတ္တဝါ၌ သတိလစ်ခြင်း၊ ထိုင်းမှိုင်းခြင်း၊ စိတ်ကြည်လင်ခြင်း၊ စိတ်ပျော်ရွှင်ခြင်း၊ အာရုံအမျိုးမျိုးထင်ခြင်း စသော လက္ခဏာများ ပေါ်လာတတ်၏။ စိတ်အခြေအနေ ပြောင်းလဲခြင်းသည် အချို့သော ရောဂါများနှင့်ယှဉ်၍ ဖြစ်ပေါ်တတ်၏။ တီဘီဝေဒနာရှင်တို့သည် တစ်ခါတစ်ရံ အကြောင်းမဲ့ စိတ်ကြည်လင်နေတတ်သည် ဆို၏။ နှလုံး လေသင်တုန်းရောဂါ ခံစားနေရသူသည် စိုးရိမ်ကြောင့်ကြမှု များတတ်၏။ ဦးနှောက်ရောင် သွက်ချာပါဒ ရောဂါ၏ လက္ခဏာတစ်ခုမှာ စိတ်ဓာတ်ချတ်ယွင်းမှု ဖြစ်၏။ ဦးနှောက်နာဗ့်

ကြောနှင့် ဂလင်းတို့က စိတ်အား ပြုပြင်ဖန်တီးပုံကိုကား စိတ္တဗေဒဆရာတို့၏ သုတေသနပြုချက်အရ အတန် စေ့စေ့စုံလင်စွာ ကျွန်ုပ်တို့ သိရှိရပေပြီ။

ရုပ်က စိတ်ကို ပြုပြင်သည်နှင့်အမျှ စိတ်က ရုပ်ကို ပြုပြင်ခြင်းမှာလည်း မည်သူမျှ မငြင်းနိုင်သော အချက်ဖြစ်၏။ ကျွန်ုပ်တို့သည် ကြောက်သောအခါ ကြက်သီးမွေးညင်းထ၍ နှလုံးသွေး အခုန်မြန်လာ၏။ ဒေါသထွက်သောအခါ မျက်နှာနီမြန်းလာ၏။ စိတ်ဂနာမငြိမ်သောအခိုက်၌ သွေးတိုးအားတက်ကြွ၍ တောင်လုပ်ရမလို၊ မြောက်လုပ်ရမလိုလိုနှင့် နေမထိထိုင်မသာ ဖြစ်လာတတ်၏။ ယခုခေတ် ဆေးသိပ္ပံပညာ၏ အလိုအားဖြင့် စိတ်ပင်ပန်းခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း စသည်တို့သည် နှလုံးရောဂါ၊ အစာအိမ်ရောဂါ စသည်တို့ကို ကူညီအားပေး၏။ အချို့ စိတ်ပညာရှင်တို့ကမူ စိတ်လှုပ်ရှားမှုရှိသော အခါတိုင်း ဦးနှောက်၏အခြေအနေ ပြောင်းလဲသည်။ အလွန်သိမ်မွေ့သော ပြောင်းလဲမှုဖြစ်ခြင်းကြောင့်သာလျှင် ကျွန်ုပ်တို့ အခါခပ်သိမ်း မသိရှိရခြင်းဖြစ်သည်ဟု ဆိုလေသည်။

သို့ဖြစ်၍ စိတ်နှင့်ကိုယ်ခန္ဓာ၏ အချင်းချင်း အကျိုးပြုမှုသည် မည်သို့မျှ သံသယဝင်ရန် မလိုသောအခါ ဒွိဋ္ဌဓမ္မဖြစ်၏။ ဒဿနိကဆရာသည် ဤအချက်ကို ငြင်းဆိုသည်မဟုတ်။ သူ ရင်ဆိုင်ရသော ပြဿနာမှာ အဘယ်ကြောင့် စိတ်နှင့်ကိုယ်သည် ထိုသို့ အညမည အကြောင်းအကျိုးအားဖြင့် ဆက်သွယ်မှု ရှိနိုင်ပါသနည်း ဟူသော မေးခွန်းဖြစ်၏။

စိတ်နှင့်ကိုယ်သည် လုံးဝမျိုးမတူသော တရားနှစ်ပါးဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်ထား၏။ ကိုယ်သည် ရုပ်တရားဖြစ်၍ အခြားရုပ်ဝတ္ထုများကဲ့သို့ အထည်ဒြပ်နှင့်တကွ ပုံသဏ္ဌာန် အရှယ်ပမာဏ၊ အလေးချိန်စသော ဂုဏ်လက္ခဏာများ ရှိ၏။ အတွင်းအင်္ဂါများဖြစ်သော သွေး၊ အာရုံကြော၊ ဦးနှောက်၊ အသားအရိုး စသည်တို့မှာလည်း ရုပ်တရားများဖြစ်၍ ယင်းတို့ကို ဓာတုဗေဒနည်း၊ ရူပဗေဒ နည်းများဖြင့် ဒြပ်စင်၊ဒြပ်ပေါင်း အက်တမ်၊ အီလက်ထရွန် စသည်ဖြင့် ခွဲခြမ်း နိုင်၏။ စိတ်သည်ကား အထည်ဒြပ်မရှိသော တရားဖြစ်၏။ စိတ်နှင့်တကွ အလိုဆန္ဒ၊ အတွေးအခေါ်၊ မျှော်လင့်ချက်၊ အကြံအစည်စသော စေတသိက်တရား များမှာ ပုံသဏ္ဌာန်၊ အရွယ်ပမာဏ၊ အဆင်းအရောင်စသော ဂုဏ်လက္ခဏာများ မရှိ။ ယင်းတို့ကို ဓာတ်ခွဲ၍မရ။ ရုပ်ဝတ္ထုများကဲ့သို့ ထိတွေ့စမ်းသပ် တိုင်းတာ၍ မရအပ်ချေ။

ဤသို့ လုံးဝအမျိုးမတူသော တရားနှစ်ပါးသည် အသို့လျှင် အချင်းချင်း

ကျေးဇူးပြုနိုင်ကြပါမည်နည်းဟု စဉ်းစားရန်ရှိ၏။ အချို့ဆရာတို့ကမူ ဤသည်မှာ ကျွန်ုပ်တို့ ဉာဏ်မမီသောကြောင့် နားမလည်ခြင်း ဖြစ်သည်ဆို၏။ စင်စစ် အကြောင်းနှင့်အကျိုးသည် အမြဲထာဝရ အမျိုးတူရမည်ဟူသော ခံယူချက်မှာ လူတို့ အတွေ့အကြုံပေါ်၌တည်၍ ၎င်းအတွက် ထောက်ပြရန် အကြောင်းယုတ္တိ မရှိချေ။ ရုပ်တရား၏ ပရမတ္ထသဘာဝမှာလည်း ကျွန်ုပ်တို့ ခြေခြေမြစ်မြစ် သိရှိနားလည်သော အရာမဟုတ်ရကား ရုပ်တရားက ပြုပြင်နိုင်သော အရာ၊ မပြုပြင်နိုင်သောအရာဟူ၍ ခွဲခြားဆုံးဖြတ်ရန် မလွယ်ကူချေ။ ထို့အပြင် စဉ်းစား ရန်ရှိသည်ကား တစ်ခုကိုတစ်ခု အကျိုးပြုသော ရုပ်ဝတ္ထုနှစ်ခုသည်ပင် အကြောင်း အကျိုးအားဖြင့် ဆက်သွယ်နေခြင်းကို ကျွန်ုပ်တို့ နားလည်ရန် အတန်ခဲယဉ်း၏။ အချို့ဆရာတို့က ယင်းတို့မှာ ကာလအားဖြင့် ရှေ့နောက် ဆက်စပ်နေခြင်းသာ ဖြစ်သည်။ ထိုထက်လွန်၍ ကျွန်ုပ်တို့ စိတ်ဖြင့် သိမြင်မှုမရှိဟု ဆိုကြ၏။ အချို့ ဆရာတို့ကမူ ယင်းတို့၏ အညမည အကျိုးပြုမှုသည် အနက်အဓိပ္ပာယ်ရှိသော ဆက်သွယ်မှုဖြစ်သည်။ ယင်း အနက်အဓိပ္ပာယ်ကို ကျွန်ုပ်တို့ မဖော်ထုတ်နိုင် ခြင်းသာ ဖြစ်သည်ဟု ဆိုကြ၏။ မည်သို့ဆိုစေ ကျွန်ုပ်တို့ အရင်းအမြစ်ကျကျ နားမလည်နိုင်ခြင်းမှာကား မငြင်းသာသော အချက်ဖြစ်၏။ ဤသို့ ရုပ်ဝတ္ထု အချင်းချင်း အကျိုးပြုမှုကိုပင် ကျွန်ုပ်တို့ ရှင်းမပြနိုင်ပါက မျိုးမတူသော ရုပ်နှင့် စိတ်၏ ဆက်သွယ်မှုကို အသို့လျှင် ရှင်းပြနိုင်ပါမည်နည်း။

အချို့ကမူ ရုပ်နှင့်စိတ် ဆက်သွယ်မှုကို အခြားတစ်နည်းဖြင့် ငြင်းဆို ကြ၏။ အကြောင်းအကျိုးဆက်သွယ်မှု ဟူသမျှ၌ ဆိုင်ရာတရားနှစ်ခုသည် ဘောင်တစ်ခုအတွင်း၌ တစ်နည်းနည်း ဆက်စပ်နေရမည်။ ရုပ်ဝတ္ထုနှစ်ခုသည် ဟင်းလင်းပြင် နေရာယူကြသည်။ တစ်နည်းဆိုသော် ၎င်းတို့သည် ဟင်းလင်း ပြင်ဘောင်ထဲ၌ ရှိသည်။ ထို့ကြောင့် တစ်ခုကိုတစ်ခု အကျိုးပြုနိုင်သည်။ စေတသိက်တို့သည်လည်း တစ်ခုတည်းသော စိတ်အစဉ်ဘောင်ထဲ၌ ရှိသော ကြောင့် အချင်းချင်း ကျေးဇူးပြုနိုင်သည်။ စိတ်နှင့်ကိုယ်မှာကား သီးခြားနယ်ပယ် တစ်ခုစီရှိသောကြောင့် ဆက်သွယ်ရန် အကြောင်းမရှိဟု ဆိုကြ၏။ သို့ရာတွင် ဤအဆိုကို ချေပရန် အချက်များရှိ၏။ အကြောင်းအကျိုး တရားနှစ်ပါးသည် ဘောင်တစ်ခု၌ ရှိမှဖြစ်မည်ဟု ကျွန်ုပ်တို့ မုချဆတ်ဆတ် မဆိုနိုင်ချေ။ ရှိမှ ဖြစ်မည် မှန်သည်ဆိုစေ စိတ်နှင့်ကိုယ်သည် အရင်းမူလအားဖြင့် တခြားစီ မဟုတ်ဘဲ တစ်လုံးတစ်ပေါင်းတည်းဖြစ်၍ တစ်ခုတည်းသော ဘောင်ထဲ၌ ရှိကြ သည်ဟု အချို့က ဆိုကြ၏။

စိတ်နှင့်ကိုယ်၏ အချင်းချင်း အကျိုးပြုမှုကို ငြင်းဆိုသော သူတို့ ထောက်ပြလေ့ရှိသော အချက်တစ်ရပ်မှာ စွမ်းအင်၏ တည်မြဲမှုနိယာမ ဖြစ်၏။ သိပ္ပံပညာ၏အလိုအားဖြင့် စကြဝဠာထဲ၌ရှိသော စွမ်းအင်သည် ပုံသဏ္ဌာန် ပြောင်းလဲသော်လည်း ပမာဏအားဖြင့်ကား တည်မြဲ၏။ ၎င်းကို တိုးပွားအောင်၊ သို့မဟုတ် ယုတ်လျော့အောင် အသစ်ဖန်တီးရန်၊ သို့မဟုတ် ဖျက်ဆီးရန်မဖြစ်နိုင်ချေ။ စိတ်နှင့်ကိုယ်၏ အချင်းချင်းအကျိုးပြုမှု ဧကန်ရှိငြားအံ့။ စိတ်သည် ရုပ်ဝတ္ထုနယ်ထဲသို့ရောက်၍ စွမ်းအင်သစ်ဖြစ်ပေါ်ခြင်း ရှိပေရာ၏။ ရုပ်ဒြပ် စွမ်းအင်သည် စိတ်ကိုပြုပြင်ခြင်းဖြင့် ပျက်သုဉ်းခဲ့ပေရာ၏။ ဤသို့ စွမ်းအင် အသစ်ဖြစ်သည်၊ သို့မဟုတ် ပျက်စီးသည်ဆိုခြင်းမှာ စွမ်းအင်တည်မြဲမှု နိယာမ နှင့် ဆန့်ကျင်သည်ဟု ဆိုကြ၏။

ဤအဆိုမှာ အကြောင်းတရား ဖြစ်ပျက်မှုဟုသမျှ၌ အကြောင်းမှာ အကျိုးသို့ စွမ်းအင်ကူးပြောင်းမှုရှိမှ မှန်ပေလိမ့်မည်။ စင်စစ် ထိုသို့ ကူးပြောင်းမှု မချရှိသည်ဟု တထစ်ချ စွဲမှတ်ထားရန် အကြောင်းမရှိ။ ဥပမာ–ချိန်သီးနှင့် ကြိုး၌ ကြိုး၏လှုပ်ရှားမှုသည် ချိန်သီး၏စွမ်းအင်ကို မည်သို့မျှ အကျိုးမပြုဘဲ ၎င်း၏ ရွေ့လျားမှု၊ လားရာနှင့် အလျင်ကိုသာလျှင် ပြောင်းလဲစေ၏။ အခြား နေရာ၌ စွမ်းအင်ကူးပြောင်းမှု ရှိသည်ဆိုစေ စိတ်နှင့်ကိုယ် ဆက်သွယ်ရာ၌ ကူးပြောင်းမှု ရှိပါမည်လော ဟူ၍လည်း စဉ်းစားရန်ရှိ၏။ စိတ်နှင့်ရုပ်သည် လက္ခဏာခြင်းရာအားဖြင့် အလွန်ခြားနားရကား ယင်းတို့၏ အကြောင်းအကျိုး ဆက်သွယ်မှုသည် ရုပ်တရားအချင်းချင်း အကျိုးပြုမှုနှင့် လုံးဝမတူဘဲ ရှိပေရာ၏။

စိတ်နှင့်ကိုယ်၏ အချင်းချင်း အကျိုးပြုမှုကို လက်မခံလိုသော ဆရာ အချို့၏ အဆိုတစ်ခုကို ယခုစဉ်းစားရန်ရှိ၏။ ထိုဆရာတို့၏အလိုအားဖြင့် စိတ်နှင့်ကိုယ်သည် အကြောင်းအကျိုးအားဖြင့် ဆက်သွယ်မှုမရှိ။ ၎င်းတို့သည် မည်သို့မျှ ဆက်စပ်မှုမရှိသော သီးခြားတရားများဖြစ်၏။ ရုပ်တရားတစ်ခုသည် အခြား ရုပ်တရားတစ်ခုကိုသော်လည်းကောင်း၊ စိတ်တစ်ခုသည် အခြားစိတ် တစ်ခုကိုသော်လည်းကောင်း အကျိုးပြုခြင်းရှိ၏။ စိတ်နှင့်ရုပ်အချင်းချင်း အကျိုး ပြုခြင်း ဟူ၍ကား မရှိ။ ၎င်းတို့ အကြောင်းအကျိုး ဆက်သွယ်နေသည် ထင်ရ ခြင်းမှာ ၎င်းတို့ အမြဲထာဝရ ရှေ့ဆင့်နောက်ဆင့် ဖြစ်ပျက်လေ့ရှိသောကြောင့် ဖြစ်၏။ ၎င်းတို့ ယင်းသို့ ရှေ့နောက်ဖြစ်ပျက်ခြင်းသည် အကြောင်းတရားနှင့် မည်သို့မျှ မသက်ဆိုင်ဘဲ တိုက်ဆိုင်ညီညွတ်မှု သက်သက်မျှသာ ဖြစ်သည်ဆို၏။

ပုံစံကား လူတစ်ယောက် အစားစားလို၍ အစားတစ်ခုခုကို စားရာ၌

စားလိုမှုနှင့် စားခြင်းသည် အကြောင်းနှင့်အကျိုးမဟုတ်။ စိတ်ဆန္ဒနှင့် ကိုယ်အပြုအမူ၏ ညီညွတ်တိုက်ဆိုင်မှုမျှသာ ဖြစ်၏။ ဥပမာဆိုသော် မျဉ်းပြိုင်သံလမ်းနှစ်ခုပေါ်၌ ခုတ်မောင်းနေသော မီးရထားနှစ်စင်းသည် အဆက်အသွယ်မရှိဘဲ အတူတကွ ရွေ့လျားနေသကဲ့သို့ ဖြစ်၏။ ဒဿနိကဆရာတစ်ဦးကမူ အချိန်မှန်မှန်သွားနေသော နာရီနှစ်လုံးကို ပုံဆောင်၍ပြ၏။ နာရီနှစ်လုံး အချိန်ကိုက်ညီနေခြင်းမှာ တစ်စုံတစ်ရာ အဆက်အသွယ် ရှိခြင်းကြောင့်မဟုတ်ဘဲ ၎င်းတို့တစ်ပြေးညီညာဖြစ်အောင် မူလက ပြုလုပ်ထားသောကြောင့် ဖြစ်၏။ စိတ်နှင့်ကိုယ်သည်လည်း တစ်ပြေးညီညာဖြစ်နေခြင်းမှာ အဆက်အသွယ် လုံးဝမရှိဘဲ မူလကနဦးက ထိုသို့ဖြစ်အောင် ထာဝရဘုရားသခင်က ဖန်တီးထားသောကြောင့် ဖြစ်သည်ဆို၏။

ဤအယူအဆမှာ ယခုကာလ ပညာရှင်အများ နှစ်သက်သော အယူမဟုတ်ချေ။ ၎င်းသည် စိတ်နှင့်ရုပ်ကို တိကျပြတ်သားစွာ ခွဲခြားထားပေရာ ထိုသို့ခွဲခြားခြင်းသည် ယနေ့ပညာရှင်တို့၏ အမြင်နှင့် မကိုက်ညီချေ။ ထာဝရဘုရားက စိတ်နှင့်ကိုယ်ကို ရှေ့နောက်ညီအောင် ပြုလုပ်ထားသည်ဆိုခြင်းမှာလည်း ဒဿနိကဆရာတို့၏ အရာမဟုတ်သော ဘာသာရေးယုံကြည်ချက်တစ်မျိုးဖြစ်နေ၏။ စင်စစ် ဤအဆိုသည် စိတ်နှင့်ကိုယ်၏ ဆက်သွယ်မှုကို ရှင်းမပြဘဲ ဘူးကွယ်သော အဆိုသက်သက် ဖြစ်၏။

အချို့ ဒဿနိကဆရာတို့ကမူ စိတ်သည်လည်းကောင်း၊ ကိုယ်သည်လည်းကောင်း သီးခြားပရမတ္ထတရားများ မဟုတ်။ ယင်းတို့သည် တစ်ခုတည်းသော ပရမတ္ထတရား၏ အသွင်လက္ခဏာများ ဖြစ်သည်ဟု ခံယူကြ၏။ ထိုပရမတ္ထတရားသည်ပင် ခံစားသော ပုဂ္ဂိုလ်၏ ရှုထောင့်မှကြည့်သော် စိတ်ဖြစ်၍ အခြားပုဂ္ဂိုလ်တို့၏ အမြင်အားဖြင့်မူ ရုပ်ခန္ဓာဖြစ်သည် ဆို၏။ ဤအဆိုသည် အထက်က ဖော်ပြခဲ့သော အဆိုနှစ်ခု၏ ဟာကွက်ချွတ်ယွင်းချက်များ ကင်းဟန်လက္ခဏာရှိ၏။ ယင်းအလိုအားဖြင့် စိတ်နှင့်ကိုယ်သည် သီခြား တရားများမဟုတ်ဘဲ တစ်ခုတည်းသောတရား၏ အချင်းချင်းဆက်သွယ်နေသော လက္ခဏာအင်္ဂါများ ဖြစ်လာ၏။ တစ်ခုတည်းသောတရား၏ နိမိတ်လက္ခဏာများ ဖြစ်သည်ဆိုသောကြောင့် စွမ်းအင်၏ တည်မြဲမှုနိယာမနှင့်လည်း ဆန့်ကျင်ခြင်းမရှိချေ။

သို့ဖြစ်စေကာမူ စိတ်ဖြစ်စဉ်နှင့် ရုပ်တရားဖြစ်စဉ်တို့မှာ အခြေခံအားဖြင့် သိသိသာသာ ကွဲပြားခြားနားကြောင်း သတိပြုရန်ရှိ၏။ စိတ်သည် နေရာဌာနဟူ၍မရှိ။ ၎င်းသည် အနာဂတ်ကို ဦးတည်၍ ပြုမူလှုပ်ရှား၏။ ရုပ်တရားမှာမူ

နေရာဌာနရှိ၍ နောက်က စေ့ဆော်ဖန်တီးသည့်အတိုင်း ဖြစ်ပျက်ရ၏။ ဤသို့ အခြေခံမတူသော တရားနှစ်ပါးသည် တစ်ခုတည်းသော ပရမတ္ထတရား၏ လက္ခဏာများ ဖြစ်သည်ဆိုခြင်းကို လက်ခံရန်မလွယ်ကူချေ။ စိတ်နှင့်ကိုယ် နှစ်ခုစလုံးနှင့်ဆိုင်သော မူလဘူတ တရားရှိသည်ဆိုခြင်းမှာလည်း ခက်ခဲသော ပြဿနာတစ်ခုကို ကျွန်ုပ်တို့ ဘာမျှမသိရသော အရာဖြင့် ရှင်းပြခြင်းမျိုးဖြစ်၍ ဒဿနိကဆရာတို့က မနှစ်သက်ကြချေ။

စိတ်နှင့်ကိုယ် ဆက်သွယ်မှုနှင့်စပ်လျဉ်း၍ အချို့ပညာရှင်တို့ ခံယူသော ဝါဒသည်ကား ရုပ်အဆွယ်အပွားဝါဒ ဖြစ်၏။ ထိုဝါဒအလိုအားဖြင့် ရုပ်သည်သာလျှင် မူလဘူတတရားဖြစ်၍ စိတ်သည် ရုပ်တရား၏ အဆွယ်အပွား၊ အခြံအရံမျှသာဖြစ်၏။ စိတ်သည် ရုပ်တရားကို ပြုပြင်ခြင်းမရှိ။ စိတ်ဖြစ်စဉ်တို့သည်လည်း အချင်းချင်းအား အကျိုးပြုခြင်းမရှိချေ။ စိတ်သည် ရုပ်တရားကို အမှီပြု နေရ၍ ရုပ်ကသာလျှင် စိတ်ကို ကျေးဇူးပြု၏။ ဦးနှောက်နှင့် အာရုံကြောအင်္ဂါစု၌ ပြောင်းလဲလှုပ်ရှားမှုများ ဖြစ်သောအခါ ကျွန်ုပ်တို့၏ အာရုံခံစားမှု၊ စိတ်လှုပ်ရှားမှုနှင့် စိတ်ကူးတွေးခေါ်မှုစသော စိတ်ဖြစ်စဉ်များကို တွေ့ကြုံကြရ၏။ တစ်နည်းဆိုသော် ရူပဗေဒနှင့် ဓာတုဗေဒ နိယာမများသည် အခြားရုပ်လောကမှာကဲ့သို့ပင် လူတို့၏ စိတ်ပိုင်းဘ၀ကို စိုးမိုးလျက်ရှိ၏။

ဤခံယူချက်မှာ ရုပ်ဝါဒနှင့် ဆက်စပ်နီးနွယ်နေသောကြောင့် "ရုပ်ဝါဒ" အခန်းတွင် အကျယ်ဆွေးနွေးပါအံ့။

ဤခံယူချက်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သော ဝါဒမှာ နာမ်ဝါဒဖြစ်၏။ နာမ်ဝါဒီတို့သည် စိတ်ကိုသာလျှင် မူလဘူတ တရားအနေဖြင့် အသိအမှတ်ပြု၍ ရုပ်တရားမှာ စိတ်ဝိညာဉ်၏ အရိပ်အယောင်မျှသာ ဖြစ်သည် ဆို၏။ နာမ်ဝါဒ အကြောင်းကို ရှေ့တွင် အကျယ်ရေးသားပါအံ့။

ရုပ်အဆွယ်အပွားဝါဒနှင့် နာမ်ဝါဒမှာ စိတ်နှင့်ကိုယ်၏ ဆက်သွယ်မှုကို ရှင် မပြဘဲ ငြင်းဆိုသောဝါဒများ ဖြစ်၏။ သို့ရာတွင် စိတ်နှင့်ရုပ်သည်လည်းကောင်း၊ ယင်းတို့အချင်းချင်း အကျိုးပြုမှုသည်လည်းကောင်း မည်သူမျှ ငြင်းဆို၍ မရအပ်သော ဒိဋ္ဌဓမ္မတရားများဖြစ်ပေရာ ထိုဒိဋ္ဌဓမ္မများကို မျက်ကွယ်ပြုခြင်းဖြင့် ပြဿနာပြေလည်မည် မဟုတ်ချေ။

ပြဿနာပြေရှင်းရန်အတွက် အချို့ဒဿနိကဆရာတို့ တင်ပြသော အဆိုမှာ စိတ်နှင့်ရုပ်နှစ်ခုစလုံးအား ပရမတ္ထတရားများ အဖြစ်ဖြင့် ခံယူထားသော အဆိုဖြစ်၏။ ဤအဆိုမှာ စိတ်နှင့်ကိုယ် ဆက်သွယ်မှုနှင့် စပ်လျဉ်း၍ အထက်

ဖော်ပြခဲ့သော အခြားအဆိုများကို လက်မခံချေ။ ၎င်း၏အလိုအားဖြင့် စိတ်နှင့်ကိုယ်သည် အချင်းချင်း အကျိုးပြုခြင်းမရှိ။ စိတ်သည် ရုပ်ဝါဒီတို့ ခံယူသကဲ့သို့ ရုပ်တရားများ လှုပ်ရှားမှုမျှသာ ဖြစ်သည်မဟုတ်။ ကိုယ်ခန္ဓာသည် နာမ်ဝါဒီတို့ ယူဆသကဲ့သို့ စိတ်ဝိညာဉ်၏ အရိပ်သင်္ကေတမျှသာ ဖြစ်သည်မဟုတ်။ စိတ်နှင့်ကိုယ်သည် ပြိုင်တူတစ်ပြေးညီသာ ဖြစ်ပျက်နေသော တရားများလည်း မဟုတ်။ ပရမတ္ထအခြေခံ တစ်ခုတည်းရှိသော သခါရဓမ္မများအနေဖြင့်လည်း မယူဆအပ်ချေ။ စိတ်နှင့်ကိုယ်၏ ဆက်သွယ်မှုကို သီးခြားမျဉ်းပြိုင်များအနေဖြင့်သော်လည်းကောင်း တစ်ခုနှင့်တစ်ခု ဆက်သွယ်နေသော မျဉ်းများအနေဖြင့်သော်လည်းကောင်း၊ အခြားမျဉ်းတစ်ခုဖြင့် ဆက်စပ်နေသော မျဉ်းများအနေဖြင့်သော်လည်းကောင်း၊ တစ်ခုကို အစစ်အမှန်၊ အခြားတစ်ခုကို အရိပ်သင်္ကေတ အနေဖြင့်သော်လည်းကောင်း ပြ၍မရအပ်ချေ။

စိတ်နှင့်ကိုယ်၏ ဆက်သွယ်မှုကို ပုံဖြင့် သရုပ်ဖော်လိုပါက မျဉ်းပြိုင်များဖြင့်မဟုတ်ဘဲ လှေကားထစ်များဖြင့် ပြပါမှ ယထာဘူတ သဘာဝကျပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ရုပ်နာမ်ဟူရားနှစ်ပါးသည် သတ္တဝါတို့ တစ်စတစ်စ တိုးတက်၍ အဆင့်ဆင့် ရရှိခဲ့သော တရားများဖြစ်၏။ မူလကနဦးက လူသတ္တဝါသည် အဏုမြူ(အက်တမ်)ဖြင့် ပြီး၏။ နောက်ကာလ၌ အဏုမြူမှ မော်လီကျူးဖြစ်လာ၏။ မော်လီကျူးမှတစ်ဖန် ဆဲလ်(ရုပ်ကလာပ်စည်း) အဖြစ်သို့ရောက်ရှိ၍ ဆဲလ်များကို အမှီပြုပြီးလျှင် ကိုယ်ခန္ဓာဖြစ်ပေါ်လာ၏။ စိတ်သည်ကား ခန္ဓာကိုယ် အတ္တဘောသက်သက်ကို ကျော်လွန်၍ တစ်ဆင့်တက်လာသော လူသတ္တဝါ၏ ဝိသေသဂုဏ်လက္ခဏာ ဖြစ်၏။

သို့ဖြစ်၍ စိတ်သည် ကိုယ်ကို အကြောင်းပြု၍ ထွက်ပေါ်လာသော တရားဖြစ်၏။ သို့ရာတွင် ရုပ်တရား၌ အခြေခံသောကြောင့် ရုပ်သည် မူလဘူတဖြစ်သည်၊ စိတ်သည် ရုပ်တရား၏ အဆွယ်အပွားဖြစ်သည်ဟု မထင်မှတ်သင့်။ ရေသည် အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်တို့ ပေါင်းစပ်ခြင်းဖြင့် ရရှိအပ်သည်မှန်သော်လည်း ယင်းဓာတ်တို့ကို သီးခြားလေ့လာခြင်းဖြင့် ရေ၏ဂုဏ်သတ္တိကို မသိအပ်။ စင်စစ် ရေနှင့် ထိုဓာတ်တို့သည် ဂုဏ်သတ္တိတစ်မျိုးစီရှိသော သီးခြားရုပ်ဝတ္ထုများ ဖြစ်ကြ၏။ ထို့အတူ စိတ်နှင့်ရုပ်ကို မည်သည်က မူလပဓာနဖြစ်သည်၊ မည်သည်က အရိပ်သင်္ကေတမျှသာ ဖြစ်သည်ဟု မဆိုသင့်။ ၎င်းတို့သည် ပင်ကိုဂုဏ်သတ္တိဖြင့် သီးခြားထင်ရှားသော တရားများဖြစ်၏။

ဤအယူသည် ရှေးဂရိပညာရှင် အရစ္စတိုတယ်၏ ခံယူချက်နှင့် အ-ကန်

နိဗ္ဗာန်စပ်သော အယူဖြစ်၏။ အရစ္စတိုတယ်သည် စိတ်ဝိညာဉ်မှာ ရုပ်ခန္ဓာ၏ လုပ်ငန်းကိစ္စ ဦးတည်ချက်ဖြစ်သည်။ ရုပ်ခန္ဓာ၏ ကြီးပွားဖွံ့ဖြိုးမှုသည် စိတ်ပိုင်း ဘဝသို့ ရှေးရှုသည်ဟု ခံယူကြောင်း ရှေ့အခန်း၌ ပြဆိုခဲ့ပေပြီ။ ရှေးအခါက ဤအယူကွယ်ပခဲ့ခြင်းမှာ သိပ္ပံပညာအမြင်ကြောင့် ဖြစ်၏။ အရစ္စတိုတယ်၏ ဝါဒအရဆိုသော် ကိုယ်ခန္ဓာ၏ ဦးတည်ချက်ဖြစ်သော စိတ်ဝိညာဉ်သည် သခ်ါရ တရားပင်ဖြစ်၍ ကိုယ်ခန္ဓာနှင့်အတူ ချုပ်ငြိမ်းရမည်ဖြစ်၏။ သို့ရာတွင် ခရစ်ယာန် ဝါဒ ထွန်းကားလာသောအခါ အရစ္စတိုတယ်၏ဝါဒသည် ကွယ်ပျောက်သွား၏၊ သိပ္ပံပညာ၏ခံယူချက်မှာလည်း အရစ္စတိုတယ်၏အမြင်နှင့် မကိုက်ညီချေ။ သိပ္ပံ ပညာသည် သဘာဝဓမ္မကို ရုပ်ဝါဒ ရှုထောင့်မှ လေ့လာသောကြောင့် သိပ္ပံ လောက၌ စိတ်ဝိညာဉ်၏ နေရာကလ္လာ မရှိခဲ့ချေ။

ယခုခေတ်၌မူ ဘာသာတရားသည် အတ္တ ဝိညာဉ်၏ ထာဝရတည်မြဲမှုကို ပဓာနမထားတော့ဘဲ လူတို့၏ မျက်မှောက် ကိုယ်စိတ် ကြီးပွားချမ်းသာမှုကို ရှေ့တန်းသို့ တင်လာ၏။ သိပ္ပံပညာရှင်တို့သည် အတွေးအခေါ်ပြောင်းလဲ၍ ရုပ်ဝါဒက ပယ်ထားသော စိတ်ဝိညာဉ်ကို နေရာပေးလာကြ၏။ စိတ်နှင့်ကိုယ် ဆက်သွယ်မှုနှင့်စပ်၍ အထက်ကပြဆိုခဲ့သော အခြားသော သမားရိုးကျ ခံယူ ချက်များမှာ အပြစ်အနာ ဟာကွက်များရှိ၍ အချို့ပညာရှင်များက မနှစ်သက် ကြချေ။ စိတ်ကို သတ္တဝါ၏ ကြီးပွားမှုတွင် ရုပ်ခန္ဓာ၏အထက်က လေ့ကားထစ် သဖွယ်ပြထားသော ဤနောက်ဆုံးအဆိုမှာကား အပြစ်အနာကင်း၍ အတန် သဘာဝယုတ္တိရှိသောကြောင့် ပညာရှင်အများက နှစ်သက်ကြပေသည်။

# ၁၃

ဗုဒ္ဓဝါဒအလိုအားဖြင့် လူသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါး၏ ပြုပြင်စီရင်ခြင်းကို ခံရသော သတ္တဝါဖြစ်၏။ ယခုခေတ် ပညာရှင်တို့၏ အမြင်အားဖြင့်မူ လူသတ္တဝါအား ပြုပြင် ဖန်တီးသော မူလပဓာန အကြောင်းတရားနှစ်ပါးမှာ ဗီဇနှင့်ပတ်ဝန်းကျင်ဖြစ်၏။

# လူ၏လွတ်လပ်မှု

လူသည် မိမိကိုယ်မိမိ အစိုးမရကြောင်း ဗုဒ္ဓဝါဒီအားလုံး သိကြ၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းကို ကျွန်ုပ်တို့ ပုံးဝအစိုးမရ။ မည်သူမဆို မအိုလိုဘဲ အိုရမည်၊ မနာလိုဘဲ နာရမည်၊ မသေလိုဘဲ သေရမည်သာ ဖြစ်၏။ မိမိကိုယ်မိမိ အစိုးမရမှုသည် ဤသို့ လူ့ဘဝခရီး ပြီးဆုံးခါနီးကာလ၌သာ မဟုတ်။ အခြား ဘဝကဏ္ဍများ၌လည်း ထင်ရှား၏။ လူသည် ပညာမသင်ချင်သော်လည်း သင်ရ၏။ အလုပ်မလုပ်လိုသော်လည်း လုပ်ရ၏။ အသက်ရှင်ရန်အတွက် အစား မစားဘဲနေ၍ မဖြစ်။ မအိပ်ဘဲနေ၍ မဖြစ်ချေ။ "ပျော်ရာမှာမနေရ၊ တော်ရာမှာ နေရ" "စိတ်သွားတိုင်း ကိုယ်မပါ" "ရတာမလို၊ လိုတာမရ" စသည်ဖြင့် မိမိကိုယ်မိမိ အစိုးမရသော သဘောကိုပြသော စကားပုံများသည်လည်း ကမ္ဘာ့ ဘာသာစကားတိုင်းလိုလို၌ ရှိ၏။

ဤသို့ မိမိကိုယ်မိမိ အစိုးမရမှု၏ အတိုင်းအတာကို ကျွန်ုပ်တို့ စဉ်းစားရန် လိုပေလိမ့်မည်။ လောက၌ လူတို့အစိုးမရသော ဖြစ်ပျက်မှုများစွာ ရှိခြင်းကို မည်သူမျှ ငြင်းဆိုမည်မဟုတ်ချေ။ သို့ရာတွင် အစိုးမရမှုသည် လူတို့၏ အချို့သော အဖြစ်အပျက်၊ အပြုအမူများနှင့်သာ သက်ဆိုင်သလော၊ သို့တည်းမဟုတ် လူတို့၏ အပြုအမူမှန်သမျှသည် ဘယ်အခါ၌မဆို မိမိတို့ အစိုးမရသော အမှုများ ဖြစ်လေသလောဟု စဉ်းစားရန်ရှိ၏။ ဤအချက်ကို လူအများ စဉ်းစားလိုကြမည် မဟုတ်ချေ။ လောက၌ လူတို့အစိုးမရသော အမှုများရှိသည်နှင့်အမျှ မိမိတို့

အစိုးမရသော (ဝါ) ကိုယ့်သဘောအလျောက် ကိုယ့်အကြိုက်ပြုလုပ်သော အမှုများလည်း အထင်အရှားရှိသည်။ ပုံစံအားဖြင့် လူတို့သည် ယေဘုယျအားဖြင့် မိမိတို့ ကြိုက်သောအလုပ်ကို ရွေးချယ်၍ လုပ်ကိုင်ကြသည် မဟုတ်ပါလော၊ မိမိတို့နှစ်သက်သော အိမ်ထောင်ဖက်နှင့် အိမ်ထောင်ပြုကြသည် မဟုတ်ပါလော၊ အလားတူ မိမိအလိုအလျောက် လူတို့ပြုသော အခြားအခြား အမှုများသည်လည်း အထင်အရှား အမြောက်အမြားရှိသည် မဟုတ်ပါလောဟု ဆိုကြပေလိမ့်မည်။

ဒဿနိကဆရာတို့အဖို့မူ ဤအချက်မှာ အလွယ်တကူ ဆုံးဖြတ်၍ မရအပ်ဘဲ အလေးအနက် ဆင်ခြင်သုံးသပ်ရမည့် ပြဿနာဖြစ်၏။ များစွာသော ကိစ္စတို့၌ မိမိကိုယ်မိမိ အစိုးရသည်၊ မိမိအလိုအလျောက် ပြုမူကြသည်ဟု လူတို့ ယုံကြည်ကြသော်လည်း ထိုအစဉ်အလာ ခံယူချက်သည် အစွဲဥပါဒါန်ကင်း၍ ယထာဘူတကျကျ စဉ်းစားတွေးခေါ်လိုသော ပုဂ္ဂိုလ်တို့အဖို့ အမှားအမှန်ဆုံးဖြတ်ရန် မလွယ်ကူချေ။ ထိုအစဉ်အလာ ခံယူချက်သည် လူတို့၏ အယူလွဲမှားမှုမျှသာ ဖြစ်လေသလော၊ လူသည် အတ္တမာနရှိသော သတ္တဝါဖြစ်ပေရာ နေရာတကာ၌ မိမိအစိုးမရသော အကြောင်းတရားတို့က စေ့ဆော်၍ မလွဲမရှောင်သာပြုရပါလျက် ငါစွဲအတ္တက လွှမ်းမိုးနေသောကြောင့် မိမိသဘောအလျောက်ပြုသည်ဟု ထင်မြင်ခြင်း ဖြစ်လေသလောဟု သံသယဝင်ဖွယ်ရှိ၏။

ဤပြဿနာသည် လူတို့ အမြတ်တနိုး တန်ဖိုးထားသော လွတ်လပ်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေသောကြောင့် အခြား ဒဿနိကပြဿနာများထက် ပို၍ စိတ်ဝင်စားဖွယ်ကောင်းသော ပြဿနာဖြစ်၏။ ကမ္ဘာ့သမိုင်းတစ်လျှောက်၌ လူတို့သည် မိန်းမများလွတ်လပ်မှု၊ ဘာသာကိုးကွယ်ရေး လွတ်လပ်မှု၊ ရေးသားပြောဆိုရာ၌ လွတ်လပ်မှု စသည်ဖြင့် လွတ်လပ်မှု အမျိုးမျိုးအတွက် တိုက်ပွဲဝင်ခဲ့ကြ၏။ နိုင်ငံလွတ်လပ်ရေး၊ လူမျိုးလွတ်လပ်ရေးအတွက် ပြည်တွင်းစစ်များ၊ ကမ္ဘာစစ်ကြီးများ ဖြစ်ပွားခဲ့၏။ ယနေ့ကမ္ဘာအရပ်ရပ်၌ မငြိမ်မသက်ဖြစ်၍ ဆူပူလှုပ်ရှားနေခြင်း၊ အချို့နေရာများ၌ တိုက်ခိုက်သတ်ဖြတ်နေကြခြင်းမှာလည်း အများအားဖြင့် လွတ်လပ်ရေးကို လိုချင်တောင့်တမှုကြောင့် ဖြစ်၏။ သို့ရာတွင် ပုဂ္ဂလိကလွတ်လပ်မှုကို ဦးထိပ်ထား၍ နိုင်ငံရေး၊ စီးပွားရေး စသည်အားဖြင့် အစစအရာရာ၌ လူလူချင်း ချုပ်ချယ်မှုကင်းသော နိုင်ငံကြီးများ၌ပင် လူသတ္တဝါ အသီးသီးသည် အမှန်တကယ် လွတ်လပ်ပါ၏လော။ မိမိကံကြမ္မာကို မည်မျှ စီမံပြဋ္ဌာန်းနိုင်ပါသနည်း။ သို့တည်းမဟုတ် လူသည် ဘယ်အခါမျှ မလွတ်လပ်ဘဲ မိမိအစိုးမရသော အခြေအနေများအရ မလွဲမရှောင်သာ ပြုမူလုပ်ကိုင်နေရလေ

သလော။ အချုပ်ဆိုရသော် လူသည် သဘာဝအားဖြင့် လွတ်လပ်သော သတ္တဝါ ဖြစ်ပါ၏လော။ သို့တည်းမဟုတ် မလွတ်မလပ်ဘဲ အနှောင်အဖွဲ့နှင့်နေရသော သတ္တဝါ ဖြစ်လေသလော။

ရှေး ဂရိနှင့်ရောမလူမျိုးတို့သည် လူ၏ လွတ်လပ်မှုကိုပယ်၍ ကံတရားကို ယုံကြည်ကြ၏။ သူတို့ယုံသော ကံမှာ ဗုဒ္ဓဝါဒီတို့၏ ကမ္မဝါဒကဲ့သို့ အတိတ်ဘဝနှင့် မသက်ဆိုင်ဘဲ လူ့ဘဝအဖြစ်အပျက်အားလုံးသည် ကမ္ဘာဦးအစက စီမံပြဋ္ဌာန်းပြီးဖြစ်သည်ဟူသော အယူဖြစ်၏။ လူသည် မိမိကြမ္မာကို ပြုပြင်ပိုင်ခွင့်မရှိ။ လူ၏ ဘဝလမ်းကြောင်းသည် မူလကနဦးက အတိအကျ ရေးဆွဲချမှတ်ပြီးဖြစ်သည်။ ထိုလမ်းအတိုင်း မလွဲမသွေ မုချလိုက်ကြရသည်ဟု သူတို့ ယုံကြည်ကြ၏။

ဤအယူသည် ရှေးပဝေသဏီမှစ၍ ယနေ့အထိ ကမ္ဘာအရပ်ရပ်ရှိ များစွာသော လူတို့ လက်ကိုင်ထားသော အယူဖြစ်၏။ ဤအယူကို ဝေဖန်သော အနောက်နိုင်ငံဆရာတို့က လူသည် နာခြင်း၊ သေခြင်း စသော အနိဋ္ဌာရုံများ၊ သဘာဝဘေး၏ ဆိုးရွားသော ဖောက်ပြန်မှုများကို အကြောင်းပြု၍ ကံတရားကို ယုံကြည်လာသည်။ မိမိနားမလည်၊ အစိုးမရသော လောကကြီးထဲ၌ နေထိုင်ရသောကြောင့် ဘာမဆို ကံစီမံသည့်အတိုင်းဖြစ်သည်ဟု ခံယူလာသည်။ သို့ဖြစ်၍ ကံကိုယုံကြည်မှုသည် ရောဂါဘယထူပြောခြင်း၊ အစာငတ်မွတ်ခြင်း၊ မကြာခဏ စစ်မက်ဖြစ်ပွားခြင်း စသည်ဖြင့် ဆင်းရဲဒုက္ခမျိုးစုံသော တိုင်းပြည်များ၌ ထွန်းကားလေ့ရှိသည်။ မိမိ ဘဝအဆင့်အတန်း မြင့်မားလာရန်အတွက် မျှော်လင့်ချက် မရှိသော လူတို့ကို စိုးမိုးနေတတ်သည်။ ဤအယူသည် မိမိကြီးပွားမှုအတွက် အစွမ်းအစ၊ လုံ့လ၊ ဝီရိယ၊ ခွဲသတ္တိမရှိဘဲ ရေသာခိုလိုသော လူပျင်း၊ လူညံ့တို့၏ မှီခိုအားထားရာလည်း ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာပေါ်၌ ဤအယူ ထွန်းကားနေခြင်း ဖြစ်သည်ဟု ဆိုကြ၏။ သိပ္ပံပညာထွန်းကား၍ လူ့လောက၏ တိုးတက်မှုနှင့် လူ၏အစွမ်းသတ္တိကို စွဲစွဲမြဲမြဲယုံကြည်သော အနောက်နိုင်ငံများ၌ ကံဝါဒအတွက် နေရာမရှိဟု ယူဆကြ၏။

ဆင်းရဲဒုက္ခရောက်၍ ထွက်ရပ်လမ်း မမြင်သော သူတို့သည် ကံကို အထူးယုံကြသည်။ ကံကို ယုံမယ်ဖွဲ့၍ စိတ်သက်သာမှု ရှာကြသည်ဆိုခြင်းမှာ မှန်ပေလိမ့်မည်။ သိပ္ပံပညာထွန်းကား၍ ကြီးပွားတိုးတက်သော နိုင်ငံများ၌ ကံတရားကို ယုံကြည်သောသူ နည်းပါးသည်ဆိုသော စကားမှာ မမှန်ကန်ချေ။ **စင်စစ်** အနောက်နိုင်ငံကြီးများ၌ သိပ္ပံပညာသည် ရှေ့သို့ မရပ်မနား ချီတက်

နေသည်နှင့်အမျှ ကံတရားကို ယုံကြည်သော သူတို့မှာလည်း အံ့ဖွယ်လိလိ လူဦးရေတိုးတက်လျက်ရှိ၏။ ပုံစံအားဖြင့် အမေရိကန်နိုင်ငံ၌ ကံပါဒ၏ အင်အားကြီးမားမှုသည်၌ ဗေဒင်ပညာကို ယုံကြည်သောသူ ပေါများခြင်း၌ ထင်ရှား၏။ အမေရိကန်၌ ဗေဒင်ဆရာပေါင်း ငါးထောင်ကျော်ရှိ၍ ဗေဒင်မေးသောအမေရိကန်နိုင်ငံသားပေါင်း သန်းလေးဆယ်မျှရှိ၏။ နေ့စဉ်ထုတ် သတင်းစာအစောင်ပေါင်း ၁၂၀၀ ၌ ဗေဒင်ခန်းများ အမြဲဖော်ပြကြ၏။ အင်္ဂလန်နိုင်ငံတွင် ဗေဒင်ပညာသင်ကျောင်းများရှိ၍ သင်တန်းသားများအား စာမေးပွဲစစ်ပြီး အောင်လက်မှတ်များ ထုတ်ပေး၏။ ဗေဒင်ကို ယုံသောသူများမှာ ပညာမဲ့ ဆင်းရဲသားများချည်းဖြစ်သည် မဟုတ်ချေ။ အချို့သော အမေရိကန်လုပ်ငန်းရှင်ကြီးများသည် ဗေဒင်နက္ခတ်ကို ကြည့်ပြီးမှ အလုပ်လုပ်ကိုင်ကြ၏။ အနောက်ဂျာမနီနိုင်ငံ၌ နာမည်ကြီးဗေဒင်ဆရာတစ်ဦးသည် ကုမ္ပဏီကြီးများအား ၎င်းတို့ခန့်မည့် အလုပ်သမားများ၏ဇာတာကို စစ်ဆေးပြီး၊ အကြံဉာဏ်ပေးရသည် ဆို၏။

အနောက်နိုင်ငံများ၌ ကံတရားကို များစွာသောလူတို့ ယုံကြည်လာကြခြင်း (ဝါ) လူသတ္တဝါသည် မိမိကိုယ်မိမိ အစိုးမရဟု ခံယူလာကြခြင်းသည် ဘဝအတွေ့အကြုံကို အမှီပြု၍ ပေါက်ဖွားလာသော ခံယူချက်ဖြစ်၏။ သို့ရာတွင် ဤအယူသည် ရှေးအခါကပင် အချို့သော အသိပညာရှင်တို့၏ အတွေးအခေါ်နယ်ထဲသို့ ဝင်ရောက်နေပြီဖြစ်၏။ လူသည် မိမိကိုယ်မိမိ အစိုးမရကြောင်း သဘာဝယုတ္တိ အထောက်အထားများဖြင့် ရှေးဦးပထမ ရေးသားခဲ့သော ပုဂ္ဂိုလ်မှာ ၁၇ ရာစုခေတ်က ထင်ရှားခဲ့သော ရဟူဒီတွေးခေါ်ရှင် စပီနိုဇာဖြစ်၏။

စပီနိုဇာ၏ အလိုအားဖြင့် သတ္တလောကသည် ဩကာသလောကနှင့် အခြေခံအားဖြင့် တစ်ထပ်တည်း၊ တစ်သားတည်း ဖြစ်၏။ လူသည် သဘာဝဓမ္မသာလျှင် အရင်းမူလရှိ၍ လူကို သဘာဝဓမ္မ၏ ရုပ်လောကနှင့် ခွဲခြား၍မရအပ်ချေ။ ထို့ကြောင့် လူ၌ဦးတည်ချက်နှင့် စိတ်ကူးကြံစည်မှုဟူ၍ မရှိ။ အကောင်းအဆိုးခွဲခြား၍ မိမိအလိုအလျောက် ပြုမူခြင်းလည်း မရှိချေ။ လူတို့သည် တစ်စုံတစ်ခုသောအမှုကို မိမိတို့အကြိုက် ရွေးချယ်၍ လွတ်လပ်စွာ ပြုမူသည်ဟု ထင်မြင်လေ့ရှိပေရာ ဤသည်မှာ မိမိ၏ အပြုအမူကိုသာလျှင်သိ၍ ပြုမူခြင်း၏ အကြောင်းရင်း မူလကို ဘာမျှမသိသောကြောင့် ဖြစ်၏။ စင်စစ် စိတ်ဖြစ်စဉ်နှင့် ရုပ်ဖြစ်စဉ်သည် တစ်ခုတည်းသော သဘာဝဓမ္မဖြစ်စဉ် ဖြစ်၏။ ထိုသဘာဝဓမ္မဖြစ်စဉ်သည် ရုပ်တရား စေ့ဆော်မှုအပေါ်၌တည်၍ ထိုရုပ်တရား၏ လုပ်ဆောင်ချက်ကိုပင် လူတို့က အတ္တစွဲဖြင့် မိမိစိတ်ကိုလှည့်စားပြီး ငါပြုသည်၊ ငါလုပ်သည်ဟု အမြင်မှားနေခြင်း ဖြစ်၏။

စပီနိုဇာသည် ထိုသို့ လူတို့အမြင်မှားနေမှုကို ကောင်းကင်သို့ပစ်လိုက်သော ခဲတစ်လုံးနှင့် ပုံဆောင်၍ပြ၏။ ကောင်းကင်သို့ ခဲတစ်လုံးကို ကျွန်ုပ်တို့ ပစ်လိုက်ရာ၌ ခဲကျမည့်နေရာနှင့် အချိန်နာရီကို ခဲပစ်လိုက်သော အရပ်မျက်နှာ၊ အချိန်နာရီ၊ လက်ထဲမှ ထွက်သွားစဉ်က ခဲ၏အရှိန်၊ လေ၏တိုက်ခတ်သော အရှိန်နှင့် ကမ္ဘာမြေကြီး၏ ဆွဲအားသတ္တိစသော အကြောင်းတရားများက စီမံပြဋ္ဌာန်းပြီးဖြစ်၏။ သို့ရာတွင် အကယ်၍ ထိုခဲသည် မိမိပြုသော အမှုကိုသိသော သက်ရှိရုပ်ဝတ္ထုဖြစ်ပါက မိမိသည် လေထဲ၌ မိမိ အလိုရှိသလောက် ပျံသန်းပြီးလျှင် မိမိ အလိုရှိသောအချိန်တွင် မိမိ ကြိုက်သောနေရာသို့ သက်ဆင်းသည်ဟု မှချထင်ပေလိမ့်မည်။ ထိုနည်းအတူ လူတို့သည်လည်း မိမိတို့ အပြုအမူ၏ နောက်ကွယ်မှ အကြောင်းတရားများကို မသိမမြင်သောကြောင့် မိမိအလိုဆန္ဒအတိုင်း ပြုမူသည်ဟု အမြင်လွဲမှားနေကြခြင်း ဖြစ်၏။

လူတစ်ဦး၏ အပြုအမူများကို စေ့ဆော်ဖန်တီးသော အကြောင်းတရားများရှိခြင်းကို မည်သူမျှ ငြင်းဆိုမည်မဟုတ်ချေ။ ဗုဒ္ဓဝါဒအလိုအားဖြင့် လူသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါး၏ ပြုပြင်စီရင်ခြင်းကိုခံရသော သတ္တဝါဖြစ်၏။ ယခုခေတ် ပညာရှင်တို့၏ အမြင်အားဖြင့်မူ လူသတ္တဝါအား ပြုပြင်ဖန်တီးသော မူလပဓာန အကြောင်းတရားနှစ်ပါးမှာ ဗီဇနှင့်ပတ်ဝန်းကျင်ဖြစ်၏။ ဗီဇဟူသည် မိဘနှစ်ပါးထံမှ သတ္တဝါတစ်ဦးတည်းကတည်းက ဆက်ခံရရှိသော မျိုးစေ့များဖြစ်၍ ပတ်ဝန်းကျင်မှာ ဗီဇမှတစ်ပါး သတ္တဝါကို ပြုပြင်သော အခြား အကြောင်းတရားများ ဖြစ်၏။ သို့ဖြင့် ပတ်ဝန်းကျင်အကြောင်းတရားသည် ကျယ်ပြန့်၍ ၎င်းတွင် လူသတ္တဝါ၏ အစဉ်အလာ၊ ဓလေ့၊ ထုံးစံ၊ ဘာသာယုံကြည်မှု၊ နိုင်ငံသမိုင်း၊ လူနေမှုစနစ်၊ ပညာအခြေခံစသည်တို့ ပါဝင်လေသည်။

လူတို့အပြုအမူကို စေ့ဆော်ဖန်တီးသော ဗီဇနှင့်ပတ်ဝန်းကျင် အကြောင်းတရားနှစ်ပါး ရှိသည်တွင် အချို့ပညာရှင်တို့က ဗီဇက ပိုမိုအရေးပါသည်ဟု ယူဆကြ၏။ အချို့ကမူ ပတ်ဝန်းကျင်က ပိုမိုအာကောင်းသည် ဆိုကြ၏။ ပတ်ဝန်းကျင်တရားများ၌ပင် အချို့သောတရားမှာ မူလအဓိက ဖြစ်သည်ဟု အချို့က အယူရှိကြ၏။ ပုံစံအားဖြင့် တိုင်းပြည်၏ ရာသီဥတုနှင့် မှီဝဲသော အစာအာဟာရသည် လူသတ္တဝါ၏ အပြုအမူကို ဖန်တီးရာ၌ အများဆုံး အရေးပါ အရာရောက်သော အကြောင်းတရားဖြစ်သည်ဟု အချို့ဆရာများက ခံယူကြ၏။ ကားလ်မတ်(ခ)စ်ကမူ လူတို့၏ အကြံအစည်၊ အတွေးအခေါ်နှင့် အပြုအမူများ

သည် ကုန်ပစ္စည်းထုတ်လုပ်နည်း (ဝါ) စီးပွားရေးစနစ်ကို အမှီပြု၍ ဖြစ်ပေါ်လာသည် ဆို၏။

ဤသို့ဖြင့် ဗီဇနှင့်ပတ်ဝန်းကျင်၏ ပြုပြင်စီရင်မှုနှင့်စပ်၍ သဘောအယူကွဲလွဲမှု၊ အငြင်းပွားမှုများ ရှိသော်လည်း ယေဘုယျအားဖြင့်ကား ထိုအကြောင်းတရား နှစ်ပါးစလုံးသည်ပင် လူတို့ကို ပြုပြင်ဖန်တီးရာ၌ ထပ်တူအရေးပါသည်။ လူ၏အပြုအမူများသည် ယင်းတို့အပေါ်၌ အခြေခံသည်ဟု ပညာရှင်တို့ ယူဆကြ၏။

လူတို့အပြုအမူ၏ အကြောင်းရင်းမြစ်ကို လေ့လာသော ယခုခေတ်စိတ်ပညာ၌ ဗီဇနှင့် ပတ်ဝန်းကျင်တရားများ၏ လုပ်ဆောင်မှု၊ အညမညအကျိုးပြုမှုများကို အကျယ်ပြဆိုထား၏။ စိတ်ပညာအလိုအားဖြင့် လူ၏အပြုအမူကို အတွင်းမှ စေ့ဆော်ဖန်တီးသော အကြောင်းတရားများမှာ ဦးနှောက်၊ နာဗ့်ကြော၊ ကိုယ်ခန္ဓာ၏ဂလင်းများ၊ ဗီဇမျိုးစေ့များနှင့် ဇာတိစိတ်များဖြစ်၏။ ဇာတိစိတ်ဟူသည် ကြောက်စိတ်၊ ကာမစိတ်၊ အတ္တစိတ်စသော ပဋိသန္ဓေပါစိတ်များဖြစ်၍ ယင်းတို့၏ အားကောင်းခြင်း၊ အားနည်းခြင်းသည် ဗီဇ၌ အရင်းမူလရှိ၏။ သို့ရာတွင် ဗီဇမျိုးစေ့နှင့် ဇာတိစိတ်များသည် ကိုယ်ခန္ဓာထဲ၌ အနုသယဓာတ်အနေဖြင့် ကိန်းဝပ်နေသော အကြောင်းတရားများဖြစ်၍ ၎င်းတို့သည် ၎င်းတို့နှင့် သင့်တင့်လျောက်ပတ်သော ပတ်ဝန်းကျင်နှင့် ပေါင်းဆုံကြုံကြိုက်မှသာလျှင် အကျိုးပေး၏။ ပတ်ဝန်းကျင်သည်လည်းကောင်း၊ မျိုးရိုးဗီဇသည်လည်းကောင်း ကျွန်ုပ်တို့အစိုးမရသော တရားများဖြစ်ပေရာ စိတ်ပညာ၏ အမြင်အားဖြင့် လူ၏အပြုအမူများသည် မိမိအကြိုက် ရွေးချယ်ပြုလုပ်သော အမှုများမဟုတ်ဘဲ ကနဦးက စီမံပြဋ္ဌာန်းပြီး အမှုများဖြစ်သည်ဟု ဆိုရပေမည်။

သို့ရာတွင် ဇာတိစိတ်ကို ဆန့်ကျင်၍ လူတို့ပြုသောအမှုများ ရှိသည် မဟုတ်ပါလော။ စိတ်အလိုကိုမလိုက်ဘဲ မိမိကောင်းမည်ထင်သော အမှုကို ပြုခြင်း၊ မိမိစိတ်ကို ဆုံးမ၍ အရက်၊ မိန်းမ၊ ငွေကြေးတို့၏ ဖြားယောင်းသွေးဆောင်မှုကို တွန်းလှန်ခြင်း၊ အမျက်ဒေါသထွက်ရန် အကြောင်းကိစ္စတစ်ခုကြုံတွေ့ရပါလျက် မိမိစိတ်ကို ထိန်းချုပ်ထားခြင်း စသည်တို့မှာ လူသတ္တဝါက ပတ်ဝန်းကျင်အကြောင်းတရားများနှင့် မိမိစိတ်ဆန္ဒ၏ စိုးမိုးခြင်းကိုမခံဘဲ မိမိသဘောအလျောက်ပြုမှုခြင်း ဖြစ်သည် မဟုတ်ပါလောဟု စဉ်းစားရန်ရှိ၏။ ယခုခေတ် စိတ်ပညာ၏ အမြင်အားဖြင့်မူ ယင်းတို့သည် လူက မိမိဘာသာရွေးချယ်ပြုလုပ်သော အမှုများမဟုတ်။ ပုံစံအားဖြင့် အမျက်ထွက်ရန် အကြောင်း

ကိစ္စရှိပါလျက် မိမိစိတ်ကို ချုပ်တည်းထားနိုင်ခြင်းသည် ထိုသို့ ချုပ်တည်းနိုင်ရန် ပိုမိုအားကောင်းသော ဇာတိစိတ်တစ်ခုခု၏ အထောက်အကူ ရရှိသောကြောင့် ဖြစ်၏။ အမျက်ဒေါသကို ကြောက်စိတ်က ဟန့်တားထားခြင်းဖြစ်သော် ဖြစ်ပေရာ၏။ အသိဉာဏ်ဖြင့်ယှဉ်သော အတ္တစိတ်က ဒေါသစိတ်ကို အနိုင်ရရှိခြင်းသော်လည်း ဖြစ်ပေရာ၏။ အချုပ်ဆိုသော် စိတ်ရိုင်း၊ စိတ်ညံ့နှင့် အလိုရမ္မက်ဆိုးများကို တွန်းလှန်နိုင်ခြင်းသည် ဆန့်ကျင်ဘက် စိတ်ဆန္ဒများက အင်အားကြီးမားသောကြောင့် ဖြစ်၏။ ထိုစိတ်ဆန္ဒများသည် ဆန့်ကျင်ဘက် ဇာတိစိတ်များ၌ အရင်းမူလရှိရကား မိမိစိတ်ကို ထိန်းချုပ်ခြင်းသည် လူ၏ အလိုအလျောက် ပြုလုပ်မှု ဖြစ်သည်ဟု မဆိုသာချေ။

လောက၌ ကောင်းသောအရာတွင်ဖြစ်စေ၊ မကောင်းသောအရာတွင် ဖြစ်စေ အလွန့်အလွန် စိတ်ဓာတ်ခွန်အား ကြီးမားသော ပုဂ္ဂိုလ်များရှိ၏။ ထိုသူတို့သည် များစွာသော အနှောင့်အယှက်၊ အခက်အခဲများကို ရင်ဆိုင်၍ မိမိတို့ ရည်မှန်းထားသော လုပ်ငန်းကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ရှပ်ရှပ်ချွဲချွဲ ပြုလုပ်လေ့ရှိကြ၏။ ပတ်ဝန်းကျင်က လှုံ့ဆော်တွန်းထိုးပေးခြင်း မရှိပါဘဲ အခက်အခဲ၊ အဖျက်အဆီးများအကြားတွင် မဆုတ်နစ်သော လုံ့လဝီရိယ၊ ဇွဲသတ္တိ၊ အားမာန်ဖြင့် ဆင်းရဲဒုက္ခခံ၍ အလုပ်လုပ်ခြင်းမှာ လူ့စိတ်ဓာတ်၏ လွတ်လပ်မှု (ဝါ) မိမိအကြိုက်၊ မိမိအလိုလို ရွေးချယ်ပြုလုပ်နိုင်စွမ်းရှိမှု၏ အမှတ်လက္ခဏာ ဖြစ်သည်ဟု တင်စရာရှိ၏။ အနောက်တိုင်း စိတ်ပညာအမြင်အားဖြင့်မူ စိတ်ဓာတ် အင်အားကြီးမားမှုသည် လူတို့ မိမိကိုယ်မိမိ အစိုးရမှုကိုပြသော လက္ခဏာ မဟုတ်ချေ။ တစ်ဖက်ဖက်၌ စိတ်ဓာတ်ပြင်းပြခြင်းသည် ဗီဇမျိုးစေ့၌ ဖြစ်စေ၊ ကိုယ်အင်္ဂါသွေးသားထဲ၌ဖြစ်စေ၊ သို့မဟုတ် ကလေးဘဝ အတွေ့အကြုံ၌ဖြစ်စေ အကြောင်းမူလ ရှိနေတတ်၏။

စိတ်ဓာတ်အားကောင်းခြင်း၊ အားနည်းခြင်းသည် မျိုးရိုးဗီဇနှင့် ဆက်စပ်နေတတ်၏။ အချို့သောလူများ မည်သည့်နည်းနှင့်မျှ ပြုပြင်၍မရအောင် ဆိုးသွမ်းမိုက်မဲခြင်းမှာ ၎င်းတို့၌ သာမန်လူများတွင် မတွေ့ရသော ဗီဇမျိုးစေ့တစ်ခု အပိုပါလာသောကြောင့် ဖြစ်သည်ဟု အချို့သိပ္ပံသုတေသီတို့က ယူဆကြ၏။ နပိုလီယန်သည် ကမ္ဘာကျော်စစ်ဗိုလ်ကြီး ဖြစ်လာခြင်းမှာ ပိကျူထရီဂလင်းခေါ် ကာမစိတ်အတွက် အရေးပါသော ဂလင်းကြောင့်ဖြစ်သည်၊ သူ အရေးနိမ့်၍ ပြန်လည်ခေါင်းမထောင်နိုင်ခြင်းမှာ ထိုဂလင်း ပျက်စီးယိုယွင်းသွားခြင်းကြောင့် ဖြစ်သည် ဆို၏။ ကလေးဘဝက အမှတ်တမဲ့ ကြုံတွေ့ခံစားရချက်များသည်

ပျောက်ပျက်မသွားဘဲ မသိစိတ်အနေဖြင့် လူတို့အား စိုးမိုးနေပုံကိုကား စိတ်ခွဲပညာကျမ်းများ၌ သာဓကအမြောက်အမြားနှင့် အကျယ်ပြဆိုထား၏။

စိတ်ခွဲပညာအလိုအားဖြင့်ကား လူတို့ကို အဓိက စိုးမိုးနေသောအရာမှာ မသိစိတ်ဖြစ်၏။ မသိစိတ်သည် သိစိတ်ထက် ပိုမိုကျယ်ပြန့်နက်ရှိုင်း၍ နေ့စဉ်လူတို့ပြုသော၊ များစွာသော အသေးအဖွဲ့အမှုများသည်ပင် မသိစိတ်၌ အရင်းခံသောအမှုများ ဖြစ်၏။ လူတို့သည် အတ္တမာနစွဲဖြင့် ငါ လုပ်သည်၊ ငါ ပြုသည်ဟု ထင်မြင်ပြောဆိုလေ့ ရှိကြသော်လည်း စင်စစ် မသိစိတ်က စေ့ဆော်သောကြောင့် ပြုလုပ်ကြရသည်က များ၏။ လူတို့အပြုအမှုများကို စေ့ဆော်ဖန်တီးသော လောဘ၊ ဒေါသ၊ မောဟ တရားများသည် လူ့အဖွဲ့အစည်း (ဝါ) လူ့ယဉ်ကျေးမှု အစဉ်အလာက လက်မခံသော မနှစ်မြို့ဖွယ်ရာ တရားများ ဖြစ်ရကား ထိုစိတ်ယုတ်၊ စိတ်ညံ့များသည် မသိစိတ်အဖြစ်သို့ ပြောင်းလဲ၍ လူသတ္တဝါသည် ၎င်းတို့၏ စိုးမိုးနေမှုကိုမသိဘဲ မိမိစိတ်ကို လှည့်စားကာ မိမိကိုယ်မိမိ အစိုးရသည်၊ မိမိအလိုရှိရာကို လွတ်လပ်စွာပြုမူနေသည်ဟု ထင်နေခြင်းဖြစ်သည် ဆို၏။

အမှန်ဆိုသော် စိတ်ပညာအမြင်ဖြင့် လူသည် မိမိကိုယ်မိမိ အစိုးမရသော သဘောကိုပြရန် မသိစိတ်၊ ဇာတိစိတ်နှင့် ကိုယ်ခန္ဓာတွင်းရှိ ဂလင်းတို့၏ လုပ်ဆောင်မှုကို ထည့်သွင်းစဉ်းစားရန်ပင် မလိုချေ။ လူသတ္တဝါတစ်ဦးသည် အမှုတစ်ခုခုကိုပြုရာ၌ မိမိ၏ စိတ်ဓာတ်၊ စရိုက်နှင့် လျော်ညီသော အမှုကို ရွေးချယ်၍ ပြုလုပ်လေ့ရှိ၏။ သို့ရာတွင် စိတ်ဓာတ်စရိုက် (ဝါ) အကျင့်စာရိတ္တမည်သည် အကြောင်းမဲ့ဖြစ်ပေါ်လာသော အရာမဟုတ်။ ၎င်းသည် ရှေးအခါက ပြုခဲ့သော အမှုများကို စွဲမှီ၍ ဖြစ်ပေါ်လာရ၏။ တစ်နည်းဆိုသော် အပြုအမှု၊ စိတ်ဓာတ်စရိုက်နှင့် အလေ့အကျင့်တို့သည် အချင်းချင်း ကျေးဇူးပြုသော တရားများဖြစ်၏။ ကလေးဘဝက စိတ်ဓာတ်စရိုက်ကို ရှေးဦးပထမ အစပျိုးပေးသော အပြုအမှုများသည်ကား ပဋိသန္ဓေကပါလာသော အနုသယဗီဇဓာတ်နှင့် မူလပတ်ဝန်းကျင်က စေ့ဆော်ဖန်တီးသော အမှုများဖြစ်၏။ လူသတ္တဝါ၏ အပြုအမူနှင့် စိတ်ဓာတ်စရိုက်ကို စီရင်ပြုပြင်သော ထိုဗီဇဓာတ်နှင့် မူလပတ်ဝန်းကျင်သည် ကျွန်ုပ်တို့ အစိုးရသောတရားများ မဟုတ်ချေ။

စိတ်ပညာက လူသတ္တဝါ၏ အလိုအလျောက် ပြုလုပ်နိုင်စွမ်းသတ္တိကို ငြင်းဆိုခြင်းမှာ တစ်နည်းအားဖြင့် အံ့သြစရာမရှိချေ။ အဘယ်ကြောင့်ဆိုသော် ယခုကာလ စိတ်ပညာသည် သိပ္ပံပညာတစ်ရပ်ဖြစ်၍ သိပ္ပံဆရာတို့သည်

အကြောင်းအကျိုးနိယာမကို အလေးအနက် လက်ခံယုံကြည်ကြ၏။ သိပ္ပံပညာက လက်ခံသော အကြောင်းတရားသည် လူတို့နားလည်သော ဦးတည်ရည်ရွယ်ချက် မျိုးမဟုတ်ဘဲ အတိတ်ကာလက အဖြစ်အပျက်များကိုသာလျှင် ဆိုလိုကြောင်း အထက်က ပြဆိုခဲ့ပေပြီ။ သိပ္ပံဆရာအမြင်အားဖြင့် အကြောင်းအကျိုးတရားတို့၏ လုပ်ဆောင်မှုသည် စက်ပစ္စည်းတစ်ခု၏ အစိတ်အပိုင်းများ သွားလာလှုပ်ရှား ပုံမျိုးကဲ့သို့ တစ်ခုနှင့်တစ်ခု မလွဲမရှောင်သာ ဆက်သွယ်လှုပ်ရှားပုံမျိုး ဖြစ်၏။ ထိုအကြောင်းအကျိုး နိယာမနယ်ထဲ၌ အလိုအလျောက်ဖြစ်ခြင်းဟူ၍ မရှိနိုင်ချေ။

"ပေါက်ပင် ဘာကြောင့်ကိုင်းရတယ်"ဆိုသော စကား၌ ပေါက်ပင်သည် ဖျိုင်းနားသောကြောင့် ကိုင်းရ၏။ ဖျိုင်းသည် ငါးပေါ်သောကြောင့် နားရ၏။ ငါးသည် ကျွဲလူးသောကြောင့် ပေါ်ရ၏။ ကျွဲသည် ဖြုတ်ကိုက်သောကြောင့် ရေအိုင်၌ လူးရ၏။ ဖြုတ်သည် မိုးရွာသောကြောင့် ကျွဲကို ကိုက်ရ၏။ ဤသို့ဖြင့် တိရစ္ဆာန်သတ္တဝါတစ်ခုက တစ်စုံတစ်ခုသောအမှုကို ပြုခြင်းသည် ၎င်း၏ အလို ဆန္ဒအလျောက် ပြုခြင်းမဟုတ်။ နောက် အကြောင်းတရား တစ်ခုခုက စေ့ဆော်သောကြောင့် ပြုခြင်းဖြစ်၏။ လူ၏အပြုအမူများသည်လည်း ထိုနည်းအတူ ဖြစ်၏။ အကြောင်းတရားနိယာမ အုပ်စိုးသော သတ္တလောက၌ အကြောင်းတရား နှင့်ကင်း၍ မိမိအလိုလို ပြုနိုင်သည်ဆိုသော ပုဂ္ဂိုလ်သတ္တဝါအတွက် နေရာကလွှာ မရှိချေ။

မိမိအလိုရှိရာ ပြုလုပ်သည်ဟု လူတို့ထင်မြင်နေကြခြင်းမှာ အကြောင်းတရားများကို မသိမြင်ဘဲ အတ္တစွဲဖြင့် မိမိကိုယ်ကို သဘာဝဓမ္မနယ်မှ ဖယ်ခွာ၍ တွေးခေါ်သောကြောင့် ဖြစ်၏။ သဗ္ဗညုတဉာဏ်ကြီးရှင်အဖို့မူ ထိုသို့ အမြင်လွဲမှားမှု ရှိမည်မဟုတ်ချေ။ ဤနေရာ၌ ပြင်သစ် သင်္ချာပညာကျော်တစ်ဦး၏ အောက်ပါစကားကို စဉ်းစားရာ၏။

"စကြဝဠာကြီး၏ လက်ရှိအခြေအနေသည် လွန်ခဲ့သောအခြေအနေ၏ အကျိုးတရားဖြစ်၍ နောင်လာမည့် အခြေအနေ၏ အကြောင်းတရားဖြစ်၏။ သဗ္ဗညုတဉာဏ်ကြီးရှင်တစ်ဦးသည် အကယ်၍ တစ်စုံတစ်ခုသော ကာလအခိုက် အတန့်၌ စကြဝဠာထဲတွင် ဖြစ်ပျက်နေသော သင်္ခါရဓမ္မအားလုံးကိုသော်လည်းကောင်း၊ ထိုသင်္ခါရဓမ္မတို့၏ အနေအထားကိုသော်လည်းကောင်း သိမြင်ငြားအံ့။ ထိုမှတစ်ပါး အကယ်၍ ထိုသိမြင်ချက်များကို မိမိ၏ကြီးမားသော အသိဉာဏ်ဖြင့် နှိုက်ချွတ်လေ့လာငြားအံ့။ ထိုဉာဏ်ကြီးရှင်သည် စကြဝဠာထဲရှိ အကြီးဆုံး အရာဝတ္ထုနှင့် အငယ်ဆုံးအရာဝတ္ထုတို့၏ သွားလာလှုပ်ရှားမှုများကို ပြက်ပြက်

ထင်ထင် သိမြင်ပေရာ၏။ အနာဂတ်သည်လည်းကောင်း၊ အတိတ်သည်လည်းကောင်း သူ၏ဉာဏ်မျက်စိ၌ ကွက်ကွက်ကွင်းကွင်း လင်းထင်နေပေရာ၏။"

တစ်နည်းဆိုသော် အကြောင်းအကျိုး နိယာမတရားအရ ဖြစ်ပျက်မှုဟူသမျှသည် အကြောင်းကိုမှီ၍ ဖြစ်ပျက်၏။ ထိုအကြောင်းသည် မူလက အကျိုးဖြစ်၍ အခြားအကြောင်းကိုမှီ၍ ဖြစ်ပေါ်ရ၏။ ဤသို့ဖြင့် အကြောင်းအကျိုးသံသရာသည် အစမရှိ၊ အဆုံးမရှိ။ နေရာဒေသတစ်ခု၏ ယနေ့ရာသီဥတုသည် လွန်ခဲ့သော နှစ်ပေါင်းတစ်သန်းက ရာသီဥတုအခြေအနေ၏ အကျိုးတရားကွင်းဆက်ဖြစ်၍ နောင် နှစ်ပေါင်းတစ်သန်းကာလ၌ ဖြစ်ပေါ်မည့် ရာသီဥတုအခြေအနေအတွက် အကြောင်းတရား ကွင်းဆက်တစ်ခုဖြစ်၏။ ထို့အတူ ယနေ့ လူသတ္တဝါ၏ အပြုအမူသည် ကျောက်ခေတ်လူသားတစ်ဦး၏ အကျိုးတရားကွင်းဆက်ဖြစ်၍ ကျွန်ုပ်တို့ မမျှော်မှန်းနိုင်သော အနာဂတ်ကာလ လူသား၏ အပြုအမူအတွက် အကြောင်းတရားတစ်ခု ဖြစ်လေသည်။

သိပ္ပံပညာ၏အမြင်အားဖြင့် လူသည် မိမိကိုယ်မိမိ အစိုးရသည်ဆိုသော စကားမှာ အကြောင်းအကျိုးနိယာမနှင့် ဘောင်မဝင်ဖြစ်နေသည်သာမက လူ၏ ပရမတ္ထသဘာဝအပေါ် သိပ္ပံဆရာတို့ သုံးသပ်ခံယူချက်နှင့်လည်း ဆန့်ကျင်လျက်ရှိ၏။ လူသည် မိမိလိုရာ ပြုနိုင်စွမ်းရှိသည်၊ မိမိအကြိုက် ရွေးချယ်ပြုလုပ်နိုင်သည်ဆိုရာ၌ "လူ"နှင့် "မိမိ"ဟူသော ဝေါဟာရပုဒ်နှစ်ခု၏ အနက်အဓိပ္ပာယ်ကို လေ့လာစိစစ်ရန် လို၏။ ယင်းတို့သည် ခရစ်ယာန်၊ ဟိန္ဒူစသော ဘာသာဝင်များနားလည်သည့် ထာဝရအတ္တကို ဆိုလိုခြင်းဖြစ်ပါက ထိုယုံကြည်ချက်များမှာ ဘာသာရေး အယူဝါဒတစ်ခုမျှသာ ဖြစ်ပေလိမ့်မည်။ သိပ္ပံပညာအလိုအားဖြင့်မူ ပုဂ္ဂိုလ်၊ သတ္တဝါဟူသည် ရုပ်နာမ်နှစ်ပါး အစုအဝေးမျှသာဖြစ်၏။ ယခုကာလ စိတ်ပညာကျမ်းများ၌ မိမိကိုယ် (ဝါ) အတ္တအကြောင်းကို အကျယ်ပြဆိုထားပါ၏။ သို့ရာတွင် ၎င်းတို့နားလည်သော အတ္တမှာ ဘာသာရေးသမားတို့ ခံယူသော အတ္တမဟုတ်ဘဲ သညာ၊ ဝေဒနာ၊ စေတနာစသော စိတ်၊ စေတသိက်တို့ စုပေါင်းလှုပ်ရှားမှုကိုပြသော စကားဖြစ်၏။ တစ်နည်းဆိုသော် ပုဂ္ဂိုလ်သတ္တဝါဟူသည် အမြဲပြောင်းလဲနေသော စိတ်နှင့်ရုပ်တို့ အစုအဝေးဖြစ်၍ နိစ္စဓူဝ အမာခံ ဓာတ် အစိုင်အခဲတစ်ခုခုကို ဆိုလိုခြင်းမဟုတ်ချေ။ ထိုသို့ခံယူထားသော စိတ်ပညာ၌ မိမိကိုယ်မိမိ အစိုးရသည်၊ မိမိအလိုလို ပြုလုပ်သည်ဆိုသော စကားသည် အဘယ်မှာ သဘာဝယုတ္တိ ရှိပါဦးမည်နည်း။

သိပ္ပံနည်းကျ စိတ်ပညာ၏ခံယူချက်မှာ လူ့လောက၏ အချို့သော

ဒိဋ္ဌဓမ္မများနှင့် ကိုက်ညီသည်ဟု ဆိုရပေမည်။ များစွာသော လူတို့သည် မိမိတို့၏ အနာဂတ်မှာ စီမံပြဋ္ဌာန်းပြီးဖြစ်သည်ဟု ယုံကြည်ကြ၍ ဤယုံကြည်ချက်သည် ယနေ့ ကမ္ဘာအနှံ့အပြား ဗေဒင်ပညာထွန်းကားနေမှု၌ ထင်ရှား၏။ သိပ္ပံပညာ တိုးတက်နေသော အနောက်နိုင်ငံများ၌ပင် ဗေဒင်ကို ယုံကြည်သောသူများ သိသိသာသာ တိုးပွားလျက်ရှိပုံကို အထက်က ဖော်ပြခဲ့ပေပြီ။ ဗေဒင်ဆရာများ တွင် လူလိမ်လူညာများ ပါရှိသည်မှန်၏။ သို့ရာတွင် ရှေးပဝေသဏီမှစ၍ ယနေ့အထိ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းလိုလို၌ ဗေဒင်၊ သို့မဟုတ် လက္ခဏာဗေဒ၊ အင်္ဂဝိဇ္ဇာစသော အနာဂတ်ကို ဟောပြောသည့် ပညာများ ထွန်းကားနေခြင်းမှာ လက္ခဏာဗေဒင်ဆရာတို့ လိမ်ပုံလိမ်နည်း ပရိယာယ်ကြွယ်ဝလှသောကြောင့် ဖြစ်သည်ဟု မဆိုသာချေ။ အချို့သောအရာတို့၏ ဟောပြောချက်မှန်ကန်သော ကြောင့်လည်း ဖြစ်ပေရာ၏။ ထိုသို့ အနာဂတ်ကို တိကျမှန်ကန်စွာ တင်ကြို ဟောပြောနိုင်သည်ဆိုပါက အနာဂတ်မှာ မူလက လမ်းကြောင်းချမှတ်ပြီး ဖြစ် ရပေလိမ့်မည်။

ဗေဒင်လက္ခဏာနည်းဖြင့် မဟုတ်ဘဲ အခြားနည်းဖြင့် အနာဂတ်ကို သိမြင်သည်ဆိုသော ပုဂ္ဂိုလ်များအကြောင်းကိုလည်း ရံဖန်ရံခါ ကျွန်ုပ်တို့ ကြားသိ ရ၏။ ဤစာရေးနေချိန်၌ အနောက်နိုင်ငံတွင် အနာဂတ်ကို သိမြင်၍ အထူး ကျော်ကြား ထင်ရှားနေသောသူမှာ "ဂျိင်းဒစ်စင်" ဆိုသော အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်မှ အမျိုးသမီးတစ်ဦးဖြစ်၏။ "ဂျိင်းဒစ်စင်"သည် သမ္မတ ကနေဒီနှင့် မဟတ္တမဂန္ဒီ အသတ်ခံရမည့်အကြောင်းနှင့် အနာဂတ်အဖြစ် အပျက်များကို အံ့ဖွယ်လိလိ တိကျမှန်ကန်စွာ ပေါင်ကြိုဟောပြောခဲ့သည် ဆို၏။ ထိုသို့ အနာဂတ်ကိုသိမြင်မှု အကြောင်းသာဓကများကို သတင်းစာများ၌ ကျွန်ုပ်တို့ တစ်ခါတစ်ရံ ဖတ်ရှုရပေရာ ၎င်းတို့အားလုံးမှာ အကြောင်းမဲ့ တိုက်ဆိုင်မှုများ ဖြစ်သည်ဟု မဆိုသာချေ။ စင်စစ် အင်္ဂလန်ပြည်ရှိ စိတ်ဝိဉာဉ်သုတေသန အသင်းမှ ပညာရှင်များနှင့် ဥရောပ အမေရိကန်တက္ကသိုလ်မှ ပညာရှင်တို့သည် သိပ္ပံနည်းကျကျ စူးစမ်းလေ့လာခြင်းဖြင့် အချို့လူများမှာ အနာဂတ်ကို သိမြင် နိုင်စွမ်းမှုရှိကြောင်း အထောက်အထားများ တွေ့ရှိခဲ့ကြပြီဖြစ်၏။ အနာဂတ်ကို သိမြင်နိုင်သည်မှန်ပါက အနာဂတ်သည် မူလက စီမံပြဋ္ဌာန်းပြီး ဖြစ်သည်ဟု ယူဆရန်ရှိ၍ ဤသည်မှာ လူသည် မိမိကိုယ်မိမိ အစိုးရသည်ဆိုသော အစဉ်အလာ ယုံကြည်ချက်နှင့် ဆန့်ကျင်နေပေသည်။

ဤသို့ဖြင့် လူသည် မလွတ်လပ်ဘဲ မူလက ချမှတ်ထားသော လမ်းစဉ်

အတိုင်း မလွဲမရှောင်သာ ပြုမူနေရသော သတ္တဝါဖြစ်ကြောင်းပြရန် အကြောင်း အချက်တို့ကား များပြားလှပေ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် အချို့နေရာ၌ မိမိကိုယ်မိမိ အစိုးမရခြင်းကို ဝန်ခံသော်လည်း အကြောင်းတရားများ၏ စိုးမိုးခြင်းကို အခါခပ်သိမ်း ခံနေရသည်ဟူ၍ကား ငြင်းမခံလိုကြချေ။ မည်သူမဆို အကြောင်းတစ်စုံတစ်ရာမရှိဘဲ မိမိအလိုရှိသောအခါ ထိုင်ခြင်း၊ ထခြင်း၊ လက်ကို မြှောက်ခြင်း စသောအမှုများကို ပြုနိုင်သည် မဟုတ်ပါလော။ ဤလွတ်လပ်မှုမှာ ကျွန်ုပ်တို့အဖို့ ဒိဋ္ဌဓမ္မဖြစ်၍ လူသည် မိမိကိုယ်မိမိ အစိုးမရဆိုသော စကားမှာ အကြွင်းမဲ့မှန်ကန်သည်ဟု မဆိုသာချေ။

လူ၏လွတ်လပ်မှု (ဝါ) မိမိကိုယ်မိမိ အစိုးရမှုကို ယုံကြည်သော တွေးခေါ်ရှင်တို့၏ အခြား အကြောင်းပြချက်များကို ဆက်လက်စဉ်းစားရာ၏။

လူ၏ လွတ်လပ်မှုကို ငြင်းဆိုသောသူတို့သည် 'အကြောင်းတရားကို ရေးကြီးခွင့်ကျယ်လုပ်၍ ထည့်သွင်းစဉ်းစားကြ၏။ နာမည်ကျော်ဒဿနိကဆရာ တစ်ဦး၏ အမြင်အားဖြင့်မူ အကြောင်းတရားမည်သည် ကောန်ထင်ရှား ရှိပါ၏လောဟု သံသယဖြစ်ဖွယ်ရှိ၏။ ထိုဆရာက အကြောင်းအကျိုးမည်သည် ရှေ့ဆင့် နောက်ဆင့် ဖြစ်ပျက်မှုများကို လူတို့ခေါ်သော ပညတ်မျှသာ ဖြစ်သည်ဆို၏။ စင်စစ် အကြောင်းအကျိုးနိယာမသည် ဒိဋ္ဌဓမ္မ လက်တွေ့ပြ၍မရအပ်ဘဲ ယုံကြည်မှုဖြင့် ခံယူထားသော တရားဖြစ်၏။ အကြောင်းတရားက အကျိုးတရားအား မည်သို့မည်ပုံ ဖြစ်ပေါ်စေသည်ဟု ခြေခြေမြစ်မြစ် သိအပ်သည်မဟုတ်။ သင်္ခါရ ဓမ္မနှစ်ခု၏ ရှေ့နောက်ဆက်သွယ်နေမှုကိုသာ ကျွန်ုပ်တို့သိရ၍ ယင်းဆက်သွယ်မှု သည် နောင်ထာဝရ တည်မြဲနေလိမ့်မည်။ ပုံစံအားဖြင့် ရေသည် ၁၀၀ ဒီဂရီ စင်တီဂရိတ်အပူချိန်၌ အမြဲဆူလိမ့်မည်။ နက်ဖြန်နံနက်၌ နေ မုချထွက်လိမ့်မည်ဟု လေ့နံ့ဓားထစ်စွဲမှတ်ထားရန် အကြောင်းအချက်မရှိချေ။

အမှန်ဆိုသော် သိပ္ပံဆရာတို့ အထူးလေ့လာခဲ့ကြသော ရုပ်တရားသည် အလိုအလျောက်ဖြစ်ပျက်မှုဟူ၍ နိယာမတရား၏ အုပ်စိုးမှုကို အမြဲခံနေရလေ သလော။ မည်သည့်အခါ၌မဆို အကြောင်းရှိမှ ဖြစ်ပျက်လေသလောဟု စဉ်းစား ရန် ရှိ၏။ ရှေးအခါက နာမည်ကျော် ဂရိပညာရှင်တစ်ဦးသည် အဏုမြူများ၏ လှုပ်ရှားမှု၌ အစဉ်အမြဲ အကြောင်းတရားရှိသည်ဆိုသော စကားကို လက်မခံ ခဲ့ချေ။ ယခုခေတ်၌ အာသာအက်ဒိန်တန် အစရှိသော ရူပဗေဒပညာရှင်တို့သည် အီလက်ထရွန်တို့၏ လှုပ်ရှားမှုကို လေ့လာရာမှ ယင်းတို့၏ ထူးခြားချက်တစ်ရပ် ကို တွေ့ရှိခဲ့ကြ၏။ ထို ထူးခြားချက်မှာ အီလက်ထရွန်တစ်ခု၏ တည်နေရာနှင့်

အဟုန်ကို တစ်ပြိုင်နက်တည်း တိတိကျကျ ဆုံးဖြတ်၍ မရအပ်ခြင်းဖြစ်၏။ တည်နေရာနှင့် အဟုန်ဟူ၍ အင်္ဂါနှစ်ခုရှိသည့်အနက် တစ်ခုကို အတိအကျ သိရှိရန် နီးလာလေ၊ အခြားတစ်ခုကို အတိအကျသိရှိရန် ဝေးသွားလေ ဖြစ်သည်ဆို၏။ ဤအခြင်းအရာသည် သိပ္ပံပညာနယ်၌ ဟိုက်ဆင်ဗတ်၏ မသေချာမှုသဘောတရားဟူ၍ ထင်ရှား၏။

ဤသဘောတရားအရဆိုသော် အီလက်ထရွန်တို့၏ ဖြစ်စဉ်ကို ဘင်ကြို ခန့်မှန်းရန်မဖြစ်နိုင်၊ တစ်နည်းဆိုသော် အီလက်ထရွန်တို့၌ နိယာမတရားနှင့် ကင်းသော လွတ်လပ်မှုရှိသည်ဟု မှတ်ယူရန်ရှိ၏။ ဤအချက်နှင့်စပ်၍ သိပ္ပံဆရာတို့မှာ သဘောအယူကွဲလွဲနေကြ၏။ အချို့က အီလက်ထရွန်၏လှုပ်ရှားမှု၌ အကြောင်းတရား ရှိ၏။ ၎င်းတို့၏ တည်နေရာနှင့် အဟုန်ကို သေချာတပ်အပ် မသိရခြင်းမှာ လေ့လာတိုင်းထွာရာ၌ ချွတ်ယွင်းချက်ရှိသောကြောင့် ဖြစ်သည်။ သို့တည်းမဟုတ် အီလက်ထရွန်အကြောင်းကို စေ့ငုစွာ မသိသေးသောကြောင့် ဖြစ်သည်ဆို၏။ အချို့ကမူ (၎င်းတို့တွင် နာမည်ကျော်နိုဘယ်လ်ဆုရ သိပ္ပံဆရာများပါဝင်သည်) အထက်ပါ တွေ့ရှိရချက်သည် အီလက်ထရွန်တို့၌ အကြောင်းတရားမပါဘဲ အလိုအလျောက် ဖြစ်ပျက်နိုင်စွမ်းရှိမှုကို ပြသည်ဟု ယူဆကြ၏။

မည်သို့ဖြစ်စေ ယခုကာလသိပ္ပံပညာသည် ရာခိုင်နှုန်းပြည့် တိကျသေချာသော ပညာမဟုတ်ချေ။ သိပ္ပံဆရာတို့ခံယူသော သဘောတရားများသည် ဤအကြောင်းတရားရှိလျှင် ထိုအကျိုးတရား ဖြစ်ပေါ်ရမည်ဟု သေချာတပ်အပ် တွက်ဆ၍ရသော (ဝါ) အမြဲထာဝရ တိကျမှန်ကန်သော နိယာမတရားများ မဟုတ်ဘဲ အလားအလာကိုပြသော ယေဘုယျတရားများ ဖြစ်၏။ ယေဘုယျတရားသည် အစုလိုက်အအုံလိုက်အတွက် မှန်ကန်၍ တစ်ခုချင်းအတွက် မရေရာ မသေချာချေ။

ပုံစံအားဖြင့် အနောက်နိုင်ငံများ၌ ဆေးသိပ္ပံပညာရှင်တို့သည် အဆုတ်ကင်ဆာရောဂါစွဲကပ်သော လူနာများကို နှစ်ပေါင်းများစွာ လေ့လာရာမှ ထိုရောဂါသည် စီးကရက်သောက်ခြင်းနှင့် ဆက်စပ်နေသည်ကို တွေ့ရှိကြ၏။ သို့ဖြစ်၍ သူတို့သည် စီးကရက်သောက်ခြင်းဖြင့် ကင်ဆာရောဂါ ဖြစ်တတ်သည်၊ တစ်နေ့လျှင် စီးကရက် ဤရွေ့ဤမျှသောက်ခြင်းဖြင့် လူတစ်ဦးသည် ကင်ဆာဖြစ်၍ နှစ်ပေါင်းမည်မျှ စောစောသေနိုင်သည်ဟု ဆိုကြ၏။ သို့ရာတွင် ဤဟောကိန်းသည် ယေဘုယျအားဖြင့် မှန်ကန်၍ စီးကရက်သောက်သော လူတစ်ဦးစီအတွက်မူ အရေးမပါလှချေ။

သို့ဖြစ်၍ သိပ္ပံပညာ၏ ခံယူချက်များသည် များသောအားဖြင့် မသေချာမရေရာသော အချက်များဖြစ်၏။ သိပ္ပံပညာ၌ ကေန်တရားဟူ၍ မရှိ။ သိပ္ပံအဆိုများသည် "သို့ရာတွင်" "ယေဘုယျအားဖြင့်" "ဖြစ်တန်ရာသည်" စသောမယုတ်မလွန်စကားများ၊ ချွတ်ယွင်းများဖြင့် ရောပြွမ်းနေသော အဆိုများဖြစ်၏။ တစ်နည်းဆိုသော် လူသည် မည်သည့်အခါမျှ မလွတ်လပ်ဘဲ မိမိအစိုးမရသောအကြောင်းတရားများက စေ့ဆော်သည့်အတိုင်း အခါခပ်သိမ်း မလွဲမရှောင်သာပြုမူနေရသော သတ္တဝါမဟုတ်ချေ။

ဤနေရာ၌ လူ၏ လွတ်လပ်မှုမည်သည် နယ်နိမိတ် အကန့်အသတ်မရှိသော လွတ်လပ်မှုမဟုတ်ကြောင်း သတိပြုရာ၏။ လောက၌ လူတို့နှစ်သက်မြတ်နိုးသော နိုင်ငံရေးလွတ်လပ်မှု၊ ဘာသာရေးလွတ်လပ်မှု၊ အတွေးအခေါ်လွတ်လပ်မှု အစရှိသည့် လွတ်လပ်မှုဟူသမျှသည် နယ်နိမိတ်ဘောင်အတွင်း၌သာလျှင် အဓိပ္ပာယ်ရှိသကဲ့သို့ လူ၏သဘာဝလွတ်လပ်မှုသည်လည်း နယ်နိမိတ်ဘောင်အတွင်း၌သာလျှင် အနှစ်သာရကို ဆောင်ပေလိမ့်မည်။ ဆိုလိုသည်မှာ ပတ်ဝန်းကျင်အခြေအနေနှင့် တသီးတခြားဖြစ်သော (ဝါ) အကြောင်းတရားနှင့်လုံးဝကင်းသော လွတ်လပ်မှုဟူ၍ မရှိနိုင်ချေ။

သို့ဖြင့် ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ လွတ်လပ်မှုသည် ထိုသူ၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ အတွေ့အကြုံ၊ တိုင်းပြည်၏အခြေအနေ၊ လူမျိုးဓလေ့၊ ထုံးတမ်း၊ အတွေးအခေါ် စသည်ဖြင့် ထူးထွေများပြားသော ပတ်ဝန်းကျင်တရားများပေါ်၌ တည်၏။ ထိုပတ်ဝန်းကျင်တရားများသည်ပင် ထိုသူ၏ လွတ်လပ်မှုအဆင့်အတန်းကို သတ်မှတ်ပေးသော အကြောင်းတရားများဖြစ်၏။ ပတ်ဝန်းကျင်အခြေအနေ ကောင်းမွန်သည်နှင့်အမျှ လူ၏လွတ်လပ်မှု အဆင့်အတန်းသည်လည်း မြင့်မား၏။ ယခုခေတ်၌ သိပ္ပံပညာတိုးတက်၍ အသိအမြင် ကြွယ်ဝလာသည်နှင့်အမျှ များစွာသော လူတို့သည် ရှေးက မိမိတို့ ဘိုးဘွားများအစိုးမရသောကိစ္စများတွင် ကိုယ့်ကြမ္မာ ကိုယ်လွတ်လပ်စွာ စီမံပြဋ္ဌာန်းလာကြခြင်းမှာ မျက်မြင်အထင်အရှား ဖြစ်၏။

လူသည် မွေးစက မိမိ ကြိုက်နှစ်သက်ရာ ပတ်ဝန်းကျင်ကို ရွေးချယ်ခွင့်မရဘဲ ကံပစ်ချသောနေရာသို့ ရောက်ရှိခဲ့ရသည် မှန်၏။ လူတို့သည် အများအားဖြင့် ပတ်ဝန်းကျင်ကို မတွန်းလှန်နိုင်ဘဲ ၎င်း၏စိုးမိုးမှုကို ခံနေရခြင်းမှာလည်း ယုံမှားစရာမရှိချေ။ သို့ရာတွင် လူသတ္တဝါတိုင်းသည် ပတ်ဝန်းကျင်၏သားကောင်မဟုတ်၊ ပတ်ဝန်းကျင်ကို တော်လှန်၍ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးသော

ပုဂ္ဂိုလ်သတ္တဝါ အမြောက်အမြားရှိ၏။ ထိုသူတို့သည် စိတ်ဓာတ်စွမ်းအား၊ အသိဉာဏ်စွမ်းအားဖြင့် မိမိကိုယ်ကို အစိုးရနေသောသူများ ဖြစ်၏။

လူ၏ လွတ်လပ်မှုပြဿနာကို ဆင်ခြင်သုံးသပ်ရာ၌ ကျွန်ုပ်တို့သည် စိတ်စွမ်းအား၊ အသိဉာဏ်စွမ်းအားကို အလေးအနက် ထည့်သွင်းစဉ်းစားရပေလိမ့်မည်။ ၎င်းတို့သည် မိမိကိုယ်မိမိ အစိုးရမှုအတွက် အဓိက အရေးပါသော အထောက်အကူဖြစ်၏။ သတ္တဝါတို့သည် ထိုစွမ်းအင် သတ္တိအနည်းအများကို လိုက်၍ လွတ်လပ်မှုအတိုင်းအတာ ခြားနား၏။

ပုံစံအားဖြင့် လူတို့အားစိုးမိုးသော မျိုးရိုးဗီဇ အကြောင်းတရားကို စဉ်းစားရ၏။ မျိုးရိုးဗီဇ၏ စွမ်းအင်သတ္တိသည် လူတို့မမွေးမီက မိဘနှစ်ပါးထံမှ ဆက်ခံရရှိသော ခရိုမိုဆုန်းခေါ် ဗီဇမျိုးစေ့များ၏ စွမ်းအင်သတ္တိပင်ဖြစ်၍ စင်စစ် လူသားသည် မိမိ၏ဗီဇကို ပြုပြင်ပြောင်းလဲနိုင်စွမ်း လုံးဝမရှိချေ။ သို့ဖြစ်၍ အသိပညာခေါင်းပါးသော ရှေးပဝေသဏီက လူတို့သည် ဗီဇနိယာမဟုခေါ်ရာ၏ စိုးမိုးမှုအောက်၌ ပြားပြားဝပ်ခံခဲ့ကြရပေရာ၏။ ယခုမူ မျိုးရိုးဗီဇ အကြောင်းခြင်းရာကို အတန် စေ့ငုသေချာစွာ သိရှိနားလည်၍ ဆေးသိပ္ပံပညာလည်း တိုးတက်လာပြီဖြစ်သောကြောင့် လူတို့သည် ဗီဇ၏ အနှောင်အဖွဲ့မှ အပေါ်အတန် ရုန်းထွက်နိုင်ကြပေပြီ။ တိရစ္ဆာန်သတ္တဝါတို့သည် ဗီဇနှင့် ပတ်ဝန်းကျင်တည်းဟူသော အကြောင်းတရာ နှစ်ပါးကိုမှီ၍ ရပ်တည်ကြရသည် မှန်သော်လည်း ယနေ့လူသားအဖို့မူ ထိုစကားသည် မှန်မည်မဟုတ်။ လူသား၏ ဘဝကံကြမ္မာသည် ဗီဇ၊ ပတ်ဝန်းကျင်နှင့် ၎င်း၏တုံ့ပြန်ပြုမှုပေါ်၌ တည်သည်ဟုဆိုမှ မှန်ပေလိမ့်မည်။

အချို့ပညာရှင်တို့သည် လူသား၏ တုံ့ပြန်ပြုမှု (ဝါ) မိမိကံကြမ္မာကို ဖန်တီးနိုင်စွမ်းရှိမှုကို အသိအမှတ် လုံးဝမပြုဘဲ အကြောင်းတရား၏ စိုးမိုးမှုကို လိုအပ်သည်ထက် ပို၍ ဦးစားပေးကြသောကြောင့် ရှေ့ဖြစ်ကို ဟောကိန်းထုတ်ရာ၌ လွဲမှားခဲ့ကြ၏။ ကျွမ်းကျင်လိမ္မာသော ဆရာဝန်တို့သည်ပင် ရောဂါအခြေအနေ တစ်ခုတည်းကိုသာ ကြည့်၍ လူနာ၏ အသက်အပိုင်းအခြားကို ဆုံးဖြတ်ရာ၌ မကြာခဏ မှားခဲ့ကြဖူး၏။ ဗေဒင်ဆရာ အကျော်အမော်တို့ တစ်ခါတစ်ရံ ဟောကိန်းလွဲမှားကြခြင်းသည်လည်း ထိုသို့ လူသား၏အသိဉာဏ်နှင့် စိတ်ဓာတ်စွမ်းအားကို မျက်ကွယ်ပြုခဲ့ကြသောကြောင့် ဖြစ်ပေရာ၏။

လူ့သမိုင်းကို လေ့လာသော သုတေသီဆရာတို့သည်လည်း လူသား၏ လွတ်လပ်မှုကို လုံးပမစဉ်းစားဘဲ အကြောင်းတရားများ၏ စီရင်ပြုပြင်မှုကို တစ်ဖက်သတ် အလေးပေးခဲ့ကြသောကြောင့် အနာဂတ်သမိုင်းဖြစ်စဉ်ကို တင်ကြို

ဟောပြောရာ၌ လွဲမှားတတ်ကြ၏။ ရာဇဝင်သမိုင်းလမ်းစဉ်သည် တစ်ပတ်ပြန် ကျော့တတ်သည်။ အတိတ်က ဖြစ်ပျက်ခဲ့သည့်အတိုင်း ပြန်လည်ဖြစ်ပျက်တတ် သည်ဆိုသော ခံယူချက်မှာ လူ၏ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်မှုစွမ်းအားကို လျစ်လျူပြုထားသောကြောင့် မကြာခဏမှားယွင်းသည်ကို တွေ့ရ၏။ ကားလ် မတ်(ခ)စ်သည် လူတို့၏ကုန်ထုတ်မှုသမိုင်းကို သိပ္ပံနည်းကျ စူးစမ်းလေ့လာပြီး နောက် အရင်းရှင်နိုင်ငံများ၌ လူတန်းစား တိုက်ပွဲဖြစ်ပွား၍ အရင်းရှစ်စနစ် ကျဆုံးရမည်ဟု ဟောပြောခဲ့သော်လည်း အရင်းရှင်အစိုးရတို့၏ လိမ္မာပါးနပ်မှု ကြိုတင် ကာကွယ်မှုများကြောင့် သူတို့နိုင်ငံများ၍ လူတန်းစားတိုက်ပွဲ ပြင်းပြင်း ထန်ထန် ဖြစ်ပွားခြင်းမရှိ။ အရင်းရှင်စနစ်မှာလည်း ရှင်သန်ကြီးထွားဆဲပင် ဖြစ်၏။ နယ်ချဲ့ဝါဒသည် အရင်းရှင်စနစ်၏ အုတ်မြစ်ဖြစ်၍ နယ်ချဲ့ဝါဒနှင့်အတူ အရင်းရှင်စနစ် ချုပ်ငြိမ်းရမည်ဟု ဆိုခြင်းမှာလည်း မမှန်ချေ။ စစ်ပြီးခေတ်၌ ဂျပန်နိုင်ငံသည် ကိုလိုနီနယ်အားလုံးကို စွန့်လွှတ်ပြီးနောက် စီးပွားတိုးတက် ဖွံ့ဖြိုးနေခြင်းမှာ ကျွန်ုပ်တို့ မျက်မြင်အထင်အရှား ဖြစ်၏။

ဤသို့ဖြင့် လူသား၏ကိုယ့်ကြမ္မာကို ဖန်တီးနိုင်မှုကို လုံးဝထည့်မတွက် သောကြောင့် ဟောကိန်းလွဲမှားခဲ့သော သာဓကများရှိ၏။ လူ၏လွတ်လပ်မှုကို မယုံကြည်သောဆရာတို့ကမူ ထိုသာဓကများသည် လူ၏လွတ်လပ်မှု (ဝါ) မိမိကိုယ်မိမိ အစိုးရမှုကို ပြသည်မဟုတ်။ ဟောကိန်းလွဲမှားခြင်းမှာ တင်ကြို ဟောပြောသော ပုဂ္ဂိုလ်တို့၏ မသိမှုကြောင့် ဖြစ်သည်။ အကယ်၍ သူသည် အကြောင်းအရာအားလုံးကို အကြွင်းမဲ့သိရှိထားပါက အနာဂတ်ကို တိကျ မှန်ကန်စွာ ပြောပြနိုင်ခဲ့ကြပေရာသည်ဟု ဆိုကြပေလိမ့်မည်။

ဤသည်မှာ ကျွန်ုပ်တို့ အလွယ်တကူချေပ၍ မရအပ်သော စောဒနာချက် ဖြစ်၏။ စင်စစ် လူ၏ မိမိကိုယ်မိမိ အစိုးမရမှုကို အကြွင်းမဲ့ လက်ခံယုံကြည် သော သူတို့၏စကားမှာ အတိတ်ဘဝကံကို အကြွင်းမဲ့ ယုံကြည်သောသူတို့**နှင့်** အခြေခံသဘောခြားနားခြင်း မရှိချေ။ လူတိုင်း သေနေ့စေ့သောအခါ သေရသ**ည်၊** ယောက်ျားနှင့် မိန်းမသည် နဖူးစာဆုံ၍ ညားရသည်ဆိုရာ၌ ကျွန်ုပ်တို့**သည်** မည်သည့်နည်းနှင့်မျှ အမှားအမှန် ဆုံးဖြတ်၍မရအပ်။ အဘယ်ကြောင့်ဆိုသော် ထိုအဆိုများသည် မည်သူမျှမသိသော၊ နိုက်ချွတ်စိစစ်ရန် မဖြစ်နိုင်သော အတိတ် ကာလပေါ်၌ အခြေပြုသော အဆိုများဖြစ်၏။ ထို့နည်းအတူ လက်ရှိ အကြောင်း တရားများကို အကုန်အစင် သိရှိပါက ၎င်းတို့က စီမံဖန်တီးမည့် အနာဂတ်ကို တိတိပိုင်ပိုင် သိမြင်နိုင်သည် ဆိုခြင်းမှာလည်း ပုထုဇဉ်လူသားအဖို့ မဖြစ်နိုင်သော

သဗ္ဗညုတဉာဏ်ကို ကိုးကားပြောဆိုခြင်းဖြစ်၍ ထိုစကားကို နှိက်ချွတ်ဆန်းစစ်၍ မရစကောင်းချေ။

မည်သို့ဆိုစေ လူ၌ သဘာဝအားဖြင့် လွတ်လပ်မှုရှိမရှိ ပြဿနာကို ဝေဖန်သုံးသပ်ရာ၌ လွတ်လပ်မှုကိုပယ်သော ဆရာတို့မှာ ခိုင်လုံသောအကြောင်း ယုတ္တိပြရန် ပိုမိုတာဝန်ရှိ၏။ အကြောင်းမူ ထိုသူတို့မှာ လွတ်လပ်မှုကို အကြွင်းမဲ့ ပယ်သောသူများဖြစ်၍ လွတ်လပ်မှုကို ယုံကြည်သောသူတို့မှာ အကြွင်းမဲ့ ယုံကြည်သောသူများ မဟုတ်ချေ။ လွတ်လပ်မှုကို ယုံကြည်သော ပညာရှင်တို့သည် လူမှာ ကျပ်ပြည့်တင်းပြည့် လွတ်လပ်သည်ဟုမဆို။ လွတ်လပ်မှုမှာ နယ်နိမိတ်ဘောင်ရှိ၍ အချို့နေရာများ၌သာလျှင် လူသည် လွတ်လပ်သည်ဟု ခံယူကြ၏။ လွတ်လပ်မှုကို ပယ်သောသူတို့ကမူ လူသည် ဘယ်အခါမျှ မလွတ်လပ်ဘဲ အကြောင်းတရားများ၏ စိုးမိုးမှုကို အမြဲခံနေရသည်ဟု ဆိုကြပေရာ ထိုမျှ ထာဝရနိယာမ သဘောဆောင်သော အဆိုသည် လူ၏လွတ်လပ်မှု ထင်ဟပ်သော အချို့သော အစဉ်အလာ ယုံကြည်ချက်များကို ရှင်းပြရပေလိမ့်မည်။

ရှင်းပြရန် လိုအပ်သော ပထမအချက်မှာ လူတို့ ကိုယ်ကျင့်တရားနှင့် စပ်သော ခံယူချက်ဖြစ်၏။ ကျွန်ုပ်တို့သည် အကျင့်သီလအရာ၌ ဤအမှုကို ပြုသင့်သည်၊ ဤအမှုကို မပြုသင့်ဟု ယုံကြည်ကြ၏။ ဤအစဉ်အလာ ယုံကြည်ချက်သည် လူ၏လွတ်လပ်မှုပေါ်၌ အခြေပြုသော ယုံကြည်ချက်ဖြစ်၏။ အကယ်၍ လူသည် မလွတ်လပ်ဘဲ မိမိအလိုရှိရာကို ရွေးချယ်ပြုလုပ်နိုင်စွမ်း မရှိသော သတ္တဝါဖြစ်ပါက ပြုသင့်မပြုသင့်ဟူသော ကိစ္စပေါ်ရန် အကြောင်းမရှိချေ။ တစ်ဖန် ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်သတ္တဝါတိုင်းမှာ မိမိပြုသောအမှုအတွက် တာဝန်ရှိသည်ဟု ခံယူထားကြ၏။ သို့ရာတွင် အကယ်၍ လူသည် မိမိကိုယ်မိမိ လုံးဝ အစိုးမရသော သတ္တဝါဖြစ်ပါက "တာဝန်"ဟူသော စကားသည် အဘယ်မှာ အဓိပ္ပာယ်ရှိပါတော့မည်နည်း။ လူတစ်ဦးတစ်ယောက်အား သူပြုသောအမှုအတွက် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းသည်လည်း အကြောင်းမဲ့ အချည်းနှီးဖြစ်ပေလိမ့်မည်။ နိုင်ငံအစိုးရက ပြည်သူလူထု လိုက်နာပြုလုပ်ရန် ပြဋ္ဌာန်းထားသော တရားဥပဒေများသည် ရယ်စရာဖြစ်နေပေရာ၏။

"တရားဥပဒေ" "တာဝန်" "ချီးမွမ်းမှု" "ကဲ့ရဲ့မှု" စသည်တို့သည် လူ၏လွတ်လပ်မှုကို ဖော်ဆောင်လျက်ရှိကြ၏။ ဤလွတ်လပ်မှုသည် အထက်က ပြဆိုခဲ့သည့်အတိုင်း အကြောင်းတရား လုံးဝကင်းသော လွတ်လပ်မှုမဟုတ်။ လူတစ်ဦးသည် အမှုတစ်ခုအတွက် တာဝန်ရှိသည်ဆိုရာ၌ ကျွန်ုပ်တို့သည် တာဝန်

ရှိမှုကို ဖန်တီးပေးသော ထိုသူ၏ အသိပညာ၊ အကျင့်စာရိတ္တကို ထည့်သွင်းစဉ်းစားပြီးမှ ဆိုခြင်းဖြစ်၏။ တရားဥပဒေသည် တာဝန်ရှိမှုနှင့် အသိပညာ ဆက်စပ်နေခြင်းကို အသိအမှတ်ပြု၏။ ကလေးသူငယ်နှင့် စိတ်မနှံ့သောသူသည် မိမိတို့ပြုမိသော အမှုအတွက် တာဝန်မရှိ။ လူသတ်မှုများ၌ အမျက်ဒေါသနှင့် စိတ်လိုက်မာန်ပါ အပြစ်ကျူးလွန်မိသောသူသည် သွေးအေးအေးနှင့် တမင်တကာ ကြံစည်သတ်ဖြတ်သောသူလောက် အပြစ်မရှိချေ။ သို့ဖြင့် လူတို့သည် တာဝန်ရှိမှု(ဝါ) လွတ်လပ်မှု၌ တစ်ဦးနှင့်တစ်ဦး ခြားနား၏။ တစ်နည်းဆိုသော် လွတ်လပ်မှုသည် လူတိုင်း၌ မွေးကတည်းက အလိုလိုပါလာသော အရည်အချင်းမဟုတ်ဘဲ အနုသယဓာတ် အနေဖြင့်သာရှိ၍ ပြုပြင်ဖန်တီးပေးပါမှ ကြီးပွားဖွံ့ဖြိုးလာသော ဂုဏ်သတ္တိဖြစ်၏။

ဤသို့ ပြုသင့်သည်၊ ဤသို့မပြုသင့်သည်ဟု အကောင်းအဆိုး ခွဲခြားမှု၊ မကောင်းမှုကို ပြုရစေကာမူ စိတ်မသန့်ဘဲ ရှက်ကြောက်မှု၊ ကောင်းမှုကို မပြုနိုင်စေကာမူ နှစ်သက်မြတ်နိုးမှု၊ အသိအလိမ္မာ ပညာရှိသောသူသည် မိမိပြုသော အမှုအတွက် တာဝန်ရှိသည်ဟု ယုံကြည်မှု။ ဤသည်တို့မှာ သိပ္ပံနည်းဖြင့် လေ့လာ၍ မရအပ်သော လူ့သဘာဝခြင်းရာများ ဖြစ်၏။ သို့ဖြစ်၍ ယင်းတို့နှင့် ဆက်စပ်နေသော လူ၏လွတ်လပ်မှုကိုလည်း သိပ္ပံနည်းကျကျ စူးစမ်းလေ့လာ၍ မရအပ်ချေ။ သိပ္ပံနိယာမတရားများသည် ဇကန် မုချထာဝရ သဘောကိုဆောင်သော တရားများမဟုတ်ကြောင်း၊ သို့ဖြစ်၍ လူသည် မိမိကိုယ်မိမိ လုံးဝ အစိုးမရဟူ၍ သိပ္ပံပညာဖြင့် ပြရန်မဖြစ်နိုင်ကြောင်း အထက်က ပြဆိုခဲ့ပေပြီ။ ဒဿနိကဆရာ၏ အခြား အကြောင်းပြချက်များကို ဆက်လက်စဉ်းစားရန်ရှိ၏။

နာမည်ကျော် ပြင်သစ်ဒဿနိကဆရာ ဗတ်ဂဆင်၏ အလိုအားဖြင့် သိပ္ပံပညာသည် သင်္ခါရလောကကို ခွဲခြမ်းစိတ်ဖြာ၍ သင်္ခါရဓမ္မတစ်ခုစီ လေ့လာရကား ထိုအစိတ်အပိုင်းများကို ပြန်လည်ပေါင်းစပ်သောအခါ အကြောင်းအကျိုးဆက်စပ်မှုမှတစ်ပါး အခြားဆက်စပ်မှုမျိုးကို သိပ္ပံဆရာတို့ မစဉ်းစားမိကြချေ။ စိတ်ပညာသည် လူ့စိတ်ကို ဝေဒနာ၊ သညာ၊ ဝိညာဉ်စသည်ဖြင့် ခွဲခြား၍ လေ့လာခဲ့ပေရာ ယင်းတို့ကိုစုပေါင်း၍ ရရှိသောစိတ်သည် အကြောင်းခံ အကျိုးဆက်ဖြစ်ပျက်မှု သဘောကိုသာလျှင် ဆောင်နေပေရာ၏။ သို့ရာတွင် လူသား၏ ဝိသေသဂုဏ်သတ္တိသည် ဦးနှောက်၊ နှာဗ့်ကြော၊ စိတ်၊ စေတသိက်တို့ကို သီးခြားလေ့လာခြင်းဖြင့် မရရှိအပ်။ ၎င်းကို ထိုအင်္ဂါအစုအပေါင်း၌လည်း ရှာ၍မရအပ်ဘဲ လူ့ဘဝ တစ်ခုလုံးကိုခြုံကြည့်မှ ဝိသေသဂုဏ်ဖြစ်သော လွတ်လပ်မှုကို ကျွန်ုပ်တို့ သိမြင် ပေလိမ့်မည်။

လူ၏လွတ်လပ်မှုသည် လူတို့၏ ကိုယ်ကျင့်တရား၊ အတွေးအခေါ်ဒြသာ ထင်ရှားသည်မဟုတ်၊ အီဗော်လူးရှင်း နိယာမအရ တိရစ္ဆာန်ဘဝမှ လိမ္မာယဉ်ကျေးသောလူသားအဖြစ်သို့ အဆင့်ဆင့်ချီတက်ခဲ့သော လူ့သမိုင်း၌လည်း ထင်ရှား၏။ အချို့ဆရာတို့က လူ၏တိုးတက်မှုသည် ဦးတည်ချက်မရှိ။ လွတ်လပ်စွာ သိသိမှတ်မှတ် ကြံစည်အားထုတ်မှုကြောင့်လည်း မဟုတ်ဘဲ ကံစွပ်၍ ဖြစ်ပေါ်လာသည်။ ဥပမာအားဖြင့် မျောက်တစ်ကောင်သည် နှစ်ပေါင်း ကုဋေကုဋာကြာအောင် လက်နှိပ်စက်ကို မနားမနေ အရမ်းရိုက်နေပါက အဓိပ္ပာယ်ရှိသောစာများ ဖြစ်ပေါ်လာပေရာ၏။ ထို့အတူ သတ္တဝါမျိုးစု တစ်စုသည် နှစ်ပေါင်းအနမတဂ္ဂ မျိုးပွားခဲ့ရာမှ ကြက်ကန်းဆန်အိုးတိုးသည့်နှယ် လူအဖြစ်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်ဟု ဆိုကြ၏။ ဤစကားမှာ တိရစ္ဆာန်မှ လူအဖြစ်သို့ ကူးပြောင်းလာမှုအတွက် မှန်ကောင်း မှန်ပေလိမ့်မည်။ ကျောက်ခေတ်လူသားအဖြစ်မှ ယနေ့လူသားအဖြစ်သို့ ပြောင်းလဲခဲ့ခြင်းမှာမူ ကမ္ဘာသက်တမ်း၊ လူ့သမိုင်းသက်တမ်းနှင့်စာသော် အလွန်တိုတောင်းသော ကာလပရိစ္ဆေဒအတွင်း အံ့ဖွယ်လိလိ တိုးတက်ပြောင်းလဲလာခြင်းဖြစ်သောကြောင့် လူ၏ မိမိကံကြမ္မာ မိမိဖန်တီးနိုင်သောစွမ်းအင်ကို ကျွန်ုပ်တို့ မျက်ကွယ်ပြု၍ မရအပ်ချေ။

စင်စစ် လူသည် သဘာဝဓမ္မက မွေးထုတ်ခဲ့၍ သဘာဝဓမ္မကို အကြွင်းမဲ့ မတော်လှန်နိုင်သော်လည်း ၎င်း၏ အနှောင်အဖွဲ့မှ တစ်စိတ်တစ်ဒေသ လွတ်မြောက်ခဲ့ပြီဖြစ်၏။ သို့ဖြစ်၍ လူ၏ပရမတ္ထသဘာဝကို စူးစမ်းရာ၌ သဘာဝဓမ္မရှုထောင့်တစ်ခုတည်းမှနေ၍ မရှုမြင်အပ်ချေ။ သဘာဝဓမ္မနယ်ထဲမှနေ၍ လေ့လာသုံးသပ်ပါက ကျွန်ုပ်တို့သည် သိပ္ပံပညာခံယူချက်များ၊ တက္ကဗေဒ အတွေးအခေါ်များထဲ၌ပင် နစ်မြုပ်၍ လူ၏ဝိသေသဂုဏ်ကို မျက်ခြည်ပြတ်နေပေရာ၏။

အမှန်ဆိုသော် သိပ္ပံနည်း၊ တက္ကနည်းသည် လူ၏လွတ်လပ်မှု အဆိုကိုသာ ချေဖျက်သည်မဟုတ်၊ လူ၏မလွတ်လပ်မှု အဆိုကိုလည်း ချေဖျက်သောနည်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အကယ်၍ လူသည် မလွတ်လပ်၊ မိမိကိုယ်ကို အစိုးမရဘဲ ရုပ်ပိုင်းစိတ်ပိုင်း ဖြစ်ပျက်မှုအားလုံးသည် မိမိအစိုးမရသော အကြောင်းတရားများကြောင့် ဖြစ်ပျက်သည်မှန်ပါက ထိုယုံကြည်ချက်သည်လည်း အကြောင်းတရားတစ်ခုခုက စေ့ဆော်သောကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ပေရာ၏။ ဆိုလိုသည်မှာ ထိုယုံကြည်ချက် ဖြစ်ပေါ်ခြင်းသည် ပဟ်ဝန်းကျင် ဒိဋ္ဌဓမ္မပေါ်၌မတည်ဘဲ ရုပ်နာမ်ခန္ဓာအတွင်း၌ ဖြစ်ပျက်မှုတစ်ခုခုခဲ့ အရင်းမူလရှိပေရာ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် ယုံကြည်ချက်တစ်ခုကို အမှားအမှန် ဆုံးဖြတ်ရာ၌ ပြင်ပဒိဋ္ဌဓမ္မ

များနှင့် ချိန်ကိုက်ကြည့်ရ၏။ ဤလူ၏မလွတ်လပ်မှု ယုံကြည်ချက်ကို ဆန်းစစ်ရာ၌မူ ယင်းအဆိုအရ အတွင်းဖြစ်ပျက်မှုများကိုသာလျှင် ထည့်သွင်းစဉ်းစားရမည်ဖြစ်ရာ ထိုယုံကြည်ချက် မှန်ကန်ပါသည်ဟု အဘယ်မှာ ပြောနိုင်ပါမည်နည်း။ ထိုယုံကြည်ချက် (ဝါ) လူ၏ မလွတ်လပ်မှုအဆို မှန်ကန်ပါသည်ဟု ဆိုခြင်းသည် ဥပမာအားဖြင့် ကိုယ်တွင်း၌ သွေးလှည့်နေခြင်း မှန်ကန်ပါသည်။ သို့မဟုတ် ဦးနှောက်အာရုံကြောများ လှုပ်ရှားနေခြင်းသည် မှန်ကန်သည်ဆိုသော စကားမျိုးမျှသာ ဖြစ်နေပေရာ၏။

လူသည် မိမိကိုယ်မိမိ အစိုးရ,မရဟူသော ပြဿနာ၏ အဖြေမှန်မှာ ကမ္ဘာ့ဘာသာတရားကြီးများ၏ ခံယူချက်နှင့် လူကို၏ အစဉ်အလာယုံကြည်ချက်များ၌ ထင်ရှား၏။ ဘာသာတရားကြီးများသည် လောက၌ လူတို့ အစိုးမရသော တရားများရှိသည်ဟု ဟောပြောကြ၏။ လူသည် မိမိကံကြမ္မာကို မိမိ ဖန်တီးနိုင်သည်ဟုလည်း ဆိုကြ၏။ လူတို့သည် မိမိတို့ ဘဝအခြေအနေကို ပြုပြင်ဖန်တီးသော တရားများရှိသည်ဟု ယုံကြည်ကြ၏။ ပညာသင်ကြားမှု၊ လူကြီးမိဘသွန်သင်ဆုံးမမှု၊ တရားဥပဒေပြဋ္ဌာန်းမှု၊ ပေါင်းသင်းဆက်ဆံမှု စသည်တို့သည် လူ၏အပြုအမူကို စေ့ဆော်သော အကြောင်းတရားများဖြစ်သည်ဟု ခံယူထားကြ၏။ သို့ရာတွင် လူသည် အချို့နေရာများ၌ မိမိကိုယ်မိမိ အစိုးရ၍ မိမိကြိုက်ရာလမ်းစဉ်ကို ရွေးချယ်နိုင်သည်ဟုလည်း စွဲမှတ်ထားကြ၏။

ဤခံယူချက်များမှာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်သည်ဟု မဆိုသာချေ။ လူသည် သဘာဝအားဖြင့် အနှောင်အဖွဲ့နှင့် သတ္တဝါဖြစ်၏။ မိမိအစိုးမရသော အကြောင်းတရားများကြောင့် လူကိုပြုရသော အမှုများရှိ၏။ သို့ရာတွင် လူသည် တစ်စိတ်တစ်ဒေသ လွတ်လပ်သော သတ္တဝါလည်းဖြစ်၏။ လူအာ စိုးမိုးနေသော အကြောင်းတရားများသည် လူတို့ထင်သည်ထက် ပို၍ ထုထည်အင်အား ကြီးမားသော် ကြီးမားပေရာ၏။ လွတ်လပ်မှုသည်လည်း လူတစ်စုနှင့်တစ်စု၊ တစ်ဦးနှင့်တစ်ဦး အတိုင်းအတာများစွာ ခြားနားပေရာ၏။ အတော်အတန် လွတ်လပ်သော ပုဂ္ဂိုလ်သတ္တဝါများမှာ လွန်စွာနည်းပါး၍ လုံးဝမလွတ်လပ်ဘဲ ဗီဇပဟ်ဝန်းကျင် စသော အကြောင်းတရားများ၏ စိုးမိုးမှုခံနေရရှာသောသူများမှာ ကမ္ဘာ့လူများစု ဖြစ်ပေရာ၏။ မည်သို့ဖြစ်စေ လူသည် အသိအလိမ္မာ၊ ဉာဏ်ပညာ၊ အမြော်အမြင် ရှိသည်နှင့်အမျှ လွတ်လပ်ရန် သဘာဝအလားအလာရှိသော သတ္တဝါဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်မိပေသတည်း။

# ၁၄

လူတို့သည် အနိစ္စတရားကို အပေါ်ယံဝိုးတဝါးမျှသာ နားလည်၍ အရာဝတ္ထုတစ်ခု၏ ပြောင်းလဲမှုမှာ ယင်း၏ အနှံ့အတာ အပရိက ဂုဏ်အင်္ဂါများနှင့်သာဆိုင်သလို၊ တစ်နည်းအားဖြင့် ၎င်း၏ပရမတ်အနှစ်မှာ မပြောင်းလဲဘဲ တည်မြဲနေသလို ပြောဆိုလေ့ ရှိကြ၏။ သို့ရာတွင် အရာဝတ္ထုအသီးသီးသည် တစ်စိတ်တစ်ဒေသသာလျှင် ပြောင်းလဲသည် မဟုတ်ဘဲ အစိတ်အပိုင်းအားလုံး ပြောင်းလဲလျက်ရှိရာ အနိစ္စတရားနှင့် တဒင်္ဂမျှကင်းသော မော်လီကျူး(ဝါ) အီလက်ထရွန်ကို ရှာ၍မရအပ်ချေ။

# ပကတိအရှိတရား

ရှေးအခါကစ၍ ယနေ့အထိ ကမ္ဘာ့ဒဿနိကဆရာတို့ အထူးစိတ်ဝင်စားခဲ့သော ပြဿနာတစ်ရပ်မှာ လူတို့ နေ့စဉ်တွေ့မြင်နေရသော ပြင်ပလောက၏ ပရမတ္ထသဘာဝပြဿနာ ဖြစ်၏။ ဤနေရာ၌ ပြင်ပလောကဟူသည် နား၊ မျက်စိ စသော အာရုံခံအင်္ဂါများဖြင့် တွေ့ထိ သိရှိရသော သစ်ပင်၊ စားပွဲ အစရှိသည့် အရာဝတ္ထုများ၊ သို့မဟုတ် အဆင်းသဏ္ဌာန်၊ အသံ၊ အနံ့၊ အရသာ အစရှိသည့် အာရုံများကို ဆိုလိုခြင်းဖြစ်၏။ ထိုဝတ္ထုအာရုံများသည် ပြင်ပလောက အစစ်အမှန် ဖြစ်ပါ၏လော။ တစ်နည်းဆိုသော် ပြင်ပလောကသည် ကျွန်ုပ်တို့ ခံယူရရှိသော အာရုံများအတိုင်း မှချရှိပါသလော။ သို့တည်းမဟုတ် ၎င်းသည် ကျွန်ုပ်တို့ တွေ့ထိမှုနှင့် တခြားစီဖြစ်၍ နား၊ မျက်စိ စသည်တို့ဖြင့် တွေ့ထိ၊ သိရှိရသမျှသည် ပြင်ပလောက၏ အရိပ်နိမိတ်သဏ္ဌာန်မျှသာ ဖြစ်လေသလော။

ဤသည်မှာ ရိုးရိုးလူများ စိတ်ဝင်စားမည့် ပြဿနာမဟုတ်ချေ။ ဒဿနိကဆရာတို့ အတွေးခေါင်ပြီး ပေါက်ပေါက်ရှာရှာမေးသော မေးခွန်းဖြစ်သည်ဟု ဆိုကြပေလိမ့်မည်။ ဒဿနိကဗေဒသမိုင်း၌မူ ဤပြဿနာသည် ရှေးဂရိပညာရှင်ကြီးပလေတိုက စ၍ အလေးအနက် ဆင်ခြင်သုံးသပ်ခဲ့ကြသော ပြဿနာဖြစ်၏။ ထိုသို့ ဆင်ခြင်သုံးသပ်ရာမှ ဒဿနိကဆရာတို့ ရရှိခဲ့သော ခံယူချက်မှာ ရိုးရိုးလူတို့၏ ခံယူချက်နှင့် မတူချေ။ ဤနေရာ၌ ရိုးရိုးလူတို့၏ ခံယူချက်ကို ရှေးဦးစွာ ဖော်ပြရန်လို၏။

ရိုးရိုးလူတို့၏ အမြင်အားဖြင့်ကား သစ်ပင်၊ စားပွဲ စသော ရုပ်ဝတ္ထုများသည် မုချအထင်အရှားရှိ၍ ယင်းတို့သည် ကျွန်ုပ်တို့၏ နား၊ မျက်စိ စသည်တို့ဖြင့် သိမြင်သည့်အတိုင်း ဖြစ်၏။ ယင်းတို့အသီးသီး၌ အမာခံဒြပ်သားရှိ၍ ထိုဒြပ်သားသည် အဖြူ၊အနီစသော အရောင်အဆင်း အကြီးအငယ်၊ အတိုအရှည်စသော အရွယ်ပမာဏ ချိုခြင်း၊ ငန်ခြင်းစသော အရသာ၊ ပူခြင်း၊ အေးခြင်း၊ မာခြင်း၊ ပျော့ခြင်းစသော ထိတွေ့မှ သိရသောသဘော အစရှိသည့် ဂုဏ်သတ္တိများဖြင့် ပြီး၏။ ဒြပ်သားကို သိပ္ပံနည်းဖြင့် ဓာတ်ခွဲကြည့်ပါမူ အောက်ဆီဂျင်၊ နိုက်ထရိုဂျင် စသော ဓာတ်များကိုသော်လည်းကောင်း၊ ထိုမှတစ်ဆင့်တက်၍ ခွဲစိတ်ကြည့်ပါက အက်တမ်၊ အီလက်ထရွန်စသော အခြေခံမူလဓာတ်များကို တွေ့ရမည်ဖြစ်၏။ အချုပ်ဆိုသော် ကျွန်ုပ်တို့သည် ပြင်ပလောကကို ပဉ္စာရုံဖြင့် သိရသည်မှန်သော်လည်း ပြင်ပလောကသည် ကျွန်ုပ်တို့၏ နား၊မျက်စိ စသည်တို့အပေါ်၌ မတည်ဘဲ ဂုဏ်သတ္တိများ၊ မူလဓာတ်များကိုဆောင်၍ တသီးတခြား ဇကန်ယင်ရှားရှိ၏။

များစွာသော ဒဿနိကဆရာတို့သည်ကား လူတို့၏ ဤအစဉ်အလာယုံကြည်ချက်ကို လက်မခံလိုကြချေ။ သူတို့သည် ပြင်ပလောကမှာ အာရုံဒွါရနှင့်ကင်း၍ သီးခြားပကတိ တည်ရှိသည်ဟူသောအချက်ကို ငြင်းဆို၍ ၎င်းသည်စိတ်သန္တာန်၌ ထင်ဟပ်ချက်မျှသာဖြစ်သည်ဟု ယုံကြည်ကြ၏။ သို့တည်းမဟုတ် ပြင်ပလောကသည် မုချသီးခြားရှိသည် မှန်စေ၊ နား မျက်စိစသည်ဖြင့် ကျွန်ုပ်တို့သိရသော ပဉ္စာရုံသည် ထိုပြင်ပလောက အစစ်မဟုတ်ဘဲ ၎င်းတို့၏အရိပ်နိမိတ်သဏ္ဌာန်မျှသာ ဖြစ်သည်ဟု ဆိုကြ၏။ ထိုအဆိုကို သေချာစေ့ငုစွာ လေ့လာသုံးသပ်ရန်လို၏။

ကျွန်ုပ်တို့သည် နား၊ မျက်စိစသော အာရုံခံအင်္ဂါများဖြင့် ပြင်ပလောကအကြောင်းကို အတော်အတန် စုံစုံလင်လင် သိရှိရသည်ဟု ထင်မြင်ကြ၏။ သို့ရာတွင် စေ့စေ့ငုငု ဆင်ခြင်သုံးသပ်ပါက အာရုံဒွါရများသည် ကျွန်ုပ်တို့အား ပြင်ပလောကနှင့် ယထာဘူတကျကျ မုချဆတ်ဆတ် ဆက်သွယ်ပေးသည်မဟုတ်၊ တစ်နည်းဆိုသော် အာရုံငါးပါးသည် ပြင်ပလောက၏ ပကတိအရှိတရားကို မဖော်ဆောင်ဘဲ ကိုယ်တွင်းသန္တာန်ရှိ စိတ်အစဉ်မျှသာဖြစ်သည်ကို တွေ့ရပေမည်။

ပုံစံအားဖြင့် အကယ်၍ ကျွန်ုပ်သည် လျှာကိုသွားဖြင့် ကိုက်ထားပါက ကျွန်ုပ်တွေ့ထိသောအရာမှာ သွားမဟုတ်ဘဲ သွားနှင့်လျှာ တွေ့ထိရာမှ ဖြစ်ပေါ်လာသော ကာယပသာဒ် ဖြစ်၏။ စားပွဲကို လက်ချောင်းများဖြင့် ဖိထားပါက တကာယထိတွေ့သောအရာမှာ စားပွဲမဟုတ်ဘဲ လက်ချောင်းများ၌ ဖြစ်ပေါ်လာ

သော စားပွဲမျက်နှာပြင်၏ ချောမွတ်မှု၊ မာကျောမှုကို ခံစားရသော ဖဿဝေဒနာ တစ်မျိုးဖြစ်၏။ ရေသည် ပူသည်၊ သို့မဟုတ် အေးသည်ဟု ဆိုကြ၏။ အမှန်မှာ နေပူထဲမှလာသော သူအဖို့ ရေသည်အေး၍ အလွန်အေးမြသော နေရာမှလာသော သူအဖို့ ပူနွေးရကား အေးခြင်း၊ ပူခြင်းသည် ရေ၏ဂုဏ်သတ္တိမဟုတ်ဘဲ လူ၏ ခံစားမှုဖြစ်သည်ဟု ဆိုရပေမည်။

အရွယ်ပမာဏသည်လည်း အရာဝတ္ထုတို့၏ ဂုဏ်မဟုတ်ဘဲ နှိုင်းယှဉ်ရန် လူတို့သုံးစွဲသော အရာဖြစ်၏။ ခွေးကို ပုရွက်ဆိတ်နှင့်နှိုင်းသော် ကြီးသည်ဆို၍ ဆင်နှင့်နှိုင်းသော် ငယ်သည်ဟု ဆိုရ၏။ အရာဝတ္ထုတစ်ခု၏ အနိမ့်၊ အမြင့်သည် ကြည့်သောသူ၏ ရှုထောင့်ကိုလိုက်၍ ပြောင်းလဲ၏။ ရန်ကုန်မြို့ရှိ လွတ်လပ်ရေး ကျောက်တိုင်သည် မိုင်ဝက်ဝေးသောနေရာမှကြည့်လျှင် တစ်မျိုး၊ ကိုက်တစ်ရာ ဝေးသော နေရာမှကြည့်သော် တစ်မျိုးမြင်သည် ထင်ရ၏။ မည်သည့်အမြင့်သည် ကျောက်တိုင်၏အမြင့် အစစ်အမှန်ဖြစ်သည်ဟု ဆိုရပါမည်နည်း။ အမြင့်အစစ် အမှန်မှာ ရှုထောင့်တစ်နေရာရာမှ ကြည့်၍ အထင်ဖြင့် ဆုံးဖြတ်၍ မရအပ်။ ကျောက်တိုင်ကို ပေကြိုးဖြင့် အသေအချာတိုင်းတာမှသာလျှင် အမြင့်ကို အမှန် အတိုင်း သိရှိနိုင်သည် ဆိုငြားအံ့။ ထိုနည်းဖြင့် သိရှိအပ်သော အချက်သည် လူတို့၏လက်တွေ့လုပ်ငန်း ကိစ္စများအတွက် အသုံးဝင်သည် မှန်၏။ ဒဿနိက တွေးခေါ်ရှင်အဖို့မူကား စောဒကတက်ဖွယ်ရာ အချက်များ ရှိ၏။

ပထမအချက်မှာ ပေကြိုးဖြင့် တိုင်းသောသူ၏ ရှုထောင့်သည်သာမှန်၍ အခြားသူများ၏ ရှုထောင့်များမှားသည်ဟု အဘယ်ကြောင့် ဆိုနိုင်ပါသနည်း။ ထိုသို့ တိုင်းကြည့်ရာ၌ ပေ ၁၅၀မြင့်ကြောင်း တွေ့ရှိရသည်ဆိုပါစို့။ ပေ ၁၅၀ ဟူသည် ဘာကိုဆိုလိုပါသနည်း။ ၎င်းသည် ကျောက်တိုင်၏အမြင့်ဖြစ်သည်။ သို့မဟုတ် ကျောက်တိုင်နှင့် အရှည်ပမာဏတူသော အရာဝတ္ထုတို့၏ အရှည်ဖြစ် သည်ဟု ဖြေရချိမ့်မည်။ ဤသည်မှာ ကျောက်တိုင်၏ အမြင့်အမှန်ကို စူးစမ်းရာ၌ အမြင့်မှာ ပေ ၁၅၀ ဖြစ်သည်။ ပေ ၁၅၀ မှာ အမြင့်ဖြစ်သည်။ ဥပမာအားဖြင့် ဆင်ဟူသည် အဘယ်နည်း။ ဆင်သည် အကြီးဆုံး ကုန်းသတ္တဝါဖြစ်သည်။ အကြီးဆုံး ကုန်းသတ္တဝါမှာ ဆင်ဖြစ်သည်ဟူသော လုံးလည်လိုက် ရှင်းပြခြင်းမျိုး ဖြစ်၍ ကျေနပ်ဖွယ်ရာ မဟုတ်ချေ။ ထို့အပြင် အတိုအရှည်၊ အကြီးအငယ် စသည်တို့မှာ ဝတ္ထုတို့၏ ဂုဏ်မဟုတ်ဘဲ မြင်သောသူတို့၏ သမုတိဝေါဟာရ မျှသာဖြစ်ကြောင်း ပြဆိုခဲ့ပြီဖြစ်ရာ ပေကြိုး၏အရှည်သည် အစစ်အမှန်ဖြစ်သည်။ ယင်းဖြင့်တိုင်းလျှင် ကျောက်တိုင်၏ အမြင့်အမှန်ကို သိရလိမ့်မည်ဟု အဘယ် ကြောင့် ဆိုနိုင်ပါမည်နည်း။

ပုံသဏ္ဍာန်နှင့် အရောင်အဆင်း စသည်တို့သည်လည်း ထိုနည်းအတူ အမှန်ပကတိအတိုင်း ကျွန်ုပ်တို့ သိမြင်ရန် ခဲယဉ်း၏။ ကျွန်ုပ် ယခုစာရေးနေသော စားပွဲ၏မျက်နှာပြင်သည် ကြည့်သောပုဂ္ဂိုလ်၏ ရှုထောင့်ကိုလိုက်၍ ပုံသဏ္ဍာန် ပြောင်းလဲ၏။ စားပွဲအပေါ်တည့်တည့်မှ ကြည့်၍မြင်ရသော ထောင့်မှန်စတုဂံပုံသည်သာလျှင် မျက်နှာပြင်ပုံ အစစ်အမှန်ဖြစ်သည်ဟု ဆိုငြားအံ့။ ထိုရှုထောင့်သည်သာ မှန်ကန်သော ရှုထောင့်ဖြစ်သည်။ ထိုရှုထောင့်မှ မြင်ရသောပုံသာ ပုံမှန်ဖြစ်သည်ဟု အဘယ်ကြောင့် ဆိုရပါသနည်းဟု မေးဖွယ်ရှိ၏။ စားပွဲ၏ အရောင်သည်လည်း ကြည့်သောသူ၏ ရှုထောင့်ကိုလိုက်၍ ကွဲပြားခြားနားပေရာ မည်သည့်အရောင်သည် စားပွဲ၏ အရောင်အစစ်ဖြစ်သည်ဟု ဆိုရပါမည်နည်း။ **စင်စစ်** နေရာတစ်နေရာတည်းမှ ကြည့်သည်ဆိုစေ၊ စားပွဲ၏အရောင်သည် **ကျ**ရောက်သော အလင်းရောင်နှင့် ကြည့်သောပုဂ္ဂိုလ်ကိုလိုက်၍ အမျိုးမျိုး ပြောင်းလဲပေလိမ့်မည်။ ဓာတ်မီးရောင်အောက်၌မြင်ရသော စားပွဲသည် ရေနံဆီမီးခွက်ရောင်ဖြင့် မြင်ရသော စားပွဲနှင့် အရောင်တူမည်မဟုတ်။ မှောင်ထဲ၌ စားပွဲသည် အရောင်ကင်းမဲ့နေပေရာ၏။ မျက်မှန်အနက်တပ်ထားသောသူအဖို့ စားပွဲအရောင်မှာ တစ်မျိုးဖြစ်နေပေရာ၏။ အချုပ်ဆိုသော် စားပွဲနှင့်ဆက်စပ်နေသောအရောင်သည် စားပွဲ၏ ကိုယ်ပိုင်ဂုဏ်အင်္ဂါမဟုတ်ဘဲ စားပွဲ၊ ကြည့်သောသူနှင့် အလင်းရောင် ကျရောက်မှုတည်းဟူသော အကြောင်းတရားသုံးခုအပေါ်၌ တည်သည်ဟု ဆိုရပေမည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် ပြင်ပလောကကို ပကတိအရှိအတိုင်း သိမြင်ရန် **မဖြစ်**နိုင်ချေ။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် အခြေခံအားဖြင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပါက ပုံစံအားဖြင့် ကိုယ်၏အပူချိန်သည် ၉၈ဒသမ၆ဒီဂရီမဟုတ်ဘဲ ၁၅၀ ဒီဂရီဖြစ်သွားပါက သို့တည်းမဟုတ် လူသား၏ မျက်စိအင်္ဂါ၊ မျက်စိအကြည်ဓာတ် စသည်တို့သည် သဘာဝအားဖြင့် တစ်မျိုးတစ်ဖုံ ဖွဲ့စည်းတည်ဆောက်ထားပါက အာရုံငါးပါးသည် ယခုလူတို့ ခံယူရရှိသည့်အတိုင်း မဟုတ်ဘဲ လုံးဝခြားနားသွားပေလိမ့်မည်။ လူနှင့် လုံးဝ ရုပ်ဓာတ်ချင်းမတူသော အခြားဘုံသား သတ္တဝါတစ်ဦး ပုံစံအားဖြင့် အင်္ဂါဂြိုဟ်သား တစ်ဦးအဖို့သော်လည်းကောင်း၊ ဆင်၊ မြင်း၊ ကြောင်စသော တိရစ္ဆာန်များအဖို့သော်လည်းကောင်း ပြင်ပလောကသည် လူတို့၏ ပြင်ပလောကနှင့် တူမည်မဟုတ်ချေ။ ထိုသတ္တဝါတို့၏ ပြင်ပလောကသည် အစစ်မဟုတ်။ လူတို့၏ ပြင်ပလောကသည်သာ အစစ်အမှန်ဖြစ်သည်။ အဘယ်ကြောင့် ကျွန်ုပ်တို့ ဆိုနိုင်ပါမည်နည်း။

အဆင်း၊ အနံ့၊ အသံ၊ ပုံသဏ္ဌာန် စသည်တို့သည် ပကတိအရှိမဟုတ်သော အရိပ်နိမိတ်၏ လက္ခဏာများသာလျှင်ဖြစ်ပါက ပြင်ပလောကသည် မည်သို့ ရှိလေသနည်းဟု စဉ်းစားရန်လို၏။ အာရုံငါးပါးသည် အရိပ်အယောင်မျှသာ ဖြစ်သည် မှန်ပါက ပြင်ပလောက၏ ပကတိအရှိသဘောကို ထောက်ပြရန် မလွယ်ကူချေ။ လူတို့၏ အမြင်အားဖြင့်မူ ပြင်ပလောကသည် နား၊ မျက်စိ စသည်တို့ဖြင့် မုချထိတွေ့၍ရအပ်သော ရုပ်ဝတ္ထုများဖြင့် ထင်ရှားရှိ၏။ ကျွန်ုပ်တို့ ခံယူရရှိသော ပဉ္စာရုံသည် ရုပ်ဝတ္ထုတို့၏ ဂုဏ်အင်္ဂါများဖြစ်၍ ယင်းတို့သည် အရိပ်နိမိတ်မျှသာဖြစ်သည်ဆိုစေ ယင်းတို့ကိုပိုင်သော ပရမတ်အနှစ်ဒြပ်သား ရှိသည်ဟု ယုံကြည်ကြ၏။ ပဉ္စာရုံသည် ရုပ်ဝတ္ထုတို့၏ ကိုယ်ပိုင်မဟုတ်ဘဲ ရုပ်တရားနှင့် မနောဝိညာဉ်ပေါင်းဆုံရာမှ ဖြစ်ပေါ်လာကြောင်း ပြဆိုခဲ့ပေပြီ။ ၎င်းသည် ရုပ်ဝတ္ထု ကို တစ်စိတ်တစ်ဒေသစွဲမှီ၍ ဖြစ်သည်မှန်စေ ၎င်းနှင့်ကင်း၍ ရုပ်ဝတ္ထုသည် ရှိနိုင်ပါမည်လောဟု စဉ်းစားရန်ရှိ၏။ အဆင်း၊ အနံ့၊ ပုံသဏ္ဌာန် စသော ဂုဏ်အင်္ဂါများနှင့်ကင်း၍ ရုပ်ဝတ္ထု၏ ပရမတ်အနှစ်ကို ရှာ၍မရအပ်ချေ။

ပုံစံအားဖြင့် ဆင်အကြောင်းကို ပြဆိုရာ၌ ဆင်သည် အကြီးဆုံး ကုန်းသတ္တဝါဖြစ်ခြင်း၊ အစွယ်နှစ်ချောင်း နှာမောင်းတစ်ခုရှိခြင်း၊ မဲ့ပြာသောအရောင်ရှိခြင်း၊ မြက်သစ်ရွက်ကိုစားခြင်း၊ သစ်ဆွဲရာ၌ အသုံးပြုရခြင်းစသော ဂုဏ်အင်္ဂါများကို ဖော်ပြရပေမည်။ ထိုဂုဏ်အင်္ဂါများအားလုံးကို ဖယ်ထုတ်လိုက်ပါက ဆင်ဟူ၍ လက်ညှိုးထိုးပြစရာ ဘာမျှရှိတော့မည် မဟုတ်ချေ။ ထိုဂုဏ်အင်္ဂါများနှင့်ကင်းသော အရာဝတ္ထုသည် ရှိကောင်းရှိမည်ဖြစ်သော်လည်း ယင်းအကြောင်းကို ကျွန်ုပ်တို့ မည်သို့ပြောရပါမည်နည်း။ ကျွန်ုပ်တို့ ဘာမျှပြောနိုင်မည်မဟုတ်။ စင်စစ် ဂုဏ်အင်္ဂါ တစ်စုံတစ်ရာမရှိသော အရာဝတ္ထုကို ကျွန်ုပ်တို့ စိတ်ကူးကြည့်၍ပင် မရအပ်ချေ။

တစ်နည်းဆိုသော် လောကရှိ သက်ရှိသက်မဲ့ ရုပ်ဝတ္ထုဟူသမျှ၌ ပရမတ်အနှစ်ကို ရှာကြံခြင်းသည် အချည်းအနှီးဖြစ်၏။ ပရမတ်အနှစ်ကို ရှာကြံ၍ မရအပ်သော အခြားအကြောင်းတစ်ခုရှိသေးရာ ၎င်းမှာ အနိစ္စနိယာမတရားဖြစ်၏။ ပရမတ်အနှစ်တရားသည် ထာဝရအားဖြင့်၊ သို့မဟုတ် ကာလအပိုင်းအခြားအားဖြင့် မြဲသောသဘော ရှိရပေမည်။ သို့ရာတွင် လောက၌ အနိစ္စတရားသည် အမြဲအုပ်စိုး၍ သက်ရှိသက်မဲ့ အားလုံးတို့သည် ဘယ်အခါမျှ မမြဲဘဲ ခဏမစဲ တဖွဲဖွဲ ဖြစ်ပေါ်ချုပ်ပျောက်နေကြ၏။ ဤဖောင်တိန်သည် လွန်ခဲ့သော ဆယ်နှစ်ခန့်က ကျွန်ုပ်ဝယ်သော ဖောင်တိန်ဖြစ်သည်။ ဤအိမ်သည် ၁၉၃၀

ပြည့်နှစ်က ဆောက်လုပ်သော အိမ်ဖြစ်သည်။ ဦးဖြူသည် တစ်ခါက ကျွန်ုပ်အား ကူညီစောင်မဖူးသည်ဆိုသော စကားများသည် သံမုတိသစ္စာနယ်၌သာလျှင် မှန်ကန်သော စကားများဖြစ်၍ ပရမတ္ထနယ်၌ကား မမှန်ကန်ချေ။ စင်စစ် ယနေ့ဖောင်တိန်သည် မနေ့ကဖောင်တိန်နှင့် မတူ။ မနှစ်ကအိမ်သည် ယခုနှစ်အိမ်နှင့် တခြားစီဖြစ်၏။ တစ်ခါက ဦးဖြူသည် ယခုဦးဖြူ မဖြစ်နိုင်တော့ချေ။

လူတို့သည် အနိစ္စတရားကို အပေါ်ယံဝိုးတဝါးမျှသာ နားလည်၍ အရာဝတ္ထုတစ်ခု၏ပြောင်းလဲမှုမှာ ယင်း၏အနွံအတာ အပရိက ဂုဏ်အင်္ဂါများနှင့်သာဆိုင်သလို၊ တစ်နည်းအားဖြင့် ၎င်း၏ပရမတ်အနှစ်မှာ မပြောင်းလဲဘဲ တည်မြဲနေသလို ပြောဆိုလေ့ရှိကြ၏။ သို့ရာတွင် 'အရာဝတ္ထုအသီးသီးသည် တစ်စိတ်တစ်စိတ်တစ်ဒေသသာလျှင် ပြောင်းလဲသည်မဟုတ်ဘဲ အစိတ်အပိုင်းအားလုံး ပြောင်းလဲလျက်ရှိပေရာ အနိစ္စတရားနှင့် တဒင်္ဂမျှကင်းသော မော်လီကျူး(ဝါ) အီလက်ထရွန်ကို ရှာ၍မရအပ်ချေ။ သို့ဖြစ်၍ ဟိရာကလိတပ်ဆိုသော ဂရိပညာရှင်က ကျွန်ုပ်တို့သည် မြစ်တစ်ခုထဲသို့ နှစ်ကြိမ်မသက်ဆင်းနိုင်ပါဟု ဆို၏။ ဆိုလိုသည်မှာ အရာခပ်သိမ်းတို့သည် အမြဲတစေပြောင်းလဲနေ၍ မြစ်တစ်ခုထဲသို့ ဆင်း၍ ပြန်တက်လာသောအခါ ထိုမူလမြစ်သည် မရှိတော့ဘဲ ၎င်းနေရာ၌ အခြားမြစ်တစ်ခု ဖြစ်ပေါ်လာမည်ဖြစ်၏။ အရာဝတ္ထုတို့သည် အပေါ်ယံမဟုတ်ဘဲ အခြေအမြစ်ကစ၍ မရပ်မစဲ အမြဲပြောင်းလဲနေရကား ယင်းတို့၏ အမာခံအနှစ် ပရမတ်ဟူ၍ မရှိနိုင်ချေ။ သစ်ပင်၊ စားပွဲ၊ ယောက်ျား၊ မိန်းမ စသည်တို့မှာ စင်စစ်လူတို့၏ ဝေါဟာရပညတ်မျှသာဖြစ်၍ ပရမတ္ထနယ်၌မရှိ။ ကေန်ထင်ရှားရှိသော ပရမတ္ထတရားမှာ အနိစ္စတရား တစ်ခုတည်းသာ ဖြစ်လေသည်။

အနိစ္စတရားကိုမမြင်ဘဲ ပြင်ပလောက၌ မြဲသောအနှစ်ပရမတ် အမာခံဓာတ်ကို လူတို့ရှာကြံကြခြင်း၏ အကြောင်းတစ်ရပ်မှာ အရာဝတ္ထုတို့ကို တစ်လုံးတစ်ခဲတည်းမမြင်ဘဲ တသီးတခြားစီ ရှုမြင်လေ့ရှိသောကြောင့် ဖြစ်၏။ ရေ၊ နေ၊ မီး၊ သစ်ပင်၊ ခဲတံ၊ ဆင် အစရှိသော ပြင်ပလောကရှိ သက်ရှိ၊ သက်မဲ့ ရုပ်ဝတ္ထုဟူသမျှသည် ကျွန်ုပ်တို့အမြင်အားဖြင့် တစ်သီးပုဂ္ဂလ ရုပ်ဝတ္ထုများဖြစ်၏။ ယင်းတို့သည် တစ်ခါတစ်ရံ အညမည သဘောအားဖြင့်သော်လည်းကောင်း၊ အကြောင်းအကျိုးအားဖြင့်သော်လည်းကောင်း နှီးနွယ်မှုရှိသည်ကား မှန်၏။ ပုံစံအားဖြင့် နေ အလွန်ပူပြင်းသောအခါ ရေသည် အခိုးအငွေ့အဖြစ်သို့ ပြောင်းလဲ၏။ ခဲတံကို သစ်သားဖြင့် ပြုလုပ်ရ၏။ သို့ရာတွင် နေနှင့် ရေသည်လည်းကောင်း၊ ခဲတံနှင့် သစ်ပင်သည်လည်းကောင်း ရုပ်တရားအားဖြင့်၊ သို့မဟုတ်

ဂုဏ်လက္ခဏာအားဖြင့် မည်သို့မျှ ရောနှောပေါင်းစပ်၍ မရအပ်သော တစ်သီးပုဂ္ဂလ ရုပ်ဝတ္ထုများဖြစ်သည်ဟု ကျွန်ုပ်တို့ ခံယူထားကြ၏။

ဤလူတို့ ခံယူချက်ကို များစွာသော ဒဿနိကဆရာတို့က ငြင်းဆိုကြ၏။ အရာဝတ္ထုများ တကွဲတပြား၊ တသီးတခြားစီ ရှိသည်ထင်ခြင်းမှာ အမြင်မှားသော ကြောင့်ဖြစ်သည်။ ပြင်ပလောကကို ကျွန်ုပ်တို့ ယထာဘူတကျကျ လေ့လာသုံးသပ်ပါက တစ်ခုနှင့်တစ်ခု အဆက်အစပ်မရှိဘဲ သီးခြားဖြစ်နေဟန်ရှိသော အရာဝတ္ထုတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော ဝတ္ထုများအနေဖြင့် တစ်လုံးတစ်ပေါင်းတည်း မြင်ရလိမ့်မည်ဟု ဆိုကြ၏။ ကျွန်ုပ်တို့ မြင်တွေ့ရသမျှသော အရာဝတ္ထုတို့သည် ဆက်သွယ်မှုများဖြင့် ပြီးသည်။ ဆက်သွယ်မှုများမှခွဲထုတ်၍ သီးခြားလေ့လာပါက ယင်းတို့၏ ဝိသေသဂုဏ်လက္ခဏာများကို ရှာဖွေတွေ့ရှိမည်မဟုတ်ဟု သူတို့ယူဆကြ၏။

ပုံစံအားဖြင့် ဘဲဥအကြောင်းကို ဆင်ခြင်သုံးသပ်ကြည့်ရာ၏။ ဘဲဥသည် လိပ်ဥထက်ကြီး၏။ ကျောက်ခဲကဲ့သို့ မာကျောခြင်းမရှိ။ ကြက်ဥထက် ဈေးသက်သာ၏။ ဤသို့ ဘဲဥအကြောင်းကို ပြဆိုရာ၌ ဘဲဥကို လိပ်ဥ၊ ကျောက်ခဲ၊ ကြက်ဥများနှင့် နှိုင်းယှဉ်၍ပြဆိုသော်လည်း ၎င်းတို့အသီးသီးသည် တသီးတခြားစီဖြစ်၏။ ကမ္ဘာပေါ်မှ လိပ်ဥ၊ ကျောက်ခဲနှင့်ကြက်ဥများ လုံးဝ ပျောက်ကွယ်သွားသော်လည်း ဘဲဥသည် သဘာဝပြောင်းလဲသွားမည် မဟုတ်။ ဘဲဥနှင့် ယင်းတို့၏ ဆက်သွယ်မှုသည် ဗဟိဒ္ဓတရားဖြစ်၍ ဘဲဥ၏ဂုဏ်သတ္တိများ၌ အကျုံးမဝင်ချေ။ ဤသည်မှာ လူတို့၏ ယုံကြည်ချက်ဖြစ်၍ ဒဿနိကဆရာတို့ကမူ ၎င်းကို လက်မခံကြချေ။

ထိုဆရာတို့၏ အလိုအားဖြင့်ကား ဘဲဥသည် လိပ်ဥထက်ကြီးခြင်း မရှိ၊ ကျောက်ခဲကဲ့သို့ မာကျော၍ ကြက်ဥထက် ဈေးသက်သာခြင်းမရှိပါက ဘဲဥဖြစ်မည်မဟုတ်။ လိပ်ဥထက် ကြီးခြင်း၊ ကြက်ဥထက် ဈေးသက်သာခြင်း၊ ကျောက်ခဲကဲ့သို့ မမာခြင်းသည် ၎င်း၏သဘာဝပင်ဖြစ်၍ စင်စစ် လိပ်ဥ၊ ကြက်ဥနှင့် ကျောက်ခဲတို့သည် ဘဲဥ၏ ဂုဏ်လက္ခဏာနှင့် မကင်းနိုင်သော အရာဝတ္ထုများဖြစ်၏။ တစ်ဖန် ထိုဘဲဥသည် ရက်ကြာရှည်ထားလျှင် အပုပ်နံ့ထွက်လာ၏။ ဈေး၌ ဘဲဥငါးလုံးကို ငွေတစ်ကျပ်ပေး၍ ဝယ်ရ၏။ ၎င်းကို ဆီနှင့်ကြော်စားရ၏။ သို့ဖြင့် ဘဲဥ၏သဘာဝ၌ အချိန်ကာလ၊ အနံ့၊ ဈေး၊ ပိုက်ဆံနှင့် ဆီ ပါဝင်ကြောင်း ထင်ရှား၏။ ယင်းတို့နှင့်စပ်၍ ဘဲဥအကြောင်း ကျွန်ုပ်တို့ သိရှိနားလည်သော အချက်များသည် များယွင်းပါက ဘဲဥသည် ၎င်း၏မူလသဘာဝ (ဝါ) ဂုဏ်အင်္ဂါများကို စွန့်လွှတ်ရပေလိမ့်မည်။

သို့ဖြစ်၍ အရာဝတ္ထုတိုင်းသည် အခြားအရာဝတ္ထုများနှင့် ဆက်စပ်နေ၍ ထိုဆက်စပ်မှုနှင့် ထိုဆက်စပ်သော အရာဝတ္ထုများသည် ၎င်း၏သဘာဝ၌ အကျုံးဝင်လျက်ရှိ၏။ ထို့အပြင် ထိုအရာဝတ္ထုများသည်လည်း အခြားအရာဝတ္ထုများနှင့် အလားတူ ဆက်စပ်လျက်ရှိ၏။ သို့ဖြစ်ရကား စကြဝဠာထဲရှိ အရာဝတ္ထု အသီးသီးသည် အခြား အရာဝတ္ထုအားလုံးနှင့် ဆက်သွယ်နေ၍ ထိုဆက်သွယ်မှု များသည် ဆိုင်ရာရုပ်ဝတ္ထုများနှင့် တသီးတခြား ရှိသည်မဟုတ်ဘဲ ၎င်းတို့၏ မူလသဘာဝနှင့် တစ်သားတည်း တစ်စိတ်တည်းဖြစ်၏။ စာအုပ်သည် စာအုပ် ဖြစ်နေခြင်းမှာ စာရေးဆရာ၊ ပုံနှိပ်စက်၊ ဈေးဆိုင်၊ စားပွဲ၊ အချိန်ကာလ စသည် ဖြင့် များစွာသောအရာတို့နှင့် ဆက်သွယ်နေ၍ ယင်းဆက်သွယ်မှုများ၊ ယင်း အရာဝတ္ထုများက ၎င်း၏ဂုဏ်အင်္ဂါထဲ၌ ပါဝင်နေသောကြောင့် ဖြစ်၏။ အရာဝတ္ထု တစ်ခု ပြောင်းလဲလျှင် ၎င်းနှင့်ဆိုင်ရာ ဆက်သွယ်မှုများလည်း ပြောင်းလဲ၏။ သို့ဖြစ်၍ အရာဝတ္ထုတစ်ခု ပြောင်းလဲပါက စကြဝဠာထဲရှိ အရာဝတ္ထုအားလုံး သည် နဂိုအတိုင်း ရှိမည်မဟုတ်ချေ။ ဥပမာဆောင်ရသော် စကြဝဠာကြီးသည် အမြဲပုံတင်သံခတ်နေသော ခန်းမဆောင်ကြီးနှင့် တူ၏။ ထိုအဆောင်ထဲ၌ မည်သည့်နေရာကမဆို အလွန် တိုးတိတ်ညင်သာစွာ ပြောသောလေသံသည်ပင် ခန်းမကြီးတစ်ခုလုံးတွင် အထပ်ထပ် ပဲ့တင်ခတ်သွားသည့်နည်းတူ စကြဝဠာ၏ တစ်နေရာ၌ ပြောင်းလဲမှုတစ်ခုသည် မည်မျှအသေးအဖွဲဖြစ်စေကာမူ ခြားနားသော နေရာအားလုံးသို့ တစ်နည်းနည်းအားဖြင့် ဂယက်ရိုက်သွားမည် ဖြစ်လေသည်။

အထက်ပါ အကြောင်းအရပ်ရပ်ကို ထောက်ချင့်၍ ကျွန်ုပ်တို့သိမြင်သော ပြင်ပလောကသည် ပကတိ အရှိတရားမဟုတ်ဘဲ စိတ်ဝိညာဉ်၌ ထင်ဟပ်လာ သော အရိပ်နိမိတ်မျှသာဖြစ်ကြောင်း၊ ရုပ်ဝတ္ထုတို့သည် ခဏမစဲ အမြဲပြောင်းလဲ နေ၍ ပရမတ်အနှစ် အမာခံဓာတ်ကိုရှာ၍ မရအပ်ကြောင်း၊ ၎င်းတို့သည် အကွဲကွဲ အပြားပြား၊ တသီးတခြား ရှိသည်ဟင်ရသော်လည်း စင်စစ် တစ်သားတည်း တစ်ခုတည်းဖြစ်ကြောင်း သိရပေပြီ။ သို့ရာတွင် ထိုအကြောင်းပြချက်များသည် ဒဿနိကဆရာတို့၏ ကြံစည်သုံးသပ်ချက်များဖြစ်၍ ပြင်ပလောကကို လက်တွေ့ စမ်းသပ်လေ့လာသော သိပ္ပံပညာရှင်တို့၏အမြင်ကား မည်သို့ဖြစ်ပါသနည်းဟု စဉ်းစားရန်ရှိ၏။

သိပ္ပံပညာနယ်၌ မိုက်ခရိုစကုပ်၊ စပက်ထရိုစကုပ် စသော သိပ္ပံပစ္စည်း ကိရိယာများဖြင့် မြင်ရသော ပြင်ပလောကသည် ကျွန်ုပ်တို့မျက်စိဖြင့် မြင်ရသော ပြင်ပလောကနှင့် မတူချေ။ ကျွန်ုပ် ယခု စာရေးနေသော စားပွဲ၏မျက်နှာပြင်

သည် အမြင်အားဖြင့်သော်လည်းကောင်း၊ ထိတွေ့စမ်းသပ် ကြည့်ခြင်းဖြင့်သော်လည်းကောင်း ညီညာချောမွေ့သည် ထင်ရ၏။ မိုက်ခရိုစကုပ်ဖြင့် ကြည့်ပါမူ ညီညာပြန့်ပြူးခြင်းမရှိဘဲ အဖုအထစ်၊ လျှိုမြောင်ချိုင့်ဝှမ်းတို့ဖြင့် ကြမ်းတမ်းသော မျက်နှာပြင်ကို မြင်ရပေလိမ့်မည်။ ရုပ်တရားကို အရင်းအမြစ်ကျကျ လေ့လာသော ရူပဗေဒပညာ၏ အလိုအားဖြင့်မူ ရုပ်ဝတ္ထုတို့ကို အဆုံးအထိ ခွဲခြမ်းစိတ်ဖြာပါက အဏုမြူ(အက်တမ်)များကို တွေ့ရမည်ဖြစ်၍ အဏုမြူတို့မှာ အရောင်အဆင်း၊ အသံ၊ အနံ့၊ အပူချိန်၊ အရွယ်ပမာဏစသော ဂုဏ်အင်္ဂါများ မရှိချေ။

ပုံစံအားဖြင့် ရူပဗေဒအမြင်အားဖြင့် အပူသည် ဓာတ်ငွေ့တစ်မျိုးဖြစ်၏။ ဓာတ်ငွေ့သည် မော်လီကျူးများဖြင့်ပြီး၍ မော်လီကျူးအသီးသီးသည် တစ်လက်မ၏အစိတ်ပေါင်း တစ်သန်းလျှင် ရာစိတ်တစ်စိတ်ခန့် ပမာဏရှိ၏။ ယင်းတို့အကြားတွင် အတန်ကျယ်သော ဟင်းလင်းပြင်ရှိ၍ မော်လီကျူးတို့သည် တစ်နေရာမှ တစ်နေရာသို့ တစ်စက္ကန့်လျှင် ကိုက်ရာပေါင်းများစွာ မြန်သောအရှိန်ဖြင့် သွားလာနေကြ၏။ ထိုသို့သွားလာရင်း အချင်းချင်း တွေ့ဆုံတိုက်ခိုက်မိ၍ ထိုသို့ တိုက်ခိုက်မိရာမှ ဓာတ်ငွေ့သည် အပူချိန်ရရှိလာ၏။ ဓာတ်ငွေ့ကို မီးတောက်ထဲ၌၊ သို့မဟုတ် ပူသောအရာဝတ္ထုထဲ၌ ထည့်ပါက ယင်း၌ပါဝင်သော မော်လီကျူးတို့သည် စွမ်းအင်ရှိလာပြီး လျင်မြန်စွာ ရွေ့လျား၍ ပိုမိုပြင်းထန်စွာ တိုက်ခိုက်မိကြ၏။ သို့ဖြင့် ဓာတ်ငွေ့သည် အပူချိန်တက်လာ၍ အပူဓာတ်ဖြစ်ပေါ်လာ၏။ ဤအပူဓာတ်သည် မော်လီကျူးတို့ သွားလာလှုပ်ရှားရာမှ ဖြစ်ပေါ်လာသော စွမ်းအင်မျှသာဖြစ်၏။

အသံသည် လေထဲရှိ လှိုင်းများဖြစ်၏။ လေလှိုင်းများသည် အတိုင်းအတာ၊ တုန်ခါနှုန်း စသည်တို့ဖြင့် ကွဲပြားခြားနား၍ ထိုခြားနားမှုကို အကြောင်းပြုပြီး အသံအတိမ်အနက်၊ အနိမ့်အမြင့်၊ အတိုအကျယ် စသည်ကို ဖြစ်ပေါ်လာရ၏။ လေလှိုင်းများမှာ ဖိအားများသော လေထုနှင့် ဖိအားနည်းသော လေထုတို့ တစ်စုံတစ်ခုသောအရှိန်နှင့် ရွေ့လျားသွားလာမှု ဖြစ်၏။ သို့ဖြင့် အသံဟူသည် လေထုလှုပ်ရှားမှုမျှသာ ဖြစ်၏။

ရုပ်ဝတ္ထုတို့၏ တင်းမာခြင်းသည် အဏုမြူတို့ဖွဲ့စည်းပုံကိုလိုက်၍ ဖြစ်၏။ စားပွဲ၊ ကျောက်တုံး စသည်တို့၌ အဏုမြူတို့သည် ပြည့်ကျပ်နေ၍ ၎င်းတို့၏ လျှပ်စစ်အားများသည် တစ်ခုကိုတစ်ခု နှောင့်ယှက်၏။ စားပွဲကိုလက်ချောင်းဖြင့် ဖိထားပါက လက်ဖျားနှင့် စားပွဲအတွင်းရှိ အီလက်ထရွန်နှင့် ပရိုတွန်တို့သည် မတွေ့ဆုံသော်လည်း ယင်းတို့အကြား၌ လျှပ်စစ်တွန်းကန်မှု ဖြစ်ပေါ်လာ၏။

ဓာတ်ငွေ့၊ သို့မဟုတ် အရည်ကဲ့သို့ ပျော့သောဝတ္ထုတို့၌ အဏုမြူတို့မှာ ပြည့်ကျပ်မနေသောကြောင့် တွန်းကန်ခံရသော အီလက်ထရွန်နှင့် ပရိုတွန်တို့အဖို့ တိမ်းရှောင်ရန် နေရာရှိ၏။ အစိုင်အခဲဝတ္ထု၌မူ အပယ်ခံအီလက်ထရွန်နှင့် ပရိုတွန်တို့မှာ နေရာမရှိဘဲ ပြည့်ကျပ်နေသောကြောင့် စားပွဲကို လက်နှင့်ပို၍ဖိလေ၊ လက်ဖျားမှာ ပိုမိုတွန်းကန်ခံရလေဖြစ်ပြီး စားပွဲမျက်နှာပြင်မှာ ခက်မာမှုသဘော ပိုမိုအားကြီးသည်ဟု ထင်ရခြင်းဖြစ်လေသည်။

အနံ့မှာ အရာဝတ္ထုတို့က အငွေ့အသက်အနေဖြင့် ထုတ်ပေးသော မော်လီကျူးများဖြစ်၏။ အနံ့ထွက်လာသည် ဆိုသောစကားကို ထောက်ချင့်၍ အနံ့သည် ရိုးရိုးလူတို့ အမြင်အားဖြင့်ပင် အရာဝတ္ထု၏ ကိုယ်ပိုင်ပစ္စည်းမဟုတ်၊ ၎င်း၏မော်လီကျူးများနှင့် လူ၏ ဃာနအကြည်ဓာတ်ပေါင်းဆုံရာမှ ဖြစ်ပေါ်လာကြောင်း ထင်ရှား၏။

အရောင်အဆင်းမှာ အလင်းကို အစွဲပြု၍ ဖြစ်ပေါ်လာ၏။ အလင်းမရှိက အရောင်အဆင်းဟူ၍ ရှိမည်မဟုတ်။ အလင်းသည် လျှပ်စစ်သံလိုက်လှိုင်းများဖြစ်၏။ ထိုသို့ အလင်းဖြစ်စေသော လှိုင်းများတွင် အချို့လှိုင်းများသည် အရောင်အမျိုးမျိုးဖြစ်စေသော သတ္တိရှိ၏။ အရောင်အသီးသီးသည် အလင်းနှင့်ဆိုင်ရာ လျှပ်စစ်သံလိုက်နယ်ထဲသို့ကျရောက်သော လှိုင်းများ၏ အမျိုးအစား၊ အတိုအရှည်ကိုလိုက်၍ အမျိုးအစားကွဲပြား၏။

သို့ဖြစ်၍ ရူပဗေဒအမြင်အားဖြင့် အသံ၊ အရောင်၊ အဆင်း၊ အနံ့စသည်တို့သည် မရှိ။ ၎င်းတို့သည် လေလှိုင်း၊ လျှပ်စစ်သံလိုက်လှိုင်း၊ မော်လီကျူးစသော ရုပ်တရားများကို စွဲမှီ၍ လူတို့ခံယူရရှိအပ်သော အာရုံများသာဖြစ်၏။ တစ်နည်းဆိုသော် ပြင်ပလောကသည် ပရမတ္ထအားဖြင့် အသံ၊ အရောင်၊ အနံ့စသည်တို့ ကင်းဆိတ်သော လောကဖြစ်၏။ အာရုံငါးပါးဖြင့် ပြင်ပလောက၏ ပကတိအရှိတရားကို ကျွန်ုပ်တို့ မသိအပ်ချေ။ စင်စစ် ထိုပကတိအရှိတရားနှင့် စိတ်ဝိညာဉ်၏အကြား၌ ရုပ်တရားတို့၏ ဖြစ်စဉ်ရှိပေသေးရာ အာရုံငါးပါးသည် ထိုဖြစ်စဉ်၏ နောက်ဆုံးတရားမျှသာ ဖြစ်၏။

စက္ခုဝိညာဉ်သည် မျက်စိအကြည်ဓာတ်နှင့် ရူပါရုံ ပေါင်းဆုံမိရာမှ ဖြစ်ပေါ်လာသည်ဟု ဆိုလေ့ရှိကြ၏။ ယခုသော် ဖီဆီအိုလိုဂျီပညာဖြင့် ဝိညာဏဓာတ်ဖြစ်ပေါ်လာပုံကို ရှင်းပြရမည်ဆိုပါက ထိုမျှ လွယ်ကူမည်မဟုတ်ချေ။ ပြင်ပရှိ ရုပ်ဝတ္ထုသည် အချို့သော အခြင်းအရာတို့ကို ဖြစ်ပွားစေ၍ ထိုဖြစ်စဉ်တို့ကို အစွဲပြု၍ဖြစ်သော အာရုံသည် ရုပ်ဝတ္ထုဆီမှလာပြီးလျှင် ဆိုင်ရာအာရုံ

ဒွါရနှင့် ပေါင်းဆုံရပေမည်။ ပေါင်းဆုံရုံနှင့်လည်းမပြီး။ နာဗ့်ကြောများမှကစ်ဆင့် ဦးနှောက်ဆီသို့ ရောက်ရှိမှသာလျှင် သိမှုစိတ်ဝိညာဉ် ဖြစ်ပေါ်လာ၏။ ပုံစံအားဖြင့် စက္ခုဝိညာဉ်ဓာတ် ဖြစ်ပေါ်ရန်အတွက် အလင်းလှိုင်းများသည် ရုပ်ဝတ္ထုရှိရာမှ တစ်စုံတစ်ခုသော အရှိန်ဖြင့်သွား၍ မျက်စိပေါ်သို့ ကျရောက်ပြီးလျှင် ထိုမှတစ်ဖန် မျက်စိနာဗ့်ကြောများမှတစ်ဆင့် ဦးနှောက်သို့ ရောက်ရှိရပေမည်။

သို့ဖြစ်၍ ရုပ်ဝတ္ထုနှင့် နား၊ မျက်စိ စသည်တို့၏ အကြည်ဓာတ်တွေ့ဆုံမှုနှင့် ဝိညာဉ်ဓာတ်ဖြစ်ပေါ်မှု အကြားကာလသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှ အလွန်တိုတောင်းသည် မှန်သော်လည်း ယင်းအချိန်ကာလရှိခြင်းကို ငြင်းဆို၍ မရအပ်ချေ။ တစ်ခါတစ်ရံ ထိုကာလသည် တစ်ဒင်္ဂတစ်ခဏမဟုတ်ဘဲ သိသိသာသာ ကြာမြင့်ပေရာ၏။ မှောင်မည်းနေသော ညတစ်ညဌ် ကျွန်ုပ်တို့သည် ကောင်းကင်ရှိ ဆီးရီးယပ်ကြယ်ကို ကြည့်နေသည်ဆိုပါစို့။ ရူပဗေဒ၏အလိုအားဖြင့် လွန်ခဲ့သော နှစ်ပေါင်းများစွာက ထိုကြယ်မှ စတင်ထွက်ခွာလာခဲ့သော အလင်းလှိုင်းများသည် တစ်စုံတစ်ခုသောကာလ(ထိုအချိန်ကာလကို နက္ခတ်ဗေဒ ဆရာတို့က တိတိကျကျ တွက်ချက်နိုင်ကြသည်။)အတွင်း၌ ကမ္ဘာဂြိုဟ်သို့ ရောက်လာ၍ ကျွန်ုပ်၏ မျက်စိအကြည်ဓာတ်ပေါ်သို့ ကျရောက်လာသောကြောင့် ဆီးရီးယပ်ကြယ်ကို ကျွန်ုပ် မြင်ရခြင်းဖြစ်၏။ သို့ရာတွင် ထိုကြယ်သည် လေလှိုင်းများ စတင်ထွက်လာသော အချိန်က ရှိခဲ့ပေရာ ယခုမူ ရှိချင်မှရှိပေလိမ့်မည်။ ၎င်းသည် ထိုမျှကြာညောင်းသော ကာလအတွင်း၌ လုံးဝ ပျောက်ကွယ်ကောင်း ပျောက်ကွယ်ခဲ့ပေရာ၏။ သို့ဖြင့် ကျွန်ုပ်မြင်နေရသော အရာသည် စင်စစ် ကြယ် မဟုတ်ဘဲ တစ်စုံတစ်ခုသော အရွယ်ပမာဏ၊ ပုံသဏ္ဌာန်နှင့် အရောင်အဝါရှိသည့် ဝတ္ထုတစ်ခုဖြစ်၏။ ၎င်းသည် နှစ်ပေါင်းများစွာက မိုင်သန်းပေါင်းများစွာ ကွာဝေးသောနေရာရှိ ကြယ်နှင့် အကြောင်းအကျိုး ဆက်စပ်နေပေလိမ့်မည်။

ဤသည်မှာ အမှန်အားဖြင့် ယူဆချက်မျှသာဖြစ်၍ ရူပဗေဒနှင့် ဖီဆီအိုလိုဂျီပညာ၏ အမြင်အားဖြင့်မူ မျက်စိအာရုံကြောသည် တစ်နည်းနည်းလှုပ်ရှား၍ ဦးနှောက်၌ အချို့သောကိစ္စများ ဖြစ်ပွားသည်ဟုသာ ကျွန်ုပ်တို့ဆိုရမည်ဖြစ်၏။ ထိုထက်ကျော်လွန်၍ ကျွန်ုပ်တို့ကောင်းကင်၌ အဝါရောင်ဝတ္ထုကို မြင်ရခြင်းသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ကြယ်တစ်ခုရှိခဲ့သောကြောင့် ဖြစ်သည်ဟု ကောက်ချက်ချပါက ထိုကောက်ချက်သည် မှန်ချင်မှမှန်ပေလိမ့်မည်။ အကြောင်းမူ ပြင်ပလောက၌ ရုပ်ဝတ္ထုကေန်မရှိဘဲ ရှိသည်ဟု ထင်မှားရန် အချက်များရှိခြင်းကို လက်တွေ့စမ်းသပ်ခြင်းဖြင့် သိရပေပြီ။ အထက်ကပြခဲ့သော သာဓကတစ်ခုကို

ထပ်မံဖော်ပြရမည့်ဆိုသော် စားပွဲကို လက်နှင့်ဖိထားပါက စားပွဲမျက်နှာပြင်နှင့် လက်ချောင်းထိတွေ့သည်ဟု ထင်ရပေရာ ဤသည်မှာ လက်ဖျားရှိ နာဗ့်ဆဲလ်များမှ လျှပ်စစ်အားများသည် ဦးနှောက်သို့ ကူးပြောင်းသွားပြီးလျှင် စားပွဲအား ထိတွေ့ဟန်ဝေဒနာကို ခံစားရခြင်းဖြစ်၏။ စင်စစ် ကျွန်ုပ်သည် ကိုယ်ခန္ဓာ၏ ပြင်ပရှိ အရာဝတ္ထုတစ်ခုကို တိုက်ရိုက်ထိတွေ့နေသည် မဟုတ်။ အကယ်၍ ကျွန်ုပ်၏ နာဗ့်ကြောစုမှ ဆိုင်ရာအင်္ဂါများကို နည်းလမ်းတကျ လှုံ့ဆွပေးပါက စားပွဲမရှိစေကာမူ စားပွဲကို ထိတွေ့ပုံဝေဒနာကို ခံစားရမည်ပင်ဖြစ်၏။ ထို့အတူ လက်တစ်ဖက်ကို ဖြတ်ထားသော်လည်း အစွန်းရှိ နာဗ့်ကြောများကို သင့်တော်သလို လှုံ့ဆွပေးပါက လက်ဖျားကို အပ်နှင့်ထိုးခံရဟန်ဝေဒနာကို ခံစားနိုင်လေသည်။

သို့ဖြစ်၍ ပြင်ပလောကသည် ကျွန်ုပ်တို့ နေ့စဉ် ထိတွေ့သိမြင်သော လောကနှင့် တခြားစီဖြစ်ကြောင်း ထင်ရှား၏။ ဒဿနိကဆရာတို့သည် အဆင်း၊ အနံ့၊ ပုံသဏ္ဌာန်စသော အာရုံငါးပါးကို အရင်းအမြစ်ကျကျ လေ့လာသုံးသပ်၍ ၎င်းတို့မှာ ပကတိအရှိတရားမဟုတ်သော ဝေါဟာရပညတ်မျှသာဖြစ်ကြောင်း၊ ၎င်းတို့ကို ရုပ်ဝတ္ထုတစ်ခုမှ ဖယ်ထုတ်၍ အမာခံပရမတ် အနှစ်ဓာတ်ကို ရှာ၍ မရအပ်ကြောင်း၊ လောက၌ ရှိရှိသမျှသောအရာတို့ကို အနိစ္စတရားက စိုးမိုးနေသောကြောင့် အတ္တပရမတ်ဓာတ်ကို စင်စစ်ကြံစည်၍ မရအပ်ကြောင်း၊ သက်ရှိသက်မဲ့အားလုံးသည် တစ်သီးပုဂ္ဂလသဘောကို မဆောင်ဘဲ အချင်းချင်းဆက်စပ်နေ၍ တစ်ပေါင်းတည်း၊ တစ်သားတည်း ဖြစ်နေကြောင်း ပြဆိုခဲ့ကြ၏။

ဤဒဿနိကဆရာတို့၏ တွေးခေါ်သုံးသပ်ချက်မှာ သိပ္ပံဆရာတို့ ရုပ်လောကကို လက်တွေ့စူးစမ်းလေ့လာရာမှ သိရှိရချက်နှင့် ထပ်တူဖြစ်၏။ သိပ္ပံပညာ၏အမြင်အားဖြင့် ပြင်ပလောကသည် လူတို့ထင်သကဲ့သို့ အဆင်း၊ အနံ့၊ အသံ၊ ပုံသဏ္ဌာန်၊ အရွယ်ပမာဏစသည့် ဂုဏ်အင်္ဂါများရှိသော လောကမဟုတ်။ ၎င်းသည် ကိုဂုဏ်အင်္ဂါများကင်းဆိတ်၍ လေလှိုင်း၊ လျှပ်စစ်သံလိုက်လှိုင်း၊ အလင်းလှိုင်း၊ အဏုမြူ၊ အီလက်ထရွန်စသော မူလဘူတဓာတ်များဖြင့်ပြီးသော လောကဖြစ်၏။ ထိုမူလဓာတ်များမှတစ်ပါး နိစ္စရူပ အတ္တပရမတ်တရားကိုရှာ၍ မရအပ်ချေ။ အဆင်း၊ အနံ့ စသော အာရုံငါးပါးသည် ပြင်ပလောက၏ ပကတိအရှိတရားမဟုတ်၊ ၎င်းတို့သည် ပြင်ပလောက၏ ပကတိအရှိတရားမဟုတ်၊ ၎င်းတို့သည် ပြင်ပလောက၏ သင်္ခါရစမ္မများနှင့် ကျွန်ုပ်တို့၏ နား၊ မျက်စိစသည်တို့၏ အကြည်ဓာတ်များ ပေါင်းဆုံရာမှ ဖြစ်ပေါ်လာသော တရားများ

ဖြစ်၏။ တစ်နည်းဆိုသော် ၎င်းတို့သည် ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်၌ ထင်ဟပ်လာသော ပြင်ပလောက၏ အရိပ်နိမိတ်သင်္ကေတန်မျှသာ ဖြစ်၏။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် ပြင်ပလောကကို ပကတိအရှိအတိုင်း ယထာဘူတကျကျ သိမြင်နိုင်သည် မဟုတ်ချေ။ ဤနေရာ၌ ယခုခေတ် နာမည်ကျော် ဒဿနိကဆရာနှစ်ဦး၏ ရေးသားချက်ကို ပြဆိုပါအံ့။

"ကျွန်ုပ်သည် ကုလားထိုင်တစ်လုံးကို မြင်သည်ဆိုကြပါစို့။ ကျွန်ုပ်မြင်သော ကုလားထိုင်သည် ကျွန်ုပ်မမြင်စေကာမူ နဂိုမူလ ဂုဏ်အင်္ဂါများနှင့် ရှိမြဲရှိနေရမည်ဟု လူအများက ထင်မှတ်ကြ၏။ ရူပဗေဒနှင့် ဖီဆီအိုလိုဂျီပညာ အလိုအားဖြင့်ကား ကျွန်ုပ်အမြင်မှကင်း၍ ပရမတ္ထအားဖြင့်ရှိသော ကုလားထိုင်သည် ကျွန်ုပ်မြင်သောအရာနှင့် တူလိမ့်မည်မဟုတ်။ ကျွန်ုပ်သည် ထိုအရာ(ကုလားထိုင်)ကို တိုက်ရိုက်မဟုတ်ဘဲ တစ်ဆင့်အားဖြင့်သာ သိရ၏။ ကျွန်ုပ်တို့မြင်ရသော ကုလားထိုင်၊ စားပွဲ၊ နေ၊ လ စသည်တို့သည် စင်စစ် ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်က ဖန်တီးသော ဓမ္မာရုံများသာဖြစ်၍ ပြင်ပလောကမှ ရုပ်ဝတ္ထုအစစ်များ မဟုတ်ချေ။ ...ရူပဗေဒအလိုအားဖြင့် ပသာဒရုပ်များနှင့် ဗဟိဒ္ဓရုပ်ဝတ္ထုများ ခိုက်တိုက်ကြရာ၌ ဖြစ်ပေါ်လာသော အကြောင်းခံကျိုးဆက် သင်္ခါရဓမ္မအစဉ်သည် ရှိ၏။ ထိုအစဉ်၌ နောက်ဆုံးအရာ (ဝါ) ပသာဒရုပ်၌ ထင်သောအာရုံသည် ပထမအရာ (ဝါ) ဗဟိဒ္ဓရုပ်ဝတ္ထုနှင့် ထပ်တူဖြစ်သည်ဟု အတပ်မပြောနိုင်ချေ။

"အကယ်၍ ဝိညာဏဓာတ်(သိမြင်မှု)ဖြစ်ပေါ်လာပုံ အခြင်းအရာသည် သိပ္ပံဆရာတို့ ဖော်ပြသည့်အတိုင်း အမှန်ဖြစ်ပါက ကျွန်ုပ်တို့သည် ပြင်ပလောကအကြောင်းကို တိုက်ရိုက် သိနိုင်မည်မဟုတ်ချေ။ ရူပဗေဒနှင့် ဖီဆီအိုလိုဂျီဆိုင်ရာ ဖြစ်စဉ်များသည် နောက်ဆုံး၌ သိမြင်မှုကို ဖြစ်ပေါ်စေရကား ယင်းဖြစ်စဉ်များကို စတင်ဖန်တီးသော အကြောင်းတရား(ဗဟိဒ္ဓရုပ်ဝတ္ထု)သည် ရှိရမည်မှန်၏။ သို့ရာတွင် ထိုရုပ်ဝတ္ထု၏ မူလသဘာဝကို ကျွန်ုပ်တို့ သိရသည်မဟုတ်။ သိပ္ပံဆရာတို့ အလိုအားဖြင့် ကျွန်ုပ် သိနိုင်မည်မဟုတ်။ ယင်း၏ ဂုဏ်ဒြပ်များကို ကျွန်ုပ်တို့ မသိနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ရူပဗေဒဆရာတို့၏စကားသည် မှန်ပါက ယင်းတို့မှာ အရာဝတ္ထုနှင့် လူ၏ဦးနှောက်၊ နာဗ်ကြောစု တိုက်ဆုံတွေ့ထိရာမှ စိတ်ဝိညာဉ်က ဖန်တီးမွေးထုတ်လိုက်သော စိတ္တဇရုပ်များဖြစ်၏"

သို့ဖြစ်၍ ကျွန်ုပ်တို့အား ပြင်ပလောကနှင့် ဆက်သွယ်ပေးသော အာရုံငါးပါးသည် စင်စစ် ဓမ္မာရုံ (ဝါ) စိတ္တဇရုပ်များသာလျှင်ဖြစ်၍ ယင်းတို့နောက်ကွယ်မှ ပကတိအရှိတရားကို ကျွန်ုပ်တို့ မသိနိုင်ချေ။ ဤသည်မှာ ရှေးဂရိ

တွေးခေါ်ပညာရှင်ကြီးပလေတိုမှစ၍ ယခုခေတ် ဒဿနိကဆရာတို့အထိ ပညာရှင် အတော်များများ၏ ခံယူချက်ဖြစ်၏။ ယခုကာလ ဆာဂျိန်းဂျင်း၊ အာသာအက် ဒိန်တန် စသော သိပ္ပံပညာရှင်တို့၏ အမြင်သည်လည်း ထိုနည်းအတူဖြစ်၏။ ဆာဂျိန်းဂျင်းသည် လူတို့၏ ပြင်ပလောကမှာ စင်စစ် ဓမ္မာရုံများသာဖြစ်ကြောင်း ပလေတို၏ကျမ်းစာအုပ်မှ ဥပမာတစ်ခုကို ကိုးကား၍ပြ၏။

ဂူတစ်ခုထဲရှိ အကျဉ်းသားများသည် ကြိုးဖြင့်ချည်တုပ်ထားသဖြင့် နံရံ တစ်ဖက်ကိုသာ မြင်ကြရ၏။ သူတို့၏နောက်တွင် မီးပုံကြီးတစ်ခုရှိ၏။ မီးပုံ ကြီးနှင့် သူတို့အကြား၌ လှုပ်ရှားနေသော အရာဝတ္ထုများရှိရာ ယင်းတို့၏ အရိပ်များသည် နံရံပေါ်သို့ကျရောက်၍ အကျဉ်းသားများသည် ထိုအရိပ်များ ကိုသာ မြင်ကြရ၏။ အရိပ်များဖြစ်ပေါ်စေသော အရာဝတ္ထုများကိုကား မမြင် ကြရချေ။ ထို့အတူ သိပ္ပံပညာရှင်တို့သည် ပြင်ပလောက၏အရိပ်ကိုသာ သိမြင် ကြ၏။ သိပ္ပံပညာ၏လောကသည် အရိပ်လောကမျှသာ ဖြစ်၏။ သိပ္ပံပညာသည် အရိပ်များကို တိကျသေချာစွာ လေ့လာ၏။ အရိပ်များ၏နောက်ကွယ်မှ ပရမတ္ထ တရား (ဝါ) ပကတိအရှိတရားကိုကား မဖော်ပြနိုင်ချေ။

* * *

- Bertrand Russell, "Portraits From Memory and other Eassys"
- C.E..M.Jade, "Guide to Modern Thought"

ရုပ်ဝါဒသည် သိပ္ပံပညာနှင့်အတူ ပေါ်ထွန်းလာ၍ သိပ္ပံပညာသည် ရုပ်ဝါဒ၏ အထက်ပါ ခံယူချက်များကို အထောက်အကူပြုခဲ့ပေသည်။ ရုပ်ဝါဒနှင့် အထူးကိုက်ညီသော သိပ္ပံပညာနှစ်ရပ်မှာ စိတ်ပညာနှင့် ဇီဝဗေဒပညာများဖြစ်၏။

# ရုပ်ဝါဒ

လူ့ဘဝ၊ လူ့လောကနှင့်တကွ စကြဝဠာတစ်ခုလုံးကို ဆင်ခြင်သုံးသပ်ရာ၌ ရှေးပဝေသဏီမှစ၍ ယနေ့အထိ ပညာရှင်တို့ လက်ကိုင်ထားသော ဝါဒအမျိုးမျိုးရှိရာ ၎င်းတို့မှာ အချုပ်အားဖြင့် ရုပ်ဝါဒနှင့် နာမ်ဝါဒဖြစ်ကြ၏။ ရုပ်ဝါဒအလိုအားဖြင့် လောက၌ ရုပ်တရားသည်သာ မူလဘူတ အချုပ်အခြာဖြစ်သည်။ ရုပ်ဝတ္ထု၏ မူလသဘာဝနှင့်စပ်၍ ပညာရှင်တို့၏ ထင်မြင်ချက်သည် မိမိတို့ခေတ်ကာလ ရုပ်ပိုင်းသိပ္ပံပညာ၏ အဆိုအမိန့်နှင့်အညီ တစ်ခေတ်နှင့်တစ်ခေတ်မတူဘဲ ပြောင်းလဲခဲ့သည် မှန်၏။ သို့ရာတွင် ရုပ်ဓာတ်သည် အရင်းအမြစ်အားဖြင့် လှိုင်းတစ်မျိုးဖြစ်သည်ပဲဆိုဆို၊ လျှပ်စစ်အဖိုဓာတ်၊ အမဓာတ်၊ သို့မဟုတ် အဏုမြူအီလက်ထရွန် ဖြစ်သည်ပဲဆိုဆို ရုပ်ဝါဒီအားလုံးကမူ စကြဝဠာကို ရုပ်တရားအုပ်စိုးသည်။ ရုပ်တရားနိယာမအတိုင်း အားလုံးဖြစ်ပျက်ကြရသည်။ စိတ်သည် ရုပ်တရားကို မလွန်ဆန်နိုင်၊ စင်စစ် ၎င်းသည် တသီးတခြားရှာ၍မရအပ်ဘဲ ရုပ်ကဖန်တီးသော တရားမျှသာဖြစ်သည်ဟု ခံယူကြ၏။

အချို့ဒဿနိကဆရာတို့ကမူ ဤအယူကိုပယ်၍ လောကဓာတ်ကြီးတစ်ခုလုံးကို စိတ်က အုပ်စိုးသည်။ လူတို့၏ အာရုံငါးပါးသည် စိတ်၌ အရင်းမူလရှိသည်ဟု ယုံကြည်ကြ၏။ ဤအယူဝါဒနှစ်ခုသည် ရှေးဂရိတွေးခေါ်ရှင်တို့ခေတ်ကစ၍ ပေါ်ပေါက်လာခဲ့သော ဝါဒများဖြစ်၏။ ပလေတိုသည် စိတ်ကို မူလဘူတတရားအနေဖြင့် အစဦးမှာ ဟောပြောခဲ့သော ပညာရှင်ဖြစ်၏။ ဂရိ

တွေးခေါ်ရှင် ဒီမိုကရိတပ်နှင့် ရောမကဗျာဆရာ လူကရီကီးယပ်တို့သည် ကာပလာတို့ကို ဆန့်ကျင်၍ ရုပ်ဝါဒကို ရှေ့တန်းသို့ တင်ခဲ့ကြ၏။ ဥရောပ အလယ်ခေတ်၌ ခရစ်ယာန်ဘာသာတရား ထွန်းကား၍ ရုပ်ဝါဒသည် မေးမှိန် ခဲ့၏။ သိပ္ပံပညာ စတင်ပေါ်ထွန်းသော ၁၅ ရာစု၌မူ ရုပ်ဝါဒ ပြန်လည်အသက်ဝင် လာ၍ ထိုမှနောက်၌ သိပ္ပံပညာတိုးတက်သည်နှင့်အမျှ ရုပ်ဝါဒထွန်းကားလာ၏။ ၂၀ ရာစုခေတ်၌ကား သိပ္ပံပညာ၏ ဟာကွက်၊ ချွတ်ယွင်းချက်များကို ပညာရှင်တို့ သိမြင်၍ ရုပ်ဝါဒကို ဝေဖန်ဆန်းစစ်လာကြ၏။ ယခုအခါ ရုပ်ဝါဒသည် သိပ္ပံ ပညာကို အကြွင်းမဲ့ ယုံကြည်ကိုးစားသော ရှေးခေတ်ကလောက် လူတို့အတွေး အခေါ်ကို မစိုးမိုးနိုင်တော့ချေ။ သို့ရာတွင် သိပ္ပံဆရာအများစု ခံယူထားသော ဝါဒဖြစ်သောကြောင့် အရေးပါ၍ အင်အားကြီးမားလျက် ရှိသေး၏။

ရုပ်ဝါဒ၏ အဓိကလက္ခဏာများမှာ လောက၌ ရုပ်တရားသည်သာ မူလဘူတဖြစ်သည်ဟူသော ခံယူချက်နှင့်အညီ စိတ်ဝိညာဉ်ဟူသည် ပရမတ္ထ အရှိတရားမဟုတ်၊ ရုပ်တရား၏လှုပ်ရှားမှု၊ သို့မဟုတ် အသွင်သဏ္ဌာန်၊ သို့မဟုတ် အဆွယ်အပွားမျှသာဖြစ်၍ စိတ်ကရုပ်ကို စိုးမိုးနိုင်ခြင်းမရှိ။ စိတ်သည် ရုပ်တရား၌ အခြေခံ၍ သဒ္ဓါ၊ စေတနာ၊ အလိုဆန္ဒ အစရှိသည့် စေတသိက်များပါဝင်သော လူ၏ စိတ်ပိုင်းတစ်ခုလုံးသည် ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒစသော ရုပ်ပိုင်း၊ ဇီဝပိုင်း သိပ္ပံများဖြင့် ရှင်းပြရမည့် တရားဖြစ်၏။ ရုပ်တရားသည် သဘာဝတရား ပင်ဖြစ်၍ သဘာဝတရားကို ကျော်လွန်နိုင်သော လူ၏စိတ်တန်ခိုးသတ္တိ၊ သို့မဟုတ် စကြဝဠာကြီး၏ လျှို့ဝှက်သော အမြုတေဓာတ်၊ သို့မဟုတ် ထာဝရဘုရားဟူ၍ မရှိ။ လောက၌ရှိသော စွမ်းအင်ဟူသမျှသည် သဘာဝစွမ်းအင် (ဝါ) ရုပ်စွမ်းအင် များသာလျှင် ဖြစ်၏။ သက်ရှိသက်မဲ့အားလုံးသည် သဘာဝနိယာမများနှင့်အညီ အကြောင်းခံအကျိုးဆက် ဖြစ်ပျက်ပြောင်းလဲကြရ၏။ လူသား၏ ဦးတည်ချက် ကြိုးပမ်းမှုဟူ၍လည်းကောင်း၊ ထာဝရဘုရားသခင်၏ အလိုတော်ဟူ၍လည်း ကောင်း မရှိ။ သက်ရှိသက်မဲ့တို့၏ အပြုအမူ၊ အဖြစ်အပျက်နှင့် တွေ့ကြုံခံစား ရချက်ဟူသမျှ အကြောင်းတရားနှင့်ကင်း၍ ဖြစ်ခြင်းမရှိ။ ၎င်းတို့သည် ရုပ်တရား ၏အကြောင်းအကျိုး နိယာမစက်အတွင်း၌သာလျှင် ဖြစ်ကြရပေသည်။

ရုပ်ဝါဒသည် သိပ္ပံပညာနှင့်အတူ ပေါ်ထွန်းလာ၍ သိပ္ပံပညာသည် ရုပ်ဝါဒ၏ အထက်ပါ ခံယူချက်များကို အထောက်အကူပြုခဲ့ပေသည်။ ရုပ်ဝါဒနှင့် အထူးကိုက်ညီသော သိပ္ပံပညာနှစ်ရပ်မှာ စိတ်ပညာနှင့် ဇီဝဗေဒပညာများဖြစ်၏။

ယခုကာလ စိတ်ပညာသည် သိပ္ပံပညာရပ်ဖြစ်၍ သိပ္ပံဂုဏ်အင်္ဂါနှင့်အညီ

လူ့စိတ်ကို ရုပ်ဝါဒအမြင်ဖြင့် လေ့လာသော ပညာဖြစ်၏။ သို့ဖြစ်၍ ဒီဠ္ဌမမှ စူးစမ်းလေ့လာ၍ မရအပ်သော စိတ်ဝိညာဉ်၊ စိတ်တန်ခိုးသတ္တိ၊ အတ္တ စသည်တို့ကို အသိအမှတ်မပြုချေ။ စင်စစ် စိတ်ဟူသောစကားကို သုံးစွဲခြင်းသည်ပင် စိတ်မှာ ကိုယ်ခန္ဓာနှင့်မတူဘဲ တသီးတခြားရှိသည် ဆိုသောသဘော သက်ဝင်နေပေရာ ဤသို့ စိတ်နှင့်ကိုယ် ခွဲခြားခြင်းသည် သိပ္ပံနည်းကျစိတ်ပညာနှင့် ဆန့်ကျင်လျက်ရှိ၏။ စိတ်သည် လက်တွေ့စမ်းသပ်၍ ရအပ်သောအရာမဟုတ်ဘဲ လူ၏ ပြုမူလှုပ်ရှားမှုဖြင့်သာ သိအပ်သောတရားဖြစ်ရကား အချို့သော စိတ်ပညာရှင်တို့က စိတ်ပညာမှာ လူ၏အပြုအမူကို လေ့လာသော သိပ္ပံပညာရပ်ဖြစ်သည်ဟု ဆိုကြ၏။

သိပ္ပံနည်းကျ စိတ်ပညာ၏အလိုအားဖြင့် လူ၏အပြုအမူဟူသည် ကိုယ်ခန္ဓာ ပြုမူလှုပ်ရှားခြင်းကိုသာ ဆိုလိုသည်မဟုတ်။ သိမှု၊ ကြံစည်မှု၊ ခံစားမှုစသော အတွင်းသဏ္ဍာန် လှုပ်ရှားမှုများကိုပါ ဆိုလိုခြင်းဖြစ်၏။ လူတို့သည် ယိုအတွင်းအပြင် လှုပ်ရှားမှုများကို စိတ်ပိုင်းလှုပ်ရှားမှု၊ ရုပ်ပိုင်းလှုပ်ရှားမှုဟု နှစ်မျိုးနှစ်စား တိတိကျကျ ခွဲခြားသတ်မှတ်ထားလေ့ ရှိကြ၏။ တစ်နည်းဆိုသော် စိတ်နှင့်ရုပ်သည် တသီးတခြားစီရှိသည်။ စိတ်သည် လူ၏အပြုအမူအားလုံးကို စေ့ဆော်ဖန်တီးသည်။ ကိုယ်၏ ရှေ့သွားခေါင်းဆောင် မဖြစ်သည့်တိုင် စိတ်နှင့်ကိုယ်သည် အချင်းချင်းအကျိုးပြုသော တရားများဖြစ်သည်ဟု ခံယူထားကြ၏။

ဤလူတို့ အစဉ်အလာခံယူချက်များကို ရှေ့က အကျယ်ပြဆိုခဲ့ပေပြီ။ ကိုယ်နှင့်စိတ် အချင်းချင်း ဆက်သွယ်မှုပြဿနာသည် ဒဿနိကဆရာတို့၏ အရာဖြစ်၍ သိပ္ပံပညာက အဆုံးအဖြတ်မပေးနိုင်ချေ။ သို့ဖြစ်စေကာမူ ယခုခေတ်အနောက်တိုင်း စိတ်ပညာရှင်တို့၏အမြင်မှာ အများအားဖြင့် လူတို့အစဉ်အလာ ယုံကြည်ချက်နှင့် ဆန့်ကျင်သည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏အမြင်အားဖြင့် လူတို့၏ အတွင်းအပြင် ပြုမူလှုပ်ရှားမှု၊ သိရှိမှု၊ ခံစားမှု စသည်တို့သည် ရုပ်တရားဒြသာလျှင် အကြောင်းရင်းမူလ ရှိကြ၏။

ကိုယ်ခန္ဓာ၏ အပြုအမူများကို စေ့ဆော်ဖန်တီးပေးသော အကြောင်းတရားများမှာ ဦးနှောက်နာဗ့်ကြောစုနှင့် နား၊ မျက်စိစသော အာရုံခံအင်္ဂါများဖြစ်၏။ ပုံစံအားဖြင့် စာအုပ်ကို လက်ဖြင့်ယူရာ၌ တဒင်္ဂအတွင်း အဈှတ္တရုပ်တရားများ၏ လှုပ်ရှားမှုအစဉ်သည် ရှိ၏။ မျက်စိအကြည်ဓာတ်နှင့် စာအုပ်အာရုံထိတွေ့သောခဏ၌ အာရုံခံနာဗ့်များ နိုးကြားလာ၏။ ၎င်းတို့သည် ဦးနှောက်ထံ သတင်းပို့၍ ဦးနှောက်သည် ပြုမူနာဗ့်များကို စေ့ဆော်၏။ သို့ဖြင့် လက်၏

ကြွက်သားများသည် ထကြွလှုပ်ရှားလာပြီးလျှင် လက်ဖြင့် စားအုပ်ကိုယူသော အမှု ဖြစ်ပေါ်လာရ၏။

သို့ရာတွင် နဂိုမူလစာအုပ်ကို ယူလိုသောစိတ်ဆန္ဒ ရှိရမည်မဟုတ်ပါလော ဟူ၍ ပြောအံ့။ အလိုဆန္ဒဟူသည် ရှိသည်မှန်၏။ စိတ်ပညာရှင်တို့သည် ၎င်းကို စိတ်ဖြင့် ရှင်းမပြဘဲ အလေ့အကျင့်၊ အလိုလို တုံ့ပြန်မှု၊ သဘောသဘာဝစသော ရုပ်တရားများဖြင့် ရှင်းပြကြ၏။ ဤနေရာ၌ လူသတ္တဝါ၏ သဘောသဘာဝကို ရှေးဦးစွာ ရှင်းပြပါအံ့။

သတ္တဝါတို့၏ သဘောသဘာဝ ဟူသည်ကား သတ္တဝါကိုယ်၌ တစ်စုံတစ်ခု သောအမှုကိုပြုရန် ပဋိသန္ဓေက ပါလာသော သဘာဝအလိုဆန္ဒများကို ဆိုလိုခြင်း ဖြစ်၏။ ၎င်းတို့ကို ကျွန်ုပ်၏ လူ့စိတ်သဘာဝစာအုပ်၌ ဇာတိစိတ်ဟူ၍ ခေါ်ဆို ထားရာ အနောက်တိုင်း စိတ်ပညာရှင်တို့ကမူ သတ္တဝါ၏ဦးတည်မှု၊ စေ့ဆော်မှု၊ ကိုင်းညွတ်မှု၊ သဘောသဘာဝစသော အဓိပ္ပာယ်ဆောင်သည့် စကားများဖြင့် ခေါ်ဝေါ် ကြ၏။ ဤသဘောသဘာဝသည် စားလိုမှု၊ အုပ်စုဖွဲ့၍ နေလိုမှု၊ ကြောက်မှု၊ မေထုန်သံဝါသပြုလိုမှု စသည်ဖြင့် အမျိုးမျိုးအစားစားရှိ၍ သတ္တဝါ၏ အသက်ရှင် နေမှုနှင့် မျိုးဆက်တည်မြဲမှုသို့ ဦးတည်ချက်ရှိ၏။ စိတ်ပညာရှင်တို့၏ အလို အားဖြင့်ကား ထိုဇာတိစိတ်တို့သည် သတ္တဝါ၏ အကျိုးစီးပွားအတွက် သဘာဝ တရားက ဖန်တီးထားခြင်းဖြစ်၍ ၎င်းတို့ကို စေ့ဆော်သောအရာမှာ ကိုယ်ခန္ဓာ အတွင်းရှိ အင်ဒိုကရင်းဂလင်း(ပြွန်မဲ့အကျိတ်)များနှင့် ဟော်မုန်းဓာတ်များဖြစ်၏။

ပုံစံအားဖြင့် ကာမစိတ်သည် ဟော်မုန်းဓာတ်နှင့် ဆက်စပ်နေကြောင်း စာရှုသူတို့ သိပြီးဖြစ်ပေလိမ့်မည်။ သတ္တဝါမျိုးစု တည်တံ့မှုသို့ ရှေးရှု၍ ပကတိ မှန်မြတ်သော စိတ်ဓာတ်အနေဖြင့် ကျွန်ုပ်တို့ သိမှတ်ထားသော မိခင်၏မေတ္တာ ဓာတ် ဖြစ်ပေါ်ခြင်းသည်လည်း ဟော်မုန်းနှင့်မကင်းချေ။ မိခင်ကြွက်မများသည် အသိုက်အပြင်သို့ ရောက်ရှိနေသော ကြွက်ငယ်များကို အသိုက်ထဲသို့ ချီယူလေ့ ရှိပေရာ ဤအပြုအမူမှာ ဦးနှောက်အောက်ပိုင်းရှိ ပီကျူထရီဂလင်းမှ စိမ့်ကျသော ဟော်မုန်းကြောင့် ဖြစ်ပေါ်လာကြောင်း ပညာရှင်တစ်ဦး၏ သုတေသနပြုချက် အရ ထင်ရှား၏။ ဟော်မုန်းကို ကြွက်မပျို၏ကိုယ်ထဲသို့ ထိုးသွင်းလိုက်သော အခါ ၎င်းသည် မိခင်၏ အမှုအရာကိုပြ၏။ ကြွက်မများသည် ကြွက်ငယ်များကို အခါခပ်သိမ်း အသိုက်သို့ချီယူလိမ့်မည် မဟုတ်ချေ။ သားပေါက်ပြီးစ ဟော်မုန်း စိမ့်ကျနေသော ကာလ၌သာ ဤအမှုအကျင့်ကို ပြလေ့ရှိ၏။ ထိုအခါ၌မူ ကြွက် ငယ်များကိုပင် အသိုက်ထဲသို့ ချီယူလေ့ရှိသည်ကို တွေ့ရ၏။

လူသတ္တဝါ၏ စိတ်ဓာတ်စရိုက်ကို ပြုပြင်ဖန်တီးသော ရုပ်တရားများမှာ ခန္ဓာကိုယ်တွင်းရှိ ဟော်မုန်းထုတ်လုပ်သော ဂလင်းများ ဖြစ်၏။ ၎င်းတို့မှာ သိုင်းရွိုက်ဂလင်း၊ ပီကျူထရီဂလင်း၊ အာဒရီနယ်ဂလင်း၊ လိင်ဂလင်း စသည်ဖြင့် အမျိုးမျိုးအစားစား ရှိ၏။ စိတ်ဓာတ်ခိုင်ခံ့မှု၊ ပျော့ညံ့မှု၊ ကြောက်မှု၊ ဒေါသကြီးမှု၊ လေးလံထိုင်းမှိုင်းမှု၊ တက်ကြွမှု စသည်တို့သည် ထိုဂလင်းတို့၏ အခြေအနေကို လိုက်၍ ဖြစ်သည်ဆို၏။ ဂလင်းနှင့် ဟော်မုန်းတို့ လုပ်နည်းလုပ်ဟန် မမှန်သော အခါ လူသတ္တဝါ၌ စိတ္တဇနာ စွဲကပ်လာတတ်၏။ ၎င်းတို့ ဖွဲ့စည်းတည်နေမှုကို သတ္တဝါပဋိသန္ဓေတည်သော ခဏ၌ စီမံဖန်တီးသော မူလရုပ်တရားများမှာ ခရိုမိုဇုမ်းခေါ် ဗီဇမျိုးစေ့များ ဖြစ်လေသည်။

ဤသို့ဖြင့် ယခုခေတ် စိတ်ပညာဆရာတို့သည် လူတို့၏ စိတ်စေတသိက်နှင့် စိတ်ဓာတ်စရိုက်အား ရုပ်တရားက ပြုပြင်စီရင်ပုံကို တိတိကျကျ ထောက်ပြကြ၏။ သူတို့အမြင်အားဖြင့် ရုပ်တရားက စိတ်ဓာတ်အား အကျိုးပြုမှုသည်သာ ထင်ရှား၍ စိတ်ကရုပ်တရားအား ပြုပြင်ဖန်တီးမှုကို အခိုင်အမာ ဒိဋ္ဌမမွှပြ၍ မရအပ်ချေ။ များစွာသော လူတို့အပြုအမူများသည် စိတ်နှင့်မဆိုင်ဘဲ အလေ့ အကျင့်ပေါ်၌ တည်သောအမူများဖြစ်၏။ ပုံစံအားဖြင့် ဆေးလိပ်သောက်ခြင်း၊ အိပ်ခြင်း၊ စားခြင်း၊ လမ်းလျှောက်ခြင်း၊ ငေးမောခြင်း၊ ပြုလုပ်နေကျအမူကိုပြုခြင်း အစရှိသည်တို့သည် ကြံစည်အားထုတ်၍ သိသိမှတ်မှတ်ပြုရသော (ဝါ) စိတ် ရှေ့ဆောင်သောအမူများမဟုတ်ဘဲ အမူတစ်ခုကို ထပ်တလဲလဲပြုရာမှ အလေ့အထ ရလာ၍ အလွယ်တကူ အမှတ်မထင်ပြုသော အကျင့်များ ဖြစ်လေသည်။

လူတို့၏အခြားများစွာသော အပြုအမူများသည်လည်း စိတ်၏စေဆော် တိုက်တွန်းမှုမရှိဘဲ ရုပ်ဓာတ်၏တုံ့ပြန်သော သဘောသတ္တိကို စွဲမှီ၍ဖြစ်၏။ အလိုလိုတုံ့ပြန်မှုနှင့် အခြေအနေအရ တုံ့ပြန်မှုဟူ၍ တုံ့ပြန်မှုနှစ်မျိုးရှိ၏။ ပူသော အရာဝတ္ထုတစ်ခုကို လက်နှင့်ထိမိလျှင် လက်ကို ချက်ချင်းရုပ်လိုက်ခြင်း၊ မျက်စိ ထဲသို့ အရာဝတ္ထုတစ်ခု ဝင်သောအခါ မျက်ရည်ယိုခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း စသည်တို့သည် အလိုလိုတုံ့ပြန်မှုများ ဖြစ်၏။ ယင်းတို့ဖြစ်ပေါ်ရန်အတွက် ဦးနှောက် (ဝါ) စိတ်သည် လုံးဝအရေးမပါချေ။ ခွေး၏ ကျောတစ်နေရာကို ပွတ်သပ်ပေးပါက ခွေးသည် ခြေတစ်ဖက်ဖြင့် ထိုနေရာကို ကုတ်ခြစ်ပေလိမ့်မည်။ ဤသည်မှာ ခွေး၏ တုံ့ပြန်မှုဖြစ်၏။ ဖီဆီအိုလိုဂျီပညာရှင်တို့သည် ၎င်း၏ ဦးနှောက်နှင့် ဆက်သွယ်နေသော အာရုံကြောကို ဖြတ်ပစ်သော်လည်း အဆိုပါ တုံ့ပြန်မှုများ ရှိမြဲရှိနေသည်ကို တွေ့ကြရ၏။

အခြေအနေအရ တုံ့ပြန်မှုသဘောကိုကား ရုရှားပညာရှင် ပက်ဗလော့၏ သုတေသနပြုချက်အရ ကျွန်ုပ်တို့ အတန်အသင့်အမှာ သိရှိရ၏။ ပက်ဗလော့သည် ခွေးများ၏တုံ့ပြန်မှုကို လေ့လာရာမှ သိရသည်ကား ခွေးသည် အစာကို မြင်သောအခါ သွားရည်ကျ၏။ ခွေးအား အစာပြသောအခါတိုင်း ခေါင်းလောင်းတီးပေးပါက နောက်ကာလ၌ ခွေးသည် အစာကိုမမြင်ရဘဲ ခေါင်းလောင်းသံကြားကာမျှဖြင့် သွားရည်ကျလာ၏။ အခြား အသံ၊ အရောင်အဆင်း၊ ပုံသဏ္ဍာန်၊ အတွေ့အထိစသော အာရုံများဖြင့် အမျိုးမျိုးပြောင်းလဲ၍ စမ်းသပ်လေ့လာသော အခါ၌လည်း ထိုအာရုံများသည် ခွေးအား သွားရည်ကျအောင် ပြုလုပ်နိုင်ကြောင်း တွေ့ရ၏။

ဤသို့အခြေအနေအရ တုံ့ပြန်မှုသဘောကို ကလေးသူငယ်များနှင့် စမ်းသပ်ကြည့်ရာမှလည်း စိတ်ပညာရှင်တို့ တွေ့ရှိကြရ၏။ ကြွက်ဖြူကလေးများနှင့် ပျော်ရွှင်စွာကစားနေသော ကလေးသည် ကျယ်လောင်သော အသံတစ်ခုကို ကြားရပါက ထိတ်လန့်သွား၏။ ကြွက်ဖြူများနှင့် ကစားသောအခါတိုင်း ထိုအသံကို ဖြစ်ပေါ်စေပါက အသံနှင့် ကြွက်ဖြူသည် ဆက်စပ်သွား၍ နောက်ဆုံးတွင် ကလေးသည် မည်သည့်အသံကိုမျှ မကြားသော်လည်း ကြွက်ဖြူကိုမြင်သည်နှင့် တစ်ပြိုင်နက် ကြောက်ရွံ့၍ထွက်ပြေး၏။ ထိုနည်းအတူ အချို့လူတို့ အိမ်မြှောင်းပိုးဟပ်စသည်ကို ကြောက်ခြင်း၊ လူစိမ်းတစ်ယောက်ကို မြင်ရုံနှင့် ချစ်ခြင်း၊ မုန်းခြင်း၊ တစ်စုံတစ်ခုသော ပတ်ဝန်းကျင်၌ စိတ်မသိုးမသန့်ဖြစ်ခြင်း စသည်များသည် ငယ်စဉ်က ကြုံတွေ့ခဲ့ရသော အခြေအနေအရ တုံ့ပြန်မှုများ၏ အကျိုးဆက်များ ဖြစ်လေသည်။

အခြေအနေအရ တုံ့ပြန်မှုကို စူးစမ်းလေ့လာရာမှ သိရှိရသောအချက်များမှာ ရုပ်ဝါဒကို ပိုမိုခိုင်မာအောင် အကျိုးပြုသော အချက်များဖြစ်၏။ ရုပ်ဝါဒ အလိုအားဖြင့် လူ၏ အပြုအမူမှန်သမျှသည် အာရုံငါးပါးနှင့် နား၊ မျက်စိစသော အကြည်ဓာတ်များ ပေါင်းဆုံမိရာမှ ဖြစ်ပေါ်လာ၍ စိတ်လှုပ်ရှားမှုဟူသမျှသည် ရုပ်တရား၌ အခြေခံသည်မှန်ပါက အဘယ်ကြောင့် တစ်ခါတစ်ရံ အသေးအဖွဲ အာရုံကလေးသည် ကြီးမားသော စိတ်လှုပ်ရှားမှု (ပုံစံအားဖြင့် ကြွက်ကိုမြင်ရုံနှင့် အလွန်အမင်း ကြောက်ရွံ့ခြင်း)မျိုးကို ဖြစ်စေပါသနည်းဟု စောဒကတက်ရန် ရှိပေရာ ရှေးအခါက ရုပ်ဝါဒီတို့သည် နာဗ့်ကြောစနှင့် ဦးနှောက်တို့၏ အတိုင်းမသိ နက်နဲဆန်းကြယ်မှုကို ထောက်ပြ၍ ယင်းတို့၏သဘာဝကို လေ့လာမှု ပြီးဆုံးသော နောင်တစ်နေ့၌ ဤမေးခွန်း၏အဖြေ ထွက်ပေါ်လာလိမ့်မည်ဟု

ဆိုကြ၏။ ယခုအခါ၌မူ နာဗ့်ကြောစနစ်နှင့် ဦးနှောက်တို့ကို ပိုမို၍ စေ့ငုသေချာစွာ လေ့လာနေရန် မလိုတော့ချေ။ ပညာရှင်တို့၏ စူးစမ်းလေ့လာချက်အရ လူတို့၏ ကြီးမားသော စိတ်လှုပ်ရှား ခံစားရမှုများသည် မထင်ရှားသော ပတ်ဝန်းကျင် အခြေအနေအရ တုံ့ပြန်ချက်များ ဖြစ်နိုင်ကြောင်း သိရပေပြီ။

သို့ဖြင့် ယခုခေတ် စိတ်ပညာဆရာတို့သည် လူ၏ စိတ်ပိုင်းဘဝကို ရုပ်တရားဖြင့် ရှင်းပြကြ၏။ စိတ်လှုပ်ရှား ခံစားရခံမှုဟူသမျှသည် ရုပ်ဝတ္ထု (နာဗ့်ကြောစနစ်နှင့် ဦးနှောက်)အတွင်း လှုပ်ရှားပြောင်းလဲမှုများ ဖြစ်သည်ဆို၏။ လူ၏အပြုအမူများကို လေ့လာရာ၌ စိတ်ကို လုံးဝထည့်သွင်းစဉ်းစားမှု မပြုလို ကြချေ။ ဂျေဘီဝပ်ဆင်အမူးရှိသော ပညာရှင်တစ်စုကမူ စိတ်ဖြစ်စဉ်အားလုံး သည် ကိုယ်တွင်း၌ဖြစ်သော ရုပ်ဖြစ်စဉ်များဖြစ်၍ စိတ်ကူးကြံစည်ခြင်း၊ စဉ်းစား တွေးခေါ်ခြင်းသည်ပင် အသံအိမ်လှုပ်ရှားခြင်း (ဝါ) အသံမထွက်ဘဲ စကားပြော ခြင်း တစ်မျိုး ဖြစ်သည်ဟု ခံယူကြ၏။

သူတို့အမြင်အားဖြင့် လူသတ္တဝါ၌ ကြောက်ခြင်း၊ စိတ်ဆိုးခြင်း၊ ချစ်ခြင်း စသော အနည်းငယ်သော ခံစားမှုမှတစ်ပါး အခြားခံစားမှုနှင့် အလိုဆန္ဒများမှာ ငယ်စဉ်ကတည်းက အလိုအလျောက် ပါလာသည်မဟုတ်။ ဇာတိစိတ်ဟူ၍မရှိ။ သားသမီးက မိဘထံမှ စိတ်ဓာတ်စရိုက်ကို ဗီဇဆက်ခံခြင်းမရှိ။ ကလေးသူငယ်၏ ကြီးပွားမှု၌ စိတ်သည် ဘာမျှအရေးမပါ။ ပတ်ဝန်းကျင်သည်သာ ပဓာနဖြစ်၏။ ကလေးသည် ကျန်းမာ၍ လိုအပ်သောပတ်ဝန်းကျင်ကို ဖန်တီးပေးပါက ကျွန်ုပ်တို့ အကြိုက် ပုံသွင်းပေးနိုင်သည်။ ထိုသို့ ပုံသွင်းရန်အတွက် အရေးပါသောအချက်မှာ စိတ်မဟုတ်၊ အထက်ကဖော်ပြခဲ့သော အလိုလိုတုံ့ပြန်မှု သဘောဟုရေးသာလျှင် ဖြစ်သည်ဟု ယုံကြည်ကြ၏။

ဤသည်မှာ လူ့စိတ်နှင့် ပတ်သက်၍ ရုပ်ဝါဒရှုထောင့်မှ တစ်ဖက်စွန်း ရှုမြင်ခံယူချက်များဖြစ်၍ ယခုခေတ် စိတ်ပညာရှင်အများစု၏ ခံယူချက်မဟုတ် ချေ။ သို့ရာတွင် အများအားဖြင့် စိတ်ပညာရှင်တို့သည် ထိုသို့ လူ့အပြုအမူ များကို လေ့လာရာ၌ စိတ်ကို လုံးဝပယ်မထားစေကာမူ တသီးတခြား နေရာ မပေးဘဲ ရုပ်တရား၏ အဆွယ်အပွားအနေဖြင့်သာ အသိအမှတ်ပြုလိုကြ၏။ စိတ်က ရုပ်အားပြုပြင်မှုကို ငြင်းကွယ်၍ ရုပ်ကစိတ်ကို အကျိုးပြုမှုကိုသာ အလေးအနက် ထောက်ပြကြ၏။ စိတ်ကို ရုပ်တရားက ပြုပြင်မှု၊ သို့မဟုတ် လူ၏ စိတ်ဓာတ်စရိုက်နှင့် ရုပ်တရားဆက်သွယ်နေမှုကို ပညာရှင်တို့ သုတေသန ပြုရာမှ တွေ့ရှိရသော အထောက်အထားများမှာလည်း စင်စစ် မနည်းလှချေ။

ပုံစံအားဖြင့် စိတ္တဇဝေဒရှင်တို့၏ ဦးနှောက်များ ပုံမမှန်မှုသည် ၎င်းတို့၏ ဦးနှောက်လှိုင်း ဇယားမှတ်တမ်းများ၌ ထင်ရှား၏။ မကောင်းသော အလေ့အကျင့်များကိုဖြတ်သော နည်းတစ်နည်းမှာ အခြေအနေအရ တုံ့ပြန်သော ရုပ်သဘောတရားကို အမှီသဟဲပြုသော နည်းဖြစ်၏။ ထိုနည်းအရ အရက်သမားများကို ကုသရာ၌ လူနာကို အော့အန်ပျို့တက်စေသော ဆေးများကိုပေး၍ ဆေးအစွမ်းပြခါနီး၌ အရက်ကိုမြင်စေ၊ အနံ့ခံစေ, သောက်ကြည့်စေရ၏။ ဤသို့ဖြင့် အရက်နှင့် ပျို့အန်ဆေးသည် သဟဇာတဖြစ်လာ၍ လူနာသည် အရက်ကို မြင်ကာမျှဖြင့် ပျို့အန်လိုပြီးလျှင် နောက်ဆုံး၌ အရက်ပြတ် သွားပေလိမ့်မည်။ မကြာသေးမီက သိပ္ပံပညာတို့သည် လူဆိုးသူဆိုးများ၏ ဗီဇဓာတ်ကို အရင်းအမြစ်ကျကျ စူးစမ်းလေ့လာကြရာ၌ ၎င်းတို့မှာ အများအားဖြင့် လူကောင်းများနှင့်မတူဘဲ ဗီဇမျိုးစေ့တစ်ခု အပိုပါရှိကြောင်း တွေ့ကြရပေပြီ။

ရုပ်ဝါဒကို အထောက်အကူပြုသော အခြားသိပ္ပံပညာမှာ သတ္တဗေဒပညာဖြစ်၏။ သတ္တဗေဒအလိုအားဖြင့် လူသည် တိရစ္ဆာန်နှင့် အခြေခံသဘာဝ နီးစပ်သော သတ္တဝါဖြစ်၍ တိရစ္ဆာန်လောကကို စိုးမိုးနေသော ဓမ္မတာနိယာမများကို မလွန်ဆန်နိုင်ချေ။ ထိုနိယာမများအရ တိရစ္ဆာန်သည် ရုပ်ဓာတ်၊ ရုပ်ကောင်သက်သက်ဖြစ်၍ စိတ် ဟုခေါ်သော သတ္တိစွမ်းအင်မရှိ။ လူသည်လည်း ထို့အတူ ရုပ်ဓာတ်ဖြင့်သာ ပြီး၏။ လူက တိရစ္ဆာန်ထက် အဆင့်အတန်းမြင့်ခြင်းမှာ စိတ်စွမ်းအားကြောင့် မဟုတ်။ နာဗ်ကြောစုနှင့် ဦးနှောက်စသော ရုပ်တရားများ အလွန့်အလွန် တိုးတက်ဖွံ့ဖြိုးသောကြောင့် ဖြစ်၏။ ဤနေရာ၌ ရှေ့က ဖော်ပြခဲ့သော သတ္တဝါတို့ အဆင့်ဆင့်ပြောင်းလဲမှု အီဗော်လူးရှင်းနိယာမတရားကို ပြန်လည်စဉ်းစားရာ၏။

သတ္တဝါတို့သည် မျိုးစုအားဖြင့် အမျိုးမျိုး ကွဲပြားခြားနား၍ အမျိုးအနွယ် အနမတဂ္ဂများပြားလှသော သတ္တလောကကြီး ပေါ်ထွန်းလာခဲ့ခြင်းမှာ သက်ရှိတို့၏ ဖြစ်စဉ် သံသရာတစ်လျှောက်လုံး၌ လက္ခဏာအင်္ဂါများ အမျိုးမျိုး ပြောင်းလဲခဲ့သောကြောင့် ဖြစ်၏။ အသက်ရှင်ရန်အတွက် ရန်းကန်လှုပ်ရှားရာ၌ အထောက်အကူဖြစ်သော လက္ခဏာအင်္ဂါများသည် သားစဉ်မြေးဆက် တည်မြဲ၍ သတ္တဝါ၏ ဘဝတိုက်ပွဲ၌ အကျိုးမဲ့ပြုသော လက္ခဏာအင်္ဂါများမှာ ကြာရှည် မတည်မြဲနိုင်ချေ။ ဒါဝင်၏ အလိုအားဖြင့် ထိုဂုဏ်အင်္ဂါများသည် အကြောင်းမဲ့ အလိုလိုဖြစ်ပေါ်လာ၍ အချို့ဆရာတို့ကမူ ယင်းတို့ဖြစ်ပေါ်ခြင်းမှာ သတ္တဝါက မိမိပတ်ဝန်းကျင်နှင့် သင့်မြတ်အောင် ပြုမူနေထိုင်သော အလေ့အကျင့်ကြောင့်

ဖြစ်သည်ဆို၏။ မည်သို့ဆိုစေ၊ သတ္တဝါမျိုးစုတစ်စု၏ ရုပ်အင်္ဂါအမူအရာနှင့် စရိုက်လက္ခဏာများ တသီးတခြားဖြစ်လာခြင်းသည် သတ္တဝါတို့၏ သိမှတ်မှု၊ ကြံစည်အားထုတ်မှု၊ ရှေးရှုမျှော်မှန်းမှုအပေါ်၌ မတည်ဘဲ ရုပ်ဝတ္ထုအခြေအနေ၌ အရင်းမူလရှိကြောင်း သတ္တဗေဒဆရာတို့ တညီတညွတ်တည်း ခံယူထားကြ၏။ တစ်နည်းဆိုသော် သတ္တဗေဒ အမြင်အားဖြင့် လူသတ္တဝါ၏ ဖြစ်စဉ်သမိုင်း၌ စိတ်အတွက် နေရာကဏ္ဍ မရှိချေ။

စိတ်၏စွမ်းအင်သတ္တိကို ရှေးလူတို့ ယုံကြည်ခဲ့ကြခြင်းမှာ စင်စစ် လူသားကို စကြဝဠာ၏ အရှင်သခင်အနေဖြင့်၊ သို့မဟုတ် စကြဝဠာထဲရှိ အခွင့်ထူးခံ ထိပ်တန်းသတ္တဝါအနေဖြင့် ရှုမြင်ခဲ့ကြသောကြောင့် ဖြစ်၏။ လူသည် အပြင်ပန်းအားဖြင့် တိရစ္ဆာန်သတ္တဝါနှင့် များစွာခြားနားသည် မဟုတ်။ တိရစ္ဆာန်ကဲ့သို့ အိပ်ခြင်း၊ စားခြင်းဖြင့် အသက်ရှင်ရ၍ တိရစ္ဆာန်ကဲ့သို့ပင် အိုခြင်း၊ နာခြင်း၊ သေခြင်း ဘဝဇာတ်သိမ်းရ၏။ သို့ရာတွင် သက်ရှိလောက၌ လူသည် အဆင့်အတန်းအမြင့်မားဆုံး သတ္တဝါဖြစ်နေခြင်းမှာ ယုံမှားစရာမရှိချေ။ ဤသို့ အထွတ်အထိပ်သို့ ရောက်ရှိနေခြင်းသည် လူ့စိတ်၏ စွမ်းအင်သတ္တိကြောင့်သာလျှင် ဖြစ်ရပေမည်။ အဘယ်ကြောင့်ဆိုသော် လူ၏ ဝိသေသလက္ခဏာမှာ စိတ်စွမ်းအားဖြစ်၍ ထိုစိတ်ဓာတ်သတ္တိသည် သတ္တလောက၌ လူသာလျှင်ရှိခဲ့သော ဂုဏ်အင်္ဂါ ဖြစ်လေသည်။

သို့ရာတွင် ဒါဝင်၏ အီဗော်လူးရှင်း နိယာမတရားအရ လူသည် နဂိုမူလက တိရစ္ဆာန်အဖြစ်မှ တရွေ့ရွေ့ အဆင့်ဆင့် ပြောင်းလဲလာခဲ့သည်မှန်ပါက လူနှင့်တိရစ္ဆာန်ကို တိကျပြတ်သားစွာ ခွဲခြားသတ်မှတ်ထားသော အရာဟူ၍ မရှိနိုင်ချေ။ စိတ်သည် လူ၏ ဝိသေသဂုဏ်အင်္ဂါဖြစ်ခြင်းမှာ တိရစ္ဆာန်၌ ထိုဂုဏ်သတ္တိမရှိဘဲ လူ၌သာလျှင် ရှိသောကြောင့်မဟုတ်။ လူ့စိတ်က တိရစ္ဆာန်စိတ်ထက် အဆင့်အတန်း သာလွန်နေသောကြောင့်ဖြစ်၏။ သို့တစေလည်း ဆိုက်ကိုအနာလစ် ခွဲစိတ်ပညာရှင်တို့၏ အလိုအားဖြင့် လူတို့၏ ယေဘုယျ အခြေခံစိတ်နေစရိုက်မှာ ရန်းရင်းကြမ်းတမ်း၍ တိရစ္ဆာန်စိတ်ထက် များစွာ သာလွန်မြင့်မားပါသည်ဟု မဆိုသာချေ။ လူတို့ လိမ္မာယဉ်ကျေးနေခြင်းသည် စိတ်တန်ခိုးသတ္တိကြောင့်မဟုတ်ဘဲ အစဉ်အလာ၊ ယုံကြည်ချက်၊ ဓလေ့ထုံးစံ၊ သမိုင်းအမွေအနှစ်စသော ပတ်ဝန်းကျင်တရားများက စီမံပြုပြင်သောကြောင့် ဖြစ်တန်ရာ၏။

စိတ်၏တန်ခိုးသတ္တိကို ယခုကာလ ပညာရှင်တို့ မယုံကြည်ကြခြင်း၏ အကြောင်းရင်းတစ်ခုမှာ ၎င်း၏ တသီးတခြား လွတ်လပ်မှုကို အသိအမှတ်

မပြုလိုမှုဖြစ်၏။ လူသည် မိမိကိုယ်မိမိ အစိုးမရကြောင်း ယူဆရန် အကန်ခိုင်မာသော အထောက်အထားများကို လွန်ခဲ့သောအခန်း၌ ပြဆိုခဲ့ပေပြီ။ သိပ္ပံဆရာတို့သည် မည်သည့် သင်္ခါရဓမ္မမဆို အကြောင်းတရားရှိ၍သာလျှင် ဖြစ်ပျက်သည်ဟု အစွဲအမြဲယုံကြည်ကြပေရာ ဤအကြောင်းအကျိုး နိယာမတရားအတွက် လူ၏စိတ်ပိုင်းဘဝကို ခြွင်းချက်မထားလိုကြချေ။ ထိုနိယာမနှင့်အညီ စိတ်သည် အကြောင်းတရားတစ်ခုခု (ပုံစံအားဖြင့် ဦးနှောက်အတွင်း ဖြစ်ပျက်မှု၊ သို့မဟုတ် ပတ်ဝန်းကျင်ဖြစ်ပျက်မှု)ကို စွဲမှီ၍ ဖြစ်ပျက်လှုပ်ရှားရသည်ဟု ခံယူကြ၏။ တစ်နည်းဆိုသော် စိတ်သည် အလိုအလျောက် ကြံစည်မှု၊ ခံစားမှု၊ သိမှတ်မှု စသည်တို့ကို ပြုလုပ်နိုင်စွမ်း မရှိချေ။ ထိုသို့ ကိုယ်ပိုင်သတ္တိမရှိဘဲ ရုပ်တရားကို မှီ၍ဖြစ်ရသော စိတ်သည် အသို့လျှင် လူ့လောက၊ လူ့ဘဝ၌ မူလဘူတပဓာနတရား ဖြစ်နိုင်ပါမည်နည်း။

စိတ်၏ ပိုင်ရှင်လူသားမှာလည်း စိတ်ကို ကျွန်ုပ်တို့ အလွန်အမင်း အထင်ကြီးရလောက်အောင် စကြဝဠာထဲ၌ အထွတ်အထိပ် နေရာရထားသော သတ္တဝါမဟုတ်ချေ။ စကြဝဠာရှုထောင့်မှကြည့်လျှင် လူတို့၏ ကမ္ဘာသည်လည်းကောင်း၊ သတ္တလောကသည်လည်းကောင်း မည်သို့မျှ အရေးမပါ အရာမရောက်ကြောင်း ရှေ့၌ပြဆိုခဲ့ပေပြီ။ ကမ္ဘာ၏ သက်တမ်းနှင့်စာသော် ကမ္ဘာပေါ်၌ အသက်ဇီဝ ဖြစ်ထွန်းလာသည်မှာ ခဏမျှသာရှိသေး၏။ စကြဝဠာထဲ၌ အသက်ဇီဝကင်းသော ကမ္ဘာများမှာလည်း အသင်္ချေနှင့်အနန္တ ရှိကြ၏။ သက်ရှိတို့သည် ကျွန်ုပ်တို့၏ကမ္ဘာ၌ ထာဝရတည်မြဲနေမည်လည်းမဟုတ်ဘဲ တစ်နေ့သောအခါ၌ ကမ္ဘာနှင့် စကြဝဠာ၏ အခြေအနေအရ လုံးဝဆိတ်သုဉ်းကြရမည် ဖြစ်၏။ တစ်နည်းဆိုသော် အသက်ဇီဝသည် စကြဝဠာ၌ ဦးတည်ချက်မရှိဘဲ မတော်တဆ အမှတ်မထင်ဖြစ်ပေါ်ခဲ့၍ နောက်ဆုံးတစ်နေ့၌ အမှတ်မထင် ချုပ်ပျောက်ရမည် ဖြစ်ပေရာ ယင်းကိုစွဲမှီ၍ဖြစ်သော စိတ်သည် စကြဝဠာ၏ မူလဘူတတရား ဖြစ်သည်ဟု ယူဆရန်အကြောင်းမရှိချေ။

ဤသို့ဖြင့် သတ္တဗေဒ၊ နက္ခတ္တဗေဒ၊ စိတ္တဗေဒစသော ယခုခေတ် သိပ္ပံပညာရှင်များသည် ရုပ်ဝါဒကို ထောက်ခံလျက်ရှိကြ၏။ အချို့သော သိပ္ပံဆရာတို့သည် ထာဝရဘုရားရှိသည်။ စကြဝဠာ၌ ဦးတည်ချက်ရှိသည်။ စိတ်က ရုပ်တရားကို ပြုပြင်နိုင်စွမ်းရှိသည် စသည်ဖြင့် ယုံကြည်ကြ၏။ သို့ရာတွင် ထိုသို့ ရုပ်ဝါဒနှင့် ဆန့်ကျင်ဘက် ယုံကြည်ချက်များရှိခြင်းမှာ ရိုးရိုးပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အနေဖြင့် ခံယူထားခြင်းဖြစ်၍ သဘာဝဓမ္မ၊ အသက်ဇီဝနှင့်

လူ့ဘဝကို စူးစမ်းလေ့လာရာ၌ကား သိပ္ပံဆရာအားလုံးသည် ရုပ်ဝါဒကို အလေးအနက် ယုံကြည်ကြ၏။ မယုံကြည်လျှင်လည်း မဖြစ်ချေ။ အဘယ်ကြောင့်ဆိုသော် သိပ္ပံပညာ၏ အခြေခံသဘောနှင့် စူးစမ်းမှုသည် ရုပ်ဝါဒ၌ အရင်းမူလရှိ၏။ သိပ္ပံပညာသည် စကြဝဠာအား အကြောင်းတရား အုပ်စိုးမှုကို အကြွင်းမဲ့ယုံကြည်၍ ထိုနိယာမတရားနှင့်အညီ ဒိဋ္ဌဓမ္မ စူးစမ်းလေ့လာမှုကို ရှေ့တန်းသို့ တင်ထားပေရာ ဤသည်မှာ ရုပ်ဝါဒအမြင်နှင့် ထပ်တူဖြစ်၏။

ထို့ကြောင့် သိပ္ပံပညာ၏ အကြောင်းတရား နိယာမဘောင်အတွင်း၌လည်းကောင်း၊ ဒိဋ္ဌဓမ္မ စူးစမ်းမှုနယ်၌လည်းကောင်း ရုပ်ဝါဒနှင့်ဆန့်ကျင်သော အတွေးအခေါ်များအတွက် နေရာကဏ္ဍမရှိချေ။ သိပ္ပံဆရာသည် စကြဝဠာတစ်ခုလုံးကို စက်ယန္တရား တစ်ခုအနေဖြင့် ရှုမြင်၏။ စက်ယန္တရား၏ အင်္ဂါအစိတ်အပိုင်းတို့သည် တစ်ခုကိုတစ်ခုအမှီပြု၍ အလုပ်လုပ်ကြသကဲ့သို့ စကြဝဠာထဲရှိ သင်္ခါရဓမ္မတို့သည် တစ်ခုနှင့်တစ်ခု အကြောင်းအကျိုး ဆက်သွယ်၍ ဖြစ်ပျက်နေကြရကား အကြောင်းတရား (ဝါ) ရုပ်တရားနှင့်ကင်းသော သင်္ခါရဓမ္မကို ရှာ၍မရအပ်ချေ။ အသက်ဇီဝနှင့် စိတ်၏သဘာဝကို လေ့လာရာ၌လည်း သိပ္ပံပညာ၏ခံယူချက်မှာ ထိုနည်းအတူဖြစ်၏။ သတ္တဗေဒဆရာသည် သတ္တဝါကို စက်ပစ္စည်းကဲ့သို့ စွဲမှတ်၍ စူးစမ်းလေ့လာ၏။ သူ၏အမြင်အားဖြင့် သတ္တဝါ၏ ကြီးပွားမှုသည် ပတ်ဝန်းကျင်နှင့် ခန္ဓာကိုယ်ရုပ်ဝတ္ထု၏ အကြောင်းအကျိုး ဆက်သွယ်မှုပေါ်၌ တည်၏။ ထို့အတူ စိတ်ပညာရှင်သည်လည်း လူ၏စိတ်ပိုင်းဘဝကို ဦးနှောက်အာရုံကြော စသည်တို့၌ အခြေခံသော အပြုအမူအနေဖြင့် လေ့လာ၍ စိတ်၏ သီးခြားစွမ်းအင်အတွက် နေရာမပေးချေ။

သိပ္ပံဆရာသည် ရုပ်ဝါဒကို ဆုပ်ကိုင်ထားရမည်ဖြစ်သော်လည်း ဒဿနိကဆရာမှာမူ ရုပ်ဝါဒကို စွန့်ပယ်မှ ဖြစ်ပေလိမ့်မည်။ အကြောင်းမူ ရုပ်ဝါဒသည် သိပ္ပံပညာနှင့် ဘောင်ဝင်သည်နှင့်အမျှ ဒဿနိကဗေဒနှင့် ဆန့်ကျင်လျက်ရှိ၏။ ဒဿနိကဆရာသည် ရုပ်ဝါဒကို လက်ခံယုံကြည်ရမည်ဖြစ်ပါက စကြဝဠာနှင့် လူ့ဘဝ ပြဿနာများကို ဆင်ခြင်သုံးသပ်နေရန် လိုမည်မဟုတ်ချေ။ ဤလူ့ပြည်သည် အပ္ပမာဏအာကာသနှင့် အသချေ်ယျ အချိန်ကာလ၌ သမုဒ္ဒရာထက် ခဏတက်သည့် ရေပွက်ပမာ ဘာမျှအရာမထင်သော တဒင်္ဂသင်္ခါရဓမ္မမျှသာ ဖြစ်သည် မှန်ပါက စကြဝဠာနှင့် လူ့ဘဝ လူ့လောကအကြောင်း တွေးခေါ်မှုများသည် အချည်းနှီး ဖြစ်ပေရာ၏။

ပုံစံအားဖြင့် ဒဿနိကဆရာသည် လူ၏ကိုယ်ကျင့်တရားအကြောင်းကို

တွေးခေါ်သုံးသပ်၏။ ကိုယ်ကျင့်တရားမည်သည် လူသည် မိမိကိုယ်မိမိ အထိုက်အလျောက် အစိုးရပါသည် (ဝါ) မိမိကောင်းမည်ထင်သောအမှုကို လွတ်လပ်စွာ ပြုလုပ်နိုင်စွမ်းရှိသည် ဟူသော ခံယူချက်အပေါ်၌ အခြေပြုသော တရားဖြစ်ပေရာ အကြောင်းအကျိုးနိယာမတရားကို အစွဲအမြဲဆုပ်ကိုင်၍ လူ၏လွတ်လပ်မှု (ဝါ) မိမိကိုယ်မိမိ အစိုးရမှုကို လုံးဝပယ်သော ရုပ်ဝါဒ၏ အတွေးအခေါ်နယ်ထဲ၌ အကျင့်သီလအတွက် နေရာကဏ္ဍ မရှိနိုင်ချေ။ တစ်ဖန်တုံ ဒဿနိကဆရာ၏ ဉာဏ်ကျက်စားရာ အခြား အကြောင်းရပ်တစ်ခုမှာ မှန်ကန်စွာ စဉ်းစားတွေးခေါ်မှု (ယုတ္တိဗေဒ)ဖြစ်၏။ ယုတ္တိဗေဒကို လေ့လာသုံးသပ်ရာ၌ ကျွန်ုပ်တို့သည် လူတို့မှာ လွတ်လပ်စွာ တွေးခေါ်နိုင်စွမ်းရှိသည်ဟု ရှေးဦးစွာ ခံယူထားရန် လိုပေလိမ့်မည်။ ရုပ်ဝါဒကဆိုသကဲ့သို့ ကျွန်ုပ်တို့၏ အတွေးအခေါ်များသည် ရုပ်တရား၏ စေ့ဆော်ဖန်တီးမှုများသာလျှင် ဖြစ်သည်မှန်ပါက ယထာဘူတကျကျ စဉ်းစားဆင်ခြင်ခြင်းသည် ဘာမျှအကျိုးကျေးဇူး ဖြစ်ထွန်းမည်မဟုတ်ချေ။

ဤသို့ဖြင့် ရုပ်ဝါဒသည် ဒဿနိက ၏ ခံယူချက်များနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်လျက်ရှိ၏။ သို့ရာတွင် ဒဿနိကဆရာအများစုက ရုပ်ဝါဒကို ပယ်ခြင်းမှာ မိမိတို့၏ခံယူချက်နှင့် ဆန့်ကျင်သောကြောင့်သာလျှင်မဟုတ်။ ရုပ်ဝါဒ၏ မူလအခြေခံတရားများကို ယုံမှားသံသယ ရှိသောကြောင့်လည်း ဖြစ်၏။

ရုပ်ဝါဒီတို့သည် စိတ်ကို လက်တွေ့စမ်းသပ်၍ မရအပ်သောတရား ဖြစ်သည်ဆို၍ မျက်ကွယ်ပြုလိုကြပေရာ အမှန်ဆိုသော် ရုပ်တရား၏ သဘောသရုပ်ကိုလည်း သူတို့ အတိအကျ ရှင်းပြနိုင်ကြသည် မဟုတ်ချေ။ ရုပ်ဓာတ်သည် အဏုမြူများဖြင့် ပြီးသည်ဆို၍ အဏုမြူကို ပရိုတွန်၊ အီလက်ထရွန်၊ နယူထရွန် စသည်ဖြင့် ဓာတ်ခွဲပြကြ၏။ ဤပရိုတွန်၊ အီလက်ထရွန် စသည်တို့၏ ပရမတ္ထသဘာဝကိုကား သိပ္ပံပညာက ကျွန်ုပ်တို့ နားရှင်းအောင် ပြောမပြနိုင်ချေ။ ရုပ်တရားသည် စွမ်းအင်ဖြစ်သည်ဟု ဆို၏။ စွမ်းအင်ဟူသည် အဘယ်သို့သော အရာနည်းဟု မေးပါက ၎င်းမှာ လျှပ်စစ်အားတစ်မျိုးဖြစ်သည်ဟု ဖြေရပေလိမ့်မည်။ လျှပ်စစ်စွမ်းအားဟူသည်မှာ တစ်စုံတစ်ခုသော အမှုကို ပြုလုပ်နိုင်သော စွမ်းအားဖြစ်သည် ဆို၏။ ကျွန်ုပ်တို့သည် ၎င်း မည်သည့်အရာ ဖြစ်သည်ကို မသိ။ ၎င်း၏ လုပ်ဆောင်ချက်များကိုသာလျှင် သိ၏။ ၎င်း၏အလုပ်မှာ ကျွန်ုပ်တို့ အဖို့ ဒိဋ္ဌဓမ္မဖြစ်၍ သိပ္ပံပညာသည် ထိုအလုပ်ကို တိတိကျကျ တိုင်းတာသိရှိနိုင်၏။

တစ်နည်းဆိုသော် သိပ္ပံပညာသည် ရုပ်ဓာတ် ပရမတ္ထသဘာဝကို စေ့ငုသချာစွာ ရှင်းပြနိုင်စွမ်းမရှိချေ။ သိပ္ပံပညာကျော် ဆာအာသာအက်ဒိန်တန်၏

ရေးသားချက်ကို ဖော်ပြရမည်ဆိုသော် "အကယ်၍ ယနေ့ သင်သည် ရူပဗေဒဆရာအား အီသာ၊ သို့မဟုတ် အီလက်ထရွန်သည် မည်သို့သောအရာ ဖြစ်ပါသနည်းဟု မေးမြန်းပါက သူသည် အမှတ်သင်္ကေတအချို့နှင့် ယင်းတို့နှင့်ဆိုင်သော သင်္ချာညီမျှခြင်းများကို ထောက်ပြပေလိမ့်မည်။ သင်္ကေတများသည် မည်သည့်အရာများကို ရည်ညွှန်းပါသနည်းဟု မေးပါက ထိုမေးခွန်းကို ဖြေရန်မှာ ရူပဗေဒ၏ အရာမဟုတ်။ ရူပဗေဒမှာ ထိုသင်္ကေတများ၏ နောက်ကွယ်ရှိ ပရမတ္ထတရားကို နှိုက်ချွတ်လေ့လာရန် နည်းမရှိပါဟု ဆိုပေလိမ့်မည်။"

သို့ဖြစ်၍ ယနေ့သိပ္ပံပညာ၏ ခံယူချက်မှာ တိကျပြတ်သားခြင်းမရှိဘဲ ဇဝေဇဝါ၊ မရေမရာဖြစ်နေသည်ဟု ဆိုရပေမည်။ တစ်ဖက်တွင် လူ့စိတ်ကို သိပ္ပံနည်းကျ လေ့လာသော စိတ္တဗေဒသည် စိတ်ကို တစ်သီးပုဂ္ဂလ အရှိတရားအနေဖြင့် လက်မခံဘဲ စိတ်ဖြစ်စဉ်အားလုံးကို ရုပ်တရားများဖြင့် ရှင်းပြလေ့ရှိ၏။ အခြားတစ်ဖက်၌မူ ရုပ်လောကကို လေ့လာသော ရူပဗေဒသည် ရုပ်ဓာတ်၏သဘာဝကို မသိနားမလည်ကြောင်း ဝန်ခံထား၏။ ဆာအာသာအက်ဒိန်တန်၊ ဂျိမ်းစ်ဂျင်းစသော အချို့ရူပဗေဒပညာကျော်တို့ကမူ ရုပ်လောကအကြောင်း သိပ္ပံပညာ၏ သိရှိရချက်များသည် စိတ်၏ဖန်တီးမှုများသာ ဖြစ်ပါသည်ဟု ဆိုကြလေသည်။

သိပ္ပံပညာသည် ထိုသို့ ရုပ်တရား၏မူလဘူတကို ထောက်ပြနိုင်စွမ်းမရှိ၊ ရုပ်လောက၏နောက်ကွယ်ရှိ ပရမတ္ထတရားကို သိမြင်နိုင်စွမ်း မရှိစေကာမူ ရုပ်ဝါဒကိုကား စွန့်လွှတ်မည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ရှေးပဝေသဏီကစ၍ ယနေ့အထိ ရုပ်ဝါဒအမြင်ဖြင့် စူးစမ်းလေ့လာခဲ့ရာ၌ ထူးခြားစွာ အောင်မြင်ခဲ့၏။ သို့ရာတွင် ဝါဒတစ်ခုကို လက်တွေ့ကျင့်သုံးရာ၌ အောင်မြင်မှုနှင့် ထိုဝါဒ၏ မှန်ကန်မှုသည် တခြားစီ ဖြစ်နေပေရာ၏။ ပုံစံအားဖြင့် လောကလူတို့၌ ထာဝရဘုရား၊ အတ္တဝိညာဉ်၊ တမလွန်ဘဝ စသည်တို့ကို ယုံကြည်မှု၊ မယုံကြည်မှုများရှိပေရာ ထိုယုံကြည်မှု၊ မယုံကြည်မှုများနှင့်အညီ ကျင့်ကြံအားထုတ်ရာမှ ဖြစ်ပေါ်လာသော လူတို့၏ ကြီးပွားချမ်းသာမှုကို ကြည့်၍ ထိုအယူများကို အမှားအမှန် ဆုံးဖြတ်ရန် မဖြစ်နိုင်ချေ။ သိပ္ပံပညာ၏ ရုပ်ဝါဒခံယူချက်များသည် သမုတိသစ္စာနယ်၌ လေးနက်ခိုင်မာ၍ ပရမတ္ထသစ္စာနယ်၌ကား ဘောင်မဝင်ဘဲ ရှိသော် ရှိပေလိမ့်မည်။

စင်စစ် ရုပ်ဝါဒသည် မိမိကိုယ်မိမိ ချေဖျက်သောဝါဒဖြစ်၏။ အကြောင်းမူ ၎င်း၏အလိုအားဖြင့် သင်္ခါရဓမ္မဟူသမျှသည် ရုပ်တရား အခြေခံသည်ဆိုရာ၌

လူတို့၏ အတွေးအခေါ်များသည်လည်း စိတ်ဖြစ်စဉ်အနေဖြင့် ထိုသခ်ါရမ္မ များ၌ ပါဝင်ရမည်ဖြစ်၏။ ရုပ်ဝါဒီ၏ ခံယူချက်သည်လည်း ၎င်း၏ရုပ်ဘဝ(ဝါ) ဦးနှောက်နှင့် ကိုယ်ခန္ဓာအခြေအနေအရ ဖြစ်ပေါ်လာသည်ဟု ဆိုရပေမည်။ သို့ဖြင့် ၎င်းသည် ပတ်ဝန်းကျင် ဒိဋ္ဌဓမ္မကို မညွှန်းဘဲ ကိုယ်ခန္ဓာ၏ ဖြစ်စဉ်ကို ညွှန်း၏။ အမှန်တရားဟူသည် ပတ်ဝန်းကျင်ရှိ ဒိဋ္ဌဓမ္မနှင့် ကင်းကွာ၍ မရစကောင်းချေ။ သို့ဖြစ်၍ ပတ်ဝန်းကျင်နှင့်ကင်း၍ လူ၏ရုပ်ပိုင်းဘဝ၌ အရင်းမူလရှိသော ရုပ်ဝါဒသည် မှားသည်၊ မှန်သည် ဆုံးဖြတ်၍ မရအပ်သော ဝါဒဖြစ်၏။

# ၁၆

လူသည် ဘဝတဏှာဖြင့် သော်လည်းကောင်း၊ သားသမီး သံယောဇဉ်ဖြင့် သော်လည်းကောင်း အသက်ရှင်လျက်ရှိ၍ ထိုတဏှာသံယောဇဉ်၏ ဖိစီးနှိပ်စက်မှုကို ခံနေရသောကြောင့် ဤလူ့ဘုံသည် ယေဘုယျအားဖြင့် ချမ်းသာသုခကင်းစေသော ဒုက္ခဘုံဖြစ်၏။ တဏှာကို အသိပညာဖြင့် နှိပ်ကွပ်မှသာ ဆင်းရဲဒုက္ခမှ လွတ်မြောက်ပေလိမ့်မည်။

# စိတ်ဝါဒ

စိတ်ဝါဒသည်ကား စိတ်သည်သာလျှင် လောကဓာတ် စကြဝဠာ၏ မူလဘူတတရားဖြစ်သည်ဆိုသော ဝါဒဖြစ်၏။ ရုပ်ဝါဒ၏ ဟာကွက်၊ ချွတ်ယွင်းချက်များကို လွန်ခဲ့သောအခန်း၌ ပြဆိုခဲ့ပေပြီ။ ရုပ်ဝါဒသည် စကြဝဠာ၏ အရင်းမူလကို ပြဆိုရာ၌ ပြီးပြည့်စုံသော ဝါဒမဟုတ်ကြောင်း ထင်ရှားလာသည်နှင့်အမျှ စိတ်ဝါဒသည် ပညာရှင်တို့၏ အတွေးအခေါ်နယ်ထဲ၌ ပြန်လည်ထွန်းကားလာ၏။

သိပ္ပံနည်းကျ စိတ်ပညာသည် လူ၏ စိတ်ပိုင်းဘဝကို ရုပ်တရားရှေ့ဆောင်သော သင်္ခါရဓမ္မအနေဖြင့် လေ့လာ၍ စိတ်၏ သီးခြားစွမ်းအင်ကို အသိအမှတ်မပြုကြောင်း ဖော်ပြခဲ့ပေပြီ။ သို့ရာတွင် ပညာရှင်အားလုံးက စိတ်ကို လုံးဝပယ်ထားကြသည် မဟုတ်ချေ။ အချို့ဆရာတို့သည် လူ့အပြုအမူများကို ရုပ်တရားကသာလျှင် စေ့ဆော်ဖန်တီးသည်ဟူသော အဆိုကို လက်မခံဘဲ စိတ်၏ ဝါဒကို အလေးအနက် ထည့်သွင်းစဉ်းစားကြ၏။ ဂတ်စတက် စိတ်ပညာဝါဒီတို့၏ အလိုအားဖြင့် လူသတ္တဝါ၏ စိတ်ပိုင်းဘဝသည် ပတ်ဝန်းကျင်အခြေအနေကို စွဲမှီ၍ဖြစ်၏။ အပြုအမူကို စေ့ဆော်သောတရားကို လူသတ္တဝါ၌သာ ရှာဖွေ၍ မရအပ်ချေ။ တစ်နည်းဆိုသော် သတ္တဝါနှင့် ပတ်ဝန်းကျင်မှာ ခွဲခြား၍မရစကောင်းသော တစ်ခုတည်းသော သင်္ခါရဓမ္မ ဖြစ်၏။ ဤနေရာ၌ ပတ်ဝန်းကျင်ဟူသည် ပြင်ပရုပ်ဝတ္ထု အခြေအနေကို ဆိုလိုသည်မဟုတ်ဘဲ ထိုရုပ်ဝတ္ထုအခြေအနေက စိတ်၌ထင်ဟပ်လာမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သတိပြုရာ၏။

ဤအယူကို တင်ပြသော ပညာရှင်တို့သည် ရှေးဦးစွာ မျောက်များနှင့် သုတေသနပြုခဲ့ကြရ၏။ မျောက်ဝံများ၏ လှောင်အိမ်အပြင်ဘက်၌ ငှက်ပျောသီး ချိတ်ဆွဲ၍ မျောက်ဝံများအား တုတ်ချောင်းများ ပြထား၏။ မျောက်များသည် တစ်ခါတစ်ရံ တုတ်ချောင်းများကို ဆက်စပ်၍ ငှက်ပျောသီးကို ဆွဲသွင်းယူရ၏။ အချို့ စမ်းသပ်မှုများ၌ မျောက်များသည် လှောင်အိမ်မျက်နှာကြက်၌ ဆွဲထားသော ငှက်ပျောသီးများကို စက္ကူသေတ္တာများဆီ တစ်ခုပေါ်တစ်ခုဆင့်၍ တက်ယူကြရ၏။ ဤစမ်းသပ်လေ့လာချက်များအရ မျောက်တို့သည် ပြဿနာတစ်ခုကို ဖြေရှင်းရာ၌ အခြေအနေတစ်ခုလုံးကို သိမြင်အောင် ပြုလုပ်ကြောင်း ထင်ရှား၏။ ထို့အတူ လူသည် တစ်စုံတစ်ခုသောအမှုကို ပြုရာ၌ ပတ်ဝန်းကျင်ရှိ ရုပ်ဝတ္ထုတို့ကို တစ်ခုစီတစ်ခုစီ အကွဲကွဲအပြားပြား ထိတွေ့၍ ပြုမူသည်မဟုတ်။ ပတ်ဝန်းကျင်တစ်ခုလုံးကို ခြုံ၍ သိမြင်ပြီးမှ ပြုမူသည်ဟု ယူဆရန်ရှိ၏။ သိမြင်သည် ဆိုရာ၌ မျက်စိဖြင့်မြင်၍ သိကာမတ္တဖြစ်မှုကို ဆိုလိုသည်မဟုတ်။ ဉာဏ်ဖြင့် (ဝါ) စိတ်ဖြင့် ထိုးသွင်းသိမြင်မှုကို ဆိုလိုခြင်းဖြစ်၏။

အချုပ်ဆိုသော် ဂက်စတက်စိတ်ဝါဒ အလိုအားဖြင့် ဦးနှောက်သည် တသီးတခြားစီဖြစ်သော အာရုံများကို ခံယူ၍ ထိုအာရုံတို့ကို စုစည်းပေါင်းစပ်ပြီး အနက်အဓိပ္ပာယ်ဖော်ပေးသော တရားမှာ စိတ်ဖြစ်၏။ သို့ဖြင့် စိတ်သည် ဦးနှောက်၏ အဆွယ်အပွားဖြစ်၍ ကိုယ်တွင်းရုပ်တရားများ၏ စေ့ဆော်ဖန်တီးမှု မျှသာဖြစ်သည်ဟု ယူဆရန် အကြောင်းမရှိချေ။

အချို့ဆရာတို့ကမူ စိတ်၏ တစ်သီးပုဂ္ဂလသဘာဝကို လက်တွေ့စူးစမ်းလေ့လာ၍ ပြသကြ၏။ စိတ်ပညာရှင်တို့သည် စိတ်၏ အားထုတ်မှုသဘောကို မငြင်းဆိုသော်လည်း ယင်းကို စိတ်၏ တစ်သီးပုဂ္ဂလ လက္ခဏာအနေဖြင့် အသိအမှတ်မပြုဘဲ အလေ့အကျင့်၊ ဗီဇ၊ သတ္တိစသော အကြောင်းအချက်တို့ကို စွဲမှီ၍ ဖြစ်ပေါ်သော အကျိုးတရားအနေဖြင့် မှတ်ယူခဲ့ကြ၏။ သို့ရာတွင် အချို့ဆရာတို့သည် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်၍ စိတ်၏စေ့ဆော်မှုကို အားထုတ်မှုနှင့် ခွဲခြားပြီးလျှင် စိတ်၏ တစ်သီးပုဂ္ဂလ သဘောတရားအနေဖြင့် ပြသခဲ့ကြ၏။ သူတို့၏ သုတေသနပြုချက်အရဆိုသော် စိတ်ကို ရုပ်ခန္ဓာ၏ အဆွယ်အပွားအနေဖြင့် မှတ်ယူရန် မဖြစ်နိုင်ချေ။

ဤသို့ဖြင့် စိတ်ပညာရှင်လောက၌ စိတ်ကို ပကတိအရှိတရားအနေဖြင့် လက်ခံယုံကြည်သော သုတေသီပုဂ္ဂိုလ်တို့ ရှိကြ၏။ သို့ရာတွင် စိတ်ဝါဒ ထွန်းကားလာခြင်းမှာ ထိုပုဂ္ဂိုလ်တို့၏ အဆိုအမိန့်များကြောင့်ချည်း မဟုတ်ဘဲ

ရုပ်ဝါဒအမြင်ဖြင့် စကြဝဠာကို လေ့လာသုံးသပ်၍ စိတ်၏ နေရာကဏ္ဍကို မျက်ကွယ်ပြုလိုသော သိပ္ပံပညာ၏ ဟာကွက်၊ အားနည်းချက်ကြောင့် ဖြစ်၏။ ရုပ်လောကကို လေ့လာရာ၌ အတိအကျ၊ အခိုင်မာဆုံး သိပ္ပံပညာမှာ ရူပဗေဒ ဖြစ်ပေရာ၌ ယနေ့ရူပဗေဒသည် ရုပ်ဒြပ်၏မူလဘူတကို ခြေခြေမြစ်မြစ် နိုက်စစ်၍ မပြနိုင်ကြောင်း၊ ပြင်ပလောကသည် ကျွန်ုပ်တို့ နေ့စဉ်ထိတွေ့နေသော အသံ၊ အဆင်း၊ အနံ့၊ အရသာ၊ ပုံသဏ္ဍာန် စသည့် ရုပ်တရားများမှ ကင်းဆိတ်ကြောင်း လွှန်ခဲ့သော အခန်းများ၌ ပြဆိုခဲ့ပေပြီ။ ထို အဆင်း၊ အနံ့၊ အသံ စသည်တို့သည် စင်စစ် စိတ်က ဖန်တီးသော စိတ္တဇရုပ်များသာလျှင် ဖြစ်သည်ဟု ယူဆရန်ရှိ၏။

ဤအယူမှာ သိပ္ပံပညာအကျော် အတော်များများ လက်ခံယုံကြည်သော အယူဖြစ်၏။ ပါမောက္ခအက်ဒိန်တန်သည် စိတ်ကို သတင်းထောက်အမျိုးမျိုး ထံမှ သတင်းများကို လက်ခံရရှိ၍ ယင်းသတင်းများကို ဝေဖန်ဆန်းစစ်ပြီးလျှင် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် သတင်းဆောင်းပါးတစ် ပုဒ် ဖန်တီးသော သတင်းစာ အယ်ဒီတာနှင့် ပုံခိုင်း၍ ရေးသားထား၏။ သူ၏အလိုအားဖြင့် စိတ်သည် အဆင်း၊ အသံ စသည်ကဲ့သို့ တစ်ဆင့်သိရသော အရာမဟုတ်ဘဲ ကျွန်ုပ်တို့ တိုက်ရိုက်တွေ့ထိရသော တစ်ခုတည်းသော တရားဖြစ်၏။ အခြားနာမည်ကျော် သိပ္ပံပညာရှင်တစ်ဦးကမူ "စိတ်သည် အရင်းမူလတရားဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ ရုပ်တရားသည် စိတ်မှပေါက်ဖွားလာသည်ဟု ထင်မြင်မိပါ သည်။ ကျွန်ုပ်တို့ပြောသမျှ ကျွန်ုပ်တို့က မူလရှိပြီးအနေဖြင့် မှတ်ယူထားသမျှ သည် စိတ်ကိုမှီ၍ ဖြစ်ပါသည်"ဟု ဆိုဖူး၏။

အခြားသိပ္ပံပညာကျော်တစ်ဦး၏ အဆိုကား ဤသို့ဖြစ်၏။ စကြဝဠာကို သင်္ချာသဘောတရားများအနေဖြင့် ခွတ်ခွဲ၍ ကြည့်အပ်၏။ အကြောင်းမူ ရုပ်လောကကို ကျွန်ုပ်တို့ နိုက်ချွတ်လေ့လာလေ၊ သင်္ချာသဘောတရားများသည် ထင်ရှားလာလေ ဖြစ်၏။ ယနေ့ ရူပဗေဒအလိုအားဖြင့် အမာခံရုပ်ဒြပ်ဟူ၍ မရှိ။ စကြဝဠာ၌ တည်ဆောက်မှုနှင့် ဆက်သွယ်မှုများသာရှိ၍ ယင်းတို့ကို သင်္ချာပုံသေနည်းများဖြင့် ပြအပ်၏။

သင်္ချာပညာသည် ကျွန်ုပ်တို့ စိတ်ဝိညာဉ်မှ ပေါက်ဖွားလာသော ပညာ ဖြစ်၏။ ၎င်းတို့၏ သဘာဝဓမ္မကို လေ့လာခြင်းဖြင့် ရအပ်သည်မဟုတ်။ ၃၏ သုံးထပ်ကိန်းသည် ၂၇ ဖြစ်သည်။ တြိဂံ၏ အတွင်းထောင့် ၃ ခုပေါင်းသည် ထောင့်မှန် ၂ ခုဖြစ်သည် စသည်တို့မှာ အသိဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ရာမှ တွေ့ရှိသော အချက်များဖြစ်၏။ ပြင်ပလောကရှိ အရာဝတ္ထုတို့သည် ကျွန်ုပ်တို့

တွေ့ရှိသော သင်္ချာဥပဒေသများနှင့် ကိုက်ညီနေပေရာ ဤသည်မှာ အံ့သြဖွယ်ရာဖြစ်၏။ စကြဝဠာ၌ လူသား၏ အရေးမပါမှုကို ထောက်ချင့်သော် စကြဝဠာ၏ လုပ်ဟန်ကို ကျွန်ုပ်တို့နားလည်ရန် အကြောင်းမရှိ။ စကြဝဠာသည် ဘာမျှအဓိပ္ပာယ်မရှိသောအရာ ဖြစ်နေပေရာ၏။ ယခုမူ ၎င်းသည် ကျွန်ုပ်တို့ ဖန်တီးထားသော ဥပဒေသများနှင့်အညီ လုပ်ဆောင်လျက်ရှိ၏။ သို့ဖြစ်ရကား ကျွန်ုပ်တို့၏စိတ်နှင့် ပြင်ပလောကသည် တစ်ခုတည်းစိတ်၏ လုပ်ဆောင်ချက်များသာဖြစ်ရပေမည်။

ဒဿနိကဆရာတို့သည် စိတ်ကို မူလဘူတ အရှိတရားအနေဖြင့် ခံယူကြစေကာမူ ၎င်း၏သဘာဝခြင်းရာ လက္ခဏာကို ဆင်ခြင်သုံးသပ်ရာ၌ကား အတွေးအခေါ် ကွဲပြားခြားနားကြ၏။ ဤနေရာ၌ နာမည်ကျော် ဒဿနိကဆရာ အချို့၏ ထင်မြင်ချက်များကို ဖော်ပြပါအံ့။

ပြင်သစ်ပညာရှင်ဘက်ဂဆင်၏ အမြင်အားဖြင့်ကား သတ္တဝါမျိုးစုတို့၏ အဆင့်ဆင့် ပြောင်းလဲမှုနိယာမတရားသည် သတ္တဝါတို့အား ပတ်ဝန်းကျင်နှင့် ဝင်ဆံ့အောင် ဖန်တီးသောကိစ္စဖြင့် ပြီးသည်မဟုတ်။ ရုပ်ဝါဒီတို့ဆိုသကဲ့သို့ ယင်းကိစ္စသာ ရှိသည်မှန်ပါက အီဗော်လူးရှင်းနိယာမ၏ လုပ်ဆောင်မှုသည် တိရစ္ဆာန်လောက၌ ပြီးဆုံးခဲ့ပေရာ၏။ အဘယ်ကြောင့်ဆိုသော် တိရစ္ဆာန်များသည် လူထက်များစွာ ပိုမို၍ ပတ်ဝန်းကျင်နှင့် အဆင်ပြေသော သတ္တဝါများဖြစ်၏။ ပုံစံအားဖြင့် မျောက်မှာ လူထက်အနာရောဂါနည်း၍ ဆင်သည် လူထက် အသက်ရှည်၏။ စင်စစ် များစွာသော တိရစ္ဆာန်ပိုးမွှားများသည် သင့်တင့်လျောက်ပတ်သော ပတ်ဝန်းကျင်ကိုရရှိ၍ အလွန်လျင်မြန်စွာ မျိုးပွားလျက် ရှိကြပေရာ အကယ်၍ လူတို့က တတ်နိုင်သမျှ ဖျက်ဆီးသုတ်သင်မပစ်ပါက ကမ္ဘာပေါ်၌ ၎င်းတို့သာ ကြီးစိုးမင်းမူနေမည် အမှန်ဖြစ်၏။ သို့ဖြင့် အီဗော်လူးရှင်းနိယာမတရားသည် တိရစ္ဆာန်လောကတွင် လုပ်ငန်းကိစ္စမပြီးဆုံးသေးဘဲ လူသားကို မွေးထုတ်ခဲ့ခြင်းကို ထောက်ရှုဆင်ခြင်ပါက အဆင့်အတန်းမြင့်သော သတ္တဝါကို ဖန်တီးမှု၌ ဦးတည်ချက်ရှိသည်ဟု ယူဆရပေမည်။

ဘက်ဂဆင်၏ အလိုအားဖြင့် စကြဝဠာ၌ အချိန်ကာလနှင့် ပြောင်းလဲခြင်းသည် ပရမတ္ထတရားများဖြစ်၍ ယင်းတို့ကို အီဗော်လူးရှင်းနိယာမတရားက ဖော်ဆောင်လျက်ရှိ၏။ အသက်ဓိဝသည် ထိုတရားနှစ်ပါးကိုမှီ၍ အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါ အဆင့်ဆင့် ကူးပြောင်းတိုးတက်ခဲ့၏။ အပင်များ၌ အသက်ဓိဝသည် ရုပ်ပိုင်း၌ အားကောင်း၍ လှုံ့ဆော်မှုရရှိပြီးလျှင် အချို့အပင်များသည်

နှစ်ပေါင်းတစ်ထောင်ခန့် အသက်ရှည်ကြ၏။ တိရစ္ဆာန်များ၌မူ ပုရွက်ဆိတ်နှင့် ပျားများမှာကဲ့သို့ ဇာတိစိတ်က အားကောင်း၍ အသက်ရှင်နေမှုကို အကျိုးပြု၏။ လူသတ္တဝါ၌ကား ဇာတိစိတ်များအပြင် အသိဉာဏ်ကပါ ကြီးပွားချမ်းသာမှုကို အထောက်အကူပြု၏။ ဤသို့ အဆင့်ဆင့် ပြောင်းလဲတိုးတက်မှု၏ မူလဘူတ တရားမှာ မူလဇီဝဓာတ်ဖြစ်၍ ထိုမူလဇီဝဓာတ်သည် သတ္တလောက၌ ဆန်းသစ်မှုကို အမြဲစေ့ဆော် ဖန်တီးလျက်ရှိ၏။

သို့ဖြစ်၍ ယနေ့ ကျွန်ုပ်တို့မျက်မှောက်၌ မူလဇီဝဓာတ်၏ အမြင့်မားဆုံး ပြယုဂ်ဖြစ်သော လူသား၏သဘာဝကို ရုပ်ဝါဒအမြင်ဖြင့် မကြံစည်အပ်ချေ။ လူသည် သစ်ပင်နှင့် တိရစ္ဆာန်တို့ကဲ့သို့ ရုပ်တရားစိုးမိုးနေသော သက်ရှိမဟုတ်။ ကာမစိတ်၊ ဒေါသစိတ်စသော ဇာတိစိတ်များနှင့် ဓလေ့စရိုက်ဝါသနာများ သာလျှင် ဦးဆောင်နေသော သတ္တဝါလည်း မဟုတ်ဘဲ မိမိအလိုအလျောက် လွတ်လပ်စွာ ကြံစည်တွေးခေါ် ဆုံးဖြတ်နိုင်စွမ်းရှိသော သတ္တဝါဖြစ်၏။ လူ၏ အလိုဆန္ဒ၊ အတွေးအခေါ်၊ လုပ်နည်းလုပ်ဟန်နှင့် လုပ်ဆောင်မှုတို့သည် လူ့သမိုင်း တစ်လျှောက်၌ တစ်ခေတ်နှင့်တစ်ခေတ်မတူ၊ အမြဲ ဆန်းသစ်လျက်ရှိပေရာ ဤသို့ အသစ်တီထွင် ဖန်တီးတတ်ခြင်းသည် အဘယ်မှာ သက်ရှိရုပ်ဒြပ်၏ လက္ခဏာခြင်းရာ ဖြစ်နိုင်ပါမည်နည်း။

လူကို ရုပ်ဒြပ်ရုပ်ကောင် သက်သက်အနေဖြင့် အချို့ပညာရှင်တို့က ရှုမြင်ခြင်းမှာ အသိဉာဏ်က လှည့်စားသောကြောင့် ဖြစ်၏။ အသိဉာဏ်သည် ဦးနှောက်တည်းဟူသော ရုပ်ဝတ္ထုကို မှီ၍ ဖြစ်ပေါ်လာသည်နှင့်အညီ ရုပ်တရား နယ်၌ ကျက်စား၏။ စင်စစ် ၎င်း၏လုပ်ငန်းကိစ္စမှာ လူသားအား ပတ်ဝန်းကျင် ရုပ်လောကနှင့် အံဝင်ခွင်ကျဖြစ်အောင် လမ်းညွှန်ပြသရန်ဖြစ်၍ ၎င်းသည် စကြဝဠာ၏ ရုပ်ပိုင်းသဘောတရား နိယာမများကို ကျော်လွန်၍ မမြင်နိုင်ချေ။ ရုပ်လောကကိုလွန်၍ အမှန်တရားကို သိမြင်ရန်မှာ ပရမတ္ထဉာဏ်၏အရာဖြစ်၏။ ပရမတ္ထဉာဏ်ဟူသည် စဉ်းစားဆင်ခြင်မနေဘဲ အမှန်တရားကို ရုပ်ခြည်းထိုးထွင်း သိမြင်သောဉာဏ်ဖြစ်၍ ဦးနှောက်နှင့် မသက်ဆိုင်ချေ။ ရုပ်တရားစည်းမျဉ်း နိယာမများဖြင့် ဘောင်ခတ်ထားသော သမုတိပညတ်နယ်မှ လွတ်ထွက်၍ အမှန် တရားကို သိမြင်ရန်အတွက် ကျွန်ုပ်တို့သည် စိန္တာမယဉာဏ်ကိုပယ်၍ ပရမတ္ထ ဉာဏ်ကို ယုံကြည်ကိုးစားရပေလိမ့်မည်။

ဤသည်မှာ ပြင်သစ်တွေးခေါ်ရှင် ဘတ်ဂဆင်၏ ခံယူချက်အကျဉ်းချုပ် ဖြစ်၏။ ဘတ်ဂဆင်၏ အတွေးအခေါ်၌ စောကြောဝေဖန်ရန် အချက်များရှိ၏။

လူတို့၏အလိုလိုသိမြင်သော ဉာဏ်သည် အမြဲ ယုံကြည်စိတ်ချရသည်မဟုတ်။ ၎င်းသည် မကြာမကြာ ချွတ်ချော်မှားယွင်းတတ်၏။ အမှန်တရားရှာဖွေရာ၌ အသိဉာဏ်ကို အမြဲပယ်၍လည်း မရစကောင်းချေ။ ဘာတ်ဂဆင်ထောက်ပြသော အီဖော်လူရှင်း နိယာမတရားကို ဒါဝင် တွေ့ရှိရခြင်းမှာ စိန္တာမယဉာဏ်ကို ဒိဋ္ဌိမမှုစမ်းမှုနှင့် တွဲဖက် အသုံးပြုသောကြောင့်ဖြစ်ကြောင်း သတိပြုရာ၏။ လူသည် လွတ်လပ်သည်၊ မိမိကိုယ်မိမိ အစိုးရသည် ဆိုသောစကားမှာလည်း သံသယဝင်စရာများရှိကြောင်း ရှေ့အခန်း၌ ပြဆိုခဲ့ပေပြီ။

အခြားနာမည်ကျော် စိတ်ဝါဒတွေးခေါ်ရှင်မှာ ဂျာမန်တွေးခေါ်ရှင် ဟီဂယ်ဖြစ်၏။ ဟီဂယ်၏ ရေးသားချက်များမှာ ခက်ခဲရှုပ်ထွေး၍ လူအများဖတ်ရှုနားလည်ရန် မလွယ်ကူချေ။ သို့ရာတွင် သူ၏အချို့သော အတွေးအခေါ်များသည် ဒဿနနယ်၌ ထင်ရှား၍ ကွန်မြူနစ်တို့၏လောကအမြင်နှင့် ဂျာမန်နာဇီတို့၏ နိုင်ငံရေးအမြင်၌ အကျုံးဝင်လျက်ရှိ၏။

ဟီဂယ်၏ အလိုအားဖြင့် ကျွန်ုပ်တို့သည် လူ့ဘဝ, လူ့လောကနှင့် စကြဝဠာကို ဆင်ခြင်သုံးသပ်ရာ၌ ကွဲပြားခြားနားမှုများကို တစ်စုတည်း တစ်ပေါင်းတည်းကို မြင်အောင်ရှုပါမှ ယထာဘူတကျ၍ ပရမတ္ထအနှစ်သာရကို တွေ့ရှိရမည်ဖြစ်၏။ ဆိုလိုသည်မှာ လောက၌ ကျွန်ုပ်တို့တွေ့မြင်ရသော သခါရ ဓမ္မနှင့် သက်ရှိသက်မဲ့ ရုပ်ဝတ္ထုတို့သည် တစ်ခုစီ, တခြားစီ အကွဲကွဲအပြားပြား ဖြစ်နေဟန်ရှိသော်လည်း ပရမတ္ထအားဖြင့်ကား တစ်ခုတည်း တစ်သားတည်း ဖြစ်၏။ အကြောင်းမူ ယင်းတို့သည် ဘယ်အခါမျှ တသီးတခြား မရပ်တည်နိုင်ဘဲ တစ်ခုနှင့်တစ်ခု ဆက်စပ်ယှက်နွယ်လျက် ရှိကြပေရာ တစ်ခုအကြောင်းကို ယထာဘူတကျကျ သိရှိလိုပါက ယင်းနှင့် ဆက်စပ်နေသော အရာဝတ္ထု အကြောင်းအချက်များကိုလည်း သိရှိရန်လို၏။ ထိုဆက်သွယ်မှုများမှာ မိုးမဆုံး မြေမဆုံး ဖြစ်၍ စကြဝဠာတစ်ခုလုံးနှင့် ဆိုင်သည်ဟု ဆိုရပေမည်။

ဤသဘောတရားကို ရှေ့၌ ပြဆိုခဲ့ပေပြီ။ ဒဿနဗေဒနယ်၌ ပရမတ္ထ သစ္စာသည် ထိုသို့ တစ်ခုတည်းသာ ရှိသည်ဟူသော အဆို၊ နှစ်ခုသာရှိသည်ဟူသော အဆိုနှင့် အများအပြား ရှိသည်ဟူသော အဆိုဟူ၍ အဆိုသုံးမျိုး ကွဲပြားလျက်ရှိပေရာ ယင်းတို့အနက် ပထမအဆိုသည် အထူးထင်ရှား၍ အချို့သော ကမ္ဘာဘာသာ အယူဝါဒများနှင့် ဘောင်ဝင်သော အဆိုဖြစ်၏။ အချို့သော ကဗျာစာဆိုများသည်လည်း ထိုအဆိုကို ကြိုက်နှစ်သက်ကြ၍ အင်္ဂလိပ်စာဆို အကျော်အမော် တစ်ဦးဖြစ်သော တင်နီဆင်ကမူ ပန်းတစ်ပွင့်အကြောင်း စပ်ဆို

ရာ၌ "အို...အချင်းပန်းကလေး၊ အကယ်၍ ကျွန်ုပ်သည် သင့်အကြောင်းကို အကုန်အစင် သိရှိရပါက လူသည် မည်သို့သော ပုဂ္ဂိုလ်သတ္တဝါဖြစ်ကြောင်း၊ ထာဝရဘုရားသည် မည်သို့သော ဘုရားဖြစ်ကြောင်းကိုလည်း သိရှိရပေလိမ့်မည်" ဟု ရေးသားခဲ့၏။ ဆိုလိုရင်းမှာ ပန်း၏ပရမတ္ထသဘာဝကို သိမြင်ရန် ကျွန်ုပ်တို့သည် ယင်းပါဝင်သော သဘာဝမမွေနယ်ထဲရှိ အခြားအရာများကို သိရမည်။ အရာဝတ္ထုတစ်ခုကို အရင်းအမြစ်ကျကျ သိရှိရန် ၎င်းအား ခြုံငုံထားသော စကြဝဠာတစ်ခုလုံးကို သိမြင်ရမည်ဖြစ်၏။

အရာဝတ္ထုတစ်ခုကို ယင်းနှင့်ဆိုင်ရာ ပတ်ပန်းကျင်တစ်ခုလုံးမှ ခွဲထွက်၍ လေ့လာခြင်းဖြင့် အနှစ်သာရရှာ၍ မရအပ်ချေ။ ပုံစံအားဖြင့် နှလုံး၊ အသည်း၊ ခြေထောက်၊ မျက်စိစသော လူ၏ ကိုယ်အင်္ဂါတစ်ခုခုကို ခန္ဓာကိုယ်မှ ခွဲထုတ်၍ လေ့လာပါက အချည်းနှီးဖြစ်ပေလိမ့်မည်။ အင်္ဂါအစိတ်အပိုင်းများနှင့် တစ်ခုလုံးသည်လည်း အနှစ်သာရအားဖြင့် တခြားစီဖြစ်ကြောင်း အထူးသတိပြုရာ၏။ နား၊ မျက်စိစသော ကိုယ်အင်္ဂါအစုအပေါင်းသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်။ ကဗျာတစ်ပုဒ်သည် စကားလုံးအစုအပေါင်း မည်ကာမတ္တမဟုတ်။ တေးဂီတသည် သီချင်းတေးပြုပုဂ္ဂိုလ်၊ သီဆိုသူ၊ တီးမှုတ်သူနှင့် တူရိယာများကို ပေါင်းစပ်ထားခြင်း မဟုတ်ချေ။ ကဗျာ၏ ရသဂုဏ်မြောက်မှုကို စကားလုံးအစုအပေါင်း၌ ရှာ၍မရအပ်။ တေးဂီတ၏ သာယာငြိမ့်ညောင်းမှုသည် တေးဂီတဖြစ်ပေါ်စေသော အကြောင်းတရား စုစုပေါင်းမျှသာဖြစ်သည်ဟု မဆိုသာချေ။

ဤအချက်များမှာ လူ့ဘဝကို ရုပ်ဝါဒအမြင်ဖြင့် လေ့လာသောသူတို့ စဉ်းစားဆင်ခြင်ရန်ဖြစ်၏။ လူသတ္တဝါကို လူ့လောက သို့မဟုတ် သတ္တလောကမှ ခွဲထုတ်၍ တသီးတခြား လေ့လာပါက ယထာဘူတကျမည် မဟုတ်ချေ။ လူသတ္တဝါအား စိတ္တဗေဒ၊ ဇီဝဗေဒ၊ မနုဿဗေဒ၊ လူသမိုင်းစသော သိပ္ပံပညာ ရှုထောင့်အသီးသီးမှ လေ့လာ၍ သိရှိရသောအချက်များသည် 'လူ'၏ အကြောင်းခြင်းရာကို တစ်စိတ်တစ်ဒေသစီ ဖော်ပြသောအချက်များဖြစ်၏။ ထိုပညာရပ်အသီးသီး၏ တင်ပြချက်များသည် တိကျခိုင်မာ၍ ၎င်းတို့အစုအပေါင်းသည် လူ့အကြောင်း သိသင့်သိအပ်သမျှ အားလုံးကို ခြုံမိငုံမိသည်ဆိုစေ၊ လူ၏ ပရမတ္ထဂုဏ်ကို ထိုးထွင်းသိမြင်ရန်အတွက်မူကား ပြီးပြည့်စုံမည် မဟုတ်ချေ။

အပေါ်ယံအမြင်အားဖြင့် တစ်ခုလုံးသည် အစိတ်အပိုင်းများဖြင့် ဖွဲ့စည်းထား၍ အစိတ်အပိုင်းများ ဖြစ်ပေါ်ပြီးမှ တစ်ခုလုံးဖြစ်လာသည်ဟု ထင်မြင်ရန်ရှိ၏။ အမှန်မှာ တစ်ခုလုံးသည် ဒိဋ္ဌဓမ္မအားဖြင့် အထင်အရှားမရှိစေကာမူ

စိတ်ကူးစိတ်သန်းအားဖြင့်ကား တိကျပြတ်သားစွာ ရှိစမြဲဖြစ်၏။ အိမ်အသစ်တစ်လုံး ဆောက်လုပ်ရာ၌ ရှေးဦးစွာ အလိုရှိသော အိမ်၏ပုံစံကို တိကျသေချာစွာရေးဆွဲရ၏။ လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာ၌ ရှေးဦးစွာ လုပ်ငန်းတစ်ခုလုံး၏ အကြောင်းအချက်များကို ခြုံ၍ ဆင်ခြင်သုံးသပ်မှု၊ ဆွေးနွေးမှုပြုပြီးမှ လိုအပ်သောကိစ္စများကို အသေးစိတ် စီမံဆောင်ရွက်ရ၏။ ပုံစံအားဖြင့် ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရာ၌ ဆိုရှယ်လစ်နိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည်တို့ကို (ဝါ) ဆိုရှယ်လစ်နိုင်ငံ၏ ယေဘုယျ လက္ခဏာဂုဏ်အင်္ဂါများကို နားလည်သဘောပေါက်ပြီးမှ ကုန်ထုတ်လုပ်မှုကို နိုင်ငံပိုင်ပြုလုပ်ခြင်း၊ ပညာရေးစီမံကိန်း ရေးဆွဲခြင်းစသော လုပ်ငန်းများကို ဆောင်ရွက်ရပေလိမ့်မည်။

သို့ဖြစ်၍ တစ်ခုလုံးသည် ရှေးဦးပထမကပင် သဘောတရားအနေဖြင့် ဧကန်မုချ ရှိပြီးဖြစ်ပေရာ အစိတ်အပိုင်းများကို ကြည့်ရှုလေ့လာ၍ တစ်ခုလုံး၏ သဘောသရုပ်ကို ဖော်ထုတ်ရန်မှာ ဒဿနိကဆရာ၏ လုပ်ငန်းကိစ္စဖြစ်၏။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ တွေ့မြင်နေရသော သင်္ခါရဓမ္မများသည် ပရမတ္ထအမှန်တရားများ မဟုတ်။ အမှန်တရား၏ အရိပ်နိမိတ်၊ သဏ္ဌာန်အသွင်ဆောင်သော ဝိသေသတရားများသာဖြစ်၍ ယင်းတို့ကို အမှီပြုပြီးလျှင် အမှန်တရားကို ရှာဖွေရာ၏။ ဟီဂယ်၏အလိုအားဖြင့် မူလဘူတ အမှန်တရားမည်သည် အဆင့်ဆင့် ကြံစည်သုံးသပ်ခြင်းဖြင့် ရရှိအပ်သော တရားဖြစ်၏။ ဟီဂယ်၏တက္ကဗေဒနည်းသည် ဒဿနိကဗေဒနယ်၌ အပြန်အလှန် သုံးသပ်နည်း ဟူသောအမည်ဖြင့် ထင်ရှား၏။

ဟီဂယ်၏ တက္ကဗေဒနည်းအရ အမှန်တရားသည် ရှေ့နောက် ညီညွတ်ရမည်ဖြစ်၏။ လူတို့၏ အတွေ့အကြုံအမြင်၊ အသိအမြင် အတွေးအခေါ်များသည် ပရမတ္ထအသိအမြင် အတွေးအခေါ်များ၏ ပရမတ္ထသစ္စာနယ်သို့မရောက်ဘဲ သမုတိသစ္စာနယ်၌သာ ပြီးဆုံးသောကြောင့် လူတို့၏ခံယူချက် (ဝါ) အဆိုများသည် ရာခိုင်နှုန်းပြည့် အကြွင်းမဲ့ မှန်ကန်သည်ဟူ၍မရှိ။ မည်သည့်အဆိုကိုမဆို စေ့စေ့သေချာစွာ ဆန်းစစ်ပါက ရှေ့နောက်မညီဘဲ ဟာကွက်၊ ချွတ်ယွင်းချက် အနည်းအများရှိသည်ကို တွေ့ရမည်ဖြစ်၏။ သို့ဖြစ်၍ ယင်းနှင့်ဆန့်ကျင်သော အခြား အဆိုတစ်ခုကို စဉ်းစားရန်ရှိ၏။ ထိုအဆိုကို လေ့လာသုံးသပ်ပါက ၎င်းသည်လည်း အပြစ်အနာမကင်းကြောင်း တွေ့ရပေလိမ့်မည်။ သို့ဖြင့် တိုင်ရောဓိ အဆိုနှစ်ခုကို အမှီပြု၍ တတိယအဆိုတစ်ခု ထွက်ပေါ်လာ၏။ တတိယအဆိုသည် ပထမအဆိုနှစ်ခုကို ညှိနှိုင်းပေါင်းစပ်ခြင်းဖြင့် ရရှိအပ်သော အဆို

ဖြစ်သောကြောင့် ပိုမိုမှန်ကန်လိမ့်မည်ဟု ထင်စရာရှိ၏။ သို့ရာတွင် ယင်းသည် တင်းပြည့်ကျပ်ပြည့် မှန်ကန်ပြီဟု မဆိုသာချေ။ ယင်းကို ဆန့်ကျင်ဘက် စတုတ္ထ အဆိုနှင့် တွဲဖက်၍ လေ့လာဆန်းစစ်လို၏။ ဤသို့ အထက်ပါနည်းအတိုင်း တစ်ဆင့်ပြီး တစ်ဆင့်တက်၍ အပြန်အလှန် ဆင်ခြင် သုံးသပ်သွားခြင်းဖြင့် ကျွန်ုပ်တို့၏ အတွေးအခေါ်သည် ပို၍ပို၍ မှန်ကန်လာပေလိမ့်မည်။

ဤ အပြန်အလှန်သုံးသပ်မှု တက္ကနည်းသည် လူ၏တွေးခေါ်မှုသမိုင်း၌ အသစ်အဆန်း မဟုတ်ချေ။ ဂေါတမဗုဒ္ဓ၏ မဇ္ဈိမပဋိပဒါနည်းသည် အပြန်အလှန် သုံးသပ်မှုပေါ်၌ အခြေပြုသောနည်း ဖြစ်၏။ အလွန်အမင်း ကာမဂုဏ်လိုက်စား ခြင်းသည် မကောင်း။ ၎င်းနှင့်ဆန့်ကျင်ဘက်ဖြစ်သော မိမိကိုယ်မိမိ ညှဉ်းပန်း နှိပ်စက်ခြင်းသည်လည်း လူမိုက်၏ ကျင့်စဉ်ဖြစ်၏။ သို့ဖြင့် ထိုအစွန်းနှစ်ဖက်မှ လွတ်သော မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို ကျွန်ုပ်တို့ လိုက်နာအပ်၏။ လူသေလျှင် အစပြတ်သည်ဆိုသော အယူသည် ကံအကျိုးတရားကို ပယ်သောကြောင့် မှား၏။ လူသေလျှင် ဘဝသစ်တစ်ဖန် ဖြစ်သည်ဆိုသော အယူမှာမူ ထာဝရ အတ္တဝိညာဉ် ကို လက်ခံထားသောကြောင့် ယုတ္တိမရှိ။ သို့ဖြင့် ဗုဒ္ဓဝါဒသည် အယူနှစ်ခုကို ပယ်၍ အကြောင်းတရား နိယာမကိုသာလျှင် အခြေခံထားသော ပဋိစ္စသမုပ္ပာဒ် တရားကို ဟော၏။

ဂရိတွေးခေါ်ရှင် အရစ္စတိုတယ်၏ အလယ်လမ်းကျင့်စဉ်သည်လည်း အပြန်အလှန် သုံးသပ်မှုပေါ်၌တည်သော လမ်းစဉ်ဖြစ်၏။ အရစ္စတိုတယ်၏ အမြင်အားဖြင့် အကျင့်ကောင်းမည်သည် သတ္တိနည်းခြင်းနှင့် မိုက်ရူးရဲပြုလုပ် ခြင်း၊ နှမြောတွန့်တိုခြင်းနှင့် အသုံးအစွဲကြီးခြင်း၊ ပျင်းရိခြင်းနှင့် ဝီရိယလွန်ကဲခြင်း စသော ဝိရောဓိတရားများကို ညှိနှိုင်းပေါင်းစပ်၍ ရရှိအပ်သော အကျင့်ဖြစ်၏။ လူတို့သည် အပြန်အလှန် သုံးသပ်နည်းကို သိသိမှတ်မှတ် မကျင့်သုံးစေကာမူ လူ့သမိုင်းနှင့် လူ့လောကဖြစ်စဉ်၌ ၎င်း၏သဘောတရားသည် ထင်ရှား၏။ အထူးသဖြင့် လူ၏ကုန်ထုတ်လုပ်မှု သမိုင်း၌ သမိုင်းဦး ဘုံမြေခေတ်မှသည် ယနေ့ဆိုရှယ်လစ်ခေတ်အထိ ခေတ်အမျိုးမျိုး ပြောင်းလဲလာခဲ့ခြင်းသည် အပြန် အလှန်သဘောတရားနှင့် အညီဖြစ်ကြောင်း သတိပြုရာ၏။

သို့ရာတွင် ဟီဂယ်၏ အပြန်အလှန် သုံးသပ်နည်းဖြင့် ဒဿနဗေဒ ပြဿနာအားလုံးကို ဖြေရှင်းနိုင်ပါမည်လောဟု စဉ်းစားရန်ရှိ၏။ ပုံစံအားဖြင့် ထာဝရဘုရားရှိမရှိ ပြဿနာကို ထိုနည်းဖြင့် တိကျပြတ်သားစွာ ဆုံးဖြတ်၍ ရမည်မဟုတ်ချေ။ ဟီဂယ်၏အမြင်အားဖြင့် လောက၌ ကျွန်ုပ်တို့ တွေ့ရသော

ဆင်းရဲဒုက္ခ၊ အနိဋ္ဌာရုံ၊ အပြစ်အနာများနှင့် ရေးကြီးခွင့်ကျယ်လုပ်၍ အပြင်းအကာန် တိုက်ဖျက်နေရန် မလိုချေ။ အကြောင်းမူ ယင်းတို့နှင့် ယင်းတို့၏ ဆန့်ကျင်ဘက် တရားများ ပဋိပက္ခဖြစ်ရာမှ ပိုမိုကောင်းမွန်သော တရားများ ထွက်ပေါ်လာရန် အလားအလာရှိ၏။ တစ်နည်းဆိုသော် ဟီဂယ်၏ လောကအမြင်အားဖြင့် လူတို့၏အမှားများနှင့် အနိဋ္ဌာရုံတရားများသည် အမှန်တရား၊ ဣဋ္ဌာရုံတရား များဆီသို့ ရေးရှုလျက်ရှိသည်။ အချုပ်ဆိုရသော် ဖြစ်သမျှအကြောင်း အကောင်း ချည်းဖြစ်သည်ဟု ကောက်ချက်ချရန်ရှိ၏။

ဟီဂယ်၏ သမိုင်းအမြင်ကို ရေ့အခန်း၌ ပြဆိုပါအံ့။ သူ၏ အပြန်အလှန် သုံးသပ်မှုနှင့် အစိတ်အပိုင်းကို အရေးမပေးဘဲ တစ်ခုလုံးကို ဦးထိပ်ထားမှုသည် နိုင်ငံရေး၌ အာဏာရှင်စနစ်နှင့် ပုဂ္ဂိုလ်ကိုးကွယ်မှုကို အထောက်အကူပြုသည် ဆို၍ ယခုကာလ အချို့ပညာရှင်တို့က မနှစ်သက်ကြချေ။

စိတ်ကို မူလဘူတ တရားအနေဖြင့် ခံယူသော အခြားနာမည်ကျော် ဂျာမန်တွေးခေါ်ရှင်မှာ ရှိုပင်ဟွာဖြစ်၏။ ရှိုပင်ဟွာ၏ အတွေးအခေါ်များမှာ ဗုဒ္ဓဝါဒနှင့် အတော်နီးစပ်၍ မြန်မာဗုဒ္ဓဂါဒီကို အထူးနှစ်သက်ကြပေလိမ့်မည်။

ရှိုပင်ဟွာ၏ အလိုအားဖြင့် သတ္တဝါတို့အား အမြဲအုပ်စိုးနေသော မူလ ဘူတတရားသည်ကား ဘဝတဏှာဖြစ်၏။ သတ္တဝါတို့သည် မိမိတို့ဘဝကို တွယ်တာမြတ်နိုး၍ ဘဝတဏှာက စေ့ဆော်သောကြောင့် ထကြွလှုပ်ရှားနေကြ ခြင်းဖြစ်၏။ တဏှာ၏စိုးမိုးခြင်းကို ခံယူရမှု၌ လူနှင့်တိရစ္ဆာန်သည် အခြေခံ အားဖြင့် ခြားနားခြင်း မရှိချေ။ လူသည် အသိဉာဏ်ရှိသော သတ္တဝါဖြစ်သည် ဆိုသော်လည်း အသိဉာဏ်သည် လူကို ရှေ့ဆောင်သည်မဟုတ်။ ၎င်းသည် တဏှာ၏ နောက်မြီးဆွဲဖြစ်၍ တဏှာ၏အလိုသို့ လိုက်ရ၏။

လူတို့သည် မိမိတို့အသိဉာဏ်ဖြင့် ဆင်ခြင်၍ လုပ်ကိုင်နေကြသည်ဟု ထင်သော်လည်း စင်စစ် ထိုသို့မဟုတ်ဘဲ တဏှာလှုံ့ဆော်သောကြောင့် လုပ်ကိုင် နေကြခြင်း ဖြစ်၏။ အသိဉာဏ်သည် တဏှာ၏အကျိုးငှာ သဘာဝတရားက ဖန်တီးထားသော အရာဖြစ်ပေရာ ၎င်း၏လုပ်ငန်းမှာ တဏှာအတွက် ရှေ့နေ လိုက်ရန်ဖြစ်၏။ လူသည် အကြောင်းရှိ၍ တစ်စုံတစ်ခုကို လိုချင်သည်မဟုတ်၊ လိုချင်သောကြောင့်သာ အကြောင်းကိုရှာ၏။ လူ၏အလိုဆန္ဒများကို ဖြည့်စွမ်း ရန်အတွက် ဘာသာတရားနှင့် အဘိဓမ္မာများ ထွက်ပေါ်လာကြ၏။

လူသည် ဘဝတဏှာက မည်မျှ အင်အားကြီးမားစေကာမူ နောက်ဆုံး တစ်နေ့၌ သေရမည်ကား မုချမလွဲဖြစ်၏။ သို့ရာတွင် သေခြင်းတရားသည်

ဘဝတဏှာကို အကြွင်းမဲ့ မအောင်မြင်ချေ။ လူသေသော်လည်း ဘဝတဏှာ၏ လက်ငုတ်လက်ရင်းများကား ကွယ်ပျောက်မသွားဘဲ သေသူ၏ သားသမီးများ အနေဖြင့် အထင်အရှား ကျန်ရစ်၏။ စင်စစ် သေမင်းကို အရှုံးမပေးလိုသော ဘဝတဏှာက စေ့ဆော်တိုက်တွန်းသောကြောင့် လူတို့သည် သားသမီးကို အလို ရှိကြ၏။ သို့ဖြင့် မျိုးပွားမှု၏ မူလ ပင်မတရားဖြစ်သော ကာမတဏှာသည် သတ္တဝါတို့၌ အပြင်းထန်ဆုံး ဇာတိစိတ် ဖြစ်၏။ ကာမအားသည် သတ္တဝါ မျိုးစု၏ အသက်ဖြစ်၍ လူသည် ကာမအားကို မှီ၍ ကြီးပွားရ၏။ ကာမအားနှင့် ဆက်စပ်နီးနွယ်နေသော သားသမီး သံယောဇဉ်သည် သတ္တဝါတို့ကို အမြဲကြီးစိုး လျက်ရှိ၏။

သဘာဝတရား၏ ဦးတည်ချက်မှာ လူသတ္တဝါ တစ်ဦးတစ်ယောက်စီ၏ အကျိုးစီးပွားမဟုတ်ဘဲ သတ္တဝါမျိုးစု တည်မြဲမှုဖြစ်၏။ စင်စစ် လူသည် မိမိ၏ သတ္တဝါမျိုးစုတည်မြဲမှုအတွက် သဘာဝတရား၏ လက်သုံးတောင်ဝှေးမျှသာ ဖြစ်ရကား သဘာဝတရားအလိုကို ဖြည့်ရန်အတွက် အနစ်နာခံရ၏။ လူသည် ဘဝတဏှာဖြင့် သော်လည်းကောင်း၊ သားသမီးသံယောဇဉ်ဖြင့် သော်လည်း ကောင်း အသက်ရှင်လျက်ရှိ၍ ထိုတဏှာသံယောဇဉ်၏ ဖိစီးနှိပ်စက်မှုကို ခံနေ ရသောကြောင့် ဤလူ့ဘုံသည် ယေဘုယျအားဖြင့် ချမ်းသာသုခကင်းစင်သော ဒုက္ခဘုံဖြစ်၏။ အချို့သော သူတို့သည် ဆင်းရဲဒုက္ခ မခံနိုင်သဖြင့် မိမိကိုယ်မိမိ သတ်သေကြ၏။ သို့ရာတွင် ဤသို့ပြုလုပ်ခြင်းဖြင့် ဘဝတဏှာကို အောင်မြင်မည် မဟုတ်။ တဏှာကို အသိပညာဖြင့် နှိပ်ကွပ်မှသာ ဆင်းရဲဒုက္ခမှ လွတ်မြောက်ပေ လိမ့်မည်။

အသိပညာအလိမ္မာ တိုးပွားလာသည်နှင့်အမျှ လူသည် တဏှာကို တွန်း လှန်၍ ဆင်းရဲဒုက္ခနယ်မှ လွတ်မြောက်ပေရာ၏။ ကျွန်ုပ်တို့သည် မိမိကိုယ်မိမိ အစိုးမရမှု၊ ပတ်ဝန်းကျင်က ကျွန်ုပ်တို့အပေါ် လွှမ်းမိုးမှုကို သိမြင်ရပေလိမ့်မည်။ လူ့သဘာဝစိတ်ကို နားလည်၍ လူအများ၏ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းကြောင့် စိတ်တုန်လှုပ်ခြင်း မဖြစ်စေရန် သတိပြုရပေလိမ့်မည်။ ထင်ရှားကျော်စောမှု၊ တန်ခိုးအာဏာရှိမှု၊ ခြွေရံသင်းပင်းများမှု၊ ပစ္စည်းဥစ္စာကြွယ်ဝမှု၏ အပြစ်များကို သိမြင်ရပေလိမ့်မည်။ သေခြင်းတရားကို ရဲဝံ့စွာ ရင်ဆိုင်နိုင်စွမ်းရှိရန်လည်း လို၏။ တမလွန်ဘဝနှင့် ထာဝရကောင်းကင်ဘုံကို မျှော်မှန်းခြင်းသည် အချည်းနှီးဖြစ်၏။ သေသောအခါ ဘဝပြတ်စဲသည်ဆိုစေ ဘဝပြတ်စဲခြင်းသည် ကြောက်စရာ မဟုတ်။ သတ္တလောက မပေါ်ထွန်းမီက ကာလအနန္တ ရှိခဲ့သော အဘာဝကို

မကြောက်ဘဲ သေပြီးမှ အဘာဝဖြစ်မည်ကို ကြောက်နေခြင်းသည် အဓိပ္ပာယ်မရှိလှချေ။

ရှိုပင်ဟွာ၏ အတွေးအခေါ်များမှာ ဗုဒ္ဓဝါဒီတို့၏ ခံယူချက်များနှင့် တူညီ၍ အထူးရှင်းပြရန် မလိုချေ။ သူ၏ ရေးသားချက်မှာ ဂေါတမဗုဒ္ဓဟောသော သစ္စာလေးပါးအနက် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာနှစ်ပါးကို များလှစွာသော ယုတ္တိအထောက်အထားများနှင့် စေ့ငုသေချာစွာ အကျယ်ဖွင့်ဆို ရေးသားထားချက်များဖြစ်၏။ ဘဝတဏှာကို ပယ်သတ်ရန်အတွက် ရှိုပင်ဟွာညွှန်ပြသော လမ်းစဉ်မှာလည်း သံသရာ၏ အပြစ်ကိုမြင်သော ရဟန်းသူတော်စင်တို့အတွက် ဗုဒ္ဓချမှတ်ခဲ့သော လမ်းစဉ်နှင့်ထပ်တူဖြစ်၏။ ရှိုဟင်ဟွာ၏အလိုအားဖြင့် ကျွန်ုပ်တို့သည် မိန်းမများကို အဝေးက ရှောင်ရမည်။ သူတို့၏ ရူပါရုံကျော့ကွင်းထဲသို့ မသက်ဆင်းမိအောင် အမြဲ သတိပြုရမည်ဖြစ်၏။ သို့မှသာလျှင် အိမ်ရာမထောင်ဘဲ တစ်ကိုယ်ရေတစ်ကာယ နေခြင်းဖြင့် ဘဝတဏှာကို ထိထိရောက်ရောက် တော်လှန်နိုင်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သားသမီးကို အလိုရှိခြင်းသည် ဘဝတဏှာပြင်းပြမှု၏ အဓိက လက္ခဏာတစ်ရပ်ဖြစ်၏။ အချုပ်ဆိုရသော် ရှိုပင်ဟွာ၏အမြင်အားဖြင့် ဘဝတဏှာနှင့် ဆင်းရဲဒုက္ခနယ်ထဲမှ ရုန်းထွက်ရန်အတွက် အကောင်းဆုံးနည်းမှာ လူသတ္တဝါ မျိုးဆက်ပြတ်သွားအောင် ပြုလုပ်ခြင်းဖြစ်လေသည်။

ရှိုပင်ဟွာ၏ဝါဒမှာ လူ့ဘဝ၊ လူ့လောက၏ အပြစ်အနာ၊ အနိဋ္ဌာရုံများကို ပုံကြီးချဲ့၍ တစ်ဖက်သတ်ရှုမြင်သော ဒုက္ခဝါဒသက်သက်ဖြစ်သည်ဟု အချို့ပညာရှင်များက မှတ်ချက်ချကြ၏။ ဤလူ့ဘုံသည် ဒုက္ခဘုံဖြစ်သလော၊ သို့မဟုတ် ချမ်းသာသုခ ပို၍များသော ဘုံဖြစ်သလောဟူသော မေးခွန်းကို ရေးအခန်းတစ်ခု၌ အကျယ်ဆွေးနွေးပါအံ့။

ဤသည်မှာ နာမည်ကျော် စိတ်ဝါဒီ အတွေးအခေါ်ရှင်အချို့၏ ခံယူချက်များ ဖြစ်၏။ သူတို့၏ အတွေးအခေါ်များကို ထောက်ချင့်၍ စိတ်ဝါဒ၏ ယေဘုယျခံယူချက်များကို ကျွန်ုပ်တို့ သတိပြုသင့်ပေ၏။ ဒဿနိကဆရာတို့၏ စိတ်ဝါဒကို ဘာသာရေးဆရာတို့၏ စိတ်ဝါဒနှင့်ရောထွေး၍ ထပ်တူမပြုသင့်ပေ။ ဘာသာတရားများကဟောသော တမလွန်ဘဝ၊ အတ္တဝိညာဉ် စသည်တို့သည် ဒဿနိကစိတ်ဝါဒ၏ အခြေခံ ပဓာနတရားများ မဟုတ်ချေ။ စိတ်ဝါဒီ ဒဿနိကဆရာတို့သည် ထိုဘာသာရေးခံယူချက်များကို ပယ်သော် ပယ်ပေ

လိမ့်မည်။ သူတို့ အထူးဆန့်ကျင်သော ဝါဒမှာ ရုပ်ဝါဒနှင့် ယင်းရုပ်ဝါဒမှ ပေါက်ဖွားလာသော ယုံကြည်ချက်များ ဖြစ်လေသည်။

သို့ဖြင့် စိတ်ဝါဒ၏ ယေဘုယျခံယူချက်များကို အကျဉ်းချုပ် ထပ်မံ ဖော်ပြရမည်ဆိုသော် စိတ်ဝါဒသည် လောက၌ ရုပ်တရားထက် စိတ်တရားက ပိုမိုအရေးပါခြင်းကို အလေးအနက် ယုံကြည်၏။ လူသတ္တဝါသည် အရိုးအသား၊ သွေးစသော ရုပ်ဝတ္ထုများဖြင့်ပြီးသော ရုပ်ကောင်သက်သက်ဖြစ်ကာ အကြောင်း တရားစိုးမိုးသော စက်ယန္တရားတစ်ခု ဖြစ်သည်ဆိုသော အယူကို ပယ်၏။ လူ့အပြုအမူကို ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒစသော သိပ္ပံပညာများဖြင့် ရှင်းပြ နိုင်သည် ဟူသောအဆိုကို လက်မခံ။ လူသားသည် ဦးတည်ချက်၊ မျှော်မှန်း ချက်၊ ယုံကြည်ချက်စသော စေတသိက်များ ရှေ့ဆောင်သည့် ပုဂ္ဂိုလ်သတ္တဝါ ဖြစ်၍ ထိုဝိသေသဂုဏ်များကို ထည့်သွင်းစဉ်းစားပါမှ လူ့သဘာဝကို ယထာဘူတ ကျကျ နိုက်ချွတ်သိမြင်နိုင်မည်ဟု ယုံကြည်ပေသည်။

တိုးတက်မှုဆိုရာ၌ ကမ္ဘာ့လူသား အားလုံး၏ တိုးတက်မှုကို ဆိုလိုသလော၊ သို့မဟုတ် နိုင်ငံတစ်ခု, လူတစ်စု၏ တိုးတက်မှုကို ဆိုလိုသလော။ ကိုယ်ကျင့်တရား တိုးတက်မှု၊ အသိဉာဏ်တိုးတက်မှု၊ စားဝတ်နေရေး တိုးတက်မှု စသည်ဖြင့် တိုးပာက်မှု အမျိုးမျိုးရှိပေရာ မည်သည့်တိုးတက်မှုကို ဆိုလိုပါသနည်း။ ကိုယ်ကျင့်တရား၊ ပေါင်းသင်းဆက်ဆံရေး စသည်တို့၌ တိုးတက်မှု ရှိ,မရှိ မည်သို့ တိုင်းတာဆုံးဖြတ်ရပါမည်နည်း။ ဤသို့ စသည်ဖြင့် လူ၏တိုးတက်မှုနှင့်စပ်၍ မေးဖွယ်ရာများ ရှိ၏။

# လူ့သမိုင်းနှင့် လူ၏တိုးတက်မှု

လွန်ခဲ့သောအခန်းများက ကျွန်ုပ်တို့ လေ့လာသုံးသပ်ခဲ့သော ဒဿနိက ပြဿနာများမှာ လူသားကို ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးတစ်ယောက်အနေဖြင့် ရှုမြင် သုံးသပ်ရာမှ ထွက်ပေါ်လာသော ပြဿနာများဖြစ်၏။ သို့ရာတွင် လူသည် ထီးတည်းနေသော သတ္တဝါမဟုတ်။ အပေါင်းအသင်းနှင့် အုပ်ဖွဲ့၍နေသော သတ္တဝါဖြစ်ပေရာ ဤလူ့သဘာဝ ဓလေ့စရိုက်ကို အကြောင်းပြု၍ စဉ်းစား တွေးခေါ်စရာ အချက်များရှိ၏။ ယင်းတို့မှာ လူ့သမိုင်း၊ နိုင်ငံရေးနှင့် ကိုယ်ကျင့် တရားဆိုင်ရာ အတွေးအခေါ်များ ဖြစ်ပေရာ ဤအခန်း၌ လူ့သမိုင်းအပေါ် ဒဿနိကဆရာတို့ ရှုမြင်သုံးသပ်ချက်ကို ပြဆိုပါအံ့။

လူ့သမိုင်းမည်သည် ရှေးပဝေသဏီမှစ၍ ယနေ့အထိ လူသတ္တဝါတို့ အုပ်ဖွဲ့၍ နေထိုင်သွားလာရာမှ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ပြဆိုသော မှတ်တမ်းဖြစ်၏။ မြောက်မြားစွာသော အဖြစ်အပျက်များထဲမှ အချို့ကို ရွေးချယ် ဖော်ပြထားခြင်းဖြစ်၍ သမိုင်းဝင် အကြောင်းအချက်များသည် အားလုံးတိကျ မှန်ကန်လိမ့်မည်ဟု မဆိုသာချေ။ ယင်းတို့သည် မှတ်တမ်းရေးသားပြုစုသော သမိုင်းဆရာတို့၏ ယုံကြည်ချက်များနှင့် အနည်းအများ ထွေးရောယှက်တင် ဖြစ်နေမည် အမှန်ဖြစ်၏။ ပုံစံအားဖြင့် မြန်မာနိုင်ငံသမိုင်းအကြောင်း ရေးသား ထားသော မှန်နန်းရာဇဝင်၊ ဦးဘသန်းရာဇဝင်နှင့် ဟာဗီး၏ရာဇဝင်များ၌ သမိုင်း ဆရာတို့၏ ဘုရင့်ဘုန်းတန်ခိုးကို ယုံကြည်မှု၊ အမျိုးသားစိတ်ဓာတ်ပြင်းပြမှုနှင့် ဗြိတိသျှနယ်ချဲ့စနစ်ကို ထောက်ခံမှုအသီးသီးသည် ထင်ရှား၏။ အခြားတိုင်းပြည် နိုင်ငံသမိုင်းများသည်လည်း ထိုနည်းအတူ သမိုင်းဆရာတို့၏ ဆန္ဒနှင့် ဝါဒစွဲ

များနှင့် မကင်းချေ။ သို့ဖြစ်၍ လူ့သမိုင်းကို လေ့လာလိုပါက ရှေးဦးစွာ သမိုင်းဆရာတို့၏အကြောင်းကို သိရှိနားလည်ရမည်ဟု အဆိုရှိ၏။

သို့ရာတွင် လူ့သမိုင်းသည် သမိုင်းဆရာတို့၏ အမြင်သက်သက်မျှသာ ဖြစ်သည်ဟု မဆိုသင့်ချေ။ သမိုင်းဆရာ၏အမြင်သည် သမိုင်းအကြောင်းအချက်များကို အမှီပြု၍ ပေါက်ဖွားလာပေရာ ထိုအချက်များမှာက သမိုင်းသုတေသီအားလုံး တညီတညွတ်တည်း လက်ခံသောအချက်များ ဖြစ်ရပေမည်။ သမိုင်းဆရာတို့သည် တစ်ဦးနှင့်တစ်ဦး အမြင်ချင်း မတူကြသောကြောင့် သူတို့အားလုံးမှားသည်ဟူ၍လည်း မဆိုသာချေ။ သမိုင်းဆရာသည် အစွဲဥပါဒါန်ကို အကြွင်းမဲ့ မပယ်နိုင်သည့်တိုင် နည်းပါးနိုင်သမျှ နည်းပါး၍ တိကျခိုင်မာသော သမိုင်းအချက်အလက်များကို မှီငြမ်းပြုသည်နှင့်အမျှ သမိုင်းအမြင်သည် ယထာဘူတ ဓမ္မဓိဋ္ဌာန်ကျပေလိမ့်မည်။

ဒဿနိကဗေဒအမြင်ဖြင့် လူ့သမိုင်းကို လေ့လာသုံးသပ်မှုသည် သမိုင်းဆရာ၏ လေ့လာသုံးသပ်မှုနှင့် တခြားစီဖြစ်၏။ သမိုင်းဆရာသည် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ခေတ်တစ်ခေတ်၏ အဖြစ်အပျက်များကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာ၏။ လူ့သမိုင်းတစ်ခုလုံးကို လေ့လာရာ၌လည်း အရေးပါသော ဖြစ်ပျက်မှုများကို အကြောင်းခံအကျိုးဆက် ပြောင်းလဲမှုများအနေဖြင့် လေ့လာသုံးသပ်၏။ ဒဿနိကဆရာကမူ လူ့သမိုင်းတစ်ခုလုံးကိုခြုံ၍ သုံးသပ်ပြီးလျှင် လူ့သမိုင်းလမ်းကြောင်းတစ်လျှောက်၌ ထင်ရှားသော ပဓာနအချက်ကြီးများကို ရှာ၏။ သို့ပွဲနည်းဖြင့် လေ့လာဆုံးဖြတ်၍ မရအပ်သော လူ့လောကပြဿနာများအတွက် အဖြေကို စဉ်းစားကြံဆ၏။

လူ့သမိုင်းကို စီရင်ပြုပြင်သော ပဓာန အကြောင်းတရားများတို့ကား အဘယ်နည်း။ သမိုင်းအဖြစ်အပျက်တို့သည် နိုင်ငံ၏ ပထဝီအခြေအနေပေါ်၌ တည်လေသလော။ လူမျိုး၏ဗီဇသတ္တိ သို့မဟုတ် စီးပွားရေးစနစ်သည် သမိုင်းလမ်းစဉ်ကို ပြုပြင်ဖန်တီးရာ၌ မည်မျှ အရေးပါပါသနည်း။ နိုင်ငံတစ်ခု၏ ကံကြမ္မာသည် နိုင်ငံလူထု လက်ထဲ၌ ရှိပါသလော။ သို့တည်းမဟုတ် ခေါင်းဆောင်တစ်စုပေါ်၌ တည်လေသလော။ လူ့သမိုင်းသည် တစ်စုံတစ်ခုသော ဦးတည်ချက် ရှိပါသလော။ သို့မဟုတ် ဦးတည်ချက်မရှိဘဲ ဖြစ်ချင်ရာ ဖြစ်နေလေသလော။ လူ့သမိုင်းသည် လူသား၏တိုးတက်မှုကို ပြပါသလော၊ သို့မဟုတ် ဆုတ်ယုတ်မှုကို ပြနေလေသလော။

ဤသည်တို့မှာ လူ့သမိုင်းကို ဒဿနိကအမြင်ဖြင့် လေ့လာရာ၌ စဉ်းစား

ရန်လိုသော အချက်များဖြစ်၏။ ရှေးဦးစွာ လူ့သမိုင်းကို ပြုပြင်ဖန်တီးသော အကြောင်းတရားများကို ဆင်ခြင် သုံးသပ်ရာ၏။

အချို့ဒဿနိကဆရာတို့က လူ့သမိုင်းတစ်လျှောက်၌ လူတို့၏ အပြုအမူများကို ပြုပြင်ဖန်တီးသော ပဓာနတရားမှာ တိုင်းပြည်၏တည်နေပုံ၊ ပကတိမြေမျက်နှာသွင်ပြင်၊ ရေမြေတောတောင်၊ ရာသီဥတုစသော ပထဝီအကြောင်းအချက်များ ဖြစ်သည်ဆို၏။ နိုင်ငံ၏ သမိုင်းအဖြစ်အပျက်များနှင့် ပထဝီအခြေအနေ ဆက်သွယ်နေခြင်းမှာ ယုံမှားစရာမရှိချေ။ မြန်မာ့သမိုင်းတစ်လျှောက်၌ မြောက်ဘက်မှတောင်ဘက်သို့ လူများ မကြာခဏ ပြောင်းရွှေ့ကြခြင်း၊ အိန္ဒိယပြည်နှင့် ကူးလူးဆက်သွယ်မှု နည်းပါးခြင်းနှင့် မင်းနေပြည်ကို တစ်ခါတစ်ရံ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ခြင်းမှာ မြစ်ကြီးများ မြောက်မှတောင်သို့ စီးဆင်းခြင်း၊ အိန္ဒိယနှင့် မြန်မာပြည်အကြား၌ တောင်နံရံကြီးရှိခြင်း၊ ဆန်ရေစပါး များများထွက်သောနယ်နှင့် ကူးသန်းသွားလာမှု အဆင်ပြေသောနေရာများ အရေးကြီးခြင်း စသော ပထဝီအခြေအနေအရဖြစ်ကြောင်း ထင်ရှား၏။

အခြားနိုင်ငံများ၏ သမိုင်းဖြစ်စဉ်သည်လည်း ထို့အတူ နိုင်ငံ့ပထဝီအခြေအနေနှင့် ဆက်စပ်လျက်ရှိ၏။ နိုင်းမြစ်၊ ဂင်္ဂါမြစ်၊ ဟွန်ဟိုမြစ်စသော မြစ်ဝှမ်းကြီးများသည် ကမ္ဘာ့ယဉ်ကျေးမှု စတင်ပေါက်ဖွားရာ ဒေသများဖြစ်၏။ ပင်လယ်ကမ်းရိုးတန်း အကွေ့အကောက်များသော တိုင်းပြည်ရှိ လူတို့သည် ပင်လယ်ရေပြင်၌ စွန့်စားသွားလာသော လူမျိုးများဖြစ်ကြ၏။ အထူးသဖြင့်ကား တိုင်းပြည်၏ရာသီဥတုသည် လူတို့၏စိတ်ဓာတ်ကို ပြုပြင်ဖန်တီး၏။ အေးသော ဒေသရှိ လူတို့သည် တက်ကြွလှုပ်ရှား၍ အပူပိုင်းဒေသရှိ လူတို့မှာ ထိုင်းမှိုင်းလေးလံသောသူများ ဖြစ်တတ်၏။ ထို့ကြောင့် ကမ္ဘာ့သမိုင်း၌ ဥရောပနှင့် အာရှတိုက်အလယ်ပိုင်းမှ လူတို့သည် တောင်ဘက် အပူပိုင်း တိုင်းပြည်များသို့ သွားရောက် တိုက်ခိုက်ကြခြင်း ဖြစ်သည်ဟုဆို၏။

နိုင်ငံ၏ မြေမျက်နှာသွင်ပြင်၊ ရာသီဥတုစသည်တို့သည် သမိုင်းအားအကျိုးပြုသည်ကား မှန်၏။ သို့ရာတွင် ထိုအကျိုးပြုမှုသည် နိုင်ငံသားတို့အသိအလိမ္မာ မတိုးတက်သေးသော ရှေးအခါကာလက ပိုမိုအရေးပါခဲ့ပေလိမ့်မည်။ သိပ္ပံပညာထွန်းကား၍ သဘာဝမှုကို အတော်အောင်မြင်နေသော ယခုခေတ်၌မူ ပထဝီ အကြောင်းတရားများသည် လူတို့ကို ရှေးကလောက် မစိုးမိုးနိုင်တော့ချေ။ သို့ဖြစ်၍ သယံဇာတ သဘာဝပစ္စည်းများ ကြွယ်ဝသော်လည်း အုပ်ချုပ်သူတို့ ညံ့ဖျင်းသောနိုင်ငံများ ပုံစံရေနံတွင်းများဖြင့် ချမ်းသာကြွယ်ဝ

သော အချို့အာရပ်နိုင်ငံများမှာ အောက်ကျနောက်ကျ ဖြစ်မြဲဖြစ်ကာ ပထဝီအကျိုးပေးညံ့သော်လည်း နီးကြားထကြွသောနိုင်ငံ (ပုံစံ-အစ္စရေး)များမှာမူ တိုးတက်လျက်ရှိ၏။ ရှေးအခါက ဂျပန်နိုင်ငံသည် လူဦးရေ အဆမတန် တိုးပွားလာသောကြောင့် စစ်တိုက်၍ နိုင်ငံချဲ့ထွင်ရန် ကြိုးစားခဲ့၏။ ယခုအခါ၌မူ မိမိတို့လူဦးရေကို ထိန်းသိမ်းချုပ်ကိုင် ထားနိုင်ပြီဖြစ်၍ လူဦးရေကြောင့် စစ်တိုက်ရန် မလိုတော့ချေ။

အချို့ဆရာတို့ကမူ လူ့သမိုင်းကို ပြုပြင်ဖန်တီးသောတရားမှာ လူမျိုးဗီဇသတ္တိဖြစ်သည်ဟု ယူဆကြ၏။ သူတို့အလိုအားဖြင့် ကမ္ဘာပေါ်ရှိ လူမျိုးတို့သည် တစ်မျိုးနှင့်တစ်မျိုး မတူကြဘဲ ဗီဇအားဖြင့် ခြားနားကြ၏။ အချို့လူမျိုးတို့သည် ဗီဇညံ့ဖျင်း၍ အချို့မှာ ဗီဇထူးချွန်ကြပေရာ ဗီဇသတ္တိ အထူးချွန်ဆုံးလူမျိုးမှာ နော်ဒစ်လူမျိုးများ ဖြစ်ကြ၏။ နော်ဒစ်တို့သည် ယနေ့ဂျာမန်နှင့် အင်္ဂလိုဆက်ဆွန်အနွယ်ဝင် အင်္ဂလိပ်-အမေရိကန်လူမျိုးတို့၏ ဘိုးဘွားများ ဖြစ်၍ ရှေးဦးဥရောပခေတ်က ဂေါ့၊ ကျူတွန်၊ ဗင်ဒယ်၊ နော်ပင် စသော လူမျိုးစုအမည်များဖြင့် ထင်ရှား၏။ သူတို့သည် ဥရောပမြောက်ပိုင်းမှ တောင်ပိုင်းသို့ပြောင်းရွှေ့လာ၍ ဗီဇသတ္တိ အားနည်းညံ့ဖျင်းသော လူမျိုးများကို နှိမ်နင်းပြီးလျှင် နိုင်ငံတည်ထောင်ခဲ့ကြ၏။ စစ်တိုက်ရာ၌လည်းကောင်း၊ စွန့်စားသွားလာရာ၌လည်းကောင်း၊ တိုင်းပြည်အုပ်ချုပ်ရာ၌လည်းကောင်း၊ အသစ်အဆန်း တီထွင်ဖန်တီးရာ၌လည်းကောင်း အထူးပြောင်မြောက်၍ ရာလီဖိန်းကဲ့သို့ ဘုန်းကြီးသော ရှေးဥရောပဘုရင်များ၊ မိုက်ကယ်အိန်ဂျယ်လိုကဲ့သို့သော ရှေးအနုပညာကျော်များသည် နော်ဒစ်နွယ်ဝင်များ ဖြစ်ကြ၏။

နော်ဒစ်တို့သည် လူတန်းစားခွဲခြားခြင်း၊ ဇာတိမာန်ရှိခြင်း၊ အမျိုးဂုဏ်ကိုစောင့်ရှောက်ခြင်း၊ ရဲစွမ်းသတ္တိရှိခြင်းစသော ဝိသေသ ဂုဏ်လက္ခဏာများဖြင့်ထင်ရှား၏။ ဤဂုဏ်သတ္တိများဖြင့် နော်မန်တို့သည် ပြင်သစ်၊ အင်္ဂလန်တို့ကိုအောင်မြင်ခဲ့ကြ၍ အင်္ဂလိုဆက်ဆွန်တို့သည် အမေရိက၊ သြစတြေးလျနှင့်တောင်အာဖရိကပြည်များ၌ မြို့ပြပြည်ရွာ တည်ထောင်ခဲ့ကြ၏။ ယနေ့ ကမ္ဘာပေါ်ရှိ အမြင့်ဆုံးတောင်ထိပ်သို့ စွန့်စားတက်ရောက်ခဲ့သူများနှင့် ဝင်ရိုးစွန်းသို့ရဲဝံ့စွာသွားရောက်ခဲ့သူများမှာ နော်ဒစ်နွယ်ဝင်များ ဖြစ်ကြ၏။

သို့ရာတွင် ယခုအခါ၌ ဤလူမျိုးကြီးမှာ အားနည်း၍ အရှိန်အဝါမှေးမှိန်လျက်ရှိ၏။ သူတို့လက်အောက်ခံလူများက တော်လှန်ပုန်ကန်ခြင်း၊ မကြာခဏ စစ်ဖြစ်ခြင်း၊ သူတို့က သားသမီးအရနည်း၍ အမျိုးညံ့များက ကလေး

ပေါက်သောက် မွေးနေခြင်း၊ အမျိုးညံ့များက လူထုဒီမိုကရေစီနည်းဖြင့် အခွင့်အရေးများ တောင်းဆိုလာခြင်း၊ လူဖျင်းလူညံ့များနှင့် အိမ်ထောင်ပြုခြင်းစသော အကြောင်းအမျိုးမျိုးကြောင့် နော်ဒစ်နွယ်ဝင်များမှာ တစ်စတစ်စ အင်အားနည်းပါး၍ အရည်အသွေးညံ့ဖျင်း ဆုတ်ယုတ်လျက်ရှိ၏။ အထူးသဖြင့် နော်ဒစ်နှင့် အခြားလူမျိုးများမှာ ကလေးမွေးနှုန်းကွာဟခြင်း၊ သွေးနှောခြင်းကြောင့် ၂၀ ရာစု အကုန်တွင် ကမ္ဘာအရပ်ရပ်၌ နော်ဒစ်တို့မှာ တန်ခိုးအာဏာ လုံးဝမရှိတော့ဘဲ မေးမှိန်ပျောက်ကွယ်သွားဖွယ် ရှိ၏။ ထိုအခါ၌ အမျိုးညံ့များသည် ကမ္ဘာကို လွှမ်းမိုး၍ နော်ဒစ်တို့၏ ယဉ်ကျေးမှုအမွေအနှစ်ကို မထိန်းသိမ်းနိုင်ဘဲ လူ့လောက ဆုတ်ယုတ်ပျက်စီးသွားမည် မုချဖြစ်၏။

ဤသည်မှာ အချို့သော ဒဿနိကဆရာတို့၏ သမိုင်းအမြင်ဖြစ်ပေရာ ၎င်းကို စောကြောဝေဖန်ရန် အချက်များရှိ၏။ နော်ဒစ်နှင့် ၎င်းတို့အနွယ်ဝင်များသည် လူ့သမိုင်းတစ်လျှောက်၌ ရဲစွမ်းသတ္တိရှိခြင်း၊ နိုးကြားတက်ကြွခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်းဖြင့် ထင်ရှားခဲ့သည် မှန်၏။ သို့ရာတွင် ဤဂုဏ်အင်္ဂါများသည် ထိပ်တန်းလူမျိုးကြီးဖြစ်ရန်အတွက် ပြီးပြည့်စုံသော လက္ခဏာမဟုတ်ချေ။ ကြီးပွားတိုးတက်ရန်အတွက် တီထွင်ဖန်တီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဆင်းရဲဒုက္ခခံနိုင်ရည်ရှိမှုစသော အရည်အချင်းများကိုလည်း လိုအပ်ပေရာ ၎င်းတို့ကို နော်ဒစ်မဟုတ်သော ရဟူဒီ၊ အာရပ်၊ အိန္ဒိယ၊ ဂျပန် စသော လူမျိုးများ၌လည်း တွေ့ရှိရ၏။ စင်စစ် ကမ္ဘာလူသားတို့၏ လိမ္မာယဉ်ကျေးမှုနှင့် အတတ်ပညာ တိုးပွားမှုသည် လူမျိုးတစ်မျိုးတည်းက ပြုစုဖန်တီးခြင်းမဟုတ်ဘဲ လူမျိုးအတော်များများက ကြိုးပမ်းအားထုတ်ရာမှ ထွက်ပေါ်လာသော တသီးတခြား ရလဒ် ဖြစ်ကြောင်း သတိပြုရာ၏။

အချုပ်ဆိုရသော် လူမျိုးဗီဇသတ္တိကို ရှေ့တန်းတင်သော သမိုင်းအမြင်သည် လူမျိုးကို အယုတ်အမြတ် ခွဲခြားသော လူမျိုးကြီးဝါဒနှင့် နီးနွယ်လျက်ရှိပေရာ လူမျိုးကြီးဝါဒမှာ ယခုခေတ် သိပ္ပံပညာအလိုအားဖြင့် အခြေအမြစ်မရှိသော ဝါဒဖြစ်၏။ လူမျိုးအသီးသီးသည် မူလသဘာဝအားဖြင့် တစ်မျိုးနှင့်တစ်မျိုး အကြီးအကျယ် ခြားနားခြင်းမရှိ။ လူမျိုးကြီးပွားမှု၊ ဆုတ်ယုတ်မှု၌ ဗီဇမှာ များစွာအရေးမပါဘဲ ပတ်ဝန်းကျင်သည် ပဓာနဖြစ်သည်ဟု ပညာရှင်အများစုက ခံယူကြ၏။

အချို့သောဆရာတို့ကမူ လူ့သမိုင်းကို ပြုပြင်ပြောင်းလဲသော မူလပဓာန အကြောင်းတရားမှာ သမိုင်းဝင် ပုဂ္ဂိုလ်ကြီးတို့၏ လုပ်ဆောင်မှု ဖြစ်သည်ဟု

ဆိုကြ၏။ သူတို့၏အမြင်အားဖြင့် နိုင်ငံသမိုင်းမည်သည် အကောင်းဘက်၌ဖြစ်စေ၊ အဆိုးဘက်၌ဖြစ်စေ ထူးခြားခဲ့သော ဘုရင်၊ စစ်သူကြီး၊ ဝန်ကြီးချုပ် အစရှိသည့် ပုဂ္ဂိုလ်ကြီးများ၏ အကြောင်းအရာမှတ်တမ်း ဖြစ်၏။ မြန်မာ့သမိုင်း အဖြစ်အပျက်များသည် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ စစ်သူကြီး မဟာဗန္ဓုလ၊ ကင်းဝန်မင်းကြီးစသော ပုဂ္ဂိုလ်တို့၏ ကြိုးပမ်းမှု၊ အောင်မြင်မှု၊ ဆုံးရှုံးမှုများဖြစ်၏။ အကယ်၍ အနော်ရထာသည် ဗုဒ္ဓသာသနာပြန့်ပွားရေး ကိစ္စကို မဆောင်ရွက်ခဲ့ပါက၊ အကယ်၍ မွန်-မြန်မာအရေးတော်ပုံ၌ အလောင်းဘုရား မပေါ်ထွက်ခဲ့ပါက၊ အကယ်၍ ကင်းဝန်မင်းကြီးသည် တန်ခိုးသြဇာကြီးမားသော ဝန်ကြီးဖြစ်ခဲ့ပါက မြန်မာ့သမိုင်းစဉ်သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ပေလိမ့်မည်။

အခြား နိုင်ငံသမိုင်းများသည်လည်း ထိုနည်းအတူ ပုဂ္ဂိုလ်ကြီးများ၏ ဘဝဖြစ်စဉ်မှတ်တမ်းဖြစ်၏။ အိန္ဒိယ၊ အင်္ဂလန်နှင့် အမေရိကန်သမိုင်းများကို ဖန်တီးခဲ့သောသူများမှာ အသောကမင်း၊ အက္ကဘာဘုရင်၊ မဟတ္တမဂန္ဒီ၊ အယ်လိဇဘက်ဘုရင်မကြီး၊ ဝါရှင်တန်၊ အေဗရာဟမ်လင်ကွန်း၊ မက်အာသာစသော ပုဂ္ဂိုလ်များဖြစ်၏။ နိုင်ငံတစ်ခု၏ သမိုင်းလမ်းစဉ်နှင့် ကံကြမ္မာသည် ပြည်သူလူထုအပေါ်၌ မတည်ဘဲ ခေတ်အဆက်ဆက် သမိုင်းဇာတ်ခုံပေါ်၌ ပါဝင်ကပြခဲ့သော ရှေ့တန်းပုဂ္ဂိုလ်တစ်စုအပေါ်၌ တည်သည်ဟု ဆိုရပေမည်။

ဤအဆိုမှာ အပေါ်ယံအမြင်အားဖြင့် မှန်သလိုလိုထင်ရ၏။ နိုင်ငံသမိုင်းကို ရှေးက ရာဇဝင်(ဘုရင်များအတ္ထုပ္ပတ္တိ)ဟု ကျွန်ုပ်တို့ ခေါ်ဝေါ်ခဲ့သည် မဟုတ်ပါလော။ သမားရိုးကျ မြန်မာ့သမိုင်းနှင့် အခြားနိုင်ငံသမိုင်း စာအုပ်များသည်လည်း အများအားဖြင့် တိုင်းပြည်လူထု၏အကြောင်းကို စုံစုံစေ့စေ့မဖော်ပြဘဲ ဘုရင်၊ ဝန်ကြီးချုပ်စသော ပုဂ္ဂိုလ်များအကြောင်းကို ဦးစားပေး၍ဖော်ပြကြ၏။ နိုင်ငံသမိုင်း၊ ကမ္ဘာသမိုင်း အဖြစ်အပျက်များကို ဆိုင်ရာပုဂ္ဂိုလ်တို့နှင့်ယှဉ်၍ ကျွန်ုပ်တို့ မှတ်သားထားလေ ရှိကြ၏။ မြန်မာ့လွတ်လပ်ရေး တိုက်ပွဲဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းကို မေ့၍မရအပ်ချေ။ ပြင်သစ်တော်လှန်ရေးဆိုလျှင် နပိုလီယန်ကို လူတိုင်းသတိရကြ၏။ ဒုတိယကမ္ဘာစစ်ကြီးဆိုလျှင် ထိုစစ်ကြီးဖြစ်ပွားရခြင်းမှာ ချိန်ဘာလိန်၊ ဟစ်တလာ၊ မူဆိုလီနီတို့ကြောင့်ဖြစ်၍ မဟာမိတ်တို့ အနိုင်ရရှိခြင်းမှာ ချာချီ၊ စတာလင်၊ အိုက်ဆင်ဟောင်ဝါစသော ပုဂ္ဂိုလ်တို့ကြောင့် ဖြစ်သည်ဟု လူတို့ စွဲမှတ်ထားတတ်ကြ၏။

သို့ရာတွင် နိုင်ငံသမိုင်းလမ်းစဉ်သည် လူတို့ အသိအလိမ္မာ နည်းပါး၍

မိမိတို့အကြီးအကဲကို အကြွင်းမဲ့ ယုံကြည်ကိုးစားသော ခေတ်၌သာလျှင် ရှေ့တန်းပုဂ္ဂိုလ်တို့၏ ဦးဆောင်မှုအပေါ်၌ တည်ခဲ့ပေလိမ့်မည်။ စင်စစ် သက်ဦးဆံပိုင်ဘုရင်တို့ခေတ်၌ပင် ပြည်သူလူထုသည် အခါခပ်သိမ်း သမိုင်းလမ်းစဉ်နှင့် လုံး၀သီးခြား ကင်းကွာခဲ့သည်ဟု မဆိုသာချေ။ ပုဂံပြည်၌ အံ့ဖွယ်လိလိ စေတီပုထိုးပေါများခြင်းသည် ဘုရင်များ၏ အမိန့်အာဏာကို မလွန်ဆန်နိုင်၍ လူတို့က လုပ်အားပေးခဲ့ကြရသောကြောင့် ဖြစ်သည်ဆိုပါက သဒ္ဓါတရား ခေါင်းပါးသော ယခုခေတ်အမြင်ဖြင့် တွေးခေါ်ခြင်းဖြစ်၍ လွဲမှားပေရာ၏။ ပုဂံသားတို့သည် ဘုရင့်အာဏာကြောင့်မဟုတ်ဘဲ ပြင်းပြသော သဒ္ဓါကြည်ညိုစိတ်ဖြင့် စုပေါင်းတည်ထားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

မည်သည့်နိုင်ငံမဆို မိမိနှင့်ထိုက်တန်သော အစိုးရကို ရရှိသည်ဆိုသော အင်္ဂလိပ်စကားရှိ၏။ နိုင်ငံခေါင်းဆောင်ပုဂ္ဂိုလ်တို့သည် ပြည်သူလူထုထဲမှ ထွက်ပေါ်လာသောသူများဖြစ်ပေရာ နိုင်ငံအစိုးရကို ပြည်သူလူထုနှင့် တိတိကျကျ ခွဲခြား၍ မရအပ်ချေ။ အာဏာရှင်နိုင်ငံများ၌ လူတစ်စုက အဓမ္မအုပ်စိုး မင်းမူနိုင်ခြင်းသည်ပင် လူထုက လွတ်လပ်ရေးကို မြတ်နိုးရမှန်းမသိခြင်း၊ ဘုန်းတန်ခိုးအာဏာကို ယုံကြည်လေးစားခြင်းစသော အားနည်းချက်များကြောင့် ဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီးကို ဖန်တီးလှုံ့ဆော်ခဲ့သောသူများမှာ ဟစ်တလာအမှူးရှိသော နာဇီခေါင်းဆောင်များသာလျှင် ဖြစ်သည်မဟုတ်၊ နာဇီအစိုးရကို ထောက်ခံခဲ့သော ဂျာမန်လူထုသည်လည်း သူတို့နှင့် အလိုတူအလိုပါဖြစ်ကြောင်း သတိပြုရာ၏။

သမိုင်း၀င် ပုဂ္ဂိုလ်တို့သည် လက်ရုံးရည်၊ နှလုံးရည်အားဖြင့် မည်မျှထူးချွန်ပြောင်မြောက်စေကာမူ ခေတ်ကိုလွန်ဆန်၍ ဘာမျှ ထိထိရောက်ရောက် မလုပ်ကိုင်နိုင်ချေ။ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာ့လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်နိုင်ခြင်း၊ ၀င်စတန်ချာချီက အင်္ဂလန်နိုင်ငံကို နာဇီတို့ရန်မှ ကာကွယ်နိုင်ခြင်းသည် ပြည်သူလူထု၏ ပူးပေါင်းကူညီမှုကြောင့် ဖြစ်၏။ သိပ္ပံပညာရှင်ကြီးများ(စ်)ဒါ၀င်သည် အီဗော်လူးရှင်းနိယာမအကြောင်း စာအုပ်ရေးသား ထုတ်ဝေသောအခါ သူ၏အဆိုကို ဘာသာရေးသမားအချို့က ကန့်ကွက်ကြသော်လည်း ထောက်ခံသောဘက်က အင်အားသာသဖြင့် အီဗော်လူးရှင်းမှာ ယနေ့အထိ သိပ္ပံပညာနယ်၌ ထင်ရှားလျက်ရှိ၏။ အကယ်၍ ဒါ၀င်ကို သူ့ခေတ်က ထောက်ခံသောသူ လုံး၀မရှိပါက သူ၏ကြိုးပမ်းမှုမှာ အချည်းနှီးဖြစ်၍ အီဗော်လူးရှင်းအဆိုသည် သိပ္ပံပညာသမိုင်း၌ တိမ်မြုပ်ခဲ့ပေရာ၏။

သို့ရာတွင် သမိုင်းလမ်းစဉ်၌ ပြည်သူလူထုကသာလျှင် ပဓာနဖြစ်သည်ဆို၍ သမိုင်းဝင်ပုဂ္ဂိုလ်တို့၏ နေရာကဏ္ဍကို အသိအမှတ်မပြုဘဲထားပါက လမ်းမှန်ကျမည်မဟုတ်ချေ။ သမိုင်း၏ တောင်းဆိုချက်အရ ခေတ်တစ်ခေတ်သည် ပြောင်းလဲချိန်တန်လျှင် ဦးဆောင်မည့်ပုဂ္ဂိုလ် တစ်ဦးမဟုတ်တစ်ဦး ပေါ်ထွက်လာရမည်ဖြစ်သည်။ မည်သူပင် ဦးဆောင်သည်ဖြစ်စေ၊ သို့မဟုတ် ဦးဆောင်မည့်သူ လုံးဝထွက်ပေါ်လာခြင်းမရှိသည့်တိုင် ခေတ်သည် မုချပြောင်းလဲရမည်ဖြစ်သည်ဟု အချို့က ဆိုကြ၏။ ဤအဆိုမှန်ပါက ရာစုခေတ်က မြန်မာပြည်၏ အခြေအနေအရ အလောင်းဘုရား မပေါ်ထွက်ခဲ့လျှင် အခြားနိုင်ငံခေါင်းဆောင်တစ်ဦး ပေါ်ထွက်ခဲ့မည်ဖြစ်သည်။ ခေါင်းဆောင်တစ်ဦးတစ်ယောက်မျှ မထွက်ပေါ်ခဲ့လျှင်လည်း ပြည်သူလူထု၏ နိုးကြားလှုပ်ရှားမှုကြောင့် နိုင်ငံရေးအခြေအနေ ပြောင်းလဲခဲ့ရပေလိမ့်မည်။

ဤသည်မှာ အတိတ်ကာလ သမိုင်းဖြစ်စဉ်နှင့်ဆိုင်၍ မည်မျှမှန်ကန်သည်ဟု ဆုံးဖြတ်၍မရအပ်သော အဆိုဖြစ်၏။ သို့ရာတွင် ကမ္ဘာ့သမိုင်းတစ်လျှောက်၌ လူတို့သည် နှစ်ပရိစ္ဆေဒရှည်လျားစွာ ခေတ်ဆိုးခေတ်ပျက်နှင့် ရင်ဆိုင်နေကြရသော်လည်း မိမိတို့အစွမ်းအစဖြင့် ခေတ်ကို မတော်လှန်နိုင်မှု၊ ခေတ်ကတောင်းဆိုပါလျက် စွမ်းစွမ်းတမံ ဦးဆောင်မည့် အာဇာနည်ပုဂ္ဂိုလ်ပေါ်ထွက်မလာမှုများ အထင်အရှားရှိ၏။ တစ်ခါက တောင်အာဖရိကနိုင်ငံ၌ လူမည်းများမှာ လူဖြူအစိုးရနှိပ်ကွပ်မှုကို ငုံ့ခံနေကြရ၍ သူတို့ကိုကယ်တင်မည့် ခေါင်းဆောင်မရှိခြင်းမှာလည်း ထင်ရှားသော သာဓကဖြစ်၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် သမိုင်းလမ်းစဉ်၌ ထူးချွန်သောပုဂ္ဂိုလ်တို့၏ နေရာကဏ္ဍကို မျက်ကွယ်ပြု၍ မရအပ်ချေ။ ၎င်းတို့၏ အရေးပါမှုကို လူထုအင်အားနှင့်ထပ်တူ အသိအမှတ်ပြုရပေလိမ့်မည်။

စင်စစ် လူ့သမိုင်း၌ ပြည်သူလူထုနှင့် အာဇာနည်ပုဂ္ဂိုလ်တို့သည် အညမည ဆက်သွယ်မှုရှိကြ၏။ ၎င်းတို့သည် အချင်းချင်း အမှီသဟဲပြုပါမှ လူ့လောကကို ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိရကား အရေးပါသော သမိုင်းကဏ္ဍတစ်ခုကို လေ့လာရာ၌ အင်အားစုနှစ်စုစလုံးကို ထည့်သွင်းစဉ်းစားရန်လို၏။ ဂျာမန်တွေးခေါ်ရှင်ဟီဂယ်၏ အမြင်အားဖြင့်ကား အာဇာနည်ပုဂ္ဂိုလ်သည် ခေတ်၏ အတွေးအခေါ်နှင့် အာသီသဆန္ဒကို ရုပ်လုံးဖော်ပေးသောသူ ဖြစ်၏။ သူသည် ခေတ်၏လိုအပ်ချက်များကို ထိုးထွင်းသိမြင်၍ ထိုလိုအပ်ချက်များ အကောင်အထည်ဖော်ရန် အချိန်တန်ပြီဖြစ်ကြောင်း နားလည်၏။ သူ့ကို တီထွင်ဖန်တီးသောသူဟု ဆိုသည်

ထက် လူထုသန္တာန်၌ သန္ဓေတည်နေသော သမိုင်းကဏ္ဍသစ် ပေါ်ထွန်းလာအောင် ကူညီဆောင်ရွက်သော ဝမ်းဆွဲဆရာမဖြစ်သည်ဟုဆိုက ပို၍မှန်ပေလိမ့်မည်။

လူ့သမိုင်းသည် အဓိပ္ပာယ်နှင့်ဦးတည်ချက် ရှိပါသလောဟု စဉ်းစားရန် ရှိ၏။ ရှေးခရစ်ယာန် ဘာသာရေးခေါင်းဆောင်တို့၏ အမြင်အားဖြင့်မူ သမိုင်း အဖြစ်အပျက်များသည် ထာဝရဘုရားသခင်၏ အလိုတော်ဆန္ဒကို ဖော်ညွှန်း၍ ထာဝရဘုရားသခင် စီမံပြုပြင်သော သမိုင်းလမ်းစဉ်သည် မကောင်းသူကိုပယ်၍ ကောင်းသူကိုကယ်ရန် ဖြစ်၏။ ဤအယူမှာ ဘာသာတရားမေ့မိန်သော ယခု ခေတ်၌ ရေပန်းမစားတော့ချေ။

ဟီဂယ်၏အလိုအားဖြင့် သမိုင်းလမ်းစဉ်သည် လောကဓာတ်ကြီး၏ ဝိညာဉ်ကိုဖော်ဆောင်၍ သမိုင်းဦးတည်ချက်မှာ လူသားအား အသိဉာဏ်ယှဉ် သော လွတ်လပ်ရေးပန်းတိုင်သို့ ပို့ဆောင်ရန်ဖြစ်၏။ လူ့သမိုင်းသည် ဖြစ်ခြင်း၊ ဆန့်ကျင်ခြင်း၊ ပေါင်းစပ်ခြင်းတည်းဟူသော အညမညနည်းဖြင့် သဘာဝဓမ္မမှ လူ့အဖွဲ့အစည်းသို့လည်းကောင်း၊ တရားဥပဒေနယ်မှ လွတ်လပ်မှုသို့လည်းကောင်း အဆင့်ဆင့် ရွေ့လျားပြောင်းလဲခဲ့၏။ ကမ္ဘာ့ပထဝီအားဖြင့်မူ ပြောင်းလဲမှုသည် အရှေ့မှအနောက်သို့ ဖြစ်၏။ မူလပထမ၌ အာရှတိုက်ရှိ သက်ဦးဆံပိုင်ဘုရင်များ လက်အောက်တွင် ပုဂ္ဂလိကလွတ်လပ်မှု လုံးဝမရှိခဲ့ချေ။ ဂရိနှင့်ရောမတို့ခေတ်၌မူ အချို့လူများမှာ လွတ်လပ်၍ အချို့မှာ ကျွန်များဖြစ်ကြ၏။ ထိုအခါက တရား မျှတမှု၊ သာတူညီမျှဖြစ်မှုနှင့် တရားဥပဒေစိုးမိုးမှုများ စတင်ပေါ်ထွန်းလာ၍ ထိုလောကပါလတရားများ အခြေခံသော လူ့အဖွဲ့အစည်းများကို လူ့သမိုင်း၏ နောက်ဆုံးခေတ်ဖြစ်သော အနောက်ဥရောပနိုင်ငံများ၌ တွေ့ရသည်ဟု ဆို၏။

မတ်(ခ)စ်၏ သမိုင်းအမြင်သည်လည်း ဦးတည်ချက်ကို လက်ခံသော အမြင်ဖြစ်၏။ မတ်(ခ)စ်၏အလိုအားဖြင့် လူ့သမိုင်းလမ်းကြောင်းသည် ကွန်မြူနစ် ခေတ်သို့ ရှေးရှုလျက်ရှိ၏။ အရင်းရှင်စနစ်ကို တော်လှန်၍ ဆိုရှယ်လစ် လူ့ဘောင်သစ်တည်ဆောက်ပြီးသောအခါ ကွန်မြူနစ်ခေတ်ရောက်လာ၍ ထိုခေတ်၌ လူတန်းစား ကွဲပြားမှုမရှိ။ နိုင်ငံအစိုးရလည်းမရှိဘဲ သာယာဝပြောသော လူ့လောကကြီး ပေါ်ပေါက်လာမည်ဖြစ်၏။ ဟီဂယ်၏သမိုင်းဦးတည်ချက်နှင့် ခြားနားသည်ကား ဟီဂယ်၏ သမိုင်းအမြင်မှာ ဘာသာတရားသဘောနွှယ်၍ မတ်(ခ)စ်၏အမြင်မှာ လူသား၏နေရာကဏ္ဍကို ဦးစားပေး၏။ မတ်(ခ)စ်၏ သမိုင်းဦးတည်ချက်သည် အကြောင်းအကျိုးနိယာမကို အခြေခံသော်လည်း အထက်ကပြဆိုခဲ့သည့်အတိုင်း လူသားက ကြိုးပမ်းဖော်ထုတ်ရမည့် ဦးတည်ချက် ဖြစ်၏။

ဟီဂယ်နှင့် မတ်(ခ)စ်တို့၏ သမိုင်းဦးတည်ချက်သည် လူ့လောက၏ တိုးတက်သောသဘောကို လူ့သမိုင်းက ပြသည်ဆိုသော ခံယူချက်နှင့် ဆက်စပ်နီးနွယ်လျက်ရှိ၏။ မတ်(ခ)စ်၏အမြင်အားဖြင့် လူသားသည် အမြဲတိုးတက်နေသော သတ္တဝါဖြစ်ပေရာ သမိုင်းလမ်းကြောင်းတစ်လျှောက်၌ မည်သည့်ခေတ်မဆိုကုန်လွန်ခဲ့သောခေတ်များထက် သာလွန်ကောင်းမွန်စမြဲ ဖြစ်၏။ သို့ဖြင့် အရင်းရှင်စနစ်သည်ပင် ဆိုရှယ်လစ်စနစ်မပေါ်မီက အခြားလူနေမှုစနစ်များထက် အဆင့်အတန်းမြင့်မား၍ လူ့လောကအား အကျိုးပြုခဲ့ပုံကို မတ်(ခ)စ်က ချီးကျူးရေးသားခဲ့၏။

လူ့သတ္တဝါ၏ တိုးတက်မှုအကြောင်း အသိပညာရှင်များ စဉ်းစားတွေးခေါ်ကြခြင်းမှာ ယခုခေတ်ကျမှ တွေ့ရသော အခြင်းအရာဖြစ်၏။ ရှေးဂရိနှင့် ရောမတို့သည် လူ၏ ထာဝရတိုးတက်မှုကို မယုံကြည်ကြချေ။ ကမ္ဘာဦးလူတို့၏ ပဒေသာပင်ခေတ်ကို တမ်းတ၍ မိမိတို့ခေတ်မှာ ဆုတ်ခေတ်ဖြစ်သည်။ လူ့သမိုင်းသည် ဆုတ်ကပ်တက်ကပ်များဖြင့် နိမ့်တုံမြင့်တုံ၊ ကောင်းလိုက်ဆိုးလိုက် တစ်ပတ်လည်တတ်သော သဘောရှိသည်ဟု ခံယူကြ၏။ လူ့လောကဇာတ်ခုံသည် အကြီးအကျယ်ပြောင်းလဲခြင်းမရှိဘဲ သမိုင်းအဖြစ်အပျက်များသည် အမြဲလိုလို တစ်ပုံစံတည်းဖြစ်သည်ဟု ယူဆကြ၏။ ဂရိတို့သည် စင်စစ် အရိုင်းဘဝမှ လိမ္မာယဉ်ကျေးသော လူမျိုးကြီးအဖြစ်သို့ နှစ်ပေါင်းတစ်ထောင်ကြာမျှ ချီတက်ခဲ့ရပေရာ ထိုသို့ဖြစ်ပါလျက် လူသား၏တိုးတက်မှုကို မယုံကြည်ကြခြင်းမှာ သူတို့၏ အတိတ်ဖြစ်စဉ်ကို ဖော်ပြသော သမိုင်းမှတ်တမ်းများ ခေါင်းပါးခြင်းနှင့် စက်မှုပညာမထွန်းကားသဖြင့် လူ၏ ရုပ်ပိုင်းဘဝ သာယာတိုးတက်မှု မရှိခြင်းကြောင့် ဖြစ်တန်ရာ၏။

ဥရောပအလယ်ခေတ်က လူတို့သည်လည်း လူ့လောက၏တိုးတက်မှုကို မယုံကြည်ကြချေ။ ကမ္ဘာကြီး မကြာမီပျက်စီးလိမ့်မည်ဟု ယုံကြည်၍ ကောင်းကင်ဘုံကို မျှော်မှန်းကြ၏။ သိပ္ပံပညာနှင့် စက်မှုပညာများထွန်းကား၍ လူတို့၏ စားဝတ်နေမှု အဆင့်အတန်း မြင့်မားလာသောအခါမှ လူ့သတ္တဝါ၏ တိုးတက်မှုကို လက်ခံသောအယူသည် ပေါ်ထွန်းလာ၏။ သိပ္ပံပညာတိုးတက်လာသည်နှင့်အမျှ ဘာသာရေးတရားသည် မှေးမှိန်၍ လူတို့သည် ကောင်းကင်ဘုံကို မမျှော်မှန်းတော့ဘဲ သိပ္ပံပညာက ဖန်တီးပေးမည့် လူ့ဘောင်သစ်ကို အိပ်မက် မက်လာကြ၏။ ဒါဝင်က တိရစ္ဆာန်ဘဝမှ လူသားအဖြစ်သို့ အဆင့်ဆင့်ပြောင်းလဲခဲ့သော အီဗော်လူးရှင်းနိယာမကို တင်ပြသောအခါ လူ့လောက၏တိုးတက်မှုကို ယုံကြည်

ချက်သည် ပို၍ စွဲမြဲခိုင်မာလာ၏။ သဘာဝတရားသည် လူ၏မိတ်ဆွေဖြစ်၍ လူသည် အတိုင်းမသိ ကြီးပွားတိုးတက်ရန် အလားအလာရှိသော သတ္တဝါဖြစ်သည်ဟု လူအများ ခံယူလာကြ၏။

သို့ရာတွင် ၂၀ ရာစုမတိုင်မီကပင် လူသတ္တဝါ၏တိုးတက်မှုကို စောကြောဝေဖန်လိုသော အသိပညာရှင်အချို့ ရှိကြ၏။ တစ်ဖက်က သိပ္ပံပညာ၏ကျေးဇူးကြောင့် လူ၏ရုပ်ပိုင်းဘဝ တိုးတက်သည်နှင့်အမျှ အခြားတစ်ဖက်က ဆုတ်ယုတ်နေမှုများကို သူတို့ထောက်ပြကြ၏။ သို့ဖြင့် ၂၀ ရာစုရှေ့ပိုင်း၌ ကမ္ဘာစစ်ကြီးနှစ်ကြိမ်ဖြစ်ပွား၍ လူသန်းပေါင်းများစွာ သေကြေ ပျက်စီးကြသောအခါ လူ့လောကသည် တိုးတက်နေသည် ဆိုသောစကားမှာ ယုတ္တိမရှိတော့ချေ။ ထို့နောက် ကမ္ဘာ့ထိပ်တန်း နိုင်ငံကြီးများသည်ပင် ယနေ့အထိ သာယာငြိမ်းချမ်းမှုမရှိဘဲ ပြဿနာများ ဝိုင်းဝိုင်းလည်နေခြင်းကို ထောက်ချင့်၍ လူ့လောကသည် ဆုတ်ယုတ်ပျက်စီးလျက်ရှိပြီဟု လူအများ ယုံကြည်လာကြ၏။

အနောက်တိုင်းယဉ်ကျေးမှုသည် ဆုတ်ယုတ်ပျက်စီးနေပြီဖြစ်ကြောင်း ပထမဦးစွာ လူသိရှင်ကြား ရေးသားတင်ပြခဲ့သော ပုဂ္ဂိုလ်မှာ ဂျာမန်တွေးခေါ်ရှင် အောစဝဲစပင်ဂလာ ဖြစ်၏။ သူ၏အလိုအားဖြင့် နိုင်ငံတစ်နိုင်ငံ၊ သို့မဟုတ် လူမျိုးတစ်မျိုး၏ သမိုင်းဖြစ်စဉ်သည် လူသတ္တဝါတစ်ဦး၏ ဘဝဖြစ်စဉ်နှင့်တူ၏။ လူသတ္တဝါသည် ကလေး၊ လူငယ်နှင့် လူကြီးအရွယ်များကို လွန်သောအခါ အိုမင်းရင့်ရော်၍ ဆုတ်ယုတ်ပျက်စီးရသကဲ့သို့ လူ့သမိုင်းသည် ရှင်သန်ကြီးပွားမှု၊ နုပျိုသစ်လွင်မှုနှင့် ရင့်ကျက်မှု ခေတ်သုံးခေတ်ကို ကျော်ဖြတ်ခဲ့ပြီဖြစ်၍ ယခုအခါ အိုမင်းယိုယွင်းသော ကာလပိုင်းသို့ ရောက်ရှိနေပေပြီ။ လူ့လောကဖြစ်စဉ်၏ ဇရာသဘောလက္ခဏာများမှာ မြို့ကြီးများနှင့် ဟန်သာရှိ၍ အဆံမရှိသော မြို့နေကုန်သည်လူလတ်တန်းစား အလုပ်သမားများပေါ်လာခြင်း၊ ပိုက်ဆံကြေးငွေကို ဦးထိပ်ထား၍ စက်ပစ္စည်းများ၏ ကျေးကျွန်ဖြစ်လာကြခြင်း၊ နိုင်ငံချဲ့ထွင်လိုမှု၊ အာဏာမက်မောမှုနှင့် လူစွမ်းကောင်းလုပ်လိုမှုကြောင့် စစ် မကြာခဏဖြစ်ခြင်း၊ လူဖျင်းလူညံ့များက လူလိမ္မာများထက် ပေါများလာခြင်း၊ သိပ္ပံပညာနှင့် ဒဿနိကဗေဒက ဘာသာတရားကို လွှမ်းမိုး၍ လူတို့တွင် သံသယစိတ်နှင့် တော်လှန်ရေးစိတ် အားကြီးလာခြင်း စသည်တို့ ဖြစ်သည်ဆို၏။

ဤလက္ခဏာခြင်းရာများမှာ ယနေ့ကမ္ဘာ့နိုင်ငံကြီးများတွင် ကျွန်ုပ်တို့ အမှန်တကယ် တွေ့မြင်နေရသော ဝိသေသလက္ခဏာ ခြင်းရာများဖြစ်၏။ သို့ရာတွင် အချို့သောလူတို့သည် အသိအလိမ္မာရှိ၍ လူ့လောကဆုတ်ယုတ်ပျက်စီးမှု

လက္ခဏာများကို သိမြင်ပြီးလျှင် မိမိတို့ အကျိုးစီးပွားကို အချိန်မီ ကာကွယ်စောင့်ရှောက်တတ်ကြခြင်းကိုလည်း သတိပြုရပေမည်။ သို့ဖြင့် အမေရိကန်နိုင်ငံ၌ များစွာသောလူတို့သည် မြို့ကြီးများကိုစွန့်၍ မြို့ဆင်ခြေဖုံးသို့ ပြောင်းရွှေ့နေထိုင်ကြ၏။ စစ်ဝါဒ၊ အာဏာရှင်ဝါဒ၏ ဆိုးရွားပုံကိုလည်းကောင်း၊ သိပ္ပံပညာ၏ ဟာကွက်၊ ချွတ်ယွင်းချက်များကိုလည်းကောင်း သိမြင်သောသူတို့သည်လည်း အတော်တိုးပွားလျက် ရှိပေပြီ။

စပင်ဂလာအဆို၏ အဓိကလွဲမှားချက်မှာ နိုင်ငံသမိုင်းဖြစ်စဉ်ကို လူ့ဘဝဖြစ်စဉ်နှင့် ပုံခိုင်းထားမှုဖြစ်၏။ ဤသို့ဥပမာဖြင့် တွေးခေါ်ကြံဆခြင်းသည် ယထာဘူတမကျဘဲ အများအားဖြင့် မှားယွင်းတတ်၏။ လူ့သမိုင်းဖြစ်စဉ်သည် ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ ဘဝဖြစ်စဉ်နှင့် အခြေခံအားဖြင့်မတူဘဲ ကွဲလွဲခြားနားချက်များရှိပေရာ သတ္တဝါဟူသမျှသည် နောက်ဆုံးတွင် သေခြင်းတရားကို ရင်ဆိုင်ရသကဲ့သို့ နိုင်ငံတိုင်းသည် အဆုံးတစ်နေ့၌ မုချ ဆုတ်ယုတ်ပျက်စီးရမည်ဟု တထစ်ချ စွဲမှတ်မထားသင့်ချေ။

လူ့သမိုင်းကို ဒဿနိကဗေဒရှုထောင့်မှ နှိုက်ချွတ်လေ့လာခဲ့သော ဗြိတိသျှပညာရှင် အာနိုးတွိုင်ဘီသည်လည်း လူ့လောကအတွက် မျှော်လင့်ချက်ကို မမြင်ချေ။ သူ၏အမြင်အားဖြင့် အနောက်တိုင်းယဉ်ကျေးမှုသည် ဆုတ်ယုတ်ပျက်စီးစပြုနေပြီဖြစ်ရာ ထိုသို့ဖြစ်ခြင်းမှာ ဘုရားသခင်၏ အလိုတော်ကြောင့်မဟုတ်၊ လူတို့ အစိုးမရသော အကြောင်းတရားများကြောင့်လည်း မဟုတ်ဘဲ စစ်တိုက်လိုမှု၊ သိပ္ပံနှင့်စက်မှုပညာကို အထင်ကြီးမှု၊ လက်ရှိအခြေအနေနှင့် မတင်းတိမ်မရောင့်ရဲမှုစသော လူတို့၏ မသိမိုက်မဲမှုများကြောင့် ဖြစ်၏။ သို့ရာတွင် တွိုင်ဘီသည် လူ့လောကမှာ သဘာဝနိယာမအရ မုချမသွေ ပျက်စီးရမည်ဟုမဆိုဘဲ အကယ်၍ လူတို့ အချိန်မီ သတိတရားရ၍ ပြုပြင်ပြောင်းလဲပါက လူ့လောကအား ခြိမ်းခြောက်နေသော အန္တရာယ်များကို ကျော်လွှန်နိုင်ဖွယ်ရာ ရှိသည်ဟုယူဆ၏။

အမှန်ဆိုသော် လူသတ္တဝါ၏ တိုးတက်မှုဆိုသော စကားသည် အနက်အဓိပ္ပာယ် အတိအကျသတ်မှတ်ရန် ခဲယဉ်းသော စကားဖြစ်၏။ တိုးတက်မှုဆိုရာ၌ ကမ္ဘာ့လူသားအားလုံး၏ တိုးတက်မှုကို ဆိုလိုသလော၊ သို့မဟုတ် နိုင်ငံတစ်ခု၊ လူတစ်စု၏ တိုးတက်မှုကို ဆိုလိုသလော။ ကိုယ်ကျင့်တရားတိုးတက်မှု၊ အသိဉာဏ်တိုးတက်မှု၊ စားဝတ်နေရေးတိုးတက်မှု စသည်ဖြင့် တိုးတက်မှုအမျိုးမျိုးရှိပေရာ မည်သည့် တိုးတက်မှုကို ဆိုလိုပါသနည်း၊ ကိုယ်ကျင့်တရားပေါင်းသင်းဆက်ဆံရေး စသည်တို့၌ တိုးတက်မှု ရှိ,မရှိ မည်သို့ တိုင်းတာ

ဆုံးဖြတ်ရပါမည်နည်း။ ဤသို့စသည်ဖြင့် လူ၏တိုးတက်မှုနှင့်စပ်၍ မေးဖွယ်ရာများရှိ၏။

မည်သို့ပြစ်စေ အချို့သော အချက်များမှာကား ယေဘုယျအားဖြင့် အငြင်းပွားဖွယ်မရှိချေ။ လူသည် အီဖော်လူးရှင်းနိယာမတရားကြောင့် တိရစ္ဆာန်အဖြစ်မှ မြင့်တက်လာသောသတ္တဝါ ဖြစ်သည်မှန်သော်လည်း မှတ်တမ်းဝင်လူ့သမိုင်းတစ်လျှောက် တိုးတက်မှုကို စဉ်းစားရာ၌ သဘာဝဓမ္မကို ချန်လှပ်ထားရပေလိမ့်မည်။ ဆိုလိုသည်မှာ လူသည် မိမိတိုးတက်မှုအတွက် သဘာဝတရားကို အားကိုးရန် မဖြစ်နိုင်ချေ။ ယနေ့လူသားသည် လွန်ခဲ့သော နှစ်ပေါင်းငါးထောင်က လူသားထက် အသိဉာဏ် ပိုမိုမြင့်မားခြင်း မရှိ။ ဗီဇစိတ်ဓာတ်စရိုက်အားဖြင့် ကျောက်ခေတ်လူတို့ထက် မြင့်မြတ်သည်ဟုလည်း မဆိုသာချေ။ လောဘ၊ ဒေါသစသော ကိလေသာတရားများသည် အနုသယဓာတ်အနေဖြင့် လူတို့၏သန္တာန်၌ ကိန်းဝပ်လျက်ရှိကြောင်း ထင်ရှား၏။ လူ၏တိုးတက်မှုမှာ သဘာဝဓမ္မကြောင့်မဟုတ်ဘဲ တစ်ခေတ်မှ ယဉ်ကျေးမှုအမွေအနှစ်ကို နောက်ခေတ်မှ လူများက ဆက်ခံရရှိသောကြောင့် ဖြစ်၏။ ကျောက်ခေတ်လူသည် ယနေ့လူထက် အသိဉာဏ်မနိမ့်ကျသော်လည်း သူ့အဖို့ ယဉ်ကျေးမှုအမွေအနှစ်မရှိ။ ယနေ့လူသားမှာမူ ရှေး ခေတ်အဆက်ဆက်က လူတို့၏ အသိအမြင်၊ အတွေ့အကြုံ၊ အတွေးအခေါ် စသည်များကို ဆက်ခံရရှိသောကြောင့် တိုးတက်နေခြင်း ဖြစ်ပေသည်။

တိုးတက်မှုသည် မည်သို့စသည်၊ မည်သို့ဆုံးမည်ဟူ၍ မသိနိုင်ချေ။ လူတို့၏ ယဉ်ကျေးမှုသည် လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ လောက်က နိုင်းမြစ်ဝှမ်း၌ စတင်ပေါ်ထွန်းခဲ့သည်ဟူသော အဆိုသည် ဘီစီ ၄၀၀၄ ခုနှစ်က ကမ္ဘာကြီးကို ထာဝရဘုရားသခင်ဖန်ဆင်းသည်ဆိုသော စကားကဲ့သို့ ယခုအခါ အခြေအမြစ် မရှိလှချေ။ ၂၀ ရာစုခေတ်သည် လူ့တိုးတက်မှု၏ နိဂုံးဖြစ်သည်ဟူ၍လည်းကောင်း၊ လူ့သမိုင်းသည် လူအတန်းအစားနှင့် နိုင်ငံအစိုးရကင်းမဲ့သော လူ့ဘောင်စနစ်သို့ အဆုံးစွန်ဦးတည်ချက် ရှိသည်ဟူ၍လည်းကောင်း၊ သမိုင်းပညာရှင်အချို့နှင့် ကားလ်မတ်(ခ)စ်၏ ယူဆချက်များသည် ယနေ့ကမ္ဘာအခြေအနေအရလွဲမှားလျက်ရှိ၏။ လွဲမှားခြင်းမှာ သိပ္ပံပညာတိုးတက်မှုကိုသော်လည်းကောင်း၊ စီးပွားရေးအခြေခံသော လူတန်းစား တိုက်ပွဲကိုသော်လည်းကောင်း ကြည့်၍ဟောကိန်းထုတ်ခဲ့ကြသောကြောင့် ဖြစ်၏။

---

၁။ "ဗီဇနှင့်ပတ်ဝန်းကျင်" ဦးအေးမောင်

လူ၏တိုးတက်မှုကို သုံးသပ်ရာ၌ ကျွန်ုပ်တို့သည် တစ်ကမ္ဘာလုံးကို ခြုံမကြည့်ဘဲ တစ်စိတ်တစ်ဒေသကိုသာ ကြည့်ရပေလိမ့်မည်။ ထို့အပြင် လူ၏ တိုးတက်မှုသည် အဘက်ဘက်က တိုးတက်မှုမဟုတ်ဘဲ အချို့နေရာများ၌သာ တိုးတက်ခြင်းဖြစ်ကြောင်း သတိပြုရာ၏။ ယနေ့လူသားသည် သိပ္ပံပညာ၌ အများဆုံးတိုးတက်၍ ကိုယ်ကျင့်တရားအရာ၌ကား အားရကျေနပ်ဖွယ် မရှိချေ။ သို့ရာတွင် လူတို့သည် ယနေ့ တိုးတက်နေသောအပိုင်း၌ ရှေ့တွင် ဆက်လက် တိုးတက်၍ ဆုတ်ယုတ်နေသောအပိုင်း၌ ဆက်လက်ဆုတ်ယုတ်သွားလိမ့်မည်ဟု တထစ်ချစွဲမှတ်ထားပါက မှားပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လူ၏ တိုးတက်မှုသမိုင်းသည် ဖြောင့်တန်းမနေဘဲ အကွေ့အကောက်၊ အပြတ်အတောက်၊ အတက်အကျများပြွမ်းနေသော လမ်းကြောင်းဖြစ်၏။ လူ့သမိုင်း၌ တိုးတက် သောခေတ်များရှိသကဲ့သို့ နောက်ပြန်ဆုတ်သော ခေတ်များလည်း ရှိခဲ့ပေရာ ဆုတ်ပြီးနောက် ပြန်တက်ရာ၌ မူလနေရာမှသော်လည်းကောင်း၊ မူလလမ်း ကြောင်းအတိုင်းသော်လည်းကောင်း တက်လိမ့်မည်ဟု မထင်မှတ်သင့်ချေ။ တိုးတက်မှု ကို ဦးဆောင်သောပုဂ္ဂိုလ်များသည်ပင် လူအတန်းအစားနှင့် ဇာတိမျိုးနွယ်အား ဖြင့် လူဟောင်းများမဟုတ်ဘဲ လူသစ်များ ဖြစ်နေပေရာ၏။

စင်စစ် လူ၏တိုးတက်မှုသည် ရိုးရိုးရှင်းရှင် မဟုတ်ဘဲ ဆန့်ကျင်ဘက် တရားများ ပါဝင်ရောထွေးနေသောကြောင့် ယင်းနှင့်ပတ်သက်၍ လှေနံဓားထစ် စွဲမှတ်ထားရန် အချက်များများ မရှိချေ။ ကမ္ဘာပေါ်၌ အတိုးတက်ဆုံး ဖြစ်သည် ဆိုသော နိုင်ငံသည်ပင် တစ်ဖက်က တိုးတက်သည်နှင့်အမျှ အခြားတစ်ဖက်က ဆုတ်ယုတ်နေတတ်၏။ တစ်နေရာ၌ တိုးတက်မှုကြောင့် အခြားတစ်နေရာ၌ ဆုတ်ယုတ်၍ လူတစ်စု၏တိုးတက်မှုသည် အခြားလူတစ်စုအား ဆုတ်ယုတ်စေ တတ်၏။ လူ့တိုးတက်မှု၏ အခြေခံနိယာမတရားကိုလည်း ကျွန်ုပ်တို့ ရှာဖွေ၍ မရအပ်ချေ။ ဝိရောဓိတရားများမှ လူ၏တိုးတက်မှု ပေါ်ထွက်လာသည်ဆိုသော ဟီဂယ်၏ခံယူချက်သည် ရှေးက ယေဘုယျအားဖြင့် မှန်ကန်ခဲ့သော်လည်း အနာဂတ်ကာလ၌ လွဲမှားပေရာ၏။ ယခုအခါ ကမ္ဘာပေါ်၌ အရင်းရှင်အုပ်စုနှင့် ဆိုရှယ်လစ်အုပ်စုတို့သည် အပြိုင်အဆိုင် ဖြစ်လျက်ရှိကြပေရာ ယင်းဆန့်ကျင်ဘက် အင်အားစုများကို ဦးဆောင်နေသော နျူကလီးယားလက်နက် နိုင်ငံကြီးများ စစ်ဖြစ်ပွားပါက မည်သူမျှ အနိုင်မရဘဲ လူ့လောက ဆုတ်ယုတ်ပျက်စီးရမှာ မုချမလွဲ ဖြစ်ပေသတည်း။

# ၁၈

လူ့လောက ပြဿနာများသည် သိပ္ပံပညာက ဖြေရှင်း၍ တစ်နေရာ၌ ပျောက်ကွယ်သွားစေကာမူ အခြား တစ်နေရာ၌ မမျှော်လင့်ဘဲ ပေါ်လာတတ်၏။ သိပ္ပံပညာ၏ ရည်ရွယ်ချက်သည် သဘာဝမွေ့ကို လေ့လာ၍ သူတို့၏ ကြီးပွားချမ်းသာမှုကို အကျိုးပြုရန်ဖြစ်သော်လည်း တစ်ခါတစ်ရံ၌ ၎င်း၏အောင်မြင်မှုသည် အကောင်းအဆိုး ဒွန့်တွဲနေတတ်၏။

# သုခဘုံလော၊ ဒုက္ခဘုံလော

လူတို့ရပ်ရွာ ဤကမ္ဘာကြီးသည် ကျွန်ုပ်တို့အဖို့ နှစ်သက်မြတ်နိုးဖွယ်ရာ ဖြစ်ပါ၏လော။ သို့တည်းမဟုတ် စိတ်ပျက်ရွံမုန်းဖွယ်ရာ ဖြစ်လေသလော။ တစ်နည်းဆိုသော် လူ့ဘဝသည် ချမ်းသာသုခ ရှိပါသလော၊ သို့တည်းမဟုတ် ဆင်းရဲဒုက္ခဖြင့် ပိုမိုထင်ရှားလေသလော။

လူ့အတွေးအခေါ်သမိုင်းကို ပြန်ကြည့်သော် ရှေးဂရိတို့သည် ဤလူ့ဘုံမှာ ဆင်းရဲဒုက္ခဘုံကြီး ဖြစ်သည်ဟု ခံယူကြ၏။ လွမ်းခန်းပြဇာတ်ကို သူတို့တီထွင်၍ ထိုပြဇာတ်များဖြင့် လူ့ဘဝ၏ ဝမ်းနည်းကြေကွဲဖွယ်ရာများကို သရုပ်ဖော်ကြ၏။ သူတို့၏ သမိုင်းဆရာကြီး ဟီရောဒိုးတပ်၏ အဆိုအားဖြင့် ဂရိတိုင်းသား လူမျိုးတစ်စု၌ ဓလေ့ထုံးစံတစ်ခုရှိသည်ကား ကလေးတစ်ယောက် မွေးဖွားသော အခါ လူတို့သည် ၎င်းကြုံတွေ့ရမည့် ဆင်းရဲဒုက္ခများကို ပြောပြကာ ငိုယို၍ ကြိုဆိုကြ၏။ သေဆုံးသူများကိုမူ ဆင်းရဲဒုက္ခ ချုပ်ငြိမ်းသွားပြီဖြစ်၍ ပြုံးပြုံးရွှင်ရွှင် နှင့် မြှုပ်နှံလေ့ရှိကြ၏။ ဂရိတွေးခေါ်ပညာရှင်ကြီး ဆော့ကရေးတီးသည် အသတ်ခံ ရခါနီး၌ စိုးစိမ့် ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ အမြဲအိပ်ပျော်နေမှုနှင့်တူသော သေခြင်းသည် ပျော်ပျော်ရွှင်ရွှင် အသက်ရှင်နေရခြင်းထက် ပိုမိုကောင်းမွန်သည် ဆိုကာ ရဲဝံ့စွာ အသက်စွန့်လွှတ်ခဲ့လေသည်။

ဂရိတို့၏အတွေးအခေါ်ကို ဆက်ခံသော ရောမတို့သည်လည်း လူ့ဘုံကို ချမ်းသာသုခဘုံအနေဖြင့် မမြင်ကြချေ။ မားကတ်သြရီလပ်၊ လူကရီးတပ်

အစရှိသောသူတို့ တွေးခေါ်ရှင်တို့သည် လူသားမှာ သဘာဝနိယာမနှင့် ကံတရား ပြုပြင်စီမံမှုကိုခံနေရသော သတ္တဝါဖြစ်၍ ဆင်းရဲဒုက္ခကို ကြံ့ကြံ့ခံနိုင်ရည်ရှိအောင် ကြိုးစားရမည်ဟု ဟောပြောကြ၏။ ဂရိနှင့် ရောမတို့နောက်မှ ပေါ်ပေါက်လာသော ခရစ်ယာန်ဘာသာသည်လည်း လူ့ဘာဝကို အကောင်းမမြင်ကြချေ။ လူ့ဘာဝမှာ ဆင်းရဲဒုက္ခနှင့် အပြစ်အညစ်အကြေးများ ဖုံးလွှမ်းနေ၍ ကောင်းကင်ဘုံသာလျှင် ဒုက္ခချုပ်ငြိမ်းရာဖြစ်သည်ဟု ယုံကြည်ကြ၏။

၁၈ ရာစုခေတ်၌မူကား ပြင်သစ်တော်လှန်ရေးနှင့်အတူ လူ့ဘာဝကို အကောင်းရှုမြင်သော အသိပညာရှင်များ ပေါ်လာကြ၏။ ပြင်သစ်ပညာရှင်တစ်ဦးက လူတို့ကမ္ဘာသည် စကြဝဠာထဲ၌ အကောင်းဆုံးကမ္ဘာဖြစ်သည်ဟု ဆို၏။ လူ့လောက၌ အနိဋ္ဌာရုံများ ရှိသည်ဆို၏။ ယင်းတို့ရှိခြင်းမှာ ယာယီမျှသာဖြစ်သည်။ လူတို့အားလုံး နိုးကြားထကြွ၍ အစစအရာရာတွင် ဆင်ခြင်တုံတရားလက်ကိုင်ထားပြီး အတတ်ပညာများ ထွန်းကားလာသော တစ်နေ့၌ ကမ္ဘာကြီးသည် သာယာပျော်မွေ့ဖွယ်ကောင်းသော လူ့ဘုံဖြစ်လာလိမ့်မည်ဟု ရေးသား ဟောပြောကြ၏။ ဤအဆိုကို လက်မခံဘဲ ပြန်လှန်ချေပသော ပညာရှင်တစ်ဦး၊ နှစ်ဦးရှိသော်လည်း လူ့ဘာဝကို အကောင်းမြင်သောဝါဒသည် ဥရောပတိုက်၌ မှေးမှိန်မသွားချေ။ ၁၉ ရာစုခေတ်၌ သိပ္ပံပညာထွန်းကား၍ ၎င်း၏တီထွင်ဖန်တီးမှုများကြောင့် လူနေမှုအဆင့်အတန်း သိသိသာသာ မြင့်တက်လာသောအခါ၌ကား လူသမိုင်းသည် ဆင်းရဲဒုက္ခချုပ်ငြိမ်းရာ လောကနိဗ္ဗာန်သို့ ရှေးရှုနေပြီဟု ယုံကြည်မျှော်လင့်လာကြ၏။

သို့ရာတွင် ၁၉ ရာစုခေတ်မကုန်မီကပင် ထိုလောကအမြင်ကို စောကြောဝေဖန်သော ပုဂ္ဂိုလ်များ ရှိကြ၏။ သူတို့က သိပ္ပံပညာ တိုးတက်သော်လည်း ကမ္ဘာပေါ်၌ ဆင်းရဲဒုက္ခများ ပျောက်ကွယ်သွားမည်မဟုတ်ဟု ဆိုကြ၏။ သို့ဖြင့် ၁၉ ရာစုနှစ် ပထမပိုင်း၌ ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ပွား၍ ကမ္ဘာ့အခြေအနေ မကြာမကြာ ဆိုးရွားလာသောအခါ၌မူ လူ့ဘာဝအကောင်းမြင်ဝါဒမှာ အသိပညာရှင်များလောက၌ မရပ်တည်နိုင်တော့ချေ။ ယခုအခါ ပညာရှင့်တို့သည် အများအားဖြင့် လူ့ဘာဝကို အဆိုးမြင်နေကြနေပြီ ဖြစ်၏။

လူ့ဘာဝကို အကောင်းမြင်ခြင်းသည် သမိုင်းကြောင်းအားဖြင့် လူ့လောကတိုးတက်မှုကို ယုံကြည်ခြင်းနှင့် ဆက်စပ်နေကြောင်း စာရှုသူတို့ သတိပြုမိပေလိမ့်မည်။ တိုးတက်မှုကို ယုံကြည်သောခေတ်၌ လူ့ဘာဝကို အကောင်းမြင်၍ မယုံကြည်သောကာလ၌ အဆိုးမြင်တတ်ကြ၏။ သို့ရာတွင် လူ့လောကတိုးတက်မှု

နှင့် လူ့ဘဝအကောင်းမြင်မှုမှာ အခြေခံသဘောတရား တခြားစီဖြစ်၏။ လူ့တိုးတက်မှုကို သရုပ်အစိပ္ပာယ် တိတိကျကျ ရှင်းပြရန် ခဲယဉ်းသော်လည်း လူ့ဘဝ၏ ချမ်းသာသုခ၊ ဆင်းရဲဒုက္ခများကို သရုပ်ဖော်ရန် မခက်လှချေ။ ထို့ကြောင့်လည်း လူ့ဘဝ အကောင်းမြင်ဝါဒကို ဝေဖန်ဆန်းစစ်ရန်မှာ လူ့တိုးတက်မှုကို ဆန်းစစ်ရန်ထက် အကြောင်းအချက် အထောက်အထားများ ရှိ၏။

ရုပ်ပိုင်းသက်သက်အားဖြင့်ကား လူ့လောက၏တိုးတက်မှုမှာ ယုံမှားစရာ မရှိချေ။ ယနေ့လူသားသည် ကျောက်ခေတ်လူသားနှင့်စာသော် ကျန်းမာမှု၊ အသက်ရှည်မှုနှင့် စားဝတ်နေမှုများတွင် အံ့ဖွယ်လိလိ တိုးတက်ခဲ့သည် အမှန်ဖြစ်၏။ သို့ရာတွင် လူ့ဘဝ အဆိုးအကောင်းကို ရုပ်ပိုင်းတစ်ခုတည်းဖြင့် ဆုံးဖြတ်၍ မရအပ်ချေ။ ယင်းပြဿနာကို ဆန်းစစ်ရာ၌ စိတ်ပိုင်းကို အဓိကထား၍ စဉ်းစားရမည်ဖြစ်ပေရာ စိတ်ချမ်းသာခြင်း၊ သို့မဟုတ် ဆင်းရဲခြင်းသည် လူ့တိုးတက်မှုနှင့် တခြားစီ ဖြစ်နေတတ်၏။ ကမ္ဘာပေါ်၌ အတိုးတက်ဆုံးဖြစ်သော အမေရိကန်နိုင်ငံသားတို့သည် အများအားဖြင့် မတိုးတက်မဖွံ့ဖြိုးသေးသော အာရှ၊ အာဖရိကနိုင်ငံရှိ လူများလောက် စိတ်ချမ်းသာမှု မရှိကြချေ။

လူ့သမိုင်းကိုကြည့်သော် ဤလူ့ဘုံကို သာယာပျော်မွေ့ဖွယ်ကောင်းသော နေရာဌာန ဖြစ်သည်ဆိုခြင်းမှာ ယုံတမ်းစကား ဖြစ်နေပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသမိုင်းတိုင်းလိုလိုပင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်တိုက်မှု၊ ပြည်တွင်းစစ်ဖြစ်မှု၊ သတ်ဖြတ်မှု၊ မတရားနှိပ်စက်မှု၊ ဖိနှိပ်ချုပ်ချယ်မှုစသော အနိဋ္ဌာရုံ ဖြစ်ပျက်မှုများကို ဖော်ပြကြ၍ ဂစ်ဗွန်ဆိုသော ဗြိတိသျှသမိုင်းဆရာတစ်ဦးကမူ လူ့သမိုင်းမည်သည် လူသားတို့၏ မိုက်မဲမှု၊ မသိမှုနှင့် ဒုစရိုက်မှုများအကြောင်း မှတ်တမ်းဖြစ်သည်ဟု ရေးသားခဲ့၏။ ယနေ့သတင်းစာများသည်လည်း နိုင်ငံသမိုင်းစာအုပ်များနှင့် များစွာ မခြားနားလှချေ။ ပြည်တွင်းသတင်းများကို ကြည့်ပါက လူသတ်မှု၊ ဓားပြတိုက်မှု၊ လိမ်လည်မှု၊ အနိုင်ကျင့်မှု၊ လေယာဉ်ပျက်ကျမှု၊ ကားတိုက်မှု၊ ရေနစ်သေမှုစသော လူတို့အား ဆင်းရဲဒုက္ခဖြစ်စေမည့် သတင်းများကို နေ့စဉ်လိုလို တွေ့ကြရ၏။ ကမ္ဘာ့သတင်းများမှာလည်း စစ်တိုက်မှု၊ လက်နက်နိုင်ငံကြီးများ စစ်ပြင်ဆင်မှု၊ လေယာဉ်ပျက်ကျ၍ လူများသေဆုံးမှု၊ ငလျင်လှုပ်ခြင်း၊ လေမုန်တိုင်းကျခြင်းစသော သဘာဝ ဖောက်ပြန်မှုကြောင့် အသက်အိုးအိမ်နှင့် စည်းစိမ်ဆုံးရှုံးမှုစသော အနိဋ္ဌာရုံ သတင်းများ ဖြစ်၏။ လူ့ဘဝကို အကောင်းမြင်သောသူတို့ကမူ လူ့သမိုင်းနှင့် သတင်းစာများကို ထောက်ပြ၍ ကောက်ချက်ချခြင်းကို လက်မခံလိုကြချေ။ လူ့သမိုင်းနှင့် သတင်းစာ

များသည် လူ့လောကကို တစ်ဖက်စောင်းနင်း ရှုမြင်သည်၊ ဣဋ္ဌာရုံများကို မျက်ကွယ်ပြု၍ အနိဋ္ဌာရုံများကိုသာလျှင် ဖော်ပြကြသည်ဟု ဆို၏။ ဤစွပ်စွဲချက်မှာ မှားသည်ဟု မဆိုသာချေ။ သမိုင်းစာအုပ်များသည် အုပ်စိုးသူလူတန်းစား၏ အာဏာလုမှု၊ မတရားမှု၊ စစ်တိုက်မှုများကို ချဲ့ထွင်ဖော်ပြ၍ ငြိမ်းချမ်းစွာနေသော လူထု၏ဘဝကိုကား ဝကွက်ချန်ထားလေ့ ရှိကြ၏။ သတင်းစာဆရာများသည်လည်း လူအများ စိတ်တုန်လှုပ်ချောက်ချားဖွယ်ရာ အဖြစ်အပျက်များကိုမှ ဖော်ပြတတ်ကြ၏။ သူတို့အဖို့ လူတစ်ယောက် ကားတိုက်ခံရခြင်း၊ အိမ်တစ်အိမ် ဓားပြတိုက်ခြင်း၊ လေယာဉ်ပျံတစ်စင်း ပျက်ကျခြင်း၊ အစ္စရေးနှင့် အာရပ်တို့ စစ်ဖြစ်နေကြခြင်းသည် သတင်းဖြစ်၍ ကားအန္တရာယ်မကြောက်ရဘဲ လူများစွာ လမ်းသွားလာနေကြခြင်း၊ ရဲအဖွဲ့က စောင့်ရှောက်သောကြောင့် ဓားပြရန်ကို မကြောက်ရဘဲ လူများစွာ အသက်အိုးအိမ် လုံခြုံနေခြင်း၊ လူအများဘေးမသီရန်မခဘဲ လေယာဉ်ဖြင့် ခရီးသွားနေကြခြင်း၊ နယူးဇီလန်၊ သီဟိုဠ်စသော များစွာသော နိုင်ငံတို့၌ စစ်ဘေးစစ်ရန်မရှိဘဲ ငြိမ်းချမ်းနေခြင်း စသည်တို့မှာ သတင်းမဟုတ်ချေ။ ယင်းတို့ကို ဖြစ်ရိုးဖြစ်စဉ် အကြောင်းခြင်းရာများ အနေဖြင့် သတင်းစာများက လျစ်လျူပြုထားကြ၏။

သို့ဖြစ်၍ နိုင်ငံသမိုင်းနှင့် သတင်းစာများ၏ ရေးသားချက်များဖြင့် လူ့ဘဝ၏ အကောင်းအဆိုးကို ဆုံးဖြတ်ပါက ယထာဘူတကျမည် မဟုတ်ချေ။ သို့ရာတွင် သမိုင်းနှင့် သတင်းစာများက ပြည်ဖုံးကားချထားသော ကမ္ဘာ့လူထုမှာ စိတ်ချမ်းသာမှု ရှိလိမ့်မည်ဟုကား ကောက်ချက်ချရန် မဖြစ်နိုင်ချေ။ ကမ္ဘာ့သမိုင်းတစ်လျှောက်၌ လူတို့သည် ဘဝအဆင်မပြေဘဲ ချမ်းသာသုခထက် ဆင်းရဲဒုက္ခကို ပိုမိုကြုံတွေ့ခဲ့ရကြောင်း ဖော်ပြသော လူ့ဘဝလက္ခဏာခြင်းရာ တစ်ခုရှိ၏။ ၎င်းမှာ လူ့ဒုက္ခသရုပ်ဖော် ပြဇာတ်၊ ရုပ်ရှင်၊ ဝတ္ထု၊ ကဗျာများကို လူအများနှစ်သက်ကြသော အခြင်းအရာလက္ခဏာ ဖြစ်၏။

ပဋာစာရီ၊ ဝေဿန္တရာ၊ ရိုမီယိုနှင့် ဂျူးလိယက်၊ ပန်းသာမစာဥ စသော အလွမ်းဝတ္ထုများသည် လူတို့စိတ်ကို အထူးဆွဲဆောင်နိုင်စွမ်း ရှိကြ၏။ ရတနာပုံ၊ အနာဂါလိစသော ရုပ်ရှင်ကားများကို လူကြိုက်များခြင်းမှာ ဝမ်းနည်းကြေကွဲဖွယ်ရာ ဇာတ်လမ်းများကြောင့် ဖြစ်ပေလိမ့်မည်။ ဇာတ်ပွဲများ၌ ငိုချင်းလွမ်းချင်းနှင့် အပူခန်းမပါပါက ပွဲကြည့်ပရိသတ်က ကျေနပ်မည်မဟုတ်ချေ။ လူ့ဘဝ၏ အဆင်မပြေမှု၊ အချည်းနှီးဖြစ်မှုများကို သရုပ်ဖော်သော အိုမာခယမ်၊ အင်္ဂလိပ်စာဆိုဗိုင်ရွန် အစရှိသည့် စာဆိုတို့၏ကဗျာများသည် ကမ္ဘာကျော်စာပေများ

ဖြစ်၏။ ဆာအက်ဒဝင်အာနိုး၏ အာရှအလင်းခေါ် ဗုဒ္ဓဝင်ကဗျာဝတ္ထုသည် တစ်ခါက အနောက်နိုင်ငံများ၌ ရောင်းအစွံဆုံး ကမ္ဘာကျော်စာအုပ် ဖြစ်ခဲ့ခြင်းမှာလည်း စာရေးဆရာက ဒုက္ခတရားကို ထိထိမိမိ ဖွဲ့ဆိုထားသောကြောင့် ဖြစ်တန်ရာ၏။

လူတို့၏ ဘာသာစကားများ၌လည်း လူ့ဘဝ၏ ဆင်းရဲဒုက္ခသဘောသည် ထင်ရှား၏။ ရှေးရိုးရာစကားပုံများသည် လူမျိုးအသီးသီး၏ အတွေ့အကြုံအားဖြင့် ရရှိအပ်သော ဘဝအသိဉာဏ်၊ ဘဝသင်ခန်းစာများကို လှစ်ပြသော သမိုင်းအမွေများဖြစ်ပေရာ ယင်းတို့ကို ထောက်ချင့်၍ လူတို့သည် လောကဓံတရား၏ ရိုက်ပုတ်မှုကို မကြာမကြာခံရတတ်ကြောင်း ယုံမှားစရာမရှိချေ။ လူတစ်ခု ပူမှုက ဆယ်ကုဋေ၊ ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာစသော မြန်မာစကားပုံများ၊ အခြားဘာသာစာပေမှ အလားတူစကားပုံများသည် ကမ္ဘာ့သမိုင်းဇာတ်ခုံပေါ်၌ အလွမ်းအဆွေးခန်းမှ ပါဝင်ကပြခဲ့ရသော လူများနှင့်သာ သက်ဆိုင်သည်မဟုတ်ချေ။ ယင်းတို့သည် သမိုင်းဇာတ်ခုံနောက်၌ မထင်မရှားရှိသော ကမ္ဘာ့လူထု၏ ခါးသီးသောအတွေ့အကြုံမှ ပေါက်ဖွားလာသော ဘဝသင်ခန်းစာများ ဖြစ်ပေရာ၏။

သို့ဖြစ်၍ ကမ္ဘာ့လူသားအများစု၏ အမြင်အားဖြင့် ဤလူ့ပြည်သည် ပျော်ရွှင်ဖွယ်ရာကောင်းသော နေရာဌာနမဟုတ်ချေ။ လူ့အတွေးအခေါ်သမိုင်း၌ ထင်ရှားခဲ့သော အသိပညာရှင်တို့သည်လည်း အများအားဖြင့် လူ့ဘဝ၏အချည်းနှီးဖြစ်မှု၊ စိတ်ပျက်ငြီးငွေ့ဖွယ်ရာ ကောင်းမှုများကို အကျယ်ရေးသားခဲ့ကြ၏။ လူ့လောကကို အပြစ်မြင်ခြင်းသည် မိမိဘဝအဆင်မပြေမှု၊ သို့မဟုတ် စိတ်ပုံမမှန်မှုကြောင့်ဖြစ်သည်ဟု အချို့က ဆိုကြ၏။ ဤစကားမှာ အချို့သော အသိပညာရှင်များအဖို့ မှန်ကောင်းမှန်ပေလိမ့်မည်။ အချို့လူများသည် မိမိတို့အလိုဆန္ဒမပြည့်သဖြင့် လောကကြီးတစ်ခုလုံးကို စိတ်နာတတ်ကြ၏။ ရုပ်ခန္ဓာ၌ အရေးပါသော ဓာတ်များ ချို့တဲ့မှု၊ သို့မဟုတ် ညီညွတ်မျှတစွာ မရှိမှုကြောင့် စိတ်ပုံမမှန်ဘဲ ဘာမဆို အဆိုးမြင်ပြီး အမြဲညည်းညူနေရမှ စားဝင်အိပ်ပျော်သောသူများ ရှိခြင်းကိုလည်း ကျွန်ုပ်တို့ မငြင်းဆိုလိုချေ။ သို့ရာတွင် လောကတွင် စိတ်နာသော ပုဂ္ဂိုလ်အားလုံးသည် ကိုယ်ရေးကိုယ်တာကိစ္စများကြောင့်၊ သို့မဟုတ် စိတ်မတည်ငြိမ်သောကြောင့် မဟုတ်ဘဲ ယင်းတို့အထဲ၌ ဘဝအောင်မြင်မှု ရရှိထားသောသူ၊ စိတ်တည်ငြိမ်ရင့်ကျက်သောသူများ ပါဝင်ကြောင်း သတိပြုရာ၏။

ဂေါတမဗုဒ္ဓ၊ ဇော်လတဲယား၊ ဂိုထေးစသော များစွာသော ကမ္ဘာ့ပညာရှင်

များသည် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးအားဖြင့် အဘက်ဘက်က ပြည့်စုံ၍ မိမိရည်ရွယ်ချက် အောင်မြင်မှု၊ ထင်ပေါ်ကျော်ကြားမှု စသည်တို့ကို ရရှိခဲ့ကြသော်လည်း မိမိတို့ဘဝကို သာယာတပ်မက်ခြင်းမရှိဘဲ လူ့လောက လူ့ဘဝကို အပြစ်မြင်ခဲ့ကြ၏။ ရှေးအိန္ဒိယပြည် ဗုဒ္ဓလက်ထက်က လောကကို ငြီးငွေ့၍ တောထွက်ကြသောသူများသည် အများအားဖြင့် ကံအကျိုးပေးညံ့၍ ဘဝအဆင်မပြေသော ဆင်းရဲသားများမဟုတ်ဘဲ အစစအရာရာ ပြည့်စုံကုံလုံသော လူ့အထက်တန်းလွှာမှ ခတ္တိယနှင့်ဗြာဟ္မဏများ ဖြစ်ကြကြောင်း သတိပြုသင့်ပေ၏။

သို့ဖြစ်၍ လူ့ဘဝသည် ချမ်းသာသုခကင်းဝေး၍ ဤလူ့ဘုံသည် ဒုက္ခဘုံဖြစ်လေသလောဟု အလေးအနက် စဉ်းစားဆင်ခြင်ရန် လို၏။ ဤပြဿနာကို သုံးသပ်ရာ၌ စကြဝဠာသည် လူတို့ကမ္ဘာအား ကောင်းကျိုးပြုခြင်း ရှိမရှိ၊ လူ့သဘာဝ စရိုက်လက္ခဏာများသည် လူတို့၏ စိတ်ချမ်းသာမှု၊ စိတ်ဆင်းရဲမှုကို ပြုပြင်ဖန်တီးခြင်း ရှိမရှိ စဉ်းစားရပေလိမ့်မည်။

ရှေးဦးပထမ ဤစကြဝဠာသည် လူသားတို့၏ နေရာကောင်းနေရာမှန် ဖြစ်ပါ၏လော၊ တစ်နည်းဆိုသော် သဘာဝဓမ္မသည် လူသား၏မိတ်ဆွေ ဖြစ်ပါသလောဟု စဉ်းစားရန်ရှိ၏။ များစွာသောပညာရှင်တို့၏ အမြင်အားဖြင့်ကား သဘာဝဓမ္မသည် လူ၏မိတ်ဆွေမဟုတ်၊ ရန်သူဖြစ်၏။ လူသည် ကမ္ဘာပေါ်ရှိ တိရစ္ဆာန်များနှင့် မြေကြီးမှထွက်သော ကောက်ပဲသီးနှံများကို အမှီပြု၍ အသက်ရှင်ရသည်မှန်သော်လည်း ထိုသို့ သဘာဝဓမ္မကိုမှီ၍ ဘဝရပ်တည်နိုင်ရန်အတွက် ဆင်းရဲပင်ပန်းစွာ အလုပ်လုပ်ရ၏။ မီး၊ ရေ၊ လေတို့သည် လူတို့အား အကျိုးပြုသည်မှန်သော်လည်း လူသည် ယင်းတို့ကို အသိဉာဏ်ဖြင့် အသုံးပြုမှ အကျိုးတရားကို ပြည့်ပြည့်ဝဝ ခံစားရ၏။ သို့တစေလည်း ထိုသဘာဝအင်အားစုများ ဖောက်ပြန်သောအခါ (ဝါ) ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ရေလွှမ်းမိုးခြင်း၊ လေမုန်တိုင်းကျရောက်ခြင်း ဖြစ်သောအခါ လူများစွာ အတိဒုက္ခရောက်ကြရ၏။

အမှန်ဆိုသော် လူသားသည် အသိဉာဏ်မရှိပါက သဘာဝဓမ္မ၏ ဖိစီးနှိပ်စက်ခြင်းကို မရှုမလှခံနေရမည့် သတ္တဝါဖြစ်၏။ လူသည် အသိဉာဏ်ဖြင့် (ဝါ) သိပ္ပံပညာ၏အကူအညီဖြင့် သဘာဝဓမ္မကို အောင်မြင်ခဲ့၍ ထိုသို့ အောင်မြင်သည်နှင့်အမျှ လူ၏ရုပ်ပိုင်းဘဝ တိုးတက်ခဲ့ခြင်းမှာ ယုံမှားစရာမရှိချေ။ သို့ရာတွင် သိပ္ပံပညာ၏ အောင်မြင်မှု အတိုင်းအတာကို ပိုမတွက်မိရန် သတိပြုရပေလိမ့်မည်။ သိပ္ပံပညာသည် မိုးခေါင်သောအရပ်ဒေသများ၌ မိုးရွာအောင် ဖန်တီးခြင်း၊

မိုးများသောအရပ်၌ မိုးရွာမှုကို တားဆီးခြင်း၊ လျှောင်လှုပ်မည့်အချိန်ကို ကြိုတင်ဟောပြောခြင်း စသည်တို့ကို ပြုနိုင်မည်မဟုတ်။ ရုပ်ပိုင်းသိပ္ပံဆရာတို့သည် ယနေ့လူတို့ ရင်ဆိုင်နေရသော ပြဿနာအချို့ကို အနာဂတ်ကာလ၌ ဖြေရှင်းနိုင်လိမ့်မည်၊ လူ့လောကအား အကျိုးပြုသော သိပ္ပံတီထွင်ဖန်တီးမှုများ နောက်ထပ်ပေါ်လာလိမ့်ဦးမည်ဟု ယုံကြည်ရသည်ကား မှန်၏။ သို့ရာတွင် သိပ္ပံပညာသည် လူ၏ ရုပ်ပိုင်းကြီးပွားတိုးတက်မှုကို ကူညီဆောင်ရွက်ရန် တန်ခိုးစွမ်းအင်အနန္တရှိသည်ဟု မထင်မှတ်သင့်ချေ။ သိပ္ပံနည်းစူးစမ်းလေ့လာမှုသည် အားနည်းချက်၊ ချွတ်ယွင်းချက်ရှိ၍ သိပ္ပံပညာ၏ စွမ်းဆောင်နိုင်မှုသည် နယ်နိမိတ်အကန့်အသတ်ရှိကြောင်း သတိပြုရာ၏။

ထို့အပြင် လူ့လောက ပြဿနာများသည် သိပ္ပံပညာက ဖြေရှင်း၍ တစ်နေရာ၌ ပျောက်ကွယ်သွားစေကာမူ အခြားတစ်နေရာ၌ မမျှော်လင့်ဘဲ ပေါ်လာတတ်၏။ သိပ္ပံပညာ၏ ရည်ရွယ်ချက်သည် သဘာဝဓမ္မကို လေ့လာ၍ လူတို့၏ ကြီးပွားချမ်းသာမှုကို အကျိုးပြုရန်ဖြစ်သော်လည်း တစ်ခါတစ်ရံ ၎င်း၏ အောင်မြင်မှုသည် အကောင်းအဆိုး ဒွန်တွဲနေတတ်၏။ ပုံစံအားဖြင့် စက်မှုပညာထွန်းကားသော အမေရိကန်၊ ဂျပန် အစရှိသည့် နိုင်ငံကြီးများ၌ စက်ရုံများမှ စွန့်ထုတ်သော ဓာတ်အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်ရှိ လေထုနှင့်ရေထု ညစ်ညမ်း၍ တစ်နေ့နေ့တွင် ပြည်သူ့ကျန်းမာရေးအား ခြိမ်းခြောက်လာမည့် အန္တရာယ်အတွက် စိုးရိမ်ပူပန်နေကြရလေပြီ။ အီဂျစ်နိုင်ငံ၌ နိုင်းမြစ်ဝှမ်းဖွံ့ဖြိုးရေးအတွက် ဒေါ်လာသန်းပေါင်းများစွာ အကုန်ခံ၍ ၁၉၆၈ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သော အက်စဝန်ရေကာတာကြီးသည် ပြည်သူ့ကျန်းမာရေးရှုထောင့်မှ ကြည့်ပါက မင်္ဂလာရှိသည်ဟု မဆိုသာချေ။ အကြောင်းမူ ၎င်းရေကာတာကြီးကြောင့် နိုင်းမြစ်ဝှမ်းအထက်ပိုင်းရှိ ဆည်တူးမြောင်းများတွင် ယခုအခါ နိုင်းမြစ်ဝကျွန်းပေါ်ဒေသ၌ လူများအား နှိပ်စက်သတ်ဖြတ်နေသော ရောဂါဆိုးတစ်ခု၏ပိုးများ ပျံ့နှံ့ရောက်ရှိသွားလိမ့်မည်ဟု သိပ္ပံပညာရှင်တို့ ယူဆကြ၏။ ငှက်ဖျားရောဂါ တိုက်ဖျက်ရာ၌ အရေးပါလှသော ဒီဒီတီဆေးမှုန့်သည် လူတို့အတွက် အသုံးဝင်သော သားငှက်တိရစ္ဆာန်နှင့် အပင်များအား ဖျက်ဆီးပါသည်ဟု အချို့ပညာရှင်တို့က ယခုစွပ်စွဲနေကြလေပြီ။

လူ၏တိုးတက်မှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော လူမှုပြဿနာများသည် အထူးသဖြင့် ယခုခေတ် ဆေးသိပ္ပံပညာကြောင့် ကျွန်ုပ်တို့ရရှိနေသော အကျိုးတရားများ၌ ထင်ရှား၏။ ယခုအခါ ဆေးသိပ္ပံပညာသည် တစ်နေ့တခြား

အံ့ဖွယ်လိလိ တိုးတက်လျက်ရှိပေရာ ထိုသို့တိုးတက်သည်နှင့်အမျှ လူတို့သည် ရှေးကထက် ပိုမိုကျန်းမာ၍ ပိုမိုအသက်ရှည်လာကြ၏။ သို့ရာတွင် ဆေးသိပ္ပံ၏ အကျိုးပြုချက်များသည် လူ့လောကအဖို့ အကောင်းအဆိုး ရောပြွမ်းနေခြင်းကို သတိပြုရပေလိမ့်မည်။

နဂိုမူလက ကျန်းမာရေးဗီဇဓာတ်ခံ ညံ့ဖျင်းသောလူတို့သည် ဆေးပညာ၏ ကျေးဇူးကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့်မသေဘဲ သက်ဆိုးရှည်ကြရ၏။ ရှေးအခါက ထိုသူတို့သည် လူ့လောက၌ ကြာရှည်မနေကြရချေ။ ယခုမူ ဆေးပညာက အသက်ဆက်ပေးသောကြောင့် များစွာသောလူတို့သည် ကျန်းမာသန်စွမ်းခြင်း မရှိသော်လည်း သူတစ်ပါးကိုမှီ၍ အသက်ရှင်နေကြရ၏။ သို့ဖြစ်၍ လူမျိုးဗီဇ စွမ်းအင်ကို လေ့လာသောပညာရှင်တို့က သဘာဝဓမ္မ၏နေရာတွင် ဆေးသိပ္ပံက ဝင်ရောက်စွက်ဖက်သောကြောင့် လူသည် သတ္တလောကတွင် သဘာဝအားဖြင့် ရောဂါဘယ အထူပြောဆုံးသတ္တဝါ ဖြစ်နေသည်။ လူ့လောက၌ လူအလှေ အဖျင်း ချို့ကျိုးနားရွက်ပဲ့များ တစ်နေ့တခြား တိုးပွားနေချေပြီဟု ဆိုကြ၏။

ဆေးသိပ္ပံပညာကြောင့် လူတို့၏သက်တမ်း ပိုမိုမြင့်မား၍ ကမ္ဘာပေါ်၌ သက်ကြီးရွယ်အိုများ၏ဦးရေ တိုးပွားလာခြင်းကိုလည်း မမေ့သင့်ချေ။ တိုးတက်သော အနောက်နိုင်ငံများ၌ လူအိုများမှာ အများအားဖြင့် ပတ်ဝန်းကျင်လူ့လောက က လူရာမသွင်းဘဲ ပယ်ထားသောကြောင့် စိတ်ချမ်းမြေ့သာယာမှု မရှိကြချေ။ ဖွံ့ဖြိုးတိုးတက်စ အရှေ့နိုင်ငံများ၌ ဘိုးဘွားများ၏အခြေအနေ မဆိုးရွားသေး သော်လည်း ၎င်းတို့ဦးရေတိုးပွား၍ လူနေမှုစနစ် ပြောင်းလဲနေသည်နှင့်အမျှ ၎င်းတို့အား ပြုစုစောင့်ရှောက်ရန်ကိစ္စမှာ ကြီးလေးသောပြဿနာ ဖြစ်လာဖွယ် ရှိ၏။ စင်စစ် ရှေးကထက် အချိန်ပို၍ကြာလာသော လူ့ဘဝ၏ညနေဆည်းဆာ ခရီးမှာ ပြဿနာမျိုးစုံ ရောထွေးနေ၍ သာယာဖြောင့်ဖြူးအောင် ပြုလုပ်ရန် မလွယ်လှချေ။

ရုပ်ပိုင်းဘဝတိုးတက်မှုကြောင့် လူတို့လက်ငင်း ရင်ဆိုင်နေရသော အရေး ကြီးဆုံးပြဿနာမှာကား ကမ္ဘာ့လူဦးရေပြဿနာ ဖြစ်၏။ ဆေးသိပ္ပံပညာ၏ ကျေးဇူးကြောင့် နိုင်ငံတိုင်းလိုလို၌ ကလေးအသေအပျောက် ယုတ်လျော့၍ မွေးနှုန်းသိသိသာသာ မြင့်တက်လျက်ရှိပေရာ နောင်နှစ်ပေါင်းများစွာ မကြာမီ ကမ္ဘာ့လူဦးရေ အဆမတန်တိုးပွား၍ များစွာသောနိုင်ငံတို့၌ ငတ်မွတ်ခေါင်းပါးမှု ကပ်ဘေးကြီး ဆိုက်ရောက်လိမ့်မည်ဟု ကမ္ဘာ့ပညာရှင်များက ဟောကိန်းထုတ် နေကြ၏။ အချို့က သိပ္ပံပညာကို အစွမ်းကုန်စနစ်တကျ အသုံးပြုလျှင် ကမ္ဘာ့

စားနပ်ရိက္ခာ အထွက်များလာ၍ ကမ္ဘာ့လူဦးရေပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်ဟု ဆိုကြ၏။ သို့ရာတွင် သိပ္ပံပညာကို အထူးယုံကြည် အားထားသော ရှုရှားနိုင်ငံ၌ပင် ဆေးရုံများတွင် ကိုယ်ဝန်ဖျက်ချခြင်းကို အစိုးရဥပဒေဖြင့် ခွင့်ပြုထားခြင်းမှာ စဉ်းစားဖွယ်ရာဖြစ်၏။ ထို့အပြင် လူသည် စားမှုတစ်ခုတည်းဖြင့် အသက်ရှင်နေသည်မဟုတ်၊ ဘဝရပ်တည်ရန်အတွက် အဝတ်အထည်၊ နေအိမ်၊ အလုပ်အကိုင် စသည်တို့ကိုလည်း လိုအပ်ပေရာ မည်မျှ သဘာဝပစ္စည်းကြွယ်ဝသော နိုင်ငံပင်ဖြစ်စေ လူဦးရေ မရပ်မနား အမြဲတိုးပွားနေပါက လူ့ဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်စွမ်းမပေးနိုင်ဘဲ လူအများစုမှာ ဆင်းရဲချို့တဲ့နေမည် အမှန်ဖြစ်၏။

ကမ္ဘာ့လူဦးရေပေါက်ကွဲမှုကို အချိန်မီတားဆီးရန် တစ်ခုတည်းသော နည်းမှာ သူတို့၏ သားသမီးဦးရေကို ကန့်သတ်ခြင်းဖြစ်၏။ သို့ရာတွင် ကမ္ဘာအနှံ့အပြား၌ ထိုနည်းကို လက်ခံကျင့်သုံးမှ အောင်မြင်မည်ဖြစ်ပေရာ ကမ္ဘာလူထုသည် ဤကိစ္စ၌ ညီညွတ်ခြင်းမရှိချေ။ ရိုမန်ကက်သလစ်များက သူတို့ဘာသာတရားများနှင့် ဆန့်ကျင်သည်ဆို၍ ပဋိသန္ဓေတားမြစ်မှုကို ကန့်ကွက်ကြ၏။ အမျိုးသားကြီးပွားတိုးတက်ရေးအတွက် လူ့ခင်အားလိုနေသော ဖွံ့ဖြိုးဆဲနိုင်ငံငယ်များကလည်း လူဦးရေ ထိန်းသိမ်းကန့်သတ်ခြင်း မပြုလိုကြချေ။ အနောက်နိုင်ငံများ၌ အလွန်နာမည်ကြီးခဲ့သော ပဋိသန္ဓေ တားဆေးမှာလည်း ကင်ဆာဖြစ်စေသည်ဆို၍ မိန်းမအတော်များများက ဆက်လက်စားသုံးရန် တွန့်ဆုတ်နေကြလေပြီ။

သို့ဖြစ်ရကား ကမ္ဘာ့လူမှုပြဿနာများသည် အများအားဖြင့် အပြီးအပြတ်ဖြေရှင်း၍မရဘဲ နောက်ထပ်ပြဿနာများလည်း ပေါ်ထွက်လာရန် အကြောင်းရှိ၏။ ယခုအခါ သိပ္ပံပညာ၏ ဟာကွက်၊ အားနည်းချက်ကို ကျွန်ုပ်တို့ အတန်ရိပ်စားမိ၍ ဆင်းရဲဒုက္ခကင်းငြိမ်းရန်အတွက် သိပ္ပံပညာကိုချည်း ယုံကြည်ကိုးစားနေ၍မဖြစ်၊ လူသည်သာ ပဓာနဖြစ်သည်ဟု ဆိုကြ၏။ မှန်လှ၏။ ဤဒုက္ခဘုံကြီး၌ ဆင်းရဲဒုက္ခ လုံးဝပပျောက်သွားအောင် ကျွန်ုပ်တို့ မစွမ်းဆောင်နိုင်စေကာမူ လူလူချင်း သနားကြင်နာမှု၊ ကူညီစောင့်ရှောက်မှုတည်းဟူသော လောကပါလတရား ထွန်းကားပါက လူမှုပြဿနာများ အတန်ပြေလည်ပေရာ၏။ သို့ဖြစ်၍ လူ၏ သဘာဝစိတ်ဓာတ်စရိုက်သည် လူ့လောက သာယာချမ်းမြေ့မှုကို အကျိုးပြုနိုင်ပါမည်လောဟု စဉ်းစားရန်ရှိ၏။

ခေတ် စိတ်ပညာ၏အလိုအားဖြင့်ကား လူ၏သဘာဝစိတ်သည်

အကောင်းအဆိုးရောပြွမ်းနေသော စိတ်ဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟ၊ အဘိဈ္ဈာ၊ ဗျာပါဒစသော စိတ်ယုတ်စိတ်ညံ့များသည် လူ၏အတွင်းသန္တာန်၌ အမြဲကိန်းဝပ်လျက်ရှိပေရာ လူသည် စုပေါင်းအုပ်ဖွဲ့၍နေသော သတ္တဝါဖြစ်သော ကြောင့် ထိုစိတ်ရိုင်းများကို နှိပ်ကွပ်၍ မေတ္တာ၊ ကရုဏာစသော စိတ်ကောင်း များကို မွေးမြူရာ၏။ သို့ရာတွင် ထိုဇာတိစိတ်များသည် လုံးဝဆိတ်သုဉ်းမသွားဘဲ မနောဝိညာဉ်၏အောက်လွှာ၌ ကိန်းအောင်းနေ၍ တစ်ခါတစ်ရံ ၎င်းတို့သည် စိတ်ကောင်းများနှင့် ပဋိပက္ခဖြစ်ကာ စိတ်ပိုင်းဘဝ၏ အပေါ်ယံအလွှာအား ဂယက်ရိုက်ခတ်လာတတ်၏။ သို့ဖြင့် လူသည် ဆန့်ကျင်ဘက် စိတ်နှစ်ခုအကြား တွင် တည်ငြိမ်မှုမရှိဘဲ မိမိဘဝကို နာကြည်းခြင်း၊ လူ့လောကကို စိတ်နာခြင်း၊ ပတ်ဝန်းကျင်နှင့် အဆင်မပြေခြင်းစသော ဒေါမနဿဝေဒနာများကို ခံစား ရ၏။ စိတ်ရိုင်းစိတ်ကြမ်းများကို ထွက်ပေါက်ပေးထားသော သမိုင်းဦးလူများ မှာထက် ထိုစိတ်များကို ထိန်းကွပ်ထားရသော ယခုခေတ်လူများ၌ စိတ္တဇရောဂါ စွဲကပ်မှု ပိုမိုများပြားသည်ဆို၏။ ဤသည်မှာ လိမ္မာယဉ်ကျေးခြင်းကည်းဟူသော တိုးတက်မှုအတွက် လူတို့ခံစားရသော ဆင်းရဲဒုက္ခတစ်မျိုးပင် ဖြစ်လေသည်။

သို့ရာတွင် စိတ်မတည်ငြိမ်ခြင်း၊ စိတ္တဇဖြစ်ခြင်းသည် လောဘ၊ ဒေါသ၊ မောဟတရားများ အုံကြွပေါက်ကွဲရာမှ ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခများနှင့် စာသော် တော်ပါသေး၏။ ထိုဆင်းရဲဒုက္ခများသည် လူ့သမိုင်းတစ်လျှောက်၌ ထင်ရှား၏။ စစ်တိုက်ခြင်း၊ လူသတ်ခြင်းကဲ့သို့ လူ့သမိုင်းလာ ရန့်ရင်းကြမ်းတမ်း သော အသွင်လက္ခဏာမျိုးဖြင့်မဟုတ်ဘဲ နည်းပရိယာယ်အမျိုးမျိုးဖြင့် လူလူချင်း မတရားနှိပ်စက်မှုများမှာလည်း လူ့လောက၌ မနည်းလှချေ။ စင်စစ် မေတ္တာ၊ ကရုဏာတရား ခေါင်းပါးသောကြောင့် ဖြစ်ပေါ်လာသော လူမှုဒုက္ခများသည် ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်းစသော သဘာဝဓမ္မက ဖန်တီးသည့် ဆင်းရဲဒုက္ခ များထက် ပမာဏထုထည် များစွာကြီးမားပေလိမ့်မည်။

လူတို့အား အများဆုံး ဖိစီးနှိပ်စက်သော လူ့သဘာဝစိတ်မှာ တဏှာ လောဘဖြစ်၏။ တဏှာလှုံ့ဆော်သောကြောင့် လူလူချင်းခေါင်းပုံဖြတ်မှု၊ အမြတ် ကြီးစားမှု၊ မတရားစီးပွားရှာမှု၊ စားပြတိုက်မှု၊ မနာလိုဝန်တိုမှု၊ သူတစ်ပါး အကျိုးယုတ်အောင် အားထုတ်မှု စသည်တို့ဖြစ်ပေါ်၍ လူများစွာ ဒုက္ခရောက်ကြ ရ၏။ ဝိသမလောဘသမားများကြောင့်သာလျှင်မဟုတ်၊ တရားနှင့်ညီသော အလို ဆန္ဒများ မပြည့်ဝသောကြောင့်လည်း ကျွန်ုပ်တို့သည် စိတ်ဆင်းရဲရ၏။ အဘယ် ကြောင့်ဆိုသော် လူသည် အပေါင်းအသင်းနှင့် အုပ်ဖွဲ့၍နေသော သတ္တဝါဖြစ်ပေရာ

လူတစ်ဦးနှင့်တစ်ဦး အတွေးအခေါ်၊ စိတ်ဓာတ်စရိုက် အသိအမြင် စသည်တို့ ကွာခြား၍ အလိုဆန္ဒများသည်လည်း မတူချေ။ အများအားဖြင့် လူတစ်ဦး၏ အလိုဆန္ဒသည် အခြားသူတစ်ဦး၏ အလိုဆန္ဒနှင့် ဆန့်ကျင်နေတတ်၏။ သို့ဖြစ်၍ လူတစ်ဦး၏အလိုပြည့်မှု(စိတ်ချမ်းသာမှု)သည် အခြားသူတစ်ဦး၏ အလိုမပြည့်မှု (စိတ်ဆင်းရဲမှု)ကို ဖြစ်စေ၏။ လူတစ်ယောက်ကောင်းစားရန် အခြားတစ်ယောက် က ပျက်စီးပေးရ၏။

လူ၏တဏှာလောဘမှာ ထိန်းချုပ်ရန်မလွယ်ကူချေ။ လောဘနယ်သည် ကျယ်ဝန်း၍ တစ်နေရာ၌ အလိုဆန္ဒပြည့်ဝလျှင် အခြားတစ်နေရာ၌ အလိုဆန္ဒ တစ်ခု ပေါ်လာစမြဲဖြစ်၏။ စင်စစ် တဏှာသည် မရှိလည်းကောင်း ရှိလည်း ကောင်းသော စေတသိက်တစ်မျိုး ဖြစ်၏။ တဏှာက စေ့ဆော်သောကြောင့် ကျွန်ုပ်တို့သည် မိမိကြီးပွားချမ်းသာမှုကို ရှာကြံဆောင်ရွက်ကြ၏။ တဏှာအရင်းခံ သော လုံ့လဝီရိယဓွဲသတ္တိဖြင့် လူတို့သည် ကျောက်ခေတ်မှသည် ယခုကမ္ဘာသို့ စွန့်စားသွားလာသောခေတ်သို့ ရောက်ရှိခဲ့ကြ၏။ တဏှာလောဘ လုံးဝမရှိပါက လူသည် ကြီးပွားတိုးတက်ရန် မဆိုထားဘိ၊ နိုင်ရာစားသတ္တလောကထဲ၌ ကြာရှည် လေးမြင့် အသက်ရှင်နေနိုင်မည်မဟုတ်၊ အစွန့်ရှည်စွာ မျိုးနွယ်တည်တံ့နေမည် မဟုတ်ချေ။

တဏှာလောဘကြောင့် လူတို့သည် အချင်းချင်း ပဋိပက္ခဖြစ်၍ ဆင်းရဲ ဒုက္ခ ကြုံတွေ့ကြရ၏။ သို့ရာတွင် ရှေ့အခန်း၌ ဖော်ပြခဲ့သည့်အတိုင်း ပဋိပက္ခ ဖြစ်မှုသည် ဆန့်ကျင်ဘက်တို့၏ အညမည နိယာမတရားနှင့်အညီ လူ၏ တိုးတက်မှုနှင့် အနည်းအများ ဆက်စပ်နေတတ်၏။ ထို့ကြောင့် အချို့တွေးခေါ်ရှင် တို့သည် ပဋိပက္ခဖြစ်မှုကင်းသော လောကနိဗ္ဗာန်မျိုးကို အလိုမရှိကြချေ။ ဘီစီ ၆ ရာစုလောက်က ဂရိတွေးခေါ်ရှင် ဟီရာကလိတပ်သည် ကမ္ဘာငြိမ်းချမ်းရေးကို လိုလားတောင့်တသော ကဗျာဆရာကြီးဟိုမာကို ပြစ်တင်ဝေဖန်၍ ဟိုမာသည် သူ၏ဆုတောင်းပြည့်လျှင် ကမ္ဘာကြီးပျက်စီးမည့်အရေးကို မသိမြင်ချေ။ ကမ္ဘာကြီး ငြိမ်းချမ်းပါက မည်သည့်အရာမဆို ခရီးအဆုံးသို့ ရောက်ရှိပြီဖြစ်၍ တိုးတက်မှု ရှိတော့မည်မဟုတ်ဟု ဆိုလေသည်။

စင်စစ် လူတိုင်းလူတိုင်း အလိုဆန္ဒပြည့်ဝ၍ ငြိမ်းချမ်းသောကမ္ဘာကြီး၌ ဆင်းရဲဒုက္ခ ကင်းငြိမ်းပါမည်လောဟု စဉ်းစားရန်ရှိ၏။ လူသည် လိုတရ၍ အစစအရာရာ ပြည့်စုံမှုလုံသောအခါ ဘာလုပ်ရဘာကိုင်ရမှန်းမသိဘဲ မိမိဘဝကို ငြီးငွေ့လာတတ်၏။ ပျင်းရိငြီးငွေ့ခြင်းသည် ဆင်းရဲဒုက္ခတစ်မျိုးဖြစ်၏။ သို့ဖြစ်၍

ကမ္ဘာပေါ်၌ လူနေမှုအဆင့်အတန်း အလွန်မြင့်မားသော ဆွီဒင်၊ ဒိန်းမတ် အစရှိသည့် နိုင်ငံများတွင် မိမိကိုယ်မိမိ သတ်သေသောသူ ပေါများ၏။ ဘဝ ရပ်တည်မှုအတွက် ပင်ပန်းကြီးစွာ အမြဲ ရုန်းကန်လှုပ်ရှားနေရသော ဆင်းရဲသား များမှာ မိမိတို့ဘဝကို ငြီးငွေ့ရန် အချိန်မရကြချေ။

ပြဆိုခဲ့သော အကြောင်းအချက်များကို ထောက်ချင့်၍ လူ့ဘုံသည် ဒုက္ခ ဘုံကြီးဖြစ်သည်ဆိုက မှားမည်မဟုတ်ချေ။ ဂျာမန်တွေးခေါ်ရှင် ရှိုပင်ဟွာကမူ လောက၌ ဒုက္ခသည်သာ ကေန်ထင်ရှားရှိ၍ သုခမည်သည် ဒုက္ခကင်းမှုမျှသာ ဖြစ်သည်ဆို၏။ တစ်နည်းဆိုသော် ဒုက္ခသည် မုချထိတွေ့ခံစားအပ်သော တရား ဖြစ်၍ ဒုက္ခငြိမ်းမှု၌ အရင်းခံသော သုခမှာ ခံစားအပ်သော တရားမဟုတ်ချေ။ ဆာလောင်မွတ်သိပ်ခြင်းဒုက္ခသည် ထင်ရှားသော်လည်း ဝမ်းဝခြင်းမှာ ဆာလောင်မှု မရှိခြင်းမျှသာဖြစ်၍ မထင်ရှားလှချေ။ ကျန်းမာခြင်းသည် သုခတရားဖြစ်၏။ သို့ရာတွင် အနာရောဂါစွဲကပ်မှု ဒုက္ခကင်းခြင်းမျှသာ ဖြစ်ရကား ကျန်းမာနေစဉ် ကျန်းမာမှု၏တန်ဖိုးကို သတိမပြုဘဲ ဖျားနာသောအခါမှ ၎င်းကို တောင့်တကြ ၏။ ငယ်ရွယ်စဉ်အခါ၌ ပျိုမျစ်နုနယ်မှုကို ကျွန်ုပ်တို့ မြတ်နိုးရမှန်းမသိ၊ အိုမင်း ရင့်ရော်သောအရွယ်ကျမှ နမြောတသကြ၏။ လွတ်လပ်နေသောအခါ၌ လွတ်လပ် မှု၏အရသာကို လူတို့သည် ခံစားရမှန်းမသိ၊ အချုပ်အချယ်ခံရသောအခါကျမှ ၎င်းကို တန်ဖိုးထားတတ်ကြ၏။

ထို့ကြောင့် အရစ္စတိုတယ်က “ပညာရှိသည် ချမ်းသာသုခကိုမရှာဘဲ ဆင်းရဲဒုက္ခမှ လွတ်မြောက်မှုကို ရှာကြံသည်”ဟု ဆို၏။ ရုပ်ရှင်နှင့်ဇာတ်ပွဲများ၌ မင်းသားနှင့်မင်းသမီးသည် အစနှင့်အလယ်၌ ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံတွေ့ ပြီးမှ နောက်ဆုံးတွင် ပျော်ရွှင်စွာ ပေါင်းသင်းကြရ၏။ ဤသည်မှာ ဒုက္ခကင်း ငြိမ်းမှုသည်ပင် ချမ်းသာသုခဖြစ်သည့်သဘောကို သရုပ်ဖော်ထားခြင်းဖြစ်၏။ ဥရောပအလယ်ခေတ်က အီတလီစာဆိုကြီး ဒန်တီသည် ဘုံခန်းကိုဖွဲ့ရာ၌ အခက် ကြုံ၍ ငရဲခန်းကို ဖွဲ့ရာ၌ကား အခက်အခဲ မရှိခဲ့ချေ။ အကြောင်းမူ ကောင်းကင် ဘုံ၏ချမ်းသာသုခကို စိတ်ကူးကြည့်ရန် လူ့ပြည်၌ အခြေခံသုခတရား မည်မည်ရရ ရှာမတွေ့ဘဲ ငရဲပြည်၏ ကြောက်မက်တုန်လှုပ်ဖွယ်ရာများကိုကား စိတ်ကူးမှန်းဆ ကြည့်ရန် လူတို့ လက်ငင်းခံစားနေရသော ဆင်းရဲဒုက္ခများကို နေ့စဉ်တွေ့မြင်နေ သောကြောင့် ဖြစ်သည်ဟုဆို၏။

လူ၏စိတ်မိုင်းဘဝ ဝိသေသလက္ခဏာများသည် လူသတ္တဝါအား ဆင်းရဲ ဒုက္ခနယ်မှ ပြေး၍မလွတ်အောင် စီမံဖန်တီးထားဟန်ရှိ၏။ လူသည် အတိတ်ကို

ပြန်လည်သတိရ၍ အနာဂတ်ကို စိတ်ကူးကြည့်တတ်၏။ သို့ဖြစ်၍ ရှေးက ကြုံတွေ့ခဲ့ရသော စိတ်မချမ်းသာစရာများကို တွေး၍သော်လည်းကောင်း၊ အနာဂတ်အတွက် စိုးရိမ်ပူပန်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်၍သော်လည်းကောင်း စိတ်ဆင်းရဲရ၏။ တစ်နည်းဆိုသော် လူ့စိတ်သည် တိရစ္ဆာန်စိတ်ကဲ့သို့ ပစ္စုပ္ပန်ပေါ်၌သာလျှင် ရပ်တည်မနေဘဲ အတိတ်နှင့် အနာဂတ်ပေါ်သို့ ဖြန့်ကြက်ထားသောကြောင့် လူ၏ဆင်းရဲဒုက္ခသည် ဒိဋ္ဌဓမ္မ ထိတွေ့ခံစားမှုနှင့် မပြီးဆုံးဘဲ သံသရာရှည်သော သဘောရှိ၏။

လူသည် သတ္တလောက၌ စိတ်အဆင်းရဲဆုံး သတ္တဝါဖြစ်ပေရာ တိရစ္ဆာန်များ၌မတွေ့ရဘဲ လူတို့၌သာ ထင်ရှားသော ငိုကြွေးခြင်းသည် စိတ်ဆင်းရဲမှုအား ထွက်ပေါက်ရရှိစေရန် သဘာဝဓမ္မက ဖန်တီးထားသော လူ့ဝလေ့စရိုက် ဖြစ်ဟန်ရှိ၏။ ဒုက္ခပင်လယ်ဝေနေသော်လည်း လူသည် ကမ္ဘာပေါ်၌ အလွန်ပျော်ရွှင်တတ်သော သတ္တဝါလည်းဖြစ်ပေရာ ဤသည်မှာ ဆင်းရဲဒုက္ခကို ခံနိုင်ရည်ရှိစေရန် သဘာဝဓမ္မ၏ လှည့်စားချက် ဖြစ်တန်ရာ၏။ ရယ်ခြင်းသည် ငိုကြွေးခြင်းကဲ့သို့ပင် လူတို့၏ဝိသေသ အပြုအမူတစ်ခု ဖြစ်၏။ သူတစ်ပါး၏ ကိုးရိုးကားရား၊ ခိုးလိုးခုလု၊ ကသိကအောက်ဖြစ်မှုကို ကျွန်ုပ်တို့ရယ်လေ့ရှိခြင်းမှာ ဤဒုက္ခဘုံကြီး၌ ဒုက္ခအသေးအဖွဲ့များကြောင့် စိတ်ညစ်မှု မရှိစေရန်ဖြစ်သည်ဟု အချို့တွေးခေါ်ရှင်တို့က ဆိုကြ၏။ အင်္ဂလိပ်ကဗျာစာဆို ဘိုင်ရွန်က "လူတစ်ဦးတစ်ယောက်ကို ကျွန်ုပ်တို့ရယ်ခြင်းမှာ မရယ်လျှင် ငိုမိမည်စိုးသောကြောင့် ဖြစ်သည်"ဟု ဆို၏။ ဂျာမန်တွေးခေါ်ရှင်နီရှေးက လူသည် အလွန်စိတ်ဆင်းရဲသောကြောင့် ရယ်ခြင်းကို တီထွင်ရသည်။ စိတ်အညစ်ရဆုံး လူသတ္တဝါသည် စိတ်အရွှင်မြူးဆုံးသတ္တဝါလည်း ဖြစ်ရပေမည်ဟု ရေးသားခဲ့၏။

ပျော်ရွှင်မှုသည် လောက၌ ဧကန်ထင်ရှားမရှိသော ချမ်းသာသုခတရားကို စွဲမှီ၍ဖြစ်သောကြောင့် အများအားဖြင့် အဝိဇ္ဇာ(မသိမှု)နှင့်ယှဉ်သော ဝေဒနာစေတသိက်ဖြစ်၏။ လူသည် အသိတရားနည်းပါးလေ၊ ပျော်ရွှင်လေဖြစ်၍ ဆန့်ကျင်ဘက်အားဖြင့် အသိတရား တိုးပွားလေ၊ စိတ်ဆင်းရဲလေဖြစ်၏။ ဘာမျှမသိတတ်သော ကလေးသည် အပျော်ရွှင်ဆုံးသတ္တဝါ ဖြစ်၏။ ယေဘုယျအားဖြင့် ယောကျ်ားသည် မိန်းမထက် အသိပညာကြွယ်ဝ၍ စိတ္တဇရောဂါ စွဲကပ်ခြင်းနှင့် မိမိကိုယ်မိမိ သတ်သေမှုသည် ယောကျ်ားတို့၌ ပိုများ၏။ စာများများဖတ်သော သူတို့သည် အခြားသူများထက် ပို၍ လောကကို စိတ်ပျက်ငြီးငွေ့လာတတ်၏။

ဉာဏ်ကြီးရှင်များသည် လူ့လောကနှင့် ခွင်မကျဘဲ စိတ်ဆင်းရဲကြရ၏။ သူတို့ လောကတွင် စိတ်ဖောက်ပြန် ရူးသွပ်သောသူများမှာ မနည်းလှချေ။

ကမ္ဘာ့ထိပ်တန်းပညာရှင်များသည် အများအားဖြင့် ဒုက္ခတရားကို သိမြင်နားလည်ကြ၏။ ဂျာမန်ပညာရှင်ကြီးဂိုထေးက လူသားသည် ကမ္ဘာပေါ်၌ မည်မျှအခွန့်ရှည်စွာ မျိုးနွယ်တည်မြဲနေစေကာမူ ၎င်း၏ ကြီးပွားတိုးတက်ရေးလမ်းခရီး၌ အနှောင့်အယှက်နှင့် ဆင်းရဲဒုက္ခအမျိုးမျိုး အမြဲထာဝရရှိနေမည်သာဖြစ်၏။ လူသည် ယခုထက် ပိုမိုကျွမ်းကျင်လိမ္မာ၍ ပိုမိုတတ်သိ နားလည်လာမည်ဖြစ်သော်လည်း ၎င်း၏ကြီးပွားချမ်းသာမှုနှင့် အောင်မြင်မှုသည် အချိန်ကာလ အပိုင်းအခြားရှိ၍ ကြာရှည်လေးမြင့် တည်မြဲနေမည် မဟုတ်ချေ။ ထာဝရဘုရားသည် လူသတ္တဝါမျိုးနွယ်ကို အားရကျေနပ်ခြင်း မရှိ၍ အားသစ်လောင်းထားသော လူသတ္တဝါတစ်မျိုးကို ဖန်ဆင်းရန် အချိန်ရောက်လာလိမ့်မည်ဟု ကျွန်ုပ်ထင်ပါသည်ဟု ရေးသားခဲ့၏။ ဂိုထေးမှာ ၁၉ ရာစုအတွင်းက အထူးကျော်ကြားထင်ရှားခဲ့သော ကဗျာစာဆို စွယ်စုံဉာဏ်ကြီးရှင်တစ်ဦး ဖြစ်၏။

နာမည်ကျော် အမေရိကန်တွေးခေါ်ရှင် ဝီလျံဂျိမ်းစ်ကမူ "လောက၌ စိတ်အပျော်ရွှင်ဆုံးဖြစ်သော လူများကိုကြည့်ပါက လူ ၁၀ ဦးအနက် ၉ ဦးမှာ စိတ်အလိုမပြည့်မှု တစ်ခုခုရှိသည်ကို တွေ့ရ၏။ လူတစ်ဦး၏အောင်မြင်မှုသည် သူ၏မျှော်မှန်းချက်နှင့် ကွာခြားနေပေလိမ့်မည်။ မိမိ၏ မျှော်လင့်ချက်များ အကောင်အထည်ပေါ်ရန် မမျှော်လင့်နိုင်ကြောင်း သူ သိပေလိမ့်မည်။ ဂိုထေးကဲ့သို့သော အမြဲလိုလို အောင်မြင်၍ အကောင်းဘက်ကိုသာ ရှုတတ်သောပုဂ္ဂိုလ်သည်ပင် အသက် ၇၅ နှစ်၌ မိမိဘဝကို စိတ်ပျက်သော စကားမျိုး ပြောခဲ့ပါက အခြားလူများမှာ အဘယ်ဆိုဖွယ် ရှိပါအံ့နည်း။

"လူ့ဘဝ၌ အကောင်းကိုသာ ရှုမြင်ခြင်းသည် အမြင်မှန်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ထိုအကောင်းမြင်ဝါဒက မျက်ကွယ်ပြုထားသော အနိဋ္ဌာရုံတရားများသည် မုချစင်စစ်ရှိ၏။ ထိုအနိဋ္ဌာရုံ ဒုက္ခတရားများသည် လူ့ဘဝ၏အနက်အဓိပ္ပာယ်ကို ဆောင်နေတန်ရာ၏။ ဒုက္ခတရားသည် အနက်နဲဆုံးဖြစ်သော အမှန်တရားကို ကျွန်ုပ်တို့သိမြင်အောင် မျက်စိဖွင့်ပေးသော တစ်ခုတည်းသော တရား ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ လေးနက်ပြည့်စုံသော ဘာသာဝါဒများသည် ဒုက္ခတရားကို အထူးဆင်ခြင်သုံးသပ်သော ဘာသာဝါဒများ ဖြစ်ပေသည်"ဟု ဆိုလေသည်။

ဘာသာဝါဒကြီးများက ဒုက္ခတရားကို မည်မျှ အလေးအနက်ဟောကြား ခဲ့စေကာမူ များစွာသောလူတို့သည် လူ့ဘဝ၊ လူ့အဖြစ်ကို အပြစ်မြင်ကြမည် မဟုတ်ချေ။ ဘဝတဏှာက အုပ်စိုးနေသောကြောင့် ကာမဂုဏ်နယ်၌ ယစ်မူး၍ တဒင်္ဂ ကာမသုခကိုပင် အဟုတ်ကြီးထင်မှတ်ကာ ဒုက္ခတရားကို ကျော်ခိုင်းထား ကြပေလိမ့်မည်။ ဒုက္ခတရားကို အပေါ်ယံသဘောမဟုတ်ဘဲ နက်နက်နဲနဲ သိမြင် ရန်မှာ အသိအမြင်၊ အတွေးအခေါ် မြင့်မားရုံနှင့်မပြီးဘဲ နှလုံးသား၌ ခံစားမှု တစ်ခုခုရှိရန်လည်း လိုပေလိမ့်မည်။

ဤနေရာ၌ ဗုဒ္ဓဘာသာသည် ဒုက္ခတရားကို အဦးပြု၍ ဟောကြားသော ဘာသာဝါဒဖြစ်ပါလျက် ဗုဒ္ဓဝါဒီမြန်မာတို့မှာ ကမ္ဘာပေါ်၌ အပျော်ရွှင်ဆုံး လူမျိုး ဖြစ်နေကြခြင်းကို သတိပြုရာ၏။ ဂျပန်တို့မှာကား သူတို့၏ ရှင်တိုဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာသည် ဒုက္ခတရားကို ရှေ့တန်းသို့တင်ထားသော ဘာသာ များမဟုတ်။ သူတို့နိုင်ငံသည်လည်း ကြီးပွားတိုးတက်သောနိုင်ငံ ဖြစ်ပါလျက် လူ့ဘဝကို စိတ်ပျက်ငြီးငွေ့သော လူမျိုးဖြစ်ကြောင်း သိရှိရပေသည်။

## ၁၉

အရှေ့တိုင်းနှင့်အနောက်တိုင်းသည် ဘယ်အခါမျှ တွေ့ဆုံမည်မဟုတ်ဟု ဆိုရှုမှတ်ပြုကြ၏။ တစ်နည်းဆိုသော် အရှေ့တိုင်းသားတို့နှင့် အနောက်တိုင်းသားတို့မှာ လောကအမြင်မတူသောကြောင့် အတွေးအခေါ်နယ်တွင် တစ်ဘဝတစ်လောက ဖြစ်နေကြသည်ဟု အချို့ပညာရှင်တို့က ယူဆကြ၏။ အရှေ့တိုင်း လောကအမြင်သည် အနောက်တိုင်းလောကအမြင်နှင့် အချို့နေရာများ၌ ကွဲပြားခြားနားသည် မှန်၏။ သို့ရာတွင် မည်သို့မျှ ပေါင်းစပ်မရနိုင်အောင် ဆန့်ကျင်နေသည်ဟု မဆိုသာချေ။ အမှန်မှာ ယင်းတို့နှစ်ခုစလုံး၌ တူညီသောအချက် အတော်များများရှိ၏။

# အရှေ့တိုင်းနှင့် အနောက်တိုင်းလောကအမြင်

ရှေ့အခန်းကပြဆိုခဲ့သော စကြဝဠာနှင့် လူ့ဘဝ လူ့လောကဆိုင်ရာ အတွေးအခေါ်များမှာ အနောက်တိုင်းသား အတွေးအခေါ်များဖြစ်၍ ဤအခန်း၌ အရှေ့တိုင်းသားတို့၏ အတွေးအမြင်များကို စဉ်းစားရန်ရှိ၏။

အရှေ့တိုင်း၏ လောကအမြင်သည် ယေဘုယျအားဖြင့် ဘာသာတရားမှ ပေါက်ဖွားလာသော အမြင်ဖြစ်၏။ အနောက်နိုင်ငံများ၌ တွေးခေါ်ရှင်တို့၏ လောကအမြင်နှင့် ခရစ်ယာန်ဘာသာ၏ အဆိုအမိန့်များသည် တခြားစီဖြစ်၏။ အာရှနိုင်ငံများ၌ကား လောကအမြင်ကို ဟိန္ဒူဘာသာ၊ ဗုဒ္ဓဝါဒ၊ ကွန်ဖြူးရှပ်ဝါဒ စသည်တို့နှင့် အတိအကျ ခွဲခြား၍မရအပ်ချေ။ ဤသို့ခြားနားခြင်းမှာ ဘာသာတရားကို အမှီသဟဲမပြုဘဲ လွတ်လပ်စွာ ဆင်ခြင်သုံးသပ်သော အနောက်တိုင်း တွေးခေါ်ရှင်များရှိ၍ အရှေ့တိုင်း၌ ထိုသို့သော တွေးခေါ်ရှင်များ မပေါ်ထွန်းခဲ့သောကြောင့် ဖြစ်၏။ ထို့အပြင် အနောက်တိုင်း၌ တွေးခေါ်ရာတွင် မှီငြမ်းပြုရန် သိပ္ပံပညာထွန်းကား၍ အရှေ့တိုင်း၌မူ ဘာသာရေး အမှီကင်းသော လောကအမြင် တည်ဆောက်ရန် အသိပညာကြွယ်ဝခြင်း မရှိခဲ့ချေ။

အရှေ့တိုင်း၏ လောကအမြင်ကို စဉ်းစားရာ၌ ရှေးဦးစွာ စကြဝဠာ အကြောင်း ရှေးလူတို့၏ အတွေးအခေါ်များကို သတိပြုရပေလိမ့်မည်။ ရှေးအိန္ဒိယ စာပေများ၌ စကြဝဠာကို အသင်္ချေယျ၊ အပ္ပမာဏ၊ အနန္တ စသော စကားများဖြင့် ပြဆိုထားပေရာ ယင်းတို့သည် စကြဝဠာ၏ အတိုင်းမသိကြီးမားမှုနှင့် ၎င်းတည်ရှိ

သော အချိန်ကာလ၏ အတိုင်းမသိ ရှည်လျားမှုကိုပြ၏။ စကြဝဠာကြီးနှင့် ယင်းအတွင်းရှိ သတ္တဝါတို့သည် ထာဝရဘုရား၏ လက်ရာမဟုတ်။ သို့ဖြင့် ရှေးပဝေသဏီက အရှေ့တိုင်းသည် အနောက်တိုင်းနှင့် လူ့လောကအမြင်ချင်း မတူဘဲ ကွဲပြားခြားနားခဲ့ပေသည်။ ဤနေရာ၌ ဗုဒ္ဓကျမ်းပြု အနောက်တိုင်း ပညာရှင်တစ်ဦး၏ ရေးသားချက်ကို သတိပြုရာ၏။

"အချိန်ကာလနှင့် အာကာသ၏ အသချေ်ယျ၊ အပွမာဏ အဆုံးအစ မရှိသောသဘော၊ စကြဝဠာထဲ၌ လူတို့ကမ္ဘာ၏ ဘာမျှမထင်ရှားသောသဘော၊ လူနှင့်တိရစ္ဆာန် သစ်ပင်တို့၏ အခြေခံသဘာဝမတူညီသောသဘော၊ ကမ္ဘာတစ်ခု ဖြစ်ရန်ပျက်ရန် လိုအပ်သောကာလ၏ အလွန်အခွန့်ရှည်သောသဘော၊ စကြဝဠာ ထဲရှိ အရာအားလုံး၏ အမြဲပြောင်းလဲနေသောသဘော ဤသဘောအယူအဆ များသည် ဘီစီခြောက်ရာစုခေတ်က အိန္ဒိယအယူဝါဒများကို ပြုပြင်ဖန်တီးခဲ့ပေ လိမ့်မည်။ ထိုသဘောအယူအဆများကြောင့် လူတို့သည် ဘဝသံသရာကျင်လည် ရခြင်း၏ အပြစ်ကိုသော်လည်းကောင်း၊ ဝဋ္ဋဆင်းရဲမှလွတ်မြောက်မှုကို အခြား ဘုံဌာနတို့၌ မျှော်လင့်ရန် မဖြစ်နိုင်ခြင်းကိုသော်လည်းကောင်း၊ သီလ၊ သမာဓိ တရား ပွားများခြင်းဖြင့် မျက်မှောက်ဘဝ၌ စိတ်ငြိမ်းချမ်းမှုရရှိရန် အရေးကြီးပုံ ကိုသော်လည်းကောင်း သိမြင်ကြခြင်း ဖြစ်ပေလိမ့်မည်။ ဥရောပအလယ်ခေတ် ကလည်း လောကဓာတ် စကြဝဠာဆိုင်ရာ အယူအဆများသည် ခရစ်ယာန် သာသနာ၌ အလွန်အရေးပါခဲ့၏။ နောက်ကာလ၌ ကျွန်ုပ်တို့ ကမ္ဘာတည်ရှိပုံနှင့် လူသားမျိုးနွယ်အဆင့်ဆင့် ပြောင်းလဲလာပုံ အယူအဆသစ်များ ပေါ်ထွန်းလာ သောအခါ ကျွန်ုပ်တို့၏ ဘာသာရေး အတွေးအခေါ်များ အကြီးအကျယ်ပြောင်းလဲ လာလေသည်။

"ဗုဒ္ဓလက်ထက်က လူတို့သိသော စကြဝဠာအကြောင်းအရာများသည် ပြည့်စုံမှန်ကန်ခြင်းမရှိချေ။ သို့ရာတွင် ထိုခေတ်က အခြားနိုင်ငံ၊ အခြားလူမျိုး တို့၏ အယူအဆများထက် သဘာဝယုတ္တိ ရှိပေ၏။ ထို့ကြောင့် ထိုအိန္ဒိယ ခေတ်က ဗုဒ္ဓဝါဒပေါ်ထွန်းလာခြင်း အကြောင်းရင်းကို စူးစမ်းရာ၌ လူတို့၏ စကြဝဠာလောကအမြင်ကို မျက်ကွယ်ပြုထားပါက သမိုင်းကြောင်းအရ မှားပေ လိမ့်မည်။"

ရှေးအိန္ဒိယသားတို့၏ အလိုအားဖြင့် လူတို့ကမ္ဘာသည် စကြဝဠာ၏ ဗဟိုချက်မ ထူးမြတ်သောဘုံဌာနမဟုတ်။ လူသားသည်လည်း ထာဝရဘုရား အထူးဖန်ဆင်းထားသော သတ္တဝါမဟုတ်။ လူသည် ဘဝသံသရာ၌ တိရစ္ဆာန်

သတ္တဝါအဖြစ်ဖြင့် တစ်ခါတစ်ရံ ကျင်လည်ရသည်ဆိုသောကြောင့် သူတို့၏ လောကအမြင်သည် အီဇော်လူးရှင်းနိယာမတရားနှင့် အတန်နီးစပ်၏။ သို့ဖြင့် စကြဝဠာ၌ လူသားအတွက် အထူးနေရာကဏ္ဍ မရှိ၊ ဗုဒ္ဓဝါဒီတို့အလိုအားဖြင့် လူသည် မမြဲသော ရုပ်နာမ်ခန္ဓာမျှသာဖြစ်၏။ ဟိန္ဒူတို့ကမူ အတ္တကိုလက်ခံ၍ ယင်းသည် စကြဝဠာ မဟာဝိညာဉ်တော်ကြီး(ပရမတ္တမ)၏ အစိတ်အပိုင်းဖြစ်သည် ဆို၏။ မည်သို့ဆိုစေ ဟိန္ဒူတို့သည် သင်္ခါရလောက၏မာယာ(အစစ်အမှန်မဟုတ်ဘဲ အရိပ်မျှသာဖြစ်မှု)သဘောကို ထောက်ပြ၍သော်လည်းကောင်း၊ ဗုဒ္ဓဝါဒီတို့သည် အနိစ္စသဘောကို ရှေ့တန်းတင်၍သော်လည်းကောင်း လူ့ဘဝ၏ ဆင်းရဲမှုကို အလေးအနက် ယုံကြည်ကြ၏။

သို့ဖြစ်၍ အချို့သော အနောက်တိုင်းသားတို့က အရှေ့တိုင်း၏ လောကအမြင်သည် ဒုက္ခတရားကို အလေးအနက်ပြု၍ လူ့ဘဝကိုတန်ဖိုးမထားသော အမြင်ဖြစ်သည်ဟု ဆိုကြ၏။ ဤအဆိုမှာ မမှန်ကန်ချေ။ ကွန်ဖြူးရှပ်ဝါဒ၌ မျက်မှောက်ဘဝ ကြီးပွားချမ်းသာမှုသည် ပဓာနဖြစ်၏။ ဟိန္ဒူတို့သည် နုပျိုသော အသက်အရွယ်၌ ကာမဂုဏ်ချမ်းသာကို တပ်မက်၍ ဘဝတဏှာရှိခြင်းကို အပြစ်မမြင်ကြချေ။ သို့ဖြစ်၍ ရှေးပဝေသဏီကပင် ဟိန္ဒူကာမသုတ္တရကျမ်းများ ပေါ်ပေါက်ခဲ့၏။ သူတို့ဘာသာရေးကျမ်းများကမူ လူသည် ငယ်ရွယ်စဉ်ကပင် လူ့ဘောင်ကိုစွန့်ခွာရမည်ဟု မဆို၊ ပထမအရွယ်၌ ပညာရှာမှီးရမည်၊ ဒုတိယအရွယ်၌ အိမ်ထောင်ပြု၍ ပစ္စည်းဥစ္စာ စုဆောင်းရမည်၊ တတိယအရွယ်၌ တောထွက်ရမည်၊ နောက်ဆုံးအရွယ်၌ ရဟန်းပြုရမည်ဟု ဆိုထားရကား သက်ကြီးရွယ်အိုများအဖို့ နေရာကဏ္ဍမရှိသော ယခုလက်ရှိ အနောက်တိုင်းလောကအမြင်ထက် လူ့ဘဝကို တန်ဖိုးထားသည်ဟု ဆိုရပေမည်။ ဗုဒ္ဓဝါဒသည်လည်း တမလွန်ဘဝကို မစွဲလမ်းဘဲ ပစ္စုပ္ပန်ကို အလေးဂရုပြုရန် ဟောကြားသော ဝါဒဖြစ်ရကား ဘဝကိုပယ်သော အမြင်ဖြစ်သည်ဟု မဆိုသာချေ။

စင်စစ် အရှေ့တိုင်းသားတို့၏ အမြင်အားဖြင့် လူသည် မိမိ၏ကြီးပွားတိုးတက်မှုကို ဆောင်ရွက်နိုင်စွမ်းရှိသောကြောင့် လူ့ဘဝသည် မြတ်၏။ ကွန်ဖြူးရှပ်ဝါဒီတို့အလိုအားဖြင့် လူသည် သဘာဝအားဖြင့် ကောင်းသောသတ္တဝါဖြစ်၏။ တရုတ်၊ ဂျပန် စသော အာရှမြောက်ပိုင်း မဟာယာနဗုဒ္ဓဝါဒီတို့ကမူ လူသည် ဗောဓိဉာဏ်မျိုးစေ့ရှိ၍ ကြိုးစားက ဘုရားဖြစ်နိုင်သည်ဟု ယုံကြည်ကြ၏။ ဤသည်မှာ သတ္တဝါဟူသမျှသည် စကြဝဠာ မဟာဝိညာဏ်ဓာတ်၌ အရင်းမူလရှိသည်ဆိုသော ဟိန္ဒူတို့၏ ခံယူချက်နှင့် အနှစ်သာရအားဖြင့် မခြားနားလှချေ။

ထေရဝါဒဝါဒီတို့ကမူ လူသည်ဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် မိမိကိုယ်ကိုသာ အားကိုးရာရှိသည်ဟု ခံယူထားကြ၏။ ဤအရှေ့တိုင်း ခံယူချက်အားလုံး၌ လူ့အဖြစ်ကို အမြတ်တနိုး တန်ဖိုးထားခြင်းကို ထင်ရှားစေ၏။

အရှေ့တိုင်းသည် လူ့ဘဝကို အကောင်းမြင်သောကြောင့် ရုပ်ဝါဒကို လက်မခံချေ။ ရုပ်နာမ်တရားနှစ်ပါးရှိခြင်းကို အသိအမှတ်ပြုသော်လည်း ယင်းတို့ကို တသီးတခြားစီမမြင်ဘဲ တစ်ခုတည်းတစ်ပေါင်းတည်း မှတ်ယူထားရကား ကိုယ်ခန္ဓာနှင့် စိတ်၏ဆက်သွယ်မှုပြဿနာ မပေါ်ခဲ့ချေ။ လူသည် မိမိနှစ်သက်ရာကို လွတ်လပ်စွာ ပြုမူနိုင်စွမ်းရှိသည်ဟုလည်း အရှေ့တိုင်းသားတို့ ယုံကြည်ကြ၏။ ဤသည်မှာ လူတို့၏ လောကအမြင်၌ စိတ်စေတသိက်တို့ အထူး အရေးပါသောကြောင့် ဖြစ်တန်ရာ၏။ အမှန်ဆိုသော် ဟိန္ဒူနှင့် ဗုဒ္ဓဝါဒီတို့၏ ကမ္မဝါဒ၊ ဗုဒ္ဓဘာသာ၌လာသော အနတ္တဝါဒနှင့် တာအိုနှင့် ကွန်ဖြူးရှပ်ဝါဒ တို့က သဘာဝဓမ္မ၏ ကြီးစိုးမှုအား အလေးပေးထားခြင်းကို ထောက်ချင့်ပါက လူ၏ မိမိကိုယ်မိမိ အစိုးရမှုကို အရှေ့တိုင်းသားတို့ အကြွင်းမဲ့လက်ခံသည်ဟု မဆိုနိုင်ချေ။

လူသည် မိမိဘဝကြမ္မာကို ပြုပြင်ဖန်တီးနိုင်စွမ်းရှိ၍ အတိတ်ဘဝက၊ သို့မဟုတ် သဘာဝဓမ္မ၏ စီမံရာကို ခံရသည်ဆိုခြင်းမှာ အရှေ့တိုင်းသားတို့အဖို့ ရှေ့နောက်မညီသော စကားမဟုတ်ချေ။ အတိတ်ဘဝကံသည် သူ့နေရာနှင့်သူ အရေးပါ၍ လုံ့လ၊ ဝီရိယ၊ ဖွဲ့နှင့် စိတ်ဓာတ်ခွန်အားသည် နေရာဌာန ကာလ အားလျော်စွာ လူ၏အားကိုးရာ ဖြစ်၏။ အနောက်နိုင်ငံသားတို့သည် နောက် အကြောင်းတရား၏ ပြုပြင်မှုနှင့် လူ၏လွတ်လပ်မှု (ဝါ) အနာဂတ်အစိုးရမှုကို ဆန့်ကျင်ဘက်အနေဖြင့် မြင်ကြသော်လည်း အရှေ့တိုင်းသားတို့က ထိုသို့မမြင် ကြချေ။

ရှေးတရုတ်တို့၏ လောကအမြင်အားဖြင့် စကြဝဠာထဲ၌ ယန်နှင့် ယင်း မည်သော တရားနှစ်ပါးသည် အမြဲကြီးစိုးလျက်ရှိ၏။ ၎င်းတရားနှစ်ပါးမှာ လွတ်လပ်မှုနှင့် အချုပ်အချယ်ခံရမှု၊ ရှင်မှုနှင့်သေမှု၊ အမှောင့်နှင့်အလင်း၊ မီးနှင့်ရေ၊ ယောက်ျားနှင့်မိန်းမစသော ဆန့်ကျင်ဘက်တရားများကို ဆိုလိုခြင်း ဖြစ်၏။ ယင်းတို့သည် ဝိရောဓိ ဖြစ်ဟန်ရှိသော်လည်း စင်စစ်အချင်းချင်း ဖြည့်စွက် ထောက်ကူသော တရားများဖြစ်၏။ တစ်ခုနှင့်တစ်ခု ရောယှက်၍ တစ်ပေါင်း တည်း တစ်လုံးတည်းဖြစ်သော သဘောကိုဆောင်၏။၎င်းတို့ အညမည အကျိုးပြု သောကြောင့်သာလျှင် စကြဝဠာသည် သက်ဝင်လှုပ်ရှား၍ လူ့ဘဝသည် အနက် အဓိပ္ပာယ် ရှိနေခြင်း ဖြစ်ပေသည်။

ကမ္ဘဝါဒ၌အခြေခံသော အရှေ့တိုင်း၏ လောကအမြင်သည် သတ္တဝါအများ ကြီးပွားချမ်းသာရေးလုပ်ငန်းကို ဦးစားမပေးချေ။ လူတစ်ဦးတစ်ယောက်၏ကြီးပွားမှု၊ သူတစ်ပါး၏ကူညီမှုမှာ များစွာအရေးမပါဘဲ ကိုယ်ပိုင်စွမ်းအင်သတ္တိနှင့် ဘဝအကျိုးပေးမှုသည် ပဓာနဖြစ်၏။ သို့ဖြစ်၍ အရှေ့တိုင်းသားတို့သည် လက်ရှိလူနေမှုစနစ် (ဝါ) လူ့လောကကို ပြုပြင်ပြောင်းလဲလိုသော စိတ်ဆန္ဒ သိပ်မရှိကြချေ။ သူတစ်ပါး၏ လုပ်ငန်းကိစ္စ၌ ပါဝင်စွက်ဖက်လိုသော ဆန္ဒနည်းပါး၍ မိမိနှင့် အမြင်ချင်းမတူသော သူတို့၏ အယူဝါဒ၊ ဓလေ့ထုံးစံများကို လျစ်လျူရှုတတ်ကြ၏။ သို့ဖြစ်၍ ရှေးအခါက အရှေ့တိုင်း၌ ကားလ်မတ်(ခ)စ်ကဲ့သို့ လူ့ဘောင်သစ်ကို တည်ဆောက်လိုသော ပုဂ္ဂိုလ်များနှင့် ခရစ်ယာန်သာသနာပြုဆရာများကဲ့သို့ အယူမှားနေသူများအား ကယ်တင်လိုသော ပုဂ္ဂိုလ်များ မရှိခဲ့ချေ။

အရှေ့တိုင်းသားတို့၏ အမြင်အားဖြင့် သတ္တဝါဟူသမျှသည် ကံစီမံရာကို ခံရသောကြောင့် လူ့လောက၌ အယုတ်အလတ်အမြတ် နေရာဌာနအသီးသီး၌ ရပ်တည်၍ ကြီးပွားတိုးတက်ကြရ၏။ ရှေးအိန္ဒိယလူနေမှုစနစ်သည် ဇာတ်ဝါဒအပေါ်၌ အခြေတည်သော စနစ်ဖြစ်၏။ ကွန်ဖြူးရှပ်သည် အဖနှင့်သား၊ အစ်ကိုနှင့်ညီ၊ လင်နှင့်မယား၊ မိတ်ဆွေသူငယ်ချင်းနှစ်ဦးတွင် သက်ကြီးနှင့်သက်ငယ်၊ နိုင်ငံအုပ်စိုးသူနှင့် နိုင်ငံသားတို့၏ အချင်းချင်းဆက်ဆံမှုကို အဓိကထား၍ လူ့ကျင့်ဝတ်ကို ဟောပြော၏။ တရုတ်တို့၏ ရှေးအစဉ်အလာ ယဉ်ကျေးမှုသည် မိသားစုစိတ်ဓာတ်ပေါ်၌ တည်ဆောက်ထားသော ယဉ်ကျေးမှုဖြစ်၏။ အရှေ့တိုင်း၏ ကမ္ဘဝါဒသည် အတ္တလွန်ကဲမှုဘက်သို့ တိမ်းစောင်းသောသဘောရှိပေရာ အတ္တဟိတနှင့် ပရဟိတအကြားတွင် မျှမပဋိပဒါကျစေရန် မိသားစုစိတ်ဓာတ်က အလေးတင်ပေး၏။

မိသားစုစိတ်ဓာတ်သည် သွေးသားနီးစပ်သူ အချင်းချင်း ဆက်ဆံမှု၌သာ အရေးပါသည်မဟုတ်။ အလုပ်ရှင်နှင့် အလုပ်သမား၊ နိုင်ငံအစိုးရနှင့် ပြည်သူလူထု၏ ဆက်ဆံရေးကိုလည်း ထိန်းကွပ်ပေး၏။ ဂျပန်နိုင်ငံ၌ တိုယိုတာ၊ မာဇဒါစသော ကုမ္ပဏီပိုင်ရှင်များနှင့် အလုပ်သမားများ၏ ဆက်ဆံမှုမှာ မိဘနှင့်သားသမီး ဆက်ဆံမှုမျိုးဖြစ်၏။ အလုပ်ရှင်သည် အလုပ်သမားများကို သားသမီးကဲ့သို့ သဘောထားကာ မိဘသည် သားသမီး၏ ကြီးပွားချမ်းသာမှုအတွက် အစစအရာရာ [illegible]ပေးသည့်နည်းတူ အလုပ်သမားများ၏ သာရေး၊ နာရေး၊ ပညာရေး၊ လူမှုရေးကိစ္စအဝဝ၌ ကူညီစောင့်ရှောက်၏။ အလုပ်သမားများသည်

လစာကြေးငွေ များများစားစား မရကြစေကာမူ အခြားအကျိုးခံစားခွင့် အမြောက်အမြားရရှိသောကြောင့် နှစ်သိမ့်ကျေနပ်၍ အလုပ်ရှင်ကို မိဘသဖွယ် ချစ်ခင်လေးစားကြ၏။ သို့ဖြစ်၍ပင် ဂျပန်အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ဆက်ဆံရေးမှာ သာယာဖြောင့်ဖြူး၍ ဂျပန်တို့ အလုပ်ကြိုးစားကြခြင်း၊ ကုန်ထုတ်လုပ်မှုအံ့ဖွယ်လိလိ တိုးတက်၍ စီးပွားရေးနယ်ပယ်တွင် အမေရိကန်၊ ဂျာမနီစသော နိုင်ငံကြီးများကို မီလာခြင်း ဖြစ်ပေသည်။

အရှေ့တိုင်း၏ လောကအမြင်တွင် ကိုယ်ကျိုးရှာမှု သက်သက်ကို ဆန့်ကျင်သော အခြားအတွေးအခေါ်များ ရှိသေး၏။ မိမိအကျိုးစီးပွားကိုသာ ကြည့်သော ပုဂ္ဂလိကစိတ်သည် ငါစွဲအတ္တကိုပယ်သော ထေရဝါဒနှင့်သော်လည်းကောင်း၊ ဝေနေယျသတ္တဝါများအကျိုးငှာ ဘုရားဆုပန်မှုကို ရှေ့တန်းတင်ထားသော မဟာယနနှင့်သော်လည်းကောင်း မဝင်ဆံ့ချေ။ တရုတ်ပြည်၌ ကွန်ဖြူးရှပ်ဝါဒနှင့် ရှေ့ဆင့်နောက်ဆင့် ပေါ်ထွန်းခဲ့သော တာအိုဝါဒသည်လည်း ပုဂ္ဂလိကစိတ်နှင့် ဆန့်ကျင်၏။ တာအိုဝါဒအလိုအားဖြင့် စကြဝဠာတစ်ခုလုံးသည် သဘာဝဓမ္မ၏စိုးမိုးမှုကို အမြဲခံနေရပေရာ လူသားသည် သဘာဝတရားကို သိရှိနားလည်၍ ၎င်းနှင့် သင့်မြတ်အောင်နေတတ်ရန် အရေးကြီး၏။ သဘာဝတရားကို အားမာန်နှင့်ဆန့်ကျင်ခြင်း၊ ခုခံတွန်းလှန်ခြင်းမပြုဘဲ အလိုက်သင့်နေခြင်းဖြင့် ငြိမ်းချမ်းမှုရှာတတ်ရန်လို၏။

အနောက်တိုင်းသားတို့သည် မိမိတို့ အသိဉာဏ်သုံး၍ သိပ္ပံပညာ၏ အကူအညီဖြင့် သဘာဝဓမ္မကို အောင်မြင်နေပြီဟု ဆိုလေ့ရှိကြပေရာ တာအိုဝါဒီတို့ကမူ အောင်မြင်သည်ဟုမဆိုဘဲ သဘာဝတရားနှင့် သင့်မြတ်နေပြီဟု ဆိုကြပေလိမ့်မည်။ သူတို့အမြင်အားဖြင့် လူသည် သဘာဝဓမ္မကို ခုခံတိုက်ခိုက်ရန် မဟုတ်၊ ၎င်းနှင့်ဆက်ဆံရာ၌ ဝိတက်ဝိစာရဗျာပါရမများဘဲ တည်ငြိမ်အေးဆေးရန်လို၏။ သဘာဝဓမ္မကို ရင်ဆိုင်ရာ၌ စိတ်မတုန်လှုပ်ဘဲ တည်ငြိမ်ခြင်းသည် အညံ့ခံ အရှုံးပေးခြင်းမဟုတ်။ စိတ်ယောက်ယက်မခတ်ဘဲ သဘာဝဓမ္မနှင့် လိုက်လျောညီထွေပြုမူခြင်းသည် သိမ်မွေ့ညင်သာသောနည်းဖြင့် လုပ်ငန်းကိစ္စပြီးမြောက်ရန် အကြောင်းဖြစ်၏။

သဘာဝဓမ္မကို အားမာန်နှင့် မခုခံမတွန်းလှန်ဘဲ ရေလိုက်ငါးလိုက် သိမ်မွေ့သောနည်းဖြင့် အောင်မြင်မှုကို တာအိုကျမ်းများ၌ ရေနှင့်ပုံခိုင်း၍ ပြဆိုထား၏။ ရေသည် ၎င်းရင်ဆိုင်ရသော အရာဝတ္ထုများကို ခုခံတိုက်ခိုက်ခြင်းမပြုဘဲ ၎င်းဖြတ်သွားသော ကုန်းမြေ၏ ပထဝီအနေအထားအလိုက် တည်ငြိမ်စွာ

စီးဆင်း၏။ ၎င်း၏အပြုအမူသည် သိမ်မွေ့ညင်သာသော်လည်း မြေကြီးသည် ၎င်းတဖြည်းဖြည်း တိုက်စားမှုဒဏ်ကို မခံနိုင်ဘဲ အရှုံးပေးရ၏။ ထိုနည်းအတူ ပညာရှိသည် ရန်သူကိုရင်ဆိုင်ရာ၌ မိမိ၏စွမ်းအားကို အပြင်းအထန်မသုံးဘဲ ရန်သူ၏ပျော့ကွက် အားနည်းချက်ကို လိမ္မာစွာအမှီသဟဲပြု၍ အောင်မြင်ရာ၏။ ဤတာအိုသဘောတရားသည် ဂျူဒိုခေါ် ဂျပန်သိုင်းပညာ၌ ထင်ရှား၏။ ဂျူဒိုသမားသည် ပါးနပ်လိမ္မာစွာ တိမ်းရှောင်ခြင်းဖြင့် ရန်သူအား သူ့အရှိန်သူ မသတ်နိုင်ဘဲ ကျရှုံးစေ၏။

တာအိုဝါဒ အလိုအားဖြင့် ဉာဏ်အားစိုက်ထုတ်၍ ကြံစည်သုံးသပ်မှုသည်လည်း လင်းခနဲ ထင်းခနဲ အလိုလို ရုတ်ခြည်းသိမြင်သော ဝိပဿနာဉာဏ်လောက် အရေးမပါလှချေ။ ဤသည်မှာ အရှေ့တိုင်းလောကအမြင်နှင့် အညီဖြစ်၏။ ဟိန္ဒူဘာသာ၌ ပုဂ္ဂိုလ်သတ္တဝါဟူသမျှသည် ပရမတ္တမ၌ အရင်းမူလရှိကြောင်း ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းသိမြင်ရမည် ဖြစ်၏။ ဘာဝနာတရားပွားများအားထုတ်သော ဗုဒ္ဓဝါဒီသည် ရှေးဦးစွာ ဝိတက်ဝိစာရကို ပယ်ရ၏။ ဂျပန်နိုင်ငံ၌ အထူးထင်ရှားသော ဇင်ဗုဒ္ဓ ဝိပဿနာဂိုဏ်းသည် ယောဂီတို့အား ရှေးဦးပထမ စိန္တာမယဉာဏ်ကို ပယ်သာက်နိုင်အောင် ညွှန်ကြားပြသ၏။ စိန္တာမယဉာဏ်သည် ဝိပဿနာဉာဏ်ကို ပိတ်ပင်တားဆီးထားသော အုတ်နံရံကြီးဖြစ်၍ ၎င်းကိုဖြိုခွဲလိုက်ပါမှ အမှန်တရားကို အလိုလို သိမြင်နိုင်သည်ဟု ဆို၏။

စဉ်းစားဉာဏ်သည် လောကီနယ်၌ လူတို့ အသက်ရှင်နေ၍ ကြီးပွားတိုးတက်ရန်အတွက် အရေးကြီးသော လက်နက်ဖြစ်ပေရာ ၎င်းအား ဦးစားမပေးသော အရှေ့တိုင်း၏လောကအမြင်သည် ဒိဋ္ဌဓမ္မနှင့် ကင်းကွာနေသည်ဟု ထင်ရန်ရှိ၏။ သို့ရာတွင် အရှေ့တိုင်းသားတို့သည် ပရမတ္ထသစ္စာနယ်၌သာ အသိဉာဏ်ကိုပယ်၍ သမုတိသစ္စာနယ်၌ကား ဒိဋ္ဌဓမ္မကို ရှေ့တန်းတင်ကြ၏။ ဟိန္ဒူတို့သည် သူတို့၏ ပရမတ္တမအကြောင်း တွေးခေါ်မှုကို အားမပေးချေ။ ဗုဒ္ဓ ဝါဒသည် အနာဂတ်နှင့် အတိတ်ကို စွဲလမ်းမနေဘဲ ပစ္စုပ္ပန်တည့်တည့်ပေါ်၌ သတိကပ်ထားရန် ဟောပြော၏။ ကွန်ဖြူးရှပ်အား တပည့်တစ်ဦးက တမလွန်ဘဝအကြောင်း မေးမြန်းစုံစမ်းရာ လူ့ဘဝ၏ အနက်အဓိပ္ပာယ်ကိုသော်မှ ခြေခြေမြစ်မြစ် မသိရပါက သေပြီးမှဖြစ်ပေါ်မည့် အရေးကိစ္စကို စဉ်းစားနေခြင်းသည် အချည်းနှီးဖြစ်မည်ဟု ဆို၏။

---

၁။ (ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ) ဒုတိယတွဲ+တတိယတွဲ

ဒိဋ္ဌဓမ္မကိုရင်ဆိုင်ရာ၌ အရှေ့တိုင်းနှင့် အနောက်တိုင်း တွေးခေါ်မြော်မြင်ပုံ မတူခြင်းသည် သေခြင်းတရားကို ရှုမြင်ရာ၌ ထင်ရှား၏။ အနောက်တိုင်းသား တို့သည် သေမှုကို မဆိုထားဘိ၊ အိုမှုကိုပင် သင့်တင့်လျောက်ပတ်စွာ နှလုံး မသွင်းတတ်ကြချေ။ သူတို့လူ့ဘောင်စနစ်သည် ကလေးနှင့် လူငယ်များကို ဦးစားပေး၍ သက်ကြီးရွယ်အိုများမှာ လူရာမဝင်ဘဲ အပယ်ခံလူတန်းစားများ ဖြစ်ကြ၏။ သေခြင်းတရားကို သူတို့ လေးလေးနက်နက် မစဉ်းစားလိုကြချေ။ မိတ်ဆွေအချင်းချင်း စကားပြောရာ၌လည်းကောင်း၊ ပရိသတ်အား ဟောပြော ရာ၌လည်းကောင်း သေခြင်းအကြောင်းကို ရှောင်ကြဉ်လေ့ရှိကြ၏။ လူတစ်ဦး သေဆုံးလျှင် သက်ဆိုင်ရာ ဆွေမျိုးသားချင်းများက လူသေကို မပုပ်မနံအောင် ဆေးဖြင့်စီရင်ခြင်း၊ အသက်ရှင်နေသော ပုံသဏ္ဌာန်မျိုးပေါ်လာအောင် ပြုပြင်ခြင်း စသော ကိစ္စများကို ငွေအမြောက်အမြား အကုန်ခံ၍ ဆောင်ရွက်ကြ၏။ အချို့ သော အမေရိကန်တို့ကမူ သိပ္ပံပညာသည် တစ်နေ့နေ့တွင် သေသူကို ပြန်ရှင် လာအောင် ပြုလုပ်ပေးနိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် လူသေအလောင်း ကို ကြာရှည်လေးမြင့် လတ်ဆတ်နေအောင် ငွေများစွာအကုန်ခံ၍ ရေခဲစိမ်ထား ကြသည် ဆို၏။

အရှေ့တိုင်းသားတို့ အမြင်အားဖြင့်ကား အနိစ္စတရားသည် ထင်ရှား၍ အိုမှုသည် အမင်္ဂလာမဟုတ်ချေ။ သက်ကြီးရွယ်အိုများသည် အပယ်မခံရဘဲ ရိုသေလေးစားခြင်း ခံရ၏။ သေမင်းကိုလည်း တရားလက်လွတ် ကြောက်ရွံ့ မနေဘဲ တည်ငြိမ်အေးဆေးစွာ ရင်ဆိုင်ကြ၏။ သို့ဖြင့် တရုတ်တို့သည် မသာ ခေါင်းနှင့် သင်္ချိုင်းမြေရာကို မသေမီက အသင့်ဝယ်ထား၍ အိန္ဒိယသားတို့သည် လူသေကို ကြာရှည်မထား။ အလွန်အမင်း မွမ်းမံမနေဘဲ သဂြိုဟ်လေ့ရှိကြ၏။ မသာအသုဘကိစ္စကို အကျယ်ချဲ့သော တရုတ်ဓလေ့ထုံးစံမှာ အနောက်တိုင်းမှာ ကဲ့သို့ ဘဝတဏှာကြောင့် မဟုတ်ဘဲ မိဘဘိုးဘွားကိုးကွယ်မှု အစွဲဉပါဒါန်ကြောင့် ဖြစ်ကြောင်း သတိပြုရာ၏။

အရှေ့တိုင်းနှင့် အနောက်တိုင်းသည် ဘယ်အခါမျှ တွေ့ဆုံမည်မဟုတ်ဟု ဆိုစမှတ်ပြုကြ၏။ တစ်နည်းဆိုသော် အရှေ့တိုင်းသားတို့နှင့် အနောက်တိုင်းသား တို့မှာ လောကအမြင် မတူသောကြောင့် အတွေးအခေါ်နယ်တွင် တစ်ဘဝ၊ တစ်လောကစီ ဖြစ်နေကြသည်ဟု အချို့ပညာရှင်တို့က ယူဆကြ၏။ အရှေ့တိုင်း လောကအမြင်သည် အနောက်တိုင်းလောကအမြင်နှင့် အချို့နေရာများ၌ ကွဲပြား ခြားနားသည် မှန်၏။ သို့ရာတွင် မည်သို့မျှ ပေါင်းစပ်မရနိုင်အောင် ဆန့်ကျင်နေ

သည်ဟု မဆိုသာချေ။ အမှန်မှာ ယင်းတို့နှစ်ခုစလုံး၌ တူညီသောအချက် အတော်များများရှိ၏။

အနောက်တိုင်းသားတို့က အရှေ့တိုင်းလောကအမြင်သည် ဒုက္ခတရားကို အလေးအနက်ပြု၍ လူ့ဘဝကို အဆိုးမြင်သည်။ ကမ္မဝါဒကို ရှေ့တန်းတင်၍ လူ့စွမ်းအင်ကို မျက်ကွယ်ပြုသည်။ အတ္တစိတ်ကို အားပေး၍ သတ္တဝါအများအကျိုးဆောင်ရွက်မှုကို ဆန့်ကျင်သည်။ လူသား ကြီးပွားချမ်းသာမှုအား အကျိုးပြုသော အသိဉာဏ်ကိုပယ်၍ မရေရာမသေချာသော ဝိပဿနာဉာဏ်ကို အမွှမ်းတင်သည် စသည်ဖြင့် ဝေဖန်ပြစ်တင်ကြ၏။ ဤသည်မှာ အသိဉာဏ်ကို အားကိုး၍ သိပ္ပံပညာဖြင့် လူ့လောကကို တိုးတက်ကောင်းမွန်အောင် ပြုပြင်၍ရနိုင်သည်၊ လူသတ္တဝါအသီးသီးသည် မိမိကံကြမ္မာကို ပြုပြင်ဖန်တီးနိုင်စွမ်းရှိသည်ဟူသော **အ**နောက်တိုင်းအမြင်ဖြင့် အရှေ့တိုင်း အတွေးအခေါ်ကို ဝေဖန်သုံးသပ်ချက်ဖြစ်၏။ စင်စစ် ထိုအမြင်သည် ယခုအခါ အနောက်တိုင်း တွေးခေါ်ရှင်အများစု၏ အမြင်မဟုတ်တော့ချေ။ ၂၀ ရာစုခေတ်၌ အနောက်တိုင်းအတွေးအခေါ်သည် အရှေ့တိုင်းလောကအမြင်နှင့် အချို့နေရာများတွင် အတန်နီးစပ်လာပြီဖြစ်၏။

လွန်ခဲ့သောအခန်းများ၌ ပြဆိုခဲ့သော အချို့ အနောက်တိုင်း အတွေးအခေါ်များမှာ အရှေ့တိုင်းသားတို့၏ ခံယူချက်များနှင့် တူညီနေကြောင်း စာရှုသူတို့ သတိပြုမိကြပေလိမ့်မည်။ တူညီချက်များကို အကျဉ်းချုပ်၍ ထပ်မံဖော်ပြပါအံ့။

လူသတ္တဝါသည်လည်းကောင်း၊ လူ့လောကသည်လည်းကောင်း အတိုင်းမသိ တိုးတက်ရန် အလားအလာ ရှိသည်ဆိုသောအယူသည် ၂၀ ရာစုခေတ်မတိုင်မီက အနောက်တိုင်း တွေးခေါ်ရှင်တို့၏ အယူဖြစ်၍ ယခုအခါ၌မူ ထိုအယူကို လက်မခံကြတော့ချေ။ ဤလူ့ဘုံသည် ပြဿနာများ ဝိုင်းဝိုင်းလည်နေသော ဒုက္ခဘုံကြီးဖြစ်ကြောင်း သူတို့နားလည်၍ ဤနေရာ၌ သူတို့သည် အရှေ့တိုင်းသားတို့နှင့် အမြင်ချင်းတူလျက်ရှိ၏။ စင်စစ် အရှေ့တိုင်း၏ ဒုက္ခတရားသည် ရှေးပဿေဏီကပင် ဂရိနှင့် ရောမတို့၏ အတွေးအခေါ်နယ်ထဲသို့ ရောက်ရှိခဲ့ပေရာ မားကတ်ဩရိလပ်၊ ဇော်လတဲယား၊ ရှိုပင်ဟွာ စသည်ဖြင့် လူ့ဘဝကို အဆိုးမြင်ခဲ့သော တွေးခေါ်ရှင်များမှာ မနည်းလှချေ။

မိမိကိုယ်မိမိ အစိုးမရမှု အနတ္တဝါဒနှင့် မိမိအစိုးမရသော အကြောင်းတရားများ၏ ပြုပြင်ခြင်းကိုခံရမှု ကမ္မဝါဒမှာလည်း အနောက်တိုင်းဒဿနိကစာပေ၌ ဆန်းသစ်သော အတွေးအခေါ်များ မဟုတ်ချေ။ ဘာမဆို အကြောင်း

တရားကြောင့်ဖြစ်သည်ဟု သိပ္ပံပညာက ခံယူထားပုံ၊ လူသတ္တဝါသည် ထို အကြောင်းတရား နိယာမ၏ စိုးမိုးမှုကိုခံရ၍ အမှန်စင်စစ်အားဖြင့် လွတ်လပ်မှု မရှိပုံ၊ တစ်နည်းဆိုသော် လူသားသည် တစ်စုံတစ်ခုသောအမှုကို ပြုလုပ်ရာ၌ မိမိသဘောအလျောက် ပြုလုပ်ခြင်းမဟုတ်ဘဲ အတိတ်၊ ပစ္စုပ္ပန်အကြောင်းတရား များ၏ စေ့ဆော်ချက်အရ ပြုလုပ်ခြင်းဖြစ်ပုံ၊ ထိုသို့ယူဆရန် ခိုင်မာသော ယုတ္တိအထောက်အထားများ ရှိပုံတို့ကို ရှေ့က ပြဆိုခဲ့ပေပြီ။ ကမ္မဝါဒသည် အထက်ပါ အနောက်တိုင်းအယူနှင့် အနှစ်သာရအားဖြင့် ခြားနားခြင်း မရှိလှချေ။ ခြားနားချက်မှာ ကမ္မဝါဒက အတိတ်ဘဝကို လက်ခံ၍ အနောက်တိုင်းအယူက ပယ်ခြင်းမျှသာဖြစ်၏။ လူသည် မူလက သတ်မှတ်ထားသော ဘဝလမ်းကြောင်း အတိုင်း မလွဲမရှောင်သာ ပြုမူလုပ်ရှားရ၊ ကြုံတွေ့ခံစားရသည်ဟု ခံယူရာ၌ကား ထပ်တူဖြစ်၏။

အမှန်တရားကို ရှာဖွေရာ၌ စိန္တာမယဉာဏ်ထက် ဝိပဿနာဉာဏ်က ပိုမိုအရေးပါသည် ဆိုခြင်းမှာလည်း အရှေ့တိုင်း အတွေးအခေါ်နယ်၌သာ တွေ့ရ သော အဆိုမဟုတ်ချေ။ အချို့သော ရှေးဂရိပညာရှင်တို့၏ ရေးသားချက်များ၌ ယထာဘူတအမြင်ကို ရရှိရန်အတွက် ကြံစည်သုံးသပ်မှုကိုပယ်၍ ရုတ်ခြည်း ထိုးထွင်းသိမြင်သော ဝိပဿနာဉာဏ်ကို အားကိုးရမည်ဖြစ်ကြောင်း ဖော်ပြထား သည်ကို တွေ့ရ၏။ ပြင်သစ်တွေးခေါ်ရှင် ဟင်နရီဗတ်ဂဆင်၏ အလိုအားဖြင့် အသိဉာဏ်သည် လူသတ္တဝါ အသက်ရှင်နေမှု၊ ကြီးပွားမှုအတွက်သာလျှင် အသုံး ဝင်၍ လောက၏ ပရမတ္ထသဘာဝကို သိမြင်ရန်အတွက် ဝိပဿနာဉာဏ် လိုအပ် ပုံကိုလည်း ရှေ့တွင်ပြဆိုခဲ့ပေပြီ။ ယခုခေတ် အနောက်တိုင်းပညာရှင်တို့ကမူ လောကီလုပ်ငန်းကိစ္စများ၌ပင် ဝိပဿနာဉာဏ်၏ အရေးပါမှုကို အသိအမှတ် ပြုနေကြပေပြီ။ ကဗျာ၊ ဂီတ၊ စာပေစသော အနုပညာရှင်တို့ အသစ်အဆန်း တီထွင်ဖန်တီးရာ၌လည်းကောင်း ဝိပဿနာဉာဏ်သည် ပဓာနဖြစ်ပါသည်ဟု ဆိုနေကြပေပြီ။

အနောက်တိုင်းနှင့် အရှေ့တိုင်း၏ လောကအမြင် တူညီသော အခြား အချက်မှာ ဆန့်ကျင်ဘက်တရားနှစ်ခုကို ညှိနှိုင်း၍ တွေးခေါ်မှုဖြစ်၏။ အဆို တစ်ခုကို ယင်းနှင့် ဆန့်ကျင်ဘက်အဆိုနှင့် ပေါင်းစပ်သုံးသပ်ခြင်းဖြင့် ပိုမို မှန်ကန်သောအဆို ထွက်ပေါ်လာသည်ဟူသော ဟီဂယ်၏ တက္ကဗေဒနည်းကို ပြဆိုခဲ့ပေပြီ။ ထိုနည်းသည် ဗုဒ္ဓ၏ မဇ္ဈိမပဋိပဒါနည်းနှင့် သဘောအခြေခံ အတူတူဖြစ်၏။ အထက်က ဖော်ပြခဲ့ပြီးသော တာအိုဝါဒလာ ယန်နှင့် ယင်း

ဆန့်ကျင်ဘက်တရားနှစ်ပါး၏ အညမညအကျိုးပြုမှု သဘောမှာလည်း အနှစ်သာရအားဖြင့် ဟီဂယ်၏ တက္ကဗေဒနည်းနှင့် များစွာ မခြားနားလှချေ။

ယနေ့အမေရိကန်ပြည်ထောင်စု၌ လှုပ်ရှားနေသော ဟစ်ပီလူငယ်ဂိုဏ်း၏ အလေ့အကျင့်နှင့် ခံယူချက်များမှာလည်း အရှေ့တိုင်းအတွေးအခေါ်နှင့် အတော်နီးစပ်သည်ဟု ဆိုရပေမည်။ ဟစ်ပီတို့သည် လောဘဇောနှင့် အလုပ်လုပ်ခြင်းကို အပြစ်မြင်၍ ပင်ပန်းစွာ အလုပ်မလုပ်ဘဲ ရသမျှနှင့် တင်းတိမ်ရောင့်ရဲမှုကို အလေးအမြတ်ထားကြ၏။ အိုးအိမ် အတည်တကျမရှိဘဲ ရှေးဗုဒ္ဓဝါဒီရဟန်းများကဲ့သို့ တစ်နေရာမှတစ်နေရာသို့ လှည့်လည်သွားလာကာ ခြေသလုံးအိမ်တိုင် လုပ်ကာနေကြ၏။

ယခုအခါ များစွာသော အနောက်နိုင်ငံသားတို့သည် အရှေ့တိုင်းလောကအမြင်၌ စိတ်ဝင်စား၍ ဇင်၊ ထေရဝါဒ၊ တာအို၊ ဟိန္ဒူ စသော အာရှအယူဝါဒများကို လေ့လာနေကြပေပြီ။ ဇင်နှင့် ထေရဝါဒသည် ခေတ်သစ်စိတ္တဗေဒ၊ စိတ္တဇဗေဒများနှင့် ကိုက်ညီနေကြောင်း သိရှိကြပေပြီ။ ကလေးသူငယ်များ၏ အကျင့်စာရိတ္တကို ပြုစုပျိုးထောင်ရာ၌ မိသားစုစိတ်ဓာတ်၏ အရေးကြီးမှု၊ စိတ်ငြိမ်းချမ်းရေးအတွက် တဏှာလောဘ နှိပ်ကွပ်မှု စသည်တို့ကို အဦးပြုသော အရှေ့တိုင်း အတွေးအခေါ်များ၏ လေးနက်မှန်ကန်ပုံကို သိမြင်ကြပေပြီ။

သို့ဖြစ်၍ အရှေ့တိုင်းနှင့် အနောက်တိုင်း အတွေးအခေါ်များသည် လုံးဝတွဲဖက်၍ မရအပ်သော ဆန့်ကျင်ဘက် လောကအမြင်များ မဟုတ်ချေ။ ယင်းတို့သည် အချင်းချင်း ထောက်ကူဖြည့်စွက်သော အမြင်များဖြစ်၏။ အမှန်ဆိုသော် အရှေ့တိုင်းအမြင်သည်လည်းကောင်း၊ အနောက်တိုင်းအမြင်သည်လည်းကောင်း ပြီးပြည့်စုံသော အမြင်များမဟုတ်ဘဲ ဟာကွက်၊ အားနည်းချက်များ ရှိပေရာ ယင်းတို့နှစ်ခုစလုံးကို ညှိနှိုင်းပေါင်းစပ်၍ အနှစ်သာရကို ရှာတတ်၊ ကြည့်တတ်ပါမှသာ ကျွန်ုပ်တို့၏လောကအမြင်သည် ရင့်ကျက်လာပေလိမ့်မည် ဖြစ်သတည်း။

ဦးအေးမောင်

အမှတ် ၂၂၅၂၄
ရက်စွဲ ............